www.burmeseclassic.com

# ဆောင်းဝေဦး

# ဖုန်ကြားရှင်နှင့်တိုက်ပွဲများ




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၃၅၀၀ ကျပ် |
| မျက်နှာဖုံးကာလာခွဲ | - | မြရတနာ Colour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ
ဒေါ်မူမူ (ခေါ်) ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)
သီရိမြင်သာစာပေအတွက်
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးလှမျိုးကြီးသောင်း၀ေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အချက်အလက်။ (CIP)

၉၉၅. ၈၃
သောင်းဝေဦး.
ဖုန်ကြားရှင်နှင့် တိုက်ပွဲများ/ သောင်းဝေဦး။ – ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၅။
၄၄၀ – စာ၊ ၁၄ x ၂၀ စင်တီ။
(၁) ဖုန်ကြားရှင်နှင့် တိုက်ပွဲများ


## နိုင်ငံတာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | နိုင်အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | နိုင်အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | နိုင်အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ အားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သောင်းဝေဦး

7 AUG 2015

# ဖုန်ကြားရှင် နှင့် တိုက်ပွဲများ

www.burmeseclassic.com

www.burmeseclassic.com

# ဗုန်ကြားရှင်နှင့် တိုက်ပွဲများ

## မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| | | စာရေးသူ၏အမှာ | ၉ |
| အခန်း | ၁ | တိုးတန့်ဒေသအကြောင်းသိကောင်းစရာများ | ၁၉ |
| အခန်း | ၂ | တိုးတန့်ဒေသနှင့် စောပြည်တွန်ဗြူနစ်ဝါတီ | ၃၇ |
| အခန်း | ၃ | ဗုန်ကြားရှင်နှင့် တိုက်ပွဲများ | ၅၁ |
| | | အပိုင်း (၁) | ၅၁ |
| | | (က) ဝန်ကြုံးတိုက်ပွဲ | ၅၇ |
| | | (ခ) မုန်းစီးနာလယ်နှင့် ဖျုံဖျုံဖျယ်တိုက်ပွဲ | ၆၅ |
| | | (ဂ) တွန်လုံ ရက် ၄၀ တိုက်ပွဲ | ၇၅ |
| | | (ဃ) နောင်လိုက်ဝါစန်နှင့် ဗွိုင်ု မ်ဝငှာ တိုက်ပွဲ | ၁၃၇ |
| အခန်း | ၄ | ဗုန်ကြားရှင်ဦးဆောင်သော တိုးတန့်များငြိမ်းချမ်းရေးရယူခြင်း | ၁၅၉ |
| အခန်း | ၅ | တိုးတန့်ဒေသတွင်ရှိသော လူမျိုးစုယဉ်ကျေးမှုဆိုင်ရာ အုပ်စုများ အကြား အားပြိုင်မှုနှင့် ဝဋ်ဝတ္တများဖြစ်ပွားခြင်း | ၁၇၃ |
| အခန်း | ၆ | တိုးတန့်ဒေသတွင်ဖြစ်ပွားခဲ့သည့် မျိုးနွယ်စုယဉ်ကျေးမှုဆိုင်ရာအရေးအခင်းများတွင် ထပ်မံတော်မှ ဝင်ရောက်ထိန်းသိမ်းဖြေရှင်းပေးမှုများ | ၁၈၉ |
| အခန်း | ၇ | တိုးတန့်ထိမ်းဗျောင်အဖွဲ့ဝင်သောင်းကျန်းသူအဖွဲ့ ပေါ်ပေါက်လာခြင်း | ၂၀၅ |
| အခန်း | ၈ | ဗုန်ကြားရှင်ဦးဆောင်သော တိုးတန့်ထိမ်းဗျောင်သောင်းကျန်းသူများမှ အင်အားစုစည်းပြီး ယောက်ထိုင်ဒေသသို့ စစ်ရေးအရဝင်ရောက်လှုပ်ရှားရန် ကြိုးပမ်းဆောင်ရွက်မှု | ၂၂၃ |
| အခန်း | ၉ | ဗုန်ကြားရှင်နှင့် တိုက်ပွဲများ အပိုင်း(၂) | ၂၅၃ |
| အခန်း | ၁၀ | အရေးကြီးသောသိုးသပ်ဖော်ထုတ်ချက်များ | ၃၁၃ |
| အခန်း | ၁၁ | နေ့စဉ်ထုတ်သတင်းစာ နှင့် ဂျာနယ်များမှ ကောက်နုတ်ဖော်ပြချက်များ | ၃၄၃ |
| အခန်း | ၁၂ | နိဂုံးချုပ်ဖော်ပြချက်များ | ၄၂၉ |


www.burmeseclassic.com

www.burmeseclassic.com




ဟားရေးချို

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

ဖုန်ကြားရှင်နှင့်တိုက်ပွဲများကို ထုတ်ဝေရန် ကြော်ငြာထားခဲ့ပြီးပြီ။

ထို့ကြောင့် ရေးသားရန်ကြိုးစားရတော့၏။

သို့ရာတွင် ကျွန်တော့်မှာ အထောက်အထား ပြည့်ပြည့်စုံစုံ မရှိပါ။ ရှာရသည်။ ဖတ်ရသည်။ မေးရသည်။ ဟိုရှာဒီရှာ ဟိုမေးဒီမေးနှင့် အတော်ကြာသွား၏။

ကျွန်တော်သည် စစ်သားဘဝက ကိုးကန့်ဒေသသို့ မရောက်ခဲ့ဘူးပါ။ လားရှိုးအရှေ့ခြမ်း တန့်ယန်း၊ မိုင်းရယ်ဒေသ၌ သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရသည်။ အရာရှိငယ်ဘဝနှင့်ဖြစ်၏။

စစ်ဆင်ရေးက Local ဒေသန္တရ။ ထို့ကြောင့် မိုင်းရယ်ပတ်ဝန်းကျင်၌သာ သွားလာလှုပ်ရှားရ၏။ သံလွင်အနောက်ဘက်ကမ်းက လွယ်လန်းတောင်တန်းကြီးမှာ တစ်နှစ်နီးပါးကြာနေခဲ့ရ၏။ မိုင်းရယ် တောင်ဘက်က ကျေးသီးသွားသည့်လမ်းပေါ်က မန်ပုံ၊ မန်စန့်၊ သီပေါသွားသည့်လမ်းပေါ်က ဆောင်ကြဲ စသည့်ရွာများ၌ Outpost စခန်းထိုင်။ မိုင်းရယ်နှင့် တန့်ယန်းကြားက မိုင်းပတ်၊

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မန်ကတ်ရှာများ၌ လမ်းကြောင်းထိန်းစခန်းထိုင်။ ဒါလောက်ပဲဖြစ်၏။ လှုပ်ရှားစစ်ကြောင်းများနှင့် ခရီးမထွက်ခဲ့ရသေး။

၁၉၇၈ ခုနှစ် လွယ်မော်ချေမှုန်းရေး သုံးလေးလလုပ်ရသည်။ ထိုသုံးလေးလတွင် လှုပ်ရှားတပ်ခွဲနှင့် လားရှိုးအရှေ့မြောက်က မုန်းယော်မုန်းကျက်အထိ တက်ခဲ့ဖူးသည်။ အဲဒီကဆက်တက်သွားရင်ဖြင့် ကွမ်လုံ ဟိုပန်ကို ရောက်မည်။ မတက်ခဲ့ရပါ။ စစ်ဆင်ရေးအပြီးတွင် လွယ်လန်းတောင်ကြောကြီးသို့ပြန်ပြီး စခန်းထိုင်ရပြန်ပါသည်။

စခန်းထိုင်နေစဉ် ၁၉၇၉ ခုနှစ်နွေတွင် တပ်ပြောင်းမိန့်ထွက်၍ ဗထူးတိုက်ခိုက်ရေးကျောင်း ပြောင်းခဲ့ရသည်။

တိုက်ခိုက်ရေးကျောင်းမှာ သုံးနှစ်ကြာခဲ့၏။ ထို့နောက် **Major Officiating** ဖြင့် ဗထူးမှ မကွေးသို့ ပြောင်းရသည်။

၁၉၈၅ခုနှစ် တွင်မကွေးမှ အောင်လံသို့ ဒုတပ်ရင်းမှူးနှင့် ပြောင်းရပြန်၏။ ၁၉၈၆ တွင် စစ်ဦးစီးတက္ကသိုလ် တက်ရသည်။ နှစ်ကုန်ခါနီး၌ ကွတ်ခိုင်တွင် တစ်ပတ်ခန့်လေ့ကျင့်ခန်းများဆင်းရ၏။ ထိုအခါကျမှ ကွတ်ခိုင်ရောက်ဖူးသည်။ လားရှိုးဒေသ၌ သုံးလေးနှစ်နေခဲ့ရသော်လည်း ကွတ်ခိုင်ကိုမူ မရောက်ခဲ့ပါ။ ကွတ်ခိုင်၏အရှေ့ခြမ်း တာမိုးညဲ၊ မုန်းစီး၊ ကုန်းကြမ်း၊ လောက်ကိုင်၊ တာရွှေထန်၊ ချင်းရွှေဟော် စသည်တို့ကား ယနေ့နာမည်ကြီးနေသည့် ကိုးကန့်ဒေသများပင်ဖြစ်၏။

ကွတ်ခိုင်တွင် လေးငါးဆယ်ရက် နေခဲ့ရသော်လည်း ကိုးကန့်ဒေသများသို့ မရောက်ခဲ့ရပါ။

ဒုတပ်ရင်းမှူးဘဝက ရှမ်းအနောက် မိုးမိတ်မဘိမ်းဒေသ။





တပ်ရင်းမှူးဖြစ်တော့ မိုင်းရှူးမော်ဖနှင့်မဲနယ်တောင်တန်းမှသည် လွိုင်ကော်၊ မိုးဗြဲဒေသ၊ ၎င်းနောက် ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း ရှမ်းတောင်နှင့် ရှမ်းအရှေ့တွင် နေခဲ့ရပြန်၏။

တပ်မှ နယ်ဘက်ပြောင်းတော့ စစ်စာပေတွေ စရေးသည်။ သိပ်တော့များများစားစား မရေးနိုင်သေး။ အလုပ်တစ်ဖက်နဲ့မို့ ကြိုကြားကြိုကြားသာ ရေးနိုင်ခဲ့၏။ နယ်ဘက်မှ အငြိမ်းစားယူခဲ့သည်။ ထိုအခါ **မှတစ်ပါး အခြားမရှိပြီမို့** စာတွေ တရစပ်ရေးခဲ့သည်။ အဓိကကတော့ ကျွန်တော်စိတ်ဝင်စားသည့် ပြည်တွင်းတိုက်ပွဲများကိုအရေးများသည်။ ထိုအခါ တိုက်ပွဲဒေသများသို့ မဖြစ်မနေ ကွင်းဆင်းလေ့လာဖြစ်သည်။

၂၀၁၀ ပြည့်နှစ်က နာမည်ကျော် ကွန်လုံရက် ၄၀ တိုက်ပွဲကြီးရေးတော့ ပထမဆုံးအကြိမ် ကွန်လုံ ရောက်သည်။

ထိုစဉ်က ရမခ လားရှိုးတိုင်းမှူးက ဗိုလ်ချုပ်အောင်သန်းထွတ် ယခု ဒုဗိုလ်ချုပ်ကြီး(ကစထမှူး)က လိုအပ်သည်များ အကူအညီပေးသည်။

သူသည် ၁၉၉၂/၉၃ ကျွန်တော် တပ်မ(၃၃) နည်းဗျူဟာမှူးဘဝက တပ်မ (၃၃)ကွပ်ကဲမှုအောက် ခမရ (၁၁၆)မှ တပ်ခွဲမှူးဗိုလ်မှူးဖြစ်သည်။ ထို့ကြောင့် ရင်းနှီးခဲ့ကြပြီးသားများဖြစ်၏။

လားရှိုးရမခတွင် လူချင်းတွေ့တော့ ...

"ဗိုလ်မှူးကြီးသောင်းဝေ ကွန်လုံမှာ လိုအပ်တာတွေလေ့လာပြီး သွားချင်တဲ့နေရာတွေရှိရင်လဲ ပြောပါ။

ကောင်းတာကတော့ ကြံ့တုန်းကြံ့ခိုက် လောက်ကိုင်နဲ့ကုန်းကြမ်းလည်း သွားလိုက်ပါ။ မြေအခြေအနေတွေ ကြည့်ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သိရတာပေါ့။ ကျွန်တော် ဟိုမှာရှိတဲ့ ဒကာစမှူး ဗိုလ်မှူးချုပ်လှမြင့် လည်း ပြောထားပေးမယ်''

ဟု ပြောပါလေတော့သည်။

ကောင်းလေစွ။

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွတ် အစီအစဉ်ဖြင့် ကွန်လုံ ဗျူဟာမှာ နှစ်ရက်၊ သုံးရက် နားနေလေ့လာဖြစ်သည်။ နောက်တော့ လောက်ကိုင် ပို့ပေးသည်။ လောက်ကိုင် ဒကာစမှူး ဗိုလ်မှူးချုပ်လှမြင့် ကား ကျွန်တော် Y.C.D.C မှာ တာဝန်ထမ်းဆောင်နေစဉ်က ကျွန်တော့်စိုက်မွေးစခန်းကြီးဖြစ်သော ဥတို UDO သို့ မကြာခဏ ရောက်လာတတ်သည်။ V.V.I.P လုံခြုံရေးကိစ္စနှင့်ဖြစ်၏။ ထိုစဉ်က သူသည် ရန်ကုန် တိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူးဖြစ်သည်။ ထို့ကြောင့် လူချင်းရင်းနှီးနေကြ၏။ သူက DSA 17 က ကျွန်တော့် ထက် အများကြီးဂျူနီယာကျသည်။

လောက်ကိုင်ရောက်တော့ လိုလေသေးမရှိ ပြုစုညှော်ခံသည်။ လောက်ကိုင်ကား တကယ့်တရုတ်မြို့ ဖြစ်၏။ တရုတ်စာ၊ တရုတ် စကား၊ တရုတ်ပိုက်ဆံ၊ တရုတ်အစားအစာ စသည်တို့ လွှမ်းမိုးကြီး စိုးနေသော အိရှန်ကွမ်းလန်းမြို့ဖြစ်၏။ ဗမာပိုက်ဆံသုံးမရသဖြင့် လောက်ကိုင်တွင် ဇနီးနှင့်သမီးကလေးတို့အား လောက်ကိုင် ဒကာစမှ ဗမာပိုက်ဆံနှင့် တရုတ်ပိုက်ဆံလဲပေးပြီး ဈေးသို့ပို့ပေးသည်။ တစ်ဖက် က နမ့်စမ် တရုတ်မြို့ကလေးသို့ လိုက်ပို့သည်။ သူတို့သားအမိ နှစ်ယောက် တရုတ်ဘက်သွားလည်ကြသည်။ ဈေးဝယ်ကြသည်။

ကျွန်တော်ကတော့ လောက်ကိုင်ပတ်ဝန်းကျင် တစ်ရက် ကြည့်ပြီး ကုန်းကြမ်းကိုထွက်ခဲ့သည်။ ကုန်းကြမ်းကား အရှေ့မြောက်





ဗကပပေါ်ဦးစက အဦးဆုံး အတိုက်ခံရသည့်မြို့ကလေးဖြစ်၏။ ကချင် (၃) တာဝန်ယူထားသည့် Outpost စခန်းအား ဖုန်ကြားရှင်နှင့် ဗကပ ၁၀၀၀ ခန့်က ဝင်တိုက်ကြသည်။ စခန်းကျသွား၏။ စခန်း ခွာစစ်အား လေကြောင်းအကူနှင့် ဆောင်ရွက်ခဲ့ရသည်။ ဗကပဗဟိုခွဲ ဥက္ကဋ္ဌ ဘသိန်းတင်ကိုယ်တိုင် ထိုကုန်းကြမ်းတိုက်ပွဲ၌ပါဝင်ခဲ့သည်။ ရဲကုန်းမှာ နေသွားသည်။ သူနေသွားသည့်ရဲကုန်းကို ကျွန်တော် ဝင်ကြည့်ခဲ့သည်။ ကုန်းကြမ်းတောင်ကျောပေါ်က အရှေ့ဘက် ကိုလှမ်းမျှော်ကြည့်သော် မှုန်ပြာပြာမြူတွေကြားမှ တရုတ်မြို့ရွာများကို ရေးရေးမြင်ခဲ့ရ၏။

ကုန်းကြမ်းနှင့် လောက်ကိုင်ကြား၌ တာရှေ့ထန်မြို့ကလေး ရှိ၏။ ဤဒေသတွေသည် လွန်ခဲ့သည့် အနှစ် ၄၀ လောက်က ဗကပအုပ်စိုးမှုအောက်၌ ရှိခဲ့၏။ ၁၉၈၉ က ဖုန်ကြားရှင်နှင့် တပ်မတော်အစိုးရ ညှိနှိုင်းမှုအရ ဖုန်ကြားရှင်က ငြိမ်းချမ်းရေး ကမ်းလှမ်းပြီး အပစ်အခတ်ရပ်စဲခဲ့သည်။ ငြိမ်းချမ်းရေး ရယူကြသည်။ ပထမဆုံးတပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးယူသည့်အဖွဲ့ဖြစ်၏။

သို့ရာတွင် ဖုန်ကြားရှင်ကား ရှေးခေတ်တရုတ်ပဒေသရာဇ် စစ်ဘုရင် War Lord များလို Greedy ဖြစ်သည်။ အမျိုးစုံ အကုန် ကြိုက်သူဖြစ်သည်။ ပြောရရင်တော့ KNU မှ တပ်မင်းလင်းထင်လို

**Women**

**Whisky**

**War** အလုံးစုံအကုန်သမားတည်း။

ထို့ကြောင့် ၂၀၀၉ ခုနှစ်က သူကွပ်ကဲမှုပေးထားသည့် လောက်ကိုင်ဒေသ၌ တာဝန်ရှိသူတွေမသိအောင် လက်နက်စက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်ဆောက်ခဲ့သည်။ ဒါကြီးလုပ်ပြီး ဒီလက်နက်တွေကို သူရောင်းမည်။ ဒါက ကောင်းတဲ့ရည်ရွယ်ချက်မဟုတ်ပါ။ ပြည်ထောင်စုပြိုကွဲစေရန် ရှေးရှုနေသည်။ ဒီလက်နက်တွေကို သူက ပြည်တွင်းအခြားလက်နက်ကိုင်အဖွဲ့များကိုရောင်းမည်။

| | |
|---|---|
| **KIA** | ကချင် |
| **TNLA** | ပလောင် |
| **AA** | ရခိုင် |
| **CNF** | ချင်း |
| **WNA** | ဝ |

စသူတို့ဖြစ်လိမ့်မည်။

ဒါကို တာဝန်ရှိသူတွေက စစ်ဆေးဖို့ပြင်တော့ အစစ်မခံပါ။ ရဲတွေဖမ်းပြီး ဓါးစာခံ လုပ်သည်။ တပ်က ဝင်တိုက်တော့ ရဲတွေသတ်ပြီးထွက်ပြေးသွားသည်။ ကားတန်းကြီးဖြင့် ဟိုပန်မှတစ်ဆင့်ဝဒေသ မိုင်းမောဘက် ထွက်ပြေးသည်။ ၎င်းမှ သူ့သားမက်ဦးစိုင်းလင်း ခေါ် လင်မေရှင်းရှိသည့် မိုင်းမ၊ မိုင်းလား ဆက်ထွက်သွားသည်။ မိုင်းလားမှာ သွားခိုလှုံနေသည်။ ဦးစိုင်းလင်းကလည်း သူ့သမီးယူထားတော့ ယောက္ခထီးကြီးကို လက်ခံထားရသည်။

ဖုန်ကြားရှင်သည် သုံးမကုန်စွဲမကုန်သည့် ငွေများဖြင့် မိုင်းလားမှာနေလိုက်၊ ယူနန်မှာနေလိုက်။ ကူမင်း သွားလိုက်ဖြင့် သူ့အာဏာပြန်ရရေးအတွက် လှုပ်ရှားနေ၏။ ကူမင်းနှင့် ယူနန်မှာ သူနှင့်မဟုတ်တာ အတူလုပ်ဘက် စီးပွားဘက်တွေရှိသည်။ ပုလင်းတူဖူးဆို့တွေရှိသည်။ သူ့ကို ဝိုင်းအားပေးနေကြသည်။

တကယ်တော့ သူသည် အသက် ၈၀ ကျော်ခဲ့ပြီးပြီ။ ၈၄/၈၅





လောက်ရှိနေပြီ။ ဒါပေမယ့် တရုတ်ကြီးက ဂန္ဓာလရာဇ်က ဆေးတွေစားပြီး မချောဆယ်ယောက် ဖုန်တစ်ယောက်လုပ်နေသည်။ ထို့ကြောင့် ကိုးကန့်မှာ အာဏာပြန်ရချင်သည်။ ၁၉၆၈ ခုနှစ် ဗကပများလက်ထက်မှသည် ၁၉၈၈ ခုနှစ်ထိ အနှစ် ၂၀။ ၁၉၈၈ မှ ၂၀၀၉ ခုနှစ်အထိ အနှစ် ၂၀။ ပေါင်းအနှစ် ၄၀ကျော် **War Lord** စစ်ဘုရင်ကြီးလုပ်ခဲ့ရရာ ဒီအရသာကို သူ သိပ်မက်မောနေသည်။ အာဏာလက်လွှတ်ခဲ့ရသည်ကို သူ မကျေနပ်နိုင်ခဲ့။ တစိမ့်စိမ့်တွေးကာ အာဏာပြန်ရရေးအတွက် တိတ်တဆိတ်ကြံစည်နေသည်။ ၁၉၃၁ နှစ်ကမွေးခဲ့သော ဖုန်ကြားရှင်သည် ဂျပန်ခုခံရေးကာလတွင် သေနတ်စကိုင်ခဲ့သည်။ ထို့နောက် ကိုးကန့်ကာကွယ်ရေးတပ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ သူနှင့်အပြိုင်မှာ လော်စစ်ဟန်ဖြစ်သည်။ လော်စစ်ဟန်က ဗမာ့တပ်မတော်နှင့် ပေါင်းသွားသောအခါ ဖုန်ကြားရှင်က ဗကပနှင့် ပေါင်းခဲ့သည်။

၁၉၆၈ ခုနှစ်က ဗကပအရှေ့မြောက်တပ်တွေ စဖွဲ့တော့ ကိုးကန့်ဒေသခံ **War lord** ဖုန်ကြားရှင်အား တရုတ်များက စည်းရုံးပြီး ဗကပလက်အောက်၌ ၄၀၄ တပ်မှူးကြီးတာဝန်ပေးခဲ့သည်။

ဗိုလ်လုပ်ချင်နေသည့် ဖုန်ကြားရှင်အတွက် ရေငတ်တုန်းရေတွင်းထဲကျဆိုသလို ဟန်ကျသွားတော့၏။ ဖုန်ကြားရှင်သည် တရုတ်အကူအညီဖြင့် ဗကပတပ်မှူးကြီးဖြစ်လာသောအခါ ကိုးကန့်ဒေသတွင်းရှိ ဗမာ့တပ်မတော်စခန်းအားလုံးကို တိုက်ပြ၏။ အားလုံးသိမ်းနိုင်သည်။ ထိုအချိန်မှပင်စပြီး အရှေ့မြောက်ဒေသ၌ ဖုန်ကြားရှင်ဖုန်ကြားရှင်နှင့် နာမည်ကြီးခဲ့သည်။ ထိုစဉ်က ဖုန်ကြားရှင်မှာ အသက် ၄၀ ပင် မပြည့်တတ်သေး။ အလွန်တက်ကြွပြီး သန်တုန်းမြန်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ယူနန်ပြည်နယ်က တရုတ်စစ်ကျောင်းများတွင်လည်း သင်တန်းအကြိမ်ကြိမ်တက်ပြီး ပင်ကိုကပင် စစ်တိုက်ဝါသနာပါသူ ဖုန်ကြားရှင်သည် ထိုစဉ်ကာလမှ ယနေ့အချိန်ထိ **Women War Whisky** လုပ်နေသေးသူဖြစ်၏။ ငါမအိုသေးဟုဆိုကာ အစွမ်းပြ ချင်နေသူ၊ ပြနေသူဖြစ်၏။

ဖုန်ကြားရှင်သည် **War Lord** ဘဝကပင်
ဘိန်း
လက်နက်
ကျောက်စိမ်း
အရောင်းအဝယ်များလုပ်ခဲ့၏။

**Even** လူကုန်ကူးမှုများနှင့် **Gambling** လောင်းကစားဝိုင်း **Casino** များ ဖွင့်လှစ်ရာတွင်လည်း ပါဝင်ပတ်သက်ခဲ့၏။ ဥပဒေမဲ့ လုပ်ရပ်များအားလုံး ကျူးလွန်ခဲ့၏။ လူသတ်မှုများလည်း ကျူးလွန်ခဲ့ ၏။ ငွေမဲခဝါချမှုများလည်း ဆောင်ရွက်ခဲ့၏။

သူသည် ကိုးကန့်တွင် ဘုရင်တစ်ဆူလို မင်းမူနိုင်ခဲ့ရာ ယခုအခါ ထိုထီးနန်းကို ပြန်လိုချင်သည့် နန်းကျတစ်ဦးအနေဖြင့် ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်နေ၏။ ကိုးကန့်ကို ဝင်တိုက်နေ သည်။ နောက်က ယူနန်တရုတ်လူဆိုးတွေက အင်တိုက်အားတိုက် ဖြောင်ကူညီနေကြသည်။

ဖုန်ကြားရှင်နှင့်ပတ်သက်၍ ကျွန်တော်တို့ ဘာလုပ်ကြမှာ လဲ။ အပြတ်တိုက်မှာလား။ ဆွေးနွေးညှိနှိုင်းမှာလား။

အကျိုးအမြတ်ထွက်ဖို့တော့ လိုသည်။ အပြတ်တိုက်လို့ ရနိုင်ပါသည်။ ဒါပေမယ့် သူ့နောက်မှာ တရုတ်ကြီးနှင့် ယူနန်ပြည်





နယ်အစိုးရ ရှိသည်။ ကျွန်တော်တို့တိုက်ပြီး နိုင်ဦးတော့ သူက သူ့ဆရာတရုတ်ကြီးတွေ အကူအညီနဲ့ ဒုက္ခပေးနေဦးမည် ဖြစ်၏။

စေ့စပ်ဆွေးနွေးရင်ရော အဆင်ပြေပါ့မလား။

ဒါကတော့ လုပ်ကြည့်မှသိမည်ထင်၏။

သူက အိုတော့အိုနေပြီ။ မကြာခင်သေမည် ။ နောက်ထပ် ခံလှ သုံးလေးနှစ်ပေါ့။ ဘယ်လောက် အသက်ရှည်ဆေးတွေစားစား မသေဘဲတော့ နေမည်မဟုတ်။ ဘုရားတောင် ပရိနိဗ္ဗာန်စံရသေး တာ။ သူကဘာမို့လို့လဲ။ သေမှာပါ။ သူမသေခင် ဆွေးနွေးလိုက်ရင် ရော ကောင်းပါ့မလား။ ဖြစ်နိုင်လောက်သည် ထင်ပါသည်။ ဒါက တော့ နိုင်ငံတော်မှ တာဝန်ရှိသူများကိစ္စသာဖြစ်ပါ၏။ ကျွန်တော်က ဝင်စဉ်းစားပေးတာပါ။ ဆရာလုပ်တာ မဟုတ်ပါ။ နိုင်ငံတော် ခေါင်းဆောင်များ။ တပ်မတော်ခေါင်းဆောင်များ အလွန်တော်ကြပါ သည်။ ဒီကိစ္စကို **Finishing** ကောင်းကောင်းနှင့် အဆုံးသတ် နိုင်မည်ထင်ပါသည်။

အမှာစာက နည်းနည်းရှည်သွားပြီ။

နိဂုံးချုပ်ပါမည်။

ကျွန်တော်သည် နာမည်ကျော် ဖုန်ကြားရှင်နှင့် ၁၉၇၈ ခုနှစ် က နောင်လိုင်ပါဖန်တိုက်ပွဲကြီး၌ နဖူးတွေ့ဒူးတွေ့ တိုက်ပွဲဝင်ခဲ့ဖူး ပါသည်။ အဲဒီတုန်းက ကျွန်တော်တို့အထိနာခဲ့ပါသည်။ ဖုန်ကြားရှင် တို့ဘက်က အများကြီးအသာစီးရသွားသည်။ ပြောရမည်ဆိုပါက ဗကပတွေထဲ၌ လူကြီးပိုင်းက **ဖုန်ကြားရှင်**။ လူငယ်ထဲက **ကျန်စီ မြင့်** တို့ကား စစ်တိုက်ကောင်းကြသူများဖြစ်ကြပါ၏။

မည်သို့ပင်ဖြစ်စေကာမူ မြန်မာ့တပ်မတော်က အချုပ်



www.burmeseclassic.com

www.burmeseclassic.com



အခြာအာဏာကို အထိပါးမခံဘဲ ကိုးကန့်ဒေသကို အသက်စွန့်ကာကွယ်နေပါသည်။ အားလုံးအသိပါ။ ဤစာအုပ်၌ ထိုစစ်တိုက်ကောင်းသော ဖုန်ကြားရှင်နှင့် ဗမာ့တပ်မတော် အဲ မြန်မာ့တပ်မတော်တို့ တိုက်ပွဲများကို ဟို ၁၉၆၈ ခုနှစ်လောက်မှသည် ယနေ့ ၂၀၁၅ ခုနှစ် လောက်အထိ အနှစ်လေးဆယ်ကျော် ငါးဆယ်နီးပါးအတွင်း ကျွန်တော်သိထားသမျှကို ရနိုင်သမျှ အပိုင်းများခွဲကာ စုဆောင်းရေးသားတင်ဆက်လိုက်ပါသည်။

စာရှုသူများ ဤစာအုပ်ကို ဖတ်လိုက်ခြင်းဖြင့် ကိုးကန့်သမိုင်းကြောင်းနှင့် ဖုန်ကြားရှင်သမိုင်းကြောင်းပါသိရှိပြီး မြန်မာနိုင်ငံအနာဂတ်အလားအလာနှင့် မြန်မာ့တပ်မတော်၏ ရှေ့အလားအလာများကို မှန်းဆသုံးသပ်၍ တိုင်းချစ်ပြည်ချစ်စိတ်များပွားများကာ–

**ပြည်ထောင်စုမပြိုကွဲရေး**

**တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး**

**အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး**

တို့အတွက် မျိုးချစ်စိတ်ဓါတ်ဖြင့် တစ်တပ်တစ်အား ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည် ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

၁၄–၅–၂၀၁၅



# အခန်း(၁)

# ကိုးကန့်ဒေသအကြောင်း သိကောင်းစရာများ

**ကိုးကန့်နိဒါန်း**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအရှေ့မြောက်ဖျားက သံလွင်မြစ်နှင့် တရုတ်နိုင်ငံနယ်နမိတ်အကြားရှိ ကိုးကန့်ဒေသ၌ **MNDAA (Myanmar National Democractic Alliance Army)** ခေါ် ဖုန်ကြားရှင် ခေါင်းဆောင်သော ကိုးကန့်သောင်းကျန်းသူများနှင့် မြန်မာ့တပ်မတော်တို့ စတင်တိုက်ပွဲများဖြစ်ပွားခဲ့ကြရာ ယခုအချိန်ထိ စစ်မီးက ကောင်းစွာမငြိမ်းသေးပါ။ ဖုန်ကြားရှင်ကသူ့ **MNDAA** တပ်တွေနှင့် တရုတ်မြန်မာနယ်စပ်တစ်လျှောက်မှာ စစ်ပွဲများဆင်နေခဲ့ဖြစ်၏။

ဒီမိုကရေစီအစိုးရက စစ်မီးများငြိမ်းပြီး အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံကာ ဆွေးနွေးနေစဉ် ပြုန်းဆို လောက်ကိုင်စစ်မီးက ထတောက်လာ၏။ လောက်ကိုင်ဆိုသည်မှာ ကိုးကန့်ဒေသ၏မြို့တော်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုင်က တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ အနောက်ဘက်အစွန်ဆုံးရှိ နမ်စမ် ခေါ် မြို့ကလေးနှင့် တစ်ဆက်တည်းဖြစ်၏။

ဖုန်ကြားရှင်က ဟိုရှေးပဝေသဏီကတည်းက ကိုးကန့်စစ်ဘုရင် **War Lord** ဖြစ်၏။ မူလပထမ ကိုးကန့်ကာကွယ်ရေးခေါင်းဆောင်ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် တပ်မတော်နှင့်တိုက်ပွဲဖြစ်ပြီး အရေးနိမ့်သွားသောအခါ တောခိုသည်။ ယူနန်တွင် သွားခိုလှုံနေသည်။ ၁၉၆၈ တွင် ဗကပဖြစ်သွားသည်။ ၁၉၈၉ ခုနှစ်တွင် တပ်မတော်နှင့် စေ့စပ်ဆွေးနွေးပြီး ကိုးကန့်ခေါင်းဆောင် ပြန်ဖြစ်လာသည်။ ၂၀၀၉ ခုနှစ်တွင် လက်နက်စက်ရုံတည်ဆောက်သည့်ကိစ္စနှင့်ပတ်သက်ပြီး အစိုးရနှင့် သဘောထားကွဲလွဲပြီး ကိုးကန့်မှ ထွက်ပြေးသွားခဲ့သည်။ ဝနယ်မှတစ်ဆင့် ယူနန်သို့ ဝင်ရောက်သွားခဲ့သည်။ လေးငါးခြောက်နှစ်အကြာမှ သူနယ်မြေပြန်တိုက်ယူမယ်ဟု ယူနန်ပြည်နယ်တွင် နေရာအနှံ့ကြွေးကြော်ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် တောက်ရှေ့ကျေးရွာ ပြည်သူစစ်များ လက်နက်လာသိမ်းရာမှ လိုက်လံရှင်းလင်းသည့် တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့ရာမှ လောက်ကိုင်တိုက်ပွဲကို စတင်ခဲ့လေသည်။

ထိုတိုက်ပွဲများကြောင့် **ကိုးကန့်၊ လောက်ကိုင်၊ ဖုန်ကြားရှင်**ဆိုသည့် နာမည်များ လူသိလာကြ၏။ **Internet** စာမျက်နှာများတွင် လောက်ကိုင်ဒေသစစ်သတင်းများ၊ ဖုန်ကြားရှင်ပုံများ၊ ဖုန်ကြားရှင်သက်ကြားအိုကြီးနှင့် တရုတ်ပျိုဖြူလေးများ ကြည်နူးနေပုံများ တစ်နေ့တစ်မျိုး မရိုးရအောင် တက်နေ၏။

ဖုန်ကြားရှင် ဘယ်သူလဲ ဘာလဲ။

လောက်ကိုင်ဆိုတာ ဘယ်မှာလဲ။





ကိုးကန့်ဆိုတာ ဘာလူမျိုးလဲ။ ရှမ်းလား၊ တရုတ်လား၊ ရှမ်းတရုတ်လား၊ ဗမာတိုင်းရင်းသားရော ဟုတ်ရဲ့လား။

ဖုန်ကြားရှင်က လောက်ကိုင်ဒေသကို ဘာလို့ပြန်လာတိုက်ရတာလဲ။ သူ့နောက်မှာ ဘယ်သူတွေရှိသလဲ။ ယူနန်အစိုးရလား၊ တရုတ်ဗဟိုအစိုးရလား။

လားပေါင်းများစွာ မြန်မာပြည်သူတွေ မေးလာကြပါသည်။

ယခု ကျွန်တော်၏ ဤစာအုပ်သည် အထက်ပါမေးခွန်းများကို ဖြေရှင်းပေးမည့်စာအုပ်ဖြစ်ပါကြောင်း ပဏာမနိဒါန်းအနေဖြင့် ကြိုတင်အစီရင်ခံအပ်ပါသည် ခင်ဗျား။

## ကိုးကန့်သမိုင်း

ကိုးကန့်တို့သည် မြန်မာနိုင်ငံရှိ လူမျိုးစု ၁၃၅ မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်၏။ ကိုးကန့်ဒေသသည် ရှမ်းပြည်နယ်တွင် ပါဝင်သည်။

ကိုးကန့်ဟူသောဝေါဟာရ၏အဓိပ္ပာယ်မှာ နှစ်မျိုးရှိသည်။

(က) ပထမအဓိပ္ပာယ်မှာ

ကိုး = စိမ်းလန်းသောဒေသ

ကန့် = ရဲရင့်သူများ

ကိုးကန့် = ရဲရင့်သူများနေထိုင်သော စိမ်းလန်းသည့်ဒေသ

(ခ) ဒုတိယအဓိပ္ပာယ်မှာ

ကိုးကန့် = ကောက်ကန့်



www.burmeseclassic.com

www.burmeseclassic.com



ကောက် = ကိုး

ကန့် = သူကြီး

ကိုးကန့် = သူကြီးကိုးဦးအုပ်ချုပ်သော နယ်ကိုးနယ်

ဟု အဓိပ္ပါယ်ရ၏။

ကိုးကန့်ဒေသကို မာလီပါးဟုလည်း ခေါ်ကြ၏။ မာလီရှူးပင်များပေါက်ရောက်သောလွင်ပြင်ဟု အဓိပ္ပါယ်ရပါသည်။

ထိုနယ်များမှာ –

၁။ တောင်ညို

၂။ ရင်းဖန်

၃။ ပန်းအုံ

၄။ ပန်းရုံ

၅။ ကန်ငယ်

၆။ ကန်ဖန်

၇။ ကန်ပွိုင်း

၈။ မော်လေး

၉။ မောင်းအောင်

တို့ဖြစ်၏။

ထိုနယ်များမှာ ယခုအချိန်ထိ ကိုးကန့်ဒေသတွင် ရှိသည်ဟု ဆိုပါသည်။

သို့ရာတွင် ကိုးကန့်ဒေသသို့ ကျွန်တော် သွားရောက်လေ့လာခဲ့စဉ်က မြို့ ၅ မြို့သာတွေ့ရ၏။ ကွန်လုံမှသွားပါက အောက်ပါအတိုင်းတွေ့ရသည်။

ချင်းရွှေဟော်

မြရဟန်္တာစာပေ






လောက်ကိုင်ဒေသမှ ကိုးကန့် သမီးပျိုကလေးများ လက်ဖက်ခူးနေပုံနှင့် လက်ဖက်ခူးအကတင်ဆက်နေပုံ


www.burmeseclassic.com

www.burmeseclassic.com





လောက်ကိုင်ဒေသကြံခင်းများနှင့် တရုတ်ပြည်သို့ပို့နေစဉ်တင်ပို့နေသော ကြံကားများ




လောက်ကိုင်မြို့ တုံ့ရှန့်မြို့သစ်၊ WFP ရုံးရှေ့တိုက်တန်း အခန်းအမှတ်(၅)အတွင်းမှ သိမ်းဆည်းရမိလက်နက်ခဲယမ်းများ

www.burmeseclassic.com

www.burmeseclassic.com







၂၀၀၄ ခုနှစ်က လောက်ကိုင်ဒေသမှ သိမ်းဆည်းရမိခဲ့သည့်
မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com





၂၀၀၄ ခုနှစ်က လောက်ကိုင်ဒေသမှ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ



လောက်ကိုင်

တာရှေထန်

ကုန်းကြမ်း

ကျင်ညဲတို့ဖြစ်၏။

•

**ရှေးဟောင်းက ကိုးကန့်**

ကိုးကန့်တို့သည် မြန်မာနိုင်ငံသို့ဝင်ရောက်လာသည့် ရှေးပဝေသဏီက လူမျိုးအုပ်စုကြီးသုံးခုတွင် နောက်ဆုံးဝင်ရောက်လာသည့် ထိုင်းတရုတ်အုပ်စု၌ ပါဝင်၏။

ထိုလူမျိုးအုပ်စုကြီးသုံးစုမှာ –

ပထမ မွန်ခမာအုပ်စု

ဒုတိယ တိဘက်မြန်မာအုပ်စု

တတိယ ထိုင်းတရုတ်အုပ်စု တို့ဖြစ်၏။

နောက်ဆုံးဝင်လာသည့် ထိုင်းတရုတ်အုပ်စုမှာ –

ရှမ်း

ရှမ်းတရုတ်နှင့်

ကိုးကန့်တို့ပါဝင်၏။

သမိုင်းကို ပြန်ပြောင်းပြောရပါက ကိုးကန့်နယ်ကြီးသည် ရှေးမြန်မာဘုရင်များလက်ထက်က မြန်မာပိုင်နယ်မြေအဖြစ် လွှတ်တော်ပုရပိုက်မြေပုံများတွင် အတိအလင်းမှတ်တမ်းတင်ထားသည်။

၁၈၈၆ ခုနှစ် မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို အင်္ဂလိပ်တို့သိမ်းပြီးသောအခါ တရုတ်တို့နှင့် ပထမဆုံးစာချုပ်တစ်ခု ဘိလပ်၌ချုပ်ဆိုကြသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၈၉၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် လန်ဒန်မြို့၌ အင်္ဂလိပ်နှင့် တရုတ်အစိုးရတို့သည် တရုတ်-မြန်မာ နယ်နမိတ်နှင့်စပ်လျဉ်း၍ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပြန်သည်။ ထိုစာချုပ်အပိုဒ် ၃ အရ တရုတ်တို့က တောင်းဆိုထားသော ရှမ်းပြည်နယ်မြောက်ပိုင်း သံလွင်မြစ်၏အနောက်ပိုင်း သိန္နီတစ်စိတ်တစ်ဒေသနှင့် သံလွင်မြစ်အရှေ့ခြမ်း ကိုးကန့်နယ်ကြီးတစ်ခုလုံးကို တရုတ်တို့အားပေးအပ်ရန်၊ ကွန်လုံကူးတို့ဆိပ်ကိုမူ အင်္ဂလိပ်တို့က ဆက်လက်ထိန်းသိမ်းထားရန်။ ကျိုင်းတုံရှိ ကျိုင်းဟုန်းနယ်နှင့် ရှမ်းပြည်နယ် မိုင်းလင်းဒေသကိုလည်း တရုတ်တို့အား လွှဲပြောင်းပေးရန်။ သို့သော် ထိုနယ်ကို အင်္ဂလိပ်အစိုးရကမသိဘဲ တရုတ်တို့က မည်သူ့ကိုမှ လွှဲပြောင်းမပေးရန်ဟု ပါရှိလေသည်။

ထိုစာချုပ်အရ တရုတ်တို့ ပေးအပ်လိုက်ရသော ကိုးကန့်နှင့် သိန္နီနယ်များသည် ရှေးအခါက မြန်မာဘုရင်ပိုင်ဆိုင်ခဲ့ဖူးကြောင်း ဗြိတိသျှအစိုးရသည် နောက်မှနိုင်နိုင်မာမာသိခဲ့ကြ၏။ သို့ရာတွင် လက်လွှတ်ခဲ့ချေပြီ။ မည်သည့်အချိန်တွင် ပြန်တောင်းကြရမည်ကို စောင့်မျှော်ခဲ့ကြ၏။ တရုတ်တို့သည် သိပ်မကြာမြင့်မီမှာပင် ပြင်သစ်အင်ဒိုချိုင်းနားနှင့် သီးခြားနယ်နိမိတ်ကိစ္စဆွေးနွေးရင်း မြန်မာပြည်မှရရှိထားသော ကျိုင်းဟုန်းနှင့် မိုင်းလင်းနယ်များကို ဗြိတိသျှတို့နှင့် မတိုင်ပင်ဘဲနှင့် အလဲအလှယ်လုပ်ရာတွင် ပြင်သစ်အား ပေးအပ်လိုက်လေသည်။

၁၈၉၈ ခုနှစ်က စာချုပ်ကို တရုတ်တို့က စတင်ဖောက်ဖျက်လိုက်ခြင်းဖြစ်၏။ ဗြိတိသျှအစိုးရသည် ထိုအကြောင်းကိုထောက်ပြပြီး အကျပ်ကိုင်ကာ ကိုးကန့်နှင့် သိန္နီနယ်များကို ပြန်တောင်းလိုက်၏။





တရုတ်တို့က မငြင်းဆန်သာဘဲ ၁၈၉၈ ခုနှစ် စာချုပ်ရှိ ဖော်ပြပါနယ်များကို မြန်မာပြည်သို့ ပြန်ပေးခဲ့ရ၏။ ဆက်လက်၍လည်း ကိုးကန့်နှင့် ယူနန် နယ်ခြားမျဉ်းကြောင်းသတ်မှတ်ခြင်း၊ နယ်ခြားကျောက်တိုင်စိုက်ထူခြင်း၊ မြေပုံသစ်များ ရေးဆွဲခြင်းများကို ၁၈၉၈-၉၉ ခုနှစ်များအတွင်းက ဆာဂျော့စကော **Sir George Scott** နှင့် ဗိုလ်ချုပ်လင်း **General Linn** တို့ခေါင်းဆောင်သော ကော်မရှင်အဖွဲ့က အပြီးအပိုင် ဆောင်ရွက်ခဲ့လေသည်။

(ဒီလိုလုပ်လိုက်နိုင်တာ ကျွန်တော်တို့အတွက် အတော်ကံကောင်းသွားခြင်းပါပေ။ စာရေးသူ)

ပြန်ရလိုက်သော ကိုးကန့်နယ်ကြီးကို ဗြိတိသျှအစိုးရတို့သည် အုပ်ချုပ်မှုအဆင်ပြေရေးအတွက် သိန္နီစော်ဘွားလက်အောက်၌ ထားရှိခဲ့၏။

ကိုးကန့်သည် ရှေးမြန်မာဘုရင်များလက်ထက်က ပဒေသရာဇ်သီးခြားနယ်အဖြစ် ရပ်တည်ခဲ့သည်။ သိန္နီကဲ့သို့ပင် ဘုရင့်နန်းတော်သို့ လက်ဆောင်ပဏ္ဏာများဆက်သရခြင်း၊ ယိုးဒယားနှင့် စစ်ဖြစ်ပွားသည့်အခါ အချိုးကျစစ်သည်တော်များပို့ပေးရခြင်း စသည်ဖြင့် သီးသန့်ရှိခဲ့ရာ ယခုကဲ့သို့ သိန္နီရှမ်းစော်ဘွားလက်အောက် ကွပ်ကဲမှုပေးလိုက်သည့်အတွက် ကိုးကန့်တို့က လုံးဝမကျေနပ်ခဲ့ချေ။

ကိုးကန့်၌ နေထိုင်ကြသူများသည် ရှေးပဝေသဏီမှစ၍ ယခုအချိန်အထိ တရုတ်အမျိုးသားများသာ အများစုဖြစ်ခဲ့၏။ ယခုလို ကိုးကန့်တရုတ်အမျိုးသားများ နေထိုင်ကြသည်ကို အကြောင်းပြုပြီး တရုတ်ပြည်မကြီးနှင့် ယူနန်ပြည်နယ်အစိုးရတို့သည် ကိုးကန့်ကို သူတို့ပိုင်နယ်အဖြစ် ပြန်ရအောင် အခွင့်ကြုံတိုင်း ကြိုးပမ်းခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကိုးကန့်နှင့် ယူနန်တရုတ်များသည် စကားလည်းတူ၊ စာလည်းတူ၊ စားတာသောက်တာ၊ နေတာထိုင်တာလည်း တူသဖြင့် ကိုးကန့်တွေကို သူတို့ယူနန်တရုတ်ဟုသာ သဘောထားကြ၏။ ထို့ကြောင့်လည်း ယခုဖုန်ကြားရှင်က လောက်ကိုင်ကို ပြန်တိုက်သည့်အခါ ယူနန်တရုတ်အစိုးရက သိသိသာသာရော၊ မသိမသာရော ကူညီခဲ့လေသည်။ ယူနန်ပြည်နယ်သည် ရှေးပဝေသဏီက တရုတ်ဘုရင်များက လူဆိုးသူခိုးများကို နယ်နှင်ဒဏ်ပေးသည့် အနောက်ဘက်ဒေသဖြစ်ခဲ့၏။ ထို့ကြောင့် လူဆိုးသူခိုးများကြီးစိုးပြီး မဟုတ်တာအကုန်လုပ်သည့် ပြည်နယ်ဖြစ်ခဲ့၏။ ဗဟိုအစိုးရအမိန့်ကိုမနာခံဘဲ လုပ်ချင်ရာလုပ်ခဲ့ကြသည်။ ယူနန်ပြည်နယ်၌ ဘိန်းအရောင်းအဝယ်၊ လူကုန်ကူးမှု၊ သစ်ခိုးရောင်းဝယ်မှု၊ ငွေမည်းကို ငွေဖြူအဖြစ်ခဝါချမှု၊ ကျောက်စိမ်းမှောင်ခိုရောင်းချမှု၊ ကြက်ဥအတု၊ နို့မှုန့်အတု၊ ဆေးဝါးအတု အားလုံးအတုလုပ်သည်။ ငွေစက္ကူအတုလည်း လုပ်ပါသည်။ အမျိုးစုံအကုန်ရှိပေသည်။ ပစ္စည်းမျိုးစုံအတုလုပ်မှုများကို ရွှေလီကြယ်ခေါင်တက်ပြီး အရောင်းအဝယ်လုပ်နေကြသည့် အရောင်းအဝယ်သမား အားလုံးလိုလို အကုန်သိကြပါသည်။

၁၉၄၂ ခုနှစ်၌ အာရှတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသည်။ မြန်မာတစ်နိုင်ငံလုံး ဂျပန်လက်အောက်ကျသွားသည်။ ဂျပန်တပ်များသည် စစ်ရေးအရ အချက်အချာကျသော ကွန်လုံကူးတို့ဆိပ်ကို သိမ်းပိုက်ပြီး အခိုင်အမာတပ်စွဲထား၏။ ရှေ့သို့မူ မတိုးခဲ့ချေ။ ထို့ကြောင့် စစ်ကြီးဖြစ်စ အစောပိုင်းက ကိုးကန့်ဒေသကြီးကို မည်သူကမှ မသိမ်းပိုက်ခဲ့ကြ။ ကိုးကန့်သည် ကြားနေနယ်မြေ





ဖြစ်ခဲ့၏။

ထိုအခါ ကိုးကန့်စော်ဘွားသည် ကိုးကန့်နယ်ကြီးကို ကာကွယ်ရန် ကျေးရွာများသို့ အမိန့်ထုတ်ပြီး Levy လဲဗီး ခေါ် ကာကွယ်ရေးတပ်များကို စတင်ဖွဲ့စည်းခဲ့လေသည်။

၁၉၄၂ ခုနှစ် ဖွန်လ၌ တရုတ်ပြည်မကြီးမှ တရုတ်ဖြူတပ်မတော်အမှတ် ၇၁ မှ တပ်အချို့ ကိုးကန့်ကို သိမ်းပိုက်ရန်ဝင်ရောက်သည်။ ဂျပန်တို့က သတင်းကြားသည်နှင့် ကွန်လုံမှ ကိုးကန့်သို့ တပ်များစေလွှတ်ကာ တရုတ်ဖြူများကိုတိုက်ခဲ့၏။ ကိုးကန့်တို့က ကျားတိလင်စခန်းမှနေပြီး ဂျပန်များကို ခုခံတိုက်ခိုက်ခဲ့ရာ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားပြီး ကိုးကန့်ကာကွယ်ရေးအများအပြား ကျဆုံးခဲ့ကြရ၏ ။ ဤသည်ကို အမှတ်ရစိမ့်သောငှာ တာရွှေထန့်မြို့အနီးတွင် ကျောက်တိုင်တစ်ခုစိုက်ထူထားရာ ယနေ့အချိန်ထိရှိပါသည်။ ၂၀၁၀ ခုနှစ်က ကျွန်တော် ကုန်းကြမ်းသွားခဲ့သည်။ ထိုကျောက်တိုင်ကို ဓာတ်ပုံရိုက်ယူခဲ့ပါသေးသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေသည့်ကာလ၌ ကိုးကန့်သည် ရှုပ်ထွေးနေ၏။ ကိုးကန့်မြို့စားနှင့် အုပ်ချုပ်ရေးအဖွဲ့က ကာကွယ်ရေးများနှင့်အတူ သီခြားရပ်တည်နေ၏။ ကာကွယ်ရေးအချို့ကမူ တရုတ်ဖြူများနှင့် ပေါင်းသွား၏။ တရုတ်ဖြူနှင့် ကာကွယ်ရေးများပေါင်းပြီး ကွန်လုံကိုသွားတိုက်ရာ ဂျပန်တို့က အပြင်းအထန် ထိုးနှက်တိုက်ခိုက်လိုက်သဖြင့် တရုတ်ဖြူများ ယူနန်ပြည်နယ်ထဲ ပြန်ဝင်ပြေးကြရတော့၏။

၁၉၄၃ ခုနှစ်နောက်ပိုင်း၌ တရုတ်ဖြူကူမင်တန် အမှတ်(၉) တပ်မကြီး ကိုးကန့်သို့ ထပ်မံဝင်ရောက်လာ၏။ တရုတ်ဖြူတို့သာ



www.burmeseclassic.com

www.burmeseclassic.com



ကိုးကန့်တစ်နယ်လုံးသိမ်းပြီး နယ်ဘက်အုပ်ချုပ်ရေးကိုပါ ချုပ်ကိုင်လေတော့သည်။

စစ်ကြီးပြီးသောအခါ အင်္ဂလိပ်အစိုးရက စစ်ဘက်အရာရှိတစ်ဦးကို ကိုးကန့်သို့စေလွှတ်ပြီး အုပ်ချုပ်ရန်တာဝန်ပေး၏။ သို့ရာတွင် တရုတ်ဖြူများက အမျိုးမျိုးအနှောင့်အယှက်ပေးကြသဖြင့် အုပ်ချုပ်ရေးကို ပြန်လည်ရုပ်သိမ်းခဲ့ရ၏။

၁၉၄၅ ခုနှစ်၌ အင်္ဂလိပ်အစိုးရနှင့် ကူမင်တန်အစိုးရတို့ ဈေးစပ်ဆွေးနွေးကြရာ ပြေလည်မှုရသဖြင့် ကိုးကန့်တွင် ပဒေသရာဇ်စော်ဘွားအုပ်ချုပ်ရေးကို ပြန်လည်စတင်နိုင်ခဲ့၏။

လွတ်လပ်ရေးရပြီးချိန်၌ ကိုးကန့်မြို့စားကြီး ကွယ်လွန်ခဲ့ပြီဖြစ်၍ ညီဖြစ်သူ **ရန်ကြီးစိန် ခေါ် ရှန်ကျင့်ရှိန် ခေါ် ရန်ကျင့်ရှယ် ခေါ် Jimmy Yang** ဂျင်မီယန်းက ပထမဆုံး ကိုးကန့်စော်ဘွားအဖြစ်ဆက်ခံလေသည်။ တရုတ်ပြည်တွင် တရုတ်ဖြူနှင့် တရုတ်နီတို့တိုက်နေကြရာ ၁၉၄၉ ခုနှစ်၌ တရုတ်တပ်နီများ ယူနန်သို့ဝင်လာ၏။ တရုတ်ဖြူတပ်များက မနိုင်သဖြင့် ကိုးကန့်သို့ပြေးဝင်လာကြ၏။ ထိုအခါ ကိုးကန့်ကာကွယ်ရေးတပ်များကိုပြန်ဖွဲ့ပြီး ကိုးကန့်တို့က လုံခြုံရေးအတွက် ကိုယ်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြသည်။

တရုတ်ဖြူတပ်များ မြန်မာနိုင်ငံအရှေ့ခြမ်းဒေသအားလုံး တိုက်ခိုက်လာကြရာ ၁၉၄၉ မှ ၁၉၅၃ ခုနှစ် အထိ တိုက်ပွဲများ မြန်မာ့တပ်မတော်နှင့် ဖြစ်ပွားခဲ့၏၏။ ကိုးကန့်ဒေသလည်း တိုက်ပွဲဒဏ်ခံကြရ၏။

မြန်မာ့တပ်မတော်က တရုတ်ဖြူများကို စစ်ဆင်ရေးအမျိုးမျိုးဖြင့် အပြုတ်ရှင်းလိုက်ရာ ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ





တရုတ်ဖြူတပ်များကို မောင်းထုတ်လိုက်နိုင်၏။ တရုတ်ဖြူများသည် ထိုင်းနိုင်ငံအနောက်ပိုင်းသို့ သွားရောက်ခိုလှုံပြီး ဘိန်းလုပ်ငန်းများဖြင့် ရပ်တည်နေခဲ့ကြ၏။ မြန်မာနိုင်ငံအတွင်း၌မူကား အစွန်အဖျားဒေသများ၌ ကြိုကြားကြိုကြားရှိနေသေး၏။

၁၉၅၉ ခုနှစ် အိမ်စောင့်အစိုးရ တက်လာသောအခါ စော်ဘွားများ အာဏာစွန့်ကြရ၏။ ကိုးကန့်စော်ဘွား ရန်ကြီးစိန် ခေါ် ဂျင်မီယန်း အာဏာစွန့်ခဲ့ရ၏။

စော်ဘွားအာဏာစွန့်ခဲ့သည်ဆိုသော်လည်း ၎င်းတို့လက်ထဲ၌ ကာကွယ်ရေးတပ်တွေရှိ၏။ ကိုးကန့်စော်ဘွား ရန်ကြီးစိန် ခေါ် ရန်ကျင်းရှယ် ခေါ် ဂျင်မီယန်းသည် တော်လှန်ရေးကောင်စီလက်ထက်၌ သူ၏ကိုးကန့်ကာကွယ်ရေးအဖွဲ့ အင်အား၂၀၀ နှင့်အတူ ထိုင်း–မြန်မာနယ်စပ် ဟွေနမ့်ခွန်သို့ထွက်ခွာကာ တောခိုသွားခဲ့လေသည်။ တာချီလိတ်နှင့် ၁၂ မိုင်တွင်ရှိ၏။

ကျန်ခဲ့သော ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့များကို ထိုစဉ်က ကာကွယ်ရေးခေါင်းဆောင်ဖြစ်နေသော ဖုန်ကြားရှင်က ဆက်လက်ဦးဆောင်ခဲ့လေသည်။ ၁၉၆၃ ခုနှစ်၌ တပ်မတော်စစ်ကြောင်းများက ကိုးကန့်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သောအခါ ဖုန်ကြားရှင်သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ထွက်ပြေးခိုလှုံလေတော့သည်။ လူ ၁၀၀ ခန့် ၎င်းနှင့်လိုက်ပါသွားခဲ့၏။ ကျန်ကိုးကန့်ကာကွယ်ရေးများကမူ ၁၉၆၇ ခုနှစ်၌ လက်နက်ချခဲ့ကြ၏။



www.burmeseclassic.com

## ကိုးကန့်ဒေသ၏ ပထဝီဝင်အချက်အလက်များ

### တည်နေရာ

ကိုးကန့်ဒေသသည် မြောက်ဘက်တွင် တရုတ်ပြည်၊ အရှေ့ဘက်တွင် တရုတ်ပြည်၊ တောင်ဘက်တွင် ဝဒေသ၊ အနောက်ဘက်တွင် သံလွင်မြစ်အတွင်း၌ တည်ရှိ၏။ ကွမ်လုံမြို့၏မြောက်ဘက်၌ တည်ရှိ၏။ အလျားရှည်၍ အနံကျဉ်းလေသည်။ ဧရိယာစတုရန်းမိုင် ၂၀၀၀ ခန့်ရှိ၏။ ပထဝီသဘောအရ ပြောရမည်ဆိုက မြောက်လတ္တီတွဒ် ၂၃° နှင့် ၂၄° အတွင်း အရှေ့လောင်ဂျီတွဒ် ၉၈° နှင့် ၉၉° အတွင်း တည်ရှိလေသည်။

### မြေမျက်နှာပြင်

မြေမျက်နှာပြင်မှာ ရှမ်းကုန်းပြင်မြင့်အရှေ့ခြမ်းတွင် ပါဝင်သဖြင့် တောင်များထူထပ်သော **Mountainous Terrain** ဖြစ်သည်။ တောင်များ၏အမြင့်ပေများမှာ ယေဘူယျအားဖြင့် ပေ ၂၀၀၀ မှ ၄၀၀၀ ကြားတွင် ရှိတတ်သည်။ အချို့တောင်များမှာမူ ထို့ထက်မက မြင့်မားကြ၏။ အများအားဖြင့် တောင်များသည် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိကြ၏။

ကိုးကန့်ဒေသတွင် အဓိကမြစ်ကြီးမှာ သံလွင်မြစ်ကြီးတစ်ခုသာရှိ၏။ သို့ရာတွင် မြင့်မားသောတောင်များပေါ်မှ စီးဆင်းလာသည့် ချောင်းငယ်၊ မြောင်းငယ်များကား အများအပြားရှိကြလေသည်။ အများအားဖြင့် ကျောက်တောင်များမှစီးဆင်းလာသဖြင့် ရေများမှာ ကြည်လင်သန့်စင်လေသည်။ နမ့်မတိန်းချောင်းသည် ကိုးကန့်ဒေသနှင့် ဝဒေသအား ပိုင်းခြားပေးထားလေသည်။





### ရာသီဥတု

ရာသီဥတုမှာ လတ္တီတွဒ်အားဖြင့် အပူပိုင်းဇုန်အတွင်း အနည်းငယ်ကျရောက်သော်လည်း ကုန်းမြေအမြင့်ကြောင့် အပူချိန်လျော့နည်းပေသည်။ အအေးဆုံးလဖြစ်သော ဒီဇင်ဘာနှင့် ဇန်နဝါရီလများ၌ ၆၄ ဖာရင်ဟိုက်အောက် လျော့နည်းထတ်၏။ အပူဆုံးလများမှာ ဧပြီ၊ မေ၊ ဇွန်လများဖြစ်၏။ ၇၀ ဖာရင်ဟိုက်နှင့် ၈၀ ဖာရင်ဟိုက် အများဆုံးရှိတတ်၏။ မိုးရေချိန်မှာ ၅၅ လက်မလောက် ရှိတတ်၏။ မိုးဥတုမှာ မေမှ အောက်တိုဘာအတွင်းဖြစ်၏။ ဩဂုတ်၊ စက်တင်ဘာတွင် မိုးအများဆုံးရတတ်၏။

### သဘာဝပေါက်ပင်များ

ကိုးကန့်ဒေသမှာ ပေ ၂၀၀၀ နှင့် ၄၀၀၀ ကြား တောင်များဖုံးလွှမ်းသောဒေသဖြစ်သည်။ အရှေ့ဘက်တောင်များမှာ ကျောက်တောင်များဖြစ်၏။

သဘာဝပေါက်ပင်များမှာ –

တောင်ပေါ်အမြဲစိမ်းသစ်တောများ

တောင်ပေါ်သွေ့ခြောက်တောများ

ထင်းရှူးတောများဖြစ်၏။

ပေ ၃၀၀၀ အောက်နိမ့်သောနေရာများ၌ အုံတုံ၊ သစ်ချ၊ သစ်အယ် စသောအပင်များပေါက်သည်။

သွေ့ခြောက်တောများ၌ လောက်ရား၊ မယ်တူ၊ အင်ကြင်းပင်များ ပေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေ ၄၀၀၀ အထက်မြင့်သောနေရာများတွင် မြက်ခင်းများ၊ ဝက်သစ်ချနှင့် ထင်းရှူးတောများကို တွေ့ရသည်။

သံလွင်မြစ်ရိုးတစ်လျှောက်တွင်မူ ဝါးတောများ၊ မြက်ပင်ရှည်ကြီးများကို တွေ့ရတတ်၏။

၂၀၁၀ တွင် ကျွန်တော် လောက်ကိုင်ဒေသရောက်သည့် အခါ၌မူကား တောင်အတော်များများမှာ တောင်ပြောင်၊ တောင်ကတုံးများအဖြစ်သာ တွေ့ရ၏။ တောင်ကတုံးများပေါ်၌ ရုံဖန်ရုံခါ ကိုင်းပင်များ၊ သက်ကယ်တောကြီးများကို တွေ့ရတတ်ပါသည်။

## နေထိုင်သောလူမျိုးများ

အများအားဖြင့် ကိုးကန့်တရုတ်လူမျိုးများသာ အနေများကြ၏။ သံလွင်မြစ်ရိုးတစ်လျှောက်တွင်မူ ရှမ်းလူမျိုးများ၊ ပလောင်လူမျိုးများ၊ လီရှောလူမျိုးများကို ရှားရှားပါးပါး တွေ့ရ၏။ သံလွင်အနောက်ဘက်ခြမ်း၌မူကား ကချင်နှင့် ရှမ်းလူမျိုးများ နေထိုင်ကြသည်။

## အလုပ်အကိုင်

အားလုံးလိုလို စိုက်ပျိုးရေးနှင့် အသက်မွေးကြ၏။

မြေပြန့်နည်းပါးသဖြင့် လှေကားထစ်တောင်ယာများ ပြုလုပ်ကြ၏။

ရာသီဥတုအေးပြီး ကျောက်တောင်များပေါများသဖြင့် ဘိန်းစိုက်ပျိုးရန်သင့်လျော်ကောင်းမွန်သဖြင့် ရှေးပဝေသဏီကပင် ကိုးကန့်တို့သည် ဘိန်းကို မိရိုးဖလာ စိုက်ပျိုးခဲ့ကြ၏။





ထို့ပြင် ပန်းသီးခြံ၊ သစ်တော်သီးခြံ၊ မက်မွန်သီးခြံ စသည့် ခြံလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်ဟု သိခဲ့ရသည်။ ထိုခြံများကိုကား ကျွန်တော် မရောက်ခဲ့ပါ။

၎င်းအပြင် တောင်များပေါ်၌ လက်ဖက်ခြံများ၊ လက်ဖက်ခင်းများ၊ ကော်ဖီခြံများလည်း စိုက်ပျိုးကြ၏။ ကိုးကန့်လက်ဖက်ခြောက်မှာ မြန်မာနိုင်ငံတွင် နာမည်ကြီးလှ၏။ မဲကျစ်လိမ်နေသည့် ကိုးကန့်လက်ဖက်ခြောက်အား မြန်မာတို့က စော်ဘွားနှုတ်ခမ်းမွေးဟု အမည်ပေးထား၏။ အနံ့အရသာကောင်းမွန်လှသဖြင့် ကိုးကန့်လက်ဖက်ခြောက်သည်ကား ယနေ့အချိန်ထိ ကျော်ကြားနေဆဲဖြစ်၏။

ကျွန်တော် လောက်ကိုင်ရောက်ခဲ့စဉ်က လမ်းတစ်လျှောက်၌ ကြံခင်းများတွေ့ရ၍ ကြိုကြားကြိုကြား ကြံများစိုက်သည်ဟု သိခဲ့ရ၏။ လောက်ကိုင်တွင် သကြားစက်များလည်းရှိသည် ထင်ပါသည်။ လောက်ကိုင်တွင်မရှိပါကလည်း တစ်ဖက်တရုတ်နိုင်ငံမှ ကြံများဝယ်ယူနေရာ ကြံကားကြီးများ နေ့စဉ် လောက်ကိုင်အရှေ့ဘက် နမ့်စမ် တရုတ်မြို့ကလေးသို့သွားနေ၏။ တရုတ်ဘက်က သကြားစက်များသို့ ကြံများတင်ပို့ရောင်းချနေသည်ဟု ယူဆရပါသည်။

ကျန်အလုပ်အကိုင်မှာ တရုတ်နှင့် ရောင်းဝယ်ဖောက်ကားခြင်းဖြစ်၏။ လောက်ကိုင်ဈေးကား အလွန်စည်ကားသည်ကို တွေ့ခဲ့ရသည်။ ညညဆို ဟိုဘက်ကမ်းမှ တရုတ်မလေးတွေ ရောက်လာကြသည်။ ဒီဘက်က **Karaoke** နဲ့ မလေးရှားလို **Casino** များလည်း လောက်ကိုင်၏ **Night Life** ၌ရှိနေ၏။ တရုတ်က သူ့ဘက်မှာ **Casino** တရားဝင်ဖွင့်ခွင့်မပြု။ သို့ဖြစ်၍ ဝါသနာပါသူ ဟိုဘက်က တရုတ်အထီးအမများသည် ညအခါ၌ လောက်ကိုင်တွင်လာရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူတို့ဝါသနာကို အရင်းပြုကာ သွားလာလှုပ်ရှားနေကြ၏။ ထို့ကြောင့် လောက်ကိုင်ကား နေ့ထက် ညအခါမှာ ပို၍ပင် စည်ကားသည်ဟု ဆိုနိုင်ပါသည်။

## လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကွန်လုံမှလောက်ကိုင်၊ ကုန်းကြမ်းအထိ ကားလမ်းရှိသည်။ ထို့ပြင် ကွတ်ခိုင်မှ တာမိုးညဲ မုန်းစီးကားလမ်းရှိပြီး ထိုကားလမ်းသည် သံလွင်မြစ်ကို တာပါး တံတားမှဖြတ်၍ ကုန်းကြမ်းသို့ပေါက်လေသည်။

အဓိကမှာ အထက်ဖော်ပြပါ ကားလမ်းမကြီး ၂ ခုကိုသာ အဓိကထားအသုံးပြုလျက်ရှိ၏။

ကျန်လမ်းများကား လူသွားလမ်းများ၊ လားဝန်တင်လမ်း များသာ ဖြစ်ကြ၏။ ယခုအခါ မော်တော်ဆိုင်ကယ်များ ပေါ်များ လာသဖြင့် ချောင်ကြိုချောင်ကြား ကျေးလက်တောရွာများအထိ ကား၊ မော်တော်ဆိုင်ကယ်များနှင့် သွားလာလျက်ရှိ၏။

လောက်ကိုင်မြို့သည် တရုတ်နိုင်ငံနယ်စပ် နမ်စမ်မြို့နှင့် တစ်ဆက်တည်းဖြစ်နေသဖြင့် နမ်စမ်သို့ ကားဖြင့် သွား၍ရ၏။ နမ်စမ်မှ တရုတ်ပြည် ယူနန်ပြည်နယ်မြို့အသီးသီးသို့သွားနိုင်၏။ မြို့တော် ကူမင်းအထိ လွယ်ကူစွာ ကားလမ်းပေါက်လေသည်။

မြန်မာပြည်မသို့မူ ကွန်လုံ၊ သိန္နီမှလားရှိုးထိဆင်း၍ သွားရ၏။ ဒေသတွင်းရှိ နမ့်မတိန်းချောင်းနှင့် သံလွင်မြစ်တို့မှာ ရေစီး သန်လှသဖြင့် လှေ၊ သင်္ဘောများကောင်းစွာသွားလာမရ၍ လမ်းပန်းဆက်သွယ်ရေးတွက် အသုံးမဝင်လှချေ။





လောက်ကိုင်တိုက်ပွဲကာလ၌ ဖုန်ကြားရှင်သည် တရုတ် တွေအကူအညီဖြင့် လောက်ကိုင်ဒေသနယ်စပ် ရွာများသို့ တရုတ် ပြည်မှ ကားလမ်းများဖောက်လုပ်ထားသည်ကို တိုက်ပွဲသတင်းများ၌ တွေ့မြင်နေရပါသည်။

ထိုလမ်းများကို ပြုပြင်ပြီး ၁၂ ရာသီသွား ကားလမ်းအဖြစ် အသုံးပြုပါက ရနိုင်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

## ကိုးကန့်ဒေသနှင့် ဗမာပြည်တွင်မြူနစ်ပါတီ

**ကိုးကန့်ဒေသ**

ကိုးကန့်ဒေသသည် ရှေးမြန်မာဘုရင်များလက်ထက်က မြန်မာမင်းများအုပ်စိုးမှုအောက်မှာရှိခဲ့၏။

ရံဖန်ရံခါ တရုတ်ကေရာဇ်များ၏ သြဇာခံဖြစ်ရပြန်၏။

ရံဖန်ရံခါ နှစ်ဖက်စလုံးသြဇာခံအဖြစ် ရပ်တည်နေထိုင်ရ၏။

နှစ်ဖက်စလုံးနှင့် သင့်မြတ်အောင်ပေါင်းသင်းနေထိုင်ခဲ့ကြ၏။ စာပေယဉ်ကျေးမှုအစဉ်အလာထုံးစံ ကိုးကွယ်မှု စသည်များမှာ ကိုးကန့်တို့သည် ယူနန်တရုတ်များနှင့် အတူတူလိုပင် ဖြစ်ကြလေသည်။

မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်ရောက်ပြီး ဆယ်နှစ်ခန့်အကြာ ၁၈၉၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ချုပ်ဆိုသော တရုတ်–အင်္ဂလိပ်စာချုပ်အရ ကိုးကန့်နယ်မြေကို တရုတ်တို့က ရယူခဲ့ပြီး ကွန်လုံကူးတို့ဆိပ်အား အင်္ဂလိပ်တို့က ပိုင်ဆိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ၁၈၉၇ ခုနှစ်၌ လန်ဒန်တွင်ထပ်မံချုပ်ဆိုသော တရုတ်အင်္ဂလိပ်စာချုပ်အရ ကိုးကန့်နယ်မြေသည် မြန်မာပြည်သို့ ပါဝင်လာပြီး သိန္နီစော်ဘွား၏အုပ်ချုပ်မှုအောက်တွင်ရောက်ခဲ့၏။ ၁၉၆၀ ခုနှစ် တရုတ်-မြန်မာ နယ်နိမိတ်စာချုပ်သစ်အရ နယ်ခြားမှတ်တိုင်များစိုက်ထူရာတွင် ကိုးကန့်နယ်မြေသည် ယခင်အတိုင်း မြန်မာပိုင်အဖြစ် တရုတ်တို့က အတည်ပြုကာ နယ်ခြားမှတ်တိုင်စိုက်ခြင်းကို လက်ခံခဲ့လေသည်။

ကိုးကန့်နယ်မြေအုပ်ချုပ်ရေးအား ရှေးပဝေသဏီကပင် သိန္နီစော်ဘွားလက်အောက်ခံ ယန်း **Yang** အနွယ်စော်ဘွားများက အုပ်ချုပ်ခဲ့ကြ၏။

အင်္ဂလိပ်အစိုးရလက်ထက်တွင် နယ်ခြားအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ရာ ကာကွယ်ရေး ဘဏ္ဍာရေးနှင့် နိုင်ငံခြားဆက်ဆံရေးမှအပ ကိုးကန့်နယ်တွင် ယန်းမိသားစုဝင်စော်ဘွားများ စိတ်တိုင်းကျအုပ်ချုပ်ခွင့်ရှိခဲ့၏။ လွတ်လပ်ရေးရပြီးနောက် ကိုးကန့်ဒေသသည် သိန္နီစော်ဘွားလက်အောက်ခံအဖြစ်မှ ကင်းလွတ်ခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လွှတ်တော်မဲဆန္ဒနယ်တစ်နယ် ဖြစ်လာခဲ့ပါသည်။ ကိုးကန့်စော်ဘွား ဂျင်မီယန်း ခေါ် ရန်ကျင်းရှင် ခေါ် ရန်ကြီးစိန်သည် လွှတ်တော်အမတ်ဖြစ်လာခဲ့ပါသည်။

ကိုးကန့်နယ်မြေကို အဖွဲ့ဝင် ၃၄ ဦးပါဝင်သည့် ကိုးကန့်ကောင်စီဖွဲ့စည်းကာ စီမံအုပ်ချုပ်ခဲ့ပါသည်။ ထိုအုပ်ချုပ်ရေးအဖွဲ့အား ဂျင်မီယန်း၏ညီမ အောလစ်ယန်း **Olive Yang** ခေါ် ရန်စော်ရှင်းက ကြီးကိုင်ခဲ့၏။ **Olive Yang** သည် ယောက်ျားစိတ်ဝင်နေသော အမျိုးသမီးဖြစ်ပြီး သေနတ်ခါးချိတ်ကာ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ





နှင့် အတူသွားလာလှုပ်ရှားနေတတ်၏။ **Tom Boy** ဖြစ်၍ မိန်းကလေးများနှင့် ဒွေးရောယှက်တင် နေတတ်သည်ဟု ဆို၏။ ရန်ကုန်တွင် ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေနှင့် နှစ်အတန်ကြာတွဲခဲ့ပြီး သူပိုင် မြေအိမ်ယာများကို ဝါဝါဝင်းရွှေအား မေတ္တာဖြင့်ပေးခဲ့သည် ဆို၏။ ၂၀၀၀ ပြည့်နှစ်ကျော်မှသည် ၂၀၀၃ လောက်အထိ စာရေးသူ တာဝန်ယူခဲ့သည့် အင်းလျားလမ်းပေါ်မှ **Inn Ya Lake View Hotel** မှာ တစ်ခါက **Olive Yang** ပိုင်ခဲ့ပြီး ရုပ်ရှင်မင်းသမီးဝါဝါဝင်းရွှေကို လွှဲပြောင်းပေးခဲ့သည်ဟု သိသူများကပြောကြပါသည်။

**Olive Yang** သည် တော်လှန်ရေးကောင်စီအစိုးရလက်ထက်၌ နိုင်ငံတော်ပုန်ကန်မှု အကြည်ညိုပျက်စေအောင် ဆောင်ရွက်မှုများဖြင့် အင်းစိန်ထောင်အတွင်း၌ အကျဉ်းချခြင်းခံခဲ့ရပြီး ထောင်မှလွတ်သောအခါ၌မူကား ရန်ကုန်တွင်ပင် ကွယ်လွန်သွားခဲ့သည်ဟု ကြားသိရပါသည်။

၁၉၆၂ ခုနှစ်နောက်ပိုင်း ကိုးကန့်ကောင်စီကို ခြယ်လှယ်နေသည့် **Olive Yang** အား တော်လှန်ရေးကောင်စီအစိုးရမှ ဖမ်းဆီးထိန်းသိမ်းလိုက်သောအခါ အစ်ကိုဖြစ်သူ **Jimmy Yang** သည် ကာကွယ်ရေးတပ်အချို့ကို ခေါ်ဆောင်ပြီး တောခိုသွားခဲ့ပါသည်။

ကိုးကန့်ဒေသအား လွတ်လပ်ရေးရပြီးစက ပထမနယ်ခြားဒေသအုပ်ချုပ်ရေးနှင့် မြို့နယ်ခွဲ၍လည်းကောင်း။

၁၉၆၃ ခုနှစ်၌ နယ်ခြားဒေသ အုပ်ချုပ်ရေးအစား ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဖွဲ့၍လည်းကောင်း။

၁၉၇၂ ခုနှစ်၌ ခရိုင်များဖျက်သိမ်းလိုက်သောအခါ ကောင်စီအဆင့်ဆင့်ဖြင့်လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ ခုနှစ် တပ်မတော်အစိုးရလက်ထက်တွင်ကား မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ ဖွဲ့စည်း၍လည်း ကောင်း အုပ်ချုပ်ခဲ့ပါသည်။

ယခု ဒီမိုကရေစီလက်ထက်တွင်ကား ကိုးကန့်ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ၊ သတ်မှတ်ပြီး အုပ်ချုပ်စေခဲ့ ပါသည်။

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကိုးကန့်ဒေသအား ဖုန်ကြားရှင်နှင့် သူ၏ **MNDAA** တပ်ဖွဲ့များက တိုက်ခိုက်လာသည့် အခါတွင်မူကား နိုင်ငံတော်သမ္မတမှ ကိုးကန့်ဒေသကို စစ်အုပ် ချုပ်ရေးလက်အောက်သို့ လွှဲပြောင်းပေးခဲ့ပါသည်။

ပြီးခဲ့သည့် မေလဆန်းက စစ်အုပ်ချုပ်ရေးကာလ သုံးလ ပြည့်သွားသဖြင့် နောက်ထပ်ရက်ပေါင်း ၉၀ ထပ်မံတိုးမြှင့်ခဲ့ပါသည်။ ယခုအခါတွင် ကိုးကန့်ဒေသသည် စစ်အုပ်ချုပ်ရေးအောက်မှာပင် ရှိနေသေးကြောင်း တွေ့ရပါသည်။

**ကိုးကန့်ဒေသသို့ ဗကပများဝင်ရောက်လာခြင်း**

ကိုးကန့်ဒေသသည် တကယ်တော့ ဗမာပြည်ကွန်မြူနစ် ပါတီနှင့် ၁၉၆၇ ခုနှစ်အထိ သိပ်အဆက်စပ် မရှိခဲ့ပါချေ။

ဗမာပြည်ကွန်မြူနစ်များသည် ၁၉၄၉–၅၀ ခုနှစ်လောက် များကတည်းက တရုတ်ကွန်မြူနစ်များနှင့် ဆက်သွယ်ရန်ကြိုးပမ်း ခဲ့၏။

၁၉၄၅–၄၆ ခုနှစ် အေးငွေ ခေါ် ဝူမင်အား စေလွှတ်ခဲ့၏။ စစ်ပြီးစကာလ တရုတ်ဖြူနှင့် တရုတ်နီတို့ တိုက်ပွဲများဖြစ်ပွားနေ





သဖြင့် အေးငွေသည် နယ်စပ်တွင်ပင် သောင်တင်နေခဲ့၏ တရုတ် ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်မရခဲ့ချေ။ ၁၉၅၀ ခုနှစ်တွင် တရုတ်နီများ ယူနန်ပြည်နယ်ကိုသိမ်းနိုင်ကြ၏။

ထို့ကြောင့် ၁၉၅၀–၅၁ ခုနှစ်၌မူ လှအောင် ခေါ် အောင်ကြီး နှင့်အဖွဲ့ တရုတ်ပြည်တွင်းသို့ ဝင်ရောက်နိုင်ခဲ့၏။ ၁၉၅၁ ခုနှစ် တွင်မူ ဘသိန်းတင်နှင့် အင်အား ၄၀ ခန့်သည် အရှေ့မြောက်လမ်း ကြောင်းအတိုင်းပင် တရုတ်နိုင်ငံထဲသို့ ထပ်မံဝင်ရောက်နိုင်ခဲ့၏။ တစ်ဖန် ထိုနှစ်မှာပင် သခင်ပုနှင့် သန်းမြိုင်ခေါင်းဆောင်သော အင်အား ၂၄ ယောက်သည် ထိုလမ်းကြောင်းများမှပင် တရုတ်ပြည်သို့ ဝင်သွားခဲ့ပြန်သည်။ ၎င်းတို့အားလုံးကို ၁၉၅၄ ခုနှစ်တွင်စုစည်း၍ တရုတ်ကွန်မြူနစ်ပါတီက အဝေးရောက်ဗမာပြည်ကွန်မြူနစ်ပါတီ ကို ဖွဲ့စည်းပေးခဲ့၏။

၎င်းတို့အား ဇီချွမ်ပြည်နယ်မြို့တော် ချင်တူးနှင့် နန့်ချုန်း နွေကျန်းတစ်ပိုက်တွင် နေရာချထားပေးခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီမှ ဘသိန်းတင်နှင့် အောင်ကြီး၊ သန်းမြိုင် ခေါင်းဆောင်သော ကွန်မြူနစ်များအား မော်စီတုန်းခေါင်း ဆောင်သည့် တရုတ်ကွန်မြူနစ်ပါတီက နိုင်ငံတကာ ညီနောင်ပါတီ ရဲဘော်များအဖြစ် ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့၏။ ကောင်းစွာ ကျွေးမွေးပြုစုခဲ့၏။ ပီကင်း မာ့က်ခ်စ်လီနင်ဝါဒတက္ကသိုလ်ကြီးတွင် နိုင်ငံရေး၊ စစ်ရေးသင်တန်းများ တက်ရောက်လေ့လာသင်ယူခွင့် ပြုခဲ့၏။

ဗမာကွန်မြူနစ်များကို တရုတ်ပြည်တွင် လက်သပ်မွေးထား ခဲ့၏။ တရုတ်ကွန်မြူနစ်ပါတီက အချိန်ကို စောင့်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောပိုင်းက ဦးနု၏အစိုးရနှင့် ဆက်ဆံရေးအဆင်ပြေနေသဖြင့် ဗမာကွန်မြူနစ်သူပုန်များအား ပြောင်ပြောင်တင်းတင်းကူညီခြင်း မပြုခဲ့။ ဦးနုအစိုးရက တရုတ်နီအစိုးရအား ပထမဆုံး အသိအမှတ်ပြုခဲ့သည့်အစိုးရဖြစ်သည်။ ထိုကျေးဇူးတရားကြောင့် မော်စီတုန်းနှင့် တရုတ်ကွန်မြူနစ်များက အောင့်အီးသည်းခံခဲ့ကြ၏။ ဒါသာမက ၁၉၄၉ မှ ၁၉၆၁ ခုနှစ်အထိ တရုတ်ဖြူများအား တရုတ်နီအလိုကျ မြန်မာနိုင်ငံအတွင်းမှ အပြီးအပိုင်မောင်းထုတ်ရေးအတွက်လည်း တရုတ်ကွန်မြူနစ်များက တပ်တွေပါလွှတ်ပေးပြီး ကူညီခဲ့လေသည်။ ဝိုင်းတိုက်ပေးခဲ့သည်။ ထိုကိစ္စအတွက်နှင့် နိုင်ငံအပြန်အလှန် ကျေးဇူးရှိနေကြသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာသိမ်းခဲ့၏။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေညာခဲ့၏။ လုပ်ငန်းများကို ပြည်သူပိုင်သိမ်းခဲ့၏။

တော်လှန်ရေးကောင်စီ၏ လုပ်ဆောင်ချက်များကို တရုတ်ကွန်မြူနစ်များက စောင့်ကြည့်ခဲ့ကြ၏။ ဘဝင်မကျ။ တရုတ်စာသင်ကျောင်းတွေ၊ တရုတ်စီးပွားရေးလုပ်ငန်းတွေ အားလုံးလိုလို အသိမ်းခံရသည်။ ထို့ကြောင့် တော်လှန်ရေးအချိန်ကျပြီဟုဆိုကာ အောက်ပါအဖွဲ့ ၂ ဖွဲ့ကို ခေါ်တွေ့ခဲ့သည်။

တစ်ဖွဲ့က မြန်မာ့တပ်မတော် အမှတ် (၁) ကချင်သေနတ်ကိုင်တပ်ရင်းမှ ၁၉၅၀ ခုနှစ်တွင် တောခိုသွားသည့် ဗိုလ်နော်ဆိုင်းနှင့် အဖွဲ့ဖြစ်သည်။ နော်ဆိုင်းသည် သူ၏နောက်လိုက် အင်အား ၃၀၀ ခန့်နှင့် ၁၉၅၀ ခုနှစ် ဧပြီလတွင် မုံးကိုးမှတဆင့် တရုတ်ပြည်ထဲ ဝင်ရောက်ခဲ့ရာ တရုတ်တို့က ကွေ့ကျန်းပြည်နယ် စက်ရုံ အလုပ်ရုံ





များ၌ နေရာချထားပေးခဲ့၏။

နောက်တစ်ဖွဲ့မှာ ဖုန်ကြားရှင်နှင့် သူ၏နောက်လိုက် ကိုးကန့်တပ်ဖွဲ့များဖြစ်၏။ အင်အား ၁၀၀ ကျော်ရှိ၏။

ဖုန်ကြားရှင်သည် ဂျင်မီယန်း၏ ကိုးကန့်ကာကွယ်ရေးမှ အဆင့်မြင့်တပ်မှူးကြီးတစ်ဦးဖြစ်သည်။ သူနှင့်အပြိုင်ဖြစ်သည့် အခြားတပ်မှူးဖြစ်သူ လော်စစ်ဟန်နှင့် မတည့်ကြချေ။

ဖုန်ကြားရှင်သည် ဂျင်မီယန်းတောခို၍ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသောအခါ လိုက်ပါခြင်းမရှိဘဲ ညီဖြစ်သူ ဖုန်ကြာဖူးနှင့်အတူ ကိုးကန့်ဒေသတွင် တော်လှန်ရေးကောင်စီနှင့် ဗမာ့တပ်မတော်ကို ခုခံတိုက်ခိုက်နေခဲ့၏။

၁၉၆၇ ခုနှစ်၌ ကိုးကန့်လက်နက်ကိုင်သောင်းကျန်းသူအများအပြား လက်နက်ချသောအခါ ဖုန်ကြားရှင်သည် လက်နက်မချဘဲ သူ၏ညီဖုန်ကြာဖူးနှင့်အတူ တရုတ်ပြည်သို့ခိုဝင်သွားခဲ့၏။

တရုတ်ကွန်မြူနစ်များထံမှ လက်နက်ခဲယမ်းအကူအညီပေးမည်ဟူသော ကတိစကားရခဲ့၏။ ထိုကတိစကားအရ ပီကင်းသို့ သွားရောက်ခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီ အဆင့်မြင့်ခေါင်းဆောင်များနှင့် တွေ့ခွင့်ရခဲ့၏။

၁၉၆၇ ခုနှစ် တရုတ်–ဗမာ အရေးအခင်းတွင် တရုတ်ကွန်မြူနစ်ပါတီသည် ဗမာကွန်မြူနစ်ပါတီကို ပြောင်ကူညီတော့၏။

အထက်ဖော်ပြပါ နော်ဆိုင်းနှင့် ဖုန်ကြားရှင်တို့အား ခေါ်ယူကာ ဗမာကွန်မြူနစ်တပ်ဖွဲ့ကြီးများအဖြစ် ဖွဲ့စည်းပေးပြီး မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် တာဝန်ပေးခဲ့၏။

၁၉၆၈ ခုနှစ် ဇန်နဝါရီလတွင် ဖုန်ကြားရှင်သည် တရုတ်ကွန်



www.burmeseclassic.com

www.burmeseclassic.com



မြူနစ်များဖွဲ့စည်းပေးသည့် ၄၀၄ တပ်ဖွဲ့ကြီးနှင့်အတူ ကိုးကန့်ဒေသကို ပြန်လည်ဝင်ရောက်ခဲ့တော့၏။

ဤတွင် ကိုးကန့်ဒေသသည် ကွန်မြူနစ်စစ်သားများနှင့် နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ရတော့၏။

**အရှေ့မြောက်စစ်ဒေသမှ ဗကပတပ်ဖွဲ့များ**

ဗကပအရှေ့မြောက်စစ်ဒေသဖြစ်ပေါ်လာပုံမှာ ၁၉၆၇ ခုနှစ် တရုတ်–ဗမာအရေးအခင်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ခဲ့၏။

၁၉၆၆ ၌ တရုတ်ပြည်တွင် **Great Proletarian Cultural Revolution** ခေါ် မဟာပစ္စည်းမဲ့လူတန်းစား ယဉ်ကျေးမှုတော်လှန်ရေးကြီး ပေါ်ပေါက်လာ၏။

ထိုတော်လှန်ရေးမှာ လူအိုကြီးမော်စီတုန်းနှင့် ပါတီတွင်းမှ လူရှောက်ချီ ခေါင်းဆောင်သည့် ခေတ်ပညာတတ်များ အားပြိုင်ကြခြင်းသာဖြစ်ပါသည်။ ဒို့ထက်မပိုပါ။

ဒါကို ယဉ်ကျေးမှုတော်လှန်ရေးဟု တရုတ်တွေက ကြီးကြီးကျယ်ကျယ် ကင်ပွန်းတတ်ကြ၏။

မော်စီတုန်းက ပါတီတွင်းပညာတတ်များကိုရင်ဆိုင်ရာဘာမှနားမလည်သည့် ပြင်ပက တပ်နီလူငယ် **Red Guard** တွေကို သုံးသည်။ မြှောက်ပေးသည်။ သူ၏ **Moto** ဆောင်ပုဒ်များကို စာအုပ်နီကလေးတွေလုပ်ပြီး ဝေငှပေးသည်။ ဒါတွေကို အာရှအာဖရိက လက်တင်အမေရိကတိုက်များသို့ ပို့သည်။ မြန်မာနိုင်ငံက ဟွာကျိုးလို၊ ဟုမ်းလမ်းလို၊ နန်ယန်လို တရုတ်နီကျောင်းများရောက်လာပြီး တရုတ်ကျောင်းသားကလေးတွေက မော်စီတုန်းရင်ထိုးတံဆိပ် တပ်





သည်။ စာအုပ်နီလေးတွေ တကိုင်ကိုင်နှင့် ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ဒါက တရုတ်ပြည်မဟုတ်။ ဒါက မြန်မာပြည်။ တရုတ်မှာသာ ဒါမျိုးလုပ်လို့ရသည်။ မြန်မာမှာ ဒါမျိုးလာလုပ်လို့မရ။

မြန်မာအာဏာပိုင်များနှင့် တရုတ်ကျောင်းသားများ ထိပ်တိုက်တိုးရာမှ မြန်မာလူထုပါ ပါဝင်လာပြီး တရုတ်–ဗမာ အဓိကရုဏ်းကြီး စတင်လေတော့သည်။ တရုတ်ပြည်မှ မြုပ်နှံထားသည့် ရန်ကုန်ရှိ အမာခံတရုတ်ကွန်မြူနစ်များ အသတ်မခံရအောင် လက်လွတ်ထွက်ပြေးကြရ၏။ ဟုမ်းလမ်းနှင့် ဂွါကျိုး နန်ယန်တို့တွင် စာသင်နေကြသည့် တရုတ်ဆရာ၊ ဆရာမများဖြစ်သည်။ အချို့ အသတ်ခံသွားကြရသည်။ အတော်များများ အပြေးကောင်း၍ လွတ်သွားကြ၏။ တောခိုကုန်ကြ၏။ အချို့တရုတ်ပြည်ပြန်ပြေးကြ၏။ ဤအရေးအခင်းကြီး ဖြစ်လိုက်သည်နှင့် ဗမာပြည်ကွန်မြူနစ်ပါတီအတွက် တကယ့်အခွင့်ကောင်းကြီးဖြစ်သွား၏။

အဝေးရောက်ဗဟိုကော်မတီမှ ခေါင်းဆောင် ဘသိန်းတင်(ဗသိန်းတင်)သည် ၁၉၆၇ ခုနှစ် ဇူလိုင်လဆန်း၌ ပီကင်းတွင် ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီအစည်းအဝေး၌ စကားပြောခွင့်ရသောအခါ အောက်ပါအတိုင်းပြောတော့၏။

“နေဝင်းဟာ တရုတ်ကွန်မြူနစ်ပါတီကြီးကို ရန်ပြုတဲ့အလုပ်ကိုစခဲ့ပါပြီ။ သူ့ဘက်က သေနတ်စဖောက်ပြီ”

“နေဝင်းက သေနတ်စဖောက်တဲ့အတွက် ဗမာပြည်လက်နက်ကိုင်တော်လှန်ရေးဟာ အမှန်ပဲ ခုန်ကူးလှည့်ပြောင်းသွားပါတယ်”

“တရုတ်ပြည်သူလူထု သန်း ၇၀၀ ကျော်ရဲ့ ထောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



စာနာမှုကို အပြည့်အဝရပြီး နေဝင်းကိုဆန့်ကျင်နေတဲ့ ဗမာပြည်သူလူထုအများစုကြီးဟာ ပိုပြီးသွေးစည်းတော့မယ့် အချိန်အခါဖြစ်လာပါပြီ''

''မနှစ် ၁၉၆၆ ခု၊ အောက်တိုဘာလတုန်းက ကျွန်တော်တို့တပ်တွေက နေဝင်းအိမ်နဲ့ ၂ မိုင်လောက်သာဝေးတဲ့ ရန်သူ့လက်နက်ကိုင်ဌာနတစ်ခုကိုတောင် ဝင်စီးခဲ့နိုင်တယ်။ နိုဝင်ဘာလထဲမှာ ရန်ကုန်မြို့ကြီးနဲ့ ဆင်ခြေဖုံးက သမဝါယမဆိုင်တွေနဲ့ပစ္စည်းတွေကို ဝင်သိမ်းနိုင်ခဲ့တယ်''


''အခုအခါမှာဆိုရင် ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့အင်အားဟာ တစ်ပြည်လုံးအနေနဲ့ ၅၀ ရာခိုင်နှုန်း ပိုတိုးတက်လာပါတယ်။ ပြောက်ကျားအခြေခံဒေသတွေ အများကြီးပိုကျယ်ပြန့်လာတယ်။ ခိုင်မာလာတယ်။ ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးဟာဆိုရင် တစ်ပြည်လုံးရဲ့ နေရာဒေသ ၆၀ ရာခိုင်နှုန်း လောက်အထိကို ကျယ်ပြန့်နေပါပြီ။ ဒါ့ကြောင့် အောင်မြင်မှုဟာ မဝေးတော့ပါဘူး။ လက်တစ်ကမ်းမှာ ရောက်နေပါပြီ''

တကယ်တော့ ဘသိန်းတင် ဖြီးနေခြင်းဖြစ်၏။

၁၉၆၆ ခုနှစ်က ဗကပတပ်တွေ ရန်ကုန်ကိုပင် သိမ်းသယောင် လီဆယ်လုပ်ကြွကြွားဝါကာ တရုတ်တွေကို စည်းရုံးလိုက်ခြင်းဖြစ်၏။

ဘသိန်းတင် အပြောကောင်းကောင်းနှင့် ညာဝါးဖြီးဖြန်းနေသည့် လန်ကြုတ်ဇာတ်လမ်းကို တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်များက နားထောင်ပြီး တပြုံးပြုံးနှင့် ကျေနပ်နေကြ၏။ အဟုတ်မှတ်နေကြ၏။ ညီနောင်ပါတီအတွက် ဂုဏ်ယူမဆုံးဖြစ်





www.burmeseclassic.com



၂၀၀၀ ခုနှစ်က လောက်ကိုင် ဒုတိယမှူး ဗိုလ်မှူးချုပ်လှမြင့်

www.burmeseclassic.com



နေကြ၏။

ဗကပအခြေအနေမှန်ကိုသိသော တရုတ်ပါတီတွင်းခေါင်းဆောင်အချို့၏ ကန့်ကွက်မှုများကြားမှပင် ခေါင်းဆောင်ကြီး မော်စီတုန်းနှင့် ဗဟိုခေါင်းဆောင်များက ဗမာပြည်ကွန်မြူနစ်ပါတီအား ဘက်ပေါင်းစုံမှကူညီရန် အလေးအနက်ဆုံးဖြတ်ခဲ့ကြ၏။ လက်နက်ကိုင်တိုက်ပွဲဖော်ထုတ်ရန် စီစဉ်ပေးခဲ့၏။

ဤသည်မှာ အနှစ် ၂၀ ကြာခဲ့သည့် မြန်မာပြည် အရှေ့မြောက်ဒေသတိုက်ပွဲများ၏ နိဒါန်းပင် ဖြစ်ပါတော့သည်။

တရုတ်ကွန်မြူနစ်ပါတီက မြန်မာပြည်သိမ်းပိုက်ရေးအတွက် အရှေ့မြောက်ဒေသ၌ ဘသိန်းတင်အား အောက်ပါအတိုင်း တပ်များဖွဲ့စည်းပေးခဲ့၏။

ပထမ တရုတ်ပြည်တွင်းရောက်နေသည့် နော်ဆိုင်းတပ်နှင့် ဖုန်ကြားရှင်၏ ကိုးကန့်တပ်များကို ဗမာပြည်ကွန်မြူနစ်ပါတီ၏ အလံတော်အောက်၌ စုစည်းပေးခဲ့၏။ မြန်မာ့တပ်မတော်အား တိုက်ခိုက်ရန် စီစဉ်ပေးခဲ့၏။

ဦးစွာပထမ တရုတ်–မြန်မာနယ်စပ်ရှိ တပ်မတော်တပ်စခန်းများကို အင်ကြီးအားကြီးနှင့် တိုက်ခိုက်ရန်ဖြစ်၏။

စီမံကိန်းတစ်ခုလုံး၏ရည်ရွယ်ချက်မှာ ၁၉၆၈ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် တရုတ်–မြန်မာ နယ်စပ်တစ်လျှောက် ဘသိန်းတင်ဦးစီးသော ဗကပအမည်ခံထားသည့် တရုတ်စစ်သားများပါဝင်သည့် နော်ဆိုင်းတပ်၊ ဖုန်ကြားရှင်တပ်များဖြင့် မြန်မာ့တပ်မတော်တပ်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ရန်။

ထို့နောက် တဖြည်းဖြည်း တိုးချဲ့တိုက်ခိုက်ပြီး မြန်မာတပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံလုံး ဗမာကွန်မြူနစ်များက သိမ်းယူ၍ ကွန်မြူနစ်ပါတီ အာဏာကို ထူထောင်ရန်ဖြစ်၏။

စီမံကိန်းနယ်မြေများခွဲပြီး အောက်ပါအတိုင်း တပ်များကို တာဝန်ပေးရန်ဖြစ်၏။

၁၀၁ တပ်ဖွဲ့

မြစ်ကြီးနား၊ ဗန်းမော်မြို့များ၏အရှေ့ဘက်တစ်ဝိုက် နယ်မြေဖြစ်သည်။ ၎င်းနယ်မြေထဲရှိ KIA အဖွဲ့ကို ဗကပနှင့် ပူးပေါင်းကာ ဗမာ့တပ်မတော်စခန်းများအားသိမ်းပိုက်ပြီး မြန်မာပြည်မြောက်ပိုင်းကို ဆက်လက် ထိုးဖောက်သိမ်းပိုက်သွားရန်။

၂၀၂ တပ်ဖွဲ့

ရွှေလီချိုင့်ဝှမ်းရှိ မူလလှုပ်ရှားနေသော ပြောက်ကျားတပ်ဖွဲ့များကိုအခြေခံကာ မုံဝေ၊ ကွမ်းဖေါ။ ကိုးတောင် နယ်မြေများတွင် ဝင်ရောက်လှုပ်ရှားရန်။ ခြေကုပ်ရက မန္တလေးမြောက်ဘက်နှင့် ရှမ်းမြောက်ကိုပါ တိုက်ခိုက်သိမ်းပိုက်သွားရန်။

၃၀၃ တပ်ဖွဲ့

သံလွင်အနောက်ခြမ်း တရုတ်-မြန်မာနယ်စပ် မူဆယ်၊ နမ့်ခမ်းနယ်မြေကို နော်ဆိုင်းတပ်အား အခြေခံပြီး တပ်မတော်စခန်းများအား တိုက်ခိုက်သိမ်းပိုက်ရန်။ ထိုမှတစ်ဆင့် ကွတ်ခိုင်၊ လားရှိုးဒေသများကို ဆက်တိုက်ပြီး ရှမ်းပြည်နယ်အလယ်ပိုင်းအား သိမ်းပိုက်ရန်။





၄၀၄ တပ်ဖွဲ့

ဖုန်ကြားရှင်တပ်များကို အခြေခံကာ ကိုးကန့်တစ်နယ်လုံး သိမ်းရန်။ ထိုမှတဆင့် အနောက်ဘက်နှင့် တောင်ဘက်ဒေသများကို တဖြည်းဖြည်းတိုးချဲ့တိုက်ခိုက်စေပြီး သံလွင်အရှေ့ခြမ်းတစ်ခုလုံးကို အပြီးအပိုင်ရယူသိမ်းပိုက်သွားရန်။

ထိုစစ်ဆင်ရေးကြီးအကောင်အထည်ဖော်နိုင်ရန်အတွက် တရုတ်ကွန်မြူနစ်ပါတီမှ လိုအပ်သည့် လက်နက်ခဲယမ်းစစ်ပစ္စည်း၊ ရိက္ခာဆေးဝါး၊ ငွေကြေးကအစ လိုလေသေးမရှိ ထောက်ပံ့ပြီး စစ်ဦးစီးတာဝန်များအတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိများကို ရွေးချယ်တာဝန်ပေးရန်။

ထိုအစီအမံအရ ၄၀၄ တပ်ဖွဲ့သည် ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ဖုန်ကြားရှင်ဦးစီး လူ ၂၀၀ ခန့်နှင့် ကိုးကန့်ဒေသရှိ လုံထန်တပ်မတော်စခန်းကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့၏။ တပ်မတော်စခန်းမှာ ထိုစဉ်က လူအင်အား ၁၀ ယောက်သာရှိ၏။ ဝင်တိုက်သည့် လူအင်အား ၂၀၀ တွင် ...

ဖုန်ကြားရှင်နှင့် သူ့မူလ လူဟောင်း ၁၀၀

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လင်ချန်းစစ်ဒေသမှ တရုတ်စစ်သား ၁၀၀ တို့ဖြစ်၏။

၄၀၄ တပ်ဖွဲ့၏ဖွဲ့စည်းပုံမှာ –

| | |
|---|---|
| တပ်မှူး | ဖုန်ကြားရှင် |
| နိုင်ငံရေးမှူး | ရမ်ကွမ်း ခေါ် တင်ရီခေါ် နေဝင်း ခေါ် ပိုက်ကုလား |



www.burmeseclassic.com

www.burmeseclassic.com



ဒုနိုင်ငံရေးမှူး ယို့ကျင့် ခေါ် ထွန်းလွင်
နိုင်ငံရေးဌာနရုံးအုပ်ချုပ် ရန်ကျင်ချန်း

မကြာမီမှာပင် ၄၀၄ တပ်ဖွဲ့ကြီးသို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ပေါင်းစန်းဒေသမှ စစ်အကြံပေးအဖွဲ့ ရောက်လာ၏။ ၎င်းတို့နှင့်အတူ လက်နက်ကြီးပစ်သူများ၊ ဆေးတပ်ဖွဲ့များ၊ ဆက်သွယ်ရေးတပ်ဖွဲ့များ၊ အင်ဂျင်နီယာတပ်ဖွဲ့များ ပါဝင်လာခဲ့၏။

ဖုန်ကြားရှင်သည် နှစ်စက လူ ၂၀၀ နှင့် ကိုးကန့်သို့ ရောက်လာသော်လည်း လအနည်းငယ်အတွင်းမှာ လူ ၁၀၀၀ ခန့်ကို စည်းရုံးသိမ်းသွင်း လက်နက်တပ်ဆင်ပေးနိုင်ခဲ့၏။ တပ်ရင်းများကို အောက်ပါအတိုင်း ဖွဲ့နိုင်ခဲ့၏။

၄၀၄၅
၄၀၄၆
၄၀၄၇
၄၀၄၈

ထိုတပ်ရင်းများဖြင့် ဖုန်ကြားရှင်သည် ၁၉၆၉ ခုနှစ်တွင် မြန်မာ့တပ်မတော်၏ ကုန်းကြမ်းတပ်စခန်း အပါအဝင် ကိုးကန့်ဒေသတွင်းရှိ တပ်မတော်စခန်းအားလုံးအား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့လေသည်။

■



# အခန်း (၃)

# ဖုန်ကြားရှင်နှင့် တိုက်ပွဲများ

## အပိုင်း(၁)

ဖုန်ကြားရှင်သည် ၁၉၄၅ ခုနှစ် ဂျပန်တော်လှန်ရေးကာလမှပင် စတင်ပြီး လက်နက်ကိုင်လာသူဖြစ်၏။ ထိုကာလမှသည် ယခု ၂၀၁၅ ခုနှစ်အထိ အနှစ် ၇၀ ခန့် သေနတ်ကိုင်နေသူဖြစ်သည်။ ယခု အသက် ၈၄ နှစ်ရှိပြီ။

သူသည် ပထမ ကိုးကန့်ကာကွယ်ရေးတွင်ပါဝင်ခဲ့၏။

၁၉၆၈ ခုနှစ်တွင် ဗကပနှင့်ပူးပေါင်းပြီး ဗကပတပ်မှူးကြီးအနေဖြင့် မြန်မာ့တပ်မတော်အား အပြင်းအထန် တိုက်ခိုက်ခဲ့၏။ နာမည်ကျော်တိုက်ပွဲကြီးများတွင် ပါဝင်ခဲ့၏။

ထိုတိုက်ပွဲကြီးများမှာ –

မုန်းစီးနားလယ်နှင့် ဂျူးဂျူးဂျက်တိုက်ပွဲ၊

ပန်းကြူးတိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ရက် ၄၀ ကွန်လုံတိုက်ပွဲ
နောင်လိုင်ပါဖန်တိုက်ပွဲ
ယခု လောက်ကိုင်ဒေသတိုက်ပွဲများ။

ထိုသို့ ထင်ရှားကျော်ကြားသော တိုက်ပွဲကြီးများတွင် ပါဝင်ခဲ့သည့် ဖုန်ကြားရှင်အကြောင်းကို စုစည်းလေ့လာရရှိသမျှ ဦးစွာဖော်ပြလိုပါသည်။

## ဖုန်ကြားရှင်ဆိုသည်မှာ

ဖုန်ကြားရှင်သည် ၁၉၃၁ ခုနှစ်၌ ကိုးကန့်ဒေသ ဟုန်စီတူး ဟော်ကျေးရွာ၊ လောက်ကိုင်မြို့နယ်၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က တရုတ်စာသင်ကြားတတ်မြောက်ခဲ့သည်။ အသက် ၁၅ နှစ်အရွယ် ဂျပန်တော်လှန်ရေး၌ ကိုးကန့်စော်ဘွားကြီး၏ ဆင့်ခေါ်ချက်အရ ကိုးကန့်ကာကွယ်ရေးတပ်တွင် ဝင်ရောက်အမှုထမ်းပြီး ဂျပန်များနှင့် ဖြစ်ပွားသော တာရွှေထန်တိုက်ပွဲ၌ ပါဝင်ခဲ့၏။

စစ်တိုက်ခြင်းကို ဝါသနာပါသည့် ဖုန်ကြားရှင်သည် ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းရင်း လုပ်ရဲကိုင်ရဲခြင်း၊ စာတတ်ခြင်း၊ ထိုးထွင်းဉာဏ်ရှိခြင်း၊ တိုက်ရည်ခိုက်ရည်ရှိခြင်းတို့ကြောင့် နှစ်အနည်းငယ်အတွင်းမှာပင် ကိုးကန့်ကာကွယ်ရေးတပ်၌ ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့လေသည်။ သူသည် နောင်အခါတွင် သူ့ညီ ဖုန်ကြားဖူးကိုပါ ကိုးကန့်တပ်သို့ ခေါ်ယူခဲ့၏။ တရုတ်ဖြူ ကူမင်တန်တပ်များ ကိုးကန့်သို့ဝင်လာသောအခါ ဖုန်ကြားရှင်သည် တရုတ်ဖြူများနှင့် ပူးပေါင်းခဲ့၏။ စစ်ပညာသင်ခဲ့၏။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာသောအခါ





ကိုးကန့်စော်ဘွား ဂျင်မိယန်း တောခိုသွားသည့်နောက်ပိုင်း၌ ကိုးကန့်ကာကွယ်ရေးအချို့ကိုဦးစီးပြီး ဖုန်ကြားရှင်က တပ်မတော်နှင့် တော်လှန်ရေးကောင်စီကို ပြန်လည်တိုက်ခိုက်ခဲ့၏။ တရုတ်ဖြူများကိုမူ ၁၉၆၀ ခုနှစ်လောက်ကတည်းက တပ်မတော်က ကိုးကန့်ဒေသမှ တိုက်ထုတ်ခဲ့ပြီးဖြစ်၏။

၁၉၆၈ ခုနှစ်တွင် အရှေ့မြောက် ဗကပများ ပေါ်လာသည့်အခါတွင် ဗကပ ၄၀၄ တပ်ဖွဲ့မှူးကြီး ဖြစ်လာခဲ့သည်။

ဗကပတပ်တွင် အနှစ် ၂၀ နီးပါးအမှုထမ်းပြီး ၁၉၈၅–၈၆ ခုနှစ်လောက်၌ သူ့အထက်မှ နိုင်ငံရေးမှူး ယန်ကွမ်း ခေါ် တင်ရီ ခေါ် နေဝင်း ခေါ် ပိုက်ကုလားနှင့် အချင်းများ၍ တပ်မှထွက်ပြီး မိုင်းပေါက်၊ ဟိုတောင်း၊ မိုင်းဖျန်ဒေသ၌ ဘိန်းဖြူချက်စက်ရုံများ ထောင်ကာ စီးပွားရေးကိုဇောက်ချဆောင်ရွက်နေခဲ့၏။

စီးပွားရေးလုပ်ငန်းများကြောင့် ယူနန်ပြည်နယ်သို့ မကြာခဏသွားရောက်နေသော ဖုန်ကြားရှင်သည် တရုတ်စီးပွားရေးသမားကြီးများ၊ တရုတ်ကွန်မြူနစ်အရာရှိကြီးများ၊ နယ်စပ်အုပ်ချုပ်ရေး အရာရှိကြီးများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့၏။ တရုတ်တံခါးဖွင့်စီးပွားရေးမူဝါဒကို သိမြင်ခဲ့၏။ တရုတ်တို့၏အကြံပေးမှုကူညီမှုဖြင့် ၁၉၈၉ တွင် ဖုန်ကြားရှင်သည် နဝတအစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့၏။ သူသည်သူဌေးကြီးလည်း အလွန်ဖြစ်ချင်သူဖြစ်၏။

ထိုကာလမှသည် ၂၀၀၉ ခုနှစ်အထိ ဖုန်ကြားရှင်နှင့် သူ၏ **MNDAA** အား ကိုးကန့်ဒေသကို ကွပ်ကဲရန် တာဝန်ပေးခဲ့၏။ သို့ရာတွင် လောဘသက္ကာယကြီးသော ဖုန်ကြားရှင်က ကတိမတည်ဘဲ ဘိန်းချက်လုပ်ငန်းများ၊ လက်နက်စက်ရုံတည်ဆောက်ရေးလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



များကို ဆောင်ရွက်ခဲ့ရာ အစိုးရမှ အရေးယူသဖြင့် ကိုးကန့်ဒေသမှ ထွက်ပြေးသွားခဲ့သည်။ ထိုမှ ၆ နှစ်အကြာ၌ လောက်ကိုင်ဒေသကို တိုက်ခိုက်ခြင်းအားဖြင့် ကိုးကန့်သောင်းကျန်းသူဘဝသို့ ပြန်လည် ကျရောက်သွားခဲ့လေသည်။

## ဖုန်ကြားရှင်ပါဝင်ခဲ့သည့် တိုက်ပွဲများ

ဖုန်ကြားရှင်သည် ဗကပ ၄၀၄ တပ်မှူးကြီးဘဝ၌ တိုက်ပွဲ ပေါင်းများစွာတွင် ပါဝင်ခဲ့၏။ သူ ဦးစီးတိုက်ခိုက်ခဲ့သော သူပါဝင် သော နာမည်ကျော်တိုက်ပွဲများမှာ –

မုန်းစီးနားလယ်နှင့် ဂျုံးဂျုံးဂျက်တိုက်ပွဲကြီး

ရက် ၄၀ ကွန်လုံတိုက်ပွဲကြီး

ပန်းကြုံးတိုက်ပွဲ

နောင်လိုင်ပါဖန်တိုက်ပွဲ စသည်တို့ဖြစ်၏။

ထိုတိုက်ပွဲများပြီးသည့်နောက် ဖုန်ကြားရှင်သည် စီးပွား ရေးဘက်ကို ဦးလှည့်ပြီး ဘိန်းဖြူချက်လုပ်ငန်းများ၊ သစ်ခိုးထုတ် သည့်လုပ်ငန်းများ၊ လက်နက်အရောင်းအဝယ်လုပ်ငန်းများကို လုပ်လာခဲ့ရာ ဗကပဗဟိုကော်မတီ ရန်ကွမ်း ခေါ် တင်ရီနှင့် အချင်း များပြီး တပ်မှထွက်၍ စီးပွားရေးသက်သက်ကိုသာ ဆောင်ရွက်ခဲ့၏။

ထိုအချိန်၌ သူ၏အသက်မှာ ၆၀ ခန့်ရှိပြီဖြစ်၏။

မည်သို့ပင်ဖြစ်စေ တပ်ထဲ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီး ကိုးကန့်ဒေသတွင်လည်း သူ့လူအများအပြား ရှိနေသဖြင့် ဗကပဗဟို က ဖုန်ကြားရှင်ကို ခွင့်လွှတ်ထားခဲ့၏။ ဖုန်ကြားရှင်သည် ဗမာစကား ကောင်းစွာ မတတ်သော်လည်း တရုတ်စကား၊ ဝစကား၊ ရှမ်းစကား





များကိုကား ရေလည်စွာ ပြောဆိုနိုင်လေ၏။

ယခု ဤစာအုပ်မှာ ဖုန်ကြားရှင်နှင့် တိုက်ပွဲများဖြစ်သော ကြောင့် သူပါဝင်တိုက်ခိုက်ခဲ့သည့် နာမည်ကျော်တိုက်ပွဲများအား အကျဉ်းအားဖြင့် ဖော်ပြသွားပါမည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ပန်ကြုံးတိုက်ပွဲ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပြန်ထိုးတိုက်ပွဲ

အရှေ့မြောက် ဗကပများသည် တရုတ်အကူအညီဖြင့် တရုတ်–မြန်မာနယ်စပ်ဒေသ တပ်မတော်စခန်းများအားလုံးကို သိမ်းပိုက်နိုင်ခဲ့ကြ၏။

ထိုစခန်းအားလုံးလိုလိုပင် တပ်စိပ်စခန်း တပ်စုစခန်း အမြင့်ဆုံး တပ်ခွဲစာရင်းများသာဖြစ်၏။ ဗကပတို့က လူ လေးငါးရာ၊ တစ်ထောင်ပါသည့် စစ်ကြောင်းကြီးများနှင့် ဝင်တိုက်ခြင်းဖြစ်ရာ အဆမတန်သာလွန်သောအင်အားကြောင့် စခန်းများကျဆုံးခဲ့ရတော့၏။

မုံးပေါ်၊ ပန်ဆိုင်း၊ ကြူကုတ်၊ မုန်းစီးစခန်းများအား ၁၉၇၀ ခုနှစ် နှစ်စတွင် ဗကပများက သိမ်းနိုင်ခဲ့၏။

နော်ဆိုင်းခေါင်းဆောင်သည့် ၃၀၃ နှင့် ဖုန်ကြားရှင်ခေါင်းဆောင်သည့် ၄၀၄ တပ်ဖွဲ့ကြီးများက သိမ်းသွားကြခြင်းဖြစ်သည်။

ထိုအခါ အလွန်အားတက်သွားသည့် တရုတ်ခေါင်းဆောင်များနှင့် တရုတ်ကွန်မြူနစ်ပါတီက –

"မင်းတို့ သံလွင်အရှေ့ခြမ်းနဲ့ နယ်စပ်က စခန်းလေးတွေရ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ကျေနပ်မနေနဲ့။ လားရှိုးလို၊ သိန္နီလို မြို့ကြီးတွေရအောင် တိုက်ပြီး လွတ်မြောက်တဲ့နယ်မြေကြေညာလို့ရအောင် လုပ်ကြ။ ငါတို့ အသိအမှတ်ပြုပေးမယ်'' ဟုဆိုလာ၏။

ဤတွင် ၁၉၇၀ ခုနှစ် မေလ၌ ၃၀၃ တပ်ဖွဲ့ကြီးသည် ကွတ်ခိုင်နှင့် သိန္နီလမ်းကြောင်းတစ်လျှောက် တိုက်ကွက်များဖော်ကာ မြန်မာ့တပ်မတော်ကို စစ်မြူခဲ့၏။

ဖုန်ကြားရှင်နှင့် တရုတ် ၈၀၈ ၏ အကြံပေးအဖွဲ့ပါသော အင်အား ၁၀၀၀ လောက်သည် လားရှိုးအရှေ့ခြမ်း၌ ပုန်းကွယ်စောင့် ဆိုင်းနေခဲ့၏။

ထိုစဉ်က လားရှိုး၊ ကွတ်ခိုင်၊ သိန္နီ၊ ကွန်လုံ စသည်တို့မှာ အရှေ့ပိုင်းတိုင်း၏ ကွပ်ကဲမှုအောက်က ဖြစ်သည်။ တိုင်းမှူးမှာ ဗမာ့တပ်မတော်တွင် အလွန်စစ်ရေးထက်မြက်သည့် ဗိုလ်ချုပ် သန်းတင်ဖြစ်၏။

ဗိုလ်မှူးချုပ်သန်းတင်က ကွတ်ခိုင်၊ သိန္နီတစ်ဝိုက်သို့ ရဟတ် ယာဉ်ဖြင့် လိုက်လံစစ်ဆေးပြီး လားရှိုးကို စိုးရိမ်သည်။ ဗျူဟာမှူး ဗိုလ်မှူးကြီး ပေါလ်ထွန်းရှိန်ကို လားရှိုးလုံခြုံရေး တာဝန်ပေးသည်။ ဒါသာမက လားရှိုးရှိ အမြောက်တပ်မှ ၂၅ ပေါင်ဒါ အမြောက်ကြီး များကိုအသင့်ပြင်ထားစေသည်။ ကကကြည်းသို့ အရန်တပ်ရင်း တစ်ရင်းတောင်းရာ တပ်မ (၇၇) မှ ပဲနွယ်ကုန်းအခြေစိုက် ခလရ (၅)အား ကကကြည်းမှ ပို့ပေးသည်။

ခလရ (၅) သည် ကားအစီး ၂၀ ကျော်ဖြင့် ပဲနွယ်ကုန်းမှ ထွက်ခဲ့ရာ နောက်နေ့ညနေတွင် လားရှိုးသို့ ရောက်၏။

ထိုနေ့ မနက်က လားရှိုးဘူတာရုံသို့ ဗကပ ၁၂၀ ခန့်က





လာရောက်တိုက်ခိုက်သွားသေးသည်။

ရောက်လာသည့် ခလရ (၅) အား လားရှိုးအရှေ့ဘက် ဆုတ်သွားသည့် ဗကပများအား လိုက်ရှင်းပြီး လားရှိုးအရှေ့ဘက် ပန်ကြိုးရွာ၌ နေရာယူထားရန် တိုင်းမှူးက မှာသည်။ ကားဖြင့် လမ်းတစ်ဝက်လောက်ထိ လိုက်ပို့ပေးခဲ့သည်။ ထိုနေ့ကား ၁၉၇၀ ခုနှစ် မေလ ၂၀ ရက်နေ့ဖြစ်၏။

ခလရ (၅) က ပန်ကြိုးရွာပျက်သို့ ညရောက်သွားပြီး ပန်ကြိုးရွာပျက် ဘေးဘယ်ညာ တောင်ကြောများပေါ်၌ တက်နေရာ ယူထားခဲ့၏။ နောက်တစ်နေ့ မေလ ၂၁ ရက်တွင် ဗကပများ လားရှိုးသို့ ထိုလမ်းအတိုင်း ချီတက်လာကြ၏။

ဗကပတပ်ရင်းကြီး ၃၀၃ နှင့် ၄၀၄ တို့ဖြစ်၏။ လူအင်အား ၁၅၀၀ ခန့်ဖြစ်သည်။

ထိုနေ့ နေ့လယ် ၁၁း၀၀ နာရီခန့်တွင် ကျင်းတူး ခံစစ်ယူ ထားသည့် ခလရ(၅)နှင့် ဗကပရှေ့ဖျားတပ်များ စတင်တိုက်ပွဲ ဖြစ်ပွားတော့၏။

ဗကပများသည် တပ်သတင်းမရသဖြင့် အေးအေးဆေးဆေး ချီတက်လာရာ မမျှော်လင့်ဘဲ လမ်းဘေးဘယ်ညာ တောင်ကြောများ ပေါ်မှ မိမိတပ်မတော်၏ စတင်တိုက်ခိုက်ခြင်းကိုခံရသဖြင့် အံ့အား သင့်သွားကြ၏။

ညနေပိုင်းအထိ တိုက်ပွဲများအပြင်းအထန်ဖြစ်သည်။ ခလရ (၅)က တောင်ကျောနှစ်ခု ဘယ်ညာ လွှခွဲပြီး နေရာယူထားသည်။ ဗကပများသည် ၎င်းတို့အင်အားကို ၂ စုခွဲပြီး ချေမှုန်းရေးလုပ်၏။

စနစ်တကျခံစစ်ပြင်ထားသည့် ခလရ(၅)အား မတိုးနိုင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေ့၏၊ ပစ်ကျင်းများ၊ စိန်နပန်ချုံများကြောင့် ကျားလည်း အရမ်းတိုး [illegible] တိုက်ပွဲမှာ ထွေးလုံးရစ်ပတ်အခြေအနေဖြစ်နေသည်။

[illegible]ချိန်တွင် တိုင်းမှူးကိုယ်တိုင် လာရှိုးတွင်ရှိနေသဖြင့် အသင့်[illegible]ထားသည် ၂၅ ပေါင်ဒါ အမြောက်ကြီးများဖြင့် ပစ်ခတ် ချေမှုန်း[illegible]သည်။ ခလရ(၅)နှင့် အဆက်အသွယ်ရရာ ထိချက်များ ကော[illegible]မှန်ကြောင်း ထပ်မံပစ်ကူပေးရန် တောင်းဆိုသဖြင့် ဆက် ပစ်[illegible] ၈၈ တရုတ်စစ်အကြံပေးအဖွဲ့အား ၂၅ ပေါင်ဒါ အမြောက်ဆန်များ တိုက်ရိုက်ထိမှန်သွားပြီး ဗကပများ ညနေပိုင်း၌ အကျအဆုံးများစွာဖြင့် ပန်းကြုံးမှ ဆုတ်ခွာသွားရလေတော့သည်။

မိမိတပ်မတော်မှ ခြေလျင်တပ်များ လေကြောင်းပစ်ကူများဖြင့် သံလွင်ကမ်းနားအထိ ဒရစပ်တိုက်စစ်ဆင်ခဲ့ရာ ဗကပများ အလွန်အထိနာသွားပြီး လူ ၁၀၀ ကျော် ကျဆုံး၍ အလောင်းများ ကျန်ခဲ့၏။ ၂၀၀ ခန့် ဒဏ်ရာရသည်များကို သယ်သွားရာ လမ်း၌ ၅၀ ခန့် ထပ်မံသေဆုံးသွားခဲ့၏။ လက်နက်စုံ ၁၇ လက် ကျန်ခဲ့၏။ အရေးကြီးစီမံချက်များ စစ်ဆင်ရေးဆောင်ရွက်ချက်မှတ်တမ်းဖိုင်များ အား[illegible]ကျန်ခဲ့၏။ ထိုစီမံကိန်းများထဲ၌ အင်တောကျောက်ဂူဒေသမှ ဝဲခုနိုး ဗဟိုကိုဆင်းရန် အကြံအစည်လည်းပါဝင်ခဲ့၏။ ၈၈ တရုတ်၏အကြံပေးအရာရှိကြီးများပါ ကျဆုံးခဲ့သဖြင့် ဖုန်ကြားရှင်တို့ ခေါင်းဆောင်ပိုင်းမှာ မမျှော်လင့်ဘဲ နှာခေါင်းနှင့် ကျည်ပွေ့ တွေ့သွားကြရခြင်း ဖြစ်၏။ သူတို့၏ မဟာစီမံကိန်းများလည်း ပျက်သွားခဲ့ရ၏။

အစပိုင်း ကုန်ဦးအောင်ပွဲများကြောင့် သွေးနထင်ရောက်ကာ စိတ်ဓာတ်တက်ကြွလျက်ရှိသော ဖုန်ကြားရှင်နှင့် ဗကပခေါင်းဆောင်များ တရုတ်စစ်အကြံပေးများ တရုတ်အပျော်တမ်း ဖော်လတီ





ယာတပ်ဖွဲ့များသည် ဗမာ့တပ်မတော်ကို အထင်သေးကြ၏။

"အလကားကြေးစားတပ်တွေပါကွာ ..."

ဟု သုံးသပ်ကြ၏။

သို့ရာတွင် လားရှိုးမြို့သိမ်းတိုက်ပွဲဆင်နွှဲသောအခါ ၎င်းတို့ လုံးဝတွေးထင်မထားသည့် စစ်နည်းဗျူဟာကို ထုတ်သုံးနိုင်ပြီး စစ်အင်အားကောင်းမွန်၍ တိုက်ရည်ခိုက်ရည်မြင့်မားသော မြန်မာ့တပ်မတော်ကို နဖူးတွေ့ ဒူးတွေ့ စတွေ့ကြရတော့၏။

ဒါသာမက မြန်မာ့တပ်မတော်၏ အမြောက်လက်နက်ကြီးများ ပစ်ခတ်မှုစွမ်းရည်၊ မြန်မာ့တပ်မတော်၏တိုက်စွမ်းရည်၊ မြန်မာတပ်မတော်စစ်ဦးစီးမှူးများ၏ စစ်ရေးစွမ်းရည်များကို မျက်ဝါးထင်ထင်ရင်ဆိုင်ပြီး အရှုံးကြီးရှုံး၍ အကျအဆုံးများစွာဖြင့် ခွာစစ်ဆင်ရတော့၏။

သံလွင်ကို ကစင့်ကလျားဖြတ်ကျော်ပြီး ကိုးကန့်ဒေသ၌ လအတန်ကြာအနားယူ၍ တပ်ကို ပြန်လည်တည်ဆောက်ရ၏။

ဤတိုက်ပွဲကြီးပြီးကတည်းက ၈၈ စစ်အကြံပေးအဖွဲ့လည်း ဗကပတပ်များနှင့် လိုက်ပါခြင်းမပြုတော့ချေ။ ဗမာ့တပ်မတော်အား ဖြုံပြီးဖျားသွားသည်ထင်၏။

ဖုန်ကြားရှင်ပါဝင်သော ပထမဆုံးတိုက်ပွဲကြီးပါခင်များ ...။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# မှုန်းစီးနားလယ်နှင့်
# ဂျုံးဂျုံးဂျက်တိုက်ပွဲကြီး

မြရတနာစာပေ

www.burmeseclassic.com

## မုန်းစီးနားလယ်နှင့် ဂျူးဂျူးဂျက်တိုက်ပွဲကြီး

ပန်ကြူးတိုက်ပွဲ မအောင်မြင်ခဲ့သဖြင့် ဗကပတပ်ရင်းကြီး ၃၀၃ နှင့် ၄၀၄ တို့သည် လောက်ကိုင်ဒေသ၌ ပြန်လည်စုဖွဲ့ခဲ့သည်။

လေးငါးလ ကြာသွားခဲ့၏။

**"ကဲ ... ကိုယ့်လူတို့ နောက်တစ်ပွဲလုပ်စမ်းပါဦး"**

ဟု ဆရာတရုတ်ကြီးက တိုက်တွန်းပြန်၏။ ဘယ်လိုလုပ်မှာလဲ။ သံလွင်အနောက်ကမ်းကူးပြီး တစ်ပွဲလောက်လုပ်ရမည်။ ဒီတစ်ခါတော့ ဗကပများက ကွတ်ခိုင်နှင့် ကုန်းကြမ်းကြားက မုန်းစီးနားလယ် ဂျူးဂျူးဂျက်ဒေသအား ရွေးခဲ့၏။ ဒီဒေသက တပ်ပါးသည့် မုန်းဝန်း ခေါ် ကိုးကန့်တွေနှင့်မျိုးတူ ရှမ်းတရုတ်များဒေသဖြစ်သည်။

အချိန်က ၁၉၇၀ ခုနှစ် အောက်တိုဘာလ။

ထိုကာလ၌ ပဲခူးရိုးမဗဟိုကို မြန်မာ့တပ်မတော်က ဖိအားပေးချေမှုန်းလျက်ရှိ၏။

အရှေ့မြောက်တွင်တိုက်ပွဲများ ဖော်ထုတ်ခြင်းအားဖြင့် ပဲခူးရိုးမဗဟို သက်သာဖွယ်ရှိသည်။

ထို့ကြောင့် ဗကပဗဟိုကို ဖိအားပေးနေမှု သက်သာသွားစေရန်



www.burmeseclassic.com

www.burmeseclassic.com



အရှေ့မြောက်စစ်ဒေသမှ သူတို့ကိုင်ထားသည့် ဖဲချပ် ၂ ချပ်အား ထုတ်သုံးခဲ့၏။

ဗကပ တပ်ရင်းကြီး ၃၀၃ နှင့် ၄၀၄။

၃၀၃ အား ထွန်းတင်က ဦးဆောင်ပြီး ၄၀၄ အား **ဖုန်ကြားရှင်က ဦးဆောင်ခဲ့လေသည်။**

တိုက်ရမည့်နေရာက မုန်းစီးနားလယ်နှင့် ဂျူးဂျူးဂျက်ဒေသ။

ထိုစဉ်က မုန်းစီးနားလယ်တွင် ကယား(၁)နှင့် ခလရ(၁၄) တို့ နယ်မြေစိုးမိုးရေးနှင့် စခန်းထိန်းတာဝန်များယူလျက်ရှိကြ၏။

ပန်ကြူးတိုက်ပွဲကို မကျေနပ်ပွဲနှဲရှုံးသာမက သံလွင်အနောက်ခြမ်း မုန်းစီးနားလယ်နှင့် တာမိုးညဲဒေသအား အပြီးအပိုင်သိမ်းပိုက်ရန်အတွက် လောက်ကိုင်ဒေသတွင် စုဖွဲ့ထားသော –

**ဇော်မိုင်နှင့် ထွန်းတင်ဦးစီး ဗကပတပ်ရင်းကြီး (၃၀၃)**

ဖုန်ကြားရှင် နှင့် တင်ရီဦးစီး ဗကပတပ်ရင်းကြီး (၄၀၄)

အသစ်ဖွဲ့စည်းထားသည့် ဗကပတပ်ရင်း (၁၀၇) တို့မှ စုစုပေါင်း လူ ၁၆၀၀ ခန့်သည် ၁၉၇၀ အောက်တိုဘာတွင် သံလွင်မြစ်ကို ဖြတ်ကူးခဲ့ကြလေသည်။

၎င်းအင်အားစုများသည် မုန်းစီးနားလယ်နှင့် ဂျူးဂျူးဂျက်ဒေသရှိ မိမိတပ်မတော်စခန်းများအား စစ်ကြောင်းများခွဲကာ ဝိုင်းဝန်းခဲ့ကြ၏။

မုန်းစီးနားလယ်ဒေသရှိ မိမိတပ်များမှာ တပ်မ(၈၈) ကွပ်ကဲမှုအောက်က တပ်များဖြစ်၏။ တပ်မမှူးမှာ ဗိုလ်မှူးကြီး အေးကိုဖြစ်၏။





**တိုက်ပွဲအကျဉ်းချုပ်ဖော်ပြချက်**

မုန်းစီးနားလယ်ဒေသတွင် ရန်သူစုဖွဲ့မှုများကို မိမိတို့တပ်မတော်မှ သတင်းများကြိုတင်ရလျက်ရှိ၏။

ထိုဒေသရှိတပ်များ အားလုံးကိုတပ်လှန့်ထား၏။ တပ်လဲလှယ်မှုများလုပ်နေရာ ထိုတပ်များကိုလည်း အသိပေးထား၏။

၁၉၇၀ ပြည့်နှစ် အောက်တိုဘာ ၂၂ ရက်နေ့ မနက်တွင် ဖုန်ကြားရှင်ခေါင်းဆောင်သော ဗကပတပ်ရင်းကြီး ၄၀၄ သည် ပိန်းကန်နှင့် မော်ဂေးရွာများမှတဆင့် မိမိတပ်စခန်းများကို ချဉ်းကပ်ပြီး နှင်းထုအကာအကွယ်နဲ့ စတင်တိုက်ခိုက်ကြတော့၏။

ထိုစဉ်က မိမိအမှတ်(၁) ကယားသေနတ်ကိုင်တပ်ရင်းသည် မုန်းစီးနားလယ်ဒေသအား အမှတ် (၁၄) ခြေလျင်တပ်ရင်းထံမှ လွှဲပြောင်းလက်ခံပြီးစကာလ ဖြစ်သည်။ တပ်များနေရာယူထားပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

(က) နားလယ်တောင်ကုန်း
စစ်ကြောင်း(၁)နှင့် တပ်ခွဲ ၂ခွဲ

(ခ) နားလယ်ရွာ
တပ်စုတစ်စု (လှုပ်ရှား)

(ဂ) ဆမ်ဝမ်တောင်ကုန်း
တပ်စုတစ်စု (၂စိပ် လှုပ်ရှား)

(ဃ) ဗိုင့် ၃၈၁၂
စစ်ကြောင်း (၂)နှင့် တပ်ခွဲတစ်ခွဲ

(င) ဟွေပောင် တောင်ကုန်း
တပ်စုတစ်စု



www.burmeseclassic.com

www.burmeseclassic.com



(စ) မော်ဂေးတောင်ကျော

တပ်စု ၂ စု

အထက်ပါအတိုင်း မိမိကယား(၁)မှ ဖြန့်ခွဲနေရာယူထားသည့် နားလယ်ရွာပတ်ဝန်းကျင် တောင်ကုန်းများရှိ တပ်စခန်းများအား တစ်ချိန်တည်း တစ်ပြိုင်တည်းပင် ဖုန်ကြားရှင်တပ်များက ဝင်ရောက်တိုက်ခိုက်ခဲ့ကြ၏။ ထိုသို့ ဖုန်ကြားရှင်တပ်များက မြောက်ဘက်မှ ဝင်တိုက်နေစဉ် ဗကပ(၃၀၃)တပ်ရင်းကြီးမှ မိမိတပ်စခန်းများ၏ ညာဘက်စစ်နံမှဝင်ရောက်လာပြီး မုန်းစီးရွာမကြီးမှတစ်ဆင့် စစ်ကြောင်း (၁) ဌာနချုပ် အခြေပြုထားသည့် နားလယ်စခန်းနှင့် ဆမ်ဝမ်စခန်းများကို ဝင်ရောက်တိုက်ခိုက်လေတော့သည်။ ထိုသို့ တိုက်ခိုက်ရာ၌ ဦးစွာပထမ လက်နက်ကြီးများကို အလုံးပေါင်း ရာထောင်နှီးပစ်ပြီး ခြေလျင်တပ်များက အသုတ်လိုက် အသုတ်လိုက် ကျားတက်ထိုးကြ၏။ ၎င်းပြင် လက်နက်ချရန်လည်း အော်ဟစ်လျက် ရှိကြ၏။

မိမိတပ်များသည် ၁၉၆၈ ခုနှစ်ကတည်းက အရှေ့မြောက် ဗကပများနှင့် တိုက်ပွဲအတွေ့အကြုံရှိခဲ့ပြီးဖြစ်ရာ ရန်သူ၏ လက်နက်ကြီးပစ်ခတ်မှုကိုလည်းကောင်း၊ အသုတ်လိုက် ကျားထိုးလာမှုကိုလည်းကောင်း လုံးဝမဖြုံဘဲ ကြံ့ကြံ့ခံကာ ရန်သူကို အနီးကပ်မှ ရင်ဆိုင်ချေမှုန်းခဲ့လေသည်။ ရန်သူသည် အောက်တိုဘာ ၂၂ ရက် တစ်နေကုန်ကျားထိုးတိုက်ခိုက်ခဲ့ပြီး ညအချိန်တွင်မူ စခန်းအားလုံးသို့ လက်နက်ကြီးများ ကြိုကြားကြိုကြား ပစ်ခတ်မှုပြုလုပ်ခဲ့၏။

တိုက်ပွဲပြင်းထန်လာသဖြင့် အောက်တိုဘာ ၂၃ ရက်နေ့တွင် တပ်မတော်လေမှ ဗုံးကြဲလေယာဉ်များ ရောက်ရှိလာပြီး မိမိတပ်





စခန်းများ ပတ်ဝန်းကျင်ရှိ ထန်းလျက်ခဲကို ပုရွက်ဆိတ်အုံသလို အုံနေသည့် ဗကပများကို ဗုံးစကြဲတော့၏။ ဗကပတို့သည် ၁၉၆၈ ခုနှစ်မှစ၍ မိမိတပ်များအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ မိမိတို့ တပ်မတော်လေ၏ ဗုံးကြဲတိုက်ခိုက်မှုကို အကြီးအကျယ်မခံခဲ့ရဘူးသေးချေ။ တိုက်ပွဲကြီးတစ်ပွဲ နှစ်ပွဲသာ ကြုံဖူးသေးသည်ဖြစ်ရာ ယခုတိုက်ပွဲ၌ တပ်မတော်လေ၏ ပြင်းထန်သောဗုံးကြဲတိုက်ခိုက်မှုကြောင့် ပထမဦးဆုံးအကြိမ် ကစင့်ကလျားဖြစ်သွားတော့၏။

မုန်းစီးနားလယ်ဒေသစခန်းများအား သုံးရက်အတွင်း အပြီးရအောင်တိုက်မည်ဟု ဖုန်ကြားရှင်က ကြွေးကြော်ခဲ့၏။ သူသည် ဤမြေမှာမွေး၍ ဤမြေမှာကြီးပြီး ဒေသခံစကားပြောနိုင်သူသာမက လူမှန်းသူမှန်း သိခါစကပင် သေနတ်ကိုင်လာသူဖြစ်သည်။ သေနတ်သမားဖြစ်၏။ ကိုးကန့်ကာကွယ်ရေးခေါင်းဆောင်လည်း ဖြစ်သည်။ တော်လှန်ရေးကောင်စီလက်ထက်က နောက်လိုက်များနှင့်အတူ တောခိုသွားပြီး တရုတ်ပြည်သို့ ထွက်ခွာသွားခဲ့သူဖြစ်၏။ ရှေးပဝေသဏီပင် စစ်ရေးအတွေ့အကြုံများရှိခဲ့ခြင်းကြောင့် သူ့ကိုယ်သူ အလွန်အထင်ကြီးသူဖြစ်သည်။

ထို့ကြောင့် သူ့အားသာချက်များကို သူယုံပြီး မုန်းစီးနားလယ်ဒေသအား သုံးရက်နှင့်အရတိုက်မည်ဟု ကြွားဝါထားခဲ့၏။ သို့ရာတွင် တပ်မတော်မှ ခြေလျင်တပ်များက ကြံ့ကြံ့ခံတိုက်သလို လေတပ်မှလည်း အဆက်မပြတ် ဗုံးများကြဲချကာ ပြင်းထန်စွာ တုန့်ပြန်တိုက်ခိုက်ခဲ့သဖြင့် ဖုန်ကြားရှင်၏ ဗကပများမှာ အကျအဆုံးများစွာဖြင့် ကစင့်ကလျားဖြစ်ခဲ့ရ၏။

ဗကပခေါင်းဆောင်ပိုင်းက ကျည်လွတ်မြေများတွင် အကော



www.burmeseclassic.com

www.burmeseclassic.com



အကွယ်ယူ၍ တပ်သားများအား အတင်းအဓမ္မ ကျားထိုးစေ၏။ တက်စေ၏။ ရဲဆေးတင်သည့်အနေဖြင့် အရက်များမူးအောင်တိုက်ကာ သေတွင်းဝသို့ အတင်းတိုးဝင်စေခဲ့လေသည်။

ယခု လောက်ကိုင်ဒေသတိုက်ပွဲများတွင်လည်း ထိုနည်းအတူပင် မူးယစ်ဆေးများကျွေးခြင်း၊ ရာဘ ရာမဆေးများကျွေးခြင်း၊ **WY** ဆေးပြားများကျွေးခြင်းဖြင့် ကိုးကန့်လူငယ်များအား ဖုန်ကြားရှင်မှ သေတွင်းသို့ ပို့ခဲ့လေသည်။

မူးယစ်ဆေးဝါးနှင့် အရက်အရှိန်ကြောင့် အတင်းတက်လာကြသည့် ရန်သူများအား မိမိတပ်မတော်သားများမှ ကိုက် ၂၀ အထိ အကပ်ခံကာ တော့ဖြုတ်ကြ၏။ သတိလက်လွတ်ဖြစ်နေသည့် ဗကပများသည် ဂမူးရှူးထိုးနှင့် အတိုးတိုးလာကြရာ အချို့နေရာများ၌ ထွေးလုံးရစ်ပတ် **Dog Fight** များပင်ရှိခဲ့၏။ မည်သို့ပင်ဖြစ်စေကာမူ တပ်မတော်၏ ကြံ့ကြံ့ခံခုခံမှု၊ ခေါင်းဆောင်များမှ ကိုယ်တိုင်အနီးကပ်ကြပ်မတ်တိုက်ခိုက်မှု၊ လေကြောင်းမှ နေ့စဉ်အဆက်မပြတ်ပုံးကြဲ၊ စက်သေနတ်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ရက်သတ္တပတ်ကြာသည့်တိုင် စခန်းများမသိမ်းနိုင်ဘဲ အကျအဆုံးများစွာနှင့် မုန်းစီးနားလယ်ဒေသကို သုံးရက်နှင့်အရတိုက်မည်ဟု ကြွေးကြော်ခဲ့သော ဖုန်ကြားရှင်သည် အရှုံးဖြင့် နောက်ဆုံး၌ ခွာစစ်ဆင်ရလေတော့သည်။

အလားတူပင် ခလရ(၁၄)စစ်ကြောင်း(၂) တာဝန်ယူထားသည့် ဂျုံးဂျုံးဂျက်စခန်းအား ဗကပတပ်ရင်းကြီး (၁၀၇) မှ အင်အား ၄၀၀ ခန့်ဖြင့် အောက်တိုဘာ ၂၄ ရက်နေ့မနက်တွင် စတင်တိုက်ခိုက်ခဲ့၏။

ဗကပများသည် ၁၂၀ မီလီမီတာ ၈၂ မီလီမီတာ ၆၀





မီလီမီတာ စိန်ပြောင်းများ၊ ၇၅ နှင့် ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များကို အလုံးပေါင်း ရာထောင်ချီပစ်၍ ဂျုံးဂျုံးဂျက်စခန်းအား ပြင်းထန်စွာ တိုက်ခိုက်ခဲ့လေသည်။

လက်နက်ကြီးပစ်ကူနှင့်အတူ ခြေလျင်စစ်သည်များက အသုတ်လိုက် ကျားထိုးတိုက်ခိုက်ခဲ့၏။ အထူးသဖြင့် ဂျုံးဂျုံးဂျက်၏ရှေ့ကာပွိုင့် ၄၀၇၇ တောင်ကုန်းအား အမိအရ အားသွန်တိုက်ခိုက်ခဲ့၏။ ထိုပွိုင့် ၄၀၇၇ ကုန်းမှာ ပင်ပစခန်းထက် ပိုမိုမြင့်မားသဖြင့် ကာကင်းတပ်စုတစ်စု ချထားခဲ့၏။ ထိုတပ်စုမှာ ရန်သူကို ကျည်ကုန်သည်အထိခုခံပြီး ယာယီဆုတ်ခွာပေးခဲ့ရ၏။ ဗကပများက ထိုကုန်းပေါ်မှနေ၍ လက်နက်ကြီးများဖြင့် ပင်မစခန်းကို ပစ်ခတ်တိုက်ခိုက်ခဲ့၏။

ခလရ (၁၄) စစ်ကြောင်း (၂) မှူး ဗိုလ်ကြီးသိန်းဟန်နှင့် အဖွဲ့က ကြံ့ကြံ့ခံခုခံခဲ့ရာ ပင်မစခန်းကြီး မကျဆုံးခဲ့ချေ။

ထိုနေ့မှာပင် လားရှိုးမှစစ်ကူလိုက်လာသည့် အမှတ်(၆) ဗမာ့သေနတ်ကိုင်တပ်ရင်း ဂျုံးဂျုံးဂျက်သို့ ရောက်ရှိလာပြီး ပူးပေါင်းနိုင်ခဲ့သဖြင့် အင်အားတောင့်တင်းသွားခဲ့ပါသည်။

နောက်နေ့တွင် တပ်မ(၈၈) ဒုတပ်မမှူးနှင့် ခမရ (၁၀၈) စစ်ကြောင်း (၂) တို့သည် ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးနှစ်လက်နှင့်အတူ ရောက်ရှိလာ၏။ ခလရ (၁၁) စစ်ကြောင်း (၁) ပါ ထပ်ဆောင်းပေါင်းစပ်ပြီး အောက်တိုဘာ ၂၈ ရက်နေ့၌ ဂျုံးဂျုံးဂျက်နှင့် ပွိုင့် ၄၀၇၇ ကိုတိုက်ခိုက်ခဲ့သည့် ရန်သူများအား တန်ပြန်ထိုးစစ်ဆင်ခဲ့ပါသည်။

၁၂၀ မီလီမီတာ စိန်ပြောင်းကြီးများပစ်ကူဖြင့် ခြေလျင်တပ်



www.burmeseclassic.com

www.burmeseclassic.com



များက တန်ပြန်ထိုးစစ်ပြုလုပ်ခဲ့သလို လေတပ်မှလည်း နေ့စဉ် ဗုံးကြဲတိုက်ခိုက်နေသဖြင့် ဗကပတို့၏ ခဲယမ်းသယ်၊ လူနာသယ်အဖွဲ့များအထိနာခဲ့ရ၏။ စိတ်ကြိုက်စစ်ကစားမရတော့ဘဲ ထိုးစစ်မှ ခံစစ်ဘဝ ကျရောက်ရတော့သည်။

၂၈ ရက်နေ့တွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားပြီး ညနေပိုင်း၌ ပို့နှင့် ၄၀ရရ ကာကင်းတောင်ကုန်းအား ပြန်သိမ်းနိုင်ခဲ့၏။ ထိုတောင်ကုန်းမှ ပတ်ဝန်းကျင်သို့ လက်နက်ကြီးများနှင့် ပစ်ခတ်ချေမှုန်းခဲ့ရာ ၂၉ ရက်နေ့တွင် ပတ်ဝန်းကျင်မှ ဗကပများ အဖွဲ့လိုက်ဆုတ်ခွာသွားကြရတော့၏။ ဆုတ်ခွာသွားသူများနောက်သို့ တပ်မတော်လေမှ အဆက်မပြတ် လိုက်လံတိုက်ခိုက်ရာ ရန်သူများ ဒရောသောပါးနှင့် အမြန်ဆုံးဆုတ်ခွာရတော့၏။

တိုက်ပွဲအပြီးတွင် ဗကပအလောင်း ၃၉ လောင်း ကျန်ခဲ့၏။

လက်နက်စုံ ၁၆ လက်ကျန်ခဲ့၏။ စုစုပေါင်း ၅၀၀ ခန့် ကျေပြုန်းသွားကြောင်း သတင်းရရှိခဲ့ပါသည်။ တပ်မတော်မှ ၉ ယောက်ကျဆုံးပြီး ၆၈ ယောက်ဒဏ်ရာရခဲ့၏။ ပြုန်းတီးအင်အားမှာ ရန်သူ၏ ၅ ပုံတစ်ပုံ သာရှိပါသည်။

ဤတိုက်ပွဲ၌ ဗကပတပ်ရင်းကြီး (၄၀၄) နှင့် ခေါင်းဆောင် **Fighter** ကြီး ဖုန်ကြားရှင်မှာ အပြေးကောင်းသဖြင့်သာ ကိုးကန့်သို့ ပြန်ရောက်သွားကြခြင်းပါပေ။

ပထမအကြိမ် နဖူးတွေ့ဒူးတွေ့ အမာ အမာခြင်း အားစမ်းပွဲ၌ နာမည်ကျော်တပ်မှူးကြီး ဖုန်ကြားရှင်သည် အရှုံးကိုသာ ကြုံတွေ့သွားရပါသည်ခင်ဗျား။

❖ ❖ ❖



# ကွန်လုံရက် (၄၀) တိုက်ပွဲကြီး



www.burmeseclassic.com

www.burmeseclassic.com

## ကွန်လုံရုတ် (၄၀)တိုက်ပွဲကြီး

ဖုန်ကြားရှင်သည် ပွဲတိုင်းကျော်မင်းသားကြီးဖြစ်၏။

မုန်းစီးနားလယ်နှင့် ဂျုံးဂျုံးဂျက်လိုပွဲကြီးမျိုး၌ အောင်ပွဲမရသော်လည်း ကျန်အရှေ့မြောက်ဒေသရှိ စခန်းအသေးအမွှားလေးများ လူမသိသူမသိ စခန်းလေးများကိုတော့ ရအောင်တိုက်နိုင်ခဲ့သည်။

တရုတ်ဆရာကြီးများသည် လိုတာပုံအောပြီးကူညီနေပါလျက် တပည့်ကြီးများ အောင်ပွဲကြီးများမရသည်ကို အားမလိုအားမရဖြစ် လျက်ရှိကြ၏။

“မင်းတို့ ရတာလေးနဲ့ ကျေနပ်ရောင့်ရဲမနေနဲ့။ သံလွင်အရှေ့ခြမ်းက မြို့တွေကို ရအောင်တိုက်။ လားရှိုးသွားတိုက်တယ် မအောင်မြင်ခဲ့ဘူး။ မုန်းစီးနားလယ်သွားလုပ်တော့လည်း ရှုံးပြီးပြေးလာတယ်။ ဒီတစ်ခါတော့ မြို့ကြီးတစ်မြို့ကို မရ အရတိုက်ပြ။ ဒို့ဆီက လိုတာတွေအကုန်ပေးမယ်”

ဟု တွန်းအားပေးလာသည်။

၁၉၇၁ ခုနှစ် နှစ်လယ်ပိုင်းတွင် ယူနန်ပြည်နယ် ကျင့်ခန်းမြို့ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဌာနချုပ်၌ ဗကပသည်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဒေသ ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပခဲ့၏။ ထိုညီလာခံမှ ဆုံးဖြတ်ချက် ၂ ရပ်ချမှတ်ခဲ့သည်။

(က) သံလွင်အရှေ့ခြမ်းရှိ မြို့တစ်မြို့ကို ယခုနှစ်အတွင်း အရသိမ်းပိုက်နိုင်ရေးအတွက် အဆုံးအဖြတ် တိုက်ပွဲကြီးတစ်ပွဲ တိုက်ရန်။

(ခ) ဖွဲ့စည်းခဲ့ပြီးသော (၁၀၁) နှင့် (၄၀၄) တပ်ဖွဲ့ကြီးများ၏ ကွပ်ကဲမှုအောက်တပ်ရင်းများကို အုပ်ချုပ်မှုလွယ်ကူစေရန် တပ်မဟာများအဖြစ် ပြောင်းလဲဖွဲ့စည်းရန်။

ထိုဆုံးဖြတ်ချက်ကိုချပြီးသည်နှင့် ဗကပတို့သည် သံလွင်အရှေ့ခြမ်းမြို့များကို ပစ်မှတ်အဖြစ် ရွေးချယ်ခဲ့ရာ အရှေ့ခြမ်းတွင် မြို့များများစားစားမရှိသဖြင့် သံလွင်ကို ဟိုဘက်ဒီဘက်ခွထားသည့် ကွန်လုံမြို့ကို ရွေးချယ်ခဲ့သည်။

ကွန်လုံသည် သံလွင်အနောက်ခြမ်းတွင်ရှိသော်လည်း သံလွင်တံတားကြီးထိပ်၌ တည်ရှိပြီး သံလွင်မြစ်နှင့် ကပ်နေ၏။ ၎င်းအပြင် ဗကပတို့ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးနေသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကျင့်ခန်းဒေသနှင့် ၁၀ မိုင်သာ ဝေးကွာလေသည်။

သို့နှင့် ဗကပအရှေ့မြောက်ဒေသသည် ကွန်လုံအား သိမ်းပိုက်နိုင်ရန် ရှိသမျှ ဘက်ပေါင်းစုံအင်အား စုစည်း၍ ကွန်လုံတိုက်ပွဲကြီးအတွက် အစစအရာရာပြင်ဆင်ခဲ့၏။ ထိုစစ်ဆင်ရေး၌လည်း ဒေသခံတပ်မှူးကြီး ဖုန်ကြားရှင်မှာ အခရာကျသောမင်းသားကြီးဖြစ်၏။ ဗကပဗဟိုကော်မတီဝင်လူကြီးများမှာ စစ်သုံးမြေပုံကိုတောင် ကောင်းကောင်းမကြည့်တတ်သည့်သူများဖြစ်သည်။ ထို့ကြောင့်





နယ်မြေကျွမ်းသော ဒေသခံတပ်မှူးကြီး ဖုန်ကြားရှင်သည် ဒီဇာတ်လမ်းမှာလည်း အဓိကဇာတ်ဆောင်မင်းသားကြီးဖြစ်ခဲ့၏။ သို့ရာတွင် မင်းသားကြီးမှာ ဒီဇာတ်လမ်းတွင်လည်း အလွမ်းနှင့် နိဂုံးချုပ်ခဲ့ရ၏။

ကွန်လုံရက် ၄၀ တိုက်ပွဲအား မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍစာအုပ်များတွင် အောက်ပါအတိုင်းဖော်ပြခဲ့၏။

ဤနေရာတွင် အထူးကောက်နုတ်ပြလိုသည်မှာ အထက်ပါ စစ်ဆင်ရေးများအနက် အထူးကြီးမားသော စစ်ဆင်ရေးတစ်ခုဖြစ်သည့် ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့ အထိ ရက်ပေါင်း ၄၀ တိတိကြာရှည်ခဲ့သော ကွန်လုံတိုက်ပွဲပင်ဖြစ်သည်။ ထို ကွန်လုံရက် ၄၀ တိုက်ပွဲသည် နိုင်ငံတော်၏ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ခြိမ်းခြောက်လာသည့် နယ်ချဲ့လက်ပါးစေ ဗမာပြည်ကွန်မြူနစ်ပါတီတပ်များကို တပ်မတော်က ကျားကုတ်ကျားခဲဖြင့် အသက်ပေါင်းမြောက်များစွာပေးဆပ်ရင်း ရင်းနှီးတိုက်ပွဲဝင်ခဲ့သော သမိုင်းဝင်တိုက်ပွဲကြီးတစ်ပွဲလည်းဖြစ်ပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီအနေဖြင့် ၁၉၇၁ ခုနှစ်အတွင်း ချမှတ်ထားသော နိုင်ငံရေး စစ်ဆင်ရေး မျှော်မှန်းချက်များဖြစ်သည့် ကွန်လုံမြို့ကိုသိမ်းပိုက်လျက် ကိုးကန့်နှင့် "ဝ"နယ်မြေအပါအဝင် ချဲ့ထွင်သိမ်းယူလျက် သံလွင်အနောက်ဘက်ခြမ်းအား လွတ်မြောက်သောနယ်မြေအနေဖြင့် မရမနေတည်ဆောက်၍ ကမ္ဘာကို ကြေညာပြီး ကမ္ဘာ့ကွန်မြူနစ်နိုင်ငံများမှ တရားဝင်အကူအညီများရယူရေး ရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်ရန်အတွက် ဗကပတို့သည်



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ စုဖွဲ့လှုပ်ရှားလာခဲ့ကြရာ သံလွင်မြစ်အရှေ့ဘက်ခြမ်းဒေသတွင် ဗကပ (၁၀၃၅)၊ (၄၀၄၅)၊ (၄၀၄၆)၊ (၄၀၄၈) နှင့် ၎င်းတို့၏ကျေးရွာလက်နက်ကိုင်အဖွဲ့အစည်းများ အပါအဝင် အင်အား ၂၈၀၀ ခန့် သံလွင်အနောက်ဘက်ခြမ်းဒေသတွင် ဗကပ (၁၀၁၁)၊ (၁၀၁၇) နှင့် မိုင်းပေါ်၊ နမ့်တောင်းဒေသရှိ ၎င်းတို့၏ ကျေးရွာလက်နက်ကိုင်အဖွဲ့များ အင်အား ၁၂၀၀ အထိ ဖွဲ့စည်းခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံမှ ကွပ်ကဲမှုအဖွဲ့၊ လက်နက်ကြီးအဖွဲ့အပါအဝင်အင်အား ၃၆၃ ယောက်၊ အမျိုးသမီး ၂၀၀ ခန့် ၁၄ ဒသမ ၅ စင်တီမီတာ စစ်သေနတ်ကြီး ခုနစ်လက်လည်း ပါဝင်အားဖြည့်ထားကြောင်း တွေ့ရှိရပေသည်။ ဗကပတို့အနေဖြင့် ဤသို့အင်အား ဖွဲ့စည်းပြီးနောက် ကွန်လုံမြို့သိမ်းတိုက်ပွဲကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှစတင်ကာ အစီအစဉ်ရှိရှိဖြင့် ဆင်နွှဲတိုက်ခိုက်လာပါတော့တယ်။

အဆိုပါ ဗကပတို့၏ထိုးစစ်ကို တပ်မတော်သည် ရပခ နယ်လှည့်စစ်ဗျူဟာနှင့် တပ်ရင်း ၄ ရင်း ရှေ့တန်း အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်နှင့် တပ်ရင်း ၅ ရင်းတို့ဖြင့် အပြင်းအထန်ခုခံတိုက်ခိုက်ခဲ့ပေသည်။ ထို့အပြင် တပ်မတော်ဘက်မှ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ကွန်လုံမြို့ရှိ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် ကွန်လုံ မြို့သူမြို့သား ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်အားဖြည့်ပေးခဲ့ကြပါသည်။ ဤသည်ပင်လျက် အရေးကြီးပါက သွေးစည်းညီညွတ်ကြသည့် သာဓကကို ပြခဲ့ကြခြင်းပင်ဖြစ်ရာ ထိုအချက်သည်ပင်လျှင် ရန်သူတို့အဖို့ တပန်းရှုံးခဲ့ပြီဖြစ်ပေသည်။

ဗကပတို့အနေဖြင့် ၎င်းတို့စုဆောင်းရရှိထားသော လက်နက်





အင်အားတို့ကို အားကိုးခြင်းကြီးစွာဖြင့် ကွန်လုံဒေသအတွင်းသို့ အလုံးအရင်းနှင့်ဝင်ရောက်လာခဲ့ကြပြီး နိုဝင်ဘာလ ၂၀ ရက်နေ့နံနက်မှစတင်ကာ မန်ခါးတိုက်ပွဲကို ဆင်နွှဲတိုက်ခိုက်ခဲ့ကြသည်။ တပ်မတော်မှလည်း ကြံ့ကြံ့ခံတွန်းလှန်တိုက်ခိုက်ခဲ့ရာ အနီးကပ်တိုက်ပွဲ ရှစ်ကြိမ်တိတိဖြစ်သည်အထိ ပြင်းထန်ခဲ့ပါသည်။ ထို့ပြင် ဗကပတို့သည် ပေ ၄၀၀၀ ကျော်မြင့်သော တောင်ကြောပေါ်ရှိ လွယ်မန်ခါးစခန်းကို နိုဝင်ဘာ ၂၂ ရက်နေ့နှင့် ၂၅ ရက်နေ့တွင်လည်းကောင်း၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ပေ ၆၀၀၀ အမြင့်တောင်ကြောပေါ်တွင်ရှိသော ရှောင်တီလင်စခန်းကိုလည်းကောင်း၊ လက်နက်ကြီးပစ်ကူ မတန်မဆယ့်ကာ ဆက်လက်တိုက်ခိုက်ခဲ့ကြသည်။ နိုဝင်ဘာ ၃၀ ရက်နေ့တွင်ကား ဗကပတို့သည် နာမည်ကျော် ဟိုက်ကမ်းပါးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့ပါသည်။ ဟိုက်ကမ်းပါးစခန်းအား ၎င်းတို့၏ တပ်ရင်းများဖြစ်ကြသည့် (၁၀၃၅)၊ (၄၀၄၅) အင်အားတို့ဖြင့် ချေမှုန်းရေးတိုက်ပွဲဝင်ပြီးနောက် ကျန်တပ်ရင်းများဖြစ်ကြသည့် တပ်ရင်း ၂ ရင်းကို စစ်ကူလာနိုင်သည့်လမ်းများအား ဖြတ်တောက်ပိတ်ဆို့စေခဲ့ပါသည်။ ထို့အပြင် လွယ်မန်းခါးနှင့် ပညက်ထန်တောင်ကျောပေါ်မှ လက်နက်ကြီးများဆင်ကာ ၎င်း၏ချေမှုန်းရေးတပ်များကို ပစ်ကူပေးတိုက်ခိုက်ခဲ့ကြသည်။ ချေမှုန်းရေးတပ်များအနေဖြင့်လည်း အင်အား ၂၀၀ ပါဝင်သော အသုတ်လိုက်ခွဲကာ တပ်မတော်မှပစ်ခတ်နေသည့် အမြောက်ကျည်များ၊ သုံးလက်မစိန်ပြောင်း ဗုံးသီးများ၊ လက်နက်ငယ်များနှင့် မိုင်းကွင်းများကြားမှပင် အတင်းဝင်တိုက်ခိုက်ခဲ့ကြသည်။

ရန်သူအနေဖြင့် ဤဟိုက်ကမ်းပါးကို မရမနေ အသေခံ၍



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ကြိုးစားရပါသနည်း။ အကြောင်းရှိပါသည်။ ထိုဟိုက်ကမ်းပါးတောင်ကုန်းသည် ကွန်လုံမြို့ ကြိုးတံတားနှင့် တပ်မတော်အမြောက်တပ်စု တောင်ကုန်းတို့ စိုးမိုးနေသည့်အပြင် ယင်းသည် ကွန်လုံခံစစ်ကြောင်း၏ အချက်အချာခံစစ်ဒေသတစ်ခု ဖြစ်သည်။ ထို့အပြင်လည်း ယင်းဟိုက်ကမ်းပါးစခန်းသည် ကွန်လုံ၏ မြောက်ဘက်ကိုက် ၂၅၀၀ ကျော်ကွာဝေးပြီး မြို့ထက်ပိုမြင့်ကာ တပ်ရင်း ၁ ရင်း ကောင်းစွာစစ်ကစားနိုင်သော အနေအထားတွင် ရှိပါသည်။ ထို့ကြောင့်လည်း ထိုနေရာသည် ပင်မခံစစ်စည်း၏ အချက်အချာတောင်ကုန်းဖြစ်နေလေသည်။ စစ်သဘောအရ ပြောရမည်ဆိုပါက ဟိုက်ကမ်းပါးတောင်ကုန်းအား သိမ်းပိုက်နိုင်ခြင်းသည် ကွန်လုံမြို့အား ရခြင်းပင်ဖြစ်လေသည်။ ထို့ကြောင့်လည်း ဗကပတို့သည် ကာတပ်စခန်းကို တစ်ခုပြီးတစ်ခုတိုက်ခိုက်သည့်နည်းဗျူဟာကို ကျင့်သုံးပြီး နောက်ဆုံးအဆင့်တွင် အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းပင်ဖြစ်လေသည်။

ရန်သူဗကပတို့အနေဖြင့် ဤတိုက်ပွဲသည် ၎င်းတို့အတွက် အဆုံးအဖြတ်ပေးမည့်တိုက်ပွဲဖြစ်ရာ ရှိသမျှသော ၎င်း၏အင်အားထုကို အသုံးပြုတိုက်ခိုက်မှုကြောင့် တပ်မတော်ဘက်မှ ယာယီဆုတ်ခွာပေးခဲ့ပါသည်။ သို့ရာတွင် တပ်မတော်အနေဖြင့် ထိုဟိုက်ကမ်းပါးကိုပြန်မသိမ်းနိုင်ပါက ကွန်လုံခံစစ်မှာ မည်သို့မျှမခံနိုင်ဘဲ သံလွင်မြစ်အရှေ့ဘက်ခြမ်းတွင် အသေခံတိုက်ပွဲဝင်ရန်သာရှိကြောင်း တိုက်ပွဲဝင် တပ်မတော်သားအဆင့်အတန်းအားလုံးက နားလည်ထားပြီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း တိုက်ပွဲဝင်တပ်မတော်သားတို့သည် ရန်သူနှင့်ရင်ဆိုင်တိုက်ပွဲဝင်ရင်း အသက်ပေးရသည်က ပို၍မြတ်





ဗိုလ်ချုပ်ကျော်ဝင်း

www.burmeseclassic.com



သည်ဟူသော သူရဲကောင်းတို့၏စိတ်ဓာတ်ဖြင့် ရန်သူတပ်အတွင်းသို့ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အပြင် အမြောက်လေကွဲ ကျည်များအပါအဝင် ပစ်ကူများအသုံးပြုခဲ့ခြင်းကြောင့် ရန်သူတို့သည် ၎င်းတို့၏ကျဆုံးဒဏ်ရာရသူများကိုပင် မသယ်နိုင်တော့ဘဲ ကစဉ့်ကလျား လက်လွှတ်ပြေးသွားခဲ့ကြရလေသည်။ ဤသို့ဖြင့် တပ်မတော်က ဗကပတို့၏တိုက်စစ်အဟုန်ကိုရိုက်ချိုးကာ ဟိုက်ကမ်းပါးစခန်းသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ထိုတိုက်ပွဲကား စစ်ဆင်ရေးအောင်ပွဲအတွက် ကြီးမားသောအလှည့်အပြောင်းပင်ဖြစ်ပေသည်။

ထို့မျှပင်သာမက ရန်သူကစဉ့်ကလျားပြိုကွဲနေစဉ် တပ်မတော်က ထပ်ကြပ်တိုက်စစ်ဆင်မှုကြောင့် ဒီဇင်ဘာ ၁ ရက်နေ့ ည ၁၂ နာရီ ၁၅ မိနစ်တွင် ရန်သူ၏ပင်မထိုးစစ်စစ်ကြောင်းများ ဆုတ်ခွာထွက်ပြေး၍ အရှုံးပေးသွားခဲ့သည်။ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ထိုးစစ်အဟုန်ရပ်တန့်နေပြီဖြစ်သော ရန်သူများကို တန်ပြန်ထိုးနှက်တိုက်ခိုက်ခဲ့ရာ လွိုင်မန်ခါးတောင်ကြောကို ပြန်လည်ရရှိခဲ့သည်။ သို့ရာတွင် ထိုတိုက်ပွဲသည်လည်း လွယ်လွယ်ကူကူကား ရခဲ့သည် မဟုတ်ဘဲ ရန်သူ၏မီးကုန်ယမ်းကုန်ခုခံမှုကို တွန်းလှန်ရိုက်ချိုးပြီးမှ ရရှိခဲ့ခြင်းဖြစ်ပေသည်။ ထို့နောက် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကောင်းကြဲတိုက်ပွဲဆက်လက်ဖြစ်ပွားရာ ဤအကြိမ်တွင်လည်း ဗကပ တို့သည် ကျဆုံးသူအလောင်းပင် မကောက်နိုင်တော့ဘဲ ဆုတ်ခွာ ထွက်ပြေးရပြန်ပါသည်။

ဤသို့ဖြင့် ဗကပတို့သည် ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ကွန်လုံဒေသ စစ်မျက်နှာပြင်တစ်ခုလုံးမှ တစ်ပြိုင်နက်တည်း ဆုတ်ခွာထွက် ပြေးသွားခဲ့ကြပါတော့သည်။ ထိုတိုက်ပွဲစဉ်တစ်လျှောက်လုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်သည် ရက်ပေါင်း ၄၀ လုံးလုံး မိမိထက်အင်အား ၁၀ ဆသာလွန်သော ရန်သူတို့ကို အင်အားနည်းစေကာမူ ပြောင်မြောက်ရဲဝံ့စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ပွဲတွင် တပ်မတော်လေမှလည်း ထိရောက်သောကဏ္ဍမှ တာဝန်ယူကာအဆက်မပြတ် ချေမှုန်းတိုက်ခိုက်ကာ ခြေလျင်ကို အကူအညီပေးခဲ့ကြသည်။ ထိုတိုက်ပွဲတွင်ကား ဗမာပြည်ကွန်မြူနစ်ပါတီ၏ စစ်မာန်စွယ်ကို အပိုင်းပိုင်းကျိုးအောင်ရိုက်ချိုးနိုင်လိုက်သည်သာမက သံလွင်အရှေ့ခြမ်းကို စိုးမိုးအုံ့ဟူသော ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက် မဟာဗျူဟာစီမံကိန်းကိုလည်း နောက်ထပ်တစ်ဖန် မချမှတ်ဝံ့လောက်အောင် ပြင်းထန်ခဲ့သော တိုက်ပွဲကြီးပင်ဖြစ်သည်။ ထိုတိုက်ပွဲသည် တပ်မတော်မှ သမိုင်းဝင် အောင်ပွဲဆင်နိုင်ခဲ့သော တိုက်ပွဲကြီးတစ်ပွဲပင်ဖြစ်ပေသည်။

ထိုတိုက်ပွဲတွင် ရန်သူအင်အား ၁၂၀၀ ခန့်အထိ ဆုံးရှုံးခဲ့သကဲ့သို့ တပ်မတော်ဘက်မှလည်း နိုင်ငံသားကောင်း ၈၅ ဦး တိုင်းပြည်အတွက် အသက်စွန့်လှူသွားကြကာ ၂၇၄ ဦး ဒဏ်ရာရရှိခဲ့ပေသည်။ တပ်မတော်အနေဖြင့် ဤရှေ့ဤမျှ အထိကျဆုံးခဲ့ရသော်လည်း တပ်မတော်သည် ပြည်သူအတွက်ဟူသောစိတ်ဖြင့် ကျူးကျော်လာသည့် မည်သည့်ရန်စွယ်၊ အန္တရာယ်မျိုးမဆို တိုက်ပွဲဝင်သွားမည်သာဖြစ်ပေသည်။ သာဓကအဖြစ်လည်း ထိုကွန်လုံရက် ၄၀ တိုက်ပွဲကို ပြသပြီးဖြစ်ရာ အထူးဖော်ညွှန်းနေရန်လိုတော့မည်မဟုတ်ပေ။

မြရတနာစာပေ



ဖြည့်စွက်ဖော်ပြချက်များ

ကျွန်တော်သည် ကွန်လုံရက် ၄၀ တိုက်ပွဲကြီးကို ၂၀၀၉ ခုနှစ်က ကြိုးစားရေးသားခဲ့၏။ တိုက်ပွဲဝင်ကို မသိသဖြင့် ရောက်အောင်သွားခဲ့သည်။ သိအောင်ကြည့်ခဲ့သည်။ ကွန်လုံတပ်မှူးကြီး ဗိုလ်ချုပ်ကြီးထွန်းရီထံ အကူအညီတောင်းခဲ့သော်လည်း အကူအညီမရခဲ့ပါ။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဟာကိုယ် စာရွက်စာတမ်းတွေရှာ။ ဟိုမေးဒီမေး ဟိုအကူအညီလှမ်းတောင်း ဒီအကူအညီလှမ်းတောင်းနှင့် ထိုဒေသကို ရောက်သွားသည်။

စာအုပ်ဖြစ်လာသည်။

ပထမအကြိမ်ရိုက်တော့ ပြိုက်ခနဲကုန်သွား၏။

စာအုပ်ရေးဖြစ်အောင်တိုက်တွန်းအားပေးခဲ့သည့် ဗိုလ်မှူးကြီးစိန်ဝင်းအောင် (မန္တလေးမြို့တော်ဝန်ဟောင်းနှင့် အငြိမ်းစားသံအမတ်ကြီး)၊ ရဲချုပ်ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း) တို့က ဝမ်းသာကြရှာ၏။ မုဒိတာပွားကြ၏။

ကျွန်တော့်စာအုပ်နှင့် မရှေးမနှောင်းပင်

ခမရ(၁၀၅)တိုက်ပွဲဝင်တပ်မှူးများက "ကိုယ်တွေ့ကွန်လုံ"၊

ဗိုလ်မှူးကြီးပေါလ်ထွန်းရှိန်က "ကွန်လုံတိုက်ပွဲကြီး" ဆိုပြီး ရေးကြရာ အသီးသီး စာအုပ်တွေထွက်လာ၏။ အားလုံးလိုလို ရောင်းကြရပါသည်။ စာဖတ်ပရိတ်သတ်ကြီးကအားပေးကြ၏။ မကြာသေးမီက ကွန်လုံတိုက်ပွဲ ရုပ်ရှင်ရိုက်တော့ ကျွန်တော့်စာအုပ်ကလေး ပြန်ရိုက်ရပြန်သည်။ ဒါပါနဲ့ဆို ပြန်ရိုက်ရတာ လေးငါးခါရှိပြီ။

ကျွန်တော့်စာအုပ်ကိုဖတ်မိသည့် ကျွန်တော့်တပ်မမှူး ဗိုလ်ချုပ်ကက်စိန်က ...

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုသောင်းဝေ မောင်ရင့်စာအုပ်ကလေးက ကောင်းပါတယ်၊ ဒါပေမဲ့ ဒို့ ခလရ(၆)ပါဝင်တဲ့အခန်းက ပျောက်နေတယ်၊ အဲဒါလေး ဖြည့်ရေးစေချင်တယ်" ဟုဆိုလာ၏။

ကျွန်တော်သည် ခလရ(၆)တပ်ရင်းမှူးတာဝန်အား ၁၉၈၈ မှ ၁၉၉၁ အထိ သုံးနှစ်တာ တာဝန်ထမ်းဆောင်လာသူဖြစ်၏။ ထို့ကြောင့် ခလရ(၆)၏ကွန်လုံတိုက်ပွဲတွင် ပါဝင်ခဲ့မှုကို အသေးစိတ်ဖော်ပြချင်သည်။ ကိုယ်တပ်ရင်းမှူးလုပ်ခဲ့တဲ့တပ်ကို ဂုဏ်ပြုချင်သည်။ သို့ရာတွင် ခလရ(၆)တပ်သမိုင်းစာအုပ်၌ ထိုအကြောင်း အကျဉ်းမျှသာ ဖော်ပြထား၏။ ဘယ်သူတွေခေါင်းဆောင်ပြီး ဘာတွေလုပ်ခဲ့မှန်း မသိပါ။

ခလရ(၆)ကား သမိုင်းအစဉ်အလာကောင်းသောတပ်ဖြစ်၏။ ဗကပဗဟိုကော်မတီဝင် ဗိုလ်ဇေယျကို ရသည်။ **KNU** ဗိုလ်ချုပ်မင်းမောင်ကို ရသည်။ **KNU** ဗဟိုကော်မတီ မန်းရှန်ပလေး ခေါ် ဆရာသာမြိုင်နှင့်မိသားစုကို အရှင်ဖမ်းနိုင်ခဲ့သည်။

ဗကပဆေးကျောင်းအုပ် ရဲဘော်ထွန်းမောင် ခေါ် ဒေါက်တာနတ်အား အသေရခဲ့သည်။

ဒါတွေကို ဖော်ထုတ်၍ ကျွန်တော်၏စစ်သားဘဝ အမှတ်တရ (၃) ၌ ရေးခဲ့ဖူးသည်။

ထို့ကြောင့် ကမ္ဘာကျော် ကွန်လုံရက် ၄၀ တိုက်ပွဲကြီး၌ ခလရ (၆) ပါဝင်ခဲ့ပုံကို ရေးချင်လှသည်။ သို့ရာတွင် ခရေစေ့တွင်းကျ ပြောပြမယ့်သူမရှိ၍ မရေးနိုင်ခဲ့ပါ။

ဗိုလ်ချုပ်ကက်စိန်သည် ၁၉၇၁ ခုနှစ်က ခလရ (၆) ၌ အရာရှိငယ်ဘဝနှင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ ထို





တိုက်ပွဲကြီး၌ သူပါဝင်ခဲ့၏။

ထို့ကြောင့် သူက ရေးစေချင်နေသည်။

"ဖြစ်စဉ်တွေပြောမယ့်သူမရှိတော့တဲ့အတွက် ကျွန်တော် ဘယ်လိုရေးရမှန်း မသိဘူးဖြစ်နေတယ် ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ပါတယ်ဆိုရင် ဗိုလ်ချုပ်ရေးပေးပါလား"

ဟု **Request** လုပ်လိုက်မိ၏။

"ကောင်းပြီလေ၊ ကိုယ်အဆင်ပြေသလို ရေးလိုက်မယ် မောင်ရင် ကြည့်ပြီးထည့်ပေးပါ"

ဟု ဆိုပြန်၏။ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ပါသည်။

ဤသို့ဖြင့် ၁၉၇၁ ခုနှစ် ကွန်လုံရက် ၄၀ တိုက်ပွဲကြီး၌ ခလရ (၆) ပါဝင်ပတ်သက်ပုံကို ဗိုလ်ချုပ်ကက်စိန်မှ ကျွန်တော့်ထံ ရေးသားပေးပို့လာ၏။ နာမည်ကျော်ဖုန်ကြားရှင်နဲ့က အဲဒီကတည်းက စတွေ့ခဲ့ကြရတာပေါ့ ခင်ဗျာ။ သို့ဖြစ်ပါ၍ ဖုန်ကြားရှင်နှင့် ခလရ (၆) တို့ ဘယ်လိုတိုက်ကြတယ်ဆိုသည်ကို ဗိုလ်ချုပ်ကက်စိန် ရေးသားသည့် သူ၏ကွန်လုံတိုက်ပွဲအတွေ့အကြုံအား သူရေးသားပေးပို့လိုက်သည့်အတိုင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်ခင်ဗျာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ခလရ (၆) တွင်
# တာဝန်ထမ်းဆောင်ခဲ့ခြင်းနှင့်
# ကွန်လုံရက် (၄၀) တိုက်ပွဲ

ဗိုလ်ချုပ်ကက်စိန်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ခလရ (၆) တွင်တာဝန်ထမ်းဆောင်ခဲ့ခြင်းနှင့် တွန်လုံရုတ် ၄၀တိုက်ပွဲ

ရေးသူ – ဗိုလ်ချုပ်ကက်စိန်

### ခလရ (၆) သို့ ပြောင်းရွှေ့ရခြင်း

မိမိသည် ဗိုလ်သင်တန်းဆင်းသည်နှင့် ခြေမြန်တပ်ရင်း (၁၀၂) ခေါ် ခမရ (၁၀၂) ၌ တာဝန်စတင် ထမ်းဆောင်ရသည်။ ထိုစဉ်က ခမရ (၁၀၂) သည် ရှမ်းပြည်တောင်ပိုင်း ဗထူးတပ်မြို့၌ အခြေစိုက်ထား၏။

ခမရ (၁၀၂) ၌ ခုနှစ်နှစ်ကျော်ခန့် တာဝန်ထမ်းဆောင်ပြီးသည့်နောက် တပ်ပြောင်းမိန့် ထွက်လာသည်။ ညောင်လေးပင်ရှိ ခလရ (၆) သို့ဖြစ်၏။ ထိုစဉ်က ခမရ (၁၀၂) သည် မုတ္တမသို့ ရောက်ရှိအခြေပြုနေပြီဖြစ်သည်။

၁၉၇၁ ခုနှစ် စက်တင်ဘာလတွင် မိမိသည် ခမရ (၁၀၂) မုတ္တမမှ ခလရ (၆) ညောင်လေးပင်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။

တပ်အပြောင်း၌ ထုံးစံအတိုင်း ကကထူးသို့ ဝင်သတင်းပို့ရာ ကကထူး ဂျီတူးမှ မိမိအား ...



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးက ခြေမြန်တပ်ရင်းမှာ ရှစ်နှစ်လောက်ကြာနေလို့ ခြေလျင်တပ်ရင်း အတွေ့အကြုံရှိအောင် ပြောင်းပေးလိုက်တာပါ"

ဟု ဆိုလေရာ မိမိက ...

"ခြေမြန်ရော ခြေလျင်ရော တပ်မတစ်ခုအတွင်း လက်အောက်ဆိုတော့ လုပ်ငန်းခြင်းမတူဘူးလား"

ဟုပြန်မေးရာ ဂျီတူးဗိုလ်မှူးက တုံ့ဆိုဘာဝေလုပ်နေ၏။

သူက မိမိအား ဘာမှမသိသည့် တောထဲက တက်လာသူ ထင်ပြီး **Higher Formation** လေဖြင့် ဆီးပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

၁၉၅၁ ခုနှစ် စက်တင်ဘာတွင် မုတ္တမ ခမရ (၁၀၂) မှ ညောင်လေးပင် ခလရ (၆) သို့ပြောင်းခဲ့ရာ တပ်ရင်းတစ်ရင်းလုံး **Refit** ပြန်လည်စုဖွဲ့ လေ့ကျင့်ရေးပြုလုပ်နေချိန်ဖြစ်ပါသည်။ ရောက်သည်နှင့် လက်နက်ကြီးတပ်ခွဲ ခေါ် တပ်ခွဲ (၅) တွင် တပ်ခွဲမှူးတာဝန်ယူပြီး ကွပ်ကဲရပါသည်။

## ရှေ့တန်းသို့ချီတက်လာပြီ

လေ့ကျင့်ရေးကာလပြီးဆုံးသည်နှင့် ခလရ (၆) တပ်ရင်းတစ်ရင်းလုံး ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး၊ သိန္နီဒေသသို့ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် ချီတက်ရတော့၏။ ၁၉၅၁ ခု၊ အောက်တိုဘာလတွင် ဖြစ်လေသည်။

ထိုစဉ်က တပ်ရင်းအား ကွပ်ကဲခဲ့သူများမှာ အောက်ပါအတိုင်းဖြစ်၏။





တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးတန်ကာဒိုချီ

ဒုတပ်ရင်းမှူး ဗိုလ်မှူးအောင်မြင့်

သူသည် ယခင် တပ်မ (၅၅) နည်းဗျူဟာတစ်ခုမှ ဂျီတူးဖြစ်သည်။

ဖြူးမြို့ဇာတိ အမြောက်တပ်မှ ဗိုလ်ကြီးစိုးတင့်၏အစ်ကိုဖြစ်သည်။

ခလရ (၆) တပ်ခွဲ (၂) မှ ဗိုလ်ကြီးဇော်ဝင်း၏ယောက်ဖလည်း ဖြစ်၏။

တပ်ခွဲ(၁)တပ်ခွဲမှူး ဗိုလ်မှူးကြီးတင်အေး

ယခင် ရတခ ဒုညွှန်မှူး လုပ်သွားသူဖြစ်သည်။ သူသည် စစ်ရေးချုပ်ရုံးမှ ခလရ (၆) သို့ **Major Officiating** ပြောင်းလာခြင်းဖြစ်၏။

တပ်ခွဲ(၂)တပ်ခွဲမှူး ဗိုလ်ကြီးသိမ်းထူး

ယခင်နာမည်ရင်းမှာ မင်းသိမ်းနိုင်ဖြစ်သည်။ **OTS 28** မှ ဖြစ်၏။ ခြူးရွှေပန်ယောက် ၂၄ ရက်ကြာတိုက်ပွဲ၌ **Vampire Jet** တိုက်လေယာဉ် မောင်းသူ ဗိုလ်မှူးသူရအုံးခိုင်၏ညီအရင်းဖြစ်သည်။ မွန်လူမျိုးများဖြစ်ကြ၏။ **Colonel** ရာထူးဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ကော်မတီဝင်တာဝန်

www.burmeseclassic.com



ထမ်းဆောင်သွားခဲ့သူဖြစ်သည်။

တပ်ရင်းမှူး ဦးစီးတပ်ခွဲသုံးခွဲပါဝင်သော စစ်ကြောင်း (၁) တွင် မိမိ၏ခွဲ (၃) လည်းပါဝင်၏။

မိမိတို့ စစ်ကြောင်း (၁) သည် လားရှိုးအရှေ့ခြမ်း မိုင်းရယ်မြို့ အနီးရှိ မုန်းဟင်၊ မုန်းဟ ကျေးရွာများတွင် ခေတ္တအခြေပြုလှုပ်ရှားရပါသည်။

ရောက်ပြီးသိပ်မကြာမီ အထက်မှ လားရှိုးမြို့အရန်အဖြစ် လှမ်းခေါ်သဖြင့် မုန်းဟင်၊ မုန်းဟဝှင်မှ လားရှိုးသို့ ပြန်လည်ချီတက်လာပြီး လားရှိုးမြို့ရှိ **Animal Transport** လားဝန်တင် တပ်ရင်းအတွင်း၌ ခေတ္တအခြေပြုနေထိုင်ရပါသည်။

အချိန်က ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလဆန်းပိုင်းဖြစ်၏။

ဗိုလ်မှူးအောင်မြင့် ကွပ်ကဲသည့် စစ်ကြောင်း (၂) နှင့် တပ်ခွဲ ၂ ခွဲမှာမူ သီပေါမြို့၏တောင်ပိုင်းတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း ကျန်ရစ်ခဲ့၏။


## လားရှိုးမှသည် ကွန်လုံသို့

၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် စစ်ကြောင်း (၁) တစ်ခုလုံး အရေးတကြီး စစ်ဆင်ရေးအမိန့်ဖြင့် လားရှိုးမှ ကွန်လုံသို့ချီတက်ရန် ရှေ့တန်းတပ်မ (၉၉) ၏အမိန့်အရ ၎င်းနေ့ညနေ ၁၈း၃၀ နာရီခန့်တွင် ယာဉ်တန်းဖြင့် ထွက်ခွာလာခဲ့ရပါသည်။

သိန္နီတွင် ခဏနားပြီး ညဆက်ထွက်ရာ နားတီးဈေးကြီးသို့ ည ၂၁း၀၀ နာရီထိုးတွင် ရောက်သွား၏။


ယာဉ်တန်းများရှေ့ဆက်မထွက်နိုင်ဘဲ နားတီးမှာပင် တန့်နေ






လောက်ကိုင်ဒေသ ဗိုနိုင် ၁၄၇၉ တိုက်ပွဲပြမြေပုံ

www.burmeseclassic.com





တော့၏။

၃၆ မိုင် ၆ ဖါလုံ တံတားအား ရန်သူဗကပများမှ မိုင်းခွဲဖျက်ဆီးထားသဖြင့် ကားများမသွားနိုင်တော့ပါ။ နားတီး၏မြောက်ဘက် တောင်ကြောများပေါ်တွင် ရန်သူဗကပများရောက်နေပါပြီ။ ဗကပများမှ မိမိတို့၏ ကားသံများကြားသဖြင့် ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးများဖြင့် လှမ်း၍ပစ်ခတ်ပါတော့သည်။

မိမိတပ်ခွဲမှာ ယာဉ်တန်းဆက်မထွက်နိုင်သဖြင့် နားတီးရွာကြီး၏အရှေ့တောင်ဘက် တောင်ကုန်းပေါ်ရှိ စာသင်ကျောင်းကလေးတွင် ခေတ္တခြေကုပ်ယူ အခြေပြုထားပါသည်။

ဗကပ၏ ၇၅ ပစ်ခတ်မှုကြောင့် နားတီးနှင့် ကွန်လုံကြားလမ်းလုံခြုံရေးယူထားသည့် ခမရ (၁၀၆) မှ တပ်ခွဲမှူး ဗိုလ်ကြီးဌေးလွင် ထိမှန်ဒဏ်ရာရပါသည်။ မိမိနှင့် သူသည် **OTS 29** ကျောင်းဆင်းသူငယ်ချင်းများဖြစ်၍ သွေးများပေကျံနေသော သူ့အတွက် စစ်ယူနီဖောင်းတစ်စုံနှင့် အတွင်းခံစွပ်ကျယ်တစ်ထည် ထုတ်ပေးခဲ့ပါသည်။

သူသည် တက္ကသိုလ်ကျောင်းသားဘဝက မောင်ဘွဲ့ရလာသူတစ်ဦးဖြစ်၍ ကာယဗလသမားကြီးဖြစ်၏။

သူ့အား **Weighter** ကြီးဟု တစ်ပတ်တည်းဆင်း သူငယ်ချင်းများက ခေါ်ကြသည်။

မိမိတို့ယာဉ်တန်းတွင် ကိုးကန့်ကာကွယ်ရေးတပ်မှ လောစစ်ဟန်နှင့် အဖွဲ့များလိုက်ပါလာ၏။ လောစစ်ဟန်သည် တစ်ချိန်က ယခု ဗကပ ၄၀၄ တပ်ရင်းကြီး၏တပ်မှူး ဖုန်ကြားရှင်နှင့် ကိုးကန့်ကာကွယ်ရေးတပ်တွင် အတူနေခဲ့ဖူးသည်။ သူတို့ချင်း မတည့်ကြ

www.burmeseclassic.com



ဖုန်ကြားရှင်က တောခိုသွားပြီး ဗကပနှင့် ပူးပေါင်းသွား၏။ လောစစ်ဟန်က တပ်မတော်နှင့် ပူးပေါင်းခဲ့သည်။

နားတီး၌ တပ်ရင်းမှူးနှင့် လောစစ်ဟန်တို့ ညှိနှိုင်းတိုင်ပင်ကြပြီး ကားလမ်းတောင်ဘက်ခြမ်း မိုက်ကမ်းဒေသမှဖြတ်ပြီး ကွန်လုံသို့ ဆက်ချီတက်ခဲ့ကြရာ ညသန်းခေါင်ယံချိန် ၂၄း၀၀ နာရီ၌ စထွက်နိုင်ခဲ့၏။ လမ်းခရီးရှိ ရွာတစ်ရွာတွင် လောစစ်ဟန်မှ မိမိတို့ O Group ကွပ်ကဲမှုအဖွဲ့အား ဝက်သားဟင်းများဖြင့် ညစာကျွေးခဲ့သည်အား ကောင်းစွာမှတ်မိနေပါသေးသည်။

နိုဝင်ဘာ ၂၁ ရက် မနက် ၀၇း၀၀ နာရီ၌ ကွန်လုံမရောက်မီ ကားလမ်းပေါ်ပြန်ဆင်း၍ ဟိုလီရွာကြီးသို့ ဝင်ရောက်အခြေပြုကြ၏။

မိမိတပ်ခွဲ (၅) အား ဟိုလီရွာမြောက်ဘက် နမ့်မနင်းချောင်းကူးပြီး လွယ်ပင်းရဲတောင်ကြောသို့တက်၍ နေရာယူစေပါသည်။

နောက်နေ့တွင် ခလရ (၆) စစ်ကြောင်း (၂) ရောက်ရှိလာရာ ဟိုလီတွင်ကျန်ခဲ့၏။ စစ်ကြောင်း (၁) တစ်ခုလုံး ကွန်လုံသို့ ချီတက်ခဲ့ကြ၏။

ကွန်လုံရောက်သောအခါ မိမိတပ်ခွဲသည် တံတားကြီးအားကူးပြီး ကွန်လုံမြောက်ဘက်ရှိ လော်စစ်ဟန်၏ အရက်ဖိုလုပ်ထားသည့်ခြံကြီးအတွင်း၌ အခြေပြုရသည်။

ကျန်တပ်ခွဲများအား ကွန်လုံပတ်လည်ရှိ –

အေကုန်း

ဘီကုန်း

ရဲစခန်းကုန်း

ဆေးရုံကုန်း





ခရိုင်ဝန်ဦးထွန်းဝင်းကုန်းများ၌ ဖြန့်ခွဲချထားလေသည်။

ထိုအချိန်တွင် ခမရ (၁၀၅) မှ တပ်ခွဲများသည်လည်း မိမိတို့နှင့် ဆက်စပ်နေရာများ၌ ခံစစ်နေရာယူထားကြလေသည်။

နောက်နေ့တွင် ခလရ (၆) စစ်ကြောင်း (၂) ပါ ရောက်ရှိလာသဖြင့် ကွန်လုံအရှေ့ဘက် ကောင်းကျဲရွာအထွက်ထိ ပတ်လည် ခံစစ်ယူခဲ့ရပါသည်။

## ကွန်လုံတွင် တာဝန်ယူစဉ်က

နိုဝင်ဘာ ၂၃–၂၄ ရက်နေ့လောက်တွင် မိမိတို့စစ်ကြောင်း (၁) နှင့် မိမိတပ်ခွဲ (၅) သည် တံတားကြီးအနောက်ဘက် ပြန်ကူးလာရပြီး ကွန်လုံမြို့ခံတပ်ရင်း ကချင် (၃) အိမ်ထောင်သည်လိုင်းအတွင်း၌ ခံစစ်ပြန်ယူရပြန်သည်။

ထိုစဉ်က ရန်သူဗကပများသည် ဟိုက်ကမ်းပါးအထက် တောင်ကုန်းများပေါ်မှနေ၍ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးများဖြင့် ကွန်လုံအား ပစ်ခတ်နေရာ မိမိတပ်ခွဲအနီးရှိ အိပ်ဆောင် Barrack အား လာရောက်ထိမှန်၍ မီးစွဲလောင်ခဲ့ပါသည်။

မီးလောင်ရာ၌ ယခင် ၁၀၅ မီလီမီတာ အမြောက်ကျည်လက်ကျန်များထားရှိခဲ့၍ ၎င်းကျည်များ မီးလောင်ပေါက်ကွဲခဲ့ပါသည်။ မိမိနှင့် မိမိတပ်ခွဲမှရဲဘော်များ မီးကိုဝိုင်းငြိမ်းသတ်ကြ၏။ ပေါက်ကွဲမှုအလွန်ပြင်းထန်သဖြင့် တပ်ရင်းမှူးမှ မီးမငြိမ်းဘဲ လုံခြုံရာတွင်သာ နေကြရန် အမိန့်ပေးပါသည်။

မိမိနှင့် မိမိတပ်ခွဲမှ ရဲဘော်များသည် မီးကိုရအောင် ဝိုင်းငြိမ်းကြ၏။ မီးငြိမ်းသွားသောအခါ ၎င်း Barrrack အိပ်ဆောင်မှ ၁၀၅

www.burmeseclassic.com



မီလီမီတာ ကြေးဝါအမြောက်ကျည်ဆန်ခွံ ၂ ခွံအား အမှတ်တရသိမ်းယူထားခဲ့၏။ ယခုအချိန်၌ ထိုကျည်ခွံ ၂ ခွံအား မိမိအိမ်ဘုရားခန်း၌ ဘုရားညောင်ရေအိုးပန်းအိုးအဖြစ် အမှတ်တရပူဇော်ထားရှိပါသည်။

နိုဝင်ဘာ ၂၂–၂၃ ရက်နေ့များတွင် ခမရ (၁၀၇) တပ်ရင်းတစ်ရင်းလုံး ကွန်လုံသို့ ရောက်လာကြ၏။ ကွန်လုံခံစစ်တွင် ပူးပေါင်းပါဝင်ခံစစ်ယူကြပါသည်။

ခမရ (၁၀၇) တပ်ရင်းမှူးမှာအသစ်ဖြစ်ပြီး ဗိုလ်မှူးစိန်ကြည်ဖြစ်ပါသည်။ သူသည် ၁၉၆၉–၇၀ ခုနှစ် မှန်းစီးနားလယ်နှင့် ဂျုံးဂျုံးဂျက်ဒေသသို့ မိမိတပ် စစ်ဆင်ရေးဝင်ရစဉ်က ခမရ (၁၀၂) မှ ဒုတပ်ရင်းမှူး ဖြစ်ပါသည်။ မုံးပေါ်စခန်းတိုက်ပွဲအပြီး၌ ယခင် ခမရ (၁၀၇) တပ်ရင်းမှူးဟောင်း ဒုဗိုလ်မှူးကြီးစန်းမောင် ခမရ (၁၀၇) ပြောင်းရွှေ့သွားရာ၌ ဗိုလ်မှူးစိန်ကြည် ခမရ (၁၀၇) မှာ တပ်ရင်းမှူးဖြစ်လာသည်။

ခမရ (၁၀၅)၊ ခမရ (၁၀၇) နှင့် ခလရ (၆) တို့မှ တပ်မ တပ်ရင်းမှူးများသည် ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းရီထံ စစ်ဆင်ရေးအစည်းအဝေး **Briefing** နေ့တိုင်းသွားကြရ၏။ မိမိလည်း အမြဲတမ်းလိုက်ပါရ၏။

တစ်ရက်တွင် မနက်စောစော မြူနှင်းမကွဲမီ တပ်ရင်းမှူးသုံးယောက်သည် ဂျစ်ကားဖြင့် ကွန်လုံတံတားကြီးအားဖြတ်ကြ၏။ တံတားကြီးအား လိုအပ်ချိန်တွင် အရေးကြီးဖောက်ခွဲဖျက်ဆီးနိုင်ရန်အတွက် မိုင်းများ အပြည့်ကပ်ထားခဲ့ပြီးဖြစ်ပါသည်။

ဂျစ်ကားရှေ့ခန်း၌ ခမရ (၁၀၅) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးအောင်မြင့်ထိုင်ပြီး ကျန်တပ်ရင်းမှူးနှစ်ယောက်နှင့် မိမိတို့က ကား





နောက်ခန်းများ၌ ထိုင်လျက်လိုက်ပါလာကြ၏။ တံတားဖြတ်ပြီး မြူနှင်းများကွဲသွား၍ မြင်ကွင်းရှင်းသွားရာ မြောက်ဘက်တောင်ကုန်းများပေါ်မှ ဗကပများက ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ဖြင့် မိမိတို့ကားအား ပစ်ခတ်တော့၏။ ကားရှေ့သို့ ကျည်များ ကျရောက်ပေါက်ကွဲတော့သည်။ ကားမောင်းသမားက ကားဘရိတ်အား **Dead Stop** အုပ်နင်းလိုက်ရာ ရုတ်တရက် ကားရှေ့ခန်းမှ စီးနင်းလိုက်ပါလာသော ခမရ (၁၀၅) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးအောင်မြင့် နဖူးနှင့်ကားရှေ့မှန် သွားတိုက်မိလိုက်၏။ ထိုအခါ ကားနောက်မှ စီးနင်းလိုက်ပါလာသူများက ...

**"One O Five, Very Fight** ကားနဲ့နဖူးတိုက်''

ဟုသံပြိုင်အော်လိုက်ကြလေတော့၏။ ၎င်းအားထက်ရယ်အားသန်ခဲ့ရပါသည်။

စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းရီနှင့် ကွပ်ကဲမှုအဖွဲ့သည် ကချင် (၃) ရိပ်သာမှ ရှေ့တန်းကွပ်ကဲမှုနေရာ ကွန်လုံမြို့အနောက်ခြမ်း **D** ကုန်းနောက်ပိုင်း မန်ပင်းရွာတောင်ကုန်းသို့ ရွှေ့ပြောင်းလာသည်။

ထိုအခါ ကွန်လုံရှိ တပ်ရင်းမှူးသုံးဦးသည် ယခင် ကချင် (၃) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးထွန်းနောင် ဖောက်ခဲ့သော အရေးပေါ်မဟာဗျူဟာလမ်းအတိုင်း တောင်ကုန်းတောင်ကျောတစ်လျှောက်ထွန်စက်ဖြင့် မောင်းကာလိုက်ပါသွားကြ၏။

ခမရ (၁၀၇) တစ်ရင်းလုံး ကွန်လုံမြို့ပေါ်ရောက်သည့် နိုဝင်ဘာ ၂၄–၂၅ ရက်နေ့လောက်တွင် မန်ခါးကျောတောင်ထိပ်ကို ရန်သူမှ သိမ်းထားခြင်းအား တပ်ရင်းတစ်ရင်းလုံးဖြင့် ပြန်လည်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရေး ဆောင်ရွက်ရပါသည်။ မိမိတို့ခလရ (၆) မှာ ကွန်လုံပတ်လည်ခံစစ်ဖြင့် အရန်နေနေရ၏။

ခမရ (၁၀၇) သည် တောင်ကုန်းတောင်ထိပ်များအား အဆင့်ဆင့်ခြေကုပ်ယူပြီး ရန်သူကို တက်တိုက်နေ၏။ ၎င်းတို့တိုက်နေကြသည်ကို မိမိတို့ အောက်မှမြင်တွေ့နေကြ၏။ ရန်သူဗကပများမှ လက်နက်ကြီး၊ လက်နက်ငယ်၊ စက်လတ်များဖြင့် ပစ်အားပြင်းပြင်းထန်ထန်သုံး၍ တန်ပြန်တိုက်ခိုက်ရာ ညပိုင်း၌ တိုက်ပွဲမှာပို၍ပြင်းထန်လာပါသည်။

ခမရ (၁၀၇) တပ်ခွဲများသည် ကျားကုတ်ကျားခဲ အပြင်းအထန် တိုက်ခိုက်သော်လည်း အထက်အောက်ဖြစ်နေ၍ တာရှည်တိုက်စစ်မဆင်နိုင်ဘဲ တောင်ထိပ်တောင်ကျောများပေါ်မှ ထိခိုက်ဒဏ်ရာရပြီး ပြန်ဆင်းလာကြရပါသည်။

နောက်နေ့တွင် လားရိုးမှ မဟာဗျူဟာမှူး ဗိုလ်မှူးကြီးစိန်မြ **HUSKI** ရဟတ်ယာဉ်ဖြင့် ရောက်လာပြီး **D** ကုန်း၏နောက်ပိုင်းတွင်ဆင်း၍ ဗိုလ်မှူးကြီးထွန်းရီနှင့် တပ်ရင်းမှူးများကိုခေါ်တွေ့ရာ မိမိလည်း မိမိ၏တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး တန်ကာဒို့ချ်နှင့် လိုက်ပါသွားရ၏။

မဟာဗျူဟာမှူးမှ မန်ခါးကျောကို မသိမ်းနိုင်ခဲ့သည့် ခမရ (၁၀၇) တပ်ရင်းမှူးအား ပြစ်တင်ကြိမ်းမောင်းပါသည်။ နမူနာအနေဖြင့် သူ၏ပခုံးနောက်ကျောဘက်ကိုလှန်ပြပြီး . . .

"ငါ အင်းစိန်တိုက်ပွဲတုန်းက ဘယ်လိုရှပ်ရှပ်ချုံချုံတိုက်ခဲ့သလဲဆိုတာ ဒီမှာကြည့်၊ စိန်ပြောင်းကျည်တွေထိထားတာ။ အခုထက်ထိကျည်ဆန်အစတွေ မထုတ်ရသေးဘူး။ အနိုင်မခံ အရှုံးမပေးစိတ်နဲ့





တိုက်ခဲ့တာ။ မင်းရော ရန်သူ့ကျည် အခုတိုက်ပွဲမှာထိခဲ့ပြီးပြီလား"

ဟု မြည်တွန်တောက်တီးပြီး ဆူပူကြိမ်းမောင်းပါတော့သည်။

တိုက်ပွဲမှာပြင်းထန်နေဆဲဖြစ်၏။

ဗကပတို့က ကွန်လုံကိုဝိုင်းပတ်ပြီး မြို့သိမ်းတိုက်ပွဲဆင်နွှဲရန်ကြိုးစားနေတာပုံပေါ်နေပြီ။

## ဟိုပန်သို့ သွားရောက်ခြင်း

နိုင်ဝင်ဘာ ၂၆-၂၇ ရက်နေ့တွင် ဗကပများမှ နည်းဗျူဟာပြောင်းပြီး ကွန်လုံမြို့အရှေ့ဘက်ရှိ ဟိုပန်ကို ခြိမ်းခြောက်သိမ်းပိုက်ရန် အားထုတ်လာ၏။

ထိုအခါ မိမိတို့ ခလရ (၆) စစ်ကြောင်း (၁) နှင့် သုံးခွဲသည် ဟာဖြတ်နှင့် **စီစက်** ကူးတို့ဆိပ်များမှနေ၍ ပဲ့ချိတ်စက်လှေများဖြင့် သံလွင်မြစ်အားဖြတ်ကူးကြ၏။ မနက်ပိုင်း မြူနှင်းများဖုံးနေချိန်တွင် ဖြတ်ကြခြင်းဖြစ်သည်။ ရေစီးသန်နေချိန်၌ ကူးခဲ့ကြခြင်းဖြစ်သည်။

မြူနှင်းများကွဲချိန်၌ ဟိုက်ကမ်းပါးတောင်ကုန်းအထက်ရှိ တောင်ကုန်းများပေါ်မှ ရန်သူဗကပများသည် ၇၅ မီလီမီတာနောက်ပွင့်ရိုင်ဖယ်များဖြင့်လည်းကောင်း၊ ပို့ုင့်ဖိုက် စစ်သေနတ်ကြီးများဖြင့်လည်းကောင်း မိမိတို့တပ်ဖွဲ့အား လှမ်းပစ်ကြ၏။

**Under fire** ကြောင့် မြစ်ရေစီးသန်သန်တွင် အတတ်နိုင်ဆုံးခပ်မြန်မြန်ကူးကြရ၏။ ရန်သူ့ကျည်ဆန်များသည် သံလွင်မြစ်တွင်း၌ တဂျိမ်းဂျိမ်းနှင့် ကျရောက်ပေါက်ကွဲရာ မြစ်တွင်း၌ ငါးကြီးများ **Vibration** ကြောင့် ရေပေါ်သို့ ပေါ်လာသည်ကို တွေ့ရ၏။ စစ်သည်များက ကောက်ချင်ကြ၏။ အတော်တားထားခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုပန်ကိုရောက်သော် မြို့ပတ်လည် တောင်ကုန်းများနှင့် မြို့တွင်းအချက်အချာနေရာများ ရုံးဌာနများနှင့် အဝင်အထွက်မြို့ပေါက်များတွင် ခံစစ်ပတ်လည်နေရာယူထားကြရ၏။ မိမိတပ်ခွဲ (၅) မှာ လက်နက်ကြီးတပ်ခွဲဖြစ်သဖြင့် ဟိုပန်မြို့ အထက်တန်းကျောင်းအတွင်း၌ ပစ်ကျင်းကြီးများတူးကာ နေရာယူရပါသည်။ ကျောင်းဝင်းအတွင်း၌ ကျောင်းအုပ်ကြီး ဦးစိုင်းထွန်းအေးနှင့် မိသားစုနေထိုင်ရာ တွေ့ဆုံပြီး ရင်းနှီးစွာစကားပြောဖြစ်ပါသည်။

ကျောင်းအုပ်ကြီးက လိုအပ်သည့် အကူအညီများပေးလေသည်။ ကျောင်းအုပ်ကြီးဇနီးမှာ နမ်းခမ်းမြို့ ပါတီယူနစ်ဥက္ကဋ္ဌ နန်းသိန်းဟန်၏ညီမဖြစ်သည်။ ဒေါ်နန်းသိန်းဟန်သည် နောင်အခါ ဗိုလ်မှူးကြီးကျော်ရင်နှင့် လက်ထပ်ထိမ်းမြားသွားခဲ့၏။ ဟိုပန်အထက်တန်းကျောင်းဝင်းအတွင်း၌ ကျောင်းအိပ်ကျောင်းစား ဘော်ဒါဆောင်ရှိရာ ဝ လူမျိုး ကျောင်းသားကလေးများ နေထိုင်သည်ကို တွေ့ရပါသည်။

၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ည။

မိမိတို့ ဟိုပန်ရောက်တာ လေးငါးရက်ရှိပြီ။

ထိုနေ့ည၌ ရန်သူဗကပများမှ ကွန်လုံအထက် ဟိုက်ကမ်းပါးအား လက်နက်ကြီးပစ်ကူများနှင့် အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကြတော့၏။ မိမိတို့တပ်မတော်မှ ၁၀၅ မီလီမီတာ အမြောက်ကြီးများဖြင့် လေကွဲကျည်များသုံးကာ တန်ပြန်ပစ်ခတ်မှုများကို တစ်ညလုံးမြင်တွေ့နေရပါသည်။ ထိုညက ရန်သူနှင့်မိမိ ဘတစ်ပြန်ကျားတစ်ပြန် ဖြစ်နေကြ၏။ ညသန်းခေါင်နောက်ပိုင်း၌ ရန်သူအရေးနိမ့်သွားတော့၏။ ခံစစ်ဆင်သည့် ခမရ (၁၀၅) နှင့်





ကချင် (၃) တပ်ဖွဲ့များ အောင်ပွဲခံသွားကြ၏။

နောက်တစ်နေ့ ဒီဇင်ဘာ ၁ ရက်တွင် ရန်သူ့နောက်ပိုင်းနေရာနှင့် စစ်ကူများအား လေတပ်မှ T-33 ဂျက်တိုက်လေယာဉ်များဖြင့် ပစ်ကူပေးတိုက်ခိုက်လာသည်ကို ဟိုပန်မှ လှမ်းမြင်နေရ၏။ ရန်သူ ဗကပများမှလည်း မြေပြင်မှနေ၍ ပိုက်ဖိုက်စက်သေနတ်ကြီးများဖြင့် တန်ပြန်ပစ်ခတ်မှုများရှိသည်ကို တွေ့မြင်ရပါသည်။

ဟိုက်ကမ်းပါးတိုက်ပွဲ၌ ခမရ (၁၀၅) တပ်ခွဲနှင့်အတူ မိမိတို့ ခလရ (၆) စစ်ကြောင်း (၂) လည်း ပါဝင်တိုက်ခိုက်ခဲ့ရာ စစ်ကြောင်း (၂) မှူး ဗိုလ်မှူးအောင်မြင့်၏မျက်နှာတွင် မိုင်းစများမှန်ပြီး တပ်ခွဲမှူး ဗိုလ်ကြီးခင်မောင်ဦးမှာ ဒဏ်ရာပြင်းထန်စွာရသွားသဖြင့် ရဟတ်ယာဉ်ဖြင့် လားရှိုးစစ်ဆေးရုံသို့ ပို့ပေးခဲ့ရပါသည်။

## ကွန်လုံသို့ ပြန်ရောက်ပြီ

မိမိတို့ ခလရ (၆) စစ်ကြောင်း (၁) တစ်ခုလုံး ဟိုပန်မြို့မှ ကွန်လုံမြို့သို့ အင်အားဖြည့်နိုင်ရန်ပြန်ခဲ့ရ၏။ အလာတုန်းကအတိုင်း သံလွင်မြစ်ကို ဖြတ်ကူးခဲ့ကြသည်။ **ဟာဖြတ်စီစက်** ကူးတို့ဆိပ်မှ ပင်ဖြစ်၏။ ကွန်လုံတွင် မနားခဲ့ရပါ။ တစ်ဆက်တည်း တာမြစ်ရှန်းလွယ်မြင့်ရှန်းတောင်ကုန်းများအရှေ့ဘက် ပညက်ထန်နှင့် ရှောင်တီလင်ကျောပေါ်သို့ ချီတက်ခြေကုပ်ယူရပါသည်။

ရန်သူဗကပများမှာ ဟိုက်ကမ်းပါးတိုက်ပွဲ၌ အထိနာသွားပြီး ဆုတ်ခွာစပြုနေပါပြီ။

ရန်သူများဆုတ်ခွာစပြုနေချိန် ရှေ့ဆက်ရှင်းရင်း တရုတ်ရှောင်တီလင်ရွာတွင် ခြေကုပ်ယူထားရပါသည်။ ရန်သူနေထိုင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်များကို တွေ့ရ၏။ ရန်သူ့အခြေပြုကို ရှင်းလင်းရာ၌ ၈၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကျည်ခွံများ တပုံတပင်တွေ့ရပါသည်။

ယခင်က ဗကပ၌ နောက်ပွင့်ရိုင်ဖယ်လက်နက်ကြီးများမရှိ မသုံးဟုယူဆနေသော်လည်း ယခု ကွန်လုံတိုက်ပွဲ၌ မျက်မြင် အထောက်အထားများတွေ့ရသောအခါမှ သူတို့ ၈၅ မီလီမီတာ လက်နက်ကြီးများသုံးနေကြောင်း အတည်ပြုနိုင်ခဲ့ပါတော့သည်။

ပညက်တန်၊ ရှောင်တီလင်၊ တာတီလင် ကျေးရွာများ၌ ခြေကုပ်ယူ၍ ယခင်တပ်စခန်းများအား ပြန်လည်သိမ်းပိုက်ခြင်း၊ တောင်ကြောများတစ်လျှောက်ရှင်းလင်းခြင်းများကို ဒီဇင်ဘာလအတွင်း ဆောင်ရွက်ပြီးနောက် မိမိတို့ကွန်လုံသို့ ပြန်လည်ဆင်းခဲ့ကြရပါသည်။

ကွန်လုံတွင် ခလရ (၂) မှ စစ်ကြောင်း (၂) မှူး ဗိုလ်မှူး သော်တာစိန်နှင့် သူ့တပ်ခွဲများကို တွေ့ရ၏။

## ကွန်လုံမှသည် လားရှိုးနှင့် တန့်ယန်းသို့

၁၉၇၂ ခုနှစ် ဇန်နဝါရီလဆန်းတွင် မိမိတို့ ခလရ (၆) တပ်ရင်းတစ်ရင်းလုံး ကွန်လုံမှ ပြန်ဆင်းပြီး လားရှိုးတွင် ခေတ္တ အခြေပြုရပါသည်။ ထို့နောက် လားရှိုးအရှေ့ခြမ်းရှိ တန့်ယန်းသို့ ချီတက်ရပြန်ပါသည်။

လားရှိုးတွင် ခေတ္တအခြေပြုနေခဲ့စဉ်က ဟိုပန်မြို့ အထက် တန်းကျောင်းအုပ်ကြီး ဦးစိုင်းစံထွန်းနှင့် ပြန်လည်တွေ့ဆုံကြပါသည်။

ထိုအခါ ဆရာကြီး စိုင်းစံထွန်းက ... ,

"ဟာ ...ဗိုလ်လုံရေ ခင်ဗျားသိပ်ကံကောင်းတယ်ဗျာ။ ခင်ဗျား ဟိုပန်က ထွက်သွားပြီး နောက်တစ်နေ့မှာ ဗကပတွေက





ဟိုပန်ကိုလက်နက်ကြီးနဲ့ပစ်တာ ကျွန်တော်တို့အထက်တန်းကျောင်း ဝင်းထဲက ဗိုလ်လုံနေခဲ့တဲ့ ကတုတ်ကျင်းပေါ်တဲ့တဲ့ ကျတယ်ဗျာ။ အဲ ... ကျတာမှ ဟိုပန်မှာနေခဲ့တုန်းက မနက် မနက် နေထွက်တဲ့ အခါ ဗိုလ်လုံ နေပူစာလှုံရင်း စာဖတ်တဲ့နေရာကို တိုက်ရိုက်ကြီး ကျတာဗျာ"

"ဩော် ..."

အထက်ပါအတိုင်း ကျောင်းအုပ်ဆရာကြီး ဦးစိုင်းစံထွန်းနှင့် မိမိတို့ အပြန်အလှန်ပြောဖြစ်ခဲ့ကြပါသည်။

တန့်ယန်းမြို့၌ ဒေသခံ ခလရ (၃၃) တပ်ရင်းဌာနချုပ်ဝင်း အတွင်း အခြေပြုရပါသည်။

ဇန်နဝါရီလအတွင်းမှာပင် တန့်ယန်းအရှေ့ခြမ်း သံလွင် အနောက်ဘက်ကမ်း၌ ပြည်ပြေးအဖွဲ့ဟု ယူဆရသော ရန်သူများ ရောက်နေသည်ဟုသတင်းရသဖြင့် ခလရ (၆) စစ်ကြောင်း (၁) နှင့် တပ်ခွဲသုံးခွဲ ထွက်ရှင်းရပါသည်။

မိမိတပ်ခွဲ တပ်ခွဲ (၅) က ပွိုင့်ထွက်ရ၏။

ရန်သူနှင့်ထိတွေ့မှု ဖြစ်ပါသည်။ ရန်သူမှာ ပြည်ပြေးများ မဟုတ်။ ထိုင်ဝမ်ထောက်လှမ်းရေး ခေါ် တရုတ်ဖြူလက်ကျန်များ ဖြစ်ပါသည်။ ၎င်းတို့အား တာလူ့ကွမ်းစောဟုလည်းခေါ်၏။

နှစ်နာရီကျော် သုံးနာရီခန့် တိုက်ပွဲဖြစ်ပြီး ရန်သူများ ဆုတ်သွားကြ၏။

မိမိတပ်ခွဲ (၅) မှ ရန်သူ့စခန်းကုန်းအားသိမ်းမိရာ လက်နက် တိုက်အတွင်းမှ လက်နက်မျိုးစုံ ၁၀ လက်နှင့် ခဲယမ်းမျိုးစုံ ရရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဝမ်ထောက်လှမ်းရေး ခေါ် တရုတ်ဖြူလက်ကျန်တို့သည် အခိုင်အမာ စခန်းဆောက်ထားပြီး ဘက်စကက်ဘောကွင်းများ၊ ရဟတ်ယာဉ်ဆင်းကွင်းများ အသေအချာပြုလုပ်ထားသည်ကို တွေ့ရှိရပါသည်။

နောက်ပိုင်းမှာသိရသည်မှာ ၎င်းထိုင်ဝမ်ထောက်လှမ်းရေး တရုတ်ဖြူများ တန့်ယန်းအရှေ့ခြမ်း ရောက်နေသည်မှာ အချိန်တော် ပင်ကြာခဲ့ပြီဟု နယ်မြေခံတပ်ရင်း ခလရ (၃၃) မှ ပြောပြခဲ့ပါသည်။

**ညောင်လေးပင်သို့ ပြန်လည်ဝင်ရောက်ရခြင်း**


၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလတွင် တန့်ယန်းမိုင်းရယ် နယ်မြေမှ တပ်ရင်းတစ်ရင်းလုံး ပြန်ဆင်းခဲ့ရ၏။ ညောင်လေးပင်သို့ ပြန်လည်ရောက်ရှိပြီး အနားရခဲ့ပါသည်။

ကွန်လုံတိုက်ပွဲကြီး မပြီးဆုံးသေးသည့် ကာလဟုဆိုနိုင်သည့် ၁၉၇၂ ခုနှစ် ဇန်နဝါရီလဆန်း၌ မိမိအား ခလရ (၆) မှ ဗိုလ်သင်တန်းကျောင်းသို့ ပြောင်းမိန့်ထွက်လာ၏။

တပ်ရင်းမှူးမှ ရှေ့တန်းကာလတွင် မပြောင်းရွှေ့စေလိုကြောင်း၊ နောက်တန်းရောက်မှပြောင်းပါရန်ပြောသဖြင့် မပြောင်းဖြစ်ခဲ့ပါ။ နောင်တန်းရောက်မှ ပြောင်းရန်ပြင်ဆင်နေစဉ် စစ်ရာထူးခန့်ချုပ်ရုံးမှ မိမိအား ဗိုလ်သင်တန်းကျောင်းအစား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်းဗထူးသို့ ပြောင်းရွှေ့ရန် ထပ်မံအမိန့်ထွက်လာ၍ ၁၉၇၂ ခုနှစ် မတ်လတွင် တခရ ဗထူးသို့ ပြောင်းရွှေ့ခဲ့ပါသည်။

ဤသည်မှာ မိမိနှင့် ခလရ (၆) တပ်ရင်းတစ်ရင်းလုံး ပါဝင်





ကွန်လုံရက်(၄၀)တိုက်ပွဲကာလက ကွန်လုံချူတာမှူး ဗိုလ်မှူးကြီးထွန်းရီ
ယခု ဒုဗိုလ်ချုပ်ကြီး ကွယ်လွန်

www.burmeseclassic.com

www.burmeseclassic.com




မန်ကြဲ့တိုက်ပွဲ ကာလက ရမခတိုင်းမှူး ဗိုလ်မှူးချုပ် သန်းတင်



ဂျုံးဂျုံးရှက်တိုက်ပွဲ ကာလက တပ်မ(၈၈) တပ်မမှူး ဗိုလ်မှူးကြီးအေးကို
ယခု ဒုဗိုလ်ချုပ်ကြီး ကွယ်လွန်

www.burmeseclassic.com

www.burmeseclassic.com




နောင်လိုင်ပါစန် တိုက်ပွဲကာလက တပ်မ(၆၆) နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဘုန်းမြင့်




ကွန်လုံရက်(၄၀)တိုက်ပွဲကာလက ရမခ တိုင်းမှူး ဗိုလ်မှူးကြီးစိန်ကြည်

www.burmeseclassic.com

www.burmeseclassic.com



ကွန်လုံရက်(၄၀)တိုက်ပွဲကာလက မဟာဗျူဟာမှူး ဗိုလ်မှူးကြီးစိန်မြ
ယခုကွယ်လွန်



ကွန်လုံရက်(၄၀)တိုက်ပွဲကာလအား တလရ(၆)မှ တပ်ခွဲမှူးဗိုလ်ကြီး[illegible]
ယခုဗိုလ်ချုပ်အငြိမ်းစား

www.burmeseclassic.com

www.burmeseclassic.com



ဂျုံးဂျုံးရက်တိုက်ပွဲ အာလတား (၈၈) ခုတပ်မဟာ ဗိုလ်မှူးချုပ် လှထွန်း



၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်ကြီး နေဝင်း

www.burmeseclassic.com

www.burmeseclassic.com



နောင်လိုင် ပါဖန် တိုက်ပွဲကာလက တန်ယန်းဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်အောင်
ယခုဗိုလ်ချုပ်ကြီးကွယ်လွန်



ခဲ့သည့် ကွန်လုံရက် ၄၀ တိုက်ပွဲအတွေ့အကြုံများပင်ဖြစ်ပါ၏။

မိမိတို့တပ်သည် သမိုင်းဝင်ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး၌ ပါဝင်ခဲ့သော်လည်း မည်သူကမျှ ဖော်ပြခဲ့ခြင်းမရှိသဖြင့် မိမိမှ ဤမှတ်တမ်းကိုရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။

မိုလ်ချုပ်ကက်စိန် (ငြိမ်း)

❖ ❖ ❖

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နဲ့ဗိုလ်ချုပ်ကက်စိန်

သောင်းဝေဦး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်နဲ့ ဗိုလ်ချုပ်ကာတ်စိန်

ကျွန်တော်သည် ၁၉၈၈ မှ ၁၉၉၁ ခုနှစ်ထိ ခလရ (၆) တပ်ရင်းမှူးတာဝန် ထမ်းဆောင်ခဲ့သည်ကို ပြောခဲ့ပြီးပါပြီ။ သုံးနှစ်ခန့်ကြာ၏။ ဗိုလ်မှူးမှ ဒုဗိုလ်မှူးကြီးဖြစ်ခဲ့သည်။

ဗိုလ်ချုပ်ကာက်စိန်သည် ခလရ (၆) သို့ ၁၉၇၁ ခုနှစ် စက်တင်ဘာတွင်ရောက်ရှိပြီး ဗိုလ်ကြီးအဆင့်နှင့် တပ်ခွဲမှူးတာဝန် ထမ်းဆောင်ရ၏။ ရောက်ပြီး ရက်အနည်းငယ်အတွင်း ရှမ်းပြည်နယ် မြောက်ပိုင်းသို့ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် ထွက်ခွာခဲ့ရ၏။ ရှေ့တန်းတွင် ကွန်လုံရက် ၄၀ တိုက်ပွဲကြီးနှင့် သွားတိုးနေ၏။ တိုက်ပွဲကြီးပြီးသွားပြီးနောက် တပ်ရင်းနောက်တန်းဌာနချုပ်ရှိသည့် ညောင်လေးပင်သို့ ပြန်လည်ဝင်ရောက်ခဲ့ရ၏။

ခလရ (၆) ရောက်ပြီး လေးငါးလအကြာ ၁၉၇၂ ခုနှစ် ဇန်နဝါရီတွင် ကာကကျင့် ကွပ်ကဲမှုအောက်က ဗိုလ်သင်တန်းကျောင်းသို့ ဗိုလ်ချုပ်ကာက်စိန် တပ်ပြောင်းမိန့်ထွက်သည်။ ဖေဖော်ဝါရီတွင် တစ်ရင်းလုံး တပ်ရင်းပြန်ရောက်ချိန်၌ ကာကကျင့်မှ ဗိုလ်ချုပ်ကာက်စိန်အား ဗထူးရှိ တပ်မတော်ကြည်းတိုက်ခိုက်ရေးကျောင်းသို့ ပြောင်း


www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ တိုက်ခိုက်ရေးကျောင်း၌ ခြေလျင်နည်းပြတာဝန်နှင့် လေ့ကျင့်ရေးတပ်ရေးတာဝန်များကို ထမ်းဆောင်ရသည်။ ငါးနှစ်ခန့်ကြာသွား၏။ ၁၉၇၇ ခုနှစ်တွင် မုဒုံကျောက်တစ်လုံးရှိ ခလရ (၈၁) သို့ **Major Officiating** နှင့်ပြောင်းရ၏။ ဗိုလ်မှူးဖြစ်ပြီးနောက် ဗထူးတပ်ကြပ်သင်ကျောင်းသို့ နည်းပြချုပ် **Chief Instructor** နှင့် ပြန်ရောက်သွား၏။

ထိုအချိန်က ကျွန်တော်သည် ဗထူးတိုက်ခိုက်ရေးကျောင်း၌ ခြေလျင်နည်းပြ စတင်တာဝန်ထမ်းဆောင်နေစဉ်ဖြစ်၏။

ဗထူးတွင် ဗိုလ်ချုပ်ကက်စိန်ကို စတွေ့ဖူးသည်။ မခင်မင်မရင်းနှီးခဲ့ပါ။

၁၉၈၄ ခုနှစ်၌ ကျွန်တော်သည် ဗိုလ်မှူးအဆင့်နှင့် တပ်မ (၈၈) တွင် ဂျီတူး ခေါ် စစ်ဦးစီးမှူးဒုတိယတန်းဖြစ်လာ၏။ ထိုအခါ ဗိုလ်ချုပ်ကက်စိန်က သနက (၆) တပ်ရင်းမှူးဖြစ်နေပေပြီ။ သူနှင့် ကျွန်တော်ပြန်တွေ့ကြတော့ သူသည် အမေရိကန်နိုင်ငံ **Fort Leaven Worth** မှ **C.G.S.C Command and General Staff College** တက်ပြီးပြန်လာခါစ ဖြစ်သည်။ ဗိုလ်ချုပ်ကက်စိန်သည် စာအလွန်တော်သူဖြစ်သည်။ စကားအပြောအဆိုလည်း မွန်ရည်ပေသည်။ ထိုစဉ်က သူ၏သနက (၆) က ကျွန်တော်တို့တပ်မ (၈၈) ကွပ်ကဲမှုအောက်က ဖြစ်၏။

သူ့အား တပ်မမှူးဗိုလ်ချုပ်ထွန်းကြည်က တစ်ဆင့်မြင့်ဂျီဝမ်း ထောက်ခံ၏။ သနက (၆) ကျိုင်းတုံအရှေ နေရစဉ်က တပ်မမှူးသည် မကြာခဏ သနက (၆) ရှိသည့် သစ်တစ်ပင်တောင် ကုန်းသို့ သွားတတ်၏။ ဗိုလ်ချုပ်ကက်စိန်နှင့် စကားပြော၏။





နှစ်ယောက်လုံး အမေရိကန်ပြန် အညာသားများဖြစ်ကြ၍ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစားသည့် သူတော်ကောင်းစစ်သားကြီးများဖြစ်ကြ၏။

၁၉၈၅ ခုနှစ်တွင် ဗိုလ်ချုပ်ကက်စိန်သည် သနက (၆) တပ်ရင်းမှူးမှ တိုက်ရိုက် ရတခသို့ ဗျူဟာမှူးထွက်သွားသည်။

ရတခဗျူဟာမှူးမှ ရန်ကုန်တိုင်း ဒုတိုင်းမှူး ဖြစ်လာ၏။ ထိုအခါ ကျွန်တော်က ရန်ကုန်ရွှေပြည်သာမှာ ခလရ (၆) တပ်ရင်းမှူးလာဖြစ်၏။ တပ် **Admin** အား ရန်ကုန်တိုင်းက ကိုင်သည်။ အဓိက ပုဂ္ဂိုလ်မှာ ဒုတိုင်းမှူး ဖြစ်သည်။ ထို့ကြောင့် ဒုတိုင်းမှူးဗိုလ်ချုပ်ကက်စိန်အား သွားဂါရဝပြုရ၏။

"ကိုသောင်းဝေ မောင်ရင့် ခလရ (၆) က တပ်ကောင်းပါကွ။ ကိုယ်နေဖူးတယ်။ တိုက်ရည်ခိုက်ရည်ရှိတယ်။ ဒါပေမဲ့ ရေး (၃) တော့ နည်းနည်းများတယ် သတိထားကိုင်။ အရင်တပ်ရင်းမှူး ကိုယ့်သူငယ်ချင်း ကိုသိန်းမောင်ကြီးက တပ် **Welfare** ကို သိပ်ဂရုမစိုက်ဘူး။ ကိုသောင်းဝေ စည်းကမ်းထိန်းပြီး တတ်နိုင်တဲ့ သက်သာချောင်ချိရေးလေးတွေ လုပ်ပေးပေါ့ကွာ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

ဤအကြိမ်မှာ ကျွန်တော်နှင့် ဗိုလ်ချုပ်ကက်စိန် ဒုတိယအကြိမ်ပြန်တွေ့ခြင်းဖြစ်၏။

၁၉၉၀ တွင် သူသည် ကျွန်တော်တို့ တပ်မ (၇၇) တွင် တပ်မမှူး လာဖြစ်၏။ သူနှင့်စစ်ဆင်ရေးနှစ်ကြိမ် ကြုံလိုက်သည်။ သူခိုင်းတာတွေ အားလုံးပြီးမြောက်အောင်လုပ်ပေးနိုင်ခဲ့သည်။ တင်းထပ်ရေသွယ်မြောင်းကို သတ်မှတ်ကာလမှာ အပြီးလုပ်ပေးခဲ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တတိယအကြိမ် တွေ့ကြပြန်သည်။

၁၉၉၁ ခုနှစ်၌ ကျွန်တော်ဂျီဝမ်းနှင့် တောင်ပိုင်းတိုင်း ပြောင်းရသည်။ သူလည်းသိပ်မကြာခင်မှာပင် ရတခတိုင်းမှူးဖြစ်သွားသည်။

၁၉၉၅ ခုနှစ် ဇန်နဝါရီ၌ KNU ဗဟို မာနေပလောတိုက်တော့ သူကရှေးတန်းထိလိုက်ပြီး ပွိုင့် ၄၀၄၄ ခွေးအိပ်တောင်ထိပ်မှနေ၍ တိုက်ပွဲကိုကွပ်ကဲနေသည်။

ကျွန်တော်က နည်းဗျူဟာ ၃၃၁ ဗျူဟာမှူးဖြစ်နေပေပြီ။ ဗျူဟာမှူးဘဝတွင် ထွီးဖားဝီကျိုး ခေါ် ခွေးအိပ်တောင်ထိပ်၌ စစ်ကူလိုက်ရင်း ဗိုလ်ချုပ်ကက်စိန်နှင့် စတုတ္ထအကြိမ် ပြန်ဆုံရပြန်သည်။ ခွေးအိပ်တောင်၌ တစ်ညအတူအိပ်ရင်း စကားပြောဖြစ်ခဲ့၏။

၁၉၉၅ ခုနှစ် နှစ်ကုန်တွင် ကျွန်တော် Y.C.D.C ပြောင်းရသည်။ သိပ်မကြာမီမှာပင် သူလည်း ရတခတိုင်းမှူးမှ ကျန်းမာရေးဌာနဝန်ကြီး ဖြစ်သွားသည်။

နယ်ဘက်ရောက်တော့ ရန်ကုန်မှာ မကြာခဏ ပြန်ဆုံကြပါသည်။

Y.C.D.C မှာ ရှစ်နှစ်ခန့် တာဝန်ထမ်းဆောင်ပြီးနောက် ကျွန်တော် အငြိမ်းစားယူသည်။ ဗိုလ်ချုပ်နှင့် ကျွန်တော် ရှေ့ဆင့်နောက်ဆင့် အငြိမ်းစားယူဖြစ်ကြသည်။ အငြိမ်းစားဘဝတွင် တပ်ထဲတုန်းကလို အခင်မင်မပျက် အသွားအလာမပျက်ခဲ့ပါ။

သို့ဖြစ်ပါ၍ ခလရ (၆) နှင့် ဗိုလ်ချုပ်ပါဝင်ခဲ့သော ကွန်လုံတိုက်ပွဲအပိုင်းအစအား ဤစာအုပ်၌ ဆက်စပ် ဖော်ပြလိုက်ရပါသည် ခင်ဗျား။





တစ်ဆက်တည်း ဗိုလ်ချုပ်ကက်စိန် ကိုယ်ရေးအကျဉ်းကို ဖော်ပြလိုပါသေးသည်။

ဗိုလ်ချုပ်ကက်စိန်အား ပခုက္ကူမြို့နယ် ကိုင်းရွာတွင် ကုန်သည်မိဘများမှ မွေးဖွားသည်။ B.Sc အောင်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် ၂၉ သို့တက်ရောက်ပြီး ကြည်းတပ်၌ ပြန်တမ်းဝင်အရာရှိဖြစ်လာသည်။

ဗိုလ်သင်တန်းဆင်းပြီးနောက် ခမရ (၁၀၂)၊ ခလရ (၆)၊ တပ်မတော်ကြည်းတိုက်ခိုက်ရေးကျောင်း၊ ခလရ (၈၁)၊ တပ်ကြပ်သင်ကျောင်း၊ ခလရ (၁၆) နှင့် ၁၉၈၃ ခုနှစ်တွင် သနက (၆) ၌ တပ်ရင်းမှူးဖြစ်လာသည်။ တပ်ရင်းမှူးဘဝ၌ အမေရိကန်နိုင်ငံ Forth Leaven Worth တွင် C.G.S.C သင်တန်းတက်ခဲ့ရသည်။ ၎င်းနောက် ရတခ စစ်ဗျူဟာမှူး၊ နိုင်ငံတော်သမ္မတရုံးညွှန်ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး၊ တပ်မ (၇၇) တပ်မမှူး၊ အရှေ့တောင်ပိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် နောက်ဆုံးတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာမှ အငြိမ်းစားယူခဲ့သည်။

ကျွန်တော်နှင့်ရင်းနှီးလာသောအခါ ဗိုလ်ချုပ်ကက်စိန်က တစ်ခါတွင် ကျွန်တော့်အား အောက်ပါအတိုင်းပြောဖူး၏။

"ကိုသောင်းဝေရဲ့ ကိုယ်က တပ်မှာ ဂျီသရီး၊ ဂျီတူး၊ ဂျီဝမ်း တစ်ခါမှမလုပ်ဖူးဘူးကွ။ PSO တော့ ခဏလုပ်ခဲ့ဖူးတယ်"

ဟုပြောဖူးလေသည်။

"ဗိုလ်ချုပ်နာမည်က ကက်စိန်ဆိုတော့ အတော်ထူးဆန်းတယ်။ ရာထူးကြီးတွေပေးတော့ပေါ့ မင်းတို့ ကြည့်ကြပါဦးကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ကက်စိန်ဆိုတော့ တရုတ်များဖြစ်နေမလားလို့ဆိုပြီး လူကြီးတွေကပြော တယ်လို့ ကြားဖူးပါတယ်''

ဟု ထိုကိစ္စကိုမေးတော့ ဗိုလ်ချုပ်ကက်စိန်က ပြုံးလေသည်။ အညာပခုက္ကူသားက တရုတ်ကြီးတော့ မဖြစ်နိုင်ပါ။

အဖေ ကက်ရိုက်နေတုန်းမွေးလို့ ကက်စိန်မှည့်လိုက်တာ ဖြစ်မှာပေါ့ဟု ပြောသူတွေကပြောကြ၏။

''ကိုယ့်အဖေက အရောင်းအဝယ်ကိစ္စနဲ့ မြစ်ဝကျွန်းပေါ်ကို ခဏခဏရောက်တော့ ကိုယ့်မွေးတော့ မြစ်ဝကျွန်းပေါ်က သူ့ သူငယ်ချင်း ကရင်ကြီး ဦးကက်စိန်နဲ့ သိပ်တူတာပဲဆိုပြီး ကက်စိန် လို့မှည့်လိုက်တာပါ။ တစ်ခြားအကြောင်းမဟုတ်ပါဘူး''

ဟု သူနာမည်ကိစ္စရှင်းပြမှ အကျိုးအကြောင်းအမှန်ကို သိရ ပါသည်။ ဇနီး ဒေါ်ယဉ်ယဉ်မြင့်နှင့် သားတစ်ယောက် သမီးသုံး ယောက်ရှိသည်။

ယခုအခါ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့် **Palm Court Villa** တွင် နေထိုင်လျက်ရှိပါသည်။

ဤကား ကွန်လုံ ရက် ၄၀ တိုက်ပွဲအပိုင်းအစအား ဖြည့် စွက်ရေးသားခဲ့သည့် ဗိုလ်ချုပ်ကက်စိန်အကြောင်းပါခင်ဗျား။

သောင်းဝေဦး

❖ ❖ ❖





ဗိုလ်မှူးကြီးအောင်လွင်

www.burmeseclassic.com

www.burmeseclassic.com

# နောက်တစ်ယောက်ရှိပါသေးသည်

သောင်းဝေဦး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်ယောက်ရှိပါသေးသည်

ဖုန်ကြားရှင်တို့၊ နော်ဆိုင်းတို့ဦးစီးသည့် ဗကပအင်အား ၄၀၀၀ ခန့် ကွန်လုံကို ရက်ပေါင်း ၄၀ ကြာ တိုက်ခိုက်ခဲ့သည့် တိုက်ပွဲကြီး၌ ပါဝင်ခဲ့သော ကျွန်တော့်အထက် အရာရှိကြီးတစ်ဦး ရှိပါသေးသည်။

သူကား ၁၉၈၅ ခုနှစ်က တွဲဖက်စစ်ရာထူးခန့်ချုပ် လုပ်သွားသည့် ဗိုလ်မှူးကြီးအောင်လွင်ပါတည်း။

သူနှင့်ကျွန်တော်သည် ၁၉၇၈ ခုနှစ်က နောင်လိုင်ပါဖန် တိုက်ပွဲကြီး၌ တန့်ယန်းစစ်ဗျူဟာမှာ စသိကြသည်။ သူက ဗျူဟာ ဂျီတူးဖြစ်သည်။ တိုက်ပွဲပြင်းထန်နေစဉ်ကာလမို့ သူနှင့်ကျွန်တော် စကားနည်းနည်းသာ ပြောဖြစ်ခဲ့၏။ ဖြူဖြူဖွေးဖွေး ထောင်ထောင် မောင်းမောင်းနှင့် သန့်ပြန့်သော ဥပဓိရုပ်ရှိသူဖြစ်သည်။

၁၉၈၁ ခုနှစ်၌ သူသည် ဒုဗိုလ်မှူးကြီးအဆင့်နှင့် စစ်ဦးစီး တက္ကသိုလ်လာတက်တော့ ကျွန်တော်က တိုက်ခိုက်ရေးကျောင်း၊ တပ်ရေးဗိုလ်ကြီးနှင့် ပြန်တွေ့ကြရ၏။ သူ့အတွက် စာအုပ်စာတမ်းများ ကျွန်တော်ရှာပေးခဲ့ဖူး၏။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးခင်ညွန့်လိုပင် သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးသွားခဲ့၏။

၁၉၈၅ ခုနှစ်တွင် ကျွန်တော် ခလရ (၇၁) အောင်လံ၌ ဒုတပ်ရင်းမှူးဖြစ်လာ၏။ ၁၉၈၆ ခုနှစ်တွင် ကျွန်တော့်အား စစ်ရုံး ကကထူးမှ ကကကျောင်းသို့ တွဲဖက်ခေါ်၏။ မသွားချင်ပါ။ ခလရ (၇၁) တွင် အလွန်ပျော်နေသည်။ မိုးမိတ်တစ်လှည့်၊ မဘိမ်းတစ်လှည့် **Outpost** ထိုင်ရသည်။ မိုးမိတ်တွင် ဂေါက်ရိုက်သင်ရင်း ပျော်ရွှင်နေ၏။ စစ်ကလည်း တိုက်စရာမရှိ။

စစ်မတိုက်ရမှ ကကကျောင်းတွဲရသည်ဆိုတော့ အရသာနည်းနည်းဆိုးသွား၏။ ကကကျောင်းတွင် မနေချင်ကြောင်း ဗိုလ်မှူးကြီးအောင်လွင်နှင့် တွေ့သည့်အခါပြောမိသည်။

"ဟ ... ကိုသောင်းဝေရဲ့ ကျောင်းကို မောင်ရင်တွဲလိုက်တာ ကိုယ်ကွ။ မောင်ရင်တို့ ဉစတအပတ်စဉ်က ပထမရတဲ့ ကိုစိုးဝင်း တပ်ရင်းမှူးဖြစ်နေပြီ။ ဒုတိယရတဲ့ ကိုစိုးလွင် တပ်ရင်းမှူးဖြစ်နေပြီ။ တတိယရတဲ့ ကိုစိန်ဝင်း တပ်ရင်းမှူးဖြစ်နေပြီ၊ မောင်ရင်က ပဥ္စမကွ။ စတုတ္ထရတဲ့ ကိုတင်အောင်နိုင်က ဉစတနည်းပြနဲ့ ပြောင်းသွားပြီ"

"ဒါ့ကြောင့် ပဥ္စမရတဲ့ မောင်ရင့်ကို ကိုယ်ရွေးပြီး ကျောင့်တွဲပေးလိုက်တာ။ ကျောင်းမှာ မောင်ရင် အမေရိကန်သွားဖို့ စာမေးပွဲဖြေရအောင်လည်း ကိုယ်ပြောထားတယ်။ မောင်ရင် အေးအေးဆေးဆေးနားပြီး စာဖတ်စာရေး ရတာပေါ့ကွာ"

ဟု ဆီးပြီးပြောပါလေတော့သည်။

ဤသို့ဖြင့် ကျွန်တော်သည် ဗိုလ်မှူးကြီးအောင်လွင် ကောင်းမှုကြောင့် ကျောင်းတွင် စာရေးတော်ကြီးဘဝသို့ ကျရောက်သွား၏၊ ဗိုလ်မှူးချုပ်စိန်ရှနှင့် ဗိုလ်မှူးကြီးမြတ်သင်းတို့၏ ဩဝါဒများကိုနာခံရတော့၏။





"မောင်ရင်က တပ်ရင်းမှူးဖြစ်ဖို့ လိုသေးတယ်ကွ။ မောင်ရင့်အထက်မှာ တန်းစီထားတာ တပ်ရင်းမှူးပေးဖို့ လူ ၂၀ အစိပ်ရှိတယ်၊ ဒါကြောင့်ပါ"

ဟုလည်း ဗိုလ်မှူးကြီးအောင်လွင်က ပြောပါသေးသည်။

ကကကျောင်းမှာ ၁၉၈၈ ခုနှစ် နှစ်လည်အထိ သင်ခန်းစာများပြုစုခဲ့ရပါသည်။ တိုက်ပွဲသုံးသပ်ချက်များ ရေးခဲ့ရပါသည်။ ထို ၆ လတာကာလကြောင့် နောင်အခါ ကျွန်တော့်အတွက် စာရေးစရာများရရှိခဲ့ပြီး စစ်သားစာရေးဆရာဖြစ်လာခဲ့ရပါသည်ခင်ဗျား။

ဗိုလ်မှူးကြီးအောင်လွင်၏ ကျေးဇူးများဖြစ်ပါ၏။

ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီးကာလက ဗိုလ်မှူးကြီးအောင်လွင်သည် ဒုတပ်ရင်းမှူးတာဝန်ဖြင့် ကွန်လုံ ကချင် (၃) တပ်ရင်းတွင် တာဝန်ထမ်းဆောင်နေပါသည်။

ထိုတိုက်ပွဲကြီး၌ သူပါဝင်ဆောင်ရွက်ခဲ့သည်များအား ကျွန်တော့်အားပြောပြပြီး စာပါရေးပေးပါသည်။

သို့ဖြစ်၍ ကွန်လုံရက် ၄၀ တိုက်ပွဲကြီးနှင့် လောက်ကိုင်ဒေသအကြောင်းများအား သူရေးသားထားသည့်အတိုင်း ဖော်ပြပေးလိုက်ရပါသည်ခင်ဗျား။

**သောင်းဝေဦး**

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်ပါဝင်သော ကွန်လုံ ရက် (၄၀)တိုက်ပွဲကြီးအကြောင်း နှင့် လောက်ကိုင်ဒေသအကြောင်း သိကောင်းစရာများ

ဗိုလ်မှူးကြီးအောင်လွင်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ပါဝင်သော တွန့်လုံ ရုတ် ၄၀ တိုက်ပွဲကြီးအကြောင်းနှင့် လောက်ကိုင်ဒေသအကြောင်း သိကောင်းစရာများ

ရေးသူ – ဗိုလ်မှူးကြီးအောင်လွင်

### နယ်ခြားဒေသအုပ်ချုပ်ရေးနှင့် ကိုးကန့်(လောက်ကိုင်ဒေသ)

၁၉၅၅ ခုနှစ်၊ ဦးနုအစိုးရလက်ထက်က တပ်မတော်မှ ဗိုလ်မှူးကြီးစောမြင့်(ကွယ်လွန်)သည် ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများနှင့်အတူ "ယိမ်းနွဲ့ပါး" စစ်တံခွန်ကို ဦးဆောင်ချီတက်ခဲ့ရာ ကိုးကန့်ဒေသသို့ ရောက်ရှိခဲ့ပါသည်။ အင်းဝနှင့် ကုန်းဘောင်ဘုရင်များလက်ထက်က ကိုးကန့်ဟူ၍ ရှိနေပြီဖြစ်ကြောင်း ပဒေသရာဇ်အုပ်ချုပ်သော ပြည်နယ်အဖြစ် မြန်မာဘုရင်မင်းအဆက်ဆက် လက်အောက်ခံအခွန်ဘဏ္ဍာဆက်သရသည့် ပြည်နယ်သီးခြားဖြစ်ကြောင်း၊ ရှမ်းပြည်နယ် သိန္နီကဲ့သို့ပင် အဆင့်အတန်းတူ သီးခြားပြည်နယ်ဖြစ်ကြောင်း၊ မြန်မာဘုရင်ခေတ်က မြန်မာ့တပ်မတော်သည် စစ်ဆောင်းပါးနား(ယခု တရုတ်ပြည်)သို့ ချီတက်ရာတွင် ကိုးကန့်မြင်းတပ်လည်း ပါဝင်ခဲ့ကြောင်း ကျိုင်းတုံဒေသမှတစ်ဆင့် ယိုးဒယားသို့ စစ်ချီရာတွင်လည်း ပါဝင်ခဲ့ကြောင်း စသည်ဖြင့် "ယိမ်းနွဲ့ပါး"

www.burmeseclassic.com



အစီရင်ခံစာကို အစိုးရထံသို့ တင်သွင်းခဲ့ပါသည်။

၁၉၆၀ ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနကို ဖွဲ့စည်းခဲ့ပါသည်။ နယ်ခြားဒေသအုပ်ချုပ်ရေးဖွဲ့စည်းခဲ့သည့် ရည်ရွယ်ချက်မှာ –

- နယ်ခြားဒေသနယ်စပ်အထိ လုံခြုံရေး
- ဗဟိုအုပ်ချုပ်ရေးအာဏာ ပြန့်နှံ့တည်တံ့ခိုင်မြဲရေး
- နယ်ခြားဒေသတိုးတက်ဖွံ့ဖြိုးရေးတို့ပင်ဖြစ်သည်။

တရုတ်–မြန်မာ နယ်နိမိတ်ဆောင်ရွက်ရန်အတွက် မိမိတို့ဘက်မှ လွှန်စွာအရေးကြီးသောဒေသအချို့ကို နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်သို့ ကာလအပိုင်းအခြားသတ်မှတ်စေပြီး နယ်ခြားအထူးအုပ်ချုပ်ရေးနယ်မြေအဖြစ် ယာယီလွှဲပြောင်းဆောင်ရွက်ခဲ့သည်။ ယင်းနယ်မြေများ၏ တရားစီရင်ရေး၊ အခွန်ကောက်ခံရေး၊ သာမန်အုပ်ချုပ်ရေးကိစ္စများကို လက်ရှိပြည်နယ်အုပ်ချုပ်ရေးပဒေသရာဇ်အာဏာပိုင်များကို ဆက်လက်ကိုင်တွယ်စေပြီး နယ်ခြားအုပ်ချုပ်ရေးဌာနက နယ်ခြားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးချုပ်ရုံး ဘဏ္ဍာငွေမှကျခံပြီး အမြန်အကောင်အထည်ဖော်ခဲ့ကြသည်။

၁၉၆၀ ခုနှစ်မှာပင် ကာကွယ်ရေးဝန်ကြီးဌာနတွင် ''ဘာဘ စစ်ဆင်ရေး'' ဌာနချုပ် **(OPS Burma Boundary)** ဖွဲ့စည်းခဲ့ပါသည်။ စစ်ဆင်ရေးမှူးကြီးအဖြစ် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်ကြီးက ဘာဘစစ်ဦးစီးချုပ်အဖြစ်၊ နယ်ခြားချုပ်အဖြစ် ဗိုလ်မှူးကြီးစောမြင့်ကပဲ ဆောင်ရွက်ခဲ့ပါသည်။ ဘာဘစစ်ဆင်ရေး အောင်မြင်စွာပြီးဆုံးခဲ့ပြီး ၁၉၆၀ ခုနှစ် အောက်တိုဘာလ ၁





ရက်နေ့တွင် တရုတ်ပြည် ပီကင်းမြို့၌ နှစ်နိုင်ငံဝန်ကြီးချုပ်တို့ စာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။

ကွန်လုံနယ်ခြားခရိုင် (ကိုးကန့်ဒေသ)ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်။

- ဗိုလ်မှူးသန်းလှိုင် (သမဝါယမဝန်ကြီး ကွယ်လွန်) – နယ်ခြားခရိုင်ဝန်
- ဗိုလ်ကြီးသူရကျော်စွာ (မှူးကြီး ငြိမ်း) နယ်ခြားဝန်ထောက်
- ဗိုလ်မှူးအောင်လွင် (ကျွန်တော်) နယ်ခြားမြို့ပိုင် (လောက်ကိုင်၊ ဆင့်ကိုင်)
- ဗိုလ်ချစ်လှိုင် (ကွယ်လွန်) နယ်ခြားမြို့ပိုင် (ဆုံကန်)
- ဗိုလ်သောင်းစိန် (ကွယ်လွန်) နယ်ခြားမြို့ပိုင် (လုံထန်)

ယင်းဒေသအတွင်း လုပ်ဆောင်ချက်များမှာ –

- မြန်မာ–တရုတ်နယ်နိမိတ်မှတ်တိုင်ဟောင်းများစစ်ဆေးခြင်း
- နယ်နိမိတ်အသစ်သတ်မှတ်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း
- လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း
- ကွန်လုံကြိုးတံတားတည်ဆောက်ခြင်း
- ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း
- တစ်ဖက်နိုင်ငံ အုပ်ချုပ်ရေး၊ လုံခြုံရေးအဖွဲ့များနှင့် ထိတွေ့ဆက်ဆံခြင်း (အပြန်အလှန် လည်ပတ်ခြင်း)
- တပ်မတော် နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- ကိုးကန့်အုပ်ချုပ်ရေးကောင်စီနှင့် ထိတွေ့ဆက်ဆံခြင်း၊ ကိုးကန့်ကောင်စီကို ကိုးကန့်စော်ဘွား၏ညီမ Olive Yang



www.burmeseclassic.com

www.burmeseclassic.com



(ယောက်ျားစိတ်ပေါက်နေသူ)က ကြိုးကိုင်ချယ်လှယ်သည်။

ကျွန်တော်သည် ဆင့်ကိုင်–လောက်ကိုင် နယ်ခြားမြို့ပိုင် တာဝန်ကို ခေတ္တဆောင်ရွက်ပြီးနောက် မြောက်ပိုင်း "ဝ"နယ်၊ မိုင်းမောသို့ နယ်ခြားဝန်ထောက်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်နှစ်ခန့်အကြာတွင် ဆင့်ကိုင်–လောက်ကိုင် နယ်ခြားဝန်ထောက်အဖြစ် ထပ်မံပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်က ဗိုလ်ကြီးအောင်လွင်ဖြစ်နေပါပြီ။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ တက်လာချိန်တွင် ဝန်ကြီးချုပ်ဦးနုသည် ထိုင်းနိုင်ငံသို့ ပြည်ပြေးအဖြစ် ရောက်ရှိသွား၍ အောက်လွှတ်တော်အမတ်အဖြစ် တာဝန်ယူခဲ့သော ကိုးကန့်စော်ဘွား၏ညီဖြစ်သူ ယန်ကျင့်ရှိန် **Jimmy Yang** သည် ကိုးကန့်သို့ရောက်ရှိလာပြီး လူသူလက်နက်စုဆောင်းကာ အစိုးရအား ဆန့်ကျင်ကာ ပဒေသရာဇ်ကို ပြန်လည်အသက်သွင်းရန် ကြိုးစားခဲ့သည်။

တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဘအောင် ဦးစီးခဲ့သော အမှတ် (၆) သေနတ်ကိုင်တပ်ရင်းသည် ဂျင်မီယန်း ဦးစီးသော လက်နက်ကိုင်သောင်းကျန်းသူများအား နှိမ်နင်းရန် ကိုးကန့်နယ် ကျွန်တော်ရုံးစိုက်ရာ ဆင့်ကိုင် (လောက်ကိုင်) သို့ ရောက်ရှိလာပါသည်။ သနက (၆) နှင့်အတူ တာရွှေထန်သို့ချီတက်ရန် ပြင်ဆင်နေချိန်တွင် ကိုးကန့်အုပ်ချုပ်ရေးတာဝန်ခံ ဦးယန်ကွေးကြီးမှ ကျွန်တော်ထံ ဆက်သားလွှတ်၍ စာရေးသားဆက်သွယ်ပါသည်။ တာရွှေထန်ရောက်လျှင် ကိုယ်တိုင်ဆက်သွယ်ရန်ဖြစ်သည်။ တာရွှေထန်ရောက်သောအခါ ၎င်းတို့၏လက်နက်ကိုင်စခန်းသို့ ကျွန်တော်ကိုယ်တိုင်သွားရောက်တွေ့ဆုံရာတွင် ကိုးကန့်အုပ်ချုပ်ရေးတာဝန်ခံ ဦးယန်ကွေး





ကြီးနှင့် လက်နက်ကိုင်တပ်ရင်းမှူး ဦးဆူးဝင်လုံတို့က ၎င်းတို့သည် ဂျင်မီးယန်းလက်အောက်တွင် မနေလိုကြောင်း၊ တပ်မတော်သို့ လက်နက်များအပ်နှံပြီး အစိုးရလက်အောက်တွင်သာ နေထိုင်လိုကြောင်းပြောပါသည်။ ၎င်းနောက် ဗိုလ်မှူးကြီးဘအောင်ထံ အင်အား ၃၀၀ ခန့် လက်နက်အပ်နှံကြပါသည်။ ဆက်လက်၍ သနက (၆) နှင့်အတူ ကိုးကန့်ဒေသမြောက်ပိုင်း ဆုံကန်အထိ ချီတက်ရာတွင် ကိုးကန့်လက်နက်ကိုင်အများစုသည် လက်နက်များ အပ်နှံခဲ့ကြပါသည်။ ဂျင်မီယန်းနှင့် အင်အားအနည်းငယ်သာ ကိုးကန့်ဒေသကိုစွန့်ခွာပြီး ထိုင်းနယ်ထဲသို့ ရောက်ရှိသွားပါသည်။ ဂျင်မီယန်းသည် ပြည်ပြေးဦးနုထံ ပူးပေါင်းသွားပါသည်။

၁၉၇၃ ခုနှစ် ဧပြီလတွင် အစိုးရသည် ပိုမိုကျစ်လစ်ခိုင်မာသော နိုင်ငံတော်ကာကွယ်ရေးကို တည်ဆောက်ရန် ဒေသအသီးသီးမှ ကာကွယ်ရေးကို ဖျက်သိမ်းစေပြီး မြန်မာ့တပ်မတော်သို့ ဝင်ရောက်ရန် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

ကိုးကန့်ကာကွယ်ရေးအင်အား ၂၀၀ ခန့် တပ်မတော်ထံ လက်နက်အပ်နှံခဲ့ပါသည်။ လော်စစ်ဟန် ဦးစီးအင်အားအချို့ တောခိုသွားပါသည်။ လော်စစ်ဟန်သည် ထိုင်းနယ်စပ်အရောက်တွင် ထိုင်းရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကိုခံရပြီး မြန်မာအစိုးရသို့ လွှဲပြောင်းပေးပါသည်။ လော်စစ်ဟန်သည် ထောင်ကျခဲ့ပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှလွတ်မြောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကိုးကန့်အကြောင်းသိကောင်းစရာ

ကိုးကန့်လူမျိုး စတည်လာသည်မှာ နှစ်ပေါင်း ၃၀၀ ကျော် ရှိပြီဟု သိရပါသည်။ ၁၆၅၈ ခုနှစ်တွင် တရုတ်ပြည်၏ မင်ခေတ် နောက်ဆုံးဘုရင် ကျူးယူလန်သည် စစ်ရှုံးသဖြင့် ယူနန်ပြည်နယ်မှ တစ်ဆင့် ရှမ်းပြည်ကိုဖြတ်ကာ အင်းဝသို့ရောက်ရှိလာပြီး မြန်မာ ဘုရင်ထံ ခိုလှုံခွင့်တောင်းခဲ့သည်။ တရုတ်ပြည် မန်ချူးဘုရင်တပ်များ ကလည်း ထပ်ချပ်မကွာ နောက်မှလိုက်လာပါသည်။ မန်ချူးနှင့် အင်းဝဘုရင်တို့က ငြိမ်းချမ်းစွာညှိနှိုင်းပြီး ကျူးယူလန်ကို မန်ချူးတို့ လက်သို့ အပ်နှံလိုက်ပါသည်။ မန်ချူးတို့သည် ကျူးယူလန်အား တရုတ်ပြည်သို့ ပြန်ခေါ်သွားပြီး ယူနန်ပြည်နယ် ကူမင်းမြို့တွင် သေဒဏ်ပေးလိုက်ကြောင်းသိရပါသည်။ ကျူးယူလန်၏ နောက် လိုက်များနှင့် ကိုယ်ရံတော်တပ်တွေ ယခုကိုးကန့်ဒေသတွင် တိမ်း ရှောင်ခိုလှုံရင်း ဒေသခံတိုင်းရင်းသူများနှင့် အိမ်ထောင်ပြုပြီး အခြေတကျ နေထိုင်ခဲ့ကြပါသည်။ လူ (၉) ဦးအုပ်ချုပ်သဖြင့် ရှမ်း ဘာသာဖြင့် ''ကောက်ကန့်'' မှ ''ကိုးကန့်'' ဟုခေါ်ဆိုကြပါသည်။ မာလီရှူးပင်များကိုအစွဲပြု၍ မာလီပါးဒေသဟုလည်း ခေါ်ကြသည်။

## ကျွန်တော်နှင့် အမှတ် (၃) ကချင်သေနတ်ကိုင်တပ်ရင်း (ကွန်လုံ)

ကျွန်တော်သည် ၂၂–၉–ရ၁ တွင် ယာယီဌာနချုပ်တပ်ခွဲမှူး (ဒုရင်းမှူး)တာဝန်ဖြင့် ကချင် (၃) သို့ ရောက်ရှိခဲ့ပါသည်။ ရောက်ရှိ ချိန်တွင် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ဒင် ဆေးရုံတက် နေသဖြင့် ကျွန်တော်သည် ခေတ္တတပ်ရင်းမှူးတာဝန်ကိုပါ ပူးတွဲ ထမ်းဆောင်ရပါသည်။ ၁၉–၁၁–ရ၁ နေ့တွင် ဗကပများသည်





ကွမ်းလုံခံစစ်ဒေသသို့ စတင်ပစ်ခတ်တိုက်ခိုက်ပါသည်။

ကွန်လုံတွင် ကချင် (၃) တပ်ရင်းဌာနချုပ်၊ ဌာနချုပ် တပ်ခွဲနှင့် ဟိုက်ကမ်းပါးတောင်ကုန်းတွင် ခြေလျင်တပ်ခွဲ (၁) သာရှိပြီး ကျန်တပ်ခွဲ (၅) နှင့် အခြားတပ်ခွဲများမှ ဟိုပန်ဒေသတွင်ရှိပါသည်။ တပ်မ (၇၇) မှ ခမရ (၁၀၅) ၏ ရှေ့တန်းဌာနချုပ်သည် ကွန်လုံမြို့ ABC ကုန်းတွင်ရှိပြီး၊ မန်ခါ၊ လွိုင်ကုန်းဆာ (ရှောင်တီလင်)နှင့် ဟိုက်ကမ်းပါးတွင် တပ်ဖြန့်ထားပါသည်။ ၂၀–၁၁–ရ၁ နေ့တွင် ဗကပ်များသည် မန်ခါ၊ ခမရ (၁၀၅) စခန်းအား စတင်တိုက်ခိုက် ပါသည်။

၂၀–၁၁–ရ၁ နေ့တွင် ရပခ နယ်လှည့်စစ်ဗျူဟာ (၁) စစ်ဗျူဟာမှူးကြီး ဗိုလ်မှူးကြီးထွန်းရီ ကွန်လုံသို့ရောက်ရှိကာ ကွန်လုံ ကချင် (၃) တပ်ဌာနချုပ်အနီး D ကုန်းတွင် ကွပ်ကဲမှူးရုံး ဖွင့်လှစ် ကွပ်ကဲပါသည်။ ကွပ်ကဲမှုအဖွဲ့တွင် –

- ဗိုလ်မှူးကြီး ထွန်းရီ၊ နယ်လှည့်စစ်ဗျူဟာမှူး
- ရဲမှူး ဦးထွန်းလင်း၊ ခရိုင်ရဲမှူး (ကွန်လုံ)
- ဗိုလ်ကြီး/ဗိုလ်မှူးအောင်လွင်၊ ကချင် (၃)
- ဗိုလ်အောင်စိုးကြည်၊ စစ်ဦးစီးမှူး (တ) ရပခ
- ၁၀၅ မီလီမီတာ အမြောက်စခန်းတွင် ဗိုလ်ကြီးအောင်သန်း (ယာယီတပ်ခွဲမှူး) ကွပ်ကဲပါသည်။

ဗိုလ်သိန်းမြင့်ဦးစီးသည့် ခမရ (၁၀၅) သည် ၂၀–၁၁–ရ၁ နေ့မှ ၂ ရက်နှင့် တစ်ည ခုခံတိုက်ခိုက်ခဲ့ပါသည်။ ၂ ဦးကျ ၁၁ ဦးဒဏ်ရာရပြီး စခန်းအား စွန့်ခွာခဲ့ရပါသည်။

၂၆–၁၁–ရ၁ တွင် ခွဲမှူး ဗိုလ်ချစ်ဟန် ဦးစီး ခမရ ၁၀၅



www.burmeseclassic.com

www.burmeseclassic.com



သည် ရှောင်တီလင်(လွိုင်ကုန်းဆာ)စခန်းမှ စွန့်ခွာခဲ့ပြီး ၂၈–၁၁–ရ၁ နေ့တွင် ခမရ (၁၀၅) စစ်ကြောင်းရုံးသို့ ပူးပေါင်းခဲ့ပါသည်။

၃၀–၁၁–ရ၁ နေ့တွင် ဗကပသည် ဟိုက်ကမ်းပါးစခန်းအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ရာ ၂၀း၃၀ နာရီတွင် ခမရ (၁၀၅) ကချင် (၃) ခလရ (၆) စစ်သည်များ စခန်းအား ခေတ္တ ဆုတ်ခွာရပါသည်။

စစ်ဗျူဟာမှူးကြီးသည် ကွပ်ကဲမှုရုံး D ကုန်းမှ ကြိုးတံတားကို ဖြတ်ကာ ခမရ (၁၀၅) စစ်ကြောင်းရုံးသို့ ရောက်ရှိပြီး ဆုတ်ခွာလာသော စစ်သည်များအား စိတ်ဓာတ်မြှင့်တင်ကွပ်ကဲကာ ၁၀၅ မီလီမီတာ အမြောက်ပစ်ကူဖြင့် ဟိုက်ကမ်းပါးအား ပြန်လည်တိုက်ခိုက်ခဲ့ရာ ၁–၁၂–ရ၁ ၀၁း၀၀ နာရီတွင် ဟိုက်ကမ်းပါးအား အောင်မြင်စွာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။

**ကျွန်တော်နှင့် ရက် ၄၀ တိုက်ပွဲ**

တိုက်ပွဲကာလအတွင်း ကျွန်တော်သည် စစ်ဗျူဟာမှူးကြီး နှင့်အတူ D ကုန်း ကွပ်ကဲမှုအဖွဲ့တွင်အတူ ရှိနေပါသည်။

စစ်ဗျူဟာမှူး၏တာဝန်ပေးမှုဖြင့် D ကုန်းပေါ်မှ ၇၆ မီလီမီတာ နောက်ပွင့်လက်နက်ကြီး ၂ လက်ဖြင့် ရန်သူစိုးမိုးထားသောကုန်းများဆီသို့ ပစ်ခတ်ရပါသည်။

ကွန်လုံကြိုးတံတားအနီး အရက်ဖိုရှိ လော်စစ်ဟန်စခန်းဆီသို့ ဗိုလ်အောင်စိုးကြည်နှင့်အတူ သတင်းယူရန်သွားစဉ် ရန်သူမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ပါသည်။ မိမိဂျစ်ကားအနီး ကျည်များ ကျရောက်ပေါက်ကွဲခဲ့သော်လည်း ထိခိုက်ထိမှန်ခြင်းမရှိပါ။





မိမိနောက်ကျော မန်ပိန်းရွာရှိ ကချင် (၃) အိမ်ထောင်သည်များနှင့် အခြားအိမ်ထောင်သည်များအား KIA မှ ဆက်ကြေးလာတောင်းသဖြင့် မိမိမှရှင်းထုတ်လိုက်ရပါသည်။

အမှတ် (၃) ကချင်သေနတ်ကိုင်တပ်ရင်း ဌာနချုပ်တပ်ခွဲသည် စစ်ဗျူဟာကွပ်ကဲမှု၏ လုံခြုံရေး၊ ၁၀၅ မီလီမီတာ အမြောက်စခန်းလုံခြုံရေး၊ ရဟတ်ယာဉ်ကွင်းလုံခြုံရေးနှင့် ကွန်လုံ–နားတီး ဆက်သွယ်ရေးလမ်းကြောင်းလုံခြုံရေး၊ မန်ပိန်းရွာရှိ မိမိစစ်သည် အိမ်ထောင်သည်များ၏လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ရပါသည်။

၂၉–၁၁–ရ၁ နေ့တွင် မိမိရှေ့တန်း ကချင် (၃) ကောင်းကော် စခန်းအား ဗကပများမှ လက်နက်ကြီးများဖြင့် အဆက်မပြတ်ပစ်ခတ်နေသဖြင့် စစ်ဗျူဟာမှူးမှ ဟိုပန်တိုက်ခံရမည်ကိုစိုးရိမ်ပြီး ကျွန်တော့်အား ဟိုပန်ရှေ့တန်းရုံးသို့ ကွပ်ကဲရန် တာဝန်ပေးစေလွှတ်သဖြင့် ၃၀–၁၁–ရ၁ နေ့တွင် ဟိုပန်သို့ ထွက်ခဲ့ပါသည်။ ၎င်းနေ့ညတွင် ဗကပသည် ဟိုက်ကမ်းပါးကို အလုံးအရင်းဖြင့် တိုက်ခိုက်ပါတော့သည်။ ဟိုပန်ကို အယောင်ပြပြီး ဟိုက်ကမ်းပါးကို ဝင်တိုက်ခြင်းဖြစ်ပါသည်။

**စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းရီ(ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ ကွယ်လွန်)၏ ရဲရင့်ပြတ်သားသည့် သမိုင်းဝင် မှတ်တမ်းစကားများ**

ဟိုက်ကမ်းပါးမှ စစ်သည်များ ဆုတ်ခွာကြောင်း သိလျှင်သိခြင်း ဗျူဟာမှူးကြီး D ကုန်းကွပ်ကဲမှုစခန်းမှ ခမရ (၁၀၅) ရှေ့တန်းရုံးသို့ ဂျစ်ကားဖြင့်ထွက်လာရာ ကွန်လုံကြိုးတံတားတွင်ရပ်ပြီး စစ်ဦးစီးမှူးတတိယတန်း ဗိုလ်အောင်စိုးကြည်အား မိန့်မှာသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



"နားလေးဗိုလ် ... စက်လတ်နှစ်လက်ကို ဒီမှာဆင်။ အသင့်ပြင်ထား။ ကြောက်လို့ပြေးလာတဲ့ကောင်ဆိုရင် ငါပဲဖြစ်ဖြစ် မင်းပဲဖြစ်ဖြစ် ပစ်လို့အမိန့်ပေး"

ထိုအချိန်မှာပင် ရပခတိုင်းမှူးထံသို့ ကြေးနန်းစာတို ရောက်လာပါသည်။

**"ဗိုလ်ထွန်းရီ ... ဂျပန်ခေတ်က စိတ်ဓာတ်ကိုမွေးပါ"**

ဟုဖြစ်ပါသည်။

ဗျူဟာမှူးက ချက်ချင်းကြေးနန်းစာကို ပြန်ပို့ခိုင်းလိုက်သည်မှာ –

**"တိုင်းမှူး ... ကွန်လုံကျသွားရင် ကျွန်တော့်အလောင်းကို ကွန်လုံမှာလာယူပါ"**

ဟု ပြန်ကြားခဲ့သည်။

ရပခတိုင်းမှူးမှာ ဗိုလ်မှူးချုပ်စံကြည် ဖြစ်ပါသည်။

ဗျူဟာမှူးသည် ခမရ (၁၀၅) စစ်ကြောင်းရုံးသို့ရောက်ရှိလာပြီး တပ်ရင်းမှူးနှင့် ဟိုက်ကမ်းပါးမှ ဆုတ်ခွာလာသော အရာရှိစစ်သည်များအား မိန့်ကြားသည်မှာ –

"ဒီ ခမရ (၁၀၅) စတင်ဖွဲ့စည်းကတည်းက ငါပါဝင်ခဲ့တယ်။ တိုက်ပွဲပေါင်းများစွာ ပါဝင်တိုက်ခိုက်ခဲ့တယ်။ အောင်ပွဲတွေ အလီလီရခဲ့တယ်။ အရေးကြီးစခန်းတွေကို စွန့်ခွာခဲ့ရတဲ့ အစဉ်အလာမရှိဘူး။ ဟိုက်ကမ်းပါးကို အခုပြန်တိုက်မယ်။ တိုက်ရဲလား၊ သေရဲလား"

ဟု မိန့်ကြားရာ ခမရ (၁၀၅) တပ်ရင်းမှူးနှင့် စစ်သည်များက "တိုက်ရဲတယ်၊ သေရဲတယ်" ဟု အော်ဟစ်ကာ ဟိုက်ကမ်း





ပါးကို ချီတက်တိုက်ခိုက်အောင်မြင်ခဲ့ပါသည်။

**ကွန်လုံဒေသ သိကောင်းစရာ**

ကွန်လုံသည် ရှမ်းဘာသာစကားဖြစ်ပါသည်။ ကွမ်း/ကွန်မှာ ကျွန်းဖြစ်ပြီး လုံမှာ ကြီးဟု အဓိပ္ပာယ်ရပါသည်။ မြန်မာလို ကျွန်းကြီး ဖြစ်ပါသည်။ နမ့်မတိမ်းချောင်းနှင့် သံလွင်မြစ်ဆုံသည့်နေရာတွင် ဖြစ်ပေါ်နေသောကျွန်းကို အစွဲပြုခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

ဟိုက်ကမ်းပါးဆိုသည်မှာလည်း **ဟီးကမ်းပါး** ရှမ်းစကားဖြစ်ပါသည်။ ဟီးဆိုသည်မှာ ရှမ်းလို မိန်းမကိုယ် **Vagina** ကို ခေါ်ပါသည်။ မိန်းမကိုယ်နှင့်တူသဖြင့် မိန်းမကိုယ်တောင် (ဟီးကမ်းပါး)ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။ မိန်းမကိုယ်နှင့်တူအောင် တရုတ်စစ်သည်များက ဖန်တီးပြုလုပ်၍ သံလွင်တစ်ဘက်ကမ်းသို့ ရောက်ရှိနေသော မြန်မာမင်း (ဆင်ဖြူရှင်)စစ်သည်များကို ပြောင်လှောင်ခြင်းဖြစ်သည်ဟု သိရှိရပါသည်။

ဤသည်မှာ ဗိုလ်မှူးကြီးအောင်လွင်၏ ဖော်ပြချက်များပါခင်ဗျား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး

သောင်းဝေဦး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး

ရေးသူ–သောင်းဇေဦး

ဖုန်ကြားရှင်နှင့်တိုက်ပွဲများကိုဆက်ရပါက ၁၉၇၈ ခုနှစ်တွင် တိုက်ခဲ့သည့် ဗကပတပ်မဟာ (၈) နှင့် (၁၂) နှစ်ခုပေါင်း၊ လူ ၂၀၀၀ ကျော်နှင့် ဗမာ့တပ်မတော်တို့တိုက်ခဲ့ကြသည့် နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီးဖြစ်၏။

ထိုတိုက်ပွဲ၌ ဖုန်ကြားရှင်သည် ဗကပဗဟိုကော်မတီဝင် ရဲဘော်ထွန်းလွင်နှင့်အတူ စစ်ဦးစီးအဖွဲ့တွင် ပါဝင်ခဲ့၏။

ထိုတိုက်ပွဲ၌ စာရေးသူကျွန်တော်ကိုယ်တိုင် ပါဝင်ခဲ့၏။ တစ်ရက်လုံးလုံး တပ်ခွဲတစ်ခွဲနှင့် ရန်သူ ၅၀၀ ကိုခံချပြီး လူကုန် ကျည်ကုန်တော့ တိုက်ပွဲဝင်က ပြေးခဲ့ရ၏။ မပြေးရင် အဖမ်းခံရ မယ်လေ။

၂၄ ယောက်ကျပြီး ၁၈ ယောက်ဒဏ်ရာရကာ ၈ ယောက် အဖမ်းခံခဲ့ရ၏။ ၁၀ ယောက်ကျော်ကျော်သာ အပြေးကောင်း၍ လွတ်လာခဲ့သည်။ လက်နက်စုံ ၃၄ လက် ဆုံးရှုံးခဲ့၏။

ဒီတိုက်ပွဲနှင့်ပတ်သက်ပြီး ကျွန်တော်ပါဝင်သော နောင်လိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဖန်နှင့် ပို့င့် ၆၀၄၁ တိုက်ပွဲကြီး စာအုပ်ကို ကျွန်တော်ရေးခဲ့ပြီး ဖြစ်သည်။ ဒီတိုက်ပွဲနှင့်ပတ်သက်ပြီး ပြောစရာအများကြီးရှိ၏။ အဓိကတာဝန်ရှိသူများမှာ အဆင့်မြင့်စစ်ခေါင်းဆောင်ကြီးများ ဖြစ်သည့် ရမခတိုင်းမှူးနှင့် တန့်ယန်းဗျူဟာမှူးတို့ဖြစ်ကြ၏။

နောင်လိုင်ပါဖန်နှင့် ပို့င့် ၆၀၄၁ တိုက်ပွဲကြီးမတိုင်မီ ဗကပတို့သည် ကွန်လုံဒေသရှိ တာတိလင် ရှီကလာနှင့် အဖွတ်ထို ဒေသများကို တပ်မဟာ (၈)နှင့် (၁၂) ပူးပေါင်းကာ ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

ထိုတိုက်ပွဲ၌ မိမိစခန်းများ ကျဆုံးပြီး လူ ၅၃ ဦးကျဆုံး ၇၉ ဦးဒဏ်ရာရ၍ ၅၉ ဦးပျောက်ဆုံးကာ လက်နက်စုံ ၁၂၆ လက်ဆုံးရှုံးခဲ့ရ၏။

အချိန်မှာ ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ဖြစ်၏။

စစ်ရှိန်တက်နေသော ဗကပတို့သည် တိုက်ပွဲများကို မရပ် နားဘဲ ၁၉၇၈ ခုနှစ်၊ မတ်လဆန်းတွင် တန့်ယန်းမြောက်ခြမ်းရှိ နောင်လိုင်ပါဖန်နှင့် ပို့င့် ၆၀၄၁ လွယ်စန့်ဒေသများကို လူအင်အား ၂၀၀၀ ကျော်နှင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြန်၏။

ဤတိုက်ပွဲကြီး၌ ပို့င့် ၆၀၄၁ တိုက်ပွဲကြီးမှာ အဓိက အကျဆုံးသော တိုက်ပွဲဖြစ်၏။

၎င်းတိုက်ပွဲကို ဖော်ပြပါမည်။

၁၉၇၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ဗကပ တပ်မဟာ (၈) နှင့် တပ်မဟာ (၁၂) မှ အင်အားစုများသည် တာဆိုင်းလျှံကူးတို့ဆိပ်မှဖြတ်ကူး၍ လွယ်စန့်သို့ ရောက်လာကြောင်း ကျေးရွာလူထုမှ သတင်းပေးချက်အရ ပို့င့် ၆၀၄၁ စခန်းမှ တပ်ခွဲမှူး





ဗိုလ်ကြီးသိန်းထွန်းတင်သည် နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန် များ ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ခင်မောင်အေး ဦးစီးသော လှုပ်ရှား တပ်စုကို စခန်းသို့ပြန်လည်ခေါ်ယူပြီး လွယ်စန့်စခန်းမှ အင်အား ၆ ယောက်ပါ တပ်စိတ် ၁ စိတ် ထုတ်နုတ်ကာ လက်နက်ကြီး ခြေကုပ်စခန်းအဖြစ် ရန်သူများအသုံးပြုနိုင်သည့် ပို့င့် ၅၀၅၈ တောင်ကုန်း၌ ကင်းပုန်းဝပ်ရန် စေလွှတ်သည်။

လမ်းတွင် စခန်းသို့ပြန်လာသော လှုပ်ရှားတပ်စုနှင့်တွေ့၍ ဗိုလ်ခင်မောင်အေးက ယင်းတပ်စိတ်ကို သူကိုယ်တိုင်ကွပ်ကဲ၍ ကင်းပုန်းဝပ်ရန် တပ်ခွဲမှူးထံခွင့်ပန်ပြီး ကင်းပုန်းဝပ်ခဲ့သည်။ ထိုနေ့ည ၉ နာရီအချိန်ခန့်တွင် သံလွင်ဘက်မှလာသော ဗကပအင်အား ၈၀ ခန့်သည် လက်နက်ကြီးအဖွဲ့နှင့်အတူ ကင်းပုန်းဝပ်နေရာ တောင်ကုန်း သို့ချဉ်းကပ်လာ၍ တပ်မတော်မှ ကိုက် ၅၀ ခန့်အကွာတွင် စတင် ပစ်ခတ်၍ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်။

ရန်သူသည် တောင်ကုန်းအား သိမ်းပိုက်ရန် အကြိမ်ကြိမ် ကြိုးပမ်းသော်လည်း အထိနာစွာ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ သို့သော်လက်နက်ကြီးများ ပစ်ကူယူ၍ တောင်ကုန်းကိုသိမ်းနိုင်အောင် ကြိုးပမ်းရာ ပို့င့် ၆၀၄၁ စခန်းမှ လက်နက်ကြီးဖြင့် ပစ်ကူ တိုက်ခိုက်သည်။

ဗကပတို့ ၅ ကြိမ်တိတိ လုံးစွပ်ထိုးတိုက်ခိုက်သည်ကို တပ်မတော်မှ ခုခံနိုင်ခဲ့သော်လည်း ဗကပတို့က ဝိုင်းပတ်တိုက်ခိုက်ရန် ကြိုးပမ်း၍ ကင်းပုန်းတပ်စိတ်သည် ပင်မကုန်းသို့ ဆုတ်ခွာလာရာ လမ်းတွင် ရန်သူက ထပ်မံတိုက်ခိုက်၍ ဗိုလ်ခင်မောင်အေး ကျဆုံး သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗကပတို့သည် ထိုပွိုင့် ၅၀၅၈ တောင်ကုန်းအား ခြေကုပ်ယူကာ ယင်းမှတဆင့် တောင်ကြောအတိုင်း စခန်းသို့ ချဉ်းကပ်လာခဲ့ကြပြီး နားလိမ်ရွာဘက်၌ တပ်ဖြန့်ရင်းငြိမ်နေကာ ပွိုင့် ၆၀၄၁ စခန်းအား ရင်ဆိုင်လာခဲ့သည်။

နောက်တစ်နေ့ မတ်လ ၇ ရက်နေ့တွင် နံနက် ၆ နာရီမှစတင်ကာ ဗကပအင်အား ၆၀၀ ခန့်သည် လက်နက်ကြီးပစ်ကူယူ၍ နောင်လိုင်နှင့် ပါဖန်စခန်းတို့အား တိုက်ခိုက်ပြီး မွန်းလွဲ ၁ နာရီခန့်တွင် ရန်သူဘက်မှ ငြိမ်သွားသည်။

ထိုအချိန်တွင် ရန်သူ၏တပ်ဖြန့်ခွဲမှုကိုသိလို၍ ပွိုင့် ၆၀၄၁ စခန်းမှ နားလိမ်ရွာသို့ ကင်းထောက်စေလွှတ်ရာ ရွာအတွင်း၌ ရန်သူ ၃၀ ခန့်နှင့် အနီးကပ်တိုက်ပွဲဖြစ်ပွားခဲ့သည်။

ထိုအဖွဲ့မှ စစ်သည် ၁ ဦးကျဆုံးခဲ့ပြီး စခန်းသို့ ညနေ ၃ နာရီတွင် ပြန်လည်ရောက်ရှိသည်။ ဗကပ ၂၀၀ ခန့်သည် ပွိုင့် ၆၀၄၁ တောင်ကုန်းစခန်း ၂ ခုကြားသို့ ဝင်ရောက်လာပြီး လက်နက်ကြီး၊ လက်နက်ငယ် လောင်ချာတို့ဖြင့် ပစ်ခတ်တိုက်ခိုက်၍ စခန်း ၂ ခုမှ ခုခံပစ်ခတ်သဖြင့် ရန်သူအကျအဆုံးများစွာဖြင့် ဆုတ်ခွာသည်။

မတ်လ ၈ ရက်နေ့ နံနက် ၆ နာရီမှစ၍ ဗကပတို့သည် ၈၂ မီလီမီတာ စိန်ပြောင်း၊ ၇၅ မီလီမီတာ၊ နောက်ပွင့်ပွိုင့် ၅ စက်သေနတ်၊ ၆၀ မီလီမီတာ စိန်ပြောင်းတို့ဖြင့် ပြင်းထန်စွာပစ်ခတ်သော်လည်း တပ်မတော်မှ ပြန်လည်ပစ်ခတ်ခြင်း မပြုခဲ့ချေ။ ဗကပတို့သည် တောင်ဘက်စခန်းကုန်းအား တောင်ဘက်မျက်နှာစာမှ ချဉ်းကပ်တိုက်ခိုက်ပြန်ရာ တပ်မတော်မှ ချဉ်းကပ်လာသော ရန်သူ





များကို လက်ပစ်ဗုံးနှင့် ပစ်ခတ်တိုက်ခတ်၍ ရန်သူများ ပြန်ဆုတ်သွားသည်။

အလားတူပင် မြောက်ဘက်စခန်းကုန်းကိုလည်း မြောက်ဘက်ချောင်းမှ ၄၀ မီလီမီတာ လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်၍ စခန်းပေါ်မှ ၂ လက်မစိန်ပြောင်ဖြင့် ပစ်ခတ်သဖြင့် ရန်သူများ ပြန်ဆုတ်သွားသည်။

မတ်လ ၉ ရက်နေ့တွင် ဗိုလ်ကြီးသိန်းထွန်းတင် ဦးဆောင်၍ အင်အား ၅၇ ဦးသာရှိသည့် တောင်ကုန်းစခန်း၏ တောင်ဘက်နှင့် မြောက်ဘက်စခန်းများအား မြောက်ဘက်မျက်နှာစာမှ သိမ်းပိုက်ရန် အားထုတ်ရာ တပ်မတော်မှ အပြင်းအထန်ပြန်လည်ခုခံရာ ရန်သူအကျအဆုံးများစွာဖြင့် ဆုတ်ခွာရသည်။

မတ်လ ၁၀ ရက်နေ့တွင်မူ အထိနာနေသော ဗကပတို့သည် ခြံစည်းရိုးနှင့်စခန်းအား မီးလောင်တိုက်သွင်းရန် စခန်းအခြေမှ မီးတင်ရှို့၍ မီးလောင်သွားအောင် ကြိုးစားလာပြန်ရာ မူလကပင် မီးတားအဖွဲ့၊ ငြိမ်းသတ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားသော တပ်မတော်က ငြိမ်းသတ်နိုင်ခဲ့သည်။

မီးငြိမ်းသတ်နေစဉ် ရန်သူက ပွိုင့် ၅ စက်သေနတ်ဖြင့် ပစ်ခတ်၍ စစ်သည်အချို့ ဒဏ်ရာရသည်။ မတ်လ ၁၁ ရက်နေ့တွင်မူ ဗကပတို့သည် အဝေးမှလက်နက်ကြီးများဖြင့်လည်းကောင်း၊ လက်နက်ငယ်တစ်ကမ်းအကွာမှလည်းကောင်း ပစ်ခတ်ခဲ့သော်လည်း ထိရောက်မှုမရှိ၍ တပ်မတော်မှ ပြန်လည်ပစ်ခတ်ခြင်းမပြုဘဲ ငြိမ်သက်စွာစောင့်ဆိုင်းနေကြသည်။ ထိုနေ့ မွန်းလွဲ ၁ နာရီအချိန်ခန့်တွင် ပါဖန်ဘက်မှ ရန်သူအင်အား ၅၀ ခန့် လွယ်စန့်ရွာသို့ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပူးပေါင်းလာသည်။

ထိုအချိန်တွင် ဗကပတို့သည် ပန်ဆင်တွင် ကွပ်ကဲမှုအဖွဲ့ထားရှိပြီး ၈၂ မီလီမီတာနှင့် ၇၅ မီလီမီတာတို့အား တောင်ဘက်စခန်းကုန်း၏ တောင်ဘက်ရှိ ပွိုင့် ၅၀၈၁ တောင်ကုန်းသို့ ပြောင်းရွှေ့နေသည်။

မတ်လ ၁၂ ရက်နေ့တွင် ဗကပတို့သည် နံနက် ၆ နာရီမှ စတင်၍ လက်နက်ကြီးများဖြင့် စုပြုံပစ်ခတ်ကာ အနောက်မြောက်ဘက်နှင့် တောင်ဘက်မျက်နှာစာစခန်း ၂ ခုအကြားမှ ချဉ်းကပ်လာကြပြီး ခြံစည်းရိုးများကို ကြိုးဖြင့်ဆွဲခြင်း၊ မပြိုသောခြံစည်းရိုးများကို ၄၀ မီလီမီတာလောင်ချာဖြင့် ပစ်ခတ်ဖြိုခွင်းခြင်းများ ပြုလုပ်သည်။

ထို့နောက် အသုတ်လိုက် တက်လာကြပြီး မြောက်ဘက်တောင်ကုန်းအား အင်အား ၂၀၀ ခန့်ဖြင့်လည်းကောင်း၊ တောင်ဘက်တောင်ကုန်းအား အင်အား ၁၅၀ ခန့်ဖြင့်လည်းကောင်း ချဉ်းကပ်တိုက်ခိုက်၍ မိမိတပ်မတော်သားများက ကျည်တစ်တောင့် လူတစ်ယောက်နှုန်းပြန်လည်ပစ်ခတ်သည်။

ရန်သူတို့သည် အထိနာသော်လည်း တပ်မတော်သားများကို လုံးထွေးရစ်ပတ်တိုက်ခိုက်ရန် ကြိုးပမ်း၍ တပ်မတော်မှ ပြန်လည်တွန်းလှန်ခဲ့ရသည့် တပ်မတော်သားများ၏ပစ်ခတ်မှုဖြင့် ကတုတ်ကျင်းများ၏နှုတ်ခမ်းဝတွင် ကျဆုံးသွားသော ရန်သူအလောင်းများထံမှ အမ်-၂၃ စက်လေး ၁၁ လက်၊ အမ်-၂၂ ၄ လက်၊ ၄၀ မီလီမီတာ လောင်ချာတစ်လက်တို့ သိမ်းဆည်းယူ၍ ထိုလက်နက်များဖြင့်ပင် ရန်သူတို့ကိုပြန်ပစ်ခတ်ခဲ့သည်။

ထိုနေ့ နေ့လည်တွင် ရန်သူတို့လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်ကာ စခန်းအား သိမ်းပိုက်ရန် ထပ်မံကြိုးပမ်းသည်။ တပ်ခွဲမှူး ဗိုလ်ကြီးသိန်းထွန်းတင်သည်ကိုယ်တိုင်၂ လက်မ စိန်ပြောင်းဖြင့် ပစ်ခတ် တိုက်ပွဲဝင်နေစဉ် ရန်သူ၏လောင်ချာ ၄ လုံးဆက်တိုက် အနီးသို့ကျရောက်ပေါက်ကွဲ၍ မျက်လုံးတွင် ဒဏ်ရာရရှိခဲ့ရာ ထိုဒဏ်ရာရသော မျက်လုံးကို ပုဆိုးစဖြင့်ချည်နှောင်၍ ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။

ထိုတိုက်ပွဲသည်လည်း အနီးကပ်တိုက်ပွဲဖြစ်၍ တိုက်ပွဲမှာ ပြင်းထန်လှပေသည်။

မြောက်ဘက်စခန်းကုန်းတွင် တပ်မတော်သား ၄ ဦး ကျဆုံးကာ ၃ ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် တောင်ဘက်စခန်းကုန်းကိုလည်း ဗကပတို့ အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၍ လေကြောင်းပစ်ကူ ခေါ်ယူပစ်ခတ်စေရသည်။

ရန်သူတို့သည် ခြံစည်းရိုးအစပ်တွင် အလောင်း ၇၀ ခန့် ပြန့်ကျဲကျန်ပြီး ဆုတ်ခွာသွားကြသည်။ သို့ရာတွင် တောင်ဘက်စခန်းကုန်းတွင် ဒဏ်ရာရသူများပြား၍ တပ်ခွဲရုံးစခန်းနှင့် ပူးပေါင်းရန်ကြိုးစားရာမှ ရန်သူ၏ဖြတ်တောက်တိုက်ခိုက်ရေးကင်းနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး စခန်းမှူး ကျဆုံးခဲ့သည်။

မြောက်ဘက်စခန်းကိုမူ ရန်သူများ မသိမ်းနိုင်ဘဲ အကျအဆုံးများစွာဖြင့် ပြန်ဆုတ်သွားသည်။

မတ်လ ၁၃ ရက်နေ့တွင် ပွိုင့် ၆၀၄၁ စခန်း၏ တောင်ဘက်ကုန်းတွင် ဗကပ ၅၀ ခန့် တက်ရောက်နေရာယူသည်။ ထို့ကြောင့် လေကြောင်းပစ်ကူတောင်းပြီး တောင်ဘက်စခန်းကုန်းသို့







www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ချေမှုန်းစေသည်။

ထို့နောက်ပိုင်းတွင် ရန်သူသည် ပင်မစခန်းကုန်းအား လက်နက်ကြီးများဖြင့်ဖိပစ်ပြီး စီးနင်းရန် ကြိုးပမ်းသော်လည်း တပ်မတော်မှ အပြင်းအထန်ခုခံ၍ ရန်သူများ အလောင်းထမ်းပြီး ဆုတ်ခွာရသည်။

ထိုနေ့ ညနေ ၃ နာရီခန့်တွင် ဗကပ ၇၀ ခန့်သည် လွယ်စန့်ရွာဘက်မှ ပွိုင့် ၆၀၄၁ တောင်ကုန်း ပတ်ဝန်းကျင်သို့ အင်အားပြခဲ့သည်။

ညနေ ၅ နာရီခန့်တွင်လည်း နောင်လိုင်နှင့် ပါဖန်ဘက်မှ လား ၁၄ ကောင်နှင့် ဗကပ အင်အား ၃၀၀ ခန့် ထပ်ဖြည့်ရောက်ရှိလာပြန်သည်။ မိမိတပ်ခွဲမှူးသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်ရန်ပြင်ဆင်ပြီး အထက်ဌာနသို့လည်း နောက်တစ်နေ့ နံနက် ၆ နာရီတိတိ အချိန်တွင် အဆက်အသွယ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိတို့စခန်းပေါ်သို့ လေကြောင်းပစ်ကူပေးရန် တင်ပြတောင်းခံသည်။

ဗကပများသည် အမှောင်ထုကို အကာအကွယ်ပြုရန် မြောက်ဘက်တောင်ကုန်းအား စခန်း ၂ ခု အကြားမှ အနီးကပ်ချဉ်းကပ်တိုက်ခိုက်ရန်စီစဉ်သည်။

ရန်သူ၏ကျင်းတူးသံကို စခန်းမှ အတိုင်းသားကြားရသည်။

ထိုအချိန်မှာပင် ရန်သူသည် ဖြန့်ခွဲထားသော လက်နက်ကြီးများဖြင့် စခန်းပေါ်သို့ စုပုံပစ်ခတ်၍ စခန်းရှိတဲများ ကျည်ထိမှန်ကာ မီးလောင်သည်။

ထိုမီးရောင်ကြောင့် တပ်စုမှူး၏ လှုပ်ရှားကွပ်ကဲနေပုံကို





ဗကပတို့မြင်၍နောက်ပွင့်ရိုင်ဖယ်ဖြင့် ချိန်တွယ်ပစ်ခတ်သည်။ ခြစည်းရိုးများ အပိုင်းပိုင်းပြတ်တောက်သွားခဲ့သည်။

ယင်းအခြေအနေတွင် တပ်ခွဲမှူးသည် ရန်သူများစွာကို ချေမှုန်းပစ်ရေးကိုသာ အလေးထားခဲ့သော်လည်း မိမိတပ်မတော်သားများတွင် ကျည်ဆန် များစွာနည်းပါးနေသည်။

ပျမ်းမျှ တစ်ယောက်လျှင် ကျည်အရေအတွက် ၂၀ ခန့်သာကျန်တော့သည်။ သို့ဖြင့် တပ်ခွဲမှူးသည် အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ အလေးအနက်စဉ်းစားပြီး ထိုနေ့ည ၈ နာရီတိတိတွင် အနောက်ဘက်မျက်နှာစာမှ ဖောက်ထွက်ရန် ဆုံးဖြတ်လိုက်သည်။

တပ်ခွဲမှူးသည် ဖောက်ထွက်နိုင်ရေးအတွက် အဖွဲ့များကို စနစ်တကျဖွဲ့စည်းသည်။ အလုပ်သင်ဗိုလ်နှင့် အင်အား ၅ ဦး နောက်ချန်နေပြီး စခန်းကို ခေတ္တထိန်းသိမ်းကာ နာရီဝက်ခန့်အကြာမှ တပ်ခွဲမှူးဖောက်ထွက်ရာလမ်းအတိုင်း လိုက်သွားသည်။

တပ်ခွဲမှူးနှင့်အဖွဲ့သည် နမ့်လောင်ချောင်းဖျားသို့ မတ်လ ၁၄ ရက်နေ့ နံနက် ၁ နာရီခန့်တွင် ရောက်ရှိသည်။

ထိုနေရာတွင်ပင် ဖြစ်သလိုအိပ်ကြပြီး နံနက် ၃ နာရီတွင်မှ နမ့်လောင်ချောင်းအတိုင်း ဆက်လက်ဆင်းခဲ့ရာ သံလွင်မြစ်ကမ်းသို့ နေ့လယ် ၁၂ နာရီခန့်တွင် ရောက်သည်။

နောက်တစ်နေ့တွင် အထောက်တော်လွှတ်ရန် ပန်မွန်းရွာသားများနှင့်ဆက်သွယ်နိုင်ခဲ့၍ ရွာသားများက စခန်းမှ ဖောက်ထွက်လာရာမှ ခြေထောက်ဒဏ်ရာဖြင့် လူစုကွဲလာသော တပ်သားတစ်ဦးကို တပ်ခွဲမှူးထံ အပ်နှံသည်။

ထို့နောက် လမ်းပြ ၂ ယောက်ဖြင့် နန်းကြိမ်ရွာသို့ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လက်ပေးပို့သည်။

နန်းကြိမ်ရွာတောင်ယာထဲတွင် မိမိတို့ထက် အလျင်ရောက်နေသော တောင်ဘက်ကုန်းစခန်းမှ ဖောက်ထွက်လာသူ တပ်ကြွပ်ယမားဆင်တပ်စိတ်နှင့် တွေ့သည်။

တဖြည်းဖြည်းနှင့် ပါဖန်မှဖောက်ထွက်လာသော တပ်စိတ် ၁ စိတ်၊ နောက်ချန်အလုပ်သင်ဗိုလ်နှင့်အဖွဲ့တို့ရောက်လာပြီး မတ်လ ၁၆ ရက်နေ့တွင် အားလုံးပြန်ပေါင်းမိသည်။

ပိန်းလွန်းရွာသို့ တပ်ခွဲမှူးက အထောက်တော်စေလွှတ်ရာ အမှတ် (၁၀၄) ခြေမြန်တပ်ရင်းစစ်ကြောင်းနှင့် အဆက်အသွယ်ရပြီး ပူးပေါင်းခဲ့သည်။

ထိုမှ အဆင့်ဆင့်ပို့ဆောင်ပေးခဲ့ရာ မတ်လ ၁၇ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန်ခန့်တွင် တန့်ယန်းသို့ ရောက်ရှိသည်။

ဤသည်မှာ ဗိုလ်မှူးသိန်းထွန်းတင်(ထိုစဉ်က ဗိုလ်ကြီး)၏ အဖြစ်အပျက်ဖြစ်ပါသည်။

ဒီတိုက်ပွဲကြီးမှာ ကျွန်တော်ကိုယ်တိုင်ပါသဖြင့် ကျွန်တော့် အဖြစ်အပျက်ကိုလည်း အကျဉ်းမျှတင်ပြပါရစေ။

❖ ❖ ❖



# ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်တိုက်ပွဲ

## သောင်းဝေဦး



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်တိုက်ပွဲ

ကျွန်တော်သည် မိုင်းရယ် ခလရ (၆၇) မှ နောင်လိုင်တပ်စခန်း၌ ၁၉၇၇ ခုနှစ် နိုဝင်ဘာမှ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ တပ်ခွဲတစ်ခွဲနှင့် စခန်းထိန်းတာဝန်ထမ်းဆောင်ခဲ့ရ၏။

လကုန်ရက်တွင် ကျွန်တော့်တပ်ခွဲအား ခလရ (၃၃) တန့်ယန်းမှ ဗိုလ်ကြီးသောင်းထွန်း ဦးဆောင်သော တပ်ခွဲတစ်ခွဲမှ လာလဲသည်။ ကားလေးစီးနှင့် ဖြစ်၏။

နောင်လိုင်မှအပြန် တန့်ယန်း၌ ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်အောင် (ယခု၊ ဒုဗိုလ်ချုပ်ကြီး ကွယ်လွန်) နှင့်တွေ့၏။

"ဘာထူးလဲ တပ်ခွဲမှူး"

"တာဆိုင်းလျှံကူးတို့ဘက်မှာ ဗကပတွေ လှေဖေါင်တွေ၊ ဝါးဖေါင်တွေလုပ်နေတာ သတင်းရပါတယ်"

ကျွန်တော်တင်ပြသည်ကို ဗျူဟာမှူးမှ သိပ်ပြီးမယုံ။

"ဟုတ်ရဲ့လား ဟော့ကောင်ရဲ့"

"ဒီဘက်က သူကြီးတချို့ ဟိုဘက်ကလှမ်းခေါ်လို့ သွားရင်း တွေ့ခဲ့တာ ခင်ဗျ။ ဒီလာခါနီး ကျွန်တော် မနေ့တစ်နေ့က ခေါ်တွေ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါပြောတာပါ''

''အဲဒီမှာ သူတို့သိတဲ့ ဗဟိုကော်မတီဝင် ဖော်မိုင် ခေါ် ကျော်မြင့်ကိုပါတွေ့ခဲ့တယ်တဲ့ခင်ဗျ''

''ဟော'' ဒါကိုလည်း ယုံပုံမရ။

နောက်ထပ် သိပ်ထူးထူးထွေထွေမပြောဘဲ ကျွန်တော့်တပ်ခွဲအား ပြန်လွှတ်လိုက်သည်။

တပ်ပြန်ရောက်ပြီး တစ်ပတ်အကြာ။

၁၉၇၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့ည တပ်ရင်းဌာနချုပ် မိုင်းရယ်တွင် တပ်ခွဲညစာစားပွဲပြုလုပ်နေစဉ် နောင်လိုင်ပါဖန်ဘက်တွင် အရေးပေါ် ရန်သူသတင်းပေါ်သဖြင့် ကျွန်တော့်တပ်ခွဲကို တန့်ယန်းဗျူဟာက လှမ်းခေါ်သည်။

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသန်းရွှေ (ယခုကွယ်လွန်)မှ ..

''လွယ်မော်သတင်းပေါ်လို့တဲ့ဗျာ။ အဲဒါ ခင်ဗျားသွားလိုက်ပါ။ စိန်ိယာဗိုလ်ကြီး ခင်မောင်အုန်းကို ခေါ်သွားဗျာ။ သူက တပ်ခွဲမှူး ခင်ဗျားက ဒုခွဲမှူးပေါ့''

ဟုပြောပါတော့သည်။

ဖွတ်ချက် ဖွတ်ချက် အရပ်သုံးကားသုံးစီးနှင့် လူ ၆၀ ကျော်တင်၍ ညကိုးနာရီခန့် မိုင်းရယ်က ထွက်ခဲ့သည်။ ကားတွေပျက်၍ တန့်ယန်းဗျူဟာသို့ မိုးလင်းမှရောက်သည်။

''နောင်လိုင်ပါဖန်မှာ မနေ့ညက ဗကပတွေရောက်နေပြီ။ မင်းပေးတဲ့သတင်း မှန်ပါတယ်။ အဲဒါ မင်းတပ်ခွဲ နောင်လိုင်ကို သွားပေတော့။ တန့်ယန်းတပ်က ဗိုလ်စန်းမောင်နဲ့ တပ်ခွဲတစ်ခွဲ သွားနှင့်ပြီ။ သွားပေါင်းပြီး စခန်းဝိုင်းနေတဲ့ ရန်သူကိုသွားရှင်းကြ''





ကျွန်တော်တို့ ဆက်ထွက်ရသည်။ လမ်းတစ်ဝက် နားညုမှာ ကားတွေထားပြီး ခြေလျင်ဆက်တက်သည်။ သံခမောက်တောင်တွင် ဗိုလ်မှူးစန်းမောင်နှင့် ခလရ (၃၃) တန့်ယန်းမှ တပ်ခွဲကို တွေ့ရ၏။ နေ့လည်အချိန်။

''နောင်လိုင်ပါဖန် ကျသွားပြီ၊ မနက် ၁၀၀၀ နာရီ **call** မှ စခန်းထဲ ရန်သူတွေရောက်နေပြီလို့ နောင်လိုင်စက်က ပြောသွားတယ်''

''ဘယ်လိုလုပ်ကြမှာလဲ ဗိုလ်မှူး''

''ဗျူဟာအမိန့် စောင့်ကြတာပေါ့။ ရန်သူတွေက ကားလမ်းပေါ်ဆင်းချလာတာ စောစောကလည်း သံခမောက်တောင်ခြေရင်းရောက်လာလို့ တိုက်ထုတ်လိုက်ရတယ်''

''ဩော်''

ကျွန်တော်တို့တပ်ခွဲနှစ်ခွဲတွေ့ဆုံပြီး သိပ်မကြာလိုက်ပါ။ နောက်က ဗျူဟာမှူးနှင့် ခလရ (၈၀) ရောက်လာသည်။ ကားအစီး ၂၀ အစိပ်ခန့် ပါလာ၏။

ဗိုလ်မှူးစန်းမောင်က ဗျူဟာမှူးအား ကျွန်တော်တို့ပြောသလို ပြောပြ၏။

''ကဲ ... အဲဒါဆို မင်းတို့ ၂ ခွဲပေါင်းပြီး နောင်လိုင်စခန်း သွားပြန်တိုက်ကြ။ တောလမ်းကသွား။ ငါက ဒီတပ်ရင်းနဲ့ ကားလမ်းအတိုင်းလိုက်ခဲ့မယ်''

ဟု ဗျူဟာမှူးက ခပ်လွယ်လွယ်ပြောသည်။

ဗကပများ အထင်သေးလို့။ သူကြည့်ရတာ တိုက်ပွဲကြီးနွေ ပကပနဲ့ ဟုတ်တိပတ်တိ တိုက်ခဲ့ဖူးပုံမရ။ သူ့တပ်ရင်းနဲ့ ကားလမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း နောင်လိုင်ကို ချီတက်မလို့တဲ့။

"ခြေဲ"

ကျွန်တော်တို့ ၂ ခွဲတစ်ကြောင်း တောတိုးပြီး နောင်လိုင် ချီတက်သွားကြတာ နောက်နေ့မနက် ၀၈း၀၀ နာရီလောက် နောင်လိုင်တောင်ဘက်က ပန်မွန်းဆိုတဲ့ ရှမ်းရွာလေးမှ ကားလမ်း အတိုင်းဆင်းလာတဲ့ ဗကပ ၅၀၀ ကျော်နဲ့ တွေ့ပါရောဗျာ။ ဘာ ပြောကောင်းမလဲ ဗကပကလက်နက်ကြီးတွေ မိုးမွှန်အောင်ပစ်ပြီး တိုက်ပါရောလား။ ညနေ သုံးနာရီထိုးတော့ ၂ ခွဲတစ်ကြောင်း ကျည် ကုန်ပြီး ပြေးရပါတော့သည်။

အပြေးကောင်းလို့ သောင်းဝေဦးလည်း လွတ်ခဲ့ပါသည်။

၂ ခွဲတစ်ကြောင်းလည်း ကုန်ပါရောလား။

ဒါနဲ့ တပ်ရင်းတစ်ရင်းနဲ့ ကားလမ်းအတိုင်း လိုက်ခဲ့မယ်လို့ ပြောတဲ့ ဗျူဟာမှူးလည်း ကားလမ်းအတိုင်း လိုက်သွားတာ ဆုံကွေ့ အရောက် ကျင်းတူးစောင့်နေတဲ့ ဗကပ ၁၀၀၀ လောက်က ဆီးတွယ် လိုက်တာ ခလရ (၈၀) တပ်ပျက်ပါရောလား။

နောက်ထပ်ရောက်လာမယ့် တပ်မ (၆၆) က တပ်ရင်းတွေ စောင့်ရရော။

တပ်မ (၆၆) က ခလရ (၇၆)၊ ခလရ (၃)၊ ခလရ (၁၆)၊ ခမရ (၁၀၄) လေးရင်းလိုက်လာသည်။ တပ်မ (၆၆) က နည်း ဗျူဟာမှူး ဗိုလ်မှူးကြီးဘုန်းမြင့် ပါလာသည်။ ခမရ (၁၀၄) နှင့် ခလရ (၁၆) ကို ဗိုလ်မှူးကြီး မြင့်အောင်အောက်သို့ ကွပ်ကဲမှုပေး သည်။

တပ်သစ်လေးရင်းနှင့် ဗကပတွေကို မတ် ၁၀၊ ၁၁ က





စပြီးတိုက်တာ မတ် ၂၀ ရက်ကျော်မှ ကျသွားသည့်စခန်းများ အကုန် ပြန်ရတော့၏။ အားလုံးပြန်ရတာ မတ်လ ၂၄ ရက်နေ့ဟု ထင် ပါသည်။

အဲဒီကျမှ ကျွန်တော်လည်း တပ်ပြန်ရပါသည်။ တပ်ပြန်ရ တော့ မတ်လကုန်ခါနီးပြီ။ အရက် ၂၀ ခန့် ဗကပ ၂၀၀၀ ကျော်နှင့် စစ်တိုက်လိုက်ရတာ တစ်သက်စာဖူလုံသွား၏။ ပြေးလည်း ပြေးဖူး ခဲ့ပြီ။ ရန်သူ့လက်နက်ကြီး ထောင်နဲ့ချီပစ်တာလည်း ခံခဲ့ဖူးသွားပြီ။ ဗမာ့တပ်မတော်လေက **Air Strike** လည်း မြင်ဖူးသွားပြီ။

ထိုတိုက်ပွဲတစ်ပွဲတည်းနှင့် တပ်မတော်က လူ ၂၀၀၊ ၃၀၀ ခန့်သေပြီး ငါးရာခန့် ဒဏ်ရာရသည်။ လက်နက်စုံ အလက် ၃၀၀၊ ၄၀၀ ဆုံးသွားသည်။ ဗကပဘက်ကတော့ ၅၀၀ ခန့်သေပြီး ၇၀၀ ခန့် ဒဏ်ရာရသွားသည်။

ဒီမှာကြုံတုန်း စာဖတ်ပရိသတ်ကြီးကို ပြောချင်ပါသည်။ ကျွန်တော်တို့ခေတ်က တိုက်ပွဲတစ်ပွဲစာဟာ ဒီခေတ် လောက်ကိုင် ဒေသ လေးငါးခြောက်လ တိုက်ပွဲစဉ်ကြီးတစ်ခုလုံးနှင့် အသေ အပျောက် အကျအဆုံး တူညီပါသည်ခင်ဗျား။

ဒီတိုက်ပွဲကြီးပြီးသွားတော့ ဗိုလ်ချုပ်ကြီးနေဝင်း လားရှိုး ရောက်ချလာသည်။ တိုင်းမှူး ဗိုလ်မှူးကြီးမင်းနောင်ကို ဆူသည်။ ဗိုလ်ချုပ်ကြီးကျော်ထင်နှင့် ဗိုလ်ချုပ်ကြီးထွန်းရီတို့ကို ကွပ်ကဲမှု ယူခိုင်းသည်။ ဗိုလ်ချုပ်ကြီးထွန်းရီအောက် ကွပ်ကဲမှုရောက်သွားသည်။

ဗိုလ်မှူးကြီးမင်းနောင်ကို ရမခတိုင်းမှူးမှဖယ်ရှားပြီး မီးသတ် ပို့လိုက်သည်။ ဗိုလ်ချုပ်အေးစန်က တိုင်းမှူးဖြစ်လာသည်။

ဗိုလ်ချုပ်ကြီးထွန်းရီက ကျဆုံးသွားတဲ့ စခန်းတွေလိုက်သိမ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောင်လိုင်စခန်းစစ်တော့ စခန်းခံစစ်မကောင်းဘူးဟုဆိုပြီး နောက်ဆုံးနေခဲ့သည့် ကျွန်တော့်ကို အရေးယူခိုင်းသည်။

ပြေးလဲ ပြေးခဲ့ရသေး။ အရေးယူလည်း ခံခဲ့ရသေးနှင့် ဗကပ ပေးတဲ့ဒုက္ခက မသေးပါလားဗျာ။

နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး၌ ဗကပ တပ်မဟာ (၈) နှင့် (၁၂) နှစ်ခုပါခဲ့သည်။

ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်၏။

တပ်မဟာ (၈) ၌ တပ်မဟာမှူး ဖုန်ကြားဖူး (ဖုန်ကြားရှင်၏ညီအရင်း)၊ ဒုတပ်မဟာမှူး ရန်ကျူးဝေ၊ နိုင်ငံရေးမှူး ရန်ဖုခန်း၊ ဒုနိုင်ငံရေးမှူး စွင်းတိန်းယိတို့ဖြစ်၏။

တပ်မဟာ (၁၂)၌ တပ်မဟာမှူး ဝင်းဆွေ ခေါ် လင်ချန်၊ ဒုတပ်မဟာမှူး ညီလှိုင် ခေါ် ကျောက်ညီလိုင် (ဝ ခွဲထွက်အဖွဲ့ အဖွဲ့ခေါင်းဆောင်)၊ နိုင်ငံရေးမှူး မြသောင်း ခေါ် ကော်ကျစ်မင်တို့ ဖြစ်၏။

စစ်ဦးစီးအဖွဲ့ ဖွဲ့စည်းပါရှိပြီး စစ်ဦးစီးအဖွဲ့နှင့်အတူ
ဗဟိုကော်မတီဝင် ထွန်းလွင်
ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဖုန်ကြားရှင်နှင့်
ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော်တို့ လိုက်ပါခဲ့သည်။

ထိုတပ်မဟာ (၈) နှင့် တပ်မဟာ (၁၂) သည် ဗကပ၏ အရန်လက်သီး လှည့်လည်တိုက်ခိုက်ရေးတပ်များ ဖြစ်၏။ ထိုတပ်များကိုအုပ်ချုပ်ရန် တကယ်စစ်တိုက်တတ်သော ဗဟိုကော်မတီဝင် ထွန်းလွင် (မုန်းစီးနားလယ်နှင့် ဂျုံးဂျုံးဂျက်တိုက်ခဲ့သူ၊ ၁၉၈၀ က မိုင်းယောင်းတိုက်ခဲ့သူ) ဗကပ ၄၀၄ တပ်ရင်းကြီးတပ်မှူးကြီး





ဖုန်ကြားရှင်နှင့် မြန်မာ့တပ်မတော်မှ ဒုချုပ်ဟောင်း၊ ဗိုလ်ချုပ် ကျော်ဇောတို့အား တာဝန်ပေးခဲ့လေသည်။

ဤသည်မှာ ဖုန်ကြားရှင်ဦးစီးခဲ့သည့် ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲပါ ခင်ဗျား။

သောင်းဝေဦး

❖ ❖ ❖

ဤတွင် ဖုန်ကြားရှင်နှင့်တိုက်ပွဲများ အပိုင်း (၁) ပြီးဆုံးပါပြီ။ အပိုင်း (၂) ကို ဆက်လက်ဖော်ပြပါမည်။

အပိုင်း (၁) နှင့် အပိုင်း (၂) ဆယ်စုနှစ် သုံးခုခန့် ကွာခြားပါသည်။

သို့ဖြစ်ပါ၍ အပိုင်း (၁) နှင့် (၂) ကြားတွင် ကိုးကန့်ဒေသနှင့် ဖုန်ကြားရှင်တို့၏ ပြောင်းလဲလာသောအခြေအနေများကို အပိုင်းလိုက် ဆက်စပ်၍ဖော်ပြသွားပါမည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်များငြိမ်းချမ်းရေးရယူခြင်း

ကိုးကန့်တို့သည် ဗကပကွပ်ကဲမှုအောက်တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီး အစိုးရအား လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသော်လည်း ဗကပလမ်းစဉ်မှာ အောင်မြင်မှုမရှိသည့်အပြင် ကိုးကန့်လူမျိုးတို့အတွက် မည်သည့်အကျိုးကျေးဇူးမှမရှိသဖြင့် ဗကပလက်အောက်မှခွဲထွက်ရန် ကြိုးပမ်းခဲ့ကြး၏။

ဤအခန်းကဏ္ဍတွင်လည်း ဖုန်ကြားရှင်သည် အဓိကဇာတ်ဆောင်ကြီးပါပေ။

ဤအကြောင်းကို အောက်ပါအတိုင်း လေ့လာသိရှိရပါသည်။

### ဖုန်ကြားရှင်နှင့် ဗကပဗဟိုသဘောထားကွဲလွဲကြခြင်း

ကိုးကန့်တိုင်းရင်းသားခေါင်းဆောင် ဖုန်ကြားရှင်အား ဗကပတို့မှ အရှေ့မြောက်စစ်ဒေသတွင် အရန်ဗဟို ကော်မတီဝင်အဖြစ် ပေးခဲ့သော်လည်း ဗကပဗဟိုနှင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ ဖုန်ကြားရှင်နှင့် ကိုးကန့်ခေါင်းဆောင်များအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဗကပတို့အရှေ့မြောက်ဒေသတို့ ဝင်ရောက်လာစဉ်ကပင် နယ်မြေသိမ်းတိုက်ပွဲများ၌ ကိုးကန့်လူမျိုးများသာ ရှေ့တန်းမှ တိုက်ခဲ့ရပြီး သေကြေထိခိုက်ခဲ့ကြရသည်။

စစ်ရေးခေါင်းဆောင်များ၊ စစ်အကြံပေးများအနေဖြင့်လည်း တစ်ဖက်နိုင်ငံမှ တရုတ်များသာ အများစု ပါဝင်ခဲ့ပြီး လူမျိုးစုခေါင်းဆောင်များ မပါခဲ့။

သို့ရာတွင် နယ်မြေများရရှိလာသည့်အခါ ဗဟိုအာဏာပိုင်နေရာများတွင် ဗမာလူမျိုးများသာ နေရာယူချုပ်ကိုင်ခဲ့သည်ဟု ခံစားချက်ရှိလာကြသည်။

ဗကပတို့ ဝင်ရောက်လာသည့်မှစ၍ ကိုးကန့်တိုင်းရင်းသားများသာ ဘေးဒုက္ခ အမျိုးမျိုးခံစားရပြီး အခြေအနေမှာ ပိုမိုဆိုးဝါးလာကြောင်း သိမြင်လာကြသဖြင့် ဗကပဗဟိုအပေါ် မကျေနပ်မှုများ၊ မလိုလားမှုများ ရှိလာခဲ့ကြသည်။ ဖုန်ကြားရှင်သည် အရှေ့မြောက်စစ်ဒေသ နိုင်ငံရေးမှူး ယမ်ကွမ်း (ခ) တင်ရီနှင့် ပုဂ္ဂိုလ်ရေးအဆင်မပြေခဲ့ချေ။

တင်ရီ၏လုပ်ဆောင်မှုများနှင့် ဗကပဗဟိုမှ တာဝန်ရှိသူများကိုကြည့်၍ ဗကပဗဟို၌ ဗမာလူမျိုးများသာ အဓိကနေရာယူထားပြီး ဦးစားပေးခံရသည်ဟုယူဆကာ အမြင်မကြည်လင်မှုများဖြစ်ပေါ်ခဲ့သည်။

ဖုန်ကြားရှင်သည် ဘိန်းလုပ်ငန်းလုပ်ကိုင်သဖြင့် စီးပွားရေးအရ ချမ်းသာကြွယ်ဝမှုရှိသူဖြစ်သည်။ ထိုအခြေအနေပေါ်တွင် တင်ရီက ဗကပဗဟိုတွင် ခလောက်ဆန်ခဲ့သဖြင့် ဗကပဗဟိုက ဖုန်ကြားရှင်၏ဘိန်းလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများအပေါ်





ဖိအားပေးမှုများ ရှိလာခဲ့သည်။

ဗဟိုနှင့် သဘောထားကွဲလွဲမှုများရှိလာခဲ့သဖြင့် ဖုန်ကြားရှင်သည် ၁၉၈၄ ခုနှစ်တွင် ဗကပ အရန်ဗဟိုကော်မတီဝင်အဖြစ်မှလည်းကောင်း၊ ဗဟိုစစ်ကော်မရှင်အဖြစ်မှလည်းကောင်း နှုတ်ထွက်ခဲ့သည်။

ဖုန်ကြားရှင်သည် ဗကပမှ နှုတ်ထွက်ခဲ့ပြီးနောက် မိုင်းယန်းနယ်မြေ ဟိုတောင်းရွာတွင် အခြေချနေထိုင်၍ စီးပွားရေးကိုသာ ဖောက်ချလုပ်ကိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဖုန်ကြားရှင်ထံ ကိုယ်စားလှယ်များစေလွှတ်ပြီး ဆက်သွယ်တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ၁၉၈၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ဖုန်ကြားရှင်ထံမှ ဆက်သားတစ်ဦးရောက်ရှိလာခဲ့ပြီး ယင်းနှင့်အတူ စာတစ်စောင်ပါရှိခဲ့သည်။

အဆိုပါစာ၌ ၁၉၈၉ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ၁၀း၀၀ နာရီအချိန်တွင် ယင်းတို့အဖွဲ့သည် ဗကပမှ ခွဲထွက်ကြောင်းကြေညာ၍ "မြန်မာနိုင်ငံလူမျိုးစု ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု" အဖြစ် ဖွဲ့စည်းပြီးဖြစ်ကြောင်း ပါရှိသည်။

၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော "မြန်မာနိုင်ငံလူမျိုးစု ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု" ယာယီကော်မတီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည်။

| | | |
|---|---|---|
| (က) | ဖုန်ကြားရှင် | ဥက္ကဋ္ဌ |
| (ခ) | လီကျုံးချန် | စစ်ဦးစီးမှူး |
| (ဂ) | ဖုန်ကြာဖူး | ဒုတိယ စစ်ဦးစီးမှူး |



www.burmeseclassic.com

www.burmeseclassic.com



(ဃ) ရန်မိုးလျှန် ဒုတိယ စစ်ဦးစီးမှူး

(င) ရန်ကျုံးဝှေ ဒုတိယ စစ်ဦးစီးမှူး

(စ) စောကြီးမြင့် စည်းရုံးရေးတာဝန်ခံ

(ဆ) လျူကွယ်ချီး ဘဏ္ဍာရေးနှင့် ပြည်ပဆက်ဆံရေး

(ဇ) ရန်မိုးအန်း နိုင်ငံရေးနှင့် ဘဏ္ဍာရေးတာဝန်ခံ

(ဈ) ကျန်ကယ်ဝေ ကူးသန်းရောင်းဝယ်ရေး တာဝန်ခံ

(ည) ဖုန်တာရှင်း ဆက်သွယ်ရေးတာဝန်ခံ

(ဋ) ရန်ကျုံစီ ထောက်ပံ့ရေးတာဝန်ခံ

၁၉၈၉ ခုနှစ် ဧပြီလတွင် တပ်မတော်မှ ကိုယ်စားလှယ်များကို ဖုန်ကြားရှင်နှင့် တွေ့ဆုံဆွေးနွေးရန် ကိုးကန့်ဒေသသို့ စေလွှတ်ခဲ့သည်။ တပ်မတော်မှကိုယ်စားလှယ်များသည် ကိုးကန့်ဒေသသို့ သွားရောက်စည်းရုံးဆောင်ရွက်ခြင်း၊ ကိုးကန့်ဒေသကိုယ်စားလှယ်များကို လားရှိုးမြို့အထိ စနစ်တကျခေါ်ယူပြီး စနစ်တကျ ညှိနှိုင်းဆွေးနွေးခြင်းတို့ကြောင့် ကိုးကန့်အဖွဲ့သည် တပ်မတော်အပေါ် ယုံကြည်မှုအပြည့်အဝ ရရှိလာခဲ့သည်။

ကိုးကန့်ဒေသခံများသည် တပ်မတော်အပေါ် ယုံကြည်မှုရှိလာသည်နှင့်အညီ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ခင်ညွန့် ဦးဆောင်သော အစိုးရအဖွဲ့ဝင်ဝန်ကြီးများပါဝင်သည့် အဖွဲ့သည် ၁၉၈၉ ခုနှစ်၊ ဖွေ့လ ၂၈ ရက်နေ့တွင် ကိုးကန့်ဒေသသို့ သွားရောက်ခဲ့ရာ ကိုးကန့်ဒေသခံများက လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။

အဆိုပါ ခရီးစဉ်မှစတင်၍ ကိုးကန့်အဖွဲ့သည် ဗကပမှခွဲ





ထွက်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့ဝင်များ တရားဥပဒေဘောင်အတွင်းဝင်ရောက်လာခြင်းနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦး၏ "ငြိမ်းချမ်းရေး၏ပထမခြေလှမ်းများ" ဟူသော ဆောင်းပါးတွင် "ဗကပတို့ စိုးမိုးချယ်လှယ်မှုအောက်မှ ရုန်းကန်တော်လှန်ရန် အစပြုခဲ့သော ၁၉၈၈ ခုနှစ်ကာလများကို အမှတ်ရနေခဲ့၍ ၎င်းကာလများ၌ ယခု ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၁) ခေါင်းဆောင် ဖုန်ကြားရှင်သည် ဗကပ ပေးထားသော အဆောင်အယောင်များကိုစွန့်ပစ်၍ မိုင်းယန်းနယ်မြေ ဟိုတောင်းရွာတွင် နေထိုင်လျက်ရှိ၏။

ဖုန်ကြားရှင်သည် ၁၉၆၉ ခုနှစ်တွင် ဗကပတပ်ရင်းကြီး (၄၀၄) ၏ တပ်ရင်းမှူးကြီးဖြစ်ခဲ့၏။ ၎င်းနောက် အရှေ့မြောက်စစ်ဒေသမှူးအဖြစ်လည်းကောင်း၊ ဗကပဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဗကပ အရန်ဗဟိုကော်မတီဝင်အဖြစ်လည်းကောင်း နေရာပေးခြင်းခံရသည်။

သို့သော် ဗကပဗဟို၏ လူမျိုးကြီးအုပ်စိုးမှုအပေါ် သဘောထားကွဲလွဲကာ နှုတ်ထွက်နေချိန် ဖြစ်သည်။ ကွန်မြူနစ်စကားနှင့် ပြောရလျှင် ဖုန်ကြားရှင်သည် မိမိကိုယ်ကိုပြုပြင်ရင်း ဗကပအတွေးအခေါ်များကို ဆေးကြောသုတ်သင်နေချိန်ဟု ဆိုရမည်ဖြစ်သည်။

၎င်းအချိန်တွင် ကျွန်တော်တို့ ငြိမ်းချမ်းရေးအကျိုးဆောင်များ ဟိုတောင်းနှင့် လားရှိုး၊ ကွန်လုံ ကူးချီသန်းချီဖြင့် ဖုန်ကြားရှင်အား ဆက်သွယ်ဆောင်ရွက်ရသည်များကိုလည်း အမှတ်ရနေမိပြန်သည်။

ဖုန်ကြားရှင်နှင့် ကိုးကန့်ခေါင်းဆောင်များ လျှို့ဝှက်စွာဆွေး



www.burmeseclassic.com

www.burmeseclassic.com



နွေးတိုင်ပင်၍ ဗကပအား တော်လှန်မည့် အစီအစဉ်သည် ၁၉၈၈ ခုနှစ်အရေးအခင်းကြောင့် ကြန့်ကြာခဲ့ရပြန်သည်။

၁၉၈၈ ခုနှစ် နိုဝင်ဘာလတွင်မှ ပြန်လည်၍ အဆက်အသွယ်များပြုကြရပြန်သည်။ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့သည် သက်ဝင်လှုပ်ရှားလာခဲ့သည်။ ကျွန်တော်တို့ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သော လော်စစ်ဟန်၏ပြောစကားများကို အမှတ်ရနေမိ၏။

သူက ဒေသစွဲကြီးသူဖြစ်၏။

"ကိုးကန့်ဒေသဟာ ကျွန်တော်မွေးဇာတိဖြစ်တယ်။ ကိုးကန့်ငြိမ်းချမ်းရေး ရအောင်လုပ်မယ်။ ဖွံ့ဖြိုးအောင်လုပ်မယ်။ ပြီးရင် ဘိန်းပပျောက်အောင်လုပ်ပြီး သမိုင်းကြွေးကိုဆပ်မယ်"

ဟုပြောလေ့ရှိသည်။

သူ့ကို ဘိန်းဘုရင်ဟုခေါ်ခံရသည့် သမိုင်းကြွေးကို သူပေးဆပ်ရန် ရည်ညွှန်းခြင်းဖြစ်သည်။

ယခုအခါ သူ့အပြောသည် လက်တွေ့အကောင်အထည်ပေါ်နေပြီဖြစ်သည်။ ကိုးကန့်ဒေသသည် ငြိမ်းချမ်းရေးရပြီဖြစ်သည်။

ကိုးကန့်ဒေသသည် မူးယစ်ဆေးဝါးပပျောက်ရေးအား စီမံကိန်းဖြင့်ဆောင်ရွက်၍ သက္ကရာဇ် ၂၀၀၀ တွင် ဘိန်းစိုက်ပျိုးမှုပပျောက်မည်ဟု ရည်ရွယ်ချက်ထားရှိ ဆောင်ရွက်နေ၏။

ဗကပအား တွန်းလှန်ဆောင်ရွက်ရာတွင် အစိုးရနှင့် ဖုန်ကြားရှင်အကြား ကျွန်တော်တို့ ငြိမ်းချမ်းရေးအကျိုးဆောင်များသည် အဆက်အသွယ်ပြုလုပ်ပေးရ၏။ အချို့နေရာများသည် ကျွန်တော်တို့သွား၍ မဖြစ်။ သက်ာမကင်းခံရနိုင်ဖွယ်ရှိ၏။





ထိုအခါ ကိုအောင်နိုင် (လော်စစ်ဟန်၏သား) ကို စေလွှတ်ရ၏။ သူက လူငယ်ဆိုတော့ သက်ာမကင်းမှု သိပ်မရှိနိုင်။ ဝဝတုတ်တုတ်ဖြစ်ပေမယ့် သွက်သွက်လက်လက် လှုပ်ရှားနိုင်သူဖြစ်၏။

သူ၏ အကင်းပါးမှုသည်လည်း တစ်ခါတစ်ရံ အရေးပါ၏။ ဗကပတို့၏စိုးမိုးမှုအောက်တွင် ဗကပကို ပုန်ကန်တော်လှန်ရန် ဆောင်ရွက်ရမှုသည် မည်မျှအန္တရာယ်များသည်ကို လူတိုင်းစာနာနိုင်မည်ဖြစ်သည်။

၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဖုန်ကြားရှင်ဦးဆောင်၍ ကိုးကန့်တိုင်းရင်းသားများ ဗကပအောက်မှ ခွဲထွက်တော်လှန်လိုက်သည်။

"မြန်မာနိုင်ငံ ဒီမိုကရေစီတပ်ပေါင်းစု" ဟူ၍ဖွဲ့စည်းလိုက်ကြောင်း ကြေညာ၏။ ဗကပဗဟိုခေါင်းဆောင်များ တစ်ဖက်နိုင်ငံအတွင်းသို့ ထွက်ပြေးကုန်၏။ ဗကပဥက္ကဋ္ဌ ဗသိန်းတင်က ဖုန်ကြားရှင်အား ...

"ရွေးတဲ့လမ်း မှန်သလား၊ သေသေချာချာ စဉ်းစားပြီးပြီလား။ မှန်တဲ့ဆိုက မပြောလို။ တစ်နေ့ ပြန်ဆွေးနွေးကြတာပေါ့"

ဟု ပြောသေး၏။

ဖုန်ကြားရှင်ကမူ ...

"ကျွန်တော် မှန်ကန်တဲ့လမ်းကြောင်းကို လျှောက်လိုက်တာပါ။ ...တစ်နေ့ ကျန်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ဒီလမ်းအတိုင်း လျှောက်ကြမှာပါ"

ဟု ကျွန်တော်တို့ ငြိမ်းချမ်းရေးအကျိုးဆောင်များအား ပြော၏။ သူ့စကားသည် ယနေ့မှန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုင်၊ ကိုးကန့်ဒေသတွင် ဗကပများကို မောင်းထုတ်နိုင်ခဲ့သော်လည်း မုံးကိုးဒေသတွင် ဗကပများ ရှိနေသေး၏။

မုံးကိုးဒေသတွင်လည်း ဗကပကို တွန်းလှန်မောင်းထုတ်နိုင်ခဲ့သည်။

ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ယုံကြည်မှုတည်ဆောက်ခြင်းသည် အလွန်အရေးကြီးသည်။ ကာလရှည်ကြာ၏။ ငြိမ်းချမ်းရေးအစတွင် တစ်ဦးကိုတစ်ဦး မယုံကြသေး။ ဒါကလည်း သဘာဝကျ၏။ နှစ်ရှည်လများ အသက်လု၍ တိုက်ခိုက်လာကြသူများအချင်းချင်း ယခုမှ လက်ဆွဲနှုတ်ဆက်ရုံရှိသေး၍ ယုံကြည်မှုအပြည့် မရှိနိုင်။ အချိန်ကာလတစ်ခုကို ဖြတ်သန်းရမည်သာဖြစ်၏။

ကျွန်တော်တို့ငြိမ်းချမ်းရေးအဖွဲ့များ အမှတ်ရနေမည့် နေ့တစ်နေ့ရှိသေး၏။ ထိုနေ့က အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အစိုးရအဖွဲ့ဝင်များ ကိုးကန့်နယ်မြေ လောက်ကိုင်သို့ ပထမဆုံးအကြိမ် ရောက်လာသည့်နေ့ဖြစ်သည်။

၁၉၈၉ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ ဗိုလ်ချုပ်ကြီးခင်ညွန့်အဖွဲ့သည် လာရောက်မည်ဆိုတော့ ကြိုတင်ပြင်ဆင်ကြရတော့သည်။

ဒီအထဲတွင် လုံခြုံရေးကိစ္စကို ရောက်သွား၏။ အချေအတင်ဆွေးနွေးမှုများပြုလုပ်၏။ ကိုးကန့်ခေါင်းဆောင်များထဲမှတစ်ဦးက

"ဗိုလ်ချုပ်လာရင် သူ့လုံခြုံရေးအတွက် ဗမာစစ်တပ်တွေပါလာမှာပေါ့" ဟူသော စကားမှ အစပြု၏။

တင်းမာသော ခေါင်းဆောင်တစ်ယောက်က ...

"ဟုတ်တယ်။ ဗျူဟာမှူးလောက်သွားရင်တောင် တပ်ခွဲ



ဝံ-တပေ



ဖုန်ကြားရှင်နှင့် ပထမဆုံး ငြိမ်းချမ်းရေး စတင်ဆွေးနွေးခဲ့သည့် ဗိုလ်ချုပ်ကြီးခင်ညွန့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွဲ၊ နှစ်ခွဲလောက်ပါသေးတာ ဗိုလ်ချုပ်ကြီးဆိုတော့ တပ်ရင်း (၃-၄)ရင်းတော့ ပါလာမှာပဲ။ ရန်ကုန်မှာတောင် လုံခြုံရေးနဲ့သွားလာနေတာ'' ဟုဖြည့်စွက်၏။

ဖုန်ကြားရှင်က ...

''ပါလာလဲ သူ့စည်းကမ်းနဲ့သူ နေမှာပဲဥစ္စာ၊ သံသယသိပ်မကြီးပါနဲ့'' ဟုပြောသည်။

''ကျုပ်တို့ကတော့ သိတာပေါ့။ ဗကပနယ်မြေကို အုပ်ချုပ်ပြီး နောက်ပိုင်း စစ်သားဆိုလို့ ခိုနှစ်ကောင်ပဲ ရောက်ဖူးသေးတာ။ ကျုပ်တို့ရဲဘော်တွေက တစ်ခါမှ ဗမာစစ်တပ်များများကို မြင်ဖူးတာမဟုတ်ဘူး။ သူတို့တွေ့ဖူးတာက စစ်ပွဲမှာဖြစ်တယ်။ ရန်သူအနေနဲ့ပဲ မြင်နေသေးတာ။ တစ်ယောက်ယောက်ကဖောက်လိုက်လျှင် ဘယ်သူတာဝန်ယူမှာလဲ''

ဟု တင်းမာသောခေါင်းဆောင်က မေး၏။

သူပြောမယ်ဆိုလည်း ပြောလောက်၏။

ကိုးကန့်အဖွဲ့ထဲတွင် ငြိမ်းချမ်းရေးကို နားလည်သူရှိသလို နားမလည်သေးသော ရဲဘော်များလည်း ရှိသေး၏။ သူတို့သည် ရန်၊ ငါ မကွဲပြားသေး။

''ကျုပ်တို့ ရဲဘော်တွေကို ရှင်းပြထားရမှာပေါ့''

ဟု ဖုန်ကြားရှင်က အဖြေပေး၏။

''ဒါပေမဲ့ (ဝ)တပ်တွေက နမ့်တစ်မှရှိနေသေးတယ်''

''ချင်းရွှေဟော်သွားရင် နမ့်တစ်မှာရှိတဲ့ (ဝ)တွေက ကျုပ်တို့ကိုးကန့်နဲ့ နားလည်မှုရှိပေမယ့် ဗမာစစ်သားတွေ အများကြီးတွေ့ရင် သူတို့ကိုတိုက်မယ်အထင်နဲ့ လှမ်းပစ်ရင် ရှုပ်ကုန်မယ်''

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသူကရှိပြန်၏။

မှန်တော့လည်း မှန်၏။ (ဝ) အဖွဲ့သည် တပ်မတော်နှင့် ငြိမ်းချမ်းရေး မယူထားသေး။ နမ့်တစ်နှင့် ချင်းရွှေဟော်သည် လက်နက်ငယ်တစ်ကမ်းသာရှိ၏။

လက်နက်ကြီးဆိုလျှင် ပြောဖွယ်ရာမရှိ အားလုံးခေါင်းခဲကြ၏။

နောက်ဆုံး (ဝ)နှင့် ညှိနှိုင်းမည်ဟု အဖြေထွက်လာသည်။

တင်းမာသော ခေါင်းဆောင်သည် မကျေနပ်နိုင်သေး။

"တပ်မတော်က အလွန်ဉာဏ်များတာ။ ဗိုလ်ချုပ်ခင်ညွန့် လာတာ အကြောင်းပြုပြီး တပ်ရင်းတွေ ကျုပ်တို့ဆီမှာ ထားခဲ့ရင် ဘယ်လိုလုပ်မလဲ" ဟုမေးနေသေး၏။

ဖုန်ကြားရှင်က ...

"ဒီလိုလုပ်မှာ မဟုတ်ပါဘူး။ ကျုပ် အာမခံပါတယ်"

ဟု သူ၏ယုံကြည်မှုကို အာမခံလျက် အဖြေပေး၏။

"ကျုပ်ကတော့ သိပ်မယုံဘူး။ တပ်ကိုတော့ပြင်ထားရမှာဘဲ"

ဟု တင်းမာသောခေါင်းဆောင်က ဆက်ပြောနေသေး၏။

ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အစိုးရအဖွဲ့ဝင်များ ရောက်လာမည့်ရက်မတိုင်မီညက ကျွန်တော်တို့ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ ချင်းရွှေဟော်ရွာလေးတွင် ညအိပ်ကြရ၏။

ချင်းရွှေဟော်ရွာလေး၏တစ်ဖက်ကမ်း ကိုက် ၂၀၀ ခန့် အကွာတွင် တောင်ကြောပေါ်တွင် (ဝ) တပ်ဖွဲ့ဝင်များ၏ ကတုတ်ကျင်းနှင့် စခန်းကို တွေ့နေရ၏။ ကျွန်တော်တို့ငြိမ်းချမ်းရေးအကျိုးဆောင်များ အမျိုးမျိုးသော အတွေးတို့ဖြင့် အိပ်မပျော်ခဲ့ကြပါ။

ယခုကဲ့သို့ နယ်မြေအတွင်း ကားများဖြင့် ချင်းရွှေဟော်မှ





လောက်ကိုင်အထိ သွားရမည့်ခရီးသည် ကျွန်တော်တို့အတွက် အရေးမကြီးသော်လည်း နိုင်ငံတော်အတွက်တာဝန်ရှိသူ ဗိုလ်ချုပ်ကြီး ခင်ညွန့်လို လူမျိုးအတွက်မူ လုံခြုံရေးအရ အလွန်အရေးကြီး၏။

တပ်မတော်လုံခြုံရေးတပ်မပါဘဲ ဘယ်လိုမှ သွားလို့မသင့်။ ချင်းရွှေဟော်တစ်ဖက်ကမ်းရှိ "ဝ" အဖွဲ့ တွေကလည်း ငြိမ်းချမ်းရေးမယူထားသေး။ ကားလမ်းတစ်လျှောက် ကိုးကန့်တပ်ဖွဲ့ဝင်အားလုံးကို ကိုးကန့်ခေါင်းဆောင်များက ရှင်းလင်းပြောကြားထားပြီးပြီလား။

ငယ်သားတွေကရော နားလည်ရဲ့လား။

လုံခြုံရေးပါလာမည့် တပ်မတော်သားတွေကရော ...

ရန်သူကိုတိုက်ခိုက်ခဲ့ရတဲ့ ကိုးကန့်တပ်ဖွဲ့ဝင်တွေအပေါ် ...

နားလည်နိုင်ပါ့မလား ... စသည် ... အတွေးများသည် ကျွန်တော်တို့အား ဖိစီးနေ၏။

အိပ်မပျော်ကြ။ တစ်ခုခုဖောက်လိုက်လျှင် နှစ်ရှည်လများ တည်ဆောက်ခဲ့သော ငြိမ်းချမ်းရေးသည် သံလွင်မြစ်ထဲသို့ မျောပါသွားမည်ဖြစ်၏။ စစ်ပွဲကြီးများ ပြန်ဖြစ်လာနိုင်၏။

၂၇–၈–၈၉ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များကို ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ ကျွန်တော်တို့ ငြိမ်းချမ်းရေးအကျိုးဆောင်များ ချင်းရွှေဟော်ရွာကလေး၏ ချင်းရွှေဟော်တံတားတွင် ကြိုဆိုနေကြပြန်၏။

ထိုအချိန်တွင် ...

တင်းမာသောခေါင်းဆောင်သည် ဂနာမငြိမ်ဖြစ်နေသည်ကို ကျွန်တော်တို့သတိထားမိ၏။ သူ့ခါးတွင် အမ်–၂၀ ပစ္စတိုအား



www.burmeseclassic.com

www.burmeseclassic.com



အိတ်ဖွင့်၍ ကျည်ထိုးထားရှိသည်ကို တွေ့ရ၏။

ကျွန်တော် စိုးရိမ်မိ၏။ သူ့အနားက မခွာဘဲကပ်ထား လိုက်၏။ တစ်ခုခု သူကစလျှင် အသက်ချင်းလဲရ လဲရ ငြိမ်းချမ်းရေး တော့ အပျက်မခံနိုင်ဟု ဆုံးဖြတ်မိ၍ဖြစ်သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အစိုးရဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများသည် နံနက် ၉ နာရီခန့်တွင် ဆုံရပ်ဖြစ်သော ချင်းရွှေဟော်တံတားသို့ ရောက်ရှိလာပါသည်။

ဗိုလ်ချုပ်ကြီးတို့သည် ကွမ်းလုံမှ ချင်းရွှေဟော်အထိ ကား များဖြင့် လာကြခြင်းဖြစ်သည်။ လုံခြုံရေးအတွက် တပ်မတော် သားများအပြည့်ပါသောကားတွေ ပါလာ၏။

သို့သော် . . .

ချင်းရွှေဟော်တံတား၏ အစပ်တွင်သာ ရပ်ထား၏။ တံတား၏တစ်ဖက်သို့မကူး။

ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြုံးလျက် ဖုန်ကြားရှင်အား နှုတ်ဆက်၏။ ကြိုဆိုသော ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင်များ ကိုလည်း နှုတ်ဆက်၏။ ဖုန်ကြားရှင်အား . . .

''သွားကြရအောင်'' ဟုပြော၍ သွားရန်ပြင်၏။ ဤတွင် လော်စစ်မင်း၏အသံဟုထင်၏။

''ဗိုလ်ချုပ် . . . လုံခြုံရေးအစောင့်တွေ'' ဟု စကားတစ်စ သာ ဆိုရုံရှိသေး၏။ ဗိုလ်ချုပ်ကြီးခင်ညွန့် သည် ဖုန်ကြားရှင်အား တည့်တည့်စိုက်ကြည့်ပြီးပြုံးလျက် . . .

''ဦးဖုန်ကြားရှင်တို့ ရှိနေပြီပဲ။ ကျွန်တော်တို့လုံခြုံရေးတွေ မလိုတော့ဘူးလေ'' ဟု ပြောလိုက်သည်။





ဖုန်ကြားရှင်သည် မြန်မာစကားကို ပြန်မပြောနိုင်သော်လည်း နားလည်သူဖြစ်၏။ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ စကားကို သူဝေခွဲ မရဖြစ်နေပုံရ၏။ ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးက ဗိုလ်ချုပ်ကြီး စကားကို ကိုးကန့်စကားဖြင့် ကျယ်ကျယ်လေး ဘာသာပြန် ပြောလိုက်သည်။

ကိုးကန့်ခေါင်းဆောင်များမျက်နှာ၌ အံ့သြကျေနပ်မှုများ လွှမ်းသွား၏။ ကျွန်တော့်အနီး၌ရှိနေသည့် တင်းမာသော ခေါင်းဆောင်သည် အံ့သြမှုအပြည့်ဖြစ်သွား၏။

သူသည် ဖုန်ကြားရှင်ထံသွား၍ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လုံခြုံရေးအား တာဝန်အပြည့်ယူရန်အတွက် သူ့ကားကို စီးစေလို သည်ဟု ပြော၏။

ဖုန်ကြားရှင်က . . .

''ကျုပ်နဲ့အတူစီးမှ သူ့ကို ဂုဏ်ပြုရာပိုရောက်မှာပေါ့''ဟု ပြော၏။

ဗိုလ်ချုပ်ကြီးခင်ညွန့် လက်နက်မပါ၊ အစောင့်မပါဘဲ။

လောက်ကိုင်တွင် လျှောက်လည်သည်ဟူသောသတင်းသည် ကိုးကန့်နယ်မြေအတွင်း ပျံ့နှံ့သွား၏။

ဗိုလ်ချုပ်ကြီး၏ဆောင်ရွက်မှုသည် တပ်မတော်၏ကိုးကန့် အပေါ် ယုံကြည်မှုကိုပြသခြင်းဟု ကိုးကန့်တပ်သားများအတွင်း ပျံ့နှံ့သွားရုံမက ''ဝ''တပ်ဖွဲ့ဝင်အတွင်းပါ ဂယက်ရိုက်သွား၏။ ''ဝ'' အဖွဲ့၏ ငြိမ်းချမ်းရေး ဆောင်ရွက်လာမှုတွင် ဤအချက်သည် အဓိက အချက်တစ်ချက်ဖြစ်သွားခဲ့လေ၏။

ငြိမ်းချမ်းရေးတည်ဆောက်သူများသည် တစ်ခါတစ်ရံ



www.burmeseclassic.com

www.burmeseclassic.com



ဤသို့မထင်မှတ်ဘဲ စွန့်စားရသည်များ ရှိသည်။

ဤသို့စွန့်စားမှုများသည် မိမိအကျိုးအတွက်မဟုတ် ငြိမ်းချမ်းရေးအတွက်ဖြစ်၍ ဗိုလ်ချုပ်ကြီးခင်ညွန့် မှ ရှည်လျားသော ယုံကြည်မှုတည်ဆောက်ခြင်းအတွက် စွန့်စားသော ပထမခြေလှမ်းကို လှမ်းလိုက်ခြင်းဖြစ်၏။

(အထက်ဖော်ပြချက်များမှာ ထိုစဉ်က ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူတစ်ဦး၏ ရေးသားဖော်ပြ ချက်များပါခင်ဗျား)

သောင်းဝေဦး
စာရေးသူ



# အခန်း ( ၅ )

## ကိုးကန့်ဒေသတွင်ရှိသော လူမျိုးစုလက်နက်ကိုင်အုပ်စုများအကြား အားပြိုင်မှုနှင့် ပဋိပက္ခများဖြစ်ပွားခြင်း

### ဖုန်ကြားရှင် ဩဇာကျဆင်းလာခြင်းနှင့်အတူဖြစ်ပေါ်လာသော 'ဖုန်'၊ 'ရန်' အုပ်စု ပထမအကြိမ် အရေးအခင်း (၁၉၉၂ ခုနှစ်)

ဖုန်ကြားရှင်၏ကွပ်ကဲမှုအောက်ရှိ တပ်ရင်းမှူးများအပါအဝင် အဆင့်ဆင့်သော ခေါင်းဆောင်များသည် မူးယစ်သောက်စားခြင်း၊ လောင်းကစားခြင်း၊ လက်အောက်ခံတပ်များကို စနစ်တကျမကွပ်ကဲနိုင်ခြင်း၊ ဖုန်ကြားရှင် ကိုယ်တိုင်မှာလည်း တပ်ဖွဲ့ဝင်များအပေါ် စားဝတ်နေရေးတာဝန်မယူခြင်း၊ မိန်းမကိစ္စရှုပ်ထွေးပြီး အုပ်စုဖွဲ့ခြင်း၊ မူးယစ်ဆေးဝါးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မှုများ ရှိခဲ့ပါသည်။ အဆိုပါလုပ်ရပ်များကြောင့် ဖုန်ကြားရှင်အပေါ် ကိုးကန့်လက်နက်ကိုင်များမှ အမြင်မကြည်ဖြစ်နေစဉ် ''ရန်'' မျိုးနွယ်စုခေါင်းဆောင် ရန်မိုးလျံအနေဖြင့် ကိုးကန့်တပ်ဖွဲ့ဝင်များကို စနစ်တကျထောက်ပံ့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးခဲ့၍ တပ်ဖွဲ့ဝင်များအပေါ် ခေါင်းဆောင်မှု ရယူနိုင်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်အတွင်း "ဖုန်" နှင့် "ရန်" အုပ်စုအကြား ပဋိပက္ခများ စတင်ဖြစ်ပွားလာပါသည်။ ဖုန်ကြာဖူးသည် ဖုန်ကြားရှင်၏ဦးဆောင်မှု အပေါ် မကျေနပ်သဖြင့် နုတ်ထွက်ပေးရန် ၁၉၉၂ ခုနှစ် ဇွန်လ ဆန်းတွင် ဖျောင်းဖျ ပြောဆိုခဲ့ရာ ဖုန်ကြားရှင်က အဖွဲ့အစည်းမှ နေရာဖယ်မပေးနိုင်ကြောင်း၊ သူသေကိုယ်သေ တိုက်မည်ဖြစ်ကြောင်း ပြောကြားပြီး ငြင်းဆန်ပယ်ချခဲ့ပါသည်။ ရန်မိုးလျံအုပ်စု အင်အား ကြီးထွားလာသည့်အလျောက် ဖုန်ကြားရှင်၏အဖွဲ့ သြဇာအာဏာ တစ်စတစ်စ လျော့နည်းလာခဲ့ပါသည်။

**ရန်မျိုးနွယ်အုပ်စု၏ခေါင်းဆောင်ဖြစ်သူ ရန်မိုးလျံမှ တပ်အင်အား တိုးချဲ့ခြင်း**

၁၉၈၉ ခုနှစ်၊ မတ်လမှစ၍ ရှမ်းပြည်နယ်မြောက်ပိုင်း၊ အထူးဒေသ(၁)သည် သံလွင်အနောက်ခြမ်းတွင် လီညီမင်း ဦးစီးသော တပ်မ (၈၉၃) နှင့်သံလွင်အရှေ့ခြမ်းတွင် ရန်မိုးလျံဦးစီးသော တပ်မ (၈၉၄)ဟူ၍ ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အရှေ့ခြမ်းတပ်မ (၈၉၄) သည် ကိုးကန့် ဗဟိုကော်မတီ၏ကွပ်ကဲမှုကို နာခံမှုကျဆင်းလာခဲ့ပါသည်။ ဖုန်ကြားရှင်သည် ရန်မိုးလျံအပေါ် ယုံကြည်မှုနည်း ပါးလာသဖြင့် တပ်မ (၈၉၄) အတွင်း၌ ဖုန်ကြားရှင်၏တပ်ရင်း ၂ ရင်းအား ဖွဲ့စည်း၍ ဖုန်ကြားရှင်မှ တိုက်ရိုက် ကွပ်ကဲအုပ်ချုပ်ခဲ့ရာ ရန်မိုးလျံသည် တပ်မ (၈၉၄) ကိုဖျက်သိမ်းခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် တပ်မ (၉၁၂) အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။





ရန်မိုးလျံသည် တပ်မ (၉၁၂) အောက်တွင် ပါဝင်သူများကို ထောက်ပံ့ပေးခြင်း၊ အုပ်ချုပ်ဖွဲ့စည်းမှုကို ကြပ်မတ်ဆောင်ရွက်ခြင်းကြောင့် ကျစ်လျစ်နိုင်မာသော တပ်တစ်ခု ဖြစ်ခဲ့ပါသည်။ ဖုန်ကြားရှင်သည် ၎င်း၏တပ်ရင်း ၂ ရင်းကို ကြပ်မတ်မှုအားနည်းခဲ့သဖြင့် ကျစ်လျစ်သောတပ် အဖြစ် မဖွဲ့စည်းနိုင်ခဲ့ပါ။ ဤသို့ဖြင့် ကိုးကန့် လက်နက်ကိုင်တပ်ဖွဲ့များအား ရန်မိုးလျံက ဦးဆောင်နိုင်ခဲ့ပါသည်။

**'ဖုန်' အုပ်စုနှင့် 'ရန်' အုပ်စုအကြား တင်းမာမှုများ စတင်ပေါ်ပေါက်ခြင်း**

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ဖုန်ကြားရှင်အဖွဲ့မှ မြန်မာ-တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်း လက်နက်တိုက်မှ ကား ၅ စီးခန့်ပမာဏရှိ ခဲယမ်းများကို လက်နက်တိုက်ဂိုဒေါင် မိုးယိုသည်ဟု အကြောင်းပြပြီး စီအောရှိ ဖုန်ကြားရှင်အခြေပြုရာဌာနချုပ်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ထိုသို့ပြောင်းရွှေ့ခြင်းကို ရန်မိုးလျံအား အသိပေးခြင်းမရှိခဲ့မှုအပေါ် ရန်မိုးလျံမှ မကျေနပ်သဖြင့် ဇူလိုင်လ ၂၆ ရက်နေ့တွင် ရန်လုံကျိုင်းလက်နက်တိုက်သို့ တပ်မ(၉၁၂)မှ တပ်စု ၂ စုအား စေလွှတ်အခြေပြုထားခဲ့ပါသည်။ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၃/၄) ရက်နေ့များတွင် ရန်မိုးလျံနေအိမ်၌ တပ်မ(၉၁၂)မှ တပ်ရင်းမှူး အဆင့်ရှိသူများနှင့် အုပ်ချုပ်ရေးမှူး ၁၀ ဦးတို့ အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးသို့ ဖုန်ကြားရှင်ကို ဖိတ်ကြားခဲ့သော်လည်း မတက်ရောက်ခဲ့ချေ။ အစည်းအဝေးတွင် လောက်ကိုင်ခရိုင်မှူး လီကျုံးရှင်နေရာတွင် ဝမ်ကော်ကျင်းအား အစားထိုးခန့်အပ်ခဲ့သည်။ ထို့ပြင် ရန်မိုးလျံသည် ရန်လုံကျိုင်းလမ်းပြုပြင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြပြီး လောက်ကိုင်သို့တပ်ဖွဲ့ဝင်များ ခေါ်ယူထားခဲ့ပါသည်။ ဤကဲ့သို့ အုပ်ချုပ်ရေးပိုင်းလဲလှယ်ခြင်းများနှင့်စပ်လျဉ်း၍ ဖုန်ကြားရှင်၏ အတည်ပြုချက်ကို မစောင့်ဘဲ စီမံခန့်ခွဲခဲ့ရာ ဖုန်ကြားရှင်မှ အစည်းအဝေး လူမစုံသဖြင့် သဘောမတူကြောင်း စာဖြင့် ရေးသားအကြောင်းကြားခဲ့သော်လည်း ရန်မိုးလျံမှ လက်မခံဘဲ လူချင်းလဲလှယ်ပြီး ခရိုင်ရုံးသို့ တပ်ဖြန့်ထိန်း သိမ်းထားခြင်းကြောင့် နှစ်ဖက်တပ်များပြင်ဆင်လှုပ်ရှားခဲ့ကြပါသည်။

**'ဖုန်' အုပ်စုနှင့် 'ရန်' အုပ်စုအကြား မူးယစ်ဆေးဝါးအမြန်အလှန် ဖမ်းဆီးမှုများ**

မူးယစ်ဆေးဝါးနှိမ်နင်းမှုနှင့်ပတ်သက်၍ ၁၉၉၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ဖုန်ကြားရှင်၏အဖွဲ့ သည် လောက်ကိုင်မြို့တွင်းမှ ဘိန်းဖြူ ၁၀ ထုပ် (၆. ၅၈ ကီလိုဂရမ်)ကိုဖမ်းဆီးခဲ့ပါသည်။ ဧပြီလ ၂၁ ရက်နေ့တွင်လည်း လောက်ကိုင်မြို့ အနောက်ဘက်၁၂ မိုင်ခန့်ရှိ ရှောက်လွှဲချန်ရွာ ခမ(အက်စ်ပီ-၅၉၆၇)ရှိ ဘိန်းချက် စခန်းမှ ဘိန်းဖြူ ဝ. ၇၂ ကီလိုဂရမ်၊ ဘိန်းမဲ ဝ. ၅ ကီလိုဂရမ်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးပြီး နိုင်ငံတော်သို့အပ်နှံခဲ့သည်။ အထက်ပါကိစ္စများတွင် ရန်မိုးလျံမှ မကျေနပ်မှုရှိခဲ့ကြောင်း သိရှိရပါသည်။ မူးယစ်ဆေးဝါး နှိမ်နင်းမှုအား ဖုန်ကြားရှင်အဖွဲ့မှ ထိရောက်စွာဆောင်ရွက်နေပြီး ရန်မိုးလျံမှ ဆောင်ရွက်ခြင်းမပြုဘဲ အားပေးနေကြောင်း သတင်း လွှင့်ခဲ့သဖြင့် ရန်မိုးလျံအဖွဲ့မှ ၁၉၉၂ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် နမ့်စင်ပါရွာ ခမ (အက်စ်ပီ-၆၇၆၂)ရှိ ဘိန်းချက်စခန်းအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဘိန်းဖြူ ၁၈ ကီလိုဂရမ်၊ ဘိန်းဝါ ၂၀





ကီလိုဂရမ်၊ ဘိန်းညို ၁၇ ကီလိုဂရမ်နှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးပြီး နိုင်ငံတော်သို့ အပ်နှံခဲ့သည်။ ရန်မိုးလျံ ဖမ်းဆီးသောဘိန်းချက်စခန်းမှာ ဖုန်ကြားရှင်အဖွဲ့မှ လက်နက်ကြီးတပ်ရင်းမှူးပိုင်ဖြစ်၍ ဖုန်ကြားရှင်မှ ကျေနပ် မှုမရှိဘဲ နှစ်ဖက်တင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့ပါသည်။

**'ဖုန်' အုပ်စုနှင့် 'ရန်' အုပ်စုအကြား တိုက်ခိုက်မှုများစတင်ဖြစ်ပွားခြင်း**

ထိုသို့သောအကြောင်းများအပေါ် အခြေခံလျက် ၁၉၉၂ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ ၁၉၉၃ ခုနှစ် ဇန်နဝါရီလထိ လောက်ကိုင်ဒေသဝန်းကျင်တွင် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပါသည်။ အစဦးပိုင်းတွင် ဖုန်ကြားရှင်တို့ဘက်မှ အသာစီးရနေသဖြင့် ရန်မိုးလျံသည် ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ(၂)ပန်ဆန်းနှင့် ဆက်သွယ်ကာ "ဝ" တပ်ဖွဲ့များကို အခကြေးငွေပေး၍ ခေါ်ယူခဲ့ပြီး ဖုန်ကြားရှင် လက်အောက်မှ ထွက်ပြေးသွားသည့် အိုက်နင်းအား "ဝ"တပ်ဖွဲ့ များကို ခေါင်းဆောင်တိုက်ခိုက်စေခဲ့သဖြင့် ဖုန်ကြားရှင် မိုင်းလားသို့ ထွက်ပြေးခဲ့ပါသည်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရန်မိုးလျံအဖွဲ့သည် စီအောရွာရှိ ဖုန်ကြားရှင်၏ ဌာနချုပ်အား သိမ်းပိုက်ခဲ့ပါသည်။ ဖုန်ကြားရှင်သည် နယ်စပ်ကျောက်တိုင် ၁၂၇ မှတစ်ဆင့် တရုတ်နိုင်ငံသို့ တိမ်းရှောင်နိုင်ခဲ့ပါသည်။ ဤသို့ဖြင့် ရန်မိုးလျံ ဦးဆောင်သောအဖွဲ့သည် ဖုန်ကြားရှင် အဖွဲ့ကို အနိုင်ရရှိခဲ့ပြီး ကိုးကန့်နယ်မြေအား အုပ်ချုပ်ခဲ့ပါသည်။



www.burmeseclassic.com

‘ဖုန်’ အုပ်စုနှင့် ‘ရန်’အုပ်စု ဒုတိယအကြိမ်အရေးအခင်းဖြစ်ပွားခြင်း (၁၉၉၅ ခုနှစ်)

မုန်ဆာလနှင့် မိုးကိုးဒေသတွင် အာဏာသိမ်းယူခြင်းနှင့် မိုးကိုးဒေသကာကွယ်ရေးတပ်ပေါ် ပေါက်လာခြင်း

၁၉၉၂ ခုနှစ် ဖုန်ကြားရှင်နှင့် ရန်မိုးလျံအရေးအခင်းဖြစ်ပြီးနောက် ကချင်လူမျိုးဖြစ်သူ မုန်ဆာလအား သံလွင်အနောက်ခြမ်း ဘဏ္ဍာရေးမှူးနှင့် ကွတ်ခိုင်ခရိုင်မှူးအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ မုန်ဆာလသည် နယ်မြေလူထုဖြစ်သော ကချင်လူမျိုးအများစု၏ ခေါင်းဆောင်တဦးဖြစ်ခဲ့ပြီး မိုးကိုးဒေသရှိ ပြည်သူလူထုအများ စုမှာ ၎င်းတို့အား ကိုးကန့်မှအုပ်ချုပ်နေခြင်းအပေါ် ကျေနပ်မှုမရှိဘဲ မုန်ဆာလ၏ခေါင်းဆောင်မှုအပေါ် ယုံကြည် အားကိုးမှုရှိသည့် အနေအထားကို တွေ့ရှိရပါသည်။ ၎င်းအခြေအနေကို ကိုးကန့်ခေါင်းဆောင်များမှ သုံးသပ်ပြီး မုန်ဆာလအား စီးပွားရေးဒုတိယတာဝန်ခံအရာရှိအဖြစ် ပြောင်းလဲခန့်အပ်ကာ မြစ်ကြီးနားသို့ စေလွှတ်ခဲ့ခြင်းကို မုန်ဆာလအနေဖြင့် ကျေနပ်မှုမရှိခဲ့ကြောင်းတွေ့ရှိရပါသည်။ ရန်မိုးလျံသည် မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းအား ကိုးကန့်ဒေသတွင် ဆောင်ရွက်ခြင်းမပြုဘဲ မိုးကိုးဒေသတွင် သံလွင်အရှေ့ခြမ်းမှ တပ်ရင်း ၂ ရင်းစေလွှတ်၍ ဆောင်ရွက်စေခဲ့ခြင်းအား မိုးကိုးဒေသခံများမှ ကျေနပ်မှုမရှိခဲ့ကြချေ။ ဤသို့ဖြင့် မုန်ဆာလနှင့် တပ်မ (၁၂၈) တပ်မမှူး အိုက်ငင်းတို့ပူးပေါင်း၍ မိုးကိုးဒေသအား ရန်မိုးလျံလက်အောက် ကိုးကန့်ဒေသမှ ခွဲထွက်ရန်ကြိုးစားခဲ့ ကြပါသည်။ ၁၉၉၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ အထူးဒေသ(၁)၊ မိုးကိုးဒေသ၌ ယခင် မိုးကိုးခရိုင်မှူး မုန်ဆာလနှင့် တပ်မ (၁၂၈)တပ်မမှူး





ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ဖုန်ကြားရှင် ပြန်ဝင်လာမယ်ဆိုရင် အကြွင်းမဲ့လက်နက်ချတာကလွဲလို့ ကျန်တာလုံးဝလက်မခံဘူး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com








အိုက်ငင်းတို့ဦးစီး၍ ကိုးကန့်တပ်ရင်း (၁၂၈၄)၊ (၁၂၈၅)၊ (၁၂၈၆) တို့ပူပေါင်းပြီး ရန်မိုးလျုံအားဆန့်ကျင်ကြောင်း ကြေညာ၍ သံလွင်အရှေ့ခြမ်းမှ ရန်မိုးလျုံပို့ထားသော တပ်ရင်းများဖြစ်သည့် တပ်ရင်း (၁၂၄၁)၊ (၁၂၄၂)တို့အား လက်နက်ချစေကာ စတင် အာဏာသိမ်းပိုက်ခဲ့ပါသည်။ ထိုအချိန်တွင် တပ်ရင်း (၁၂၄၁)အား မုံးကိုးမြို့ပေါ်တွင်လည်းကောင်း၊ တပ်ရင်း (၁၂၄၂)အား မုံးစီး၊ မုံးဟောင်တွင်လည်းကောင်း ဖြန့်ခွဲ နေရာချထားခဲ့သဖြင့် တပ်ရင်း (၁၂၄၁)ရှိ လက်နက်များကိုသာ သိမ်းပိုက်နိုင်ခဲ့ပါသည်။ တပ်ရင်း (၁၂၄၂)မှာ သိမ်းဆည်းမခံရဘဲ လွတ်မြောက်သွားခဲ့ပါသည်။ မုံးကိုးတွင် မှန်ဆာလဦးစီး၍ အာဏာသိမ်းသည့်တပ်ရင်း ၄ ရင်းအပြင် **KIA** အဖွဲ့ဝင် ၁၀၀ ခန့်ဝင်ခဲ့ပြီး မုံးကိုးဒေသရှိအများစုမှာ ကချင်များဖြစ်၍ ကိုးကန့်ဒေသမဟုတ်ကြောင်း ကချင်ဒေသဖြစ်၍ ကိုးကန့်များ အုပ်ချုပ်၍မရကြောင်း ကြွေးကြော်ခဲ့ပါသည်။ လီရှောက် ဟွာနှင့် ဝေချောင်ရင်တို့ အပါအဝင် ကိုးကန့်လူမျိုးခေါင်းဆောင် အချို့ကို မှန်ဆာလ ဦးဆောင်သော တပ်ရင်းများမှ စုစည်းထိန်းသိမ်းခဲ့ ပါသည်။ မှန်ဆာလနှင့် အိုက်ငင်းတို့သည် ပန်ဆန်း "ဝ"နယ်မြေ ဘက်မှတစ်ဆင့် ထိုင်းနယ်စပ်ဒေသတို့တွင် ခွန်ဆာအဖွဲ့များနှင့် "ဝ" တပ်များ တိုက်ခိုက်ရာတွင် "ဝ" ဘက်မှ စစ်ကူလွှတ်ရန်အကြောင်း ပြ၍တပ်ရင်း ၄ ရင်းအား မုံးကိုးတွင်စုစည်းပြီး ယခုကဲ့သို့ အာဏာ သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ မှန်ဆာလသည် အာဏာသိမ်း ပြီးသည့် ဩဂုတ် ၁ ရက်နေ့ ၁၃၀၀ ချိန်တွင် မုံးကိုးဈေးအတွင်း၌ လူထုအစည်းအဝေးပြုလုပ်ခဲ့ပြီး ကိုးကန့် ခေါင်းဆောင်နှင့် ၎င်းတို့ အဖွဲ့၏လုပ်ဆောင်ချက်များကိုမကြိုက်၍ ယခုကဲ့သို့ အာဏာသိမ်း

www.burmeseclassic.com



လိုက်ရခြင်းဖြစ်ကြောင်းနှင့် မိမိ၏တပ်များကို မုံးကိုးဒေသ ကာကွယ်ရေးတပ် (MDA) ဟုပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း ကြေညာခဲ့ပါသည်။

**မုံးကိုးဒေသအား ရန်မိုးလျံအဖွဲ့မှ ပြန်လည်တိုက်ခိုက်သိမ်းယူခြင်း**

မုံးကိုးဒေသပြန်လည်ရရှိရေး ကိုးကန့်တပ်ဖွဲ့များမှ ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ရန်အတွက် သံလွင် အနောက်ခြမ်း နမ့်ကျွမ်း၊ ဝေါ်ခြုံဒေသသို့ ကိုးကန့်တပ်များအား စေလွှတ်ခဲ့ပါသည်။ ၎င်းတို့သည် စစ်ကြောင်း ၂ ခုခွဲ၍ နမ့်ကျွမ်းဒေသကိုအခြေခံပြီး မုံးစီး၊ မုံးဟောင်မှတစ်ဆင့် မုံးကိုးဒေသသို့ထွက်ခွာရန်စီစဉ်ခဲ့ပါသည်။ **စစ်ကြောင်း(၁)တွင် ဝမ်ကော်ကျင်းဦးစီး၍ စစ်ကြောင်း(၂)တွင် စစ်စမ်းဦးစီးပြီး ထိုးဖောက်ဝင်ရောက်ရန် စီစဉ်ခဲ့ပါသည်။** ကုန်းကြမ်းဒေသတွင်လည်း လီကော်ကျုံးနှင့် ကျန်ကျုံးမြင့် ဦးစီးအင်အား ၃၀၀ ခန့်သည် မဟွန်ထွန်း ကူးတို့ဆိပ်မှ မုံးကိုးသို့ထွက်ခွာခဲ့ပါသည်။ ၁၉၉၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် နမ့်ကျွမ်း၊ ဝေါ်ခြုံဒေသတွင် **ကိုးကန့်တပ်ဖွဲ့မှ ဝမ်ကော်ကျင်း ဦးစီးအင်အားစုများနှင့် မုန်ဆာလ** အဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ ၁၉၉၅ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တိုက်ပွဲတွင် ရန်မိုးလျံ၏သားဖြစ်သူ လောက်စေး ကျဆုံးခဲ့ပါသည်။ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ကျန်ကျုံးမြင့် ဦးစီးအင်အား ၁၅၀ ခန့်နှင့် စက်တင်ဘာ ၇ ရက်နေ့တွင် ပယ်စောက်ချိန် ဦးစီးအင်အား ၁၅၀ ခန့်တို့သည် သံလွင်မြစ်ကို ဖြတ်ကူး၍ အနောက်ဘက်ရှိ မုံးဟောင်ဘက်သို့ စစ်ကူရောက်ရှိခဲ့ပါသည်။ ရန်မိုးလျံသည် မုံးကိုးဒေသရှိ ''ဝ''တပ်ဖွဲ့ဝင်များ ထွက်ခွာသွားချိန်တွင် တစ်ဖက်နိုင်ငံမှ တပ်သားဟောင်းများကို





ငွေကြေးအမြောက်အမြားပေး၍ စုဆောင်းခြင်း၊ ကိုးကန့်ဒေသမှ အသက် ၁၅ နှစ်မှ ၅၀ နှစ်အတွင်း ယောက်ျားများ တပ်ထဲမဝင်မနေရ ဆင့်ခေါ်စုဆောင်းခြင်းများပြုလုပ်ပြီး ၎င်းအင်အားစုဖြင့် စုရုံးတိုက်ခိုက်ခဲ့ပါသည်။ ရန်စစ်ချီနှင့် အတူပါလာသည့် တရုတ်ကြေးစားတပ်သည် မုန်ဆာလအားကူညီသည့် ''ဝ''တပ်ဖွဲ့ဝင်ဟောင်းများအား သတ်ဖြတ်ခြင်း၊ ''ဝ''ဒေသသို့ ပြန်လည်ထွက်ခွာသွားသည့် ''ဝ''တပ်ဖွဲ့ဝင် များ၏အိုးအိမ်များကို ဖျက်ဆီးခြင်း၊ သိမ်းပိုက်ခြင်း၊ ''ဝ'' တပ်ဖွဲ့ဝင်များ၏ ဇနီးများကို မုဒိမ်းကျင့်ခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲမှုများဖြစ်ပေါ်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ရန်မိုးလျံ ဦးဆောင်သောတပ်များမှ မုံးကိုးဒေသကို **ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။** မုန်ဆာလအဖွဲ့သည် မုံးကိုးဒေသမှ ပြန်လည်ထွက်ခွာခဲ့သော်လည်း လက်နက်ချအညံ့ခံခြင်းမရှိဘဲ ပြောက်ကျားစစ်ဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ပါသည်။ မုံးကိုးဒေသအား မုန်ဆာလအဖွဲ့သည် ပြောက်ကျားစစ်ဖြင့် ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် ကိုးကန့်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု များများပြားလာခဲ့သဖြင့် **ကိုကန့်ခေါင်းဆောင်ပိုင်းတွင် သဘောထားကွဲလွဲမှုများ** ဖြစ်ပေါ်ခဲ့ပါသည်။

**ဖုန်ကြားရှင်နှင့် ကိုးကန့်တပ်များနှင့် 'ဝ'တပ်များပူးပေါင်း၍ ချင်းရွှေဟော်သို့ထိုးဖောက်ဝင်ရောက်ခြင်း**

၁၉၉၂ ခုနှစ်၊ ''ဖုန်၊ ရန်'' အရေးအခင်းတွင် ဖုန်ကြားရှင်အဖွဲ့မှအရေးနိမ့်ပြီးသည့်အချိန်မှစ၍ ဖုန်ကြားရှင်သည် သမက်ဖြစ်သူ စိုင်းလင်း၏ အထူးဒေသ(၄)၊ မိုင်းလားဒေသဘက်သို့ တိမ်းရှောင်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရပါသည်။ တပ်ဖွဲ့ဝင်အများစုကို နောင်ချိုမြို့နယ်၊ ရွှေပြည်ညွန့်မြို့သစ်တွင် နိုင်ငံတော်မှနေရာချထားပေးခဲ့ရပါသည်။ ''ဖုန်''အဖွဲ့အနေဖြင့် ''ရန်''အဖွဲ့အပေါ် အခဲမကျေရှိပြီး ''ရန်''အဖွဲ့အား လက်တုံ့ပြန်ရန်အတွက် ကြံစည်ကြိုးပမ်း လျက်ရှိနေခဲ့ပါသည်။ ၁၉၉၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မုံးကိုးပြဿနာဖြစ်ပွားပြီး မုံးကိုးဒေသအား မုန်ဆာလအဖွဲ့မှ အာဏာသိမ်းမှုဖြစ်ပွားရာတွင် အထူးဒေသ(၁)နယ်မြေအတွင်းရှိ ''ဝ'' တပ်ဖွဲ့များ၏ ပါဝင် ပတ်သက်မှုကြောင့်ဖြစ်သည်ဟု ''ရန်'' အဖွဲ့မှ စွပ်စွဲခဲ့ပါသည်။ အထူးဒေသ(၁)အတွင်းရှိ ''ဝ''တပ်ဖွဲ့များ ''ဝ''ဒေသသို့ မောင်းထုတ်ခံခဲ့ရ၍လည်းကောင်း၊ အဆိုပါ''ဝ''တပ်ဖွဲ့များအနေဖြင့်လည်းကောင်း ကိုးကန့် ခေါင်းဆောင်များအပေါ် မုန်းတီးနာကျင်စိတ်များ ဖြစ်ပေါ်ခဲ့ရပြီး အထူးဒေသ(၁)အတွင်းသို့ ပြန်လည် ဝင်ရောက်အခြေချနိုင်ရေးအတွက် ကြိုးပမ်းခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၃)အတွင်း ဖြစ်ပျက်ခဲ့သည့်အခြေအနေနှင့် ရန်မိုးလျံ၏ခေါင်းဆောင်မှုအပေါ် ကျေနပ်မှုမရှိသည့် ကိုးကန့်တိုင်းရင်းသား ''ဖုန်''အုပ်စုများသည် ဖုန်ကြားရှင်နှင့်သွားရောက်ဆက်သွယ်ကာ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁) အား လာရောက်တိုက်ခိုက်ပေးရန် တောင်းဆိုခဲ့ပါသည်။ ထိုအချက်ကို အခွင့်ကောင်းယူ၍ ဖုန်ကြားရှင်၊ ဖုန်ကြာဖူးတို့အဖွဲ့သည် ရန်မိုးလျံ၏ ကိုးကန့်တပ်ဖွဲ့ဝင်အင်အား နည်းပါးချိန်တွင် ''ဝ''တပ်ဖွဲ့များ၏ စစ်ရေး အကူအညီကိုရယူလျက် နိုဝင်ဘာ ၂၂ ရက်နေ့တွင် ချင်းရွှေဟော်မှ စတင်၍ ကိုးကန့်ဒေသအတွင်းသို့ ထိုးဖောက် ဝင်ရောက်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက် ၀၄၀၀ ချိန်ခန့်တွင် ရန်မိုးလျံ၏





ချင်းရွှေဟော် မြို့စောင့်တပ်ရင်း (၁၂၄၄) မှ တပ်ရင်းမှူး ဝမ်စီဖူးသည် ဘက်ပြောင်းကာနောက်လိုက် ကိုးကန့်တပ်သား ၃၀ ခန့်ဖြင့် ချင်းရွှေဟော်မြို့နယ်ရုံးအား စတင်သိမ်းပိုက်ခဲ့ပါသည်။ ''ဝ''တပ်ဖွဲ့ဝင်များသည် သစ္စာဖောက် ဝမ်စီဖူး၏ နောက်လိုက်ကိုးကန့်တပ်ဖွဲ့များနှင့်အတူ ချင်းရွှေဟော်မြို့ရှိ ရန်မိုးလျံ၏ ကိုးကန့်တပ်ဖွဲ့များ နေရာယူထားသော သံတံတားဂိတ်၊ နတ်စင်ကုန်း၊ တပ်ရင်းရုံးနေရာများအား ဝင်ရောက်နေရာယူခဲ့ရာ ပစ်ခတ်မှုတစ်စုံတစ်ရာ မရှိဘဲ ချင်းရွှေဟော်မြို့အား ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ချင်းရွှေဟော်မြို့နယ်ရုံးသို့ ဖုန်ကြာဖူး၊ ကျန်တဲဝမ်၊ ကျောက်ဆိုင်မိန်းတို့နှင့်အတူ ''ဝ''တပ်ဖွဲ့ဝင်အင်အား ၃၀၀ ခန့်ရောက်ရှိလာခဲ့ပြီး ''ဝ''တပ်ဖွဲ့ဝင်များသည် ချင်းရွှေဟော်–လောက်ကိုင်ကားလမ်းအတိုင်း လောက်ကိုင်သို့ ဆက်လက်ထိုးဖောက်ဝင်ရောက်ခဲ့ပါသည်။

## ကိုးကန့်ဒေသတွင် 'ဝ'လက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်ပတ်သက်နေမှုများ

အထူးဒေသ(၁) ငြိမ်းချမ်းရေးတပ်ဖွဲ့အတွင်း မူးယစ်ဆေးဝါးအပေါ် အခြေခံ၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လက်နက်ကိုင်၍ ပြဿနာများ ဖြေရှင်းခဲ့ကြပါသည်။ ဤသို့ဖြေရှင်းရာတွင် လက်နက်ကိုင်တပ်ဖွဲ့အင်အားရရှိစေရန် ''ဝ''တပ်ဖွဲ့ဝင်များ ခေါ်ယူခဲ့ရာမှ ပိုမိုရှုပ်ထွေးကာ ''ဝ''တပ်ဖွဲ့၏ ဩဇာပိုမိုသက်ရောက်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ အထူးဒေသ(၁)နယ်မြေအတွင်း ''ဝ''တပ်ဖွဲ့များပါဝင်နေမှုမှာ အဓိကအားဖြင့် အောက်ပါ အဖွဲ့ ၂ ဖွဲ့တွင်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) ယခင် ဗကပတပ်မဟာ(၁)မှ လီညီမင်း ဦးစီး ''ဝ'' တပ်ဖွဲ့များ။

(ခ) ၁၉၉၂ ခုနှစ် အရေးအခင်းတွင် ရန်မိုးလျံမှခေါ်ယူခဲ့သော ကျောက်ဆိုင်မိန်းဦးစီး ''ဝ''တပ်ဖွဲ့များ။

**ဗကပလက်ထက် 'ဝ'တပ်ဖွဲ့များ သို့မဟုတ် မုံးကိုးဒေသရှိ 'ဝ'တပ်ဖွဲ့များ**

ဗကပတို့သည် မုံးကိုးတွင် အရှေ့မြောက်စစ်ဒေသ၊ မြောက်ပိုင်းဗျူရိုဌာနချုပ်များစတင်ဖွင့်လှစ်ခဲ့စဉ် တပ်မဟာ(၁) ''ဝ''တပ်မှူးအဖြစ် လီညီမင်းအား ခန့်ထားခဲ့ပါသည်။ ထို့ပြင် ဗကပသည် ''ဝ''တပ်များအား နယ်မြေအနှံ့တပ်ဖြန့်လေ့ရှိ၍ မုံးကိုးတွင် ''ဝ''တပ်ဖွဲ့အချို့ စုစည်းရောက်ရှိခဲ့ပါသည်။ ကိုးကန့်ခရိုင်ရုံးအဖြစ် ဖွင့်လှစ်ထားသော လောက်ကိုင်ဒေသတွင် ''ဝ''တပ်ဖွဲ့အင်အား အနည်းငယ်သာအခြေပြုခဲ့ပါသည်။ ၁၉၈၉ ခုနှစ် ဗကပထံမှ ခွဲထွက်ပြီးနောက် တပ်မ (၈၉၃)ဟုပြင်ဆင်ဖွဲ့စည်းခဲ့ကာ လီညီမင်းအား တပ်မမှူးအဖြစ် ခန့်ထားခဲ့ပါသည်။ တပ်ရင်းများတွင် ''ဝ''၊ ကချင်၊ ကိုးကန့်ရောစွက်ထားသော်လည်း ''ဝ''တပ်မှာတပ်မအနီး တွင်သာ သီးခြားရှိနေခဲ့ပါသည်။ ၁၉၉၂ ခုနှစ် ရန်မိုးလျံအာဏာသိမ်းစဉ် တပ်မ (၈၉၃)ခေါင်းဆောင်ပိုင်းကို လဲလှယ်ကာ တပ်မ (၁၂၈) ဟု ပြင်ဆင်ဖွဲ့စည်းပြီး ''ဝ''လူမျိုး အိုက်ငင်းအား တပ်မမှူးအဖြစ် ခန့်ထားခဲ့ပါသည်။





**လောက်ကိုင်ဒေသရှိ 'ဝ'တပ်ဖွဲ့များ**

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ''ဖုန်၊ ရန်'' အရေးအခင်းများ လောက်ကိုင်ဒေသတွင် ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲများတွင် ရန်မိုးလျံသည် အထူးဒေသ(၂) ''ဝ''တပ်ဖွဲ့များမှ ကျောက်ဆိုင်မိန်း ဦးစီးအဖွဲ့၏အကူအညီရယူခဲ့ပါသည်။ ရန်မိုးလျံ အာဏာရပြီးနောက် တပ်ရင်း (၁၂၄၅)အဖြစ်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၅ ခုနှစ်၌ မှန်ဆာလမှ မုံးကိုးဒေသတွင် အာဏာသိမ်းမှုဖြစ်ပွားခဲ့ရာ ရန်မိုးလျံသည် ''ဝ''တပ်ဖွဲ့၏ သွေးထိုး မြှောက်ပင့်မှုကြောင့် မှန်ဆာလမှ ခွဲထွက်ခြင်းဖြစ်ကြောင်း သုံးသပ်ဝေဖန်ခဲ့ပါသည်။ အထူးဒေသ(၂) ''ဝ'' တပ်ဖွဲ့မှ မှန်ဆာလ၊ အိုက်ငင်း၊ ဝေတင်မြင့်တို့သည် ကိုးကန့်လက်အောက်တွင် မနေလို၍ ခွဲထွက်ခြင်းဖြစ် ကြောင်း ''ဝ''ဗဟိုနှင့်မပတ်သက်ကြောင်းငြင်းဆိုခဲ့သည်။ သို့ရာတွင် ရန်မိုးလျံ၊ မှန်ဆာလ၊ ''ဝ''ခေါင်းဆောင် များအကြားတွင် မူးယစ်ဆေးဝါး သယ်ပို့ရောင်းချမှုများနှင့် ပတ်သက်နေသည်ဟု စွပ်စွဲဖော်ပြခဲ့ပါသည်။ မုံးကိုး တွင် ရန်မိုးလျံမှ ပြန်လည်၍ အပြင်းအထန်တိုက်ခိုက်ရာ ''ဝ''တပ်ဖွဲ့သည် ပထမပိုင်းတွင် တိုက်ပွဲများ၌ ပါဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆက်လက်ပါဝင်ခြင်းမရှိတော့ကြောင်း တွေ့ရှိရပါသည်။ လောက်ကိုင်ရှိ ကျောက်ဆိုင်မိန်း၏ တပ်ရင်း (၁၂၄၅) အား သံလွင်အနောက်ဘက်ခြမ်းသို့ကူးရန် ရန်မိုးလျံမှ ညွှန်ကြားခဲ့သော်လည်း သွားရောက်ခြင်းမရှိဘဲ လောက်ကိုင်အနောက်ဘက် နားလီ၊ နားပန်တွင် အခြေပြုနေခဲ့၍ ရိက္ခာဖြတ်တောက် ထားခဲ့သည့်ပြဿနာ ဖြစ်ခဲ့ပါသည်။ ''ဝ''အဖွဲ့သည် ဘက်ပေါင်းစုံမှ ဖျန်ဖြေခဲ့သော်လည်း အကျိုးသက်ရောက်မှု မရှိသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းပါကြောင်းနှင့် အောက်ပါအတိုင်း ကြေညာခဲ့ပါသည်။

(က) မုံးကိုးပြဿနာသည် ကိုးကန့်အဖွဲ့အတွင်း ပြဿနာဖြစ်သည့်အတွက် မိမိဘာသာမိမိ ဖြေရှင်းရန် ဖြစ်ကြောင်း။

(ခ) ဒေသငြိမ်းချမ်းရေးအတွက် နှစ်ဖက်၊ နှစ်ဖွဲ့လုံးမှ ထိန်းသိမ်းမှုဖြင့် ငြိမ်းချမ်းစွာဖြေရှင်းသင့်ကြောင်း။

(ဂ) ကိုးကန့်ဒေသရှိ "ဝ"တပ်ဖွဲ့ဝင်များသည် အငြင်းပွားမှုတွင် မည်သည့်ဘက်မှမပါဘဲ ကြားနေသွားရန်နှင့် "ဝ"ဒေသသို့ ပြန်လည်ထွက်ခွာလာခဲ့ရန်၊ အမိန့်အားစောင့်ဆိုင်းနေရန်။

(ဃ) "ဝ" တပ်ဖွဲ့များ လက်နက်အပြည့်အစုံဖြင့် ပြန်လာနိုင်ရေး နှစ်ဖက်မှကူညီပေးရန်။

(င) မည်သည့်အကြောင်းကိစ္စရပ်များပေါ်ပေါက်လာစေကာမူ ကိုးကန့်နှင့် မုံးကိုးပြည်သူများသည် "ဝ"အဖွဲ့၏ အမြဲထာဝရမိတ်ဆွေနှင့် ညီအစ်ကိုများဖြစ်ကြောင်း။

ထိုသို့ကြေညာပြီး ဩဂုတ်လ ၂၇ ရက်နေ့တွင် မုံးကိုးတွင် "ဝ" နှင့်ကချင်ခေါင်းဆောင်များ အစည်း အဝေးပြုလုပ်ခဲ့ရာ အိုက်ငင်းသည် "ဝ"ဗဟိုမှညွှန်ကြားသည့်အမိန့်စာကို ဖတ်ကြား၊ ကြေညာခဲ့ပါသည်။ ၎င်းတို့မှ "ဝ"နှင့်ကိုးကန့်သည် နှစ်ပေါင်းများစွာကပင် ဆွေမျိုးများဖြစ်ခဲ့ကြပြီး မည်သည့်အခါမှ တစ်ဦး၊ နှစ်တစ်ဦး တိုက်ခိုက်လိုသည့်စိတ်မရှိကြောင်း၊ ယခုဖြစ်ပွားသည့် သံလွင်အနောက်ဘက်ခြမ်းပြဿနာသည် "ဝ"နှင့်လုံးဝ မပတ်သက်ကြောင်း၊ ယခုပြဿနာသည် မုန်ဆာလမှ ဦးစီးပြီးလုပ်သည့်ပြဿနာဖြစ်၍ မုန်ဆာလတွင်သာ တာဝန်ရှိကြောင်း၊ အိုက်ငင်းအဖွဲ့သည်





"ဝ"ဗဟိုမှ အမိန့်ရရှိပြီးဖြစ်၍ "ဝ"ဒေသသို့အမြန်ဆုံးပြန်မည်ဖြစ်ကြောင်း၊ အကယ်၍ မပြန်ချင်သူရှိပါက ကိုးကန့်အဖွဲ့၏ခွင့်ပြုချက်ဖြင့် အရပ်သားအဖြစ်နေလိုက ၎င်းတို့၏ လက်နက်အားလုံး ကိုးကန့်အဖွဲ့သို့ အပ်နှံရမည်ဖြစ်ကြောင်း၊ သံလွင်အနောက်ဘက်ခြမ်းဒေသည် အထူးဒေသ(၁)ဖြစ်သည့်အတွက် "ဝ" နှင့် မဆိုင်ကြောင်း၊ ကိုးကန့်အချင်းချင်းပြဿနာဖြစ်၍ ၎င်းတို့ဘာသာ ဖြေရှင်းကြရန်ဖြစ်ကြောင်း ပြောကြား ခဲ့ပါသည်။

ထိုအခါ မုန်ဆာလမှ ယခုကိစ္စသည် "ဝ"ခေါင်းဆောင်များ ခိုင်း၍ လုပ်ရခြင်းဖြစ်ကြောင်း၊ ယခုအခါ ၎င်းတို့အပေါ် လွှဲချသည့်အတွက် လုံးဝမကျေနပ်ကြောင်း၊ "ဝ"ခေါင်းဆောင်များ ခိုင်းထားခြင်းနှင့်ပတ်သက်၍ ၎င်းတွင်သက်သေအထောက်အထားရှိကြောင်း ပြောဆိုပြီး ပန်ဆန်းတွင် ကျောက်ညီလိုင်၊ ပေါက်ယူချန်းနှင့် လီဖီးယူတို့မှ ပြောကြားထားချက်ပါ ကက်ဆက်တိတ်ခွေများ ဖွင့်ပြခဲ့ပါသည်။ ထိုအစည်းအဝေးတွင် မုန်ဆာလနှင့် အိုက်ငင်းတို့မှ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အချေအတင်ပြောဆိုကြပြီး အဆင်မပြေဖြစ်ခဲ့ကြပါသည်။

၁၉၉၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် လောက်ကိုင်ရှိ ကျောက်ဆိုင်မိန်းတပ်ရင်းသည် အဖွဲ့လိုက် ခွဲ၍ လောက်ကိုင်မှ ချင်းရွှေဟော် ၎င်းမှနမ့်မတိန်ချောင်းကူး၍ "ဝ"နယ်မြေ နမ့်တစ်၊ ၎င်းမှပန်ခွန်သို့ ရွှေ့ပြောင်း ခဲ့ပါသည်။ အလားတူ မုံးကိုးဒေသရောက် အိုက်ငင်း၊ ဝေထင်မြင့်တပ်ဖွဲ့သည်လည်း စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၃ ရက်နေ့ထိ အဖွဲ့များခွဲ၍ မုံးကိုးမှ ကွတ်ခိုင်၊ သိန္နီ၊ ကွမ်းလုံ၊ ဟိုပန်၊ ပန်ခွန်တို့ထွက်ခွာခဲ့ပါသည်။ ၁၉၉၅ ခုနှစ် နိုဝင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com



၂၂ ရက်နေ့၌ ဖုန်ကြားရှင်အဖွဲ့ လောက်ကိုင်ဒေသသို့ ထိုးဖောက်ဝင်ရောက်ရာ တွင် အိုက်ငင်း၊ ဝေထင်မြင့်၊ ကျောက်ဆိုင်းမိန်း တို့ပါဝင်ပြီး ၎င်းတပ်ဖွဲ့ဝင်များပါ ပြန်လည်ပါဝင်လာသည်ကို လေ့လာတွေ့ရှိရပါသည်။ ၁၉၉၅ ခုနှစ် "ဖုန်၊ ရန်" အရေးအခင်းအပြီး တပ်မတော်မှ ဝင်ရောက်ထိန်းသိမ်း ခဲ့ရာမှ လောက်ကိုင်၊ မုံးကိုးတွင် "ဝ"တပ်ဖွဲ့များမထားတော့ဘဲ "ဝ"နယ်မြေသို့ ပြန်လည်ထွက်ခွာစေခဲ့ပါသည်။

■



အခန်း(၆)

## ကိုးကန့်ဒေသတွင်ဖြစ်ပွားခဲ့သည့် မျိုးနွယ်စုလက်နက်ကိုင်အရေးအခင်းများတွင် တပ်မတော်မှ ဝင်ရောက်ထိန်းသိမ်းဖြေရှင်းပေးမှုများ

ရန်မိုးလျံမှ တပ်မတော်သို့တင်ပြခြင်း

"ဖုန်၊ ရန်" အရေးအခင်းဖြစ်ပွားနေစဉ် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရန်မိုးလျံမှ အောက်ပါ အချက် ၄ ချက်အား တပ်မတော်အကြီးအကဲများထံ တင်ပြခဲ့ပါသည်။

(က) အထူးဒေသ(၁)သည် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ခွဲထွက်မရှိနေမည်။

(ခ) အထူးဒေသ(၁)နယ်မြေအား နိုင်ငံတော်အစိုးရနှင့်ပတ်သက်၍ ထိန်းသိမ်းအုပ်ချုပ်သွားမည်။

(ဂ) အထူးဒေသ(၁)တပ်များအား တပ်မတော်ဖွဲ့စည်းပုံစာရင်းတွင် ထည့်သွင်းပေးရန်နှင့် နယ်စပ်ဒေသလက်နက်ကိုင်ရဲတပ်ဖွဲ့အဖြစ် အမည်နာမမှည့်ပေးရန်။



www.burmeseclassic.com

www.burmeseclassic.com



(ဃ) ရန်လုံ့ကျိုင်းလက်နက်ခဲယမ်းကိုဒေါင်ကို အစိုးရက စီမံခန့်ခွဲထိန်းသိမ်းပေးရန်။

၁၉၉၅ ခုနှစ် ''ဖုန်၊ ရန်'' အရေးအခင်းတွင် ကိုးကန့်အထူးဒေသ(၁) တပ်များအချင်းချင်း ဆက်လက် တိုက်ခိုက်နေပါက ဒေသခံပြည်သူလူထုနစ်နာမည်ဖြစ်သောကြောင့် တပ်မတော်စစ်ကြောင်းများအား လောက်ကိုင်၊ မုံးကိုးသို့ စေလွှတ်ထိန်းချုပ်ခဲ့ပါသည်။ အမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်နှင့် တပ်ရင်း(၁၀)ရင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဗျူဟာတစ်ခုနှင့် တပ်ရင်း ၃ ရင်းတို့အား လောက်ကိုင်နှင့် မုံးကိုးသို့ ဖြန့်ခွဲဝင်ရောက်စေခဲ့ပါသည်။ ဖုန်ကြားရှင်ဘက်မှ ၎င်းတို့တပ်များအား တပ်မတော်မှ တားဆီးသည့်အတွက်ကြောင့် တပ်မတော် သည် ရန်မိုးလျံဘက်မှ ပါသည်ဟု စွပ်စွဲခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ တပ်မတော်သည် ထိပ်တိုက်တွေ့မည့် အခြေအနေများကို ရှောင်ရှားပြီး ငြိမ်းချမ်းရေးကို စိတ်ရှည်စွာ ရင်ဆိုင်ဖြေရှင်းခဲ့သည်။

ကိုးကန့်ဒေသသည် ''ဝ''တပ်ဖွဲ့များရှိနေသောကြောင့် အခြေအနေများပိုမိုရှုပ်ထွေးသဖြင့် ဖုန်ကြားရှင် နှင့်ပါလာသော ''ဝ''တပ်ဖွဲ့များအား ''ဝ''နယ်မြေသို့ပြန်လည်စေလွှတ်ရေးကိုလည်း ကိုင်တွယ်ဖြေရှင်းခဲ့ပါသည်။ တပ်မတော်စစ်ကြောင်းများအား ဝင်ရောက်နယ်မြေစိုးမိုးရာတွင် ငြိမ်းချမ်းရေးတပ်ဖွဲ့များနှင့် ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်ခဲ့သည့်ပြဿနာများ ရှိခဲ့ပါသည်။ ကြီးမားသောကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရန်လုံ့ကျိုင်းလက်နက်တိုက်အား တပ်မတော် စစ်ကြောင်းမှ ဝင်ရောက်







www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com







ထိန်းသိမ်းခဲ့စဉ် ဖုန်ကြားရှင်ဘက်မှ ကူညီနေသည့် "ဝ" တပ်များ ရန်လုံကျိုင်းသို့ရောက်ရှိနေ၍ ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းခဲ့ရခြင်း။

(ခ) ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အမှတ်(၅) အမြောက်တပ်ရင်းမှ ၁၀၅ မီလီမီတာ အမြောက် နှင့် ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးများကို ကွမ်းလုံမှ လောက်ကိုင်သို့ပို့ဆောင်သည့် ယာဉ်တန်းအား ချင်းရွှေဟော် ဂိတ်တွင် ဖုန်ကြားရှင်တပ်ဖွဲ့မှ ပိတ်ဆို့ထားခဲ့ခြင်းကိစ္စနှင့် ပတ်သက်၍ အချေအတင် ဆွေးနွေးခဲ့ရခြင်း။

(ဂ) ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလကုန်ပိုင်းတွင် တပ်မတော်(လေ)မှ တိုက်လေယာဉ်များ လောက်ကိုင် ပတ်ဝန်းကျင်တွင် ပျံသန်း ခြင်းကိစ္စကို ကန့်ကွက်လာသည့်အတွက် အချေအတင် ဆွေးနွေးခဲ့ရခြင်း။

(ဃ) လောက်ကိုင်၊ မုံးကိုး၊ ကုန်းကြမ်း၊ ရန်လုံကျိုင်းနယ်မြေ အတွင်း တပ်မတော်စစ်ကြောင်းများမှ နယ်မြေထိန်းစခန်း များ ဆောက်လုပ်ခဲ့သည့်အတွက် အချေအတင်ပြောဆို ဆွေးနွေးခဲ့ရခြင်း။

## 'ပုန်'၊ 'ရန်'၊ 'မုန်ဆာလ' အဖွဲ့များ နယ်မြေကန့်သတ်ပေးခြင်း

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထိုစဉ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖုန်ကြားရှင်၊ ရန်မိုးလျံ၊ မုန်ဆာလ တို့၏ ကိုယ်စားလှယ် အဖွဲ့များအား လားရှိုးမြို့၊ ရွှေလီချည်ရိပ်သာ



www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်ဖွဲ့ချင်းစီသီးသန့်တွေ့ဆုံဆွေးနွေးခဲ့ပြီး ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဒုတိယအကြိမ်ထပ်မံတွေ့ဆုံကာ အဖွဲ့ ၃ ဖွဲ့အား အောက်ပါအတိုင်း နယ်မြေသတ်မှတ်ပေးခဲ့ပါသည်။

(က) ဖုန်ကြားရှင်အဖွဲ့ လောက်ကိုင်နှင့် ချင်းရွှေဟော်ဒေသ။
(ခ) ရန်မိုးလျံအဖွဲ့ ကုန်းကြမ်းဒေသ။
(ဂ) မုန်ဆာလအဖွဲ့ မုံးကို၊ သံလွင်အနောက်ခြမ်းဒေသ။

**ရန်မိုးလျံလက်နက်ကိုင်လမ်းစဉ် အပြီးအပိုင်စွန့်လွှတ်ခြင်းနှင့် ဖုန်ကြားရှင်အာဏာပြန်လည်ရရှိခြင်း**

အထက်ပါကဲ့သို့ နယ်မြေများသတ်မှတ်ပေးခြင်းဖြင့် တပ်များထိပ်တိုက်တွေ့ရှိမှုအား လျော့ပါးစေခဲ့ပါသည်။ အခြေအနေ အရပ်ရပ်အရ ရန်မိုးလျံအနေဖြင့် ၁၉၉၅ ခုနှစ် အရေးအခင်းတွင် အရေးနိမ့်နေပြီဖြစ်၍ ခွဲခြားသတ် မှတ်ပေးထားသည့် ကုန်းကြမ်း နယ်မြေတွင် ရေရှည်နေထိုင်၍ရမည်မဟုတ်သဖြင့် ပြည်မဘက်သို့ ထွက်ခွာခဲ့ပါသည်။ ထို့ပြင် ကုန်းကြမ်းသည် ပလောင်ရွာကြီးသာဖြစ်၍ ချင်းရွှေဟော်၊ လောက်ကိုင်မှ ကားလမ်းဖြင့်သာ ဆက်သွယ် ရသည်ဖြစ်ရာ နယ်မြေအနေအထားအရ နေထိုင်၍ရနိုင်မည် မဟုတ်ဘဲ ရန်မိုးလျံနှင့် ရန်မိုးအန်းတို့သည် ၎င်းတို့ ပိုင်ပစ္စည်းများ၊ စက်ရုံငယ်များ စသည့်ကိစ္စရပ်များဖြေရှင်းပြီး လက်နက်ကိုင်လမ်းစဉ် အား စွန့်၍ ထွက်သွားခဲ့ခြင်း လည်းဖြစ်ပါသည်။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် စီအောရှိ ဖုန်ကြားရှင်နေအိမ်၌ ဖုန်ကြားရှင်၊ ဖုန်ကြားဖူးအပါအဝင် ''ဖုန်''အဖွဲ့များမှ ခေါင်းဆောင် များနှင့် ''ရန်''အဖွဲ့မှ ပယ်စောက်ချိန်၊ ကျန်ကျုံးမြင့်၊ ရန်ကွမ်ဖူး၊





ဝေချောက်ရင် စသည့် ခေါင်းဆောင်များပါဝင်သော အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်း အဝေးတွင် ကိုးကန့်လူမျိုးအချင်းချင်း သွေးထွက်သံယိုမဖြစ်စေရေးနှင့် ''ဖုန်''၊ ''ရန်'' တပ်ဖွဲ့များ ပြန်လည် ပူးပေါင်းရေးအတွက် အဓိကထားဆွေးနွေးခဲ့ကြပါသည်။

**နမ့်ကျွမ်း၊ ဝေါ်ခြုံဒေသအား တပ်မတော်မှ ထိန်းသိမ်းခြင်း**

နမ့်ကျွမ်း၊ ဝေါ်ခြုံဒေသသည် ကွမ်းလုံမြို့နယ်အတွင်း လွယ်ပင်းရဲ၏မြောက်ဘက်၊ သံလွင်မြစ် အနောက်ဘက်တွင် တည် ရှိပါသည်။ မြင့်မားသောတောင်တန်းပေါ်တွင်ရှိနေပြီး ကိုးကန့်နှင့် ပလောင်လူမျိုး အများစုနေထိုင်ပါသည်။ နမ့်ကျွမ်း၊ ဝေါ်ခြုံဒေသ မြောက်ဘက်တွင် မုံးဟောင်နယ်မြေ၊ အရှေ့ဘက်တွင် သံလွင် မြစ်နှင့် အရှေ့ဘက်ကမ်း၌ အထူးဒေသ(၁)နယ်မြေ၊ တောင်ဘက်တွင် လွယ်ပင်းရဲနယ်မြေနှင့် အနောက်ဘက်တွင် မုံးစီ၊ နားလည်၊ မုံးပေါ်လေ၊ ကွင်းပြန့်ဒေသနှင့် ရင်ဆိုင်ထားသော နယ်မြေ ဖြစ်ပါသည်။ နမ့်ကျွမ်းရွာအနီး ဂုမ်းကောစူးရွာတွင် ဘိန်းဖြူအကြီး အကျယ်ချက်လုပ်ခဲ့ပြီး ဘိန်းအထွက်ကောင်း၍ အခွန်အကောက် များစွာရရှိ သောနယ်မြေတစ်ခု ဖြစ်ပါသည်။ ၁၉၉၅ ခုနှစ်၊ ''ဖုန်''၊ ''ရန်''အရေးအခင်းမတိုင်မီထိ နမ့်ကျွမ်း၊ ဝေါ်ခြုံ နယ်မြေသည် အထူးဒေသ(၁)တွင်ပါဝင်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ''ဖုန်''၊ ''ရန်'' အရေးအခင်းတွင် နမ့်ကျွမ်း၊ ဝေါ်ခြုံတွင် ရန်မိုးလျံတပ်ဖွဲ့နှင့် မုန်ဆာလတပ်ဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ ၁၉၉၅ ခုနှစ်၊ အရေးအခင်းပြီးနောက် နမ့်ကျွမ်း၊ ဝေါ်ခြုံဒေသအား မုန်ဆာလ တပ်များမှ ၎င်းတို့နယ်မြေအဖြစ် ရယူရန်ပြင်ဆင်ခဲ့သည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



နမ့်ကျွမ်းမြို့နယ်မှူး ဝူလောမင်း၊ ဒုမြို့နယ်မှူး ချိန်ရှောက်လု စသည့် ကိုးကန့်ခေါင်းဆောင်များမှ နယ်မြေတွင် ကိုးကန့်လူမျိုးများသာ အဓိကနေထိုင်လျက်ရှိရာ မုန်ဆာလ၏ ကချင်တပ်ဖွဲ့ ဆက်လက်နေထိုင်ရန် မဖြစ်နိုင်ဟုသုံးသပ်ပြီး တပ်မတော်၏လုံခြုံရေး အကူအညီတောင်းခံလာခဲ့ပါသည်။ သို့ဖြစ်၍ တပ်မတော်မှ နမ့်ကျွမ်း၊ ဝေါခြုံတွင် တပ်စခန်းများတည်ဆောက်၍ လှုပ်ရှားစစ်ကြောင်းများဖြင့် နယ်မြေစိုးမိုးခြင်း၊ မုန်ဆာလ တပ်များဝင်ရောက်ခြင်းတို့ကို ဟန့်တားဆောင်ရွက်ပေးခဲ့ပါသည်။ တပ်မတော်၏ ကြိုးပမ်းစည်းရုံးခဲ့မှုကြောင့် ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ဝူလောမင်းအဖွဲ့သည် လက်နက် ၃၀ ကျော် အပ်နှံခဲ့ပြီး ၁၉၉၆ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် ကျန်တာရှန်တပ်ဖွဲ့သည် လက်နက် ၅၅ လက်၊ အင်အား ၉၀ ကျော်ခန့်ဖြင့် တပ်မတော်သို့ လက်နက်အပ်နှံခဲ့ပါသည်။ ယခုအခါ နမ့်ကျွမ်း၊ ဝေါခြုံနယ်မြေတွင် တပ်မတော်မှ လုံးဝထိန်းသိမ်းထားပြီး ကွမ်းလုံမှ နမ့်ကျွမ်း၊ ဝေါခြုံအထိ ကားလမ်းဖောက်လုပ်ပေးခြင်း၊ ရွာများတွင် စာသင်ကျောင်း၊ ဆေးပေးခန်း ဆောက်လုပ်ပေးခြင်း၊ ဘုန်းကြီးကျောင်းဆောက်လုပ်ပေးခြင်း စသည့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပေးခဲ့ပါသည်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) မုံးကိုးကာကွယ်ရေးတပ် အချင်းချင်း အာဏာလုမှုဖြစ်ပွားခြင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) မုန်ဆာလ ဦးဆောင်သော မုံးကိုးကာကွယ်ရေးတပ်သည်လည်း ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် မုန်ဆာလ (ဒေသစစ်ဦးစီးချုပ်)





နှင့် လီနင်မင် (ဒုတိယဒေသစစ်ဦးစီးချုပ်)တို့ အချင်းချင်းအာဏာလုခဲ့ရာ မုံးကိုးမြို့တွင် တိုက်ပွဲများဖြစ်ပွားနေခဲ့ပါသည်။ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ မုံးကိုးဒေသအား ဝင်ရောက်ထိန်းသိမ်းခဲ့ပြီး နိုင်ငံတော်အစိုးရ၏အုပ်ချုပ်မှုအောက်သို့ ရောက်ရှိလာခဲ့ပါသည်။ မုန်ဆာလအဖွဲ့အား လီနင်မင်အဖွဲ့က တိုက်ခိုက်ပြီး လီနင်မင်အဖွဲ့အား မာမွန်းအဖွဲ့ကာ တိုက်ခိုက်ခဲ့ရာ မုန်ဆာလအဖွဲ့နှင့် မာမွန်းအဖွဲ့တို့မှ တပ်မတော်၏ဦးဆောင်မှုကို နာခံခဲ့ပါသည်။ လီနင်မင်အား စည်းရုံးခဲ့ကာ အောင်မြင်မှုမရှိခဲ့ဘဲ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပေါမိုးလုံသို့ဝင်ရောက်လာသော စကခ (၁၆) မှ ဗျူဟာမှူး ဦးစီး ၁ ဗျူဟာနှင့် တပ်ရင်း ၂ ရင်းအား စတင်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်မှ ပေါမိုးလုံကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။ လီနင်မင်မှာ ထွက်ပြေး တိမ်းရှောင်သွားပြီး ယင်း၏အဖွဲ့မှာ အကျအဆုံးများစွာဖြင့် ပြိုကွဲသွားခဲ့ပါသည်။ မာမွန်းအဖွဲ့မှာ နိုင်ငံတော်ထံ လူ၊ လက်နက်များအပ်နှံခဲ့ရာ နိုင်ငံတော်မှ မုံးပေါ်ပြည်သူ့စစ်အဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့ပါသည်။ မုန်ဆာလမှာ နိုင်ငံတော်၏ဦးဆောင်မှုကို လက်မခံခဲ့သည့်အတွက် နယ်မြေကို ဆက်လက်အုပ်ချုပ်ရန်မသင့်သောကြောင့် မူးယစ်ဆေးဝါးမှုဖြင့် ဥပဒေအရဖမ်းဆီးကာ ပြစ်ဒဏ်ချမှတ်ထိန်းသိမ်းခဲ့ရပါသည်။ မုံးကိုးဖြစ်စဉ်တွင် ကချင် အဖွဲ့အစည်းများ၊ ကိုးကန့်နှင့် "ဝ"အဖွဲ့များ ပါဝင်လာပါက ပိုမိုရှုပ်ထွေးကိုင်တွယ်ဖြေရှင်းရခက်သည့် ပြဿနာတစ်ရပ်ဖြစ်လာနိုင်သည့်အတွက် တပ်မတော်မှ ၎င်းအဖွဲ့များအား မပြတ်ဆက်သွယ်သတိပေးပြောဆိုနိုင်ခဲ့၍သာ မုံးကိုးဒေသကို တည်ငြိမ်အောင်ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံတော်မှကိုးကန့်ဒေသအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်း**

လောက်ကိုင်ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်ပြီး လောက်ကိုင်ခရိုင်စည်းရုံးရေးနှင့် အုပ်ချုပ်ရေးကော်မတီ အား ကာကွယ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်၍ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။

(က) **ခရိုင်စည်းရုံးရေးနှင့် အုပ်ချုပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့် | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူး တင်အုန်း | အတွင်းရေးမှူး |
| (၃) | ဦးကျော်လေး (ခရိုင်ထွေ/အုပ်) | အဖွဲ့ဝင် |
| (၄) | ရဲမှူး အုန်းမောင် | အဖွဲ့ဝင် |

(ခ) **လောက်ကိုင်မြို့နယ် စည်းရုံးရေးနှင့် အုပ်ချုပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဗိုလ်မှူး ဆန်းမြင့် | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မြင့် | အတွင်းရေးမှူး |
| (၃) | ဦးငွေအောင် (လဝက) | အဖွဲ့ဝင် |

(ဂ) **ကုန်းကြမ်းမြို့နယ်စည်းရုံးရေးနှင့် အုပ်ချုပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဗိုလ်မှူး ဝင်းမြင့်နိုင် | ဥက္ကဋ္ဌ |
| (၂) | ဦးဝမ်းမောင် | အတွင်းရေးမှူး |
| (၃) | ဒုရဲမှူး သန်းထွန်း | အဖွဲ့ဝင် |

(ဃ) **ချင်းရွှေဟော်မြို့နယ်စည်းရုံးရေးနှင့် အုပ်ချုပ်ရေး ကော်မတီ**

| | | |
|---|---|---|
| (၁) | ဗိုလ်မှူး အောင်သူ | ဥက္ကဋ္ဌ |
| (၂) | ဦးခင်ကြည် | အတွင်းရေးမှူး |





| | | |
|---|---|---|
| (၃) | ရဲမှူး ခင်မောင်ကြည် | အဖွဲ့ဝင် |

အထက်ပါ အုပ်ချုပ်ရေးအဖွဲ့များတွင် ဒေသခံပြည်သူလူထု ဘက်မှလည်း ကိုယ်စားလှယ်များပါဝင်ပြီး နိုင်ငံတော်အစိုးရမှ လောက်ကိုင်ဒေသတွင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို အရှိန်အဟုန် အကောင် အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါသည်။

**ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်ငြိမ်းချမ်းရေးတပ်ဖွဲ့ ပြန်လည် ဖွဲ့စည်းခြင်း**

ဒုတိယအကြိမ် "ဖုန်"၊ "ရန်" အရေးအခင်းပြီးနောက် ဖုန်ကြားရှင်အဖွဲ့သည် ကိုးကန့်နယ်မြေတွင် ပြန်လည်ခေါင်းဆောင် အုပ်ချုပ်ခွင့်ရရှိခဲ့ပြီး ဖုန်ကြားရှင်သည် ဗဟိုအုပ်ချုပ်ရေးအဖွဲ့နှင့် စစ်ဦးစီးအဖွဲ့အား အောက်ပါ အတိုင်းဖွဲ့စည်းခဲ့ပါသည်။

(က) **ဗဟိုအုပ်ချုပ်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဖုန်ကြားရှင် | ဥက္ကဋ္ဌ |
| (၂) | ဖုန်ကြားဖူး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ရန်ကြုံးဝေ (ဖုန်ကြားရှင်နှင့်ခမည်းခမက်) | ဒုတိယဥက္ကဋ္ဌ |
| (၄) | ကျန်တဲဝမ် | ဒုတိယဥက္ကဋ္ဌ |
| (၅) | ပယ်စောက်ချိန် | ဒုတိယဥက္ကဋ္ဌ ("ရန်"အဖွဲ့မှ) |
| (၆) | ဖုန်တာရှင် (ဖုန်ကြားရှင်သား) | ဒုတိယဥက္ကဋ္ဌ |



www.burmeseclassic.com

www.burmeseclassic.com



(၇) ဝေချောက်ရင် — အဖွဲ့ဝင် ("ရန်" အဖွဲ့မှ)
(၈) ဝမ်ကော်ကျင်း — အဖွဲ့ဝင် ("ရန်"အဖွဲ့မှ)
(၉) စစ်ဆန်း — အဖွဲ့ဝင်
(၁၀) လူကွယ်ချီး — အတွင်းရေးမှူး
(၁၁) လီဝင်းမြင့် — ဒုတိယအတွင်းရေးမှူး

(ခ) **စစ်ဦးစီးဌာန**

(၁) ဝေချောက်ရင် — စစ်ဦးစီးမှူး ("ရန်"အဖွဲ့မှ)
(၂) စစ်ဆန်း — ဒုတိယဦးစီးမှူး ("ရန်"အဖွဲ့မှ)
(၃) ရန်ကွမ်ဖူး — တတိယဦးစီးမှူး ("ရန်"အဖွဲ့မှ)

(ဂ) **တပ်ရင်းများ**

(၁) တပ်ရင်း(၁)။ တပ်ရင်းမှူး လီကွယ်ရှင်းဦးစီး အင်အား ၁၂၀ ဦးခန့် လောက်ကိုင်နှင့် ရန်လုံကျိုင်းကြား မန်ခါးတစ်ဝိုက်တွင် အခြေပြုခဲ့ပါသည်။

(၂) တပ်ရင်း(၂)။ တပ်ရင်းမှူး ဖုန်ကြာကျင်း ဦးစီး အင်အား ၁၂၀ ဦးခန့် လောက်ကိုင်မြို့ တစ်ဝိုက်တွင် အခြေပြု





ခဲ့ပါသည်။

(၃) တပ်ရင်း(၃)။ တပ်ရင်းမှူး ဖုယုံရှင်း ဦးစီး အင်အား ၁၂၀ ဦးခန့် ချင်းရွှေဟော် တစ်ဝိုက်တွင် အခြေပြုခဲ့ပါသည်။

(၄) တပ်ရင်း(၄)။ တပ်ရင်းမှူး ယီမြင့်ချိုး ဦးစီး အင်အား ၁၂၀ ဦးခန့် လောက်ကိုင် အနောက်ဘက် ကြူဖန် တစ်ဝိုက်တွင် အခြေပြုခဲ့ပါသည်။

(၅) အမြောက်တပ်ခွဲ။ တပ်ရင်းမှူး ရန်ကျင်းဟွာ ဦးစီးအင်အား ၁၂၀ ဦးခန့် မန်ခါးတွင် ဖြန့်ခွဲထား ရှိခဲ့ပါသည်။

(၆) လုံခြုံရေးတပ်ခွဲ။ တပ်ခွဲမှူး လီကျင့်စင် ဦးစီး အင်အား ၅၀ ဦးခန့် စီအောတွင် ဖြန့်ခွဲထားရှိခဲ့ပါသည်။

**ကိုးကန့်နယ်မြေတွင် ဖုန်ကြားရှင်ဖြန်လည်အုပ်ချုပ်ခဲ့ပြီးနောက်ပိုင်း ဖြစ်ပေါ်လာသည့်အခြေအနေများ**

ဖုန်ကြားရှင်သည် ၁၉၈၉ ခုနှစ် မတ်လမှစ၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့် ဒေသအကြီးအကဲ ခေါင်းဆောင်အဖြစ် အုပ်ချုပ်ခဲ့ပါသည်။ မူလတွင် အုပ်ချုပ်ပုံစနစ်အရ



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုကော်မတီဝင်များနှင့် တိုင်ပင်ဆွေးနွေး၍ အများသဘောတူ စုပေါင်းအဖွဲ့စနစ်ဖြင့် အုပ်ချုပ်ခဲ့ပါသည်။ စီအောတွင် မြန်မာနိုင်ငံ လူမျိုးစုများ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု (ကိုးကန့်) (**Myanmar National Democracy Alliance Army MNDAA**) အားဖွဲ့စည်း၍ လောက်ကိုင်မြို့တွင် အုပ်ချုပ်ရေးဌာနများ ထားရှိဆောင်ရွက်ခဲ့ပါသည်။ မုံးကိုးအရေးအခင်းပြီး နောက် တပ်မတော်မှ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)နှင့် ကွပ်ကဲမှုအောက်တပ်များကို လောက်ကိုင် ဒေသအပါအဝင် ကိုးကန့်နယ်မြေအတွင်း ဖွင့်လှစ်ထားရှိခဲ့ပါသည်။

နယ်ဘက်အုပ်ချုပ်ရေးအဖြစ် လောက်ကိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထားရှိ၍ လောက်ကိုင်နှင့် ကုန်ကြမ်းမြို့နယ် ၂ ခုဖြင့် ခရိုင်ဖွဲ့စည်းပေးခဲ့ပြီး ချင်းရွှေဟော်ကို လောက်ကိုင်မြို့နယ်၏ မြို့နယ်ခွဲအဖြစ် သတ်မှတ်ဖွဲ့စည်းပေးခဲ့ပါတယ်။ ကိုးကန့်ဒေသအတွင်း ထိုစဉ်က ခယက၊ မယကများ ဖွဲ့စည်းထားရှိသော်လည်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ခြင်းမရှိစေရန် ဖုန်ကြားရှင်မှ တစ်ဖက်လှည့်ဖြင့် လိမ္မာပါးနပ်စွာ ထိန်းချုပ်လုပ်ဆောင်ခဲ့ပြီး ကိုးကန့်လက်နက်ကိုင်အဖွဲ့များဖြင့် မြို့ရွာများအား တင်းကျပ်စွာချုပ်ကိုင်ခဲ့ပါသည်။

ကိုးကန့်ဒေသခံများကိုလည်း အစိုးရဌာနဆိုင်ရာများ၊ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံခြင်း မပြုလုပ်ရန် ကိုးကန့်အဖွဲ့၏အမိန့်အာဏာ၊ တရားစီရင်ရေးကိုသာ လိုက်နာရန် စင်ပြိုင်အုပ်ချုပ် ရေးအဖွဲ့အစည်းတည်ထောင်၍





ချုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ဖုန်ကြားရှင်သည် လောက်ကိုင်ဒေသကို ၎င်း၏ စိတ်ကြိုက် စီမံအုပ်ချုပ်ခဲ့ပြီး တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုကို လိုက်ပါလုပ်ဆောင်နေသယောင် နေထိုင်ဆောင်ရွက်ခဲ့ပါသည်။ ကိုးကန့်အဖွဲ့အတွင်း မူးယစ်ဆေးဝါးကိစ္စ၊ လောင်းကစားမှုများနှင့် အခြားသော မှောင်ခိုစီးပွားရေးလုပ်ငန်းများဖြင့် ခေါင်းဆောင်များ ကြီးပွားချမ်းသာလာခဲ့ရာ အုပ်ချုပ်မှုပိုင်းနှင့် စီးပွားရေးကို လက်နက်အားကိုးဖြင့် ဆက်လက်လက်ဝါးကြီးအုပ်နိုင်ရန် စီစဉ်ခဲ့ပါသည်။ ဖုန်ကြားရှင်သည် အုပ်ချုပ်ရေး ဗဟိုကော်မတီဝင်များတွင် အစဉ်အလာရှိ၍ နိုင်ငံရေးအမြင်ကျယ်သူများ၊ နိုင်ငံတော်အစိုးရ၏ ဥပဒေ၊ မူဝါဒ လမ်းစဉ်များကို သဘောပေါက်နားလည်သူများအား တစ်စ တစ်စ ဖယ်ထုတ်သောနည်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ကို အမျိုးသားညီလာခံပြီးဆုံးချိန်မှစ၍ လုပ်ဆောင်လာခဲ့ပါသည်။ ၎င်း၏ရည်ရွယ်ချက်မှာ အခြေခံဥပဒေသစ်ကို ထောက်ခံမှု မရရှိစေရန်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို စိတ်ကြိုက်ဖန်တီးအုပ်ချုပ်နိုင်ရန် လက်ရှိ လုပ်ဆောင်နေသော တရားမဝင် စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် အတွက်လည်း ဖြစ်ပါသည်။

ဖုန်ကြားရှင်သည် ကိုးကန့်အဖွဲ့အတွင်း အရေးပါသည့်ဌာနဖြစ်သော ဘဏ္ဍာရေးဌာနနှင့် စစ်ရေးဌာနကို သားဖြစ်သူ ဖုန်တာရှင်အား ကိုင်တွယ်စေခဲ့ပါသည်။ ဖုန်တာရှင်အနေဖြင့် စစ်ရေးဆိုင်ရာကိစ္စရပ်များအား ဒုစစ်ဦးစီးမှူးများဖြစ်သည့် ဝေဆန်း၊ လျူကွယ်ရှီး၊ ဖုန်ကြားကျိုန်း(ဖုန်ကြားရှင်၏ညီ) တို့ထံမှ တိုင်ပင် အကြံဉာဏ် ရယူဆောင်ရွက်ခဲ့ပြီး လုပ်ဆောင်ချက်များကို ဗဟိုကော်မတီဝင်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ခြင်း၊ ညှိနှိုင်းခြင်းများ မပြုလုပ် တော့ဘဲ ၎င်းတစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အား လူထုထောက်ခံဆန္ဒခံယူပွဲ ပြုလုပ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ၂၀၀၈ ခုနှစ် မေလအတိုင်မီတွင် ယာယီ သက်သေခံကတ်ပြား White Card များ ထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးခဲ့ရာ ကိုးကန့်ဒေသတွင်လည်း သက်ဆိုင်ရာဌာန တာဝန်ရှိသူများက သွားရောက်ဆောင်ရွက်ပေးခဲ့ကြပါသည်။


ထိုသို့ ဆောင်ရွက်ရာတွင် ကိုးကန့်တာဝန်ရှိသူများမှတစ်ဆင့် ထုတ်ပေးသည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ မြေပြင်တွင် ယာယီ သက်သေခံ ကတ်ပြားများအား ပြည်သူလူထုသို့ ထုတ်ပေးခဲ့ခြင်း မရှိဘဲ ၎င်းတို့ထံတွင်သာ ထိန်းသိမ်းထားခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ထောက်ခံမဲမပေးနိုင်ရန်အတွက်ဖြစ်ပြီး ကိုးကန့်လူထုကို ပြောကြား ရာတွင် အစိုးရမှ ထုတ်ပေးသော ယာယီသက်သေခံကတ်ပြားမှာ တရားဝင်မဟုတ်ကြောင်း၊ နိုင်ငံသားစိစစ်ရေး ကတ်နှင့်မတူကြောင်း၊ ထို့ကြောင့် ခရီးသွားရာတွင်လည်း ကိုင်ဆောင်၍မရကြောင်း စသည်ဖြင့် မဟုတ်မမှန် ဝါဒဖြန့်ပြောကြားခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ် မေလ ၉ ရက်တွင် ဖုန်တာရှင်မှ ဗဟိုကော်မတီဝင်များနှင့် ကိုးကန့်ခရိုင် မြို့နယ်တာဝန်ခံများအား အစည်းအဝေးခေါ်ယူ၍ မဲရုံသို့ သွားရောက်ဆန္ဒမဲပေးခြင်း မပြုကြရန် အမိန့်ပေးညွှန်ကြားခဲ့ပါသည်။ ဖခင်ဖြစ်သူ ဖုန်ကြားရှင်ကိုပင် ဆန္ဒမဲမပေးရန်နှင့် ဆန္ဒမဲပေးသူအား ကိုးကန့် သစ္စာဖောက်ဟု သတ်မှတ်မည်ဖြစ်ကြောင်း ပြင်းပြင်း ထန်ထန် ကန့်ကွက်ပြောကြားခဲ့ပါသည်။ သို့သော် အမျိုးသား ညီလာခံတက်ရောက်ခဲ့ကြပြီး နိုင်ငံတော်၏သဘောထားအမှန်ကို





www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com









လောက်ကိုင်ဒေသတိုက်ပွဲများတွင် ကိုးကန့်သောင်းကျန်းသူများလက်ချက်ဖြင့်
ဒဏ်ရာရနေသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ

www.burmeseclassic.com

www.burmeseclassic.com






လောက်ကိုင်ဒေသတိုက်ပွဲများတွင် ကိုးကန့်သောင်းကျန်းသူ များလက်ချက်ဖြင့်
ဒဏ်ရာရနေသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ




လောက်ကိုင်ဒေသ ပို့နှင့် ၁၇၈၉ တိုက်ပွဲပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




လောက်ကိုင်ဒေသမြေပုံ



လောက်ကိုင်ဒေသရှိ ခုနစ်ကြိမ်တိုက်ပွဲမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




တောက်ရွှေ၊ တာရွှေထန်၊ လောက်ကိုင်ဒေသ၌ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်
စတင်ဖြစ်ပွားခဲ့သော တိုက်ပွဲဖြစ်ပွားမှု နေရာပြမြေပုံ



တိုက်ပွဲဖြစ်ပွားနေသည့် နယ်စပ်တောင်ကုန်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com





သဘောပေါက်သော ပယ်စောက်ချိန်၊ လျှူ ကွယ်ရှီး ကျန်တဲ၀မ်၊ မြင့်ဆွေတို့မှ လိုက်နာမှုမရှိဘဲ ထောက်ခံဆန္ဒမဲပေးရန် ဆောင်ရွက်ခဲ့သည့်အတွက် ကိုးကန့် နယ်မြေတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုထောက်ခံမှုအား ပြုလုပ်နိုင်ခဲ့ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

## ကိုးကန့်တိမ်းရှောင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ပေါ်ပေါက်လာခြင်း

**ပုန်ကြွားရှင်အဖွဲ့မှဆောင်ရွက်နေသည့် လက်နက်စက်ရုံနှင့် မူးယစ်ဆေးဝါးပြဿနာများအား တပ်မတော်မှ ကိုင်တွယ်ဖြေရှင်းခြင်း (၂၀၀၉ ခုနှစ်)**

၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် လောက်ကိုင်မြို့ တုံချိန်မြို့သစ်၊ **WFP** ရုံးရှေ့တိုက်တန်း အခန်းအမှတ် (၅) အတွင်းမှ အမ် (၂၂) ၈၀ လက်၊ ကျည် ၁၉၂ တောင့်၊ ကျည်အိမ် ၁၆၀ ခုအား လုံခြုံရေး တပ်ဖွဲ့ဝင်များမှ သိမ်းဆည်းရမိခဲ့ပါသည်။ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ရုံးမှလည်း ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရရှိခဲ့သောသတင်းနှင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် မန္တလေး၌ ပြုလုပ်သည့် နှစ်နိုင်ငံဝန်ကြီး အဆင့်ဆင့်တွေ့ဆုံဆွေးနွေးနေချိန်တွင် တစ်ဖက် တရုတ်နိုင်ငံမှ သတင်းပေးမှုအရ မြန်မာ–တရုတ်နယ်စပ်၊ ရန်လုံကျိုင်းအနီးတွင် ကိုးကန့်အဖွဲ့၏ တရားမဝင်လက်နက်စက်ရုံရှိကြောင်း ဖော်ထုတ်သိရှိရပါသည်။ ရှို



www.burmeseclassic.com

www.burmeseclassic.com



သတင်းများအား မြေပြင်သတင်းအတည်ပြု စုံစမ်းခဲ့ပြီးနောက် ၂၀၀၉ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ ၀၇၁၅ အချိန်တွင် ပူးပေါင်းအဖွဲ့မှ မူးယစ်ဆေးဝါးရှာဖွေရေးအသွင်ဖြင့် ရန်လုံကျိုင်းလက်နက်စက်ရုံသို့ သွားရောက်ခဲ့ရာ စက်ရုံအဝင်ဂိတ်၌ ကိုးကန့်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဟန့်တားခြင်းကို ခံခဲ့ရပြီး ကိုးကန့်တာဝန်ရှိသူများအား ဆက်သွယ်ဆောင်ရွက်မှုများအရ လက်နက်စက်ရုံအတွင်းသို့ ၁၄၄၅ ချိန်မှသာ ဝင်ရောက်ခွင့် ရရှိခဲ့ပါသည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးသည် လက်နက်စက်ရုံအား နိုင်ငံတော်သို့ လွှဲပြောင်းအပ်နှံစေရေး ဩဂုတ်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ လောက်ကိုင်မြို့သို့ သွားရောက်ညှိနှိုင်းခဲ့သော်လည်း ဖုန် ကြားရှင်မှ လက်ခံတွေ့ဆုံခြင်း မရှိခဲ့ပေ။ ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိမ်းဆည်းရမိ လက်နက်စက်ရုံနှင့် ပတ်သက်၍ တာဝန်ရှိသူ ဖုန်ကြားရှင်၊ ဖုန်ကြားဖူး၊ ဖုန်တာရှင်၊ ဖုန်တာလီတို့ ၄ ဦးအား ဩဂုတ်လ ၁၈ ရက် နေ့တွင် ဥပဒေကြောင်းအရ အမှုဖွင့်လှစ်ခဲ့ပြီး တရားဥပဒေနှင့်အညီ လာရောက်ဖြေရှင်းရန် ဆင့်ခေါ်ခဲ့ရာ လာရောက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါသည်။ ဖုန်ကြားရှင်သည် လောက်ကိုင်ဒေသ တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း ဗဟိုကော်မတီဝင်များအား နေရာရွှေ့ပြောင်းခန့်ထားခြင်း၊ တရုတ်နိုင်ငံအနီး ရန်လုံကျိုင်းနယ်စပ်တွင် သွားရောက်အခြေပြုနေထိုင်ခြင်း၊ အစိုးရနှင့် ၎င်းတို့တပ်ဖွဲ့ဝင်များ ထိပ်တိုက်ရင်ဆိုင်မှုဖြစ်မည်ဟု ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်းများ ပြုလုပ်လာမှုကြောင့် ဒေသခံပြည်သူများမှာ စိုးရိမ်စွာဖြင့် တစ်ဖက်တရုတ် နိုင်ငံသို့ တိမ်းရှောင်ခြင်း၊ ပြည်တွင်းသို့ ထွက်ခွာခြင်းများ





ဖြစ်စေသည်အထိ ဒေသတွင်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်ခဲ့ပါသည်။ ဖုန်ကြားရှင်ဦးဆောင်သည့်အဖွဲ့သည် ဩဂုတ်လ ၂၅ ရက်နေ့ ၁၂၅၅ နာရီခန့်တွင် ရန်လုံကျိုင်း နယ်စပ်ဂိတ်အနီးရှိ ဖုန်ကြားရှင်သည် ရွှေ့ပြေးယာဉ် ၂ စီး၊ ဟမ်းမား ၁ စီး၊ ၄ x ၄ ယာဉ် ၂ စီး၊ လင်ခရူဇာ ၁ စီး၊ ပါဂျဲရိုး ၁ စီး၊ ပေါင်း ၇ စီး တောင်ညီနောင်ဘက်မှတစ်ဆင့် ဘီပီ (၁၂၅/၁၂၆) ဘက်သို့ တိမ်းရှောင်ထွက်ပြေးသွားခဲ့ပါသည်။ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် ဖုန်ကြားရှင်ပါ ၄ ဦးအား ဥပဒေ နှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးရန် အကြောင်း ကြားစာအား အထူးဒေသ (၁) ဗဟိုကော်မတီဝင် လျူကွယ်ရှီး၊ ဝေချောက်ရင်၊ ဝေဆန်းနှင့် ဆက်ဆံရေးတာဝန်ခံ မြင့်ဆွေမှတစ်ဆင့် ပေးအပ်အကြောင်းကြားခဲ့ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဓားစာခံအဖြစ်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ တိုက်ပွဲများဖြစ်ပွားခြင်းနှင့် ဖုန်ကြားရှင် အပါအဝင် ဦးဆောင်ခဲ့သူများအား တရားခံပြေးများအဖြစ် သတ်မှတ်ကြေညာခြင်း**

ဖုန်ကြားရှင် သစ္စာခံအဖွဲ့သည် ၎င်းတို့လက်နက်စက်ရုံကို နိုင်ငံတော်မှ သိမ်းဆည်းခဲ့မှုနှင့် ပတ်သက်၍ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ ၀၈း၀၀ ချိန်တွင် မြန်မာ-တရုတ်နယ်စပ်၊ ရန်လုံကျိုင်းဂိတ်တွင် တာဝန် ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၇ ဦးအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ချုပ်နှောင်ထားမှုများ ပြုလုပ်လာခဲ့ပါသည်။ နိုင်ငံတော်တာဝန်ရှိသူများအနေဖြင့်

www.burmeseclassic.com



ရဲတပ်ဖွဲ့ဝင်များအား ပြန်လည်စေလွှတ်ပေးရေး ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ပြန်လည်စေလွှတ်ပေးခြင်း မရှိသည့်အပြင် ကယ်ဆယ်ရန် ကြိုးပမ်းနေချိန်တွင် ရဲတပ်ဖွဲ့ဝင် ၁၄ ဦးအား လူမဆန်စွာ သတ်ဖြတ်မှုပြုလုပ်ခဲ့ပါသည်။ မိမိတပ်လှုပ်ရှားစစ်ကြောင်းများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်တွင် တားဆီးဟန့်တားမှုများ ဆောင်ရွက်ခြင်း၊ ၎င်းတို့တပ်ဖွဲ့ဝင်များနှင့် ရင်ဆိုင်ထားရှိသည့် မိမိတပ်လှုပ်ရှားစစ်ကြောင်းများ၊ တပ်စခန်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ရင်ဆိုင်တိုက်ခိုက်ခြင်းများအား ပြုလုပ်ခဲ့ပါသည်။ ၎င်းလုပ်ဆောင်ချက်များကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်နယ်မြေ လောက်ကိုင်၊ ချင်းရွှေဟော်ဒေသများအတွင်း ဩဂုတ်လ ၈ ရက်မှ စက်တင်ဘာလ ၂ ရက်နေ့အထိ တပ်မတော်မှ စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ထိန်းသိမ်းခံရမှု ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် သွားရောက်ကယ်ထုတ်စေခဲ့ရာမှ ၁၆၀၂ အချိန် တောင်ညီနောင်တွင် ရင်ဆိုင်ထားသည့် ကိုးကန့်တပ်ဖွဲ့ဝင်များမှ စတင်ပစ်ခတ်မှု ကြောင့် ပြန်လည်တုံ့ပြန်ပစ်ခတ်ရာမှ ကိုးကန့်ဒေသအတွင်း ဩဂုတ်လ ၂၉ ရက်နေ့အထိ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ထိုသို့ တိုက်ပွဲများဖြစ်ပွားပြီး နယ်မြေရှင်းလင်းရာမှ နိုဝင်ဘာလအထိ လက်နက်ကြီး ၂၂ လက်၊ လက်နက်ငယ် ၂၀၀၈ လက်၊ ခဲယမ်းမျိုးစုံ ၁၉၈၆၃၁၀၁ တောင့်၊ မိုင်းမျိုးစုံ ၂၄၀၆ လုံး၊ ဒုံးသီးမျိုးစုံ ၁၀၁၆ လုံး၊ ယာဉ် ၃၅ စီး သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးပြားရိုက်စက် ၃ လုံး၊ မူးယစ်ဆေးဝါး ဆေးပြားမျိုးစုံ ၁၄၆၈၁၅၂ ပြား၊ အမ်ဖီဒရင်း ၇၉၆၅၂၀၀ ပြား၊





ဘိန်းဖြူ ၀.၁၃၁၁ ကီလို၊ ဘိန်းစိမ်း ၁.၈ ကီလိုနှင့် အခြား ဓာတုပစ္စည်း၊ ဆက်စပ်ပစ္စည်းများ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် (မြန်မာကျပ်ငွေ ၂၀ ဘီလီယံကျော်) အား သိမ်းဆည်းရမိခဲ့ပါသည်။ ဖုန်ကြားရှင်၊ ဖုန်ကြာဖူး၊ ဖုန်တာရှင်နှင့် ဖုန်တာလီတို့အား လက်နက်/မူးယစ်/ သွင်း/ထုတ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများဖြင့် ဥပဒေကြောင်းအရ အမှုဖွင့်လှစ်ကာ တရားခံပြေးများအဖြစ် ကြေညာခဲ့သည်။ ဖုန်ကြားရှင်နှင့်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၄ ဦးအား ရက်စက်သတ်ဖြတ်ပြီးနောက် ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းခြင်းမရှိဘဲ တရုတ်နိုင်ငံမှ တစ်ဆင့် ၎င်း၏သမက်ဖြစ်သော ဦးစိုင်းလင်း၊ ဥက္ကဋ္ဌ **NDAA** အဖွဲ့ရှိရာ မိုင်းလားသို့ ထွက်ပြေးခိုလှုံသွားခဲ့ပါသည်။

**ဖုန်ကြားရှင်ထွက်ပြေးတိမ်းရှောင်သွားပြီးနောက် ကိုးကန့်အထူးဒေသ (၁) ယာယီဦးစီးကော်မတီဖွဲ့စည်း ခဲ့ခြင်း**

တိုက်ပွဲများဖြစ်ပွားပြီးနောက် ဖုန်ကြားရှင်၊ ဖုန်ကြာဖူး၊ ဖုန်တာရှင်နှင့် ဖုန်တာလီတို့အား လက်နက်/ မူးယစ်/သွင်း/ထုတ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများဖြင့် ဥပဒေကြောင်းအရ အမှုဖွင့်လှစ်ကာ တရားခံပြေးများ အဖြစ် နိုင်ငံတော်မှ ကြေညာခဲ့ပါသည်။ ဒေသတွင်း မတည်မငြိမ်ဖြစ်မည်ကို မလိုလားသည့် ကျန်ဗဟိုကော်မတီ ဝင်များမှ နိုင်ငံတော်၏ ဦးဆောင်မှုကို ခံယူပြီး ခေါင်းဆောင်မှုကင်းမဲ့သွားသော အထူးဒေသ (၁) အဖွဲ့အား ဦးပယ်စောက်ချိန်မှ ခေါင်းဆောင်၍ အောက်ပါအဖွဲ့ဝင် ၁၁ ဦးဖြင့် ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီဖွဲ့စည်းကာ ကိုးကန့်



www.burmeseclassic.com

www.burmeseclassic.com



ဒေသအား ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးပယ်စောက်ချိန် (ယခင် ဥက္ကဋ္ဌ)
(ခ) ဦးလူကွယ်ရှီး (ယခင် အတွင်းရေးမှူး)
(ဂ) ဦးလီကျုံးချန် (ယခင် အဖွဲ့ဝင်)
(ဃ) ဦးရန်ကျုံးဝေ (ယခင် ဒုဥက္ကဋ္ဌ)
(င) ဦးကျန်တဲဝမ် (ယခင် ဆက်ဆံရေးမှူး)
(စ) ဦးဝေချောက်ရင် (ယခင် ဒုဥက္ကဋ္ဌ)
(ဆ) ဦးမြီရှောက်ချမ်း (ယခင် တုန်စမ်းမြို့နယ်မှူး)
(ဇ) ဦးဝေဆန်း(ခ)ဝေလောက်ရန် (ယခင်လက်နက်ကိုင် ဆောင်သူထိန်းချုပ် စစ်ဆေးရေးအဖွဲ့ဝင်)
(ဈ) ဦးရန်စီကျမ်း (ယခင် ကိုးကန့် ဒုစရိုင်မှူး)
(ည) ဦးဝမ်ကော်ကျင့် (ယခင် ဒုဥက္ကဋ္ဌ)
(ဋ) ဦးစစ်ဆန်း (ယခင် စစ်ဦးစီးမှူး)

၂၀၀၉ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီသည် ဖုန်ကြားရှင်နှင့် တာဝန်ရှိသူများ ကိုးကန့်ဒေသမှ ရှောင်တိမ်းထွက်ခွာသွားခြင်းနှင့် ပတ်သက်၍ တရားဥပဒေအရ ရင်ဆိုင် ဖြေရှင်းရန် ကြေညာချက် ၁ စောင် ထုတ်ပြန်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက်၊ ဒီဇင်ဘာလ ၄ ရက်နှင့် ၂၃ ရက်နေ့များတွင် လောက်ကိုင်မြို့တွင်း၌ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သဖြင့် ကိုးကန့်ဒေသ ယာယီ ဦးစီးကော်မတီမှ ဒီဇင်ဘာလ ၂၅ ရက်စွဲဖြင့် အမိန့်ကြေညာချက်နှင့် ဖြည့်စွက်ကြေညာချက်များ ထုတ်ပြန်ခဲ့ပါသည်။





နယ်ခြားစောင့်တပ်ဖွဲ့စည်းခြင်း

နိုင်ငံတော်၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအား သိရှိနားလည်လက်ခံခဲ့သည့် ပယ်စောက်ချိန် ဦးစီး ကိုးကန့်ဒေသ ယာယီ ဦးစီးကော်မတီသည် နယ်ခြားစောင့်တပ် ဖွဲ့စည်းဖွင့်လှစ်နိုင်ရေး ဆက်လက်ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် မေလ ၁၈ ရက်စွဲပါ စာအမှတ် ၁/၁၂၀(အဖခ-၁) ကကန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂ ရက်စွဲပါ စာအမှတ် ၂၆၅၁/၅/ဦး ၃ နှင့် စစ်ရေးချုပ်ရုံး၏ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂ ရက်စွဲပါ စာအမှတ် ၁၁/၁၀/ရေး၁(က) တို့အရ လောက်ကိုင် မြို့နယ်၊ စီအော့ကျေးရွာ၊ ခမ(အမ်ဂျီ-၇၈၂၂၃၈)၌ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် တပ်မတော်မှ အရာရှိ ၃ ဦး၊ အခြားအဆင့် ၂၇ ဦး၊ ပေါင်း ၃၀ ဦး၊ ဒေသခံ ကိုးကန့်တပ်ဖွဲ့ဝင် အရာရှိ ၁၅ ဦး၊ အခြားအဆင့် ၂၈၁ ဦး၊ ပေါင်း ၂၉၆ ဦး၊ စုစုပေါင်းအရာရှိ ၁၈ ဦး၊ စုစုပေါင်း အခြားအဆင့် ၃၀၈ ဦးဖြင့် အမှတ် (၁၀၀၆) နယ်ခြားစောင့်တပ်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကိုးကန့်ဒေသရှိ လက်နက်ကိုင်များနှင့် နယ်ခြားစောင့်တပ်အား ကွပ်ကဲဆောင်ရွက်နိုင်ရန်အတွက် ဦးဝေဆန်အား ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီး အဖြစ် တပ်မတော်မှ ခန့်အပ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ကိုးကန့်အကြွင်းဖက်သောင်းကျန်သူခေါင်းဆောင်များနှင့် မိသားစုဝင်များ၏ ကိုယ်ရေးမှတ်တမ်းအချက် အလက်များ**

ကိုးကန့်အကြွင်းဖက်သောင်းကျန်းသူ ခေါင်းဆောင်များနှင့် မိသားစုဝင်များ၏ ကိုယ်ရေးမှတ်တမ်း အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) ဖုန်ကြားရှင်**

(၁) အမည် — ဖုန်ကြားရှင်

(၂) အသက်နှင့်မွေးသက္ကရာဇ် — ၃၀၊ ၁၂၊ ၁၉၃၁ (၈၄/၂၀၁၅)နှစ်

(၃) လူမျိုး/ဘာသာ — ကိုးကန့်/ ဗုဒ္ဓဘာသာ

(၄) အရပ် — ၅ ပေ ၆ လက်မ

(၅) ဇာတိ — ဟုန်စီထူးဟော် ကျေးရွာ၊ လောက်ကိုင်မြို့နယ်။

(၆) မှတ်ပုံတင်အမှတ် — ၁၂/မရက(နိုင်) ၁၀၁၆၆၃

(၇) အမြဲတမ်းနေရပ်လိပ်စာ — **ဇာမထီမြို့သစ်၊ လောက်ကိုင်မြို့**

(၈) အဖွဲ့အစည်းသို့ဝင်ရောက်ခဲ့ဖူးလျှင် –

(ကက) အဖွဲ့အစည်းသို့ — ၂၅။၅။ ၁၉၆၄

(ခခ) ငြိမ်းချမ်းရေး — ၃၁။ ၃။ ၁၉၈၉

(ဂဂ) အမှုထမ်းဆောင်ခဲ့သော တပ်များ — ဗကပကိုးကန့်ခရိုင် မှူး





(၄၀၄) တပ်မှူး၊ဗကပ အရှေ့မြောက်စစ်ဒေသ မှူး၊ ဒုဥက္ကဋ္ဌ

(ဃဃ) တပ်ဖွဲ့တွင်ရာဇဝင် — ၁၉၆၂ ခုနှစ်တွင် ကုန်ကြမ်းမြို့၊ ကိုးကန့် စော်ဘွား

အကျဉ်းချုပ် — ဗိုလ်သင်တန်း ကျောင်းတွင် အမှတ်စဉ် (၁) တက်ရောက်ခဲ့ပါသည်။ ၂၆–၅–၁၉၆၄ ရက်နေ့တွင် စတင်တောခိုခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် ဗကပသို့ ကူးပြောင်း၍ ကိုးကန့်ခရိုင်မှူး၊ (၄၀၄) တပ်မှူး ဗကပ အရှေ့မြောက်ဒုတိယစစ်ဒေသမှူး၊ ဒုဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင် ခဲ့ပါသည်။

(၉) ပညာအရည်အချင်း — အလယ်တန်း (တရုတ်စာ)

(၁၀) ဖခင်အမည်၊လူမျိုး၊ကိုးကွယ်သည့်ဘာသာနှင့်အလုပ်အကိုင် — ဦးဖုန်ကျီချန်း။ ကိုးကန့်၊ ဗုဒ္ဓ




www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | | ဘာသာ၊ မှီခို |
| (၁၁) | မိခင်အမည်၊လူမျိုး၊ကိုးကွယ်သည့်ဘာသာနှင့်အလုပ်အကိုင် | ဒေါ်ရန်ကွေ့ရင်၊ ကိုးကန့်၊ ဗုဒ္ဓဘာသာ၊ မှီခို |
| (၁၂) | မိဘများနေရပ်လိပ်စာ | ဇာမထီမြို့သစ်၊ လောက်ကိုင်မြို့၊ |
| (၁၃) | လက်ရှိအလုပ်အကိုင်အဆင့် | အထူးဒေသ(၁) ကိုးကန့် အဖွဲ့၊ ဉက္ကဋ္ဌ၊ ဗဟိုမကော်မတီဝင် |
| (၁၄) | အဖွဲ့အစည်း၊အလုပ်၊နေရာ | အထူးဒေသ(၁)ကိုးကန့် စီအာ |
| (၁၅) | ညီအစ်ကိုမောင်နှမများ | ဦးဖုန်ကြားဖူး(ညီ)၊ ဦးဖုန်ကြားကွေး(ညီ)၊ မဖုန်စူးမေ(ညီမ)၊ ဦးဖုန်ကြားယုံ(ညီ)၊ ဦးဖုန်ကြားဟွာ(ညီ)၊ ဦးဖုန်ကြားကျိန်း(ညီ) |
| (၁၆) | ဇနီးအမည်၊နေရပ်လိပ်စာ | ဒေါ်လီရှောက်ချိန်၊ ဒေါ်အန်ကြာ၊ ဒေါ်နန်းအော်၊ ဒေါ်နန်းအိုင်၊ ဇာမထီမြို့သစ်၊ လောက်ကိုင်။ |
| (၁၇) | သား၊ သမီးများအမည် | ဦးဖုန်တာရှင်၊ စီအော |







ဖုန်ကြားရှင်

ကျုပ်က ကျုပ်နေရာကျုပ်ပြန်လာတာလေ
ရှိုးရိုးနဲ့မရလို့ တိုက်ယူတာ

www.burmeseclassic.com

www.burmeseclassic.com




ဝန်ကြီးချုပ်



ဝန်ကြီးများ

www.burmeseclassic.com



ကိုးကန့်သောင်းကျန်းသူများ၏ စစ်ရေးပြအခမ်းအနားတစ်ခု



ပုံ-၁၁၉ပ



စစ်ရေးလေ့ကျင့်နေသော ကိုးကန့်သောင်းကျန်းသူများ


www.burmeseclassic.com

www.burmeseclassic.com



ဝံ-တဝေ





ဖုန်ကြားရှင် နှင့် သက်တော်စောင့်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဝ-တာပေ






မချော(၁၅)ယောက်ဇုန်(၁)ယောက်

www.burmeseclassic.com





ဘိန်းဖြောင်းတစ်ခုနှင့် လောကစည်းစိမ်ယစ်နေသော ဖုန်ကြားချောင်

www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ပုံ-၀၁၆၀





ပုံ-၀၁၆၀



www.burmeseclassic.com

www.burmeseclassic.com





ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များအား ပုံပါအတိုင်း လူမဆန်စွာ သတ်ဖြတ်ခဲ့သည်



ကျေးရွာ။

နေရပ်လိပ်စာ ဦးဖုန်တယ်ရှိ၊ စီအော

ကျေးရွာ။

ဦးဖုန်တယ်လီ၊

စီအောကျေးရွာ။

ဦးဖုန်အားတယ်၊

ဇာမဏီမြို့သစ်။

မစင်းချိုး၊

ဇာမဏီမြို့သစ်။

မစင်းဆောင်၊

ဇာမဏီမြို့သစ်။

မရှောက်ယှို၊

ဇာမဏီမြို့သစ်။

မရှောက်စူ၊

ဇာမဏီမြို့သစ်။

မရင်းစီ၊

ဇာမဏီမြို့သစ်။

မရှောက်ကျိုး၊

ဇာမဏီမြို့သစ်။

(ခ) ဖုန်ကြာဖူး

(၁) အမည် ဖုန်ကြာဖူး

(၂) အသက်နှင့်မွေးသက္ကရာဇ် ၁၉၃၇ ခုနှစ်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁၈/ ၂၀၁၅) နှစ်

(၃) လူမျိုး/ဘာသာ — ကိုးကန့်/ဗုဒ္ဓဘာသာ

(၄) အရပ် — ၅ ပေ ၆ လက်မ

(၅) ဇာတိ — ဟုန်စီထူးဟော် ကျေးရွာ၊ လောက်ကိုင်မြို့နယ်။

(၆) အဖွဲ့အစည်းသို့ဝင်ရောက်ခဲ့ဖူးလျှင် –

(ကက) အဖွဲ့အစည်းသို့ ဝင်ရောက်သည့်ရက်စွဲ — ၂၅၊ ၅၊ ၁၉၆၄

(ခခ) ငြိမ်းချမ်းရေး ရယူသည့်ရက်စွဲ — ၃၁၊ ၃၊ ၁၉၈၉

(ဂဂ) အမှုထမ်းဆောင်ခဲ့သောတပ်များ — တပ်ရင်းမှူး၊ တပ်မဟာ (၈) တပ်မဟာမှူး၊ ပန်ဆန်းဗဟိုဌာနချုပ် စစ်ဦးစီး အကြံပေး အရာရှိ

(ဃဃ) တပ်ဖွဲ့တွင် ရာဇဝင် အကျဉ်းချုပ် — ဦးဖုန်ကြားရှင်နှင့်အတူ ၂၅၊ ၅၊ ၁၉၆၄ ရက်နေ့တွင် တောခိုသွားခဲ့ရာ ၁၉၆၇ ခုနှစ်တွင် ဗကပသို့ ကူးပြောင်း၍





တပ်မဟာ (၈) တပ်မဟာမှူး၊ ဗဟိုဌာနချုပ်၊ ပန်ဆန်း၌ စစ်ဦးစီး အကြံပေးအရာရှိ တာဝန်ကို ထမ်းဆောင် ခဲ့ပါသည်။

(၇) ပညာအရည်အချင်း — တရုတ်ကျောင်း(၆) တန်း

(၈) ဖခင်အမည်၊ လူမျိုး သည့်ဘာသာနှင့်အလုပ်အကိုင် — ဦးဖုန်ကျိချုန်း၊ ကိုးကန့်၊ ဗုဒ္ဓဘာသာ၊ မှီခို

(၉) မိခင်အမည်၊လူမျိုး၊ကိုးကွယ်သည့်ဘာသာနှင့်အလုပ်အကိုင် — ဒေါ်ရန်ကွေ့ရင်၊ ကိုးကန့်၊ ဗုဒ္ဓဘာသာ၊ မှီခို

(၁၀) အဖွဲ့အစည်း၊အလုပ်၊နေရာ — အထူးဒေသ(၁) ကိုးကန့် ဇာမဏီ မြို့သစ်၊ လောက်ကိုင်။

(၁၁) လက်ရှိအလုပ်အကိုင်၊အဆင့် — အထူးဒေသ(၁) ကိုးကန့်၊ ဒုဥက္ကဋ္ဌ၊ စစ်ဦးစီးချုပ်။

(၁၂) ညီအစ်ကိုမောင်နှမများ — ဦးဖုန်ကြားရှင် (အစ်ကို) ဦးဖုန်ကြားကွေး(ညီ)၊ မဖုန်စူးမေ(ညီမ)၊ ဦးဖုန်ကြားယုံ(ညီ)၊



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | | ဦးဖုန်ကြားဟွာ(ညီ)၊ ဦးဖုန်ကြားကျိန်း(ညီ) |
| (၁၃) | ဇနီး၏အမည်၊ နေရပ်လိပ်စာ | ဒေါ်ကျန်ယန်၊ မှီခို၊ စီအောရွာ၊ လောက်ကိုင် |
| | | ဒေါ်ခင်မေ၊ ကုန်သည်၊ အမှတ်(၅/က)၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| (၁၄) | သား၊ သမီးများအမည် | မောင်ကောတာ၊ စီအောကျေးရွာ၊ လောက်ကိုင်မြို့နယ်။ |
| | နေရပ်လိပ်စာ | မခါမေ၊ ကျောင်းသူ၊ အမေရိကန်နိုင်ငံ |

## (ဂ) ဖုန်တာရှင်

| | | |
|---|---|---|
| (၁) | အမည် | ဖုန်တာရှင် |
| (၂) | အသက်နှင့်မွေးသက္ကရာဇ် | ၁၉၅၆ ခုနှစ်၊ (၅၉/၂၀၁၅) ခုနှစ် |
| (၃) | လူမျိုး/ဘာသာ | ကိုးကန့်/ဗုဒ္ဓဘာသာ |
| (၄) | အရပ် | ၅ ပေ ၊ ၈ လက်မ |
| (၅) | ဇာတိ | ဟုန်စီထူးပော် ကျေးရွာ၊ လောက်ကိုင်မြို့နယ် |





| | | |
|---|---|---|
| (၆) | မှတ်ပုံတင်အမှတ် | ၁၃/လရန(နိုင်) ၀၇၈၄၀၇ |
| (၇) | ငြိမ်းချမ်းရေးယူသည့်ရက်စွဲ | ၃၁. ၃. ၁၉၈၉ |
| (၈) | ပညာအရည်အချင်း | တရုတ်ကျောင်း၊ အထက်တန်း |
| (၉) | ဖခင်အမည်၊ လူမျိုး၊ အလုပ်အကိုင် | ဦးဖုန်ကြားရှင်၊ ကိုးကန့်၊ ဗုဒ္ဓဘာသာ |
| (၁၀) | ကိုးကွယ်သည့်ဘာသာနှင့် အလုပ်အကိုင် | အထူးဒေသ(၁) ကိုးကန့်အဖွဲ့၊ ဥက္ကဋ္ဌ |
| (၁၁) | မိခင်အမည်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် အလုပ်အကိုင် | ဒေါ်လီရှောက်ချိန်၊ ကိုးကန့်၊ ဗုဒ္ဓဘာသာ မှီခို |
| (၁၂) | မိဘများနေရပ်လိပ်စာ | ဇာမဏီမြို့သစ်၊ လောက်ကိုင်မြို့။ |
| (၁၃) | လက်ရှိအလုပ်အကိုင်၊အဆင့် | အထူးဒေသ(၁) ကိုးကန့်အဖွဲ့၊ ဒုဥက္ကဋ္ဌ ဗဟိုကော်မတီဝင်၊ ဒုတိယဦးစီးချုပ် |
| (၁၄) | အဖွဲ့အစည်း၊အလုပ်၊နေရာ | အထူးဒေသ(၁) ကိုးကန့်၊ စီအော |
| (၁၅) | ညီအစ်ကိုမောင်နှမများ နေရပ်လိပ်စာ | ဦးဖုန်တယ်လီ ဦးဖုန်အားတယ် မခင်းချိုး |



www.burmeseclassic.com

www.burmeseclassic.com



မစင်းဆောင်
မရှောက်ယွီ
မရှောက်စူ
မရင်းစီ
မရှောက်ကျိုး

(၁၆) ဇနီး၏အမည်၊ အလုပ်အကိုင် ဒေါ်ငြိမ်းကျင် (ခ)
နေရပ်လိပ်စာ လှလှဝင်း၊ မှီခို၊ စီအော

(၁၇) သား၊ သမီးများ၏အမည် မောင်ဝင်းနိုင်၊ မှီခို၊
အလုပ်အကိုင်၊ နေရပ်လိပ်စာ ရန်ကုန်မြို့။
မောင်ဖုန်ကျိုယွင်၊ မှီခို၊
ရန်ကုန်မြို့။
မောင်ဖုန်ကျိုဝေ၊ မှီခို၊
ရန်ကုန်မြို့။
မတားမေ၊ မှီခို၊
ရန်ကုန်မြို့။
မမေမေ၊ မှီခို၊
ရန်ကုန်မြို့။

**(ဃ) စိုင်းလင်း**

| | | |
|---|---|---|
| (၁) | အမည် | စိုင်းလင်း |
| (၂) | အသက်နှင့်မွေးသက္ကရာဇ် | ၁၉၄၈ ခုနှစ်၊ (၆၆/၂၀၁၄) ခုနှစ် |
| (၃) | လူမျိုး/ဘာသာ | ရှမ်းလူမျိုး/ ဗုဒ္ဓဘာသာ |





| | | |
|---|---|---|
| (၄) | အရပ် | ၅ ပေ ၊ ၁၀ လက်မခန့် |
| (၅) | ဇာတိ | ပန်ဆန်းမြို့ |
| (၆) | မှတ်ပုံတင်အမှတ် | ၁၃/ကတန(နိုင်) ၉၉၅၇၁၆ |
| (၇) | နေရပ်လိပ်စာ | မိုင်းလားမြို့ |
| (၈) | ပညာအရည်အချင်း | ၈ တန်းအောင် |
| (၉) | ဖခင်အမည်၊ လူမျိုး ကိုးကွယ်သည့်ဘာသာနှင့် အလုပ်အကိုင် | ဦးယောဟန် |
| (၁၀) | မိခင်အမည်၊ လူမျိုး ကိုးကွယ်သည့်ဘာသာနှင့် အလုပ်အကိုင် | – |
| (၁၁) | လက်ရှိအလုပ်အကိုင်နှင့်အဆင့် | **NDAA** (မိုင်းလား) အဖွဲ့၊ ဥက္ကဋ္ဌ |
| (၁၂) | အဖွဲ့အစည်းအမည်၊ နေရာ | **NDAA** (မိုင်းလား) အဖွဲ့၊ မိုင်းလား |
| (၁၃) | ညီအစ်ကိုမောင်နှမများ နေရပ်လိပ်စာ | ဒေါ်နန်းခမ်းမီ(အစ်မ)၊ ဒေါ်နန်းခမ်းမွေ (အစ်မ)၊ ဦးအိုက်ဆမ်(အစ်ကို) ဦးစိုင်းထွန်း(ညီ) ဦးစိုင်းချစ်ဆွေ(ညီ) ဒေါ်နန်းခမ်းလျှိုး (ညီမ) ဒေါ်နန်းအေးမေ(ညီမ) |



www.burmeseclassic.com

www.burmeseclassic.com



(၁၄) ဇနီး၏အမည်၊အလုပ်အကိုင်ဒေါ်ဖုန်စင်းချွန်း (ခ)
နှင့်နေရပ်လိပ်စာ ဒေါ်နန်းယဉ်
စီးပွားရေးကော်မတီ၊
ဒုဥက္ကဋ္ဌ
(၁၅) သား၊ သမီးများ၏အမည် ထိန်လင်း(သား)
ဆိုင်ဖာလင်း(သမီး)
ရွှေလင်း(သား)

ဖုန်ကြားရှင်အား နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း

၂၀၀၉ ခုနှစ်တွင် လောက်ကိုင်အရေးအခင်း ဖြစ်ပွားပြီးနောက် ဖုန်ကြားရှင်အား အထူးဒေသ (၄) ခေါင်းဆောင် စိုင်းလင်းမှ မိုင်းလားနယ်မြေတွင် ခိုလှုံခွင့်ပြုထားခဲ့ပါသည်။ ဖုန်ကြားရှင်နှင့် အဖွဲ့သည် မူးယစ် ဆေးဝါးနှင့် အခြားနည်းလမ်းများမှ ရရှိသော ငွေကြေးပိုင်ဆိုင်မှုများကို တရုတ်နိုင်ငံနှင့် မိုင်းလားတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်ခဲ့ပါသည်။ အထူးဒေသ (၄) ခေါင်းဆောင် စိုင်းလင်း၏တင်ပြမှုအရ နိုင်ငံတော် သမ္မတမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ဖုန်ကြားရှင်အား လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အား ၂၀၁၂ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့ပါသည်။

■



## အခန်း ( ၈ )

## ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်ထိမ်းရှောင်သောင်းကျန်းသူများမှ အင်အားစုစည်းပြီး လောက်ကိုင်ဒေသသို့ စစ်ရေးအရဝင်ရောက်လှုပ်ရှားရန် ကြိုးပမ်းဆောင်ရွက်မှု

ဖုန်ကြားရှင် ကိုးကန့်ဒေသမှ ထိမ်းရှောင်သွားပြီးနောက် စစ်ရေးအင်အား ပြန်လည်တည်ဆောက်မှုနှင့် နယ်မြေ ဒေသမတည်မငြိမ်ဖြစ်စေရန် လုပ်ဆောင်မှုများ

ကိုးကန့်ထိမ်းရှောင်အဖွဲ့သည် အထူးဒေသ (၄) မိုင်းလားဒေသတွင် ပုန်းအောင်းနေထိုင်လျက်ရှိပြီး နိုင်ငံတော်အပေါ် မကျေနပ်ချက်ဖြင့် နယ်စပ်ဒေသမတည်မငြိမ်ဖြစ်စေရေးနှင့် ဒေသတွင်းမတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်၍ ပုံးဖောက်ခွဲမှုများ အပါအဝင် အဖျက်အမှောင့်များပြုလုပ်ခြင်းနှင့် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီဝင်များအား လုပ်ကြံသတ်ဖြတ်ရန် စေလွှတ်ဆောင်ရွက်မှုများအား ဖုန်ကြားရှင်၏သားဖြစ်သူ ဖုန်တာရှင်မှ ဦးစီး၍ စီမံဆောင်ရွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၄. ၁၀. ၂၀၀၉ ရက်နေ့မှ ၆. ၃. ၂၀၁၀ ရက်နေ့အထိ လောက်ကိုင်မြို့တွင်း၌ စုစုပေါင်း ၇ ကြိမ်၊ ဗုံး ၁၃ လုံးပေါက်ကွဲခဲ့ပြီး ၆ လုံး ရှင်းလင်းဖော်ထုတ်နိုင်ခဲ့ပါသည်။ ဖောက်ခွဲတရားခံဖြစ်သူ ဝမိကျိုယုံအား ၁၇. ၂. ၂၀၁၀ ရက်နေ့ ဝ၉၃၀ ချိန်ခန့်တွင် တုံချိန်မြို့သစ်၊ CKC စားသောက်ဆိုင်အနီးမှ ဖမ်းဆီးရမိခဲ့သော်လည်း ကျန်သူများ လွတ်မြောက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရအား ဆန့်ကျင်တိုက်ခိုက်ရန်နှင့် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီကို တိုက်ခိုက်ဖြုတ်ချရန်အတွက် လုံထန်ရှိ စစ်သင်တန်းကျောင်းတွင် ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူအဖွဲ့ဝင်များအား စုစည်းလေ့ကျင့်ခဲ့ပါသည်။ စုစည်းလေ့ကျင့်ရာတွင် ''ဝ'' အဖွဲ့မှ ပေါက်ယူချန်း၏ ဆက်သွယ်ခေါ်ယူ ပေးမှုအရ တရုတ်တပ်မတော်မှ ဗိုလ်မှူးကြီးဟောင်းဖြစ်သူ ချန်တိကျုံးက လေ့ကျင့်မှုအား ဦးစီးခဲ့ပါသည်။ ချန်တိကျုံးသည် တရုတ်တပ်မတော်မှ ၂၀၀၆ ခုနှစ်တွင် နုတ်ထွက်ခဲ့ပြီး အထူးဒေသ (၄) မိုင်းလားအဖွဲ့နှင့် ချိတ်ဆက်ကာ မိုင်းလားစစ်သင်တန်းကျောင်းတွင် တစ်လလျှင် ယွမ် ၅,၀၀၀ ဖြင့် နည်းပြဆရာလုပ်ကိုင်ခဲ့သူ ဖြစ်ပါသည်။ ၎င်းအပြင် ကိုးကန့်တိမ်းရှောင်အဖွဲ့ဝင်များအား ''ဝ'' အဖွဲ့မှ ထောက်ခံအားပေးခဲ့ပြီး ဆန်နှင့် စစ်ဝတ်စုံများ ထောက်ပံ့ပေးထားပြီး သင်တန်းအား ၁. ၁. ၂၀၁၀ ရက်နေ့မှ ၂၃. ၃. ၂၀၁၀ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပါသည်။

၁၆. ၁. ၂၀၁၀ ရက်နေ့ ၂၁၀၀ အချိန်ခန့်တွင် တာရှေးထန်ရှိ ထပရ (၉၃၆) တပ်ရင်း၌ာနချုပ်ဂိတ်အား ဖုန်တာရွှင်၏စီမံမှုဖြင့် သောင်းကျန်းသူ ၅ ဦး၏ ၂ မိနစ်ခန့် ပစ်ခတ်မှုကိုခံခဲ့ရကာ မိမိဘက်မှ ၁ ဦးကျဆုံး၊ ၂ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ပစ်ခတ်သူတရားခံ ၅





www.burmeseclassic.com



ဦးအနက် ၂ ဦးကို ၂၀. ၁. ၂၀၁၀ ရက်နေ့တွင် တရုတ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိသဖြင့် ၉. ၂. ၂၀၁၀ ရက်နေ့တွင် ပြန်လည်လွှဲပြောင်း/လက်ခံရရှိခဲ့သော်လည်း ကျန်ရှိတရားခံ ၃ ဦး လွတ်မြောက်ခဲ့ပါသည်။

၁၀. ၃. ၂၀၁၀ ရက်နေ့ ၁၃၀၀ ချိန်ခန့်တွင် ဖုန်တာရှင်အဖွဲ့မှ ဖောက်ခွဲဖျက်ဆီးရေးတာဝန်ခံ (ယခင် ရန်လုံကျိုင်းဂိတ်မှ ရဲတပ်ဖွဲ့ဝင်များအား သတ်ဖြတ်ခဲ့သူ) ရန်စုကိုင်အား မြန်မာ–တရုတ်နယ်စပ် ဘီပီ ၁၄၀ အနီး ခမ(အမ်ဂျီ–၈၃၈၀၇၂) မှလည်းကောင်း၊ ၂၇. ၃. ၂၀၁၀ ရက်နေ့ ၀၃၁၅ ချိန်ခန့်တွင် ကိုးကန့်ယာယီဦးစီးကော်မတီဝင်များအား လုပ်ကြံသတ်ဖြတ်ရန် လာရောက်သည့် ချန်တိကျူးအပါအဝင် ၆ ဦးအား အမ်(၂၂) ၃ လက်၊ ပစ္စတို တစ်လက်၊ လက်ပစ်ဗုံး ၁၄ လုံးတို့နှင့်အတူ မြန်မာ–တရုတ်နယ်စပ် ချာလူကျိုင်းရွာ ခမ(အိမ်ဂျီ–၆၆၁၅၃၅) တွင် ဖမ်းဆီးရမိခဲ့ပါသည်။

ဖုန်ကြားရှင်ဦးဆောင်သောအဖွဲ့ကို ကိုးကန့်နယ်မြေမှ တိမ်းရှောင်ပြီးနောက် ၂. ၃. ၂၀၁၀ ရက်နေ့တွင် ဖုန်တာရှင်မှ မြန်မာနိုင်ငံ လူမျိုးစုပေါင်းစုံ ဒီမိုကရေစီမဟာမိတ်တပ် **(MNDAA)** အား တပ်ရင်း ၃ ရင်း၊ အင်အား ၁၈၀ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ဖုန်ဝမ်အမ်း(ယခင် ရင်း–၂ ရင်းမှူးဟောင်း) ၏ စေခိုင်းချက်အရ ၂၀၁၀ ပြည့်နှစ် မေလကုန်ပိုင်းမှစ၍ ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူအင်အား ၃၀ ဦးခန့်သည် လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များတွင် ဖောက်ခွဲဖျက်ဆီးရန်နှင့် အခွင့်သာပါက တပ်မတော်အကြီးအကဲများ၊ ကိုးကန့်ယာယီ ဦးစီးကော်မတီဝင်များအား ပစ်ခတ်လုပ်ကြံရန်အတွက် "ဝ" ဒေသမှ ကိုးကန့်ဒေသနယ်မြေအတွင်း အရပ်သား အသွင်ဖြင့် စတင်ဝင်ရောက်နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိကြောင်း၊ လိုအပ်သည့် လက်နက်၊ ခဲယမ်းနှင့် ဖောက်ခွဲရေး ပစ္စည်းများအား လောက်ကိုင်နှင့် ချင်းရွှေဟော်အနီးရှိ ကျေးရွာများသို့ နည်းအမျိုးမျိုးဖြင့် ကြိုတင်ယူဆောင်ထားရှိခဲ့ ကြောင်း သိရှိရပါသည်။

ကိုးကန့်ယာယီဦးစီးကော်မတီ၏ သတင်းဖော်ထုတ်ချက်အရ ကိုးကန့်တိမ်းရှောင်အဖွဲ့မှ ရန်ကွမ်းဗှာ (ယခင် ရင်း–၃ ဒုရင်းမှူး) ဦးစီး ၁၅ ဦးပါအဖွဲ့ ၃ ဖွဲ့သည် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် တပ်မဟာ (၃၁၈) ဌာနချုပ်၊ ကျိန်းချန်း၌စုဖွဲ့ခဲ့ပြီး လောက်ကိုင်ဒေသ၌ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် စီစဉ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ဖုန်တာရှင်၏တပ်မဟာအား နားဖန် ခမ(အင်အက်ဖ်–၁၀၀၀၀၀) တွင် ဖွဲ့စည်းပေးထားကြောင်း၊ တပ်မဟာ (၂၅၁၈) ဟု သတ်မှတ်ခဲ့ပြီး အင်အား ၁၈၀ ဦးခန့်ရှိကြောင်း၊ ''ဝ'' အဖွဲ့ ဘဏ္ဍာရေးမှူးဖြစ်သူ ပေါက်ယူလျှံမှ ဖုန်တာရှင်အား တပ်မတော်မှ တိုက်ခိုက်လာပါက ကိုးကန့်ဒေသသို့ သွားရောက်တိုက်ခိုက်ရန်နှင့် သေနတ် အလံက် ၁,၀၀၀ ပေးမည်ဟုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဖုန်ကြားရှင်သည် ကိုးကန့်ဒေသမှ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး နောက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ မြန်မာ–ယိုးဒယားနယ်စပ် ချင်းမိုင်မြို့အနီးရှိ မာခန်းဒေသတွင် ပြုလုပ်သော အစည်းအဝေး၌ ဥက္ကဋ္ဌအဖြစ် ဖုန်ကြားရှင်မှ ဆောင်ရွက် ခဲ့ပြီး ရွေးကောက်ပွဲပျက်ပြားစေရန်နှင့် တိုင်းရင်းသားပေါင်းစုံ လက်နက် ကိုင်အဖွဲ့ပေါင်းစုံမဟာမိတ်အဖြစ် ပူးပေါင်းတိုက်ခိုက်ရေး အတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။





၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဖုန်ကြားရှင်ဦးစီး ကိုးကန့် (တိမ်းရှောင်)အဖွဲ့အင်အား ၁၀၀၀ ခန့်သည် မိုင်းလားတွင် အင်အား စုစည်းလေ့ကျင့်မှုများဆောင်ရွက်ခဲ့ပြီး ''ဝ'' ဒေသရှိ တိန်းတန်၊ နားဝီးဒေသတွင် အခြေပြုစခန်းများ တည်ဆောက်ယာယီအခြေပြု၍ တိန်းတန်ကူတို့မှတစ်ဆင့် မုံးယော်၊ မုံးကျက်ဒေသသို့ ဝင်ရောက် ခဲ့ပါသည်။ ၎င်းဒေသတွင် **KIA** (ကချင်) အင်အား ၁၀၀ ဦးခန့်၊ **SSA** (ဝမ်ဟိုင်း) အင်အား ၁၀၀ ဦးခန့်နှင့် **TNLA** အင်အား ၁၀၀ ဦးခန့်တို့ ပူးပေါင်း၍ မုံးစီး၊ နမ့်ကျွမ်း၊ ဝေါခြူ၊ မုံးကိုးနှင့် မုံးယား ဒေသများသို့ ဝင်ရောက်ခဲ့ပါသည်။

ဖုန်ကြားရှင်၏သားဖြစ်သူ ဖုန်တာရှင်ဦးစီး၍ **RCSS/SSA** အဖွဲ့မှ ကျောက်ဆိုင်ဖဦးစီးသော တပ်မဟာ ၃ ခု၊ ကိုးကန့်အင်အား ၁၀၀၀ ဦး၊ မိုင်းဖျန်ဒေသတွင် တိုက်ပွဲဝင်အသင့်လေ့ကျင့်ဆောင်ရွက် ပြီးသည့် ပလောင် အင်အား ၃၀၀ ဦးနှင့် ''ဝ'' အဖွဲ့ဝင်များဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၂၀၁၃ ခုနှစ် တရုတ်နှစ်သစ်ကူး မတိုင်မီကာလများတွင် ပြန်လည်တိုက်ခိုက်ရန် အင်အားစုဖွဲ့ လျက်ရှိကြောင်းနှင့် အခြားသတင်းများအရ ကိုးကန့် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့နှင့် အခြားသောင်းကျန်းသူအင်အားစုများသည် လောက်ကိုင်မြို့အား သိမ်းပိုက်ရန် ရည်မှန်းချက်ထားရှိကြောင်း၊ လောက်ကိုင်ဒေသအတွင်းသို့ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် အခွင့်ကောင်းယူ၍ ကြိုတင်စိမ့်ဝင်ထိုးဖောက် ဝင်ရောက်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဖုန်ကြားရှင်ဦးစီး ကိုးကန့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား ၁၀၀၀ ခန့်သည်



www.burmeseclassic.com

www.burmeseclassic.com



မိုင်းလားဒေသတွင် အင်အားစုစည်းလေ့ကျင့်မှုများဆောင်ရွက်ခဲ့ပြီး "ဝ" ဒေသရှိ တိန်းတန်၊ နားဝီးဒေသတွင် အခြေပြုစခန်းများ တည်ဆောက်ခဲ့ပါသည်။ ယာယီစခန်းများကိုအခြေပြု၍ တိန်းတန်ကူးတို့မှ တစ်ဆင့် မုံးယော်၊ မုံးကျက်ဒေသသို့ ဝင်ရောက်ခဲ့ပါသည်။ ၎င်းဒေသတွင် **KIA** (ကချင်) အင်အား ၁၀၀ ဦးခန့်၊ **SSA** (ဝမ်ဟိုင်း) အင်အား ၁၀၀ ဦးခန့်နှင့် **TNLA** အင်အား ၁၀၀ ဦးခန့်တို့ပူးပေါင်း၍ မုံးစီး၊ နမ့်ကျွမ်း၊ ဝေါခြို၊ မုံးကိုးနှင့် မုံးယားဒေသများသို့ ဝင်ရောက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် လောက်ကိုင်ဒေသအနှံ့အပြား၌ တိုက်ကွက်များဖော်ကာ စစ်ရေးလှုပ်ရှားမှုများ ကြိုးပမ်းပြုလုပ်ခဲ့သော်လည်း ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုများကြောင့် သတင်းလက်ဦးမှုရယူနိုင်ကာ တပ်မတော်စစ်ကြောင်းများမှ နယ်မြေစိုးမိုးရှင်းလင်းနိုင်ခဲ့သဖြင့် ကိုးကန့်အကြွင်းဖက် သောင်းကျန်းသူအဖွဲ့အတွက် အခွင့်မသာဖြစ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း ဒေသခံများ၏သတင်းပေးချက်အရ ကိုးကန့်အကြွင်းဖက် သောင်းကျန်းသူအင်အားစုများသည် ညိုချမ်းကူးတို့ဆိပ်မှတစ်ဆင့် လောက်ကိုင်နယ်မြေအတွင်း ဝင်ရောက်လာခဲ့ပြီး လောက်ကိုင်မြို့ တောင်/မြောက်ခြမ်းတို့တွင် အခြေပြုလုပ်ရှား၍ လောက်ကိုင်ဒေသအား ပြန်လည်သိမ်းပိုက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူအဖွဲ့၏ ကွမ်လုံကြိုးတံတားအား ဖောက်ခွဲဖျက်ဆီးရန် စီစဉ်ခဲ့မှု။

ကိုးကန့်(တိမ်းရှောင်) အဖွဲ့အနေဖြင့် ကိုးကန့် ကိုယ်ပိုင်





အုပ်ချုပ်ခွင့်ရ ဒေသအား ပြန်လည်တိုက်ခိုက်ရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အများပြည်သူအသုံးပြုလျက်ရှိသည့် အဓိကဆက်သွယ်ရေးလမ်း ကြောင်းဖြစ်သော ကွမ်းလုံကြိုးတံတားအား ဖောက်ခွဲဖျက်ဆီးရန် ရည်ရွယ်ခဲ့ပါသည်။ ထော်လာဂျီယာဉ်ပေါ်တွင် ပေါက်ကွဲစေတတ်သော ဖျက်အားပြင်းဒေသန္တရမိုင်းနှင့် ဆက်စပ်ပစ္စည်းများတင်ဆောင်ကာ အချိန်ကိုက်ဖျက်ဆီး နိုင်ရေးကြိုးပမ်းခဲ့ရာ အချိန်နှင့်အကွာအဝေး တွက်ချက်မှုလွဲချော်ခြင်းကြောင့် အောင်မြင်မှုမရရှိဘဲ တံတားနှင့် ကိုက် ၅၀၀ ခန့်အကွာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

**ကိုးကန့်တိမ်းရှောင်အကြွင်းဖက်သောင်းကျန်းသူအဖွဲ့ သံလွင်အနောက်ခြမ်းနယ်မြေတွင် အခြေခံနယ်မြေ တည်ဆောက်ရန် ကြိုးပမ်းခဲ့မှုနှင့် အခြားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့မှုများ**

ကိုးကန့်သောင်းကျန်းသူအဖွဲ့သည် ၎င်းတို့နယ်မြေကို ပြန်လည်ရယူနိုင်ရေးအတွက် စစ်ရေး၊ နိုင်ငံရေး နည်းလမ်းများဖြင့် လူ/လက်နက် အင်အားတောင့်တင်းအောင် ဆောင်ရွက်ခဲ့ပါသည်။ တစ်ဖွဲ့တည်းအင်အားဖြင့် မဖြစ်နိုင်သည့်အတွက် အခြားအဖွဲ့အစည်းများဖြစ်သည့် **UWSA, NDAA, KIA** နှင့် **TNLA** အဖွဲ့တို့၏ အကူအညီဖြင့် တပ်ပေါင်းစုဖွဲ့စည်းကာ အင်အားတည်ဆောက်လျက်ရှိပါသည်။ ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင် အကြွင်းဖက် သောင်းကျန်းသူအဖွဲ့အစည်းအနေဖြင့် လောင်းကစားရုံလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများ၊ အခြား ကောက်ခံရရှိငွေများ၊ အခြား



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းများ၏ အားပေးကူညီမှုများဖြင့် ရပ်တည်လျက်ရှိပါသည်။ ၎င်းအပြင် ၂၀၀၉ ခုနှစ်တွင် တရားခံပြေးအဖြစ်သတ်မှတ်ခံရပြီး တိမ်းရှောင်ထွက်ပြေးစဉ် တရုတ်နိုင်ငံဘဏ်များတွင် ထိန်းချုပ်ခြင်းခံထားရသည့် ဖုန်ကြားရှင်နှင့် ၎င်း၏မိသားစုပိုင် ငွေကြေးဥစ္စာများအား တရုတ်အစိုးရမှ ၂၀၁၄ ခုနှစ်အတွင်း ပြန်လည်ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းများလည်း ထွက်ပေါ်လာခဲ့ပါသည်။ ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့် တိမ်းရှောင်သောင်းကျန်းသူအဖွဲ့အနေဖြင့် လူအင်အားစုဆောင်းမှုနှင့် လက်နက်တပ်ဆင်မှုများပြုလုပ်ခဲ့ရာ လက်နက် များအနေဖြင့် **AK-47, M-16**၊ ပုံစံ–၅၆–၁ ချေမှုန်းရေးရိုင်ဖယ်၊ **UWSA** (ဝ)အဖွဲ့မှ ထုတ်လုပ်သည်ဟုသိရသော ပုံစံ–၈၁–၁ ချေမှုန်းရေးရိုင်ဖယ် အစရှိသော လက်နက်ငယ်များ ကိုယ်စီတပ်ဆင်ပေးထားပြီး လက်ပစ်ဗုံး၊ မိုင်း၊ လောင်ချာ၊ စိန်ပြောင်း၊ စက်ကြီးများ တပ်ဆင်ပေးထားပါသည်။ ပူးပေါင်းဖွဲ့စည်းထားသည့် တိုင်းရင်းသားသွေးစည်း ညီညွတ်ရေးတပ်တွင် **KIA** မှ အင်အား ၃၀၀ ခန့်ရှိသော တပ်ရင်း ၁ ရင်း၊ **UWSA** (ဝ)အဖွဲ့မှ တပ်ရင်း ၄ ရင်း ပါဝင်သော တပ်မဟာတစ်ခုနှင့် ကိုးကန့်သောင်းကျန်းသူအင်အား ၁,၀၀၀ ခန့်ရှိပြီး တပ်ပေါင်းစုတပ်မတော်၏ ရည်ရွယ်ချက်မှာ ကိုးကန့်ဒေသတစ်ခုလုံးအား တိုက်ခိုက်သိမ်းယူသွားရန်နှင့် ၎င်းမှတစ်ဆင့် မြန်မာ–တရုတ်နယ်စပ် မုံးကိုး၊ ဖောင်းဆိုင်မှ မြစ်ကြီးနားဘက်သို့ ချီတက်တိုက်ခိုက်သိမ်းပိုက်သွားရန် ရည်ရွယ်ထားရှိကြောင်း ဖော်ထုတ် သိရှိရပါသည်။

၂၀၁၄ ခုနှစ် ဧပြီလနှင့် မေလများတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အလင်းဝင် ၄ ဦးနှင့် ဖမ်းဆီးရမိသူ ၂ ဦးတို့ကို





စစ်ကြောချက်များအရ အဆိုပါအချက်အလက်များကို အတည်ပြုနိုင်ခဲ့ကြောင်း၊ ကိုးကန့်သောင်းကျန်းသူအဖွဲ့သည် မုံးစီး၊ နမ့်ကျွမ်း၊ ဝေါ်ခြို၊ မုံးကိုးနှင့် မုံးယားဒေသများအတွင်း ငွေကြေးဖြင့်လည်းကောင်း၊ အကြောက်တရားဖြင့်လည်းကောင်း စည်းရုံးသိမ်းသွင်း၍ လွှမ်းမိုးချုပ်ကိုင်ကာ လူ၊ လက်နက်အင်အားစုဖွဲ့ပြီး အခြေခံနယ်မြေတည်ဆောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဖုန်ကြားရှင်ဦးစီး အင်အား ၁,၀၀၀ ခန့်သည် မိုင်းလားတွင် အင်အားစုစည်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပါသည်။ (ဝ) ဒေသရှိ တိန်းတန်၊ နားဝီး အခြေပြုစခန်းများတည်ဆောက်ကာ ယာယီအခြေပြု၍ တိန်းတန်ကူးတို့ဆိပ်မှတစ်ဆင့် မုံးယော်၊ မုံးကျက်သို့ ဝင်ရောက်ခဲ့ပြီး **KIA** အင်အား ၁,၀၀၀ ခန့်၊ **SSA** (ဝမ်ဟိုင်း) အင်အား ၁၀၀ ခန့်နှင့် **TNLA** အင်အား ၁၀၀ ခန့်တို့ ပူးပေါင်း၍ မုံးစီး၊ နမ့်ကျွမ်း၊ ဝေါ်ခြို၊ မုံးကိုးနှင့် မုံးယားဒေသများသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဖုန်တာရှင်ဦးဆောင်သော အင်အား ၃၀၀ ဦးခန့်မှာ မန်ကန်ရွာသို့လည်းကောင်း၊ **KIA** အဖွဲ့မှ တောက်ဟုန် ဦးဆောင်သော အင်အား ၈၀ ခန့်နှင့် **TNLA** အဖွဲ့မှ အင်အား ၁၂၀ ခန့်တို့သည် မန်ဂျယ်ကျေးရွာသို့လည်းကောင်း၊ ဖုန်ဝမ်အင်း ဦးဆောင်သော အင်အား ၁၀၀ ခန့်နှင့် **SSA** (ဝမ်ဟိုင်း)အဖွဲ့မှ စိုင်းလောင် ဦးဆောင်သော အင်အား ၁၀၀ ခန့်သည် မုံးပေါ်လေးတံတားမှ တားပါးတံတားသို့လည်းကောင်း ချီတက်ခဲ့၍ လောက်ကိုင်၊ မုံးကိုးဒေသအား တိုက်ခိုက်ရန် လမ်းကြောင်း ၃ ကြောင်းဖြင့် ဝင်ရောက်ခဲ့ပါသည်။ တပ်မတော်မှ ကြိုတင်သတင်းများရရှိ၍



www.burmeseclassic.com

နယ်မြေရှင်းလင်းခြင်းဆောင်ရွက် ခဲ့ရာ လောက်ကိုင်အားသိမ်းပိုက်မည့် ၎င်းတို့၏ရည်ရွယ်ချက် အောင်မြင်မှုမရရှိဘဲ တာမုံဝါးသို့ ဆုတ်ခွာစောင့်ဆိုင်းခဲ့ပြီး ကျန်အဖွဲ့များသည် လောက်ကိုင်ဒေသ ကျေးရွာများအတွင်း စိမ့်ဝင်၍ အရပ်သားများအသွင် တပ်ဖျောက်သွားခဲ့ကြပါသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် အင်အား ၃၂၀ ခန့်သည် လွင်ကန်ဒေသတစ်ဝိုက် ပြန်လည် ရောက်ရှိဖြန့်ခွဲကာ ခိုအောင်းခဲ့ပါသည်။ နိုဝင်ဘာလ တတိယပတ်တွင် သိန်းနီမြို့နယ် မန်လင်ကျေးရွာအုပ်စု မြောက်ဘက်ရှိ တောင်ကုန်းများသို့ ဝင်ရောက်လှုပ်ရှားခဲ့ရာ တပ်မတော်စစ်ကြောင်းများက သတင်းများအရ ဝင်ရောက်ရှင်းလင်းခဲ့၍ နမ့်ကျွမ်း၊ ဝေါ်ခြိုနှင့် မုံးပေါ်လေ နယ်မြေတစ်ဝိုက် တိမ်းရှောင်တပ်ဖျောက်သွားခဲ့ကြ ပါသည်။ ၎င်းအဖွဲ့တွင် **KIA, TNLA, SSA** (ဝမ်ဟိုင်း) အဖွဲ့များလည်း ပါဝင်ကြောင်း ဖော်ထုတ်သိရှိခဲ့ပါသည်။ ၎င်းအဖွဲ့များသည် လောက်ကိုင်ဒေသအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများသို့ ဝင်ရောက်၍ တပ်မတော် စစ်ကြောင်းများအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ အရပ်သားများအား ဖမ်းဆီးခြင်းတို့ကို လုပ်ဆောင်ခဲ့၍ နယ်မြေရှင်းလင်းခဲ့ရာ တိုက်ပွဲကြီးငယ် ၂၀ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူအလောင်း ၅ လောင်း၊ ဖမ်းမိ ၁ ဦး၊ အလင်းဝင် ၁၇ ဦး သိမ်းဆည်းရမိကာ တပ်မတော်မှ စစ်သည် ၁၂ ဦး အသက်ပေးခဲ့ပြီး အရာရှိ ၃ ဦး၊ စစ်သည် ၃၃ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူအဖွဲ့၏ တစ်ဖက်နိုင်ငံမှ ကြေးစားစစ်သားစုဆောင်းအသုံးပြုမှုနှင့် တရုတ်နိုင်ငံအတွင်း





လက်နက်ခဲယမ်းဖမ်းဆီးရမိမှုများ။

ဖုန်ကြားရှင်ဦးဆောင်သောအဖွဲ့သည် အထူးဒေသ (၄) မိုင်းလားနယ်မြေတွင် တိမ်းရှောင်ပုန်းအောင်းနေစဉ် လက်နက်ကိုင်လှုပ်ရှားမှုများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် စစ်ရေးအင်အား ပြန်လည်တည်ဆောက်မှုများအား အထူးဒေသ (၁/၄) အကူအညီဖြင့် ဆောင်ရွက်ခြင်း၊ **KIA** အပါအဝင် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ မဟာမိတ်ပြုခြင်း၊ အထောက်အပံ့များပေးခြင်း၊ ပြည်ပအဆက်အသွယ်ရှာဖွေခြင်းများ တိုးမြှင့်လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် ၂၀၁၄ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် တမူးမြို့ ၃ မိုင် စစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့မှ တရုတ်နိုင်ငံသား ၈ ဦးအား လက်နက်မျိုးစုံ ၈ လက်၊ လက်ပစ်ဗုံး ၃၁ လုံး၊ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။ ၎င်းတို့အား စစ်ကြောချက်များအရ ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ ငွေကြေးဖြင့်မက်လုံးပေး၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့အတွင်း ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းတို့ ၈ ဦးသည် မိုင်းလားမြို့ သွေးစည်းညီညွတ်ရေးတပ်ဌာနချုပ်ရှိ စစ်သားစုဆောင်းရေးစခန်းသို့ရောက်ရှိခဲ့ကြောင်း၊ မိုင်းလားတွင် လူသစ်စုဆောင်းသိမ်းသွင်းခံရ သူများ၌ တရုတ်လူမျိုး၊ 'ဝ' လူမျိုး၊ ကိုးကန့်လူမျိုးများဖြစ်ကြောင်း၊ ၎င်းတို့ ၈ ဦးသည် သံလွင်မြစ်အနောက်ခြမ်း မုံးယော်၊ မုံးကျက်ဒေသအတွင်း နယ်မြေလှုပ်ရှားဆောင်ရွက်စဉ် မျှော်မှန်းထားသကဲ့သို့ လစာ၊ ရိက္ခာ မရရှိခြင်း၊ နှိမ်ချဆက်ဆံမှုများရှိခြင်းကြောင့် ထွက်ခွင့်တောင်းရာတွင် ခွင့်မပြုခြင်းကြောင့် ဒုတပ်ခွဲမှူးဖြစ်သူ ဝုန်ကျားမှုကို လုပ်ကြံသတ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



၍ ထွက်ပြေးလာခဲ့ခြင်းဖြစ်ပြီး မိုင်းလားမှတစ်ဆင့် မုန်းကျက်၊ မုန်းယော်၊ လားရှိုး၊ ကျောက်မဲ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ကလေးဝ၊ တမူးလမ်းကြောင်းအတိုင်း ထွက်ပြေးလာသူများဖြစ်ပါသည်။ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ လှုပ်ရှားမှုနှင့်တစ်ချိန်တည်းတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့၌ တရုတ်နယ်ခြား စောင့်တပ်ဖွဲ့မှ မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ် ဘီပီ–၁၂၇ ၏ အရှေ့ဘက် ၃ မိုင်ခန့်အကွာ တရုတ်နိုင်ငံ မိန်းတိန်၊ နမ့်ဆန်ကားလမ်းပေါ်တွင် ယာဉ်ကြီး ၂ စီးပေါ်မှ မောင်းပြန်ရိုင်ဖယ် ၆၁၁ လက်၊ ကျည် ၁၂၆,၀၀၀ တောင့်နှင့် ၄၀ မမ ရော့ကတ်လောင်ချာ ၃၀၀ ခန့်၊ ၄၀ မမ ဗုံးကျည် ၁,၀၀၀ ကျော်တို့အား သံသယရှိသူ ၃ ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ တရုတ်စစ်သံရုံး (ရန်ကုန်) သို့ မေးမြန်းရာ တရုတ် စစ်သံရုံးမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆဲဖြစ်ကြောင်း၊ ဖမ်းဆီးရမိသည့် ၃ ဦးအား စစ်ဆေးမှုများ ပြုလုပ်ဆဲ ဖြစ်ကြောင်း၊ လက်နက်ခဲယမ်းမှောင်ခိုခြင်းသည် တရုတ်ပြည်တွင်းတွင် အရေးကြီးသောကိစ္စဖြစ်ပြီး တရုတ်နိုင်ငံ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ နယ်စပ်အေးချမ်းတည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံဘက်မှ အဓိကထားပြီး အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းစုံစမ်းမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မည်သည့် လက်နက်မှောင်ခိုမှုနှင့် မှုခင်းများကိုမဆို မြန်မာနိုင်ငံနှင့် ပူးပေါင်းနှိမ်နင်း၍ **Sino-Myanmar** နယ်စပ် အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။





**ကိုးကန့်တိမ်းရှောင် အကြွင်းအကျန်သောင်းကျန်းသူအဖွဲ့၏ လောက်ကိုင်ဒေသ ပြန်လည်သိမ်းပိုက်ရေး အစီအစဉ်များ**

အခြားသတင်းများအရ ကိုးကန့်(တိမ်းရှောင်) သောင်းကျန်းသူအဖွဲ့အနေဖြင့် လောက်ကိုင်နယ်မြေအား ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် နယ်မြေများ အဆင့်ဆင့်ပိုင်းခြားသတ်မှတ်ကာ အောက်ပါအတိုင်း စီမံချက် ရေးဆွဲခဲ့ပါသည်။

(က) ဆုံကန်–ဟုံအိုင်–မော်ထိုက်နယ်မြေအား ၎င်းတို့တပ်ပေါင်းစုမှ ပလောင်၊ ကချင် စသည့်လူမျိုးများ စိမ့်ဝင်ခိုအောင်းပြီး အမာခံနယ်မြေတည်ဆောက်ခြင်း။

(ခ) ရှင်ပင်ကိုင်း–ကုန်းကြမ်းနယ်မြေတွင် လူသစ်စုခြင်း၊ နယ်မြေစည်းရုံးခြင်းများအား ပြုလုပ်ခြင်း။

(ဂ) တာရွှေထန်–ရှောက်ကိုင်နယ်မြေတွင် အင်အားစုဖွဲ့ကာ အခိုင်အမာခုခံ၍ လောက်ကိုင်အား ဝင်ရောက် နိုင်ရေးအတွက် ကွပ်ကဲမှုနယ်မြေအဖြစ် တည်ဆောက်ခြင်း။

(ဃ) ချင်းရွှေဟော်အား အလစ်ဝင်ရောက်တိုက်ခိုက်ကာ စစ်ပွဲတစ်ခုအသွင်ဖန်တီး၍ ကိုးကန့်ဒေသအဖြစ် နယ်မြေချဲ့ထွင်ရန် စီမံဆောင်ရွက်ခြင်း။

(င) လောက်ကိုင်နယ်မြေမှ တိုက်ပွဲများ အရှိန်ကျလာစေရန် အာရုံလှည့်စားတိုက်ခိုက်ခြင်း။

(စ) ထိုသို့တိုက်ပွဲများဖြစ်ပွားပြီး ရန်ကွမ်းဟွာနှင့် ဖုန်ဝမ်အမ်းတို့မှ ရှေ့တန်းကျကျကွပ်ကဲနေချိန်တွင် ဖုန်တာရှင်မှ ထောက်ပံ့ခြင်း၊ စစ်နည်းဗျူဟာမြောက် လှည့်စားခြင်းနှင့် ညွှန်ကြားခြင်းများအား **UWSA** (ဝ) နယ်မြေအတွင်းမှ ပြုလုပ်ရန်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ခြင်း။

(ဆ) လောက်ကိုင်နယ်မြေအတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၎င်းတို့၏အထောက်တော် သူလျှိုများအား လောက်ကိုင်နှင့် တရုတ်နိုင်ငံ၊ နမ့်ဆန်မြို့တို့တွင် မြှုပ်နှံထားကာ ပင်မတပ်များ လောက်ကိုင်နယ်မြေအတွင်းသို့ ဝင်ရောက်နိုင်ရေးအတွက် အထောက်အပံ့များပြုလုပ်ခြင်း။

(ဇ) ၎င်းတို့အနေဖြင့် အခွင့်မသာပါက တရုတ်နိုင်ငံနှင့် UWSA (ဝ) နယ်မြေများသို့ လွတ်မြောက်နယ်မြေများ အဖြစ် ဝင်ရောက်ခိုအောင်းတပ်ဖျောက်ရန် စီစဉ်ခြင်း။

(ဈ) ကွမ်းလုံနယ်မြေအား တပ်မတော်စစ်ကြောင်းများ ချီတက်လာပါက ကြိုတင်သတင်းလက်ဦးမှုရယူ ချေမှုန်းနိုင်ရေးနှင့် ဖြတ်တောက်ပိတ်ဆို့ ဟန့်စစ်ဆင်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း။

အထက်ပါ ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူအဖွဲ့၏ လောက်ကိုင်နယ်မြေ ပြန်လည်သိမ်းပိုက်ရေး အစီအမံများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ကိုးကန့်တိမ်းရှောင်အဖွဲ့သည် ၂၀၁၄ ခုနှစ်အတွင်းတွင် သံလွင်မြစ်အနောက်ဖက်အခြမ်းရှိ မုံးစီး၊ နမ့်ကျွမ်း၊ ဝေါ်ချို၊ မုံးကိုးနှင့် မုံးယားဒေသများတွင် ဒေသခံပြည်သူလူထုအား ငွေကြေးဖြင့်လည်းကောင်း၊ အကြောက်တရားဖြင့် စည်းရုံးသိမ်းသွင်းခြင်း။





(ခ) ဒေသခံပြည်သူများအပေါ် လွှမ်းမိုးချုပ်ကိုင်ကာ လူ/လက်နက်အင်အားစုဖွဲ့ပြီး အခြေခံနယ်မြေတည် ဆောက်ရန် ကြိုးပမ်းခဲ့ခြင်း။

(ဂ) မိမိတို့တပ်မတော်မှ သတင်းရရှိပြီး စစ်ဆင်မှုများကြောင့် နယ်စပ်ဒေသများနှင့် တစ်ဖက်နိုင်ငံအတွင်းသို့ ဆုတ်ခွာထွက်ပြေးခဲ့ပြီး ၎င်းအဖွဲ့အတွင်းတွင် **KIA** (ကချင်)၊ **TNLA** နှင့် **SSA** (ဝမ်ဟိုင်း)အဖွဲ့များလည်း ပူးပေါင်းပါဝင်ခဲ့ခြင်း။

## လောက်ကိုင်ဒေသတိုက်ပွဲများနှင့် ဆက်စပ်ပေါ်ပေါက်ခဲ့သည့် အခြေအနေများ

**လောက်ကိုင်ဒေသတွင်ဖြစ်ပွားနေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဖုန်ကြားရှင်၏ ကြေညာချက်နှင့် တရုတ် နိုင်ငံ၏ သဘောထား ထုတ်ပြန်ကြေညာချက်များ**


၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် **Want China Times** အွန်လိုင်းစာမျက်နှာတွင် ဖော်ပြပါရှိသော သတင်းဆောင်းပါး၌ ဖုန်ကြားရှင်နှင့် **Global Times** သတင်းဌာနတို့ တွေ့ဆုံပြောကြားချက်၌ ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်ကို ဦးဆောင်၍ မြန်မာ့တပ်မတော်နှင့် ပြန်လည်ရင်ဆိုင်တိုက်ခိုက်ရန် လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့ပါသည်။ ထို့ပြင် ဖုန်ကြားရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ၎င်းတို့မှာ တရုတ်လူမျိုး "ဟန်" မျိုးနွယ်များဖြစ်ကြောင်း၊ မြန်မာအစိုးရမှ တရုတ်မျိုးနွယ်စုများကို နှိပ်စက်နေခြင်းဖြစ်၍ လူမျိုးရေးအရကူညီပေးကြပါရန် တရုတ် အင်တာနက် စာမျက်နှာများမှတစ်ဆင့် ဝါဒဖြန့်လျက်ရှိသကဲ့သို့



www.burmeseclassic.com

တစ်ဖက်တွင်လည်း နိုင်ငံတော်သမ္မတကြီးထံသို့ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ ထဲတွင် အပါအဝင်ဖြစ်သော ညီနောင်တိုင်းရင်းသားများအပေါ်တွင် သနားငဲ့ညှာစွာ စဉ်းစားပေးစေလိုကြောင်း နည်းလမ်းပေါင်းစုံဖြင့် ဝါဒဖြန့်ချိလျက်ရှိပါသည်။ ၎င်းအပြင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဖုန်ကြားရှင်မှ နိုင်ငံတော်သမ္မတထံသို့ **A** ကိုးကန့်တိုင်းရင်းသားများသည်လည်း နိုင်ငံတော်၏ တာဝန်နှင့်ဝတ္တရားများကို နိုင်ငံတော်၏ မိသားစုအဖွဲ့ဝင်အနေဖြင့် ထမ်းဆောင်လိုပါကြောင်း အိတ်ဖွင့်ပေးစာပေးပို့၍ ထပ်မံဝါဒဖြန့်ချိခဲ့ပါသည်။ တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအပေါ်ထားရှိသော တရုတ်နိုင်ငံ၏မူဝါဒကို ရှင်းလင်းဖော်ပြသည့် ဆောင်းပါးတစ်ပုဒ်အား ဖေဖော်ဝါရီလ ၁၆ ရက်နေ့၌ တရုတ် ကွန်မြူနစ်ပါတီ၏ **People's Daily** သတင်းစာမှ ကျောထောက်နောက်ခံပြုထားသော **Global Times** သတင်းစာတွင် ဖော်ပြခဲ့ပါသည်။ သတင်းစာ၏ဖော်ပြချက်အရ ကိုးကန့်ဒေသသည် ၁၈၉၇ ခုနှစ်ကတည်းက မြန်မာနိုင်ငံနယ်နိမိတ်ထဲပါဝင်ခဲ့ကြောင်း၊ ကိုးကန့်လူမျိုးများသည် တရုတ်လူမျိုးများ၏ ဆွေမျိုးများသာဖြစ်ပြီး တရုတ်နိုင်ငံသားများမဟုတ်ကြောင်း၊ ကိုးကန့်ဒေသသည် ခရိုင်းမီးယားဒေသကဲ့သို့မဟုတ်ကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်ရေးကို တရုတ်အစိုးရမှ လိုလားပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ကောင်းမွန်သောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ ကိုးကန့်တိမ်းရှောင်အဖွဲ့ခေါင်းဆောင် ဖုန်ကြားရှင်အနေဖြင့် လောက်ကိုင်ဒေသတိုက်ပွဲများပြင်းထန်နေစဉ်အတွင်း ကိုးကန့်လူမျိုးများသည် တရုတ်တိုင်းရင်းသားများ ဖြစ်ပြီး






ပွိုင့်၆၀၉၁ တိုက်ပွဲပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုင်ဒေသသည် တရုတ်နိုင်ငံ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း သဘောသက်ဝင်သည့် ကြေညာချက်များကို ထုတ်ပြန်ခဲ့သည့်အပြင် ကမ္ဘာတစ်ဝန်းလုံးရှိ တရုတ်လူမျိုးများမှ ကိုးကန့်ဒေသလက်နက်ကိုင်လှုပ်ရှားမှုများအား ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးရန်လည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ အရှေ့ပင်လယ်နဂါး အင်တာနက်စာမျက်နှာ **Dong Hai Shen Long** တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်တွင် ဖုန်ကြားရှင်က မြန်မာအစိုးရသည် တရုတ်ကိုးကန့်လူမျိုး ၂ သိန်းကျော်ကို မုန်းတီးနေသည့်အတွက် လာရောက်ကျူးကျော်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ ဖုန်ကြားရှင်သည် တပ်မတော်ကို ရေရှည်စစ်ပွဲအသွင် ရင်ဆိုင်တိုက်ခိုက်နိုင်ရန်အတွက် တရုတ်နိုင်ငံမှ ယခင် ဗကပခေတ်ကလို အလုံးစုံ ကူညီထောက်ပံ့မည့် အလားအလာနည်းပါးကြောင်း ကောင်းစွာသိရှိနားလည်သည့်သဘော ရှိပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖော်ဆောင်မှုအရ တရုတ်နိုင်ငံအတွင်းအခြေပြု၍ တရုတ်–မြန်မာနယ်စပ်မှ တစ်ဆင့် မြန်မာနိုင်ငံကို ရေရှည်တိုက်ခိုက်ရပ်တည်ရန် မဖြစ်နိုင်သည်ကို မျှော်လင့်ထားပြီး ဖြစ်ပါသည်။ အချိန်တိုအတွင်း ရေတိုဆင်နွှဲ၍ ၎င်း၏နိုင်ငံရေးရည်မှန်းချက်ကို ရှပ်လုံးဖော်ရန် ကြိုးပမ်းခြင်းသာ ဖြစ်ပါသည်။ ဖုန်ကြားရှင်အဖွဲ့၏ လှုပ်ရှားမှုများအပေါ် တရုတ်နိုင်ငံက အပြည့်အဝပူးပေါင်းတားဆီးရန် ပျက်ကွက်ခဲ့ခြင်းမှာ မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံ၏အရေးပါမှုကို ထင်ဟပ်ပေါ်လွင်စေရန်နှင့် တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ရပ်ဆိုင်းပေးရန် ဆန့်ကျင်ဘက်အင်အားစုများမှ ကြိုးပမ်းနေမှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



စပ်လျဉ်း၍ မြန်မာအစိုးရအပေါ် သတိပေးရန် ကြိုးပမ်းခြင်းဟု သတ်မှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှုစီမံကိန်းများ တည်ရှိရာဒေသများတွင် တရုတ်ဆန့်ကျင်ရေး စိတ်ဓာတ်မြင့်မားနေမှု၊ ရန်ကုန်မြို့ရှိ တရုတ် သံရုံးကို ဆန္ဒပြသူများမှာ ဝင်ရောက်ကျူးကျော်ရန် ကြိုးပမ်းမှု၊ မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု များကို အစိုးရက အကာအကွယ်ပေးစေလိုမှုတို့အပြင် လက်ရှိအစိုးရကာလတွင်သာမက ၂၀၁၅ ခုနှစ်အလွန် ပေါ်ပေါက်လာမည့် မြန်မာနိုင်ငံအစိုးရသစ်တစ်ရပ်အတွက် တရုတ်နိုင်ငံ၏အရေးပါမှုကို ကြိုတင်သတိပေးမှု ဖြစ်နိုင်ဖွယ်ရှိကြောင်း တွေ့ရှိရပါသည်။

**လောက်ကိုင်ဒေသတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ နှင့် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန် ကြေညာခြင်း**

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုကျယ်ပြန့်များပြားလာပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ရုံဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိတော့ သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂၊ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၁၅ ကို ထုတ်ပြန်ပြီး ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို အရေးပေါ် အခြေအနေကြေညာခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်သမ္မတရုံးမှ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၂/၂၀၁၅ ကို ဆက်လက်ထုတ်ပြန်ပြီး ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ





တွင် မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ ဤအမိန့်အရ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ အပ်နှင်းခဲ့ပါသည်။ သို့ဖြစ်၍ စစ်အုပ်ချုပ်ရေး အမိန့်အရ ကိုးကန့်ဒေသတွင် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦးအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ ထပ်မံအပ်နှင်းခဲ့ပါသည်။ လောက်ကိုင်ဒေသအခြေအနေမှာ တပ်မတော်၏ တည်ငြိမ်မှု စစ်ဆင်ရေးဆောင်ရွက်မှုများအရ မူလအခြေအနေသို့ တဖြည်းဖြည်း ပြန်လည်ရောက်ရှိလျက် ရှိပြီး မကြာမီ ကာလအတွင်း တည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိနိုင်မည် ဖြစ်ပါသည်။

**လောက်ကိုင်ဒေသတိုက်ပွဲများနှင့် တရုတ်နိုင်ငံအပေါ် မြန်မာပြည်သူလူထု၏ သဘောထားအမြင်များ**

ဖုန်ကြားရှင်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းက ပြန်လည်တိုက်ခိုက်မည့်အကြောင်း ပြောဆိုချက်ကို တရုတ်သတင်းစာ၏ တွေ့ဆုံမေးမြန်းခန်းတွင် ဖော်ပြခဲ့ပြီးနောက် စစ်ရေးပြင်ဆင်မှု၊ လူ၊ လက်နက်၊ အင်အားစုဆောင်းမှုများကို စတင်ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့တွင် နိုင်ငံတော်အစိုးရမှ နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက် နေသည်ကို အရှောင်



www.burmeseclassic.com

www.burmeseclassic.com



အယှက်ပေးရန် ကြိုးပမ်းခဲ့ပါသည်။ တရုတ်နိုင်ငံအနေနှင့် လောက်ကိုင်အရေးအခင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားရာတွင် မြန်မာပြည်သူ လူထု၏ တပ်မတော်အပေါ် သဘောထားနှင့် လက်ရှိ အစိုးရအပေါ် သဘောထားကို မှန်ကန်စွာ ရှုမြင်သုံးသပ် နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် လက်ရှိလောက်ကိုင်ဒေသတွင် တိုက်ပွဲများ စတင်ဖြစ်ပွားစဉ်ကာလတွင် သာမန်အရပ်သားများမှ များစွာအလေးထားစောင့်ကြည့်ခဲ့ကြပြီး လူမှုမီဒီယာတွင် သုံးသပ်ချက်များပေးခြင်း၊ ဝေဖန်မှတ်ချက်ရေးသားခြင်း၊ တပ်မတော်ကို ထောက်ခံကြောင်း ရေးသားခြင်း၊ ကိုးကန့်အဖွဲ့လက်နက် ကိုင်အင်အားစုကို ရှုတ်ချပြောဆိုရေးသားခြင်းတို့ကို တွေ့ရှိခဲ့ရပါသည်။ ကိုးကန့်လက်နက်ကိုင်အင်အားစုများ ၏ ဝင်ရောက်တိုက်ခိုက်မှုကို ပြည်ပနိုင်ငံကြီးတစ်ခုမှ အားပေးနေခြင်းဖြစ်ပါက ဆောင်ရွက်သင့်သည့် သံခင်း တမန်ခင်းကိစ္စများကိုပါ လူမှုကွန်ရက်တွင် ပြည်သူများက ထောက်ပြခဲ့ကြသည်။ နိုင်ငံတကာစာချုပ်စာတမ်းများ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ သိအမှတ်ပြုချက်များအရ နိုင်ငံတစ်နိုင်ငံသည် တရားဝင်တည်ဆဲအစိုးရအား ဆန့်ကျင်တိုက်ခိုက်မည့် ပုန်ကန်သူအစုအဖွဲ့ကို မိမိပိုင်နက်အတွင်း အခြေချစုစည်းလေ့ကျင့်ခြင်း အပါအဝင် မည်သည့်လက်ခံမှု၊ အားပေးထောက်ခံမှုကိုမျှ မပြုရ ဟူသည့်အချက်ကို သာမန်ပြည်သူများက ထောက်ပြခဲ့ ပါသည်။ လူမှုမီဒီယာတွင် ယင်းအချက်ကို ကိုင်တွယ်ပြီး အိမ်နီးချင်းနိုင်ငံကို သံခင်းတမန်ခင်းအရ အသာစီး ရယူနိုင်ရေး ပြောဆိုမှတ်ချက်ပြု ရေးသားကြသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် နိုင်ငံတကာ လုပ်ထုံး





လုပ်နည်းများအရ စစ်မက်ယှဉ်ပြိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာပါက လုပ်လေ့ရှိသည့် သာမန်အပြစ်မဲ့ အရပ်သားများကို စုစည်း ကယ်ဆယ်ခြင်းနှင့် စစ်ရှိန်လျှော့ချမှုဆိုင်ရာ လုပ်ငန်းစဉ်များကိုပါ တင်ပြပြောဆိုခဲ့သည်။ ကုလသမဂ္ဂအပါအဝင် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများကို မြန်မာနိုင်ငံမှ နိုင်ငံတကာသို့ တောင်းဆိုသင့်သည့်အချက်များကိုပါ ရေးသားပြောဆိုခဲ့ကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံမှ နောက်ကွယ်မှ ကြိုးကိုင် ပါဝင်ပတ်သက်မှု မလွဲမသွေရှိနေသည်ဟု သုံးသပ်ကြပြီး ယင်းအချက်ကို လုပ်နည်း ၂ နည်းဖြင့် ကာကွယ် တားဆီးရန် အကြံပြုပြောဆိုခဲ့ကြသည်။ ပထမနည်းလမ်းမှာ တပ်မတော်ဦးဆောင်၍ ပြည်တွင်းရှိ လက်နက်ကိုင်အင်အားစုများဖြင့် စုစည်းတွန်းလှန်ခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ သံခင်းတမန်ခင်းဖြင့် နိုင်ငံတကာ အကူအညီကို ပေါင်းစပ် အသုံးချခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**တရားသောစစ်ပွဲဆင်နွှဲနေသည့် တပ်မတော်သားများအား ရဟန်း၊ ရှင်၊ လူ၊ ပြည်သူတစ်ရပ်လုံးမှ ထောက်ခံ အားပေးမှုများ**

လက်ရှိအခြေအနေတွင် လောက်ကိုင်ဒေသအား အရေးပေါ် အခြေအနေကြေညာ၍ စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ထားရှိပြီး တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ လောက်ကိုင်မြို့ လုံခြုံရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိရာ လောက်ကိုင် ဒေသအတွင်း တည်ငြိမ်အေးချမ်းပြီး မူလအခြေအနေသို့ ပြန်လည် ရောက်ရှိတော့မည် ဖြစ်ပါသည်။ တပ်မတော် အနေဖြင့် လောက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒေသ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိကာ ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ အခြေချလှုပ်ရှားနိုင်မှု မရှိစေရေးနှင့် နယ်စပ်ဒေသတစ်လျှောက် စိမ့်ဝင်ထိုးဖောက်မှုမပြုနိုင်ရေး အင်အားများ ထပ်မံဖြည့်တင်းပြီး ကြိုးပမ်းရှင်းလင်းဆောင်ရွက် လျက်ရှိပါသည်။

တပ်မတော်၏ပိုင်နက်နယ်မြေ ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆောင်ရွက်ချက်များအား ရဟန်းရှင်လူ ပြည်သူအများစုနှင့် အဖွဲ့အစည်းများက ထောက်ခံအားပေးလျက်ရှိရာ ဖေဖော်ဝါရီ လ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုစည်းရုံးရေးကော်မတီ ကြေညာချက်အမှတ်၊ ၁/၂၀၁၅ ထုတ်ပြန်၍ တရားသောစစ်ကို ဆင်နွှဲနေသည့် တပ်မတော်သားများ၏ စွမ်းဆောင်ချက်များအား ထောက်ခံပါကြောင်းနှင့် တပ်မတော်နှင့်အတူ တိုက်ပွဲတွင် ပါဝင်ဆင်နွှဲသွားရန် အသင့်ရှိကြောင်း ကြေညာခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အပါအဝင် တပ်မတော် အကြီးအကဲများက တိုက်ပွဲဝင်အရာရှိ စစ်သည်များ၊ တိုက်ပွဲတွင် ကျဆုံးခဲ့သည့် အရာရှိ စစ်သည်မိသားစုများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ စစ်သည်များအား အားပေးကူညီ ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ပြီး ပြင်ဦးလွင် တပ်နယ်ဆေးရုံနှင့် လားရှိုးတပ်နယ်ဆေးရုံတို့တွင် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များအား ကြည့်ရှုအားပေးခြင်းနှင့် ဂုဏ်ပြုငွေ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် ဖေဖော်ဝါရီလ ၁၆





ရက်နေ့တွင် ကိုးကန့်ဒေသတိုက်ပွဲများ၌ ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအား ပြင်ဦးလွင်တပ်နယ်ဆေးရုံတွင် နိုင်ငံတော်သမ္မတ အပါအဝင် ပြည်ထောင်စုဝန်ကြီးများက ကြည့်ရှုအားပေးခြင်းနှင့် ၎င်းတို့လစာငွေ၏ လစဉ် ၂၅ ရာခိုင်နှုန်းစုဆောင်းထားသော ရန်ပုံငွေမှ တိုက်ပွဲတွင် ကျဆုံးခဲ့သော တပ်မတော်သား အရာရှိ၊ စစ်သည်များအတွက် ငွေကျပ် သိန်း ၉၀၀ အားလည်း ကောင်း၊ ထိခိုက်ဒဏ်ရာရရှိသော အရာရှိ စစ်သည်များအတွက် ငွေကျပ်သိန်း ၁,၀၀၀ အားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

၁၆. ၂. ၂၀၁၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်း အဝေး ၁၄ ရက်မြောက်နေ့တွင် လောက်ကိုင်ဒေသ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကျူးကျော်တိုက်ခိုက်သည့် အကြမ်းဖက်အဖွဲ့အစည်းများ၊ ထောက်ပံ့အားပေးကူညီခဲ့ကြသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ရှုတ်ချကန့်ကွက်ကြောင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်၏ ဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ချက်ချမှတ် ထုတ်ပြန် ကြေညာခဲ့ပါသည်။ ထို့ပြင် လောက်ကိုင်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ခန္ဓာပေးလှူသည့် စွန့်လွှတ် စွန့်စားရဲဝံ့စွာ ဆောင်ရွက်ခဲ့ကြသော တပ်မတော်သားများနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေ ပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီကလည်း ထောက်ခံဂုဏ်ပြုချီးကျူးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုင်ဒေသ၌ ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ကျူးကျော်တိုက်ခိုက်မှုကို တပ်မတော် မှ ကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တိုက်ပွဲဝင်တပ်မတော်သားများအား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း နှင့် ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ပြင်းထန်စွာ ရှုတ်ချပါကြောင်း ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် လောက်ကိုင်ဒေသ၌ နိုင်ငံတော်ပိုင်နက် နယ်မြေနှင့် အချုပ်အခြာ အာဏာကို ရှေ့တန်းမှ ကာကွယ်ရင်း သူ့ရဲကောင်းပီသစွာ အသက်ခန္ဓာပေးလှူခဲ့သော တပ်တော်သားများနှင့် ယင်းတိုက်ပွဲတွင် မိမိတို့ဘဝကို ပေးဆပ်ခဲ့ရသော မိသားစုများအား လေးစားဂုဏ်ပြုကြောင်းနှင့် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေ တည်တံ့ရေးအတွက် တပ်မတော်၏တိုက်စွမ်းရည်မြင့်မားအောင် စွမ်းဆောင်နေပြီး ကိုးကန့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို ပြန်လည်တိုက်ခိုက်ချေမှုန်းရာတွင် ခေါင်းဆောင်မှုပေးသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ခေါင်းဆောင်မှုကို အမျိုးသားဒီမိုကရေစီပါတီသစ် **NNDP** မှ နိုင်နိုင်မာမာ ထောက်ခံကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်အဖြစ် လောက်ကိုင်ဒေသ တိုက်ပွဲ များအတွင်း နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အရာရှိ စစ်သည်များ၏ အရိုးပြာအိုးများအား ဂူသွင်းသင်္ဂြိုဟ်သည့် စစ်အခမ်းအနားကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းလွဲ ၁ နာရီတွင်





လားရှိုးမြို့ အညတရစစ်သည်ဗိမာန်၌ ကျင်းပပြုခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ စစ်သည် မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်၍ နိုင်ငံတော် ကာကွယ် ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့သော အရာရှိ၊ စစ်သည်များအတွက် လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြပြီး အရာရှိ၊ စစ်သည်များ၏ အရိုးပြာအိုးများအား ဂူသွင်းသင်္ဂြိုဟ်ခဲ့ကြပါသည်။

နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်အား ရဟန်း၊ ရှင်၊ လူ၊ ပြည်သူလူထုတစ်ရပ်လုံးမှ အမျိုးသားရေးအသိနှင့် ယှဉ်၍ မကြုံစဖူး ထောက်ခံ အားပေးလျက်ရှိရာ ဖေဖော်ဝါရီလ ၂၁ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုများ ကူညီထောက်ပံ့ လှူဒါန်းမှုများမှာ မြန်မာကျပ်ငွေ ၂. ၅ ဘီလီယံကျော်ခန့် ရှိပြီဖြစ်ပြီး ဆက်လက်၍လည်း နိုင်ငံတော်ကာကွယ် ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေသော တပ်မတော်သားများအတွက် ဆက်လက်လှူဒါန်းမှုများလည်း ရှိနေပါသည်။ တပ်မတော်အပေါ် မြန်မာပြည်သူလူထု၏ အားပေးထောက်ခံမှုသည် လူမှုမီဒီယာတွင် အထင်ရှားဆုံးဖြစ်ခဲ့ပြီး ယခင်က အစိုးရဆန့်ကျင်ရေး၊ တပ်မတော်ဆန့်ကျင်ရေး တွင်တွင်ပြောဆိုနေသူများပင် သဘောထားပြောင်းလဲသွားပြီး လူမှုမီဒီယာ **Social Network Facebook** စာမျက်နှာများတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်လက်မောင်းတံဆိပ်ကို **Profile** ပုံအဖြစ် ပြောင်းလဲသူ ၄ သိန်းကျော်ရှိကြောင်း

www.burmeseclassic.com



သိရှိရသည်။ ယင်းပမာဏသည် အရှေ့တောင်အာရှဒေသတွင် အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံ ဘုရင့်မွေးနေ့တွင် ထိုင်းနိုင်ငံသူ နိုင်ငံသား နှစ်သိန်းခန့်က ပရိုဖိုင်ပုံပြောင်းလဲခဲ့ပြီး ဘုရင်ကို ထောက်ခံကြောင်း ပြသခဲ့သည့်ဖြစ်ရပ်ထက် ပိုမို များပြားခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ကိုးကန့်တိမ်းရှောင်အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူ အားပေးထောက်ခံသူများ၏ စည်းရုံးလှုပ်ရှားမှုအရ လူမှုမီဒီယာအသုံးပြုသူများက မိမိတို့၏သဘောဆန္ဒအတိုင်း လွတ်လပ်စွာ **Profile** ပုံပြောင်းလဲကာ အားပေးထောက်ခံခဲ့ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ သဘောထား ပြောင်းလဲလာမှုများအပေါ် မြန်မာနိုင်ငံအတွင်းရှိ ဆန့်ကျင်ဘက်နိုင်ငံရေးအင်အားစုများပင် အံ့အားသင့်အသိ အမှတ်ပြုခဲ့ရပြီး ပြည်သူလူထု၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ရုတ်တရက်နိုးကြားလာမှုနှင့်အတူ အရေးကြုံလာပါက တပ်မတော်၏ဦးဆောင်မှုကို ခံယူလျက် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို တပ်မတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆန္ဒဖော်ထုတ်ပြသခဲ့ခြင်းလည်း ဖြစ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လောက်ကိုင်ဒေသအခြေအနေ ရှင်းလင်းပြောကြားမှုနှင့် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့မှု**

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ ညှိနှိုင်းမဆောင်၌ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ ဒုတိယဥက္ကဋ္ဌဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှ လက်ခံတွေ့ဆုံရာတွင်





လောက်ကိုင်ဖြစ်စဉ်သည် အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်ကြောင်း၊ ဖုန်ကြားရှင်ဦးဆောင်သည့် ကိုးကန့်သောင်းကျန်းသူ အဖွဲ့သည် လောက်ကိုင်ဒေသအား တိုက်ခိုက် သိမ်းပိုက်ပြီး လောက်ကိုင်ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့ကို ဖြုတ်ချ၍ အာဏာသိမ်းရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုး၏ အစိတ်အပိုင်းတစ်ခု အား တိုက်ခိုက်လာခြင်းဖြစ်၍ တပ်မတော်အနေဖြင့် လုံးဝ လက်မခံနိုင်ကြောင်း မိမိတို့ရရှိထားသော အထောက်အထားများအရ လောက်ကိုင်ဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့ ပါဝင်မှုရှိနေ၍ သက်ဆိုင်ရာအဖွဲ့များမှ တာဝန်ယူရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်လည်း ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူ သမိုင်းကြောင်းနှင့် လောက်ကိုင်ဒေသသို့ ကိုးကန့်သောင်းကျန်းသူများ ဝင်ရောက် တိုက်ခိုက်မှု ဖြစ်စဉ် ရှင်းလင်းပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးမှ ဦးစီး၍ ပြည်တွင်းသတင်းဌာန ၂၇ ခုနှင့် ပြည်တွင်း အခြေစိုက် ပြည်ပသတင်းဌာန ၈ ခုတို့အား ကိုးကန့်သောင်းကျန်း သူအဖွဲ့သမိုင်းကြောင်းနှင့် လောက်ကိုင်ဒေသသို့ ကိုးကန့်သောင်းကျန်း သူများ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်အား မှတ်တမ်းဓာတ်ပုံများနှင့် တကွ အထောက်အထားခိုင်လုံစွာ ချပြရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။

**လောက်ကိုင်ဒေသ လက်ရှိအခြေအနေ**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် နယ်မြေ လောက်ကိုင်မြို့၌ အစိုးရအုပ်ချုပ်ရေးယန္တရားရပ်ဆိုင်းသွားပြီး ဒေသအာဏာပိုင်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်းမှ တာဝန်ရှိသူများလည်း ၎င်းတို့၏ အသက်အန္တရာယ်ကြောင့် လောက်ကိုင်ဒေသမှ စွန့်ခွာသွားခဲ့သော်လည်း အစိုးရဌာနအဆောက်အဦ အားလုံးအား တပ်မတော်မှ ထိန်းသိမ်းကာကွယ်ထားရှိနိုင်ခဲ့ပါသည်။ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် လောက်ကိုင်မြို့အတွင်း အရပ်သားများနှင့်ရောနှောကာ အရပ်သားအသွင် ပုန်းအောင်းနေထိုင်ပြီး တပ်မတော်စစ်ကြောင်းများကို အလစ်အငိုက်ချောင်းမြောင်း တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသဖြင့် လက်ရှိကာလတွင် ရှင်းလင်းဆောင်ရွက်ဆဲ ဖြစ်ပါသည်။ လတ်တလော အခြေအနေအရ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိနေသည့် အရပ်သားပြည်သူများအား လောက်ကိုင်ဒေသသို့ ပြန်လည်ဝင်ရောက်နေထိုင်ရန် အကြောင်း ကြား၍ လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများနှင့် မိသားစုများကိုလည်း တပ်မတော်မှ ဘေးကင်းရာသို့ ပို့ဆောင်၍ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိခဲ့ပါသည်။ ယခုအခါ တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းဆောင်ရွက်မှုများကြောင့် လောက်ကိုင်မြို့အတွင်း တစ်စတစ်စ တည်ငြိမ်အေးချမ်းစပြုလာပြီ ဖြစ်သဖြင့် တစ်ဖက်နိုင်ငံနယ်စပ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည့် တိုက်ပွဲရှောင် ပြည်သူများသည် လောက်ကိုင်မြို့သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ အိမ်ထောင်စု ၁၅၅ စု၊ လူဦးရေ ၅၃၉ ဦးနှင့်





ရွှေ့ပြောင်းလုပ်သား ၂၅၇ ဦး၊ စုစုပေါင်း ၇၉၆ ဦး တို့သည် လောက်ကိုင်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက် အခြေပြုနေထိုင်လျက်ရှိပါသည်။ တပ်မတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းမှု စစ်ဆင်ရေးကို အင်ပြည့်အားပြည့် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လောက်ကိုင်ဒေသသည် မကြာမီကာလအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိတော့မည် ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )
# ဖုန်ကြားရှင်နှင့် တိုက်ပွဲများ

## အပိုင်း ( ၂ )

၂၀၁၅ ခုနှစ်တွင် တစ်စခန်းထလာသည့် ဖုန်ကြားရှင်သည် ကိုးကန့်ဒေသသို့ နည်းမျိုးစုံနှင့် စိမ့်ဝင် ထိုးဖောက်၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် တောက်ရွှေကျေးရွာ ပြည်သူ့စစ်များထံမှ **MNDAA** က လက်နက်သိမ်းခြင်းဖြင့် တိုက်ပွဲများကို အစပြုခဲ့သည်။

တိုက်ပွဲကာလ ငါးလကျော်ရှိခဲ့ပါပြီ။ ၎င်းတိုက်ပွဲများအား လက်လှမ်းမီသမျှ စုစည်းပြီး ဖုန်ကြားရှင်နှင့် တိုက်ပွဲများ အပိုင်း(၂) အဖြစ် ဖော်ပြအပ်ပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သည့် လောက်ကိုင်ဒေသတိုက်ပွဲဖြစ်စဉ်များ**

ကိုးကန့်တိမ်းရှောင်အဖွဲ့၏ စစ်ရေးလှုပ်ရှားမှုသတင်းများ ပေါ်ထွက်နေစဉ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဖုန်ကြားရှင်ဦးစီး ကိုးကန့်တိမ်းရှောင်အဖွဲ့မှ တောက်ရွှေကျေးရွာရှိ ပြည်သူ့စစ်များထံမှ လက်နက်ငယ် ၈ လက်အား သိမ်းယူသွားခဲ့ပါသည်။ တပ်မတော်စစ်ကြောင်းများမှ လိုက်လံရှင်းလင်းရာမှ တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ပစ်ကူပေးခဲ့ရပြီး တပ်မတော်မှ အရာရှိ ၄ ဦး၊ စစ်သည် ၇ ဦး ကျဆုံးကာ အရာရှိ ၂ ဦး၊ စစ်သည် ၁၁ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ တစ်ချိန်တည်းတွင် မော်ထိုက်မြို့ရှိ တပ်မတော်စခန်းအား ကိုးကန့်တိမ်းရှောင်အဖွဲ့မှ ၂ ကြိမ် ဝင်ရောက်တိုက်ခိုက်သဖြင့် တပ်မတော် စစ်သည် ၄ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ကုန်းကြမ်းဒေသတစ်ဝိုက်တွင် တိုက်ပွဲ ၂ ကြိမ် ဖြစ်ပွားခဲ့ပြီး တပ်မတော် မှ စစ်သည် ၅ ဦး ကျဆုံး၊ ၂ ဦးဒဏ်ရာရရှိခဲ့ပါသည်။ မော်ထိုက်ရှိ တပ်မတော်စခန်းအား ကိုးကန့်တိမ်းရှောင် အဖွဲ့မှ ၂ ကြိမ်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်သည် ၄ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ညံခွမ်းနှင့် ၁၈ မိုင်အကြား တွေ့ဆုံ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်သည် ၆ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ တပ်မတော် စစ်ကြောင်းများမှ လောက်ကိုင်သို့ စစ်ကူသွားခဲ့ရာ ၁၈ မိုင်နှင့် တာရွှေထန်အကြား သောင်းကျန်းသူအင်အား ၂၀၀ ဦးခန့်မှ အသင့်စောင့်ကြို တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ၃ ကြိမ် ပစ်ကူပေးခဲ့ရပြီး တိုက်ပွဲတွင် တပ်မတော်မှ





အရာရှိ ၁ ဦး၊ စစ်သည် ၂၉ ဦး ကျဆုံးခဲ့ပြီး အရာရှိ ၈ ဦး၊ စစ်သည် ၃၉ ဦး ဒဏ်ရာရရှိကာ ယာဉ် ၅ စီး ပျက်စီးခဲ့ပါသည်။ ၎င်းနောက် ၁၈ မိုင်အနီးတွင် ထပ်မံတိုက်ပွဲဖြစ်သွားခဲ့ရာ တပ်မတော်မှ အရာရှိ ၁ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ တစ်ချိန်တည်းတွင် ရန်လုံကျိုင်း ရဲစခန်းအား သောင်းကျန်းသူများမှ ဝင်ရောက် တိုက်ခိုက်ခဲ့ရာ ဒုရဲအုပ် ၁ ဦး အပါအဝင် ရဲတပ်ဖွဲ့ဝင် ၇ ဦး ကျဆုံးခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လောက်ကိုင်တပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များအား ရန်သူမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သည် ၁ ဦး ကျဆုံးခဲ့ပါသည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ တိုက်ပွဲ ၁၃ ကြိမ်၊ လက်နက်ကြီးနှင့် လေကြောင်းပစ်ကူ ၅ ကြိမ် ပစ်ကူပေးခဲ့ရပြီး အရာရှိ ၅ ဦး၊ စစ်သည် ၄၂ ဦး၊ စုစုပေါင်း ၄၇ ဦး ကျဆုံး၊ အရာရှိ ၁၁ ဦး၊ စစ်သည် ၆၂ ဦး ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းမှ ညပိုင်း ၇ နာရီအထိ ကိုးကန့်သောင်းကျန်းသူ အင်အား ၈၀ ခန့်သည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) သို့လည်းကောင်း၊ အင်အား ၂၀၀ ခန့်သည် အမှတ် (၄၀ ဆက်သွယ် ရေးတပ်ရင်း၊ တပ်မတော်ဆေးရုံ (၁၄/၁၀၀)၊ အမှတ် (၅၀၆) အမြောက်တပ်တို့အား လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ကိုးကန့်တိမ်းရှောင်အဖွဲ့နှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ ည ၇ နာရီနောက်ပိုင်း ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူများက လောက်ကိုင်မြို့အား မြို့ပြင်မှ လာရောက် နှောင့်ယှက်ပစ်ခတ်ခဲ့ရာ တပ်မတော် စစ်ကြောင်းများက လိုက်လံရှင်းလင်းခဲ့ရာ ဖြစ်စဉ်တွင် သောင်းကျန်းသူများထံမှ လက်နက်ငယ် ၂ လက်၊ ခဲယမ်းမီးကျောက်၊

www.burmeseclassic.com



လမ်းလျှောက်စကားပြောစက် ၈ လုံး၊ လက်ပ်တော့ကွန်ပျူတာ ၄ လုံး၊ မှုးယစ်ဆေးဝါးများနှင့် သောင်းကျန်းသူအလောင်း ၅ လောင်းအား သိမ်းဆည်းရမိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နောက်ပိုင်း တိုက်ပွဲများတွင် ၎င်းတို့အဖွဲ့ အထိနာနေကြောင်း၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ညပိုင်း၌ ၎င်းတို့အဖွဲ့ မော်တော်ယာဉ်များဖြင့် ဝင်ရောက်လာသည့် လမ်းကြောင်းများအား ဒကစ (လောက်ကိုင်)မှ ၁၀၅ မီလီမီတာ အမြောက်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ၃၀ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စုဆောင်းထားသည့် လူသစ် ၄၀ ဦးခန့်မှာ ယူနီဖောင်းနှင့် သေနတ်များအားထား၍ ထွက်ပြေးသွားခဲ့ပါသည်။ အဖွဲ့အတွင်း အင်အားအများစုမှာ စုဆောင်းခံရသော လူသစ်များဖြစ်၍ အတွေ့အကြုံမရှိဘဲ တပ်မတော်၏ လက်နက်ကြီးပစ်ခတ်ပေါက်ကွဲသံများကြောင့် ကြောက်လန့်၍ ထွက်ပြေးသူများပြားနေခဲ့ပါသည်။ အဆိုပါ စစ်ဆင်ရေးအား တရုတ်နိုင်ငံ၊ နမ်ဆန်မြို့အတွင်းရှိ ဟိုတယ် (စီစစ်ဆဲ)တစ်ခု၌ စီစဉ်ကွပ်ကဲနေကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၄ ရက်ညတွင် ဦးပယ်စောက်ချိန်၏ အိမ်အား ဖုန်ကြားရှင်အဖွဲ့မှ ၁၈ ဦးခန့်မှ တိုက်ခိုက်ရန် လာရောက်ချဉ်းကပ်စဉ် ထောင်ထားသော မိုင်းများပေါက်ကွဲမှုကြောင့် ၈ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဖုန်ကြားရှင်အဖွဲ့သည် နယ်စပ်မျဉ်း တစ်လျှောက်ရှိ ကျေးရွာများမှ တစ်ရွာလျှင် လူသစ် ၇ ဦးနှုန်းခန့် စုဆောင်းခဲ့ရာ ကျေးရွာ ၂၀ ခန့်မှ လူသစ် ၁၄၀ ဦးခန့်ရရှိခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၅ ရက်အထိ တိုက်ပွဲဖြစ်စဉ်အတွင်း ဖုန်ကြားရှင်အားထားရသည့် အထူးတိုက်ခိုက်ရေး တပ်ရင်းမှ





ရင်းမှူးအဆင့်ရှိသူ သေဆုံး သွားခဲ့ကြောင်း သိရှိရပါသည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့ည ၂၂း၃၀ အချိန်မှ ၁၇ ရက်နေ့ ၀၄း၁၅ ချိန်အထိ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်)၏ အရှေ့ဘက်မှ လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၇ ရက် နေ့တွင် လောက်ကိုင်ဒေသအတွင်း ကျန်ရှိနေသော စစ်ဘေးဒုက္ခသည်များကို လိုက်လံကယ်ဆယ်နေသည့် ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းမှ ယာဉ်တန်းသည် ချင်းရွှေဟော်မြို့နှင့် လောက်ကိုင်မြို့အကြားတွင် ပစ်ခတ်ခံခဲ့ရပြီး ယာဉ်မောင်းသည် ညာဘက်မျက်လုံးဖောက်ဝင် ဒဏ်ရာ၊ အခြား ကြက်ခြေနီတပ်ဖွဲ့ဝင် ၁ ဦးသည် ဝမ်းဗိုက်ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၁၈ ရက်ညနှင့် ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူ အင်အားစုများနှင့် တပ်မတော် စစ်ကြောင်းတို့ ထိတွေ့တိုက်ပွဲ ၃ ကြိမ်ဖြစ်ပွားခဲ့ရာ သောင်းကျန်းသူအဖွဲ့မှ အလောင်း ၂ လောင်း၊ လက်နက်ငယ် ၇ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး မိမိဘက်မှ ကျဆုံး ၁ ဦး၊ ဒဏ်ရာရ ၇ ဦး ရှိခဲ့ပါသည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၉ ရက်နေ့အထိ သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၁၁၈ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းမျိုးစုံ၊ လမ်းလျှောက်စကားပြောစက် ၈ လုံး၊ လက်ပ်တော့ ကွန်ပျူတာ ၄ လုံး၊ မှုးယစ်ဆေးဝါးများနှင့် သောင်းကျန်းသူအလောင်း ၃၄ လောင်း သိမ်းဆည်းရမိခဲ့ပြီး မိမိဘက်မှကျဆုံး ၅၄ ဦး၊ ဒဏ်ရာရ ၁၀၁ ဦး၊ ပျောက်ဆုံး ၅ ဦးနှင့် လက်နက်ငယ် ၂ လက် ဆုံးရှုံးခဲ့ပါသည်။ ယနေ့အထိလည်း လောက်ကိုင်ဒေသတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ထိခိုက်ကျဆုံးမှု များ ဖြစ်ပေါ်လျက်ရှိပါသည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ပါစင်ကျော် အရှေ့မြောက်ဘက်တစ်ဝိုက်တွင် နယ်မြေ ရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွား ခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ညပိုင်းတွင် တပ်မတော်စစ်ကြောင်းများက လောက်ကိုင်မြို့ ပတ်ဝန်းကျင်အား နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ လောက်ကိုင်မြို့၏ အနောက်တောင်ဘက်နှင့် တောင်ဘက်ရှိ ကြံခင်းများအတွင်းမှ ကိုးကန့်သောင်းကျန်းသူအဖွဲ့ လျှို့ဝှက်သိမ်းဆည်းထားသော လက်နက်ငယ် ၃ လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရရှိခဲ့ပါသည်။ ထို့ပြင် ၎င်းရက် ညနေ ၆ နာရီခန့်တွင် ကုန်းကြမ်း နှင့် လော်ကွာကျိုင်းလမ်းကြောင်းပေါ်တွင် နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းများအား လော်ကွာကျိုင်းအနီးတွင် ကိုးကန့်သောင်းကျန်းသူအင်အားစုများမှ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်လာ၍ တပ်မတော် စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူများ ဆုတ်ခွာသွားခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းမှစ၍ ကုန်းကြမ်း–လောက်ကိုင်လမ်းကြောင်းရှိ ၁၈ မိုင် လမ်းဆုံ အနီးတစ်ဝိုက်တွင် အခြေပြုခံစစ်ယူထားသော ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဝိုင်းပတ်ပိတ်ဆို့ရှင်းလင်းရာ စုစုပေါင်းတိုက်ပွဲ ၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ကိုးကန့်သောင်းကျန်းသူများ ယာယီခံစစ် ယူထားသည့် တောင်ကုန်းတစ်ကုန်းအား သိမ်းပိုက်ရရှိခဲ့၍ ရန်သူ့အလောင်း ၂ လောင်း၊ အမ် (၂၂) ၃





လက်၊ ၎င်းကျည်အိမ် ၃ ခုနှင့် ကျည် ၁၅ တောင့်တို့အား သိမ်းဆည်းရမိခဲ့ပါသည်။ အဆိုပါ ၁၈ မိုင် လမ်းဆုံအနီး တစ်ဝိုက် ကိုးကန့်သောင်းကျန်းသူများအား ဆက်လက်ရှင်းလင်းဆောင်ရွက်ခဲ့ရာ ကိုးကန့်သောင်းကျန်းသူများ က စက်သေနတ်များ၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား၍ တပ်မတော်က တိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြင့် လေကြောင်းပစ်ကူ ၂ ကြိမ် ဆောင်ရွက် ခဲ့ပါသည်။ အဆိုပါနေ့တိုက်ပွဲတွင် တပ်မတော်မှ စစ်သည် ၂ ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည် ၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ကိုးကန့်သောင်းကျန်းသူများအနေဖြင့် လောက်ကိုင်–ကုန်းကြမ်းကားလမ်းပေါ်ရှိ တောင်ကုန်းများအား ယာယီခြေကုပ်ယူ၍ ဆက်သွယ်ရေးလမ်းကြောင်းအား ထိန်းချုပ်ဖြတ်တောက်ထားခဲ့ရာ တပ်မတော် စစ်ကြောင်း များက လေကြောင်းပစ်ကူရယူ၍ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညနေပိုင်းမှ စတင်တိုက်ခိုက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မွန်းလွဲပိုင်းအထိ ထိတွေ့တိုက်ပွဲ ၂ ကြိမ်ဖြစ်ပွားခဲ့ကာ လမ်းကြောင်းအား စိုးမိုးထားရသည့် စစ်ဗျူဟာအရ အရေးကြီးတောင်ကုန်းများအား တပ်မတော်က သိမ်းယူနိုင်ခဲ့ပါသည်။ အဆိုပါ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များသည် လောက်ကိုင်မြို့အနီးတစ်ဝိုက် ၌ တစ်ကြိမ်၊ လော်ကွာကျိုင်းအနီး၌ တစ်ကြိမ်၊ လုံထန်ရွာအနီး၌ တစ်ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ထိတွေ့တိုက်ပွဲ ၅ ကြိမ်ဖြစ်ပွားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုးကန့်သောင်းကျန်းသူအဖွဲ့ထံမှ အလောင်း ၃လောင်း၊ လက်နက်ငယ်မျိုးစုံ ၇ လက်၊ ခဲယမ်းဆက်စပ်ပစ္စည်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြား အမှုန့် ၂. ၅ ကီလိုဂရမ်၊ အိုက်စ် ၂. ၅ ကီလိုဂရမ်ခန့်တို့အား သိမ်းဆည်းရမိခဲ့ကာ တပ်မတော်မှ စစ်သည် ၄ ဦး အသက်ပေးလှူခဲ့၍ အရာရှိ၊ စစ်သည် ၂၁ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညနေပိုင်းတွင် လောက်ကိုင်မှ ကွမ်လုံသို့ထွက်ခွာလာသော သတင်းထောက်များနှင့် တိုက်ပွဲရှောင်ပြည်သူများ တင်ဆောင်လာသည့် ကြက်ခြေနီအလံလွှင့်ထူထားသော ယာဉ်အား ပါစင်ကျော်နှင့် ချင်းရွှေဟော်အကြားတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့များမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများက သွားရောက်တိုက်ခိုက်ရှင်းလင်းခြင်း၊ ဒဏ်ရာရရှိ သူများအား ကယ်ထုတ်ခြင်း၊ သတင်းထောက်တစ်ဦးနှင့် ပြည်သူ ၃ ဦးအား ကွမ်လုံပြည်သူ့ဆေးရုံသို့ ပို့ဆောင် ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် လောက်ကိုင်–ကုန်းကြမ်း ကားလမ်းပေါ်ရှိ ၁၈ မိုင်လမ်းဆုံ အနီးတစ်ဝိုက် တွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ ယာယီခြေကုပ်ယူထားသော စစ်ဗျူဟာအရ အရေးကြီးသည့် တောင်ကုန်း များသို့ တပ်မတော်စစ်ကြောင်းမှ သွားရောက်တိုက်ခိုက်ခဲ့ပါသည်။ အဆိုပါတောင်ကုန်းများမှ ကိုးကန့်သောင်း ကျန်းသူများ ဆုတ်ခွာသွားခဲ့ရာ တပ်မတော်စစ်ကြောင်းမှ အသေးစိတ်ရှင်းလင်းရာတွင် အမ် (၂၁) ၁ လက်၊ အမ် (၂၂) ၇ လက်၊ ဝမ်ချက်စတာ ၁ လက်၊ အမ် (၂၂) ကျည်အိမ် ၁၄ ခု၊ အမ် (၂၂) ကျည် ၅၀၈ တောင့်၊ ပလပ်စတစ်နင်းမိုင်း ၂





လုံး၊ ရှေ့ထွက်မိုင်း ၁ လုံး၊ လက်ပစ်ဗုံး ၂၅ လုံးတို့အား သိမ်းဆည်းရမိခဲ့ပါသည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းများက လောက်ကိုင်မြို့ အရှေ့တောင်ဘက် နှစ်နိုင်ငံနယ်နိမိတ် မိုင်တိုင် ၁၂၇ အနီးတွင် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ ကိုးကန့်သောင်းကျန်းသူများ အဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူ့အလောင်း ၆ လောင်းနှင့် အမ် (၂၂) ၄ လက် သိမ်းဆည်းရရှိခဲ့ပါသည်။ တပ်မတော်မှ စစ်သည် ၃ ဦး အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည် ၇ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ညနေပိုင်းတွင် လောက်ကိုင်မြို့၊ စီအောအကျဉ်းထောင်မှ အကျဉ်းသားများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား လားရှိုးမြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာသည့် ယာဉ်တန်းအား ပါစင်ကျော်ကျေးရွာနှင့် ချင်းရွှေတောင်ကြားရှိ လုံထန်ရွာအနီးတွင် ကိုးကန့်သောင်းကျန်းသူ အဖွဲ့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းမှ ရဟတ်ယာဉ်များဖြင့် လေကြောင်းပစ်ကူတစ်ကြိမ် ဆောင်ရွက်ခဲ့ရပါသည်။ ကိုးကန့်သောင်းကျန်းသူ၏ နှောင့် ယှက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဝန်ထမ်း ၁ ဦး၊ အကျဉ်းသား ၄၄ ဦးနှင့် စစ်သည် ၁ ဦး ထိခိုက်ဒဏ်ရာ ရရှိ ခဲ့ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ကိုးကန့်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများနှင့် ယာဉ်များသိမ်းဆည်းရမိ၊ လောက်ကိုင်မြို့မှ အကျဉ်းသားများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တင်ဆောင်လာသည့်ယာဉ်တန်းကို နှောင့်ယှက်တိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

လောက်ကိုင်-ကုန်ကြမ်း ကားလမ်းပေါ်ရှိ ၁၈ မိုင်လမ်းဆုံ အနီးတစ်ဝိုက်တွင် ကိုးကန့်သောင်းကျန်းသူ အဖွဲ့များ ယာယီခြေကုပ် ယူထားသည့် စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းများကို ဖေဖော်ဝါရီ ၂၂ ရက်တွင် တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

ယနေ့တွင် တပ်မတော်စစ်ကြောင်းများက ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ဆုတ်ခွာသွားသည့် အဆိုပါ တောင်ကုန်းများ ပတ်ဝန်းကျင်အား အသေးစိတ် နယ်မြေရှင်းလင်းခဲ့ရာ အမ် ၂၁ တစ်လက်၊ အမ် ၂၂ ခုနစ်လက်၊ ဝမ်ချက်စတာ တစ်လက်၊ အမ် ၂၂ ကျည်အိမ် ၁၄ ခု၊ အမ် ၂၂ ကျည် ၅၀၈ တောင့်၊ ပလက်စတစ်နင်းမိုင်း နှစ်လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ လက်ပစ်ဗုံး ၂၅ လုံး၊ လက်မောင်းတံဆိပ်မပါရှိသည့် ယူနီဖောင်းသုံးစုံ၊ မွိုင်ရိုအမျိုးအစား ဖိုးဝိုးယာဉ်တစ်စီး၊ တိုက်ဂါးအမျိုးအစား ဖိုးဝိုးယာဉ် တစ်စီးနှင့် ဆိုင်ကယ် ခုနစ်စီးတို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းများ





က လောက်ကိုင်မြို့ အရှေ့တောင်ဘက် နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ် (၁၂၅)အနီးတွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကိုးကန့်သောင်းကျန်းသူ အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ခဲ့ပြီး ကိုးကန့်သောင်းကျန်းသူအဖွဲ့ထံမှ ယူနီဖောင်းဝတ် အလောင်းခြောက် လောင်းနှင့် အမ် ၂၂ လေးလက်တို့ကို သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ စစ်သည်သုံးဦး အသက်ပေးလှူခဲ့၍ အရာရှိ စစ်သည် ခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရအရာရှိ၊ စစ်သည်များအား တပ်မတော်ဆေးရုံများသို့ ဆက်လက်ပို့ဆောင်လျက်ရှိသည်။

ယနေ့ ညနေပိုင်းတွင် လောက်ကိုင်မြို့ စီအောအကျဉ်း ထောင်မှ အကျဉ်းသားများ၊ တိုက်ပွဲရှောင် ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများကို လားရှိုးမြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာသည့်ယာဉ် တန်းအား ပါစင်ကျော်ကျေးရွာနှင့် ချင်းရွှေဟော်ကြားရှိ လုံထန်ရွာ အနီး၌ ကိုးကန့်သောင်းကျန်းသူအဖွဲ့များက လက်နက်ကြီး၊ လက်နက် ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော် စစ်ကြောင်းများမှ ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး တပ်မတော်မှ တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် လေကြောင်းပစ်ကူတစ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဆုတ်ခွာသွားသော ကိုးကန့်သောင်း ကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံ ရှင်းလင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကိုးကန့်သောင်းကျန်းသူအဖွဲ့များ၏ နှောင့်ယှက် ပစ်ခတ်မှုကြောင့် ယာဉ်တန်းတွင်လိုက်ပါလာသော အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းတစ်ဦး၊ အကျဉ်းသူ ၄၄ ဦးနှင့် စစ်သည်တစ်ဦး ထိခိုက် ဒဏ်ရာများ ရရှိခဲ့ပြီး ဒဏ်ရာရရှိသူများအား ကွမ်းလုံမြို့ရှိ ပြည်သူ့

www.burmeseclassic.com



ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သတင်း ရရှိသည်။

❖ ❖ ❖

## ၂၃ မိုင်ရှိ သောင်းကျန်းသူအခြေပြုတောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ရှင်းလင်းသိမ်းပိုက်ပြီး လောက်ကိုင်–ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းဖွင့်လှစ်

နေပြည်တော် မတ် ၁

တပ်မတော်စစ်ကြောင်းများက ယနေ့ညနေပိုင်းတွင် ၂၃ မိုင်အနီးရှိ စစ်ဗျူဟာအရ အရေးကြီးတောင် ကုန်းများနှင့် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၂၉) အနီးရှိ ပွိုင့်–၁၃၁၉ တောင်ကုန်းတို့အား လက်နက်ကြီးပစ်ကူ များရယူ၍ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ချေမှုန်းကာ သိမ်းပိုက်ရရှိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများက (၂၃) မိုင်အနီးရှိ ကျောက်တောင်များတွင် အခြေပြု၍ အဆင့်ဆင့် အခိုင်အမာခံစစ် ယူထားကာ လောက်ကိုင်–ကုန်းကြမ်းဆက်သွယ်ရေးလမ်းကြောင်း အား ဖြတ်တောက်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစတင်၍ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီး ပစ်ကူများ ရယူ၍ ဟန်ချက်အညီ အဆင့်ဆင့်ခြေကုပ်ယူပြီး အရှိန် အဟုန်ပြင်းစွာဖြင့် တိုက်ခိုက်ရှင်းလင်းခဲ့သဖြင့် တိုက်ပွဲများ ပြင်းထန်





စွာဖြစ်ပွားခဲ့ကာ ညနေပိုင်းတွင် သောင်းကျန်းသူ အခိုင်အမာအခြေပြု တောင်ကုန်းခြောက်ကုန်းအား အဆင့်ဆင့် သိမ်းပိုက်နိုင်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာသွားသော ကိုးကန့် သောင်းကျန်းသူ များနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိပြီး ယခုအခါ တပ်မတော်စစ်ကြောင်းများအနေဖြင့် လောက်ကိုင်–ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ပြီး လုံခြုံစိတ်ချစွာဖြင့် သွားလာနိုင် ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ လောက်ကိုင်အရှေ့ဘက် နယ်နိမိတ်မှတ်တိုင် အမှတ် (၁၂၉) အနီးရှိ စစ်ဗျူဟာအရ အရေးကြီးသော ပွိုင့်– ၁၃၁၉ တောင်ကုန်းတွင် ပစ်ကျင်းများဖြင့် အခိုင်အမာ အခြေပြုခံစစ် ယူထားသည့် ကိုးကန့် သောင်းကျန်းသူအင်အားစုများအား တပ်မတော်စစ်ကြောင်းများက ယနေ့ နံနက်ပိုင်းမှစတင်၍ လက်နက် ကြီး ပစ်ကူများရယူကာ ဟန်ချက်ညီ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ချေမှုန်း ခဲ့ရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

တပ်မတော်စစ်ကြောင်းများက တောင်ကုန်းအား ညနေပိုင်း တွင် သိမ်းပိုက်ရရှိခဲ့ပြီး သောင်းကျန်းသူများ ဆုတ်ခွာသွားရာ နောက်သို့ ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိသည်။ အဆိုပါတိုက်ပွဲ တွင် တပ်မတော်စစ် ကြောင်းအချို့သည် ရန်သူမမျှော်လင့်သော ပြင့်မားမတ်စောက်သည့် တောင်နံရံများမှ ရဲဝံ့စွန့်စားစွာ ချဉ်းကပ် တက်ရောက်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများမှာ ၄င်းတို့ မမျှော်လင့်သော အခြေအနေနှင့် ရင်ဆိုင်ခဲ့ရပြီး ဆုတ်ခွာထွက်ပြေး သွားခဲ့ကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်း လောက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒေသတွင် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ နံနက် ၁၀ နာရီခန့်တွင် သတင်းအရ နားပန်ကျေးရွာရှိ အဆောက်အအုံတစ်လုံးအတွင်း ဝင်ရောက်ရှင်းလင်းစဉ် အမ်-၂၂ ကျည်အတောင့် ၆၀၊ ဘယ်ရီကပ်ဦးထုပ် နှစ်လုံး၊ ဓါတ်ပုံအယ်လ်ဘမ်တစ်ခုနှင့် မော်တော်ယာဉ်နှစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် နံနက် ၁၁ နာရီခွဲခန့်တွင် တပ်မတော်စစ်ကြောင်းများအား နယ်မြေရှင်းလင်းစဉ် လောက်ကိုင်မြို့ ၏အနောက်ဘက်တစ်ဝိုက်၌ ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်း ကျန်းသူများထံမှ အလောင်းတစ်လောင်း၊ အမ်-၂၃ စက်လတ် တစ်လက်၊ တိုက်မိုင်း နှစ်လုံး၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ယမ်းကြိုးများ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ကျူတိုရှန်၌ ကိုးကန့်သောင်းကျန်းသူများ ခိုအောင်း လှုပ်ရှားလျက်ရှိကြောင်း သတင်းအရ နယ်မြေရှင်းလင်းဆောင်ရွက်စဉ် အရပ်ဝတ်ဖြင့် မသင်္ကာဖွယ်ရာ လေးဦးအား ရပ်တန့်စစ်ဆေးရာ ရပ်တန့်ခြင်းမရှိဘဲ ထွက်ပြေးရန်ကြိုးစားသဖြင့် ပစ်ခတ်ရှင်းလင်းရာ တစ်ဦးသေဆုံးခဲ့ပြီး သုံးဦး အရှင်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ သုံးဦးအား စစ်ကြောမေးမြန်းချက်အရ ယင်းပတ်ဝန်းကျင်အား ဆက်လက် ရှင်းလင်းရာ အနီးတစ်ဝိုက်ရှိ အဆောက်အအုံအတွင်းမှ လျှပ်စစ်ဒီတိုနေတာ ၁၀၀၀ ပါ သေတ္တာ နှစ်လုံး၊ ကျည်ကာအင်္ကျီအနက်ရောင် ရှစ်ထည်၊ ကျည်ကာပြား အနက်ရောင်အပြား ၃၀၊ **MNDAA** လက်မောင်း





တံဆိပ်ပါ ယူနီဖောင်း အထည် ၅၀၊ **MNDAA** အမှတ်တံဆိပ်ပါ လျှာထိုးဦးထုပ်နှစ်လုံး၊ ချပ်ဝတ်တန်ဆာနှင့် ဆက်စပ်ပစ္စည်းများ ပါဝင်သောအထုတ်ကြီး ငါးထုပ်၊ ပြောက်ကျားအိပ်ရာလိပ်များ ပါဝင်သည့် အထုပ်ကြီး ငါးထုပ်တို့အား သိမ်းဆည်းရမိခဲ့ပြီး ယင်းပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ည ၈ နာရီခန့်တွင် တပ်မတော်စစ်ကြောင်းများက စင်ကျိုင်းရွာတစ်ဝိုက် လှည့်ကင်းဆောင် ရွက်စဉ် မသင်္ကာဖွယ်ရာ ၁၅ ဦးခန့်အား တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ၎င်းတို့အတွင်းမှ လက်နက်ငယ် ကိုင်ဆောင်ထားသူနှစ်ဦးက စတင်ပစ်ခတ်တိုက်ခိုက်လာသဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဖြစ်စဉ်နေရာအား ရှင်းလင်းရာ အလောင်းတစ်လောင်း၊ ဒဏ်ရာရရှိသူ နှစ်ဦးအပါအဝင် ၁၂ ဦးနှင့် **MNDAA** ဘက်တံဆိပ်ပါ ယူနီဖောင်း ၃စုံ၊ ဘက်တံဆိပ်မပါ ယူနီဖောင်း ၁၂စုံ၊ လျှာထိုးဦးထုပ် ၄လုံး၊ ပိကက်ဦးထုပ် တစ်လုံး၊ ကျည်ကာ ဦးထုပ် သုံးလုံး၊ အိုင်ကွန်အမျိုးအစား ဆက်သွယ်ရေးအထိုင်စက် တစ်လုံး၊ မော်တာရိုလာ အမျိုးအစား ဆက် သွယ်ရေးစက် တစ်လုံး၊ ချပ်ဝတ်တန်ဆာတစ်စုံနှင့် ဘိန်းဖြူနှစ်ထုပ် (လေးဂရမ်)ခန့်အား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်းသုံးလောင်း၊ ကျည်မျိုးစုံ ၃၃၁ တောင့်၊ ရှော့ဂန်းပိုက်ကျည် နှစ်တောင့်၊ တိုက်မိုင်း နှစ်လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၀၀၀၊ ယာဉ်နှစ်စီး၊ ဘိန်းဖြူ နှစ်ထုပ်နှင့် ယူနီဖောင်း ၆၅ စုံအပါအဝင် စစ်ဝတ်ပစ္စည်းများသိမ်းဆည်းရမိခဲ့ပြီး ၁၅ ဦး အရှင်ဖမ်းဆီးရမိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း။ တပ်မတော်မှ အရာရှိ စစ်သည် လေးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ စစ်သည်ခုနှစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

❖ ❖ ❖

## ၂၃ မိုင်ရှိ ကိုးကန့်သောင်းကျန်းသူများ၏ အခြေပြုတောင်ကုန်းများကို တပ်မတော်ဘက်မှ သိမ်းပိုက်နိုင်ခဲ့ပြီး လောက်ကိုင်–ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်း ပြန်ဖွင့်နိုင်ခဲ့

မတ် ၁ ရက်၌ တပ်မတော်စစ်ကြောင်းအနေဖြင့် ၂၃ မိုင်အနီးရှိ စစ်ဗျူဟာအရ အရေးကြီး တောင်ကုန်း များနှင့် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၂၉) အနီးရှိ ပွိုင့်–၁၃၁၉ တောင်ကုန်းတို့အား လက်နက်ပစ်ကူများဖြင့် တိုက်ခိုက်ကာ သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

ကိုးကန့်သောင်းကျန်းသူများအနေဖြင့် ၂၃ မိုင်အနီးရှိ ကျောက်တောင်များတွင်အခြေပြု၍ ခံစစ်ယူထားကာ လောက်ကိုင် ကုန်းကြမ်းဆက်သွယ်လမ်းကြောင်းအား ဖြတ်တောက်ထိန်းချုပ်နိုင်ရန် စီစဉ်လျက်ရှိရာ မတ် ၁ ရက် နံနက်ပိုင်းမှစတင်ကာ တပ်မတော်စစ်ကြောင်းများက လက်နက်ပစ်ကူများဖြင့် တိုက်ခိုက်ရှင်းလင်းခဲ့ပြီး တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ကာ ညနေပိုင်းတွင် တောင်ကုန်း ခြောက်ကုန်းအား အဆင့်ဆင့်သိမ်းပိုက်နိုင်ခဲ့သည်။ တပ်မတော်





စစ်ကြောင်းအနေဖြင့် ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများအား လိုက်လံရှင်းလင်းလျက်ရှိပြီး လောက်ကိုင်–ကုန်းကြမ်း ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် လောက်ကိုင်ဒေသအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် နံနက် ၁၀ နာရီခန့်တွင် နားပန်ကျေးရွာရှိ အဆောက်အအုံတစ်လုံးအား ဝင်ရောက်ရှင်းလင်းစဉ် အမ်–၂၂ ကျည် ၆၀ တောင့်၊ ဘယ်ရီကယ်ဦးထုပ် နှစ်လုံး။ မော်တော်ယာဉ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင်ပင် လောက်ကိုင်မြို့ အနောက်တောင်ဘက်တစ်ဝိုက်၌ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မသင်္ကာဖွယ်ရာ ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းတွင် စင်ကျိုင်းရွာတစ်ဝိုက် လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ် ရာ ၁၅ ဦးအား စစ်ဆေးမေးမြန်းမှုများပြုလုပ်ရာမှ လက်ငယ်ကိုင်ဆောင်ထားသူနှစ်ဦးက စတင်ပစ်ခတ်ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ပြီး တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရကာ ၁၂ ဦးအား ဘိန်းဖြူ၊ ဆက်သွယ်ရေးစက်များ၊ ကျည်ကာ ဦးထုပ်များ၊ စသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။

ယင်းတိုက်ပွဲဖြစ်စဉ်များကြောင့် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်းသုံးလောင်း၊ ကျည်မျိုးစုံ ၃၃၃ တောင့်၊ ရော့ကက်ပို့ကျည် နှစ်တောင့်၊တိုက်မိုင်း နှစ်လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၀၀၀ ခု၊ ယာဉ်နှစ်စီး၊ ဘိန်းဖြူနှစ်ထုပ်နှင့် ယူနီဖောင်း ၆၅ စုံတို့ကို သိမ်းဆည်းရမိခဲ့ပြီး ၁၅ ဦး အရှင်ဖမ်းဆီးရမိခဲ့ကာ တပ်မတော်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



အရာရှိ/စစ်သည် လေးဦးကျဆုံးကာ စစ်သည်ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

အောင်ကျော်ထက်၊ မြည့်ဖြိုးအောင်

❖ ❖ ❖

## နယ်နိမိတ်မှတ်တိုင်အမှတ် (၁၁၈)အနီးရှိ ပွိုင့်–၁၇၈၉ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်

**နေပြည်တော် မတ် ၂**

လောက်ကိုင်ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၁၈)အနီးရှိ ပွိုင့်–၁၇၈၉ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

တာရွှေထန်မှ မီတာ ၃၀၀၀ ခန့်နှင့် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းမှ မီတာ ၆၀၀၀ ခန့်အကွာအဝေးတွင်ရှိသော ကြွယ်ပါးရွာအနီး တောင်ကုန်းများတွင် အခြေပြု၍ အခိုင်အမာခံစစ်ယူထားသော ကိုးကန့်သောင်းကျန်းသူ အင်အားစုများအား တပ်မတော်စစ်ကြောင်းများက ယနေ့နံနက်ပိုင်းမှ စတင်၍ ခြေလျင်အကူပစ်လက်နက်ကြီးများကို ဟန်ချက်ညီ စနစ်တကျ အသုံးပြုကာ တရစပ်ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

တပ်မတော်၏ ဟန်ချက်ညီသော ပြင်းထန်သည့်





ထိုးစစ်အဟုန်ကြောင့် သောင်းကျန်းသူများအနေဖြင့် ကြာရှည်စွာ ခုခံတိုက်ခိုက်နိုင်ခြင်းမရှိဘဲ ဆုတ်ခွာလျက်ရှိရာ ကြွယ်ပါးရွာအနီး တစ်ဝိုက် တောင်ကုန်းများအား အဆင့်ဆင့်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ညနေပိုင်းတွင် နယ်နိမိတ်မှတ်တိုင် အမှတ် (၁၁၈)နှင့် မီတာ ၁၅၀၀ ခန့်အကွာရှိ ယင်းဒေသတစ်ဝိုက်အား စိုးမိုးထားသည့် စစ်ဗျူဟာအရ အရေးကြီးသော ပွိုင့်–၁၇၈၉ တောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့သည်။

ကိုးကန့်သောင်းကျန်သူများအနေဖြင့် နယ်နိမိတ်မှတ်တိုင် အမှတ် (၁၁၈) ဘက်သို့ ဆုတ်ခွာ ထွက်ပြေးလျက်ရှိပြီး တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

ယနေ့တိုက်ပွဲဖြစ်ပွားသော ပွိုင့်–၁၇၈၉ တောင်ကုန်းတစ်ဝိုက်သည် တော်တောင်ထူထပ်၍ ခံစစ်ဆင်သူအတွက် အခြေအနေဖန်တီးနိုင်ခွင့်ရှိပြီး မြေအနေအထားအရ အရေးသာသော်လည်း တပ်မတော်၏စနစ်တကျ စုဖွဲ့ကာ ခြေလျင်အကူလက်နက်ကြီးများဖြင့် ဟန်ချက်ညီ ထိုးစစ်ဆင်မှုကြောင့်သာ ခက်ခဲမှုကြားမှ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

**အထက်ပါဖြစ်စဉ်တွင် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်း၄ါးလောင်း၊ လက်နက်ငယ်မျိုးစုံ ခုနစ်လက်၊ သိမ်းဆည်းရရှိခဲ့ပြီး တပ်မတော်မှ စစ်သည် သုံးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့၍ အရာရှိ/စစ်သည် ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ/ စစ်သည်များအား ဆေးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံများသို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။**

(မြဝတီ)



www.burmeseclassic.com

www.burmeseclassic.com



## လောက်ကိုင်ဒေသတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား ကိုးကန့်သောင်းကျန်းသူအဖွဲ့များက နှောင့်ယှက်ပစ်ခတ်

နေပြည်တော် မတ် ၃

လောက်ကိုင်ဒေသတွင် တပ်မတော်စစ်ကြောင်းများက ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေ ရှင်းလင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၄ နာရီခွဲခန့်တွင် လောက်ကိုင်မြို့တောင်ဘက်ရှိ ယန္တရားဝင်းအတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့က လက်နက် ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တပ်မတော်စစ်ကြောင်းက ပြန်လည်ခုခံတိုက်ခိုက်ရှင်းလင်းခဲ့သဖြင့် သောင်းကျန်းသူများသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ထို့အပြင် နံနက် ၅ နာရီခန့်တွင် မော်ထိုက်မြို့ အနောက်ဘက်ရှိ ချင်မိုလင်ရွာအနီး၌လည်းကောင်း၊ နံနက် ၆ နာရီခန့်တွင် ရန်လုံကျိုင်းရွာအနီး၌လည်းကောင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော် စစ်ကြောင်းများအား ကိုးကန့်သောင်းကျန်းသူအဖွဲ့များက လက်နက်ငယ်များဖြင့် အလစ်အငိုက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများ၏ စနစ်တကျပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများ ဆုတ်ခွာသွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။





အထက်ပါ ကိုးကန့်သောင်းကျန်းသူအဖွဲ့များ၏ နှောင့်ယှက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ကိုးကန့်သောင်း ကျန်းသူအဖွဲ့ထံမှ အလောင်းနှစ်လောင်း၊ ခြောက်လုံးပြူးတစ်လက်နှင့် လက်ပစ်ဗုံး တစ်လုံး သိမ်းဆည်းရမိပြီး တပ်မတော်မှ စစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

❖ ❖ ❖

## နယ်မြေရှင်းလင်းဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းနှင့် ကိုးကန့်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွား

နေပြည်တော် မတ် ၅

တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက် ညနေ ၅ နာရီ မိနစ် ၂၀ခန့်တွင် ကြွယ်ပါးရွာအရှေ့ဘက်တစ်ဝိုက်၌ တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်း၏ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများသည် အရှေ့ဘက်သို့ ဆုတ်ခွာ သွားခဲ့သည်။

ထို့အတူ ကြွယ်ပါးရွာအရှေ့တောင်ဘက်တွင် လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား ည ၇ နာရီ မိနစ်



www.burmeseclassic.com

www.burmeseclassic.com



၄၀ခန့်တွင် ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့က လက်နက်ကြီး လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး တပ်မတော် စစ်ကြောင်း၏ စနစ်တကျ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများသည် အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ ဒုံးပစ်လောင်ချာ နှစ်လက်၊ ကျည်အိမ်ခြောက်ခု၊ စက်လက်ကျည် ဘောက်ဝိုင်း သုံးခု၊ လက်ပစ်ဗုံး ငါးလုံး၊ စနိုက်ပါကျည် ၂၇၈ တောင့်၊ အမ်–၂၂ ကျည် ၄၂၅ တောင့်၊ ကျည်ဆန်ထည့်ပုံး တစ်ပုံး၊ ကျည်ကာအကျီလေးထည်၊ **MNDAA** လက်မောင်းတံဆိပ်ပါ ယူနီဖောင်း ၁၅ ထည်၊ ကျောပိုးအိတ်အခွံ ၁၄ လုံး၊ **TNT** ယမ်းအုံရှစ်လုံးနှင့် စနက်တံတစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်ဘက်မှ စစ်သည်တစ်ဦး နိုင်ငံတော်အတွက် အသက်ပေး လှူခဲ့၍ စစ်သည်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့အပြင် မတ် ၃ရက် ညနေ ၃နာရီတွင် လောက်ကိုင် မြို့နယ် တုံချိန်ကျေးရွာနေခြံပိုင်ရှင် ဦးထိန်ဆန်း၏ နေအိမ်အား သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့များ ပူးပေါင်းပြီး ဝင်ရောက်စစ်ဆေး ရှာဖွေခဲ့ရာ ပို့်င့် ၃၈ မီလီမီတာ ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ် တစ်ခု၊ ကျည် ၁၆ တောင့်၊ ပြောက်ကျား ယူနီဖောင်း နှစ်စုံ၊ အစိမ်းရောင်ယူနီဖောင်း လေးစုံ၊ မြန်မာငွေ ကျပ် ၅၁၅၀၀၀ နှင့် တရုတ် ယွမ်ငွေ ၅၄၀ တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)





## ပို့်င့်–၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်း

**နေပြည်တော် မတ် ၈**

ကိုးကန့်သောင်းကျန်းများသည် လောက်ကိုင်–ချင်းရွှေဟော် ကားလမ်းအား ဒေသခံပြည်သူများ လုံခြုံ စိတ်ချစွာသွားလာနိုင်ခြင်း မရှိစေရန်အတွက် မကြာခဏ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက အဆိုပါ ကားလမ်း အရှေ့ဘက်ခြမ်း လုံထန်ကျေးရွာအနီးရှိ ကိုးကန့်သောင်း ကျန်းသူအဖွဲ့ ခြေကုပ်ယူထားသော ပို့်င့် ၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို မတ် ၇ ရက် မွန်းလွဲပိုင်းမှစတင်၍ လေကြောင်းပစ်ကူ များ အမြောက်ပစ်ကူများရယူ၍ တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများက ပစ်ကူများရယူ၍ ရဲဝံ့ စွန့်စားစွာ အဆင့်ဆင့် ခြေကုပ်ယူချီတက် ရှင်းလင်းတိုက်ခိုက်မှု ကြောင့် မတ် ၇ ရက် ညနေပိုင်းတွင် စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းအချို့ကို သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင် လေကြောင်းပစ်ကူ ခုနစ်ကြိမ်နှင့် အမြောက်ပစ်ကူများရယူ၍ ကိုးကန့် သောင်းကျန်းသူများနှင့် တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွား လျက်ရှိသည်။

ထို့အတူ မတ် ၇ ရက် ညနေပိုင်းတွင် တပ်မတော် စစ်ကြောင်းများက လောက်ကိုင်ဒေသရှိ နယ်နိမိတ် မှတ်တိုင် အမှတ် (၁၁၈) အနီး ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ယာယီခြေကုပ်ယူထား



www.burmeseclassic.com

www.burmeseclassic.com



သည့် စစ်ဗျူဟာအရ အရေးကြီးသော ပွိုင့်–၂၀၁၄ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

အထက်ပါ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သော တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ရှင်းလင်းရာ ကိုးကန့်သောင်းကျန်းသူ ယူနီဖောင်ဝတ် အလောင်းတစ်လောင်း၊ အမ်(၂၂)တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ရှစ်တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ အရာရှိတစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည် ၁၀ ဦး ဒဏ်ရာရရှိသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်ကြောင်းများက သတင်းဖော်ထုတ်၍ ကိုးကန့်သောင်း ကျန်းသူအဖွဲ့များနှင့် ဆက်စပ်မှုရှိသည့် မသင်္ကာဖွယ်နေရာများအားဆက်လက်ရှင်းလင်းရာ အမ်(၂၂)ပြောင်းရှည် တစ်လက်၊ တစ်လုံးထိုးသေနတ်တစ်လက်၊ အမ် (၂၂)ပြောင်းတို တစ်လက်၊ တစ်လုံးထိုး သေနတ်တစ်လက်၊ အမ်(၂၂)ကျည် အိမ်နှစ်ခု၊ ကျည်မျိုးစုံ ၅၀၉ တောင့်၊ ကျည်ကာ ဦးထုပ် သုံးလုံး၊ တပ်မတော်သုံး အရာရှိကြီးဆောင်း ဦးထုပ် တစ်လုံး၊ တပ်မတော်အရာရှိသုံး တောဆောင်းဦးထုပ်တစ်လုံး၊ တပ်မတော်သုံး ကြယ်ယာဉ်နံပါတ် ပြားနှစ်ခုတို့အား သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် လောက်ကိုင်ဒေသအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများအား ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်စေရေးအတွက် အဆိုပါလမ်းကြောင်းများကို နှောင့်ယှက်တိုက်ခိုက်နေသော ကိုးကန့်သောင်းကျန်းသူများအား ဆက်လက်တိုက်ခိုက်ချေမှုန်းလျက် ရှိကြောင်းသတင်းရရှိသည်။

(မြဝတီ)





## ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခြေကုပ်ယူထားသည့်နေရာများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်း

**နေပြည်တော် မတ် ၁၀**

ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခြေကုပ်ယူထားသည့် လုံထန်ကျေးရွာအနီး ပွိုင့်–၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင် တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက် ချေမှုန်းလျက်ရှိရာ မတ် ၉ ရက်တွင် တိုက်ခိုက်ရေးရဟတ်ယာဉ်၊ လေယာဉ်များဖြင့် လေကြောင်းပစ်ကူ ၄ ကြိမ်ရယူ၍ တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ကာ သောင်းကျန်းသူတို့၏ အခြေပြု တောင်ကုန်းအချို့အား သိမ်းပိုက်နိုင်ခဲ့သည်။

ထို့အပြင် မြန်မာ–တရုတ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ် (၁၁၉) ၏ တောင်ဘက် စီကော်လျံကျေးရွာအနီး ပွိုင့်–၂၂၀၂ တောင်ကုန်းအပါအဝင် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ တောင်ကုန်းများတွင် ခြေကုပ်ယူထားသည့် ကိုးကန့်သောင်းကျန်းသူ အင်အားစုများအား ယနေ့နံနက်ပိုင်းမှစတင်၍ တပ်မတော် စစ်ကြောင်းများက လက်နက်ကြီးပစ်ကူ ရယူပိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများ ပြင်းထန် စွာဖြစ်ပွားခဲ့ပြီး ၄င်းပတ်ဝန်းကျင်တစ်ဝိုက်အား စိုးမိုးထားသည့် သောင်းကျန်းသူအခြေပြုတောင်ကုန်းအချို့အား သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက ၄င်းပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။

အထက်ပါ တိုက်ပွဲဖြစ်စဉ်များတွင် တပ်မတော်မှ စစ်သည် နှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

❖ ❖ ❖

## တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရာမှ ကိုးကန့်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွား

**နေပြည်တော် မတ် ၁၁**

တပ်မတော်စစ်ကြောင်းများက မတ် ၁၀ ရက်၊ နံနက် ၈ နာရီခွဲခန့်တွင် ပါရင်ကျော်အရှေ့ဘက်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်စဉ် ကိုးကန့်သောင်းကျန်းသူအင်အားစုများက အသင့်နေရာယူစောင့်ဆိုင်း၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

ထိုသို့ တိုက်ပွဲဖြစ်ပွားနေစဉ် ကိုးကန့်သောင်းကျန်းသူအင်အားစုများ ထပ်မံရောက်ရှိလာပြီး တပ်မတော် စစ်ကြောင်းများအား အမြင့်ပိုင်းရှိ ကျောက်ဆောင်များပေါ်မှ ပစ်အားသုံးတိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်း များက လက်နက်ကြီးပစ်ကူများရယူ၍





ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ထို့အပြင် မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ ရပ်ကွက် (၂) ရှိ နေအိမ်တစ်လုံးအား သတင်းအရ ဝင်ရောက်ရှင်းလင်းရာ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

အလားတူ လောက်ကိုင်မြို့အနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား ယနေ့ နံနက် ၃ နာရီခွဲခန့်တွင် ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ မိမိဘက်မှပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ သောင်းကျန်းသူသုံးဦး ဖမ်းဆီးရမိခဲ့ကာ လက်နက်ငယ် တစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ (ကာလတန်ဖိုးကျပ် ၃၃၀၀၀၀၀) နှင့် ICE အမှုန့် ၁၁ ဂရမ် (ကာလတန်ဖိုးကျပ် ၂၂၀၀၀၀)တို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ စစ်သည်လေးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## လောက်ကိုင်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၁၄

လောက်ကိုင်ဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လောက်ကိုင်မြို့အနောက်တောင်ဘက် တစ်ဝိုက်၌ ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်း လျက်ရှိသည်။

အထက်ပါတိုက်ပွဲတွင် ကိုးကန့်သောင်းကျန်းသူများထံမှ **MNDAA** ယူနီဖောင်းဝတ်အလောင်းနှစ်လောင်း၊ ပစ္စတိုနှစ်လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်။

ထို့အပြင် ကိုးကန့်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်သည့်နေရာများအား တပ်မတော်စစ် ကြောင်းများနှင့် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ ရွှေစင်မြို့သစ်ရှိ အဆောက်အအုံအတွင်းမှ **MNDAA** ဘက်တံဆိပ်ပါ စစ်စိမ်းရောင်ယူနီဖောင်း တစ်စုံ၊ စစ်စိမ်းရောင် အနွေးထည် အရှည်တစ်ထည်၊ စစ်စိမ်းရောင် ယူနီဖောင်း (ဘက်မပါ) လေးစုံ၊ ကြယ်သုံးပွင့်အဆင့်တံဆိပ်ပါ ယူနီဖောင်းအင်္ကျီ တစ်ထည်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။(မြဝတီ)





## လောက်ကိုင်ဒေသတွင် ထိခိုက်ဒဏ်ရာရရှိသူများအတွက် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၁၄

လောက်ကိုင်ဒေသတွင်ဖြစ်ပွားလျက်ရှိသော စစ်ပွဲများတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သော ပြည်သူများ၊ တပ်မတော်သားများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ရည်ရွယ်ပြီး နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိ မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဒေါ်ခင်မိုးမိုး ဦးဆောင်၍ သူနာပြုတပ်ဖွဲ့ဝင်များနှင့် သွေးလှူရှင် ၅၀ တို့က ယနေ့နံနက် ၉ နာရီခွဲတွင် ဇေယျာသီရိ မြို့နယ်အတွင်းရှိ တပ်မတော်စစ်ဆေးရုံ ခုတင် (၁၀၀၀)နေပြည်တော်သို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သန့်မောင် (မြန်/ဆက်)

❖ ❖ ❖

## ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခံစစ်ယူပြင်ဆင်ထားသည့် ပို့်င့်–၁၄၆၈ တောင်ကုန်းအား တိုက်ခိုက်ချေမှုန်း

နေပြည်တော် မတ် ၁၆

လောက်ကိုင်မြို့ အရှေ့ဘက်ရှိ ပို့်င့်–၁၂၁၉ တောင်ကုန်းတွင် လုံခြုံရေးဆောင်ရွက်နေသော တပ်မတော် စစ်ကြောင်းအား မတ်



www.burmeseclassic.com

www.burmeseclassic.com



၁၅ ရက် ညနေပိုင်းက ကိုးကန့်သောင်းကျန်းသူအင်အားအချို့က လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထို့အတူ ပါစင်ကျော်ရွာမှ ဘီပီ-၁၃၇ သို့သွားသော ကားလမ်းကြောင်းတစ်လျှောက် တပ်မတော် စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခန့်က ကားလမ်းမြောက်ဘက်ခြမ်းရှိ ပို့င့်-၁၄၆၈ တောင်ကုန်းအနီး၌ ကိုးကန့်သောင်းကျန်သူအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အဆိုပါ တောင်ကုန်းတွင် ခံစစ်ယူပြင်ဆင်ထားသော ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်များတွင် တပ်မတော်မှ အရာရှိနှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည် ငါးဦး ဒဏ်ရာရရှိခဲ့၍ ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ ❖ ❖





## တပ်မတော်စစ်ကြောင်းများက ပို့င့်-၁၄၇၉ တောင်ကုန်းအား သိမ်းပိုက်ရရှိ

**နေပြည်တော် မတ် ၁၉**

ကိုးကန့်သောင်းကျန်းသူများအနေဖြင့် နယ်စပ်ဒေသ၏ ကန့်သတ်ချက်များကို အခွင့်ကောင်းယူ၍ ထူထပ်ရှုပ်ထွေးသော တောတောင်သဘာဝအနေအထားကို ကြိုတင်ပြင်ဆင်အသုံးချကာ ချဉ်းကပ်နိုင်သော လမ်းကြောင်းများတစ်လျှောက် သတ်ကွင်းများ ကြိုတင်စီမံထားခြင်း၊ အခြေပြုရာတောင်ကုန်းများတွင် ဘန်ကာများ အခိုင်အခံ့တည်ဆောက်ထားခြင်း၊ ပုန်းခိုရှောင်တိမ်းနိုင်ရန် မြေခွေးကျင်းများတူးထားခြင်း၊ ၎င်းတို့လွယ်ကူ စွာ လှုပ်ရှားသွားလာနိုင်ရန် လမ်းကြောင်းများဖောက်လုပ်ထားခြင်းတို့ကို ဆောင်ရွက်၍ ခုခံတိုက်ခိုက်လျက်ရှိရာ တပ်မတော်သားများအနေဖြင့် ခက်ခဲကြမ်းတမ်းစွာ တိုက်ပွဲဝင်လျက်ရှိသည်။ သောင်းကျန်းသူများသည် ဒေသ၏ အချက်အချာကျပြီး အရေးကြီးသော တောင်ကုန်းများတွင် အမိက အခြေပြု၍ လောက်ကိုင်ဒေသတစ်ခုလုံးအား လွှမ်းမိုးထိန်းချုပ်နိုင်ရေး အတွက် ၎င်းတောင်ကုန်းများအား လက်လွှတ်ဆုံးရှုံးမှုမရှိစေရေး အပြင်းအထန် ကြိုးစားလျက်ရှိရာတွင် တပ်မတော်အနေဖြင့် ထိရောက်သောလေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ လောက်ကိုင်ဒေသ၏ အချက်အချာနေရာအများစုအား သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သည်။

ယနေ့ နံနက်ပိုင်းမှစတင်၍ တပ်မတော်စစ်ကြောင်းများက ပို့ုင့်း-၁၄၆၈ တောင်ကုန်းအနီးရှိ ပို့င့်-၁၄၇၉ တောင်ကုန်းအား



www.burmeseclassic.com

www.burmeseclassic.com



ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီး မွန်းလွဲပိုင်းတွင် ၄င်းတောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့သည်။ ထိုတိုက်ပွဲတွင် သောင်းကျန်းသူများက တောင်ကုန်းပေါ်တွင် အခိုင်အမာခြေကုပ် ယူ၍ တောင်စောင်းများတစ်လျှောက် သတ်ကွင်းအဖြစ် ရှင်းလင်းကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တရစပ်ခုခံ တိုက်ခိုက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းက ထိရောက်သော ပစ်ကူ၊ ပစ်အားနှင့်အတူ ရဲဝံ့စွန့်စားစွာ တက်ရောက်၍ သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ၄င်းတောင်ကုန်း၏ အရှေ့ဘက်ရှိ ပွိုင့် ၁၅၆၄ တောင်ကုန်းအား ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

ထို့အပြင် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၃၂) သွား ကားလမ်းကို စိုးမိုးထားသည့် ရှင်ခုတ်ထန်ကျေးရွာ မြောက်ဘက် တောင်ကုန်းတွင် အခြေပြုခံစစ်ယူထားသည့် သောင်းကျန်းသူ အင်အားစုများအား တပ်မတော် စစ်ကြောင်းများက ရင်ဆိုင်ထိန်းချုပ်တိုက်ခိုက်လျက်ရှိသည်။

ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်သိမ်းပိုက်ခဲ့သော ပွိုင့် ၁၄၆၈ တောင်ကုန်းအား ယနေ့နံနက်ပိုင်းတွင် ကိုးကန့်သောင်းကျန်းသူအင်အားစုများက ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် လက်နက်ကြီး၊ လက်နက်ငယ်များ၊ စက်သေနတ်ကြီးများဖြင့် ဝိုင်းပတ်ပစ်ခတ်တိုက်ခိုက်လာခဲ့ရာ တပ်မတော်စစ်ကြောင်းများက ပစ်ကူ၊ ပစ်အားသုံး၍ သောင်းကျန်းသူများကို ပြန်လည်ထိန်းချုပ်တိုက်ခိုက်လျက်ရှိသည်။

ထို့အပြင် ယနေ့မွန်းလွဲပိုင်းတွင် ကုန်ကြမ်းမြို့မြောက်ဘက်





လော်ကွာကျိုင်းကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ မာလုရွှေကျေးရွာအနီးတစ်ဝိုက်ရှိ တောင်ကုန်းများတွင် အခြေပြုနေသော ကိုးကန့်သောင်းကျန်သူအင်အားစုများအား လေကြောင်းမှ ချေမှုန်းတိုက်ခိုက်ခဲ့သည်။

အဆိုပါ တိုက်ပွဲဖြစ်စဉ်များတွင် တပ်မတော်မှ စစ်သည်တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ စစ်သည် ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

(မြဝတီ)

❖ ❖ ❖

## တပ်မတော်စစ်ကြောင်းများက ပွိုင့်–၁၉၆၅ တောင်ကုန်းအား သိမ်းပိုက်ရရှိ

နေပြည်တော် မတ် ၂၀

တပ်မတော်စစ်ကြောင်းများက လော်ကွာကျိုင်းမြောက်ဘက်ရှိ သောင်းကျန်းသူများအခိုင်အမာခြေကုပ်ယူ ခုခံလျက်ရှိသော ပွိုင့် ၁၉၆၅ တောင်ကုန်းအား ယနေ့နံနက်ပိုင်းမှစတင်၍ ထိုးဖောက်တိုက်စစ်ဆင်နွှဲခဲ့ရာ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး မွန်းလွဲပိုင်းတွင် ၄င်းတောင်ကုန်းပေါ်တွင် လူ ၂၀၀ ခန့် ကောင်းစွာ တပ်ဖြန့်နိုင်သော ဗုံးခိုကျင်းများ၊ ခေါင်ကတုတ်ပါ ပစ်ကျင်းများ၊ မြေခွေးကျင်းများနှင့် လှုနေတဲကြီး ၁၀ လုံးခန့်တို့အား တည်ဆောက်အခြေပြုထားကြောင်း သိရှိရသည်။ အလားတူ ပွိုင့် ၁၉၆၅ ၏



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်ရှိ ပွိုင့် ၁၉၅၁ နှင့် ပွိုင့် ၁၉၆၉ အပါအဝင် အနီးပတ်ဝန်းကျင်ရှိတောင်ကုန်းများအား လေကြောင်းမှ တိုက်ခိုက်ချေမှုန်းခဲ့သည်။

ထို့ပြင် မတ် ၁၉ ရက်က နှစ်နိုင်ငံနယ်စပ်နှင့် မီတာ ၁၅၀၀ ခန့်အကွာရှိ သောင်းကျန်းသူတို့အတွက် အရေးကြီးသော စစ်နည်းဗျူဟာအရ အရေးကြီးသော တောင်ကုန်းများဖြစ်သည့် ပွိုင့် ၁၅၆၄ နှင့် ရှင်ခုတ် ထန်မြောက်ဘက် တောင်ကြောတို့အား ထိုးစစ်ဆင်တိုက်ခိုက်၍ သောင်းကျန်းသူ အင်အားစုများအား ရင်ဆိုင် ထိန်းချုပ်တိုက်ခိုက်လျက်ရှိသည်။

အဆိုပါ တိုက်ပွဲဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ တရုတ်စက်လတ် တစ်လတ်၊ ကျည်မျိုးစုံ အတောင့် ရ၁၀၊ လက်ပစ်ဗုံး ခြောက်လုံး၊ TNLA ယူနီဖောင်း တစ်စုံ၊ ကိုးကန့်သောင်းကျန်းသူ ယူနီဖောင်း ၁၀ စုံ၊ မြန်မာ/ရခိုင်ဘာသာ မှတ်စုစာအုပ် တစ်အုပ်နှင့် လူ ၂၀၀ ခန့် အသုံးပြုနိုင်သော အုပ်ချုပ်မှုအထောက်အကူပြု ပစ္စည်းမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ စစ်သည်သုံးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိစစ်သည် ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

(မြဝတီ)

❖ ❖ ❖





## နိုင်ငံတော် လုံခြုံရေးချမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အသက်နှင့် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြသည့် စစ်သည်များနှင့် ရဲမေများအား ဂုဏ်ပြုသောအားဖြင့် ကူညီထောက်ပံ့နိုင်ရေး ရန်ပုံငွေပဒေသာကပွဲများသို့ ကြည့်ရှုအားပေးနိုင်

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့နယ်မြေများတွင် နိုင်ငံတော် လုံခြုံအေးချမ်းရေး အတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အသက်နှင့်ကိုယ်လက်အင်္ဂါများစွန့်လွှတ်ခဲ့ကြသည့် စစ်သည်များနှင့် ရဲမေများအား ဂုဏ်ပြုသောအားဖြင့် ကူညီထောက်ပံ့နိုင်ရေး ရန်ပုံငွေဖျော်ဖြေပွဲအဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ကြီးကြပ်မှုဖြင့် မတ် ၆ ရက်တွင် အနုပညာဦးစီးဌာနက အငြိမ့်၊ နန်းဝင်းဇာတ်အဖွဲ့က ပြဇာတ်နှင့် စွမ်းဇာနည်ဇာတ်အဖွဲ့က နှစ်ပါးသွားတို့ဖြင့်လည်းကောင်း၊ မတ် ၇ ရက်တွင် အလင်္ကာဝတ်ရည် အနုပညာအဖွဲ့က အဆို၊ အက၊ အတီးများဖြင့်လည်းကောင်း နေ့စဉ်ညနေ ၆ နာရီခွဲတွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ တင်ဆက်ကပြဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ ပဒေသာကပွဲလက်မှတ်များအား ရန်ကုန်မြို့ ပဒုမ္မာကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ ကမ္ဘာအေးစေတီလမ်းရှိ ချင်းချောင်းရိပ်သာနှင့် ဗဟန်းမြို့နယ် ရေခဲဆိုင်မှတ်တိုင်အနီးရှိ ပန်းဆိုး ပန်းပုပြခန်းများတွင် မတ် ၁ ရက်မှစတင်၍ ရုံးချိန်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး နှုန်းထားများမှာ ကျပ် ၁၅၀၀၀၊ ကျပ် ၁၀၀၀၀၊ ကျပ် ၅၀၀၀



www.burmeseclassic.com

www.burmeseclassic.com



တို့ဖြစ်သည်။

အများပြည်သူတို့အနေဖြင့် တက်ရောက်အားပေးနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

❖ ❖ ❖

## တပ်မတော်စစ်ကြောင်းများက ပွိုင့်−၁၅၆၄ တောင်ကုန်းအား သိမ်းပိုက်ရရှိ

**နေပြည်တော် မတ် ၂၀**

နှစ်နိုင်ငံနယ်စပ်နှင့် မီတာ ၁၅၀၀ ခန့်အကွာတွင်ရှိသော ကိုးကန့်သောင်းကျန်းသူများအတွက် စစ်နည်း ဗျူဟာလိုအပ်ချက် တောင်ကုန်းများဖြစ်သည့် ပွိုင့် ၁၅၆၄ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက တိုက်စစ်ဆင်ချေမှုန်းတိုက်ခိုက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပွိုင့် ၁၅၆၄ တောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့သည်။ ထို့အတူ ရှင်ခုတ်ထန်မြောက်ဘက်တောင်ကြောရှိ ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

အလားတူ ယနေ့တွင် တပ်မတော်စစ်ကြောင်းများက ရှင်ပင်ကိုင်းကျေးရွာအနီးရှိ ပွိုင့် ၁၉၆၈ တောင်ကုန်းနှင့် ပွိုင့် ၁၉၅၁ တောင်ကုန်းများအား ရှင်းလင်းသိမ်းပိုက်ခဲ့သည်။

မြရတနာစာပေ



ကိုးကန့်သောင်းကျန်းသူများသည် မြေအနေအထား အသာစီးရမှုကို အခွင့်ကောင်းယူ၍ တောင်ကုန်းများပေါ်တွင် အခိုင်အမာခံကတုတ်များဆောက်လုပ်ကာ ဆက်သွယ်ရေးမြောင်းများ၊ ဗုံးခိုကျင်းများနှင့် ပစ်ကျင်းများတူးထားပြီး လောင်ချာ၊ လက်ပစ်ဗုံး၊ စက်သေနတ်ကြီးနှင့် တိုက်မိုင်းများဖြင့် တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း တိုက်စစ်ဆင်နေသည့် တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူပစ်အားများရယူ၍ ဟန်ချက်ညီစွာ ရှပ်ရှပ်ခွံခွံ ထိုးဖောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် အခိုင်အမာခံစစ်ယူထားသော တောင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့ခြင်းကြောင်းသိရှိရသည်။

အဆိုပါတိုက်ပွဲများတွင် ကိုးကန့်သောင်းကျန်းသူ အလောင်း သုံးလောင်း၊ လက်နက်ငယ် ငါးလက်၊ ကျည်အိမ်တစ်ခု၊ ကျည်မျိုးစုံ ၃၃၅ တောင့်၊ တိုက်မိုင်း ၁၁ လုံး၊ အီနာဂါဗုံးသီး နှစ်လုံး၊ လောင်ချာဗုံးသီး တစ်လုံး၊ လက်ပစ်ဗုံး သုံးလုံး၊ လုပ်သေနတ်ပြုလုပ်မည့် ဆက်စပ်ပစ္စည်းများ၊ **MNDAA** လက်မောင်းတံဆိပ်ပါ ယူနီဖောင်းရှစ်စုံ၊ စစ်စိမ်းရောင် ဘောင်းဘီနှစ်ထည်နှင့် အသုံးအဆောင် ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ အရာရှိ၊ စစ်သည် ၁၁ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ ❖ ❖

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ကိုးကန့်သောင်းကျန်သူများ ခြေကုပ်ယူထားသော တောင်ကုန်းများအား တပ်တော်စစ်ကြောင်းများက ပွိုင့် ၁၈၄၅ တောင်ကုန်းအပါအဝင် စခန်းအချို့ သိမ်းပိုက်ရယူနိုင်

**နေပြည်တော် မေ ၁၃**

လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာများ ပျက်ပြယ်စေရန် ရည်ရွယ်၍ ကိုးကန့်သောင်းကျန်းသူများအနေဖြင့် အင်အားအလုံးအရင်းဖြင့် ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်မတော် စစ်ကြောင်းများက အသက်ကိုပမာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ၄င်းတို့၏ရည်ရွယ်ချက်များပျက်ပြားခဲ့ကာ ဆုတ်ခွာထွက်ပြေးပြီး နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး ပါစင်ကျော်ကျေးရွာ အရှေ့ဘက်ရှိ မြင့်မားမတ်စောက်သော တောင်ကုန်းများအား အခိုင်အမာ ခြေကုပ်ယူလျက်ရှိသည်။

ထိုသို့ ကိုးကန့်သောင်းကျန်းသူများက မြေအနေအထားအရ အသာစီးရယူပြီး ခြေကုပ်ယူထားသော တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများ၊ သံချပ်ကာတိုက်ယာဉ်ပစ်ကူများ ရယူပြီး ဟန်ချက်ညီညီဖြင့် ရဲဝံ့ခွန့်စားစွာ ရန်သူအား ထိန်းချုပ်တိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်ဗျူဟာအရ အရေးကြီးသော ပွိုင့် ၁၈၄၅ တောင်ကုန်းအပါအဝင် စခန်းအချို့ သိမ်းပိုက်ရယူနိုင်ခဲ့သည်။

အလားတူ မေ ၁၃ ရက် သကြိန်အကြိုနေ့တွင်





သောင်းကျန်းသူများအခြေပြုစခန်းရှိရာ တာကထန် ကျေးရွာအား စိုးမိုးထားရှိသော တောင်ကုန်းအား တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများ၊ သံချပ်ကာတိုက်ယာဉ်ပစ်ကူများရယူပြီး မြင့်မားမတ်စောက်သော ကျောက်တောင်စောင်းမှတစ်ဆင့် ရဲရဲဝံ့ဝံ့ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် နံနက် ၈ နာရီခွဲတွင် အောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့သည်။ ထို့အပြင် ကိုးကန့် သောင်းကျန်းသူများ အနေဖြင့် ဆုတ်ခွာထွက်ပြေးပြီး ၄င်းတို့ထိန်းချုပ်ထားသော တာကထန်ကျေးရွာနှင့် အနီး ပတ်ဝန်းကျင်ရှိ တောင်ကုန်းများတွင် ယာယီအခြေပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ခုခံတိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများက ထက်ကြပ်မကွာလိုက်လံ၍ အဆင့်ဆင့်ထိန်းချုပ်တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် တာကထန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်အား ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရှင်းလင်းသိမ်းပိုက်ရရှိခဲ့သည်။

သိမ်းပိုက်ရရှိသော တာကထန်ကျေးရွာအနီးရှိ တောင်ကုန်းများနှင့် တာကထန်ကျေးရွာအတွင်း ကိုးကန့်သောင်းကျန်းသူများထံမှ အာရ်ပီဂျီ ၆ လက်၊ စက်လက် ၁ လက်၊ စနိုက်ပါ ၁ လက်၊ အမ် ၂၂ သေနတ် ၁ လက်၊ အေကေ- ၄၇ သေနတ် ၁လက်၊ ကျည်မျိုးစုံ ၅၂၅၀၊ အာရ်ပီဂျီဗုံးသီး ၁၂လုံးနှင့် ပို့ကျည် ၉ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၈လုံး၊ ကျည်အိမ်မျိုးစုံ ၄ ခု၊ စက်လက်ကျည်ခါးပတ်တွဲ ၂ ခု၊ ရှပ်ကွဲမိုင်း ၁ လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် တပ်မတော်မှ စစ်သည် ၅ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည် ၁၈ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊



www.burmeseclassic.com

www.burmeseclassic.com



စစ်သည်များအား တပ်မတော် ဆေးရုံများသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိသည်။

ယခင်သိမ်းပိုက်နိုင်ခဲ့သော ပွိုင့်–၁၈၄၅ တောင်ကုန်းနှင့် ယနေ့ သိမ်းပိုက်ရရှိသော တာကထန်ကျေးရွာ အနီးရှိ တောင်ကုန်းတို့အား သိမ်းပိုက်ရရှိပြီး တာကထန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်အား နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ပါစင်ကျော်အရှေ့ဘက်ခြမ်းရှိ ဆက်သွယ်ရေးလမ်းကြောင်းများအား ထိန်းချုပ်ထားသော တောင်ကုန်းများ၊ ကိုးကန့်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်သောနေရာများအား ထိန်းချုပ်ထားနိုင်ပြီး ရန်သူများဆုတ်ခွာရာလမ်းကြောင်းများသို့ ထက်ကြပ်မကွာ လိုက်လံချေမှုန်း တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်းနှင့် လိုအပ်သော အထောက်အကူများ ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ ❖ ❖

## ကိုးကန့်သောင်းကျန်းသူများ စခန်းစစ်ဆင်ထားသည့်တောင်ကုန်းအား တပ်မတော်က ရဲရင့်စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်းသိမ်းပိုက်

နေပြည်တော် ဖေ ၁၅

ကိုးကန့်သောင်းကျန်သူ အင်အား ၂၅၀ ခန့် အခိုင်အမာခံ စစ်ဆင်ထားသည့် ပါစင်ကျော်အရှေ့မြောက်ဘက်ခြမ်းရှိ ပေ ၅၁၀၀





ကျော်မြင့်မားသော ပွိုင့်–၁၅၈၄ တောင်ကုန်းအား ယနေ့မွန်းလွဲ ၁ နာရီတွင် တပ်မတော်စစ်ကြောင်းများက ရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်း သိမ်းပိုက်ရရှိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာ ခံစစ်ဆင်ထားသည့် ပွိုင့် ၁၅၈၄ တောင်ကုန်းအား ဖေ ၅ ရက်မှစတင်၍ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများ၊ သံချပ်ကာတိုက်ယာဉ်ပစ်ကူများ ရယူ၍ အသက်ကို ပမာနမထားဘဲ စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် အဆင့်ဆင့် ချေမှုန်းတိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ချေမှုန်းရာတွင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် အခိုင်အမာ ဘန်ကာများပြုလုပ်ပြီး လက်နက်ကြီးများ၊ လက်နက်ငယ်များ၊ စနိုက်ပါများ၊ စက်လတ်များနှင့် လက်ပစ်ဗုံးများအသုံးပြုကာ ပုံသေပစ်ကြောင်းယူ၍ အဆင့်ဆင့်ခုခံတိုက်ခိုက်ခဲ့သည်။ ကိုးကန့်သောင်းကျန်းသူများ၏ ခုခံတိုက်ခိုက်မှုကို တပ်မတော်သားများအနေဖြင့် ရဲဝံ့စွန့်စားစွာဖြင့် ရန်သူအား လုံးစွပ်ထိုးတိုက်ခိုက်ချေမှုန်းမှု (၄၆) ကြိမ် တိုက်ခိုက်ချေမှုန်းခဲ့ရသည်။ ရန်သူ အနေဖြင့်လည်း တပ်မတော်စစ်ကြောင်းများအား တန်ပြန်တိုက်စစ်ဖြင့် ခုခံတိုက်ခိုက်မှု (၃၂)ကြိမ်ခန့် ပြုလုပ်ခဲ့ သော်လည်း တပ်မတော်သားများက ကြံ့ကြံ့ခံရင်ဆိုင်၍ တွန်းလှန်ချေမှုန်းတိုက်ခိုက်ခဲ့သည်။

ထို့အပြင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် အလျား မီတာ ၁၂၀၀၊ အနံ မီတာ ၈၀၀ ခန့်ရှိ ကျောက်စိုင်ကျောက်တုံးများ ပေါများသော ပွိုင့် ၁၅၈၄ တောင်ကုန်းအား မြေအနေအထားအရ အသာစီးရယူပြီး အခိုင်အမာဘန်ကာများ ဆောက်လုပ်ထားခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက တိုက်ရိုက်ပစ် လက်နက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ ရန်သူ၏ ဘန်ကာ ၁၄ လုံးအား ဖျက်စီးချေမှုန်းနိုင်ခဲ့သည်။

ပွိုင့် ၁၅၈၄ တောင်ကုန်းအား ကိုးကန့်သောင်းကျန်းသူများက တောင်ကြားလမ်းတစ်လျှောက် အင်အား အစုအပြုံလိုက် ပိတ်ဆို့ခြင်း၊ သဘောဝအတားအဆီးများ၊ လူလုပ်အတားအဆီးများနှင့် မိုင်းထောင်ခြားများ ဆောင်ရွက်ထားသော်လည်း တပ်မတော်သားများအနေဖြင့် မိမိနိုင်ငံတော်၊ တိုင်းရင်းသား ပြည်သူများနှင့် တပ်မတော်အတွက် အချုပ်အခြာအာဏာတည်တံ့ရေး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် အသက် အိုးအိမ်စည်းစိမ်များ လုံခြုံစေရေးအတွက် အများပြည်သူများ အေးချမ်းပျော်ရွှင်လျက်ရှိသော မဟာသင်္ကြန်ကာလအတွင်း အသက်ကိုမငဲ့ကွက်မထားဘဲ ကိုယ်ကျိုးစွန့်လွှတ်၍ ရဲဝံ့စွန့်စားပြီး ရန်သူအား တိုက်ခိုက်ချေမှုန်း ခဲ့ခြင်းကြောင့် ရယူသိမ်းပိုက်နိုင်ခြင်းဖြစ်ကြောင်းနှင့် ယင်းတောင်ကုန်းအား သိမ်းပိုက်ရရှိခြင်းကြောင့် စန်တအိုက်ရှန် ကုန်းမြင့်ဒေသအား မြေအနေအထားအရစိုးမိုးမှု ရရှိခြင်း ဆုတ်ခွာသွားသော ရန်သူများအား အမြစ်ပြတ်တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် တပ်မတော်စစ်ကြောင်းများက ပွိုင့် ၁၅၈၄ တောင်ကုန်းအား သိမ်းပိုက်ရယူပြီး ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများအား လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ ပွိုင့် ၁၅၈၆ တောင်ကုန်းအား ထပ်မံသိမ်းပိုက်ရရှိသည်။

အလားတူ ကိုးကန့်သောင်းကျန်းသူများအနေဖြင့် စန်တအိုက်ရှန်ကုန်းမြင့်ဒေသများရှိ တောင်ကြား လမ်းများအား အင်အားအများအပြား ပိတ်ဆို့ထားခြင်း၊ သဘာဝအတားအဆီးများ၊





မိုင်းများထောင်ထား၍ ပိတ်ဆို့ခြင်းများ ဆောင်ရွက်ထားခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက ရန်သူမမျှော်လင့်သော မြင့်မားမတ်စောက်သည့် တောင်ကြောများမှ တစ်ဆင့် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ပေ ၆၀၀၀ ကျော်မြင့်မားသော ပွိုင့် ၁၈၄၅ တောင်ကုန်းအား ဧပြီ ၉ ရက်က သိမ်းပိုက်ရရှိခဲ့ပြီး ရန်သူ ဆုတ်ခွာရာနောက်သို့ ထပ်ကြပ်မကွာလိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ တာကထန်ကျေးရွာအား ဧပြီ ၁၃ ရက်က သိမ်းပိုက်ရရှိခဲ့သည်။ တာကထန်ကျေးရွာအနေဖြင့် ပတ်ဝန်းကျင်ဒေသများအား ရေပေးဝေမှုအချက်အခြာကျသော နေရာဖြစ်ခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက ဦးစားပေးတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပွိုင့် ၁၈၄၅ တောင်ကုန်းနှင့် တာကထန်ကျေးရွာတို့မှ ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ ရန်သူမှ လက်နက်ကြီး၊ လက်နက်ငယ်များ ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ပြီး ထိုသို့ခုခံတိုက်ခိုက်မှုများကို တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများ ရယူ၍ ဟန်ချက်ညီညီ ထိန်းချုပ်တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် စင်းရွှေထန်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသအား သိမ်းပိုက်ရရှိခဲ့သည်။ ယင်းနောက် ရန်သူများ ဆုတ်ခွာရာသို့ လိုက်လံရှင်းလင်းဆောင်ရွက်ရာ ညနေ ၆ နာရီခွဲတွင် အာစီကောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိတောင်ကုန်းများအား ထပ်မံသိမ်းပိုက်ရရှိသည်။

ထို့အတူ လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြား



www.burmeseclassic.com

www.burmeseclassic.com



စေရန် ရည်ရွယ်၍ ကိုးကန့်သောင်းကျန်းသူများက ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်တွင် စီစဉ်ညွှန်ကြားလျက်ရှိသော ရန်သူ့ကွပ်ကဲမှုအဖွဲ့ အခြေပြုလျက်ရှိသည့် လုံထန်ကျေးရွာအရှေ့ဘက်၌ မြင့်မားမတ်စောက်သော တောင်ကုန်းနှင့် ဟိုင်းကျိုက်ကျေးရွာတို့အား တပ်မတော်စစ်ကြောင်းများက ဧပြီ ၅ ရက်မှ စတင်၍ ရန်သူများ မမျှော်လင့်သည့်ကျောက်တောင် ထူထပ် မြင့်မားမတ်စောက်သော တောင်နံရံများမှတစ်ဆင့် ရဲရဲဝံ့ဝံ့ တိုက်ခိုက်ချေမှုန်းခဲ့သည်။

ယင်းသို့ တိုက်ခိုက်ချေမှုန်းရာတွင် ကိုးကန့်သောင်းကျန်းသူများက မြေအနေအထား အသာစီးရယူ၍ လက်နက်ကြီး၊ စနိုက်ပါများ၊ လက်ပစ်ဗုံးများဖြင့် ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများရယူ၍ တောင်ကြောတစ်လျှောက် အဆင့်ဆင့်ခြေကုပ်ယူကာ ရန်သူအား ဟန်ချက်ညီညီ ထိန်းချုပ်တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ယနေ့မွန်းလွဲ ၃ နာရီတွင် သိမ်းပိုက်ရရှိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ ဖျက်ဆီးချေမှုန်းခဲ့သော ဘန်ကာ ၁၄ လုံး အပါအဝင် စုစုပေါင်း ဘန်ကာ ၄၄ လုံး၊ အလောင်း နှစ်လောင်း အာရ်ပီဂျီရှစ်လက်၊ စက်လတ် နှစ်လက်၊ စနိုက်ပါ တစ်လက်၊ အမ်(၂၂) ၁၁ လက်၊ ကေ(၁၂) တစ်လက်၊ အေကေ (၄၇) နှစ်လက်၊ ဝမ်ချက်စတာ တစ်လက်၊ အာရ်ပီဂျီဗုံးသီး ၄၄ လုံး၊ ပို့ကျည် ၅၁ တောင့်၊ ကျည်မျိုးစုံ ၉၃၈၆ တောင့်၊ ကျည်အိမ်မျိုးစုံ ၃၉ ခု၊ လက်ပစ်ဗုံး အလုံး ၁၇၀၊ တိုက်မိုင်း ၁၅ လုံး၊ ရှေ့ထွက်မိုင်း လေးလုံး၊ ရှပ်ကွဲမိုင်း တစ်လုံး၊





ဒီတိုနီတာ ၂၃ ခု၊ စက်လက် ကျည်ခါးပတ်တွဲ ငါးခု၊ ၄၀ မမ ဗုံးသီး ငါးလုံး၊ ကျင်းတူးကိရိယာ အခု ၂၀၊ မိုင်းရှာစက် တစ်လုံး၊ ရီမုတ်သုံးခု၊ ကျောပိုးအိတ် နှစ်လုံး၊ မိုးကာတဲ နှစ်လုံး၊ အီကွေ့မန့်သုံးစုံ၊ မီးစက် တစ်လုံး၊ အသံချဲ့စက် တစ်လုံး၊ လော်စပီကာ တစ်ခု၊ ခတ်ငွေ့ကာမျက်နှာဖုံး နှစ်ခုတို့အား သိမ်းဆည်းရမိပြီး တပ်မတော်မှ အရာရှိ၊ စစ်သည် ၁၆ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိစစ်သည် ၁၁၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများအနေဖြင့် ပါစင်ကျော်အရှေ့မြောက်နှင့် အရှေ့ဘက်ဒေသတွင် အဓိက မြေနေရာများ ထိန်းချုပ်နိုင်ခြင်းမရှိတော့ဘဲ ဆုတ်ခွာထွက်ပြေးလျက်ရှိရာ တပ်မတော်စစ်ကြောင်းများက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအထိ အဆင့်ဆင့် ထိန်းချုပ်တိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ ❖ ❖

**ကိုးကန့်သောင်းကျန်းသူများ အခြေပြုစခန်းစစ်ဆင်နေသော ရှင်ခုတ်ထန်ဒေသနှင့် စန်တအိုက်ရှန်ကုန်းမြင့်ဒေသအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ထိန်းချုပ်ခဲ့**

**နေပြည်တော် ဧပြီ ၁၇**

ကိုးကန့်သောင်းကျန်းသူများသည် ပါစင်ကျော်ကျေးရွာ အရှေ့မြောက်ဘက်ရှိ ရှင်ခုတ်ထန်ဒေသနှင့် အရှေ့ဘက်ခြမ်းရှိ



www.burmeseclassic.com

www.burmeseclassic.com



စန်တာအိုက်ရှန် ကုန်းမြင့်ဒေသတွင် ခံစစ်ယူ၍ တပ်မတော်စစ်ကြောင်းများ၏ ထိုးစစ်ကို ခုခံတိုက်ခိုက်လျက်ရှိသော်လည်း တပ်မတော်သားများ၏ အသက်ကို မငဲ့ကွက်ထားဘဲ စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်ဖြင့် ရှပ်ရှပ်ခွံ့ခွံ့တိုက်ခိုက်မှုကြောင့် အဆိုပါ ကုန်းမြင့်ဒေသရှိ စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းများကို သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့တွင်လည်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးရှိ ပွိုင့် ၁၅၅၃ တောင်ကုန်း၊ ပွိုင့် ၁၅၄၁ တောင်ကုန်း၊ ပန်ပိုင်တောင်၊ ဘိုင်ကြင်ရွှေကျေးရွာ၊ ပွိုင့် ၁၈၅၉ တောင်ကုန်းနှင့် ပွိုင့် ၁၇၅၃ တောင်ကုန်းများကို ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။

**တိုက်စိုက်ချေမှုန်း**

တပ်မတော်စစ်ကြောင်းများက ပြေ ၁၀ ရက်မှစ၍ ကိုးကန့်သောင်းကျန်းသူ ၅၀ ခန့် အခြေပြု ခံစစ်ဆင်လျက်ရှိသော ပွိုင့် ၁၅၅၃ တောင်ကုန်းကို လက်နက်ကြီးပစ်ကူနှင့် သံချပ်ကာတိုက်ယာဉ်ပစ်ကူများရယူ၍ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် နီးကပ်စွာတည်ရှိပြီး ကိုးကန့်သောင်းကျန်းသူများက တောင်ကုန်းပေါ်တွင် သစ်လုံး ဘန်ကာများ၊ ပစ်ကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများ ဖောက်လုပ်ထားရှိကာ ထိုစစ်ဆင်တိုက်ခိုက်လာသော တပ်မတော်စစ်ကြောင်းအား လက်နက်ကြီးများ၊ လက်နက်ငယ်များနှင့် လက်ပစ်ဗုံးများဖြင့် ပြန်လည်ခုခံတိုက် ခိုက်ခဲ့သည်။ သို့သော် တပ်မတော်သားများက ပစ်ကူပစ်အားဟန်ချက်ညီစွာဖြင့် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးအတွက် အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ခွံ့ခွံ့တိုက်ခိုက်ချေမှုန်းမှုကြောင့် သောင်းကျန်းသူများ





ဆက်လက်ခုခံနိုင်ခြင်းမရှိဘဲ ကစဉ့်ကလျား ဆုတ်ခွာသွားခဲ့ပြီး ပြေ ၁၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အဆိုပါတောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့သည်။

**အောင်မြေရဲ့**

၄င်းအပြင် ယနေ့မွန်းလွဲပိုင်းတွင် ကိုးကန့်သောင်းကျန်းသူများ ဝင်၊ ထွက် အခြေပြုလျက်ရှိသော အာစီကောင်းကျေးရွာအရှေ့ဘက်ရှိ ပွိုင့် ၁၅၄၁ တောင်ကုန်းကိုလည်းကောင်း၊ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် (၁၃၈)အနီးရှိ ပန်ပိုင်တောင်ကိုလည်းကောင်း၊ တာကထန်ကျေးရွာတောင်ဘက်ရှိ ဘိုင်ကြင်ရွှေကျေးရွာ ကိုလည်းကောင်း ဆက်လက်အောင်မြေချ၍ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

**သိမ်းပိုက်နိုင်ခဲ့**

ထို့အတူ တပ်မတော်စစ်ကြောင်းများက ကိုးကန့်သောင်းကျန်းသူများ မျှော်လင့်မထားသည့် မြင့်မားမတ်စောက်သောတောင်ကြောမှ ခက်ခဲစွာချီတက်ပြီး လုံထန်ကျေးရွာအရှေ့ဘက်ရှိ ပွိုင့် ၁၈၅၉ တောင်ကုန်းအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ် တွင်လည်းကောင်း၊ ပွိုင့် ၁၇၅၃ တောင်ကုန်းအား ညနေ ၄ နာရီတွင်လည်းကောင်း ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ ကေ(၁၂) တစ်လက်၊ အာရ်ပီဂျီတစ်လက်၊ အမ်(၂၂) တစ်လက်၊ အေကေ(၄၇) တစ်လက်၊ ကျည်အိမ်မျိုးစုံ ခုနစ်ခု၊ ကျည်မျိုးစုံ ၃၀၆၁ တောင့်၊ ရှေ့ထွက်မိုင်း ၁၁ လုံး၊ တိုက်မိုင်း သုံးလုံး၊ အာရ်ပီဂျီ ငှက်သီး



www.burmeseclassic.com

www.burmeseclassic.com



၁၄ လုံး၊ အာရ်ပီဂျီဗုံးသီးပို့ကျည် ၁၇ တောင့်၊ လက်ပစ်ဗုံး ၂၃ လုံး၊ ၆၀ မီလီမီတာ ဗုံးသီး ၂၁ လုံး၊ စနိုက်ပါပြောင်းပို တစ်ခု၊ ဓာတ်ငွေ့ကာမျက်နှာဖုံး ကိုးခု၊ အီကွေးမန့်တစ်စုံနှင့် ဘေးလွယ်အိတ် တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး သစ်လုံးဘန်ကာ ၈၀ လုံးအား ဖျက်ဆီးနိုင်ခဲ့သည်။

အဆိုပါ ပါစင်ကျော်ကျေးရွာ အရှေ့မြောက်ဘက်ရှိ ရှင်ခုတ်ထန်ဒေသနှင့် အရှေ့ဘက်ရှိ စန်ထအိုက် ရှန်ကုန်းမြင့်ဒေသအား တပ်မတော်က မတ် ၅ ရက်မှစ၍ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ကိုးကန့်သောင်းကျန်းသူ များက တောင်ကြားလမ်းများမှ အင်အားအများအပြားဖြင့် ပိတ်ဆို့တားဆီးတိုက်ခိုက်ခြင်း၊ သဘာဝအတားအဆီးများ၊ လူလုပ်အတားအဆီးများနှင့် မိုင်းများထောင်၍ နှောင့်ယှက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သော်လည်း တပ်မတော် စစ်ကြောင်းများက သောင်းကျန်းသူများ မျှော်လင့်မထားသည့် မြင့်မားမတ်စောက်သော တောင်ကြောများမှတစ်ဆင့် ကျားကုတ်ကျားခဲ့ဖြင့် ခက်ခဲပင်ပန်းအလစ်အငိုက်ရယူ၍ ချိတက်တိုက်ခိုက်ခဲ့သည်။

## စစ်ကြောင်းလေးကြောင်း

ထိုသို့ တိုက်ခိုက်ရာတွင် စစ်ကြောင်းလေးကြောင်းခွဲ၍ စစ်ကြောင်းတစ်ကြောင်းသည် ပွိုင့် ၁၄၇၉ မှ တစ်ဆင့် ပွိုင့် ၁၅၆၄ သို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် ပွိုင့် ၁၄၈၆ သို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် ရှင်ခုတ်ထန်ကျေးရွာသို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် ပွိုင့် ၁၅၈၄ သို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် ပွိုင့် ၁၅၅၃

မြရတနာစာပေ



သို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် မာလီလင်ကျေးရွာသို့လည်းကောင်း ချိတက်ရှင်းလင်းတိုက်ခိုက်သိမ်း ပိုက်ခဲ့သည်။

စစ်ကြောင်းတစ်ကြောင်းသည် ပါစင်ကျော်ကျေးရွာမှ တစ်ဆင့် ပွိုင့် ၁၈၄၅ သို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် တာကထန်ကျေးရွာသို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် စင်းရွှေထန်ကျေးရွာနှင့် အာစီကောင်းကျေးရွာများသို့ လည်းကောင်း၊ ၄င်းမှတစ်ဆင့် ပွိုင့် ၁၅၄၁ နှင့် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ် (၁၃၈)အနီးရှိ ပန်ဝိုင်တောင် သို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် (၁၃၇) အနီးရှိ တောင်ကုန်းများသို့ လည်းကောင်း ချိတက်ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

## ချိတက်ရှင်းလင်း

ထို့အတူ စစ်ကြောင်းတစ်ကြောင်းသည် ချင်းရွှေဟော်မှ တစ်ဆင့် တာရွှေကျင်ကျေးရွာသို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် ဟိုင်းကျိုက်ကျေးရွာသို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် ပွိုင့် ၁၈၅၉ သို့လည်းကောင်း၊ ၄င်းမှတစ်ဆင့် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် (၁၄၂)အနီးရှိ ကျေးရွာများသို့လည်းကောင်း ချိတက်ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

## တိုက်ခိုက်ရှင်းလင်း

ထို့အပြင် ယောင်ပြစစ်ကြောင်း တစ်ကြောင်းသည် လုံထန်ကျေးရွာမှ တစ်ဆင့် ပွိုင့် ၁၇၅၃ တောင်ကုန်းအား ထိန်းချုပ်ထားရှိရန် စီမံဆောင်ရွက်၍ တိုက်ခိုက်ခဲ့ရာ ယနေ့တွင် ရှင်ခုတ်ထန်ဒေသနှင့်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စန်တအိုက်ရှန် ကုန်းမြင့်ဒေသအား သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ကြွင်းကျန်ရစ်သော ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့အား ခြေမြန်တပ်မဟာနချုပ်စစ်ကြောင်းများနှင့် နယ်မြေခံစစ်ကြောင်းများမှ အပြီးအပိုင်တိုက်ခိုက်ရှင်းလင်းချေမှုန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## သိမ်းပိုက်ထိန်းချုပ်

ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်သောင်းကျန်သူများသည် ပြည်ထောင်စုနေ့မတိုင်မီ လောက်ကိုင်မြို့အား သိမ်းပိုက်ပြီး နိုင်ငံတော်အစိုးရ အကျပ်အတည်းဖြစ်စေရေး အကျပ်ကိုင်မှုများပြုလုပ်ရန်ရည်ရွယ်ကာ ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ လောက်ကိုင်ဒေသအား တိုက်ခိုက်မှုများပြုလုပ်လာခဲ့သည်။ ကိုးကန့်သောင်းကျန်းသူများသည် အခြားလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များနှင့် ပူးပေါင်း၍ လောက်ကိုင်ဒေသအား သိမ်းပိုက် ရရှိရေးတိုက်ပွဲများ ဆင်နွှဲခဲ့သော်လည်း တပ်မတော်အနေဖြင့် သောင်းကျန်းသူများအား အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ ကိုယ်ကျိုးစွန့်တိုက်ခိုက်ခဲ့မှုများကြောင့် ကိုးကန့်သောင်းကျန်းသူများ၏ အလစ်အငိုက်တိုက်ခိုက်မှုကို ခုခံရှင်းလင်းနိုင်ခဲ့ပြီး ၎င်းတို့အဓိကခံစစ်ဆင်အခြေပြုလျက်ရှိသော တောင်ကုန်းများအား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ လောက်ကိုင်ဒေသတစ်ခုလုံး၏ အဓိကအချက်အချာ ကျသော နယ်မြေများအား သိမ်းပိုက်ထိန်းချုပ်နိုင်ပြီဖြစ်သည်။





## သိမ်းဆည်းရမိခဲ့

လောက်ကိုင်ဒေသအတွင်း တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ ၉ ရက်မှ ယနေ့အထိ ထိတွေ့ တိုက်ပွဲ စုစုပေါင်း (၂၅၃)ကြိမ်ဖြစ်ပွားခဲ့ကာ ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်း ၇၄ လောင်း၊ လက်နက်မျိုးစုံ ၂၂၆ လက်၊ ကျည်မျိုးစုံ ၂၄၆၂၇ တောင့်၊ ဗုံးသီးမျိုးစုံ ၂၈၉ လုံး၊ ဖမ်းမိ/အလင်းဝင် ၂၂ဦးနှင့် ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၇၇၆၁၆ ကျော်တန် တန်ဖိုးရှိ မူးယစ်ဆေးဝါးမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့သည်။

## သန္နိဋ္ဌာန်ပြုထား

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံစေရေးအတွက် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်တိုက်ခိုက်လာသော သောင်းကျန်းသူများအား တပ်မတော်အနေဖြင့် အရိုးကြေကြေ အရေခန်းခန်း ပြတ်ပြတ်သားသား တိုက်ခိုက်ချေမှုန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုထားကြောင်း သတင်းရရှိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူများ တိုက်ပွဲများပြင်းထန်

**နေပြည်တော် မေ ၂၆**

ကိုးကန့်သောင်းကျန်းသူများ အခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသနှင့် စန်တအိုက်ရှန် ကုန်းမြင့်ဒေသတို့အား တပ်မတော်က တိုက်ခိုက်ထိန်းချုပ်နိုင်ခဲ့သဖြင့် သောင်းကျန်းသူများသည် နယ်မြေကျဉ်းမြောင်းလာပြီး ၄င်းဒေသမှ အင်အားများကို စုစည်းကာ မြန်မာ–တရုတ်နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် (၁၁၉)တည်ရှိသည့် တောင်ကြောအနီး မြင့်မားမတ်စောက်သော ကျောက်တောင်တစ်ခုဖြစ်သည့် ပွိုင့် ၂၂၀၂တောင်ကုန်းတွင် ခံစစ်ဆင်ရန်စီစဉ်လာခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများသည် မြေအနေအထားအရ အသာစီးရရှိထားသော ပွိုင့် ၂၂၀၂ တောင်ကုန်း ပေါ်တွင် အနိုင်အမာဘန်ကာများ ဆောက်လုပ်၍ ခြံစည်းရိုးများကာရံပြီး မိုင်းကွင်းနှင့်အတားအဆီးများပြုလုပ်၍ တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများအား အဆင့်ဆင့်ခုခံတိုက်ခိုက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများက ပွိုင့် ၂၂၀၂ သို့လည်းကောင်း၊ ဟိုထိုလင်ကျေးရွာအနီး တောင်ကြောများသို့လည်းကောင်း၊ စီတုံးဆွေကျေးရွာအနီးတောင်ကုန်းသို့လည်းကောင်း စစ်ကြောင်းများဖြန့်ခွဲ၍ တိုက် ခိုက်ချေမှုန်းခဲ့ရာ တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူများ လက်တစ်ကမ်းတိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။





အဆိုပါ တိုက်ပွဲများတွင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် မြေအနေအထားအသာစီးရယူကာ ပိတ်ဆို့တိုက်ခိုက်ခဲ့ပြီး ရာသီဥတုဆိုးရွားလျက်ရှိသော်လည်း တပ်မတော်သားများက ရဲဝံ့စွန့်စားစွာဖြင့် အဆင့်ဆင့်ထိုးဖောက် တိုက်ခိုက်ချေမှုန်းခဲ့သည်။ တိုက်ပွဲဖြစ်ပွားရာနေရာများသည် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်း၏ မီတာ ၅၀၀ နှင့် ၁၅၀၀ ကြားတွင်ရှိခြင်းကြောင့် တစ်ဖက်နိုင်ငံအတွင်းသို့ မိမိကျည်များကျရောက်ပေါက်ကွဲမှု မရှိစေရေး အလေးထားထိန်းသိမ်းဆောင်ရွက်မှုကြောင့် စစ်နည်းဗျူဟာကျင့်သုံးမှုအပိုင်းတွင် ကန့်သတ်ချက်နှင့် အခက်အခဲများစွာရှိခဲ့သည်။

ထို့အပြင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် အထောက်အပံ့များ ရယူတိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး အချို့ပျောက်ဆုံးခဲ့ကာ ထိခိုက်ဒဏ်ရာရရှိမှုများ ရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသည့် အရာရှိနှင့်စစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိသည်။

လောက်ကိုင်ဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးအတွက် ကိုးကန့်သောင်းကျန်းသူ အကြွင်းအကျန်များ ဒေသအတွင်း အခြေပြုနေထိုင်လှုပ်ရှားမှုများနှင့် ခုခံတိုက်ခိုက်မှုများ မပြုလုပ်နိုင်စေရေးအတွက် တပ်မတော် သားများက အသက်ကိုပဓနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် ဆက်လက်တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

www.burmeseclassic.com



## ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာခြေကုပ်ယူထားသော တောင်ကုန်းများအား တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိ

**နေပြည်တော် မေ ၁၂**

ကိုးကန့်သောင်းကျန်းသူများအခြေပြုခဲ့သည့် ရှင်ခုတ်ထန် ဒေသနှင့် စန်တအိုက်ရှန်ဒေသတို့အား တပ်မတော်က ထိုးစစ်ဆင် တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် သောင်းကျန်းသူများသည် အင်အား များ ပြိုကွဲကာ ဆုတ်ခွာထွက်ပြေးခဲ့ပြီး နယ်မြေကျဉ်းမြောင်းလာသဖြင့် ၄င်းဒေသမှအင်အားများကိုစုစည်းကာ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ် (၁၁၁)မှ ဝင်ရောက်ပြီး မာလုရှွေကျေးရွာ အရှေ့ဘက်ရှိ တောင်ကုန်းများတွင်အခိုင်အမာ အခြေပြုခံစစ်ဆင် လာခဲ့သည်။

**ကိုးကန့်သောင်းကျန်းသူများမှ**

**ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာအခြေပြု ခံစစ်ဆင်ထားသော တောင်ကုန်းများအား တိုက်ခိုက် သိမ်းပိုက်နိုင်ရန် အတွက် တပ်မတော်စစ်ကြောင်းများသည် ဖေ့ဖော်ဝါရီလကုန်တွင် အင်အားများစုဖွဲ့ခဲ့ပြီး မေလ ပထမပတ်မှစတင်၍ တိုက်ခိုက်ချေမှုန်း ခဲ့သည်။ ကိုးကန့်သောင်းကျန်းသူများ၏ ခုခံတိုက်ခိုက်မှုများကို တပ်မတော် စစ်ကြောင်းများက ပစ်ကျင်းတူး၍ အဆင့်ဆင့်ချဉ်းကပ်ပြီး** လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူကာ ရဲဝံ့စွန့်စားစွာဖြင့် လုံ့စွပ်ထိုးတိုက်ခိုက်၍ အနီးကပ် ထိုးဖောက်





ချေမှုန်းခဲ့သည်။

ထိုသို့ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် မာလု ရှွေကျေးရွာအရှေ့ဘက်ရှိ ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာ ခြေကုပ်ယူထားသော ပွိုင့် ၁၆၀၇ တောင်ကုန်းအား မေ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲ တွင်လည်းကောင်း၊ ပွိုင့် ၁၇၀၉ တောင်ကုန်းအား ည ၇ နာရီတွင်လည်းကောင်း၊ သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ သောင်းကျန်းသူများ အခိုင်အမာအခြေပြုထားသော ပွိုင့် ၁၇၄၂ တောင်ကုန်းသို့ အောင်မြေချဲ့ထွင် တိုက်ခိုက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီတွင် အောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့သည်။

ထို့ပြင် ဆုတ်ခွာထွက်ပြေးသွားသော ကိုးကန့်သောင်းကျန်း သူများအား တပ်မတော်စစ်ကြောင်းများက ထက်ကြပ်မကွာ လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိသည်။

ဖြစ်စဉ်တွင် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်း ခုနစ်လောင်း၊ အာရ်ပီဂျီသုံးလက်၊ စက်လတ် နှစ်လက်၊ အမ်(၂၂) သေနတ် ခြောက်လက်၊ ကေ (၁၂) သေနတ် တစ်လက် စုစုပေါင်း **လက်နက်မျိုးစုံ ၁၂ လက်၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ** ၅၁၅၅ တောင့်၊ ဗုံးသီးမျိုးစုံအလုံး ၃၀၊ မိုင်းမျိုးစုံ ၁၅ လုံး၊ လက်ပစ်ဗုံး ၆၇ လုံး၊ စက်လတ်ကျည်ခါးပတ်တွဲ သုံးတွဲ၊ အာရ်ပီဂျီပို့ကျည် ကိုးတောင့်၊ ယမ်းထုပ်ငါးထုပ်နှင့် ဆက်စပ်ပစ္စည်းများ ဘန်ကာများ၊ ပစ်ကျင်းများ၊ သောင်းကျန်းသူ အင်အား ၁၀၀ ခန့် ခိုအောင်း နေထိုင်နိုင်သော မြေအောက်လိုဏ်ခေါင်းများ သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရရှိသူများအား တပ်မတော် ဆေးရုံများသို့ အမြန်ဆုံးပို့ဆောင်၍ ဆေးဝါးများ ရှာသပေးလျက်ရှိသည်။

လောက်ကိုင်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတွက် တပ်မတော် စစ်ကြောင်းများက အသက်ကို ပမာနမထားဘဲ စွန့်လွှတ်စွန့်စားစိတ်ဓါတ်ဖြင့် ဆုတ်ခွာသွားသောကိုးကန့် သောင်းကျန်းသူများအား ရဲရဲတက်တိုက် ခိုက်ချေမှုန်းသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ ❖ ❖

## စီကော်လျံဒေသရှိ MNDAA သောင်းကျန်းသူများ၏ ပွိုင့်–၂၀၇၁ တောင်ကုန်းအား တပ်မတော်က အောင်မြင်စွာသိမ်းပိုက်ရရှိ

နေပြည်တော် မေ ၁၆

ဖုန်ကြားရှင်၏ MNDAA သောင်းကျန်းသူများ အခိုင်အမာခံစစ်ဆင်ထားသော လောက်ကိုင်မြို့ မြောက်ဘက် ပွိုင့် ၂၂၀၂ တောင်ကုန်အား တပ်မတော်စစ်ကြောင်းများက မေ ၁၄ ရက်တွင် အောင်မြင်စွာ သိမ်းပိုက်ရရှိပြီး ဆုတ်ခွာသွားသော သောင်းကျန်းသူ အကြွင်းအကျန်များအား စစ်ကြောင်း ၃ ကြောင်းခွဲ၍ ဆက်လက်ရှင်းလင်းတိုက်ခိုက်ခဲ့ရာ စီကော်လျံဒေသရှိ ဟိုထိုလင်ကျေးရွာနှင့် ပတ်ဝန်းကျင်အား ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊





စီတုံးဆွေကျေးရွာနှင့် ပတ်ဝန်းကျင်အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ နှစ်နိုင်ငံ နယ်နိမိတ် မှတ်တိုင်အမှတ် (၁၂၀) ရှိ ပွိုင့် ၂၀ရ၁ တောင်ကုန်အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း အောင်မြင်ချဲ့သိမ်းပိုက်ရရှိခဲ့သဖြင့် စီကော်လျံဒေသအတွင်းရှိ MNDAA သောင်းကျန်းသူ အကြွင်းအကျန်များအား တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။

ထိုသို့ အောင်မြေချဲ့သိမ်းပိုက်စဉ် MNDAA သောင်းကျန်းသူများထံမှ ပွိုင့် ၂၀ရ၁ ၌ အလောင်း ၂ လောင်း၊ လက်နက်မျိုးစုံ ၃ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဟိုထိုလင်ကျေးရွာနှင့် ပတ်ဝန်းကျင်၌ အလောင်း ၂ လောင်း၊ လက်နက်မျိုးစုံ ၄ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ စီတုံးဆွေကျေးရွာနှင့် ပတ်ဝန်းကျင်၌ အလောင်း ၁ လောင်း၊ လက်နက် မျိုးစုံ ၃ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်း ဆည်းရမိခဲ့သည်။

လောက်ကိုင်ဒေသအတွင်း MNDAA သောင်းကျန်းသူ အကြွင်းအကျန်များ အခြေပြုနေထိုင်လှုပ်ရှားမှုများ လုံးဝမရှိစေရေး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းမှုဖြင့် အမြစ်ပြတ် ချေမှုန်းတိုက်ခိုက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## MNDAA သောင်းကျန်သူအကြွင်းအကျန်များ
## အခြေပြုနေထိုင်လှုပ်ရှားမှုများ မရှိစေရေး
## အမြစ်ပြတ်ချေမှုန်းရေး ဆက်လက်၍
## နယ်မြေရှင်းလင်းတိုက်စိုက်သွားမည်
## လောက်ကိုင်မြို့ မြောက်ဘက် စီကော်လျံဒေသရှိ
## ပွိုင့် ၂၂၀၂ တောင်ကုန်းကို
## အောင်မြင်စွာသိမ်းပိုက်ပြီးနောက်
## မြန်မာနိုင်ငံတော်အလံအား လွှင့်ထူထားစဉ်၊

ဖုန်ကြားရှင်၏ **MNDAA** သောင်းကျန်သူများ အခိုင်အမာခံ စစ်ဆင်ထားသော လောက်ကိုင်မြို့ မြောက်ဘက် **စီကော်လျံ**ဒေသ ရှိ ပွိုင့် ၂၂၀၂ တောင်ကုန်းအား ဧပြီ ၂၄ ရက်မှစ၍ ရာသီဥတု ဆိုးရွားခြင်း၊ မြေအနေအထားမတ်စောက်ကြမ်းတမ်းခြင်းနှင့် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် ပိတ်ဆို့ရင်ဆိုင်ထိန်းချုပ်ထားပြီး မေ ၁၂ ရက်တွင် ရာသီဥတုပြန်လည်ကောင်းမွန်လာခြင်းကြောင့် တပ်မတော်စစ်ကြောင်းများက ကန့်သတ်ချက် များအားသုံးသပ်ပြီး မြေပြင်ပစ်အမြောက်တပ်ဖွဲ့၊ သံချပ်ကာတိုက်ယာဉ်များနှင့် လေကြောင်းပစ်ကူများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ မေ ၁၄ ရက် ည ၁၀ နာရီ မိနစ် ၂၀ တွင် အချက်အချာဖြစ်သည့် ပွိုင့် ၂၂၀၂ တောင်ကုန်းအား အောင်မြင်စွာ သိမ်းပိုက်ရရှိသည်။

❖ ❖ ❖





## ဖုန်ကြားရှင် ဦးစီးသော သောင်းကျန်သူများ
## အခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသ၊
## စီကော်လျံဒေသနှင့် စန်တာအိုက်ရှန်
## ကုန်းမြင့်ဒေသတို့အား တပ်မတော်က တိုက်ခိုက်ချေမှုန်း
## နေပြည်တော် မေ ၂၂

ဖုန်ကြားရှင် ဦးစီး **MNDAA** သောင်းကျန်းသူများ အခြေပြုခဲ့ သည့် ရှင်ခုတ်ထန်ဒေသ၊ စီကော်လျံဒေသ နှင့် စန်တာအိုက် ရှန်ခုတ် ထန်ဒေသ၊ စီကော်လျံဒေသနှင့် စန်တာအိုက်ရှင် ကုန်းမြင့်ဒေသတို့ အား တပ်မတော်က ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ပြီး သောင်းကျန်း သူအကြွင်းအကျန်များကိုပါ ဆက်လက်အောင်မြေချဲ့ ရှင်းလင်း တိုက်ထုတ်လျက်ရှိရာ ဆုတ်ခွာထွက်ပြေးသွားသော သောင်းကျန်း သူများသည် တဖြည်းဖြည်း နယ်မြေ ကျဉ်းမြောင်းလာသဖြင့် ၄င်းဒေသမှ အင်အားများကိုစုစည်းကာ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ် (၁၁၁)မှ ဝင်ရောက်ပြီး မာလုရွှေဒေသအတွင်းရှိ **တောင်ကုန်းများတွင် အခိုင်အမာ အခြေပြုခံစစ်ဆင်ခဲ့သည်။**

မာလုရွှေဒေသအတွင်း **MNDAA** သောင်းကျန်းသူများ အခိုင်အမာအခြေပြု ခံစစ်ဆင်ထားသော တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက မေလ ပထမပတ်မှ စတင်၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ မေ ၁၁ ရက်နှင့် ၁၂ရက်တို့တွင် ပွိုင့် ၁၇၄၂ တောင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့ပြီး သောင်းကျန်းသူများသည် ဆုတ်ခွာထွက်ပြေး၍ နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ် (၁၁၁)အနီးရှိ ပွိုင့် ၁၇၈၈ တောင်ကုန်းတွင် အခြေပြု ခံစစ်ဆင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပို့နှင့် ၁၇၈၈ တောင်ကုန်းအား တပ်မတော်စစ်ကြောင်းများက မေ ၂၁ ရက်၊ နံနက် ၁၀ နာရီမှစတင်၍ ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ရာ သောင်းကျန်းသူများက မြေအနေအထား အသာစီးရယူကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်အားသုံး ခုခံတိုက်ခိုက်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများကလည်း အမြောက်ပစ်ကူ၊ ခြေလျင်လက်နက်ကြီး ပစ်ကူရယူပြီး ရဲရဲဝံ့ဝံ့ချဉ်းကပ်တိုက်ခိုက် ချေမှုန်းခဲ့ခြင်းကြောင်း ည ၈ နာရီတွင် ပို့နှင့် ၁၇၈၈ တောင်ကုန်းအား အောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသော သောင်းကျန်းသူများအား အမြစ်ပြတ်လိုက်လံတိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

ဖြစ်စဉ်တွင် **MNDAA** သောင်းကျန်းသူများထံမှ အလောင်း ၁၁ လောင်း၊ အာရ်ပီဂျီ နှစ်လက်၊ ကေ (၁၂) သေနတ် နှစ်လက်နှင့် ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံ များသို့ အမြန်ဆုံးပို့ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ ❖ ❖

အထက်ဖော်ပြပါတိုက်ပွဲဖြစ်စဉ်များမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှ မေလကုန်အထိ လောက်ကိုင်ဒေသတွင် ဖြစ်ပွားခဲ့သည့် ဖုန်ကြားရှင်နှင့် တိုက်ပွဲများ အပိုင်း (၂) ကို နေ့စဉ်ထုတ် သတင်းစာနှင့် ဂျာနယ်များမှ ကူးယူဖော်ပြချက်များပါ ခင်ဗျာ။

စာရေးသူ–သောင်းဧဦး



# အခန်း ( ၁၀ )

## အရေးကြီးသောသုံးသပ်ဖော်ထုတ်ချက်များ

**ဖော်ထုတ်ချက် (၁)**

လောက်ကိုင်ဒေသအပါအဝင် ကိုးကန့်နယ်မြေသည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင် တည်ရှိကာ တရုတ်နိုင်ငံ အနောက်ပိုင်း ယူနန်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး တရုတ်–မြန်မာနယ်စပ် နှစ်နိုင်ငံ ဘက်စလုံးတွင် မျိုးနွယ်တူ ကိုးကန့်လူမျိုးစုများ နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံဘက် ခြမ်းရှိ ကိုးကန့်လူမျိုးများသည် တရုတ်နိုင်ငံဘက် ခြမ်းရှိ "ဟန်"တရုတ်အနွယ်ဝင်လူမျိုးစုနှင့် မျိုးနွယ်တူဖြစ်ပြီး ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ တူညီကြကာ နယ်စပ်ဒေသတစ်လျှောက် ကူးလူးဆက်ဆံဆောင်ရွက်မှုများပြားကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်ဒေသသည် မည်သည့်အခါကမျှ တရုတ်နိုင်ငံ၏ နယ်နိမိတ်အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ခဲ့ဖူးခြင်းမရှိဘဲ တရုတ် ပြည်သူ့သမ္မတနိုင်ငံတော် မပေါ်ပေါက်သေးမီ ၁၈၉၇ ခုနှစ်

www.burmeseclassic.com




ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် တရုတ်-အင်္ဂလိပ် နယ်နိမိတ်စာချုပ်အရလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါ်ပေါက်ပြီး ၁၉၆၀ ပြည့်နှစ်တွင် ချုပ်ဆိုခဲ့သည့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်နိမိတ်စာချုပ်များအရလည်းကောင်း၊ မြန်မာ နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက် နယ်မြေအစိတ်အပိုင်းတစ်ရပ်အဖြစ် အစဉ်အဆက် ခိုင်မာစွာ တည်ရှိခဲ့ပါသည်။ သို့သော် တစ်ဖက်တွင်လည်း ကိုးကန့်ဒေသခေါင်းဆောင်များသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များနှင့် အစဉ်အလာအရ နီးကပ်စွာ ဆက်ဆံဆောင်ရွက်မှုများ ရှိနေကြောင်း တွေ့ရှိရပါသည်။

ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ ဗကပလက်အောက်တွင် ရှိနေစဉ် ၁၉၇၉ ခုနှစ်မှ စတင်ခဲ့သည့် တရုတ်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒရေးရာ အပြောင်းအလဲများကြောင့် အကူအညီများ ယခင်ကဲ့သို့ မရရှိတော့ဘဲ ဗကပတို့အဘက်ဘက်မှ ချွတ်ခြုံကျလာခဲ့ပါသည်။ ၎င်းအပြင် ၁၉၈၆ ခုနှစ် စီစီဝမ်-တာပန်ဒေသ စခန်းသိမ်းတိုက်ပွဲများတွင် ဗကပ လက်နက်ကိုင်တပ်များဖြစ်သည့် ကိုးကန့် တပ်များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အထိနိုက်အကျဆုံးများခဲ့ရပြီး ဗကပခေါင်းဆောင်များနှင့် ကိုးကန့်ခေါင်းဆောင်များအကြား ပုဂ္ဂိုလ်ရေးအဆင်မပြေမှုများကြောင့် ၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့ ဗကပလက်အောက်မှ ပုန်ကန်ခွဲထွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။



ပုံ-၁၁၉၀



၂၀၁၂ ခုနှစ်က ဖုန်ကြားရှင်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်

www.burmeseclassic.com

www.burmeseclassic.com



**ဖော်ထုတ်ချက် (၂)**

ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်လက်နက်ကိုင်အင်အားစုသည် ဗကပလက်အောက်မှ ခွဲထွက်ခဲ့ပြီး နောက် နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူပြီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သဖြင့် ၁၉၈၉ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်မှ ကိုးကန့်အထူးဒေသ(၁) အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ နောက်ပိုင်းတွင် ဆွေစဉ်မျိုးဆက် အာဏာရယူရေးနှင့် အဖွဲ့အစည်းရေရှည်တည်တံ့ရေးတို့အတွက် ဥပဒေမဲ့ကျင့်သုံးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးမပျက်ပြားစေရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲစေရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ကိုးကန့်လက်နက်ကိုင်အဖွဲ့၏ ဥပဒေမဲ့လုပ်ဆောင်မှုများအပေါ် အပြည့်အဝ တားဆီးနိုင်ခဲ့မှု မရှိကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော ဖုန်ကြားရှင် ဦးဆောင်သည့် ကိုးကန့် လက်နက်ကိုင်အဖွဲ့သည် အဖွဲ့အစည်းအတွင်း ခေါင်းဆောင်နေရာလုခြင်း၊ ကိုယ်ကျိုးရှာပြီး ဆွေမျိုးစုကောင်းစားရေးကို ဦးတည်ခြင်း၊ မျိုးနွယ်စုများအတွင်း စစ်ရေးအင်အား အပြိုင်အဆိုင် တည်ဆောက်ခြင်း၊ မူးယစ်ဆေးဝါး၊ ငွေကြေးနှင့် မိန်းမပြဿနာများ ရှုပ်ထွေးခြင်းတို့ကြောင့် "ဖုန်"မျိုးနွယ်စုနှင့် "ရန်" မျိုးနွယ်စုတို့ အုပ်စု ၂ စုအကြား ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၅ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် အရေးအခင်းနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ ၎င်းအပြင် ၁၉၉၅ ခုနှစ်တွင် မုံဆာလဦးဆောင်၍ မုံးကိုးဒေသ



www.burmeseclassic.com

www.burmeseclassic.com



အာဏာသိမ်းမှုများ ဖြစ်ပွားခြင်းနှင့် ၂၀၀၀ ပြည့်နှစ်တွင်လည်း မုံဆာလဦးစီးသည့် မုံးကိုးကာကွယ်ရေးတပ် အတွင်း အာဏာလုမှု ဖြစ်ပွားခဲ့ပါသည်။ အဆိုပါအရေးအခင်းများတွင် တပ်မတော်အနေဖြင့် လိုအပ်ချက်အရ ကြားဝင်ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ပြီး ကိုးကန့် လက်နက်ကိုင် အဖွဲ့အစည်းများအား နိုင်နင်းစွာ ထိန်းချုပ်နိုင်ခဲ့ ကြောင်း တွေ့ရှိရပါသည်။

ဖုန်ကြားရှင်သည် ၁၉၈၉ ခုနှစ် မတ်လမှစ၍ ရှမ်းပြည် မြောက်ပိုင်း ကိုးကန့်အထူးဒေသ(၁)၏ ဒေသ အကြီးအကဲ ခေါင်းဆောင်အဖြစ် အုပ်ချုပ်ပြီး ကိုးကန့်ဒေသရှိ နိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ထိရောက်အောင်မြင်မှု မရှိစေရန် ၎င်း၏ကိုးကန့် လက်နက် ကိုင်တပ်ဖွဲ့များဖြင့် ထိန်းချုပ်ထားပြီး ကိုးကန့်လက်နက် ကိုင်အဖွဲ့၏ အမိန့်အာဏာ၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး အာဏာကို ပျံ့နှံ့သက်ရောက်စေခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဖော်ထုတ်ချက် (၃)**

၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတော်အစိုးရမှ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်အထူးဒေသ(၁) အဖွဲ့မှ ဖုန်ကြားရှင် ခေါင်းဆောင်သော ကိုးကန့်တပ်ဖွဲ့ဝင်များမှ မူးယစ်ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးရောင်းချမှုများတွင် ပါဝင်ပတ်သက်ခြင်းနှင့် လက်နက်စက်ရုံ တည်ဆောက်မှုအား ဥပဒေနှင့်အညီ တားဆီးခြင်းကို လက်မခံ ဘဲ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို ဖမ်းဆီးထိန်းသိမ်းသတ်ဖြတ်ခြင်း၊ မိမိလူပ်ရှားမှုနှင့် စခန်းထိုင်တပ်များကို စတင်ရင်ဆိုင်ပစ်ခတ်ခြင်း၊





နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်မှ ဖုန်ကြားရှင်၊ ဖုန်ကြာဖူး၊ ဖုန်တာရှင်၊ ဖုန်တာလီတို့ ၄ ဦးအား တရားခံပြေးများ အဖြစ် ကြေညာခဲ့ရာ ဖုန်ကြားရှင်နှင့် အပေါင်းအပါများသည် ကိုးကန့် နယ်မြေမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး သမက်ဖြစ်သူ စိုင်းလင်း၏ အထူးဒေသ(၄) မိုင်းလားတွင် သွားရောက်တိမ်းရှောင်နေထိုင်ခဲ့ပါ သည်။ မိုင်းလားတွင် တိမ်းရှောင်နေထိုင်လျက်ရှိစဉ် အထူးဒေသ(၄) မိုင်းလားဥက္ကဋ္ဌ စိုင်းလင်းက အသနားခံစာတင်ပြခဲ့သည့် အတွက် ၂၀၁၂ ခုနှစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ပြုမှုအရ ပြန်လည် ရပ်တည်လှုပ်ရှားဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ နောင်တွင် ကြီးလေးသော ပြစ်မှုများကို လွန်၍ ဥပဒေချိုးဖောက် ခဲ့သူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် ပတ်သက်၍ ပြန်လည် စဉ်းစားသုံးသပ်သင့်ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်အကြွင်းအကျန်သူအဖွဲ့သည် ၂၀၀၉ ခုနှစ်မှစ၍ စွန့်လွှတ်ခဲ့ရသော ၎င်းတို့နယ်မြေ ကို ပြန်လည်အုပ်ချုပ်ခွင့် ရရှိနိုင်ရေး၊ ယခင်ကကဲ့သို့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ပြန်လည် ရပ်တည်ခွင့်ရရှိရေးနှင့် လက်ရှိကိုးကန့်ဒေသ အုပ်ချုပ်ရေး ဦးစီး ကော်မတီကို ဖြုတ်ချလိုခြင်းတို့ကြောင့် ၎င်း၏ မဟာမိတ်များ ဖြစ်သော UWSA(ဝ) အဖွဲ့နှင့် NDAA(မိုင်းလား)အဖွဲ့၏ အဓိက ပံ့ပိုးကူညီမှုဖြင့် SSA/SSPP၊ အကြမ်းဖက်တိုက်ခိုက်မှုများဆောင် ရွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် အဆိုပါလက်နက်ကိုင်အဖွဲ့အစည်း များကိုပါ စစ်ရေးအရ တစ်ပြိုင်တည်း ဖိအားပေးလုပ်ဆောင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တွေ့ရှိရပါသည်။

ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် မြန်မာ–တရုတ်နိုင်ငံနယ်စပ် ဒေသရှိ မျိုးနွယ်တူနေထိုင်သူများကို အသုံးချကာ စိုက်ပျိုးရေးနှင့် စက်ရုံကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်နေမှုကို အကာအကွယ်ယူ၍ လောက်ကိုင်ဒေသအတွင်း ကြိုတင်စိမ့်ဝင်ထိုးဖောက်မှု ပြုလုပ်ထားရှိခဲ့ပြီး နယ်မြေ နယ်မြေပြင်ပမှ ဝင်ရောက်လာသည့် အင်အားစုများ ပူးပေါင်းကာ ပြည်ထောင်စုနေ့မတိုင်မီ လောက်ကိုင်မြို့ကို သိမ်းပိုက်၍ စစ်ရေး၊ နိုင်ငံရေးအရ ဖိအားပေးပြီး ဆွေးနွေးအကျပ်ကိုင်မှုများ ပြုလုပ်သွားရန် ရည်မှန်းချက်ထား ရှိ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ၎င်းတို့၏မဟာဗျူဟာ၊ နည်းဗျူဟာရည်မှန်းချက်များအား မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာသင့်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် လောက်ကိုင်ဒေသနေရာအနှံ့အပြား၌ တိုက်ကွက်များဖော်ကာ စစ်ရေး လှုပ်ရှားမှုများ ကြိုးပမ်းပြုလုပ်ခဲ့သော်လည်း ဒေသခံပြည်သူများ၏ ပူးပေါင်း ကူညီမှုများကြောင့် သတင်းလက်ဦးမှု ရယူနိုင်ကာ တပ်မတော်စစ်ကြောင်းများမှ နယ်မြေစိုးမိုးရှင်းလင်းနိုင်ခဲ့သဖြင့် ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အတွက် အခွင့်မသာဖြစ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် နယ်မြေခံလူထုအား နည်းလမ်းမျိုးစုံဖြင့် ဆက်လက် စည်းရုံးဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း ဒေသခံများ၏ သတင်းပေးချက်အရ ကိုးကန့် အကြမ်း ဖက်သောင်းကျန်းသူ





အင်အားစုများသည် ညိုချမ်းကူးတို့ဆိပ်မှတစ်ဆင့် လောက်ကိုင်နယ်မြေအတွင်း ရုတ်တရက် ဝင်ရောက်လာခဲ့ပြီး မူလစိမ့်ဝင်ပြီးဖြစ်သည့် အင်အားစုများနှင့် ပူးပေါင်းကာ လောက်ကိုင်မြို့ တောင်၊ မြောက်ခြမ်းတို့တွင် အခြေပြုလှုပ်ရှား၍ လောက်ကိုင်ဒေသအား ပြန်လည်သိမ်းပိုက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိ ရသဖြင့် ကနဦးသတင်းရရှိမှုများပေါ် နယ်မြေခံတပ်များအနေဖြင့် အရေးတယူ အလေးအနက်ထား တုံ့ပြန် ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

ဖော်ထုတ်ချက် (၄)

ဖုန်ကြားရှင်အနေဖြင့် ကိုးကန့်နယ်မြေ လောက်ကိုင်ဒေသ အရေးအခင်းများ မစတင်မီ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံ **Global Times** သတင်းစာနှင့် တွေ့ဆုံအင်တာဗျူး ပြုလုပ်၍ ကိုးကန့်ဒေသသည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ လူမျိုးတူဖြစ်သော တရုတ်လူမျိုးများမှ ကိုးကန့်ဒေသလက်နက်ကိုင် လှုပ်ရှားမှုများအား အကူအညီအထောက်အပံ့များပေးရန် ကြေညာချက် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၎င်းထိကွက်များအပေါ် အခြေခံ၍ ကိုးကန့် နယ်မြေ လောက်ကိုင်ဒေသတွင် ဆောင်ရွက်နေသော ပိုင်နက်နယ်မြေကာကွယ်စောင့်ရှောက်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တပ်မတော်မှ စစ်ရေးနည်းလမ်းအရ ဖြေရှင်းဆောင်ရွက်နေမှုအပေါ် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးမှ အမျိုးသားရေးနှင့်ယှဉ်၍ အရှိန်အဟုန်မြင့်မား



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်အားပေး ထောက်ခံ မှု ရရှိရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်မှုများအား ယခုထက် ပိုမိုလုပ်ဆောင်သင့်ကြောင်း တွေ့ရှိရပါသည်။

ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့သည် လောက်ကိုင်ဒေသမှ တိမ်းရှောင်ခဲ့ပြီးနောက် အထူးဒေသ(၄) မိုင်းလားသို့ သွားရောက်ခိုလှုံနေထိုင်ကာ စစ်ရေးအင်အား ပြန်လည်စုစည်း တည်ဆောက်ခြင်း၊ စစ်ရေးမဟာမိတ်ဖွဲ့စည်းခြင်း၊ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းမှုအတွက် ငွေကြေး ရှာဖွေခြင်းတို့ ဆောင်ရွက်ခဲ့ရာတွင် အထူးဒေသ(၁/၄) အဖွဲ့ဝင်များ ပါဝင်ကူညီပတ်သက်မှုများရှိကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါအဖွဲ့များအပေါ် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး စသည့် နည်းလမ်းပေါင်းစုံဖြင့် ကန့်သတ်တားဆီးထိန်းချုပ်မှုများ ပြုလုပ်သင့်ကြောင်း တွေ့ရှိရပါသည်။

ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ယခင်ကဲ့သို့ လက်နက်ကိုင် အဖွဲ့အစည်း တစ်ခုအဖြစ် ပြန်လည်သတ်မှတ်ခံရရေး၊ ကိုးကန့်နယ်မြေတွင် ပြန်လည်အခြေချနေထိုင်ရေး၊ ခေါင်းဆောင်မှုနေရာ ပြန်လည်ရရှိရေးတို့အတွက် ရည်ရွယ်ကာ လက်နက်ကိုင် အကြမ်းဖက်လှုပ်ရှားမှုများကို ပြန်လည် လုပ်ဆောင်လာခြင်းဖြစ်၍ အခြေချရပ်တည်လှုပ်ရှားခွင့် မရှိရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အနှောင့်အယှက် မပြု နိုင်စေရေးတို့အတွက် စစ်ရေးနည်းလမ်းအပြင် မဏ္ဍိုင် ၃ ရပ် ပူးပေါင်း၍ အပ်သည့် အစီအမံများ





ချမှတ် ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်တိမ်းရှောင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ နယ်စပ်ဒေသအတွင်း စစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်လာခြင်းသည် ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အရေးအခင်းကဲ့သို့ ပြည်တွင်းဆူပူလှုပ်ရှား မှုများနှင့် နယ်စပ်ဒေသစစ်ရေးလှုပ်ရှားမှုများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ခြင်းမျိုး ပြုလုပ်လာနိုင်ခြင်း မရှိစေရန် ပြည်တွင်းရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများအပေါ် မျက်ခြည်မပြတ် စောင့်ကြည့်ဖော်ထုတ်သင့်ကြောင်း တွေ့ရှိရပါသည်။

**ဖော်ထုတ်ချက် (၅)**

ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အနေဖြင့် လောက်ကိုင်ဒေသ စစ်ရေးလှုပ်ရှားမှုများတွင် ကိုးကန့်တပ်ဖွဲ့ဝင်ဟောင်းများနှင့် တစ်ဖက်နိုင်ငံမှ ကြေးစားတိုက်ခိုက်ရေးသမားများအား ပါဝင်အသုံးပြုစေခဲ့ကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် မူလက ကြိုတင်မဟာမိတ်ဖွဲ့ထားသည့် အထူး ဒေသ(၁) "ဝ"အဖွဲ့၊ အထူးဒေသ(၄) မိုင်းလားအဖွဲ့တို့ထံမှ ငွေကြေး၊ လက်နက်၊ လေ့ကျင့်မှုနှင့် အခြားအကူ အညီများ ရယူခဲ့သည့်အပြင် **SSA** (ဝမ်ဟိုင်း)၊ **TNLA, KIA** အဖွဲ့များအပြင် တပ်ပေါင်းစုတပ်တော်အမည်ခံ လက်နက်ကိုင် အဖွဲ့အစည်းများအား ငွေကြေးဖြင့် စည်းရုံး၍ ပူးပေါင်းပါဝင်တိုက်ခိုက်စေကာ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်နက်ကိုင်ပဋိပက္ခအဖြစ် ပုံဖော်ဝါဒဖြန့်ချိ၍ စစ်ဘောင်ကျယ်စေရန် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ကိုးကန့်



www.burmeseclassic.com

www.burmeseclassic.com



တိုမ်းရှောင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ဘေးကျပ်နံကျပ် ဖြစ်ပွားနေချိန်တွင် ၎င်းတို့နှင့်အတူ ပူးပေါင်းပါရှိသော အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ အခြားဒေသများတွင် အာရုံပြောင်း စစ်ဆင်မှုများ ပြုလုပ်လာနိုင်၍ တပ်မတော်အနေဖြင့် ၎င်းတို့၏မဟာဗျူဟာ ရည်မှန်းချက်နှင့် စစ်ရေး မဟာမိတ်ပြုမှုများကို မျက်ခြည်မပြတ် ထောက်လှမ်း၍ လိုအပ်ပါက စစ်ရေးအရ တစ်ပြိုင်တည်းစစ်မျက်နှာဖွင့် ထိန်းချုပ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားသင့်ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များ အသွင်ကူး ပြောင်းရေး အစီအမံအရ ဖွဲ့စည်းထားသည့် နယ်ခြားစောင့်တပ်ခေါင်းဆောင်များ အကြား စည်းလုံးညီညွတ်မှု ပျက်ပြားနေခြင်းကလည်း ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်တိမ်းရှောင် အကြမ်းဖက်သောင်းကျန်းသူများ လောက်ကိုင်ဒေသသို့ အတားအဆီးမဲ့ အလွယ်တကူ ဝင်ရောက်နိုင်ရန် အချက်တစ်ချက်အဖြစ် ပါဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအပေါ် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေး အာဏာသက်ရောက်မှု ရှိစေရန်အတွက် အလေးထားဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ နယ်မြေစောင့်တပ်၊ ပြည်သူ့စစ်အဖွဲ့များအနေဖြင့် ကိုးကန့်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ လှုပ်ရှားမှုသတင်းများ ပေးပို့ရန်နှင့် တားဆီးဆောင်ရွက်ရန် ပျက်ကွက်ပြီး





နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် အပြည့်အဝယုံကြည်အားကိုးမှု၊ အပြည့်အဝပူးပေါင်းဆောင်ရွက်မှု မရှိကြောင်း တွေ့ရှိရသဖြင့် ၎င်းအဖွဲ့အစည်းများ၏ ကတိကဝတ်၊ သစ္စာ ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

တော်ထုတ်ချက် (၆)

နိုင်ငံတော်၏ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အသွင် ကူးပြောင်းရေး အစီအမံအရ ဖွဲ့စည်းထားသော ကိုးကန့်ဒေသ နယ်ခြားစောင့်တပ် (၁၀၀၆) သည် ဒုတပ်ရင်းမှူး ကျူကြားဝမ်အပါအဝင် အင်အား ၃၀၂ ဦး၊ လက်နက် ၂၀၄ လက်ဖြင့် ဖုန်ကြားရှင်အဖွဲ့နှင့် ပူးပေါင်းသွားကြောင်း သတင်းများ ထွက်ပေါ်လျက် ရှိသဖြင့် နယ်ခြားစောင့်တပ်များ၏ တာဝန်ထမ်းဆောင်မှု အမိန့်ပေးစနစ်နှင့် ကွပ်ကဲအုပ်ချုပ်မှုနည်းလမ်းများအား ပြန်လည်သုံးသပ်သင့်ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်ဒေသရှိ လက်နက်ကိုင်အဖွဲ့အစည်းအတွင်း မျိုးနွယ်စုကွဲပြားမှုများ ရှိနေပြီး ယခင်သမိုင်းကြောင်း အရလည်း အုပ်စုကွဲများအတွင်း "ဖုန်"၊ "ရန်" အရေးအခင်းကဲ့သို့သော စစ်ရေးပဋိပက္ခများလည်း ဖြစ်ပွားခဲ့ပြီး ဖြစ်ပါသည်။ ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူအဖွဲ့အား နှိမ်နင်းထိန်းချုပ်ရာတွင် မျိုးနွယ်ကွဲပြားပြီး ရန်ဘက်ဖြစ်သော "ရန်"အုပ်စုအား ပြန်လည်စည်းရုံးအသုံးချခြင်းကိုလည်း နည်းလမ်းတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲမှု ပပျောက်ရေးအား မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ရာတွင် နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ် သုံးစွဲမှု ကျဆင်းသွားခြင်း မရှိသေးကြောင်း လောက်ကိုင်တိုက်ပွဲများတွင် ရန်သူ့ထံမှ မူးယစ်ဆေးဝါး သိမ်းဆည်းရမိခြင်းများက သက်သေခံ လျက်ရှိပါသည်။ နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် မူးယစ်ဆေးဝါး အပါအဝင် တရားမဝင်လုပ်ငန်းများမှ ရရှိနေသည့် ငွေကြေးများဖြင့် ဆက်လက်ရပ်တည်ကာ ပြည်တွင်းသောင်းကျန်းမှု သက်ဆိုးရှည်နေခြင်းဖြစ်၍ နယ်စပ်ဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး မဟာဗျူဟာ၊ နည်းဗျူဟာများအပေါ် ပြန်လည်သုံးသပ်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်တိမ်းရှောင်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အနေဖြင့် လောက်ကိုင်ဒေသတွင် ဆောင်ရွက်နေသည့် ၎င်းတို့၏ စစ်ဆင်ရေး အစီအမံများ မအောင်မြင်ပါက အင်အားစုများ ဖြန့်ခွဲ၍ သံလွင်အနောက်ခြမ်း နယ်မြေ၊ အခြားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများနှင့် တရုတ်နိုင်ငံဘက်သို့ တိမ်းရှောင်သွားပြီး အခွင့်သာပါက ပြောက်ကျားနည်းဖြင့် စစ်ရေးလှုပ်ရှားမှုများ ပြန်လည်လုပ်ဆောင်မည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ လက်တွေ့ကျပြီး ထိရောက်မှုရှိသည့် လောက်ကိုင်ဒေသ နယ်မြေကာကွယ်ရေးနှင့်





လုံခြုံရေးစီမံချက်များအား ပြင်ဆင်ရေးဆွဲထားသင့်ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်တိမ်းရှောင်အဖွဲ့တွင် ခေါင်းဆောင်အဖြစ် သတ်မှတ်ထားသော ဖုန်ကြားရှင်အနေဖြင့် ကိုယ်ရေးမှတ်တမ်းအရ အသက် ၈၀ ကျော်ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ စစ်ရေး နိုင်ငံရေး အတွေ့အကြုံ ကြွယ်ဝပြီး အစဉ်အလာလူမျိုးစုခေါင်းဆောင်ဖြစ်သော သက်ကျားအို ဖုန်ကြားရှင်အား ရုပ်ပြထား၍ ၎င်း၏ အခြားမိသားစုဝင်များမှ လက်နက်ကိုင်ပဋိပက္ခများကို နောက်ကွယ်မှ ဦးဆောင်နေခြင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ဖုန်ကြားရှင်အပါအဝင် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေသူများအားလုံးအား ၎င်းတို့ ကျူးလွန်ခဲ့သည့် မူးယစ်ဆေးဝါးမှု၊ မတရားအသင်းဖွဲ့စည်းဆောင်ရွက်မှု၊ လူသတ်မှုများဖြင့် အမှုဖွင့် အရေးယူပြီး မျက်ကွယ်တွင် ပြစ်ဒဏ်များချမှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ **Interpol** နှင့် အိမ်နီးချင်းနိုင်ငံများသို့ တရားခံဖမ်းဆီး လွှဲပြောင်းပေးရေး နည်းလမ်းများ အပါအဝင် ဥပဒေကြောင်းအရ ဆောင်ရွက်သင့်သည်များကိုလည်း ကြိုတင်ဆောင်ရွက်ထားသင့်ကြောင်း တွေ့ရှိရပါသည်။ ၎င်းအဖွဲ့နှင့် တရားမဝင်ဆက်ဆံဆောင်ရွက်နေသည့် ပြည်တွင်းရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများကိုလည်း မတရားအသင်း အက်ဥပဒေများ အပါအဝင် အခြားနည်းလမ်းများဖြင့် ထိန်းချုပ်အရေးယူမှုများ ပြုလုပ်ထားသင့်ကြောင်း တွေ့ရှိရပါသည်။

လောက်ကိုင်ဒေသတွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ တရုတ်နိုင်ငံသို့ စစ်ဘေးရှောင် ဒုက္ခသည် များစွာ ရောက်ရှိခိုလှုံနေကြောင်း သတင်းဖော်ပြချက်များအရ တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးကန့်တိမ်းရှောင် သောင်းကျန်း သူများအနေဖြင့် တစ်ဖက်နိုင်ငံအတွင်း ဖွင့်လှစ်ထားသည့် ဒုက္ခသည်စခန်း (IDP-Camp) များအား အသုံးပြုခိုလှုံ လှုပ်ရှားမှု မရှိစေရန်နှင့် ဒုက္ခသည်များ အရေးအကြောင်းပြု၍ တရုတ်–မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး အဖုအထစ်မဖြစ်စေရေးအတွက် ဒုက္ခသည်များအရေးကိစ္စအား အမြန်ဆုံး ဖြေရှင်းဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။ ကိုးကန့်နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိရန် လုပ်ဆောင်ချိန် ကြာမြင့်လာသည်နှင့်အမျှ ပြည်ပ ဘေးပယောဂများ ဝင်ရောက်လာမည်ဖြစ်ရာ ကိုးကန့်ဒေသ မူလအခြေအနေသို့ အချိန်တိုအတွင်း ပြန်လည်ရောက်ရှိရေး နည်းလမ်းပေါင်းစုံ ကျင့်သုံးဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

တပ်မတော်နှင့် ကိုးကန့်တိမ်းရှောင်သောင်းကျန်းသူအဖွဲ့၏ အရပ်ဝတ်လက်နက်ကိုင်တပ်ဖွဲ့များ လောက်ကိုင်မြို့တွင် တိုက်ပွဲဖြစ်ပွားနေမှုများနှင့် ပတ်သက်၍ မြန်မာ့တပ်မတော်မှ ကိုးကန့်မျိုးနွယ်စုဝင် အရပ်သားများအား လူမျိုးတုံးသတ်ဖြတ်မှု ပြုလုပ်နေကြောင်း ဝါဒဖြန့်စွပ်စွဲ၍ တပ်မတော်ပုံရိပ် ကျဆင်းလာစေရန် ဆောင်ရွက်ပြီး ၎င်းတို့အား ထောက်ခံမှုရရှိလာစေရန် လုပ်ဆောင်နိုင်ပါသည်။ သို့ဖြစ်၍ ကိုးကန့်ဒေသ တိုက်ပွဲသတင်းများအား ဓာတ်ပုံနှင့်တကွ လျင်မြန်စွာ ဆက်လက်ထုတ်ပြန်ရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။





**တွေ့ရှိချက် (၇)**

လောက်ကိုင်ဒေသတိုက်ပွဲများသည် တောတွင်းတောင်ပေါ် စစ်ဆင်ရေးနည်းလမ်းများ အသုံးပြု တိုက်ခိုက်ကြရာမှ မြို့တွင်း တိုက်ပွဲအသွင်သို့ လျင်မြန်စွာ ကူးပြောင်းလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ တောင်ပေါ်တောတွင်းစစ်နည်းဗျူဟာများအပြင် မြို့တွင်းစစ်ဆင်ရေးနည်းလမ်းများကိုပါ ထိရောက်စွာ အသုံးချဆောင်ရွက်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ယာဉ်များဖြင့် လျင်မြန်စွာ ရွှေ့ပြောင်းတိုက်ပွဲဝင်နေကြောင်း တွေ့ရှိရသည့်အတွက် မိမိဘက်မှလည်း သမားရိုးကျ ခြေလျင်တပ်များသာမက ယာဉ်တင်ယန္တရားတင် ခြေလျင်တပ် **Motorized Infantry, Mechanized Infantry** များကို ကျစ်လျစ်စွာ ဖွဲ့စည်းဆောင်ရွက် အသုံးပြုသင့်ကြောင်း တွေ့ရှိရပါသည်။

လက်ရှိဖြစ်ပွားလျက်ရှိသော လောက်ကိုင်တိုက်ပွဲသင်ခန်းစာများအရ စစ်ကျောင်းကြီးများတွင် မြို့တွင်း စစ်ဆင်ရေး စာတွေ့၊ လက်တွေ့ သင်ခန်းစာများကို ယခုထက် ပိုမိုလေ့ကျင့်သင်ကြားပေးရန်နှင့် တပ်မတော် တန်းမြင့် လေ့ကျင့်ရေးကျောင်းများတွင် ဖွင့်လှစ်သည့် တပ်မ၊ တပ်ရင်းအဆင့် တိုက်ပွဲမှူးမံ သင်တန်းများတွင်လည်း ဖြစ်စဉ်များနှင့်ယှဉ်၍ မြို့တွင်းစစ်ဆင်ရေးနည်းလမ်းများ လက်တွေ့လေ့ကျင့်မှုများကိုပါ ထည့်သွင်း ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

သောင်းကျန်းသူများသည် အဖွဲ့ငယ်များခွဲ၍ လျင်မြန်စွာ ရွှေ့ပြောင်းလှုပ်ရှားနိုင်မှုများ၊ စိမ့်ဝင်နည်း ဗျူဟာကျင့်သုံးလျက်ရှိရာ



www.burmeseclassic.com

မိမိတို့တပ်မတော်အနေဖြင့်လည်း လိုအပ်သည့်နေရာများသို့ အချိန်တိုအတွင်း အင်အား ဖြည့်တင်းနိုင်ရေးအတွက် လေကြောင်းချီ ရဟတ်ယာဉ်ချီတပ်များ စုဖွဲ့လေ့ကျင့်ဆောင်ရွက်ထားသင့်ကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် အနာဂတ်တွင် စစ်ရေးပစ်မှတ်များကို တိကျစွာ ထောက်လှမ်းတိုက်ခိုက်နိုင်ရန်အတွက် မောင်းသူမဲ့ လေယာဉ် **UAV** များ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားသင့် ကြောင်း တွေ့ရှိရပါသည်။

လောက်ကိုင်ဒေသတိုက်ပွဲဖြစ်စဉ်များနှင့် တိုက်ပွဲတွင် သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်း၊ ပစ္စည်းများ၏ ဖော်ပြချက်များ အရ ကိုးကန့်သောင်းကျန်းသူအဖွဲ့သည် စနစ်တကျပြင်ဆင် စုဖွဲ့ လေ့ကျင့်မှုများ ဆောင်ရွက်ထားပြီး လုံလောက်သောအုပ်ချုပ် ထောက်ပံ့မှုနည်းလမ်းများ အသုံးပြုနေကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် တောင်ပေါ်၊ တောတွင်းစစ်နည်းဗျူဟာများ၊ မြို့တွင်း စစ်ဆင်ရေးနည်းလမ်းများ အသုံးပြုခြင်း အပါ အဝင် လက်ဖြောင့် သေနတ်သမား **Sniper Man** များအသုံးပြု၍ မိမိအရာရှိ၊ စစ်သည် များအား အမှည့်ခူးနေကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ မိမိ တပ်မတော်အနေဖြင့်လည်း သမားရိုးကျ သောင်းကျန်းမှုနှိမ်နင်းရေး စစ်နည်းဗျူဟာများအပြင် အထူးစစ်နည်းဗျူဟာများနှင့် တန်ပြန် လက်ဖြောင့်စစ်သည်များ အသုံးပြုခြင်းများ အပါအဝင် ရန်သူစုဖွဲ့မှု ပြုလုပ်နိုင်သည့်နေရာများ၊ သမားရိုးကျနှင့် အထူးစစ်နည်းဗျူဟာများ ပေါင်းစပ်ပူးတွဲ ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် ရန်သူဝင်ရောက်နိုင်သည့်လမ်းကြောင်းများ၊ ရန်သူ၏ ယာယီနှင့် အခိုင်အမာခံစစ်နေရာများ၊ အုပ်ချုပ်ထောက်ပံ့မှုနေရာနှင့်





လမ်းကြောင်းများကို ဂြိုဟ်တုဓာတ်ပုံ၊ လေကြောင်းဓာတ်ပုံမှတ်တမ်း များဖြင့် ကြိုတင်ထောက်လှမ်းထားပြီး လိုအပ်ချိန်တွင် အမြောက်ကြီး များ၊ အတွဲ လိုက် ဒုံးပစ်လောင်ချာ **Multiple Rocket Launcher System-MRLS** များဖြင့် ပစ်ခတ်နိုင်ရေး၊ လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ရေး ဆောင်ရွက်သွားသင့်ကြောင်း တွေ့ရှိရပါသည်။

လောက်ကိုင်ဒေသတိုက်ပွဲဖြစ်စဉ်များတွင် မိမိဆက်သွယ် ရေးလုံခြုံမှုအရေးပါသည့်အတွက် ဆက်သွယ်မှု လုံခြုံရေးနည်း လမ်းများ ကျင့်သုံးရန် လိုအပ်သကဲ့သို့ ရန်သူ့ကွပ်ကဲမှုနှင့် ဆက်သွယ် ရေးကွန်ရက်များကို လည်း **EW** နည်းလမ်းများဖြင့် ဟန့်တား နှောင့်ယှက်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။ မိမိဆက်သွယ် မှု လုံခြုံရန်အတွက် လက်ရှိအသုံးပြုနေသည့် ဆက်သွယ်ရေးစက်များ၊ ဂိုဒါးတယ်လီဖုန်းစနစ်များအပြင် လုံခြုံမှု စနစ်ပိုမိုကောင်းမွန်သည့် အခြားဆက်သွယ်ရေးစက်နှင့် **Encrypt** စနစ်များကိုပါ သုံးစွဲသင့် ကြောင်း တွေ့ရှိရ ပါသည်။ ၎င်းအပြင် ရန်သူ့ဆက်သွယ်ရေးစက်နှင့် ဆက်သွယ်မှုစနစ်များအား မိမိလိုင်းနှုန်းဖိဖျက်စက်များဖြင့် အနှောင့်အယှက်ပြုခြင်း၊ ရန်သူ့ဆက်သွယ်မှုများအား ကြားဖြတ်ဖမ်း ယူခြင်း၊ ကွပ်ကဲမှုနေရာနှင့်ဆက်သွယ်မှု ဌာနချုပ်များအား **Direction Finder** များဖြင့် တည်နေရာရှာဖွေခြင်းများအား ပြုလုပ် သွားသင့်ကြောင်း တွေ့ရှိ ရပါသည်။

**ဖော်ဆောင်ချက် (၈)**

ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် အင်အား တောင့်တင်းခိုင်မာသော ပြည်ထောင်စုတပ်မတော် ကို ရှေ့ပြေး



www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲတစ်ရပ်အနေဖြင့် တိုက်ခိုက်၍မဖြစ်နိုင်သည်ကို နားလည်သဘောပေါက်ပြီးဖြစ်ပါသည်။ ရေတို စစ်ပွဲဆင်နွှဲ၍ နိုင်ငံတော်အစိုးရအား အကျပ်ကိုင်တောင်းဆိုကာ လောက်ကိုင်နယ်မြေတွင် ပြန်လည်အခြေချရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ၎င်းတို့၏မူလရည်ရွယ်ချက်ဖြစ်သော လောက်ကိုင်ဒေသ စစ်ရေးလှုပ်ရှားမှုများ မအောင်မြင်ပါက လားရှိုးနှင့် မန္တလေးမြို့များအပါအဝင် အတွင်းပိုင်းရှိမြို့ကြီးများတွင် ဖောက်ခွဲဖျက်ဆီးမှုများ၊ အဖျက်အမှောင့်လုပ်ရပ်များ ဆက်တိုက်ပြုလုပ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် အကြမ်းဖက်မှုတိုက်ဖျက် ရေး လုံခြုံရေးအစီအမံများ ကြိုတင်စီမံဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်ဒေသပြဿနာသည် အချိန်တိုအတွင်း ထိန်းချုပ်မှုမရှိပါက လျင်မြန်စွာကျယ်ပြန့်ကြီးထွားလာနိုင်ပြီး နယ်စပ်ဒေသမတည်ငြိမ်မှုမှတစ်ဆင့် တစ်ဖက်နိုင်ငံ ပါဝင်ဆောင်ရွက်လာမှုကိုပါ မျှော်မှန်းထားရှိပြီး လိုအပ်ပါက ပြည်သူတစ်ရပ်လုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာဖော်ဆောင်ကျင့်သုံးနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း တွေ့ရှိရပါသည်။

နယ်စပ်ဒေသတွင် လှုပ်ရှားနေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အိမ်နီးချင်း နိုင်ငံများ၏ အထောက်အပံ့အကာအကွယ်ရယူ၍ ရေရှည်ဆက်လက် ရပ်တည်နိုင်ရန် ရည်ရွယ်လုပ်ဆောင်လျက် ရှိပြီး နိုင်ငံတော်အစိုးရမှ ဦးဆောင်ကြိုးပမ်းဆောင်ရွက်နေသည့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များကို အကြောင်းအမျိုးမျိုးပြ၍ ဆန့်ကျင်လျက်ရှိပါသည်။ မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းလက်နက်ကိုင်သောင်း





ကျန်းမှု ချုပ်ငြိမ်းရေးဆောင်ရွက်ရာတွင် စစ်ရေးနည်းလမ်းကျင့်သုံးမှုအပြင် သံတမန်ရေးနည်းလမ်းများ၊ စီးပွားရေး နည်းလမ်းများနှင့် နယ်စပ်ဒေသလုံခြုံရေးနှင့် စီမံခန့်ခွဲရေးနည်းလမ်းများကိုပါ ပူးတွဲပေါင်းစပ်ကျင့်သုံးသင့်ကြောင်း တွေ့ရှိရပါသည်။

တရုတ်–မြန်မာ ဆက်ဆံရေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်ရေးသည် အရေးပါသောအချက် တစ်ခု ဖြစ်ပါသည်။ ကိုးကန့်တိမ်းရှောင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အပါအဝင် **KIA** (ကချင်)အဖွဲ့၊ **UWSA**(ဝ)အဖွဲ့နှင့် **NDAA**(မိုင်းလား)အဖွဲ့များသည် တရုတ်–မြန်မာ နယ်စပ်တစ်လျှောက်တွင် အခြေပြုလှုပ်ရှားလျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ အောက်ခြေအဆင့်ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ၊ စီးပွားရေးသမားများနှင့် တရားမဝင် ဆက်ဆံဆောင်ရွက်မှုများရှိနေပြီး နိုင်ငံရေး၊စစ်ရေး၊ စီးပွားရေး ကူညီထောက်ပံ့မှုများ သွယ်ဝိုက်ရရှိနေရာ နှစ်နိုင်ငံ မိတ်ဝတ်မပျက်ဆက်ဆံရေးအတွက် တရုတ်တို့အနေဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် မူးယစ်ဆေးဝါးဆန့်ကျင် တားဆီးရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပေးအပ်ထားသည့် ကတိကဝတ်များ တည်ကြည်ခိုင်မြဲရန်လိုအပ်ကြောင်း သံတမန်ရေးနည်းလမ်း၊ မီဒီယာနည်းလမ်းများဖြင့် ထောက်ပြပြောဆိုသင့်ကြောင်း တွေ့ရှိရပါသည်။

ယခင်သမိုင်းကြောင်းအရ တရုတ်နိုင်ငံအနေဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီအား ကျောထောက်နောက်ခံ ပြု၍ စစ်ရေး၊ နိုင်ငံရေးအရ နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို စည်းရုံးထောက်ပံ့ကာ မိမိတို့နိုင်ငံအပေါ် နိုင်ငံရေး၊ စစ်ရေးအရ

www.burmeseclassic.com



လွှမ်းမိုးနိုင်ရေးဆောင်ရွက်ခဲ့သည့် သာဓကများလည်း ရှိခဲ့ ကြုံခဲ့ဖူးပြီး ဖြစ်ပါသည်။ ယခုလက်ရှိအခြေအနေတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်း ရေးကာလ လိုအပ်ချက်အရ တရုတ်နိုင်ငံ၏ မဟာဗျူဟာပြိုင်ဘက်ဖြစ်သော အမေရိကန်အပါအဝင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများ တိုးတက်များပြားလာပြီး နိုင်ငံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများမှသည် စစ်ရေးအရ အကူအညီ၊ အထောက်အပံ့များပါရရှိလာပြီး မြန်မာနိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများ နီးကပ်စွာ ဆက်ဆံဆောင်ရွက်လာနိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်လာမှုအပေါ် စိုးရိမ်မကင်း ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် တရုတ်-မြန်မာ နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို စီးပွားရေးနှင့် စစ်ရေးဆိုင်ရာအထောက်အပံ့များပေး၍ ကြားခံအဖွဲ့အစည်းများအဖြစ် အသုံးချကာ ၎င်း၏နိုင်ငံခြားရေးမူဝါဒနှင့် မဟာဗျူဟာရည်မှန်းချက်များကို ပုံဖော်ဆောင်ရွက်လာနိုင်ဖွယ်ရှိကြောင်း တွေ့ရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် စီမံကိန်းကြီး များအပေါ် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုအညွှန်းကိန်း **(Extrative Industries Transparency Initiative-EITI)**၊ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု **(Environmental Impact Assessment-EIAs)** ပြဿနာများအပါအဝင် မြေသိမ်း၊ ယာသိမ်းပြဿနာများကို အကြောင်းပြု၍ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ လှုံ့ဆော်မှုအရ ဒေသခံပြည်သူအချို့မှ ကန့်ကွက်





နေမှုအား မြန်မာနိုင်ငံ ဘက်မှ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝ ရရှိရေးအတွက် တရုတ်-မြန်မာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရေးကိစ္စရပ်များအပေါ် သံတမန်ရေးရာအရ အပေးအယူ၊ အလျှော့အတင်း ကစားကွက်ပြုလုပ်လာနိုင်ကြောင်း တွေ့ရှိရပါသည်။

## တွေ့ရှိချက် (၆)

လောက်ကိုင်ဒေသတွင် ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရေးအရ အလွန်အကျွံ လှုပ်ရှား ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့မှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးကို ခေါ်ယူတွေ့ဆုံရှင်းလင်းပြောကြားခဲ့ပြီး ၎င်းနေ့၌ပင် တရုတ်တို့ ဘက်မှလည်း တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကို ခေါ်ယူတွေ့ဆုံခဲ့ကြောင်း တွေ့ရှိရပါသည်။ လောက်ကိုင်ဒေသသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ကိုးကန့်တိမ်းရှောင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့တွင် တရုတ်နိုင်ငံမှ တရုတ်နိုင်ငံသားနည်းပြများ၊ ကြေးစားစစ်သားများပါဝင်ကြောင်း သက်သေအထောက်အထားများနှင့် တွေ့ရှိခဲ့ရ သဖြင့် ၎င်းကိစ္စရပ်များအပေါ် တရုတ်တို့ဘက်မှ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရရှိရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာကျင့်ဝတ်စံနှုန်းများနှင့်အညီ သံတမန်ရေးအရ လက်ဦးမှုရယူကန့်ကွက်ခြင်း၊ သတိထောက် ကန့်ကွက်လွှာများ ပေးပို့ခြင်းတို့အား လိုအပ်သလိုဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးကြီးပြီး သတိထားဆက်ဆံရမည့် အိမ်နီးချင်းအင်အား ကြီးနိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း တရုတ်နိုင်ငံအတွက် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာမြောက် လွန်စွာအရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ မဖြစ်မနေဆက်ဆံ၍ နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ရာ နယ်စပ်ဒေသတည်ငြိမ်မှုအပေါ် ကြိုးကိုင်ခြယ်လှယ်နိုင်မှု မခံရစေရေး သံတမန်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် တိုင်းရင်းသားများ အားလုံးပါဝင်သည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအား အမြန်ဆုံး ပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

လက်ရှိ လောက်ကိုင်ဒေသတိုက်ပွဲများတွင် နယ်မြေပြင်ပမှဝင်ရောက်လာသော သောင်းကျန်းသူများနှင့် ဒေသအတွင်းယခင်ကတည်းက စိမ့်ဝင်နေသည့် အလုပ်သမားများဟန်ဆောင်ထားသော သောင်းကျန်းသူများ ပူးပေါင်းပြီး ဒေသန္တရအင်အားသာလွန်မှုကို တည်ဆောက်၍ တပ်မတော်၏ကွပ်ကဲမှုဌာနချုပ်၊ တပ်ရင်းဌာနချုပ်များနှင့် နယ်မြေထိန်းစခန်းများကို ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ကာ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက် တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် တရုတ်-မြန်မာနယ်စပ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်း ကိစ္စများကိုလည်း မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ဆောင်ရွက်နေသည့် နယ်စပ်ဒေသလူဝင်မှု ကွပ်ကဲကြီးကြပ်ရေးကိစ္စရပ်များကဲ့သို့ အထူးအရေးကြီးကိစ္စ





တစ်ရပ်အဖြစ် စနစ်တကျစီမံဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများသည် အဓိက အခန်းကဏ္ဍတွင်ပါဝင်သည်ဟု ရှုမြင်ထားပါသည်။ တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရာတွင် မိတ်ဝတ်မပျက်ဆက်ဆံရေးကို အဓိကထားပုံဖော်နေသော်လည်း ၎င်းတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်လုံခြုံရေး၊ အချုပ်အချာအာဏာတို့နှင့်ပတ်သက်လာပါက သဘောထားတင်းမာစွာ ရပ်တည်ဆောင်ရွက် လေ့ရှိကြောင်း တောင်တရုတ်ပင်လယ်အငြင်းပွားမှုပြဿနာတွင် အထင်အရှား တွေ့ရှိရသဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရာတွင် သတိကြီးစွာထား၍ ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

**ဖော်ထုတ်ချက် (၁၀)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုးကန့်ဒေသဖြစ်ပေါ်နေမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ သတင်းနှင့် စာနယ်ဇင်းကောင်စီ(ယာယီ)အပါအဝင် သတင်းဌာနများနှင့် တွေ့ဆုံပြီး တပ်မတော်၏နယ်မြေဒေသ ကာကွယ်ရေးနှင့် အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ဆောင်ချက်များ၊ လောက်ကိုင်ဒေသတွင် ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်အကြွင်းဖက်သောင်းကျန်းသူများ၏ ဝင်ရောက်ကျူးကျော်တိုက်ခိုက်လာမှုကို တပ်မတော်မှ ထိရောက်စွာ ဟန့်တားနိုင်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်း မီဒီယာများသို့ အချိန်နှင့်တစ်ပြေးညီ မှန်ကန်လျင်မြန်စွာ သတင်း

www.burmeseclassic.com



ထုတ်ပြန်ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် လောက်ကိုင် ဒေသနှင့်ပတ်သက်သည့် သတင်းမှန်များအားသိမြင်၍ တပ်မတော်အပေါ် ထောက်ခံမှုအပြည့် အဝ ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကိုးကန့် အကြမ်းဖက်သောင်းကျန်းသူသမိုင်းကြောင်းနှင့် လောက်ကိုင်ဒေသသို့ ကိုးကန့်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ် ရှင်းလင်း ပွဲကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး မှဦးစီး၍ ပြည်တွင်းသတင်းဌာန ၂၇ ခုနှင့် ပြည်တွင်း အခြေစိုက် ပြည်ပသတင်းဌာန ၈ ခုတို့ဖြင့် ပြုလုပ်ခဲ့ပါသည်။ ထိုကဲ့သို့ ခိုင်မာသောအထောက်အထားများဖြင့် ရှင်းလင်းမှုကို မြန်မာနိုင်ငံရှိ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများကိုပါ ခေါ်ယူတွေ့ဆုံရှင်းလင်း သင့်ကြောင်းနှင့် လိုအပ်ပါက တိုက်ပွဲဖြစ်ပွားနေသည့် လောက်ကိုင် ဒေသသို့ပါ ခေါ်ယူရှင်းလင်းပြသမှုများ လုပ်ဆောင်သင့်ကြောင်း တွေ့ရှိရပါသည်။

လောက်ကိုင်ဒေသတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးအတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ကာ အုပ်ချုပ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက် နိုင်ရေး ကြိုးပမ်းခဲ့သော်လည်း အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာသဖြင့် နိုင်ငံတော်သမ္မတရုံးမှ ဥပဒေကဲ့သို့အာဏာ တည်သော အမိန့်အမှတ် ၁/၂၀၁၅ ကို ထုတ်ပြန်ပြီး အရေးပေါ် အခြေအနေ ကြေညာခဲ့ပါသည်။ ထို့နောက် အမိန့်အမှတ် ၂/၂၀၁၅ ကို ဆက်လက်ထုတ်ပြန်ပြီး စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ခဲ့ပါ





သည်။ အဆိုပါအမိန့်ထုတ်ပြန်ဆောင်ရွက်မှုအပေါ် ဆန့်ကျင်ဘက်လူ ပုဂ္ဂိုလ်အဖွဲ့အစည်းများမှ ဝါဒဖြန့်ချိဆောင်ရွက်လာနိုင်သဖြင့် တပ်မတော်အနေဖြင့် တရားဥပဒေ စိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ ချင့်ချိန်၍ လိမ္မာပါးနပ်စွာ ထိန်းသိမ်းဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

တပ်မတော်အနေဖြင့် လောက်ကိုင်ဒေသကို မူလအခြေ အနေသို့ ပြန်လည်ရောက်ရှိကာ ဒေသခံပြည်သူများ တည်ငြိမ် အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် သောင်းကျန်းသူများ အခြေချ လှုပ်ရှားနိုင်မှုမရှိစေရေးနှင့် နယ်စပ် ဒေသတစ်လျှောက် စိမ့်ဝင်ထိုး ဖောက်ခြင်းမပြုနိုင်ရေး ထပ်မံအင်အားဖြည့်တင်းကာ အစွမ်းကုန် ကြိုးစားရှင်းလင်း ဆောင်ရွက်လျက်ရှိပါသည်။ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဒေသလုံခြုံရေးအား ဆောင်ရွက် ပေးလျက်ရှိသော်လည်း လက်ရှိအခြေအနေတွင် လောက်ကိုင်မြို့နယ် အတွင်း တည်ငြိမ်အေးချမ်းသည့်အခြေအနေသို့ ပြန်လည်ရောက်ရှိ ရန်လိုအပ်နေကြောင်း တွေ့ရှိရသည့်အတွက် လုံခြုံရေးနှင့် တည်ငြိမ်မှု စစ်ဆင်ရေးများအား တပ်အင်အားလုံလောက်စွာအသုံးပြု၍ အချိန် ကန့်သတ်မှုမရှိဘဲ ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း တွေ့ရှိ ရပါသည်။

လောက်ကိုင်ဒေသအရေးအခင်းအပေါ် နိုင်ငံတော်နှင့် တပ်မတော်၏ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်မှုအပေါ် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများ၏ အမျိုးသားရေးအသိနှင့်ယှဉ်သော အားပေး ထောက်ခံမှုများသည် ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလအတွင်း မကြုံစဖူး ထူးကဲစွာပေါ်ပေါက်လာသည့်အတွက် တပ်မတော်အနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့သော အမျိုးသားရေးစည်းလုံးညီညွတ်မှုဖြင့် အားပေးထောက်ခံမှုကို ရေရှည်ဆက်လက်ထိန်းသိမ်းထား နိုင်ရေးအတွက် တပ်တွင်း/တပ်ပြင် စည်းရုံးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။ ပြည်သူလူထု၏ တပ်မတော်အပေါ် အားပေးထောက်ခံမှု အရှိန်အဟုန် မကျဆင်းစေရေးအတွက် မြန်မာ့တပ်မတော်၏သမိုင်းကြောင်းနှင့် စစ်ရေးစွမ်းရည်ပြသနိုင်သည့် တိုက်ပွဲရုပ်ရှင်မှတ်တမ်းများဖြစ်သော အမိမြေမှသားကောင်းများ၊ အောင်လံလွှင့်ချီအရှေ့မြောက်ဆီ၊ ချူးရွှေမှ အပြန်၊ ကြယ်စင်မော်ကွန်း၊ ကွမ်လုံ ရက် ၄၀ တိုက်ပွဲ စသည့်ဇာတ်ကားများအပါအဝင် အခြားရုပ်ရှင်ဇာတ်ကားများအား မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ စဉ်ဆက်မပြတ် ပြသလျှံဆော်သင့်ကြောင်း တွေ့ရှိရ ပါသည်။

**ဖော်ထုတ်ချက် (၁၁)**

လောက်ကိုင်ဒေသတိုက်ပွဲများတွင် ဒဏ်ရာရရှိခဲ့သည့် အရာရှိ စစ်သည်များအား နီးစပ်ရာ တပ်မတော် စစ်ဆေးရုံကြီးများသို့ လေယာဉ်၊ ရဟတ်ယာဉ်များအသုံးပြု၍ အမြန်ဆုံးပို့ဆောင်ကုသပေးခြင်း၊ ကျဆုံးဒဏ်ရာရ အရာရှိ၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲများ အပါအဝင် လူထုလူတန်းစားအဖွဲ့အစည်းများမှ ကိုယ်တိုင်သွားရောက်အားပေးကူညီထောက်ပံ့ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် ရှေ့တန်းစစ်မြေပြင်တွင် ကျဆုံးခဲ့ရသည့်





အရာရှိ၊ စစ်သည်များ၏ အရိုးပြာအိုးများအား လားရှိုးမြို့ရှိ အညတရစစ်သည်ဗိမာန်တွင် စစ်အခမ်းအနားဖြင့် ဂူသွင်းသင်္ဂြိုလ်မှုပြုလုပ်ပေးပြီး "အမွန်မြတ်ဆုံး သော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်" အဖြစ် သတ်မှတ်ဂုဏ်ပြုလျက်ရှိပါသည်။ အထက်ပါ ဆောင်ရွက်ချက်များသည် တပ်မတော်၏ တိုက်စွမ်းရည်ထက်မြက်မြင့်မားစေရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်မှု ကျစ်လစ်ခိုင်မာရေးလုပ်ငန်းစဉ်များကို များစွာအထောက်အကူပြုလျက်ရှိပြီး တပ်နှင့်ပြည်သူ တစ်သားတည်း ရှိနေမှုကို ကမ္ဘာသိဖော်ထုတ်ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

လောက်ကိုင်ဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှုသည် နိုင်ငံတော်လုံခြုံရေးကိုထိပါးခဲ့သည့်ဖြစ်စဉ်ဟု သတ်မှတ်နိုင်ပါသည်။ အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အခြားအစိုးရဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းရရှိပါက သတင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းများအပြင် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေနှင့် စပ်လျဉ်းသောဖြစ်စဉ် ဖြစ်ပွားလာပါကလည်း ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံထားရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

ကိုးကန့်လက်နက်ကိုင်အဖွဲ့အစည်းသည် ပြည်တွင်းသောင်းကျန်းမှုသမိုင်းတွင် ကိုးကန့်စော်ဘွားများ၏ ကိုယ်ပိုင်တပ်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်လည်းကောင်း၊ ရှမ်းတိုင်းရင်းသား လက်နက်အဖွဲ့၏ လက်အောက်ခံအဖြစ်လည်းကောင်း၊ နောက်ဆုံးတွင် ဗမာပြည်ကွန်မြူနစ် ပါတီလက်အောက်ခံ တိုင်းရင်းသားလက်နက်ကိုင်တပ်အဖြစ် လည်းကောင်း လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီလက်အောက်မှ ပုန်ကန်ခွဲထွက်ခဲ့ပြီး နိုင်ငံတော်နှင့် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်မှ ကိုးကန့်အထူးဒေသ(၁)အဖြစ် သတ်မှတ်ပြီး နယ်စပ်ဒေသတည်ငြိမ်အေး ချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ပံ့ပိုးကူညီစီမံဆောင်ရွက်ပေးခဲ့ပါသည်။ သို့ရာတွင် ငြိမ်းချမ်းရေး ရယူပြီးနောက်ပိုင်း ခေါင်းဆောင်များအတွင်း အာဏာလုမှုများ၊ ဥပဒေမဲ့ကိုယ်ကျိုးစီးပွားရှာမှုများ၊ မူးယစ်ဆေးဝါး ပြဿနာများ၊ မျိုးနွယ်စုများအတွင်း ပဋိပက္ခများ မကြာခဏဖြစ်ပေါ်ခဲ့ပြီး တပ်မတော်အနေဖြင့် ဒေသခံပြည်သူ လူထု ထိခိုက်နစ်နာမှုမရှိစေရန် လိုအပ်ချက်အရ ဝင်ရောက်ဖြေရှင်းထိန်းသိမ်းဆောင်ရွက်ပေးခဲ့ပါသည်။ "ဖုန်" မျိုးနွယ်နှင့် "ရန်" မျိုးနွယ်စု (၁၉၉၅) ဒုတိယအကြိမ်အရေးအခင်းအပြီး ဖုန်ကြားရှင်ခေါင်းဆောင်သော "ဖုန်" အုပ်စုအနေဖြင့် ကိုးကန့်ဒေသအား ပြန်လည်ဦးဆောင်ခွင့်ရရှိခဲ့ပါသည်။ ဆွေစဉ်မျိုးဆက် အာဏာရယူလိုခြင်း၊ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်လိုစိတ်မရှိခြင်း၊ အခွင့်ထူးခံ စီးပွားရေးအခွင့်အလမ်းများအား လက်မလွှတ်နိုင်ခြင်း၊ တရားမဝင် လက်နက်နှင့် မူးယစ်ဆေးဝါးကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခြင်းနှင့် ဥပဒေမဲ့စီမံအုပ်ချုပ်ခြင်းတို့ကြောင့် ၂၀၀၉ ခုနှစ်တွင် နိုင်ငံတော်နှင့်





တပ်မတော်မှ တရားဥပဒေနှင့်အညီ ဝင်ရောက်တားဆီး ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ဖုန်ကြားရှင်ဦးဆောင်သော အကြမ်းဖက်သမားတစ်စုသည် ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါသည်။ သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ နိုင်ငံတော်အနေဖြင့် ဖုန်ကြားရှင်အား သင်ပုန်းချေလွှတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ ကိုးကန့်ဒေသအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်သတ်မှတ်ပြီး ကိုးကန့်ပြည်သူလူထု၏ သဘောဆန္ဒနှင့်အညီ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဖွဲ့စည်းကာ အုပ်ချုပ်စေခဲ့ပါသည်။ သို့သော် အထူးဒေသ(၄) မိုင်းလားနယ်မြေတွင် တိမ်းရှောင်နေသည့် ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ကိုးကန့်ကို ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားဖြုတ်ချ၍ ၎င်းတို့အဖွဲ့အာဏာပြန်လည်ရယူကာ လွတ်မြောက်နယ်မြေအဖြစ် ကြေညာနိုင်ရန်အတွက် စစ်ရေးလှုပ်ရှားမှုများအား တိုးမြှင့်ဆောင်ရွက်လာခဲ့ပြီး ဒေသမတည်မငြိမ်ဖြစ်စေရန် ပြုလုပ်ဆောင်ရွက်လာခဲ့ပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် အဓိကတာဝန်ယူထားရသည့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ပိုင်နက်နယ်မြေကာကွယ်ရေး အတွက် "အသက်၊ သွေး၊ ချွေး စဉ်မနှေး ပေးဆပ်သည်မှာ တပ်မတော်ပါ" ဆိုသည့်အတိုင်း အသက်ခန္ဓာ ရင်း၍ ကိုးကန့်ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တရားသောစစ်ပွဲများကို ဆင်နွှဲလျက်ရှိပါသည်။ လက်ရှိ အခြေအနေတွင် တပ်မတော်အနေဖြင့် ကိုးကန့်ဒေသတည်ငြိမ်မှုစစ်ဆင်ရေးများအား အဆင့်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းလိုက် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိလျက်ရှိပါသည်။ တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်မှုအပေါ် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူလူထုမှလည်း တစ်ခဲနက်အားပေးထောက်ခံလျက်ရှိရာ တပ်မတော်၏ ကိုးကန့်ဒေသ စစ်ဆင်ရေးအောင်မြင်မှုများသည် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏အောင်ပွဲ ပင်ဖြစ်ပြီး ကိုးကန့်ဒေသသည်လည်း မကြာမီကာလအတွင်း တည်ငြိမ်အေးချမ်းသည့် မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

■



# အခန်း ( ၁၁ )

## နေ့စဉ်ထုတ်သတင်းစာ နှင့် ဂျာနယ်များမှ ကောက်နုတ်ဖော်ပြချက်များ

ဆက်လက်၍ လောက်ကိုင်ဒေသတိုက်ပွဲများနှင့် ပတ်သက်၍ နေ့စဉ်ထုတ်သတင်းစာနှင့် ဂျာနယ်များမှ ဆောင်းပါးများကို ရွေးထုတ်ဖော်ပြပါမည်။

### ကိုးကန့်ဒေသ သမိုင်းနောက်ခံ

ဒေါက်တာနန်းလှိုင်

ကိုးကန့်ဒေသသည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဖျားပိုင်း၌ တည်ရှိပြီး ပင်လယ်ရေမျက်နှာ ပြင်အထက် အမြင့်မားဆုံးနေရာသည် ၂၉၄၈ မီတာအမြင့်၌ တည်ရှိနေပါသည်။ ဧရိယာ စတုရန်းမိုင်ပေါင်း ၄၀၀၀၊ ကီလိုမီတာအားဖြင့် ၁၀၀၀ ကျယ်ဝန်းပြီး ၂၀၀၉ ခုနှစ်တွင် လူဦးရေ စုစုပေါင်း ၁၅၀၀၀၀ မျှရှိပြီး တစ်စတုရန်း



www.burmeseclassic.com

www.burmeseclassic.com



မိုင်တွင် ၃၉ ဦးမျှသာ ရှိပါသည်။ ကိုးကန့်ဟူသောအမည်မှာ မြန်မာဘာသာစကားဖြစ်ပြီး တရုတ်ဘာသာ၌ "ပင်းယ" ပင်ဖြစ်သည်။ မြို့တော်မှာ လောက်ကိုင်ပင် ဖြစ်သည်။ အင်္ဂလိပ်ပညာရှင်ဂျေ၊ ဂျော့ချ်စကော့တ်က ကင်းမြို့ ကိုးမြို့ရှိခြင်းကြောင့် ကိုးကင်း (ကိုးကန့်) ဟုခေါ်ကြောင်း အဓိပ္ပာယ်ဖွင့်ပါသည်။ ထိုကိုးမြို့မှာ တော်နို (Taw Nio)၊ ယောင်ဖန် (Yaun Fang)၊ ပန်ဆန်း (Pang Sung)၊ ပန်ယန်း (Pang Yung)၊ ကန်ဖန်း (Ken Fan)၊ ကန်ငဲ (Ken nge)၊ ကန်ပွိ (Ken Pwi)၊ မော်ထိုင် (Maw Htai)၊ နှင့် မိုင်းဟန် (Mong Hawn) တို့ဖြစ်ကြသည်။ ရေရှားပါးလွန်းသဖြင့် လူနေအလွန်နည်းပါးသည်ဟုဆို၏။ ဘိန်း သည် ကိုးကန့်ဒေသ၏ အဓိကစိုက်ပျိုးရေးဖြစ်ပြီး ၁၈၉၂ ခုနှစ်တွင် ဘိန်းစိုက်ဧက တစ်ထောင်ကျော်ရှိကြောင်း သိရသည်။

ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ဘိန်း တစ်ပိဿာ၊ ၃၀ ကျပ်သားခန့်ထွက်ရှိ၍ နှစ်စဉ် ဘိန်းစိမ်း ပေါင်တစ်သောင်းကျော်မှ ထွက်ရှိ၏။ ဘိန်းတစ်ပိဿာလျှင် အိန္ဒိယငွေ ခြောက်ရူပီး ဈေးပေါက်ပြီး ဈေးထဲတွင် ရူပီး (၁၀) အထိရှိ၏။ ထွက်ရှိသောဘိန်းအားလုံးနီးနီးမှာ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး သံလွင်မြစ်ကိုဖြတ်၍ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာမှုမှာ အလွန်နည်းပါးလှ၏။ ဘိန်းကို ဈေးပေါပေါဖြင့်ရရှိသော နေရာများရှိ ဒေသခံများမှ ကျန်းမာသန်စွမ်းကြပြီး ဆင်းရဲသားဘိန်းစားတစ်ဦးသည် ဘိန်းစားရရှိရန် အစာအငတ်ခံကြရသည်ကို ဘုရားသခင်၏လက်ဆောင် "ပူရှိမ်းပြား" ဟု မှတ်ယူထားကြ၏။ ဘိန်းစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ဒေသခံများသည် ဂုဏ်ငယ်သည်ဟု မထင်မှတ်ခဲ့ကြပါ။





ကိုးကန့်ဒေသတွင် လူတိုင်းလိုလို အချိန်တိုင်း၌ ဘိန်းရှူ တတ်ကြသည်မှာ ဓလေ့ပင်ဖြစ်လာခဲ့သည်။ ကိုးကန့်ဒေသရှိ တရုတ်ရွာတိုင်း ဘိန်းစိုက်ခဲ့ကြသည်။

**(Scott, 1900; GUBSS, Part I, Vol II, P. 360)**

သမိုင်း၌ ၁၇ ရာစုအလယ်တွင် နန်ကျင်းမှ မင်မင်းဆက်၏ သစ္စာအောက်ခံများဖြစ်ခဲ့ကြပြီး ယန်မ မျိုးနွယ်ဝင် တရုတ်စစ်တပ် ထွက်ပြေးလာခဲ့ရာမှ ယနေ့မြန်မာနိုင်ငံ အရှေ့ပိုင်း ရှမ်းပြည်နယ် နယ်စပ်ဒေသသို့ ပြောင်းရွှေ့လာခဲ့သူများဖြစ်ကြသည်။ ၁၃၇၉ ခုနှစ် ယွမ်ရှိနိုင်က တည်ထောင်ပေးပြီး တရှယ်ထန်ဒေသ(ထိုစဉ်–ဖင်ဒဲ၊ ဟောင် **Xing Sahu** ) တစ်ဝိုက်၌ အခြေချခဲ့ကြသည်။ ၁၇၉၅ ခုနှစ်တွင် ယန်ယူဂျန်( **Yan You Gen**) အကြီးအကဲဖြစ်လာခဲ့သည်။ မကြာမီ ယန်ယူဂျန်သည် မိမိကိုယ်ကိုယ် "ဟောင်" **Heng** ဟု သမုတ်၍ တရှယ်ထန်အား ကိုးကန့်ဟု ခေါ်တွင်စေခဲ့သည်။ ၁၈၄၀ ခုနှစ်တွင် တရုတ်ကွင်မင်းဆက်သည် ယန်ယူဂျန်အား ရာဇဝတ်တရားသူကြီးအဖြစ် ဘွဲ့အပ်နှင်းခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် "ဟောင်" သေလွန်ပြီး ညီငယ်ဖြစ်သူ ယန်ဂိုးဇန်း(**Yan Guozx eng**) က အမွေဆက်ခံခဲ့သည်။ ယင်း၏လက်ထက်တွင် မြန်မာနိုင်ငံသည် ဗြိတိသျှ ကိုလိုနီလက်အောက်ခံဘဝ ကျရောက်ခဲ့ပြီး အင်္ဂလိပ်တို့နှင့် ငြိမ်းချမ်းစွာဆက်ဆံလာခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် ယန်ဂိုဇန်းသည် မျက်စိကွယ်ခဲ့သဖြင့် တူတော်ဖြစ်သူ ယန်ချွန်ယောင် (**Yan Chunrong**) အား နေရာပေးခဲ့သည်။ အင်္ဂလိပ်အစိုးရက ယန်ချွန်ရောင်အား မြို့စားအဖြစ် ပေးအပ်ခဲ့သည်။ အင်္ဂလိပ်အစိုးရက



www.burmeseclassic.com

www.burmeseclassic.com



ယန်ချွန်ယောင်အား မြို့စားအဖြစ်ပေးအပ်ခဲ့ပြီး ၁၉၂၇ ခုနှစ်တွင် သေဆုံးသွား၏။ သူ၏သားဖြစ်သူ တပ်မှူး စစ်ယန်ဝမ်းပင်း (**Sao Yang Wen Ping**) အား ကိုးကန့်စော်ဘွားအဖြစ် အသိမှတ်ပြုခဲ့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် ကိုးကန့်ဒေသအား ရှမ်းပြည်နယ်မှ သီးခြား နယ်မြေအဖြစ်အသိအမှတ် ပြုခြင်းခံရသည်။ ၁၉၄၉ ခုနှစ်တွင် စစ်ယန်ဝမ်းပင်းကွယ်လွန်ပြီး သားဖြစ်သူ စဝ်အ(ဒ်) ဒဝါ့(ဒ်) ယန်ကျိုင်းစိုင် (**Sao Edward Yang Kyein Tasi**) ဆက်ခံခဲ့သည်။ သို့သော် ၁၉၅၉ ခုနှစ် တော်လှန်ရေးကောင်စီက ရှမ်းပြည်နယ်၌ စော်ဘွားများအာဏာစွန့်နိုင်းခဲ့ရာ ကိုးကန့်စော်ဘွားလည်း အရိုက်အရာမှ ဖယ်ရှားခံ ခဲ့ရသည်။ ကွန်မြူနစ်ပါတီ ပြိုကွဲသောအခါ ကိုးကန့်ဒေသအား မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း၌ ပထမဦးဆုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။ ၁၉၈၉ ခုနှစ်ကတည်းက ကိုးကန့်အထူးဒေသအား ဖုန်ကြားရှင် (**Peng Jiasheng**) ကအုပ်ချုပ်ခဲ့သည်။ ထိုအထူးဒေသသည် လားရှိုးမှ (၁၁၅) မိုင်၊ (၇) ဖာလုံ၊ ကွမ်းယံမှ (၄၂) မိုင်အကွာ၌ တည်ရှိသည်။ အဓိကမြို့မှာ လောက်ကိုင် (တရုတ်အခေါ် ပင်းယင်) ပင်ဖြစ်သည်။ နှစ်စဉ် မိုးရေချိန် (၄၀) လက်မသာ ရရှိသောဒေသဖြစ်သည်။ ဖုန်ကြားရှင်သည် စိချွမ်နယ်မှ ဆင်းသက်လာသူဖြစ်ပြီး ၁၉၃၁ ခုနှစ်တွင် ကိုးကန့်ကျောက်နီမြစ်အတွင်း မွေးဖွားခဲ့ပါသည်။ မွေးချင်း (၇) ဦးအနက် အကြီးဆုံးသားဖြစ်ပါသည်။ ၁၉၄၉ ခုနှစ်တွင် စဝ်အ(ဒ်)ဝါ့(ဒ်) ကိုးကန့်စော်ဘွားထံ၌ စစ်ပညာ သင်ယူခဲ့သည်။ ထို့နောက် ယင်း၏တပ်၌ ဗိုလ်ကြီးအဆင့်ရာထူးဖြင့် တာဝန်ထမ်းခဲ့





သည်။ ၁၉၆၉ ခုနှစ်တွင် ဖုန်ကြားရှင်သည် ကိုးကန့်ဒေသ၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ နှစ်ပေါင်း (၂၀) တိုင်အောင် ဗမာပြည် ကွန်မြူနစ်ပါတီ (**CPB**) ၏ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဗကပပြိုကွဲခဲ့ပြီးနောက် ဖုန်ကြားရှင်သည် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်(**the National Democratic Alliance Army**) ကို တည်ထောင်ခဲ့ပြီး တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၌ ဖုန်ကြားရှင်သည် ဘိန်းမူးယစ်ဆေးဝါးထုပ်လုပ်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဘာတေးလစ်တနာ (**Bertin Lintner**) ၏ အဆိုအရ ၁၉၇၀ နှစ်များမှစတင်၍ ပထမဦးဆုံးသောမူးယစ်ဆေးဝါး ထုတ်စက်ရုံကို မြန်မာနိုင်ငံ၌ တည်ထောင်ခဲ့သူဖြစ်သည်။ နှစ်ပေါင်း (၂၀) တိုင်တိုင် တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုကို ပြုလုပ်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် စာနယ်ဇင်းနှင့် မူးယစ်ကျွမ်းကျင်များကိုဖိတ်ခေါ်ပြီး (၁၀) နှစ်အတွင်း မူးယစ်ဆေးဝါးနှင့် ဘိန်းကင်းစင်ရေးကို အကောင်အထည်ဖော်မည်ဟု ပြောကြားခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် မူးယစ်ကင်းစင်ဒေသအဖြစ် ကိုးကန့်အာဏာပိုင်များက ကြေညာခဲ့သည်။ သို့ရာတွင် ဖုန်ကြားရှင် သည် အာရှကမ္ဘာ၏ ဘိန်းဘုရင် လော်စစ်ဟန်၊ သူ၏သား စတီဗင်လော်(ထွန်းမြင့်နိုင်) တို့နှင့် နီးကပ်စွာဆက်ဆံနေသူဖြစ်ပါသည်။ ယင်းတို့နှင့်အတူ စင်ကာပူ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည်ဟု သိရသည်။ ၁၉၉၂ ခုနှစ်တွင် ယန်မိုးလျှမ်က တိုက်ခိုက်သိမ်းပိုက်ခဲ့သဖြင့် ဖုန်ကြားရှင်သည် ယာယီအားဖြင့် ဖယ်ရှားခြင်းခံခဲ့ရသည်။ ထိုစဉ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



(တပ်မတော်အစိုးရ)၏အကူအညီဖြင့် ဖုန်ကြားရှင်ပြန်လည် အာဏာရလာခဲ့သည်။

၂၀၀၉ ခုနှစ်တွင် လက်နက်စက်ရုံကိစ္စကြောင့် အစိုးရနှင့် ပြဿနာပေါ်သောအခါ ဖုန်ကြားရှင် လောက်ကိုင်မှ ထွက်ပြေးခဲ့သည်။ သမက်ဖြစ်သူ စိုင်းလင်းခေါ် လင်မေရှင်း၏ မိုင်းလားမှာ သွားခိုလှုံနေခဲ့သည်။ ယူနန်ပြည်နယ်တွင် သူထောက်ခံသူများနှင့် မကြာခဏ တွေ့ဆုံ၍ ၂၀၁၄ ခုနှစ်တွင် လောက်ကိုင်ကို ပြန်သိမ်းမည်ဟု ကြွေးကြော်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီတွင် သူ့ **MNDAA** တပ်များဖြင့် လောက်ကိုင်ဒေသသို့ ပြန်လည် ဝင်ရောက်ကာ တိုက်ပွဲများကို စတင်ခဲ့လေသည်။

ဤသည်မှာ ကိုးသန့်သမိုင်းအကျဉ်းပါခင်ဗျား။

❖ ❖ ❖





## ဖုန်ကြားရှင် ဘယ်သူလဲ

ရှမ်းပြည်အရှေ့မြောက် ကိုးကန့်ဒေသမှာ တိုက်ပွဲသံများ ကျယ်ကျယ်လောင်လောင်ကြားနေရတာနဲ့ တစ်ပြိုင်နက် ဒီတိုက်ပွဲသတင်းနဲ့အတူ ဖုန်ကြားရှင်ဆိုတဲ့နာမည်ကိုလည်း ကြားလာရပါတယ်။

တကယ်တော့ ဖုန်ကြားရှင်ဆိုတာ ၂၀၀၉ ခုနှစ် နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးသဘောတူညီမှု မရတာကစပြီး ကိုးကန့်နယ်ကို မြန်မာ့တပ်မတော်မှဝင်စီးပြီးနောက် မြန်မာ့နိုင်ငံရေးစီးပွားရေးမြင်ကွင်းက ပျောက်သွားပြီး အခု ၅ နှစ်ကြာမှ တစ်ကျော့ပြန် တိုက်ပွဲတွေနဲ့ ပြန်ပေါ်ထွက်လာပြန်တာပါ။

အသက် ၈၅ နှစ်အရွယ် ဖုန်ကြားရှင်ဟာ တစ်ချိန်က တပ်မတော်ခေါင်းဆောင်ဟောင်းတွေနဲ့ လက်တွဲခဲ့ပြီး ၁၉၉၃ ခုနှစ် စစ်အစိုးရလုပ်တဲ့ အမျိုးသားညီလာခံကိုတောင် တက်ခဲ့သူပါ။ မူးယစ်ရာဇဝတ် စစ်ဘုရင်တစ်ပါးလို့ နာမည်ကြီးခဲ့တဲ့ ဖုန်ကြားရှင်ကို ၂၀၀၉ ခုနှစ်မှာ မြန်မာအစိုးရက မူးယစ်ဆေးဝါးချက်လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်နက်စက်ရုံ ထောင်ထားတယ်ဆိုပြီး လောက်ကိုင်ကို ဝင်ရောက်သိမ်းပိုက်ထိန်းချုပ်အပြီး '၀' နယ်ထဲ တိမ်းရှောင်ခိုလှုံသွားတယ်လို့ ယုံကြည်ရပါတယ်။

ဖုန်ကြားရှင်ဟာ ၁၉၃၁ ခုနှစ် တရုတ်–မြန်မာနယ်စပ် ဟုံစွေထူးကျေးရွာမှာမွေးပြီး ပြည်တွင်းစစ်အတွင်း ကိုးကန့်တပ်မှူးတစ်ဦးအဖြစ် ကြီးထွားလာခဲ့သူပါ။ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) နဲ့ပူးပေါင်းခဲ့ပြီး ပီကင်းအထိ သွားရောက်လေ့လာခွင့်ရသူလည်း ဖြစ်ခဲ့တယ်။ ၁၉၇၀ နှစ်များအတွင်းမှာတော့ ဘိန်းရာဇာတစ်ဦးလည်း ဖြစ်လာခဲ့တယ်။

ဖုန်ကြားရှင်အကြောင်းပြောရင် ကိုးကန့်တွေအကြောင်းကို လည်းပြောရလိမ့်မယ်။ ၁၉၆၈ ခုနှစ် တရုတ်–မြန်မာ အရေးအခင်း အပြီး ဗကပက အရှေ့မြောက်ဒေသကို အခြေချဖို့ကြိုးစားလာတဲ့အခါ ,၁ ကိုးကန့်ဒေသဟာ ဦးနေဝင်းရဲ့ မြန်မာဆိုရှယ်လစ်လမ်းစဉ် (မဆလ) အစိုးရနှင့် ဗကပတို့ကြားနှစ်ဖက်တိုက်ပွဲများ ဆင်နွှဲရာ ဖြစ်လာခဲ့ပြီး ကိုးကန့်လူမျိုးများဟာလည်း နှစ်ဖက်အဖွဲ့အစည်းတွင် အရေးပါသူများ ဖြစ်လာသည်။

မြန်မာ့တပ်မတော်က ကိုးကန့်နယ်သား ကွယ်လွန်သွားပြီ ဖြစ်တဲ့ ဘိန်းရာဇာဟောင်း လော်စစ်ဟန်ကို မွေးမြူပြီး ကိုးကန့် ကာကွယ်ရေးတပ်ကို ဦးဆောင်စေကာ ဗကပရန်က ကာကွယ်ဖို့ အသုံးချခဲ့သလို ဗကပကလည်း ဒေသအတွင်းစစ်ဘုရင် ဖုန်ကြားရှင် ကို စည်းရုံးပြီး မဆလအစိုးရကို တိုက်ခိုက်စေခဲ့ပါတယ်။

ကိုးကန့်သားတွေ ပါဝင်တိုက်ခိုက်ခဲ့တဲ့ နာမည်ကြီးတိုက်ပွဲ ကတော့ ၁၉၇၁ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပွားခဲ့တဲ့ ကွမ်လုံရက်





၄၀ တိုက်ပွဲဖြစ်ပါတယ်။ အဲ့ဒီတိုက်ပွဲတွေမှာ ဖုန်ကြားရှင်၊ ဖုန်ကြားဖူး၊ လော်စစ်ဟန်၊ ဟော်ရှောက်ရှန်း၊ လီခိုက်ဟို စသူတွေပါဝင်ခဲ့ပြီး လော်စစ်ဟန်နဲ့ ဖုန်ကြားရှင်ရဲ့နာမည်တွေကတော့ သမိုင်းစာမျက်နှာပေါ်မှာ အရေးပါသူများဖြစ်လာခဲ့ပါတယ်။

လော်စစ်ဟန်ကတော့ ကွမ်လုံတိုက်ပွဲအပြီး ဆုလာဘ်အဖြစ် မဆလအစိုးရက ဘိန်းလုပ်ခွင့်ပေးခဲ့ပါတယ်။နောက်ပိုင်းမှာတော့ အင်အားကြီးလာတဲ့ ကိုးကန့်ကာကွယ်ရေးတပ်ဟာ အစိုးရသြဇာကို ဖီဆန်မည့် အရိပ်အရောင် တွေကြောင့် မူးယစ်ဆေးဝါးနဲ့အကြောင်းပြပြီး လော်စစ်ဟန်ကို ဖမ်းဆီးကာ ကိုးကန့်ကာကွယ်ရေးအဖွဲ့ကိုလည်း ဖျက်ဆီးခဲ့ပါတယ်။

ပြိုင်ဘက်ဖုန်ကြားရှင်ကတော့ ဗကပတပ်မှူးတစ်ဦးအဖြစ် ဆက်လက်တည်ရှိနေကာ ဘိန်းကုန်ကူးခြင်း လုပ်ငန်း လုပ်ကိုင်နေခဲ့ပါတယ်။ ဘိန်းကုန်ကူးခြင်းနှင့်ပတ်သက်ပြီး ဗကပဗဟိုက အခွန်အတုပ်အတွက် ကနဦးက မသိလိုက်ဘာသာနေခဲ့ပြီး နောက်ပိုင်းတားမြစ်တဲ့အခါမှာတော့ ဖုန်ကြားရှင်ဟာ မြန်မာအများစုပါဝင်သည့် ဗကပ ဗဟိုကို တော်လှန်ပုန်ကန်ပါသည်။

ဒီအခြေအနေကို ထောက်လှမ်းသိရှိရတဲ့စစ်အစိုးရဟာ အကွဲအပြဲကိုအမြတ်ထုတ်ပြီး ဗကပပြိုကွဲဖို့ ကြိုးစားပါတော့တယ်။ ထောက်လှမ်းရေးဗိုလ်ချုပ်ခင်ညွန့်အစီအမံနဲ့ ဘိန်းဘုရင် လော်စစ်ဟန်ရဲ့သား အောင်နိုင်ကို ဖုန်ကြားရှင်ရဲ့ ကိုးကန့်အဖွဲ့ထံစေလွှတ်ကာ ညှိနှိုင်းခဲ့သလို တစ်ဖက်ကလည်း ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးနဲ့ ကိုးကန့်စော်ဘွားနှမ အောလစ်ယန်းတို့အကူအညီနဲ့ ကိုးကန့်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံစေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း စစ်အစိုးရဆီက အာမခံချက်တွေရရှိတဲ့ ဖုန်ကြားရှင်ဟာ ၁၉၈၉ ခုနှစ် မတ်လမှာ မြန်မာနိုင်ငံလူမျိုးစုများ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု(**MNDAA**)ကိုဖွဲ့စည်းပြီး ဗမာပြည် ကွန်မြူနစ်ပါတီကို စတင်ပုန်ကန်ကာ ပထမဦးဆုံး စစ်အစိုးရနဲ့ ပူးပေါင်းခဲ့တဲ့အဖွဲ့အဖြစ် ခံယူလိုက်ပါတယ်။ နောက်ပိုင်း ဗကပ တပ်မှာ အများစုဖြစ်တဲ့ ''ဝ''တွေပါ ပုန်ကုန်ကြတော့ ဗကပပြိုလဲ သွားခဲ့တော့တယ်။

အဲဒီတုန်းက ဖုန်ကြားရှင်နဲ့ လော်စစ်ဟန်အပါအဝင် ကိုးကန့်ခေါင်းဆောင် ၁၀၀ ကျော်ဟာ ပြည်ပ ကျူးကျော်မှုများ ရှိလာခဲ့ရင် စစ်ခေါင်းဆောင်တွေနဲ့ ပူးပေါင်းပြီး လက်တွဲတိုက်ခိုက်ဖို့ သဘောတူခဲ့ကြတယ်လို့ တပ်မတော်သမိုင်းမှတ်တမ်းတွေမှာ အတိအလင်းရေးသားခဲ့ပါတယ်။ အဲဒီတုန်းက ပြည်ပကျူးကျော်မှုကို တပ်မတော်နဲ့အတူ ကာကွယ်မယ်ဆိုတဲ့ ဖုန်ကြားရှင်ဟာ အခုအခါမှာ တော့ သမိုင်းအလှည့်အပြောင်းအရ ပြည်ပကျူးကျော်သူတစ်ဦးလို သတ်မှတ်ခံနေရပါပြီ။

အဲဒီတုန်းက စစ်ခေါင်းဆောင်တွေဟာ ဖုန်ကြားရှင်ကို သူရဲကောင်းသဖွယ်ပြောဆိုကာ စီးပွားရေး နေရာပေး ဆက်ဆံသူ ခဲ့တာကို ဘယ်သူမှ မမေ့ကြသေးပါဘူး။ လူပြောသူပြောများတဲ့ ကိစ္စ တစ်ခုကတော့ ဗိုလ်ချုပ် ခင်ညွန့် ဦးဆောင်တဲ့ တပ်မတော် ထောက်လှမ်းရေးအဖွဲ့ဟာ ဖုန်ကြားရှင်ရဲ့ ကိုးကန့်စီးပွားရေးသမား တွေနဲ့ တရင်းတနှီး ဆက်ဆံခဲ့ကြတာပါပဲ။

လော်စစ်ဟန်ကို **Asia World** ကုမ္ပဏီတည်ထောင်စေပြီး လမ်းတံတား၊ အိမ်ရာနဲ့ ဆိပ်ကမ်းတွေဆောက် လုပ်ခွင့်တွေပေး





သလို ဖုန်ကြားရှင်ရဲ့ ကိုးကန့်စီးပွားရေးလုပ်ငန်းတွေဟာ ရန်ကုန်၊ မန္တလေးနဲ့ လားရှိုး စတဲ့ မြို့ကြီးတွေမှာ လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ မြန်မာ့အရေးကျွမ်းကျင်သူ ဆွီဒင်သတင်းစာဆရာ ဘာတေးလင့် တနာက စစ်အစိုးရဟောင်းရဲ့ ''တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခြင်း'' ခေါင်းစဉ်အောက်မှာ ဖုန်ကြားရှင် အပါအဝင် ကိုးကန့် 'ဝ' ခေါင်းဆောင်တွေဟာ အကြီးအကျယ် ငွေကြေးခဝါချခွင့်ရခဲ့တယ်လို့ မှတ်ချက်ချခဲ့တယ်။

ဒါပေမဲ့ ၂၀၀၉ ခုနှစ် စစ်အစိုးရက ငြိမ်းချမ်းရေးယူထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖို့ စစ်အစိုးရက လုပ်ကိုင်လာတဲ့အခါမှာတော့ ဖုန်ကြားရှင်ရဲ့ **MNDAA** က လက်မခံခဲ့တဲ့အတွက် မူးယစ်ဆေးဝါး လက်နက် စက်ရုံ စသည့်ကိစ္စရပ်များကို အကြောင်းပြပြီး မြန်မာ့တပ်မတော် က တိုက်ခိုက်ခဲ့ပြီးနောက်မှာတော့ ဖုန်ကြားရှင်နဲ့ စစ်ခေါင်းဆောင် ဟောင်းတွေရဲ့ ဆက်ဆံရေးဟာ တစ်ခန်းရပ်ခဲ့ပါတော့တယ်။

မြန်မာအစိုးရကို လက်စားချေဖို့ ဖုန်ကြားရှင် အကြိမ်ကြိမ် ကြုံးဝါးခဲ့တယ်။ မကြာသေးခင်က ဖုန်ကြားရှင် လက်မှတ်ရေးထိုးပြီး ကိုးကန့်ဘလော့ဂ်တခုမှာ ဖြန့်ချိတဲ့ထုတ်ပြန်ချက်မှာ ''ကိုးကန့်လူမျိုးစု တွေကို ခွဲခြားဖိနှိပ်'' တယ်လို့ရေးပြီး အလှူငွေများထည့်ဝင်ဖို့ ဆော်ဩထားတယ်။

အခု လောက်ကိုင်တိုက်ပွဲမှာ သက်ကြီးအိုတစ်ဦးဖြစ်သူ ဖုန်ကြားရှင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်ဖွယ် မရှိတော့ပေမယ့် လောက်ကိုင်ကို ပြန်သိမ်းဖို့ စစ်ရေးအရ ခြိမ်းခြောက်နိုင်စွမ်းကို ကြည့်ရင် ကိုးကန့်တွေကြား သူ့ဩဇာ ဘယ်လောက်ကျန်နေသေး



www.burmeseclassic.com

www.burmeseclassic.com



သလဲ။

❖ ❖ ❖

နေ့စဉ်ထုတ်ဂျာနယ်တစ်ခုမှ ကူးယူဖော်ပြသည်။

❖ ❖ ❖


မြရတနာစာပေ



လော်စစ်ဟန်

www.burmeseclassic.com

www.burmeseclassic.com



လော်စစ်ဟန်၏သား စတီဖင်လော (ခ) ထွန်းမြင့်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖလော်ဘက်ကိုင်တိုက်ပွဲ သတင်းများကို ဖတ်နေသည့် ယူနန်မြို့မှ ယင်ရှောက်
ဖုန်းကြေးချင်



ပုံ-၁၉၃

ဖားကန့်ကောင်းကျွန်းရွာများနှင့် စစ်မြေပြင်သို့လိုက်ပါလာသော မုန့်ကြွားရှင်မင်းသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဒေသ(၄) အဖွဲ့ခေါင်းဆောင် ဦးစိုင်းလင်း နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဦးအောင်သောင်းတို့ တွေ့ဆုံစဉ်

www.burmeseclassic.com


www.burmeseclassic.com



အထူးဒေသ(၄) နှင့် ငြိမ်းချမ်းရေးဆွေးနွေးစဉ်က
ဘယ်မှ တတိယမြောက်မှာ ဦးအောင်သောင်းဖြစ်၍ စတုတ္ထမြောက်မှာ ဖုန်ကြားရှင်၏သမက် စိုင်းလင်း(ခ) လင်မင်ရှင်းဖြစ်သည်။

www.burmeseclassic.com

ပုံ - ၁[illegible]



ဗုန်ကြားရှင်ကို ကူညီခဲ့သည့်အတွက် အရေးယူခံရသည့်
တရုတ် ဗိုလ်မှူးချုပ် ဟွန်ဆင်

www.burmeseclassic.com

# ကွမ်းလုံနယ်မှ စွန့်လွှတ်ခံ့သော
# 'သူလိုလူ'

ဝိ - ၁၁၉၀

မြတ်(ကလေး)

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ကွမ်းလုံနယ်မှ စွန့်လွှတ်ရသော 'သူတို့'

မြတ်(ကလေး)

လောက်ကိုင်ဒေသတိုက်ပွဲများအတွင်း ဒုက္ခရောက်ရှိလာသူများကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန်လာသည့် ကြက်ခြေနီအလံ တလူလူလွှင့်ထားသော ယာဉ်တန်းသည် သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြုံတွေ့ ရပြီးနောက် ရှေ့ဆုံးမှမောင်းနှင်လာသော ကြက်ခြေနီအဖွဲ့ဝင် ယာဉ်မောင်း ဦးမိုးကျော်သန်း၏ ဝမ်းဗိုက်တွင် သေနတ်ကျည်ဆန် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာပြင်းထန်သဖြင့် ကွမ်းလုံဆေးရုံ၊ လားရှိုးဆေးရုံနှင့် မန္တလေး ဆေးရုံတို့သို့ အဆင့်ဆင့် လွှဲပြောင်းခဲ့ပြီး ရက်ပေါင်း ၄၀ အကြာတွင် သူချစ်သော မိသားစုနှင့် ကြက်ခြေနီတပ်ဖွဲ့ကို စွန့်ခွာသွားတော့သည်။

"သူက သူတစ်ပါးကို ကူညီချင်စိတ်သိပ်ရှိတာ။ သေနတ်မှန်တဲ့ ဒဏ်ရာကြောင့် အူတွေထိပြီး အစားမစားနိုင်ဖြစ်ရာက အထဲက ကလီစာတွေ ပျက်စီးကုန်တယ်။ သွေးဆိပ်တက်ပြီး ကွယ်လွန်တာ"

ဟု ကွမ်းလုံဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းမြို့က ဆိုသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သားအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်ရင်း ကရင်ပြည်နယ်၊ မဲသဝေါ် တိုက်ပွဲတွင် ခြေထောက်နှင့် တင်ပါးဒဏ်ရာရခဲ့သော ဦးမိုးကျော်သန်းသည် တပ်မတော်မှ ဆေးပင်စင်ယူပြီးသောအခါတွင်လည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဒုအရာခံဗိုလ်ဘဝဖြင့် နိုင်ငံတာဝန်များကို ကွမ်းလုံမြို့တွင် နေထိုင်ရင်း တတ်စွမ်းသမျှ ဆောင်ရွက်နေသူ ဖြစ်သည်။

ဦးမိုးကျော်သန်းသည် ငယ်စဉ်ကပင် သူတပါးကို ကူညီလိုသော ပရဟိတစိတ်ဓာတ်ရှိသူဖြစ်ပြီး ကြက်ခြေနီ လုပ်ငန်းများ ကို စိတ်ပါဝင်စားစွာ ကိုယ်ကျိုးမဖက် လုပ်ဆောင်ခဲ့သူဖြစ်သည်ဟု ကွမ်းလုံမြို့ဒေသခံများက ဆိုသည်။

ဦးမိုးကျော်သန်းကို ၁၉၇၀ ပြည့်နှစ် မတ်လ ၁၉ ရက်တွင် ဦးအောင်ကြိုင်နှင့် ဒေါ်သောင်းခင်တို့က မကွေးတိုင်း၊ ရေစကြိုမြို့တွင် မွေးဖွားခဲ့ပြီး လသားအရွယ်ကပင် ကွမ်းလုံမြို့သို့ ရောက်ရှိခဲ့သဖြင့် ကွမ်းလုံ ဇာတိဟုပင်ဆိုနိုင်သည်။ တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးချိန် ၂၀၀၀ ပြည့်နှစ်တွင် ကွမ်းလုံမြို့သူ ဒေါ်ဂျူးညွှယ်နှင့် အိမ်ထောင်ပြုခဲ့ပြီး သားသမီးသုံးဦး ဖြစ်ထွန်းကားခဲ့ရာ သမီးအကြီးဆုံးမှာ နဝမတန်း ကျောင်းသူ၊ အငယ်ဆုံးသားမှာ သူငယ်တန်းတို့ဖြစ်ပြီး ၎င်းတို့သုံးဦး အပြင် မွေးစားထားသော သားတစ်ဦးနှင့် တူမ နှစ်ဦးတို့လည်းရှိသည်။ ပရဟိတစိတ်ရှိသူပီပီ ကလေးငယ်များကိုလည်း ချစ်ခင်သူဖြစ်ပြီး ၎င်းအိမ်တွင် ကလေးများတပြုံကြီးရှိနေခြင်းကို ကြည့်ခြင်းဖြင့် သူ့နှလုံးသား နူးညံ့မှုကို သိနိုင်သည်။ သူ့သားသမီးများနှင့် တူ၊ တူမများအမည်ကိုလည်း ခင်ရတနာကျော်၊ ခင်အာဇာနည်ကျော်၊ ရဲထွဋ်ကျော်၊ ရဲမင်းကျော်၊ ဟိန်းထက်ကျော် စသည်ဖြင့် ချစ်စဖွယ်





နာမည်များ မှည့်ခေါ်ထားသည်။

သူ့မိသားစုသည် ကွမ်းလုံမြို့ အောင်မင်္ဂလာကျေးရွာတွင် နေထိုင်ပြီး အသက် ၇၀ အရွယ် မိခင်ဖြစ်သူ အငြိမ်းစား ကျောင်းဆရာမကြီးနှင့် ဇနီး၊ သားသမီးနှင့်တူ၊ တူမများ စုစုပေါင်း ၉ ဦး နေထိုင်ကြသည်။ မိခင်ဖြစ်သူ၏ ပင်စင်လစာ တစ်လလျှင် ကျပ် သုံးသောင်းခန့်နှင့် ကြုံရာအလုပ်များကို လုပ်ကိုင်ခဲ့သည်။

ကွမ်းလုံမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ၏ မြို့နယ်အလုပ်မှုဆောင်တစ်ဦးလည်းဖြစ်ပြီး သူ့လစာငွေ တစ်လကျပ်တစ်သိန်းကျော်ခန့်ဖြင့်ပင် မိသားစု နေထိုင်ရပ်တည် နေကြခြင်းဖြစ်သည်။

စားဝတ်နေရေးမပြေလည်သည့်တိုင် ပရဟိတဆိုလျှင် မနေးကွေးတတ်သော ဦးမိုးကျော်သန်းသည် သူချစ်သော ပရဟိတလုပ်ငန်းကိုလုပ်ကိုင်ရင်း အသက်စွန့်သွားခဲ့ရသည်။ သူ၏ အသုဘကို မတ်လ ၂၉ ရက်နေ့တွင် ကွမ်းလုံမြို့တွင် ကျင်းပခဲ့ပြီး ကွမ်းလုံမြို့နယ်ကြက်ခြေနီအသင်း၊ ကွမ်းလုံမြို့နယ်စစ်မှုထမ်းဟောင်း အသင်းနှင့် ဒေသခံများ စုစုပေါင်း၂၅၀ ကျော် တက်ရောက်ခဲ့ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင် ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့် အေးမြတ်သူတို့လည်း ဈာပနအခမ်းအနားတက်ရောက်သူများတွင် အပါအဝင်ဖြစ်သည်။

ယနေ့ လောက်ကိုင်တစ်ဝိုက်တွင် ဖြစ်ပွားနေသော တိုက်ပွဲများမှ သင်ခန်းစာအများအပြား ပေါ်ထွက် လျက်ရှိနေပါသည်။ ပြည်သူနှင့် တပ်မတော် နှစ်ဦးနှစ်ဖက်လုံးအတွက် သင်ခန်းစာများ ပေါ်ထွက်လာပါသည်။ ဤလောက်ကိုင်နယ်မြေ တိုက်ပွဲများတွင်မှ



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်ကလည်း မိမိဘက်မှ ထိခိုက်ကျဆုံးမှုစာရင်းကို သတင်းစာတွင် ပွင့်ပွင့်လင်းလင်း ကြေညာသမှုပြုလုပ်လာပါသည်။ ပြည်သူဘက်မှလည်း ဤသတင်းများကို ဖတ်ရှုရသည့်အခါတွင်မှ အခြေအနေအမှန်ကို သုံးသပ်နိုင်လာပါသည်။

စစ်တပ်အစိုးရအဆက်ဆက်၏ သတင်းအမှောင်ချထားခဲ့မှုက ပြည်သူများကို မျက်စိပိတ်၊ နားပိတ် ဖြစ်စေခဲ့ပါသည်။ ပြည်သူများသည် စစ်ရေးစစ်ရာနှင့်ပတ်သက်၍ ယခင်က သတင်းစာများထဲတွင် ဖတ်ရလျှင် ''သြော်၊ တိုက်ပွဲတွေဖြစ်နေကြတယ်'' ဟူ၍ လောက်သာ စိတ်ဝင်စားမှု ရှိခဲ့ကြပါသည်။ သတင်းစာ အာဘော်များကလည်း အများပြည်သူ၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြားလာစေရန် လှုံ့ဆော်ပေးသည့်အရေးအသားမျိုး မပါ ရှိပါ။

မကြာသေးသည့် ရက်ပိုင်းအတွင်းက ဂျာနယ်များ၌ လွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွှန့်က အမျိုးသားစစ်မှု မထမ်းမနေရ ဥပဒေ ပြဋ္ဌာန်းသင့်ကြောင်းကို လွှတ်တော်တွင် တင်ပြဆွေးနွေးသည်ဟု ဖတ်ရှုလိုက်ရပါသည်။ ဂျာနယ်အတော်များများတွင် ဤတင်ပြချက်ကို အုတ်အော်သောင်းတင်း ဝိုင်းဝန်းရှုတ်ချကြခြင်း မရှိသည်ကိုလည်း စာရေးသူသတိထားလိုက်မိပါသည်။ ဂျာနယ်များ၏အာဘော်များမှာ အကြမ်းဖျင်းအားဖြင့် ထောက်ခံ ၃၀၊ ကန့်ကွက် ၇၀ ခန့်ရှိမည်ဟုထင်ပါသည်။ စာရေးသူ၏ ကိုယ်ပိုင်အမြင်ဖြစ်ပါသည်။

၂၀၁၁ နှစ်စပိုင်းလောက်က ဤစစ်မှုထမ်းမနေရကိစ္စ ပေါ်ပေါက်ခဲ့ဖူးပါသည်။ ထိုစဉ်က ဤကိစ္စကို ပြင်းပြင်းထန်ထန် ဝိုင်းဝန်းကန့်ကွက်ရှုတ်ချခဲ့ကြပါသည်။ ယခုတစ်ကြိမ်တွင်မူ





ကန့်ကွက်သံသည် ယခင်တစ်ကြိမ်ကလောက် သောသောမညံတော့ပါ။ ပြည်သူများ ဗဟုသုတ အမြင်ရှိစပြုလာပြီဟု ယူဆရနိုင်ပါသည်။ ကိုးကန့် သောင်းကျန်းသူ အဆင့်မျှကိုပင် ဤမျှ တိုက်ခိုက်ယူနေရလျှင် ရန်ပြုလာမည့် ပြည်ပတပ်မတော်တစ်ခုနှင့်များ ရင်ဆိုင်ရမည်ဆိုလျှင် မိမိနိုင်ငံ၏ လူ/လက်နက် ယှဉ်ပြိုင်နိုင်မှု စွမ်းအားကို ပြည်သူများ ခန့်မှန်းတတ်စပြုလာကြပြီဟု သုံးသပ်၍ ရနိုင်ပါသည်။ အမြင်ကျယ်စပြုလာပါပြီ။

ယခင်က ပြည်သူများအမြင်မကျယ်ခြင်းမှာ ပြည်သူများ၏ အပြစ်မဟုတ်ပါ။ တာဝန်ရှိသူအစိုးရ အဆက်ဆက်က မျက်စိပိတ် နားပိတ် ပြုလုပ်ကြ၍သာဖြစ်ပါသည်။ ယခုလည်း ပြည်သူများ အမြင်ကျယ်စ ပြုလာခြင်းသာ ဖြစ်ပါသည်။ လုံးဝ အမြင်မကျယ်သေးပါ။ ပြည်သူများ၏ ဝေဖန်သံကို စာရေးသူကြားနေရပါသည်။ ကွမ်းလုံ တိုက်ပွဲကဲ့သို့သော တိုက်ပွဲကိုပင် ရက်ပေါင်း ၄၀ အပြီးသတ်နိုင်ခဲ့လျှင် ယခု လောက်ကိုင်နယ်မြေဖြစ်စဉ်သည် ရက်ပေါင်းမည်မျှကြာနေပြီလဲဟူ၍လည်းကောင်း ပြည်တွင်းသောင်းကျန်းရေး ချေမှုန်းရေးတွင် လေယာဉ်သုံးစရာ လိုလို့လားဟူ၍လည်းကောင်း ဝေဖန်ပြောဆိုမှုများရှိနေပါသည်။

စစ်မြေပြင်တွင် စစ်တိုက်သည်ဆိုသည်မှာ သရေကျအောင်တိုက်သည်ဟူ၍ မရှိပါ။ အနိုင်ရအောင် တိုက်ကြစမြဲသာ ဖြစ်ပါသည်။ ပြင်သစ်ဘုရင်နပိုလီယံ၏ အဆိုမိန့်မှာ ''မိမိ၏ အင်အားအလွန်အမင်း သာလွန်နေမှုသည် မှားယွင်းသည်ဟု မည်သည့်အခါတွင်မှ ပြော၍မရပါ'' (**It is never worng to be too strong**) ဟူ၍ ရှိသကဲ့သို့ အင်္ဂလိပ်စာလုံးတစ်ခုမှာ 'ကျနော်၏



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ မှားမှားမှန်မှန် ကျွန်ုပ်အတွက်ကတော့ ကျွန်ုပ်၏ နိုင်ငံသည် အမြဲမှန်၏'' (My country, right or worng ) ဒုတိယကမ္ဘာစစ်ကြီး အတွင်းက အမေရိကန်ဗိုလ်ချုပ်ကြီး ပက်တန်ကလည်း ''ရန်သူကို မိမိ၏အဆမတန်သာလွန်သော စုစည်းအင်အားဖြင့် တစ်ဟုန်ထိုး တိုက်ခိုက်ခြင်းဖြင့် စစ်ပွဲကို စောစီးစွာ အနိုင်ယူအပြီးသတ်လိုက် ခြင်းသည် ရေရှည်စစ်ပွဲဖြင့် မိမိအကျအဆုံးများမည်ကို ရှောင်ရှားရန် အကောင်းဆုံးသောနည်းလမ်းပင် ဖြစ်သည်''ဟူ၍ ပြောကြားခဲ့သည်။

အထက်က အဆိုအမိန့်များထဲမှ အင်္ဂလိပ်အဆိုကဲ့သို့ပင် မိမိနိုင်ငံ၏ အတွင်းရေးကိစ္စကို မိမိနည်းလမ်းဖြင့် ဖြေရှင်းခြင်း ဖြစ်ပါသည်။ နပိုလီယံ၏ အဆိုအမိန့်ကဲ့သို့ပင် မိမိထံတွင်ရှိသော စွမ်းအားဖြစ်သည့် လေကြောင်းပစ်ကူ စွမ်းအားကို အသုံးပြုခြင်း ဖြစ်ပါသည်။ ဤနေရာတွင် စစ်သားလုပ်ခဲ့ဖူးသော စာရေးသူအနေ ဖြင့် လောက်ကိုင် နယ်မြေတွင် ဗိုလ်ချုပ်ကြီးပက်တန်၏ နည်းနာကို အပြည့်အဝ အသုံးပြုခြင်းမရှိသေးဟု အငြိမ်းစားစစ်သည်ဟောင်း တစ်ဦးအနေဖြင့် ထင်မြင်ယူဆမိပါသည်။

အများ၏ဝေဖန်မှုကို စစ်တိုက်ရာတွင် ဂရုစိုက်မှုလွန်ကဲပါက ဘာမျှလုပ်၍ရတော့မည်မဟုတ်ပါ။ အမေရိကန်သမ္မတ ဘုရှ်သည် အီရတ်ကိုဝင်ရောက်တိုက်ခိုက်စဉ်က ဘုရှ်ကို တစ်ကမ္ဘာလုံးနီးပါး ဝိုင်းဝန်း ရှုတ်ချခဲ့ပါသည်။ ဂရုမစိုက်ခဲ့ပါ။ ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာသည် ဖောက်ကလန်ကျွန်းကိစ္စနှင့် ပတ်သက်၍ အာဂျင်တီးနားနိုင်ငံနှင့် စစ်ဖြစ်စဉ်က မာဂရက်သက်ချာကို အမေရိကန်ကပင် ဦးဆောင်၍ ကန့်ကွက်ခဲ့ပါသည်။ ဂရုမစိုက်ခဲ့ပါ။ စာရေးသူ ဆိုလိုသည်မှာ အများ၏ထောက်ပြဝေဖန်မှုကို လျစ်လျူရှု





ရမည်ဟု မဆိုလိုပါ။ သို့သော် အရာရာတိုင်းကို ဂရုစိုက်နေ၍မရပါ။

လောက်ကိုင်နယ်မြေဖြစ်စဉ် အစဦးပိုင်းတွင် တပ်မတော် ဘက်မှ ယာဉ်တန်းချုံခိုအတိုက်ခံ၍ စစ်သည် အများအပြား ကျဆုံးခဲ့ပါသည်။ တပ်မတော်စစ်ကြောင်းတစ်ကြောင်းချီတက်လျှင် လက်နက်ကြီးနှင့် အရန်ကျည်များကိုပါ သယ်ဆောင်ရပါမည်။ ရိက္ခာနှင့် ဆေးသတ္တာများ ဆက်သွယ်ရေးအားသွင်းစက်များကို ထည့်၍မပြော သေးပါ။ ဤပစ္စည်းများအားလုံးကို လွန်ခဲ့သည့်နှစ် (၂၀) လောက်အထိက အထမ်းသမား ခေါ် ပေါ်တာများဖြင့် သယ် ပါသည်။ အထမ်းသမား ခေါ် ပေါ်တာကိစ္စကို ကမ္ဘာက ကန့်ကွက် သည့်အပြင် ပြည်တွင်းရှိမြန်မာနိုင်ငံသူ နိုင်ငံသားများကလည်း မလိုလားတော့သဖြင့် ပေါ်တာ ခေါ် အထမ်းသမား အသုံးပြုသည့်စနစ် ကို တပ်မတော် အသုံးမပြုတော့သည်မှာ နှစ် ၂၀ မျှရှိသွားပါပြီ။

ထိုအနှစ် ၂၀ ကာလအတွင်း အပစ်အခတ်ရပ်စဲနေသဖြင့် လည်း အထမ်းသမားမရှိတော့သည့် ပြဿနာမှာ အရေးမကြီးပါ။ မော်တော်ကားလမ်းအတိုင်း မော်တော်ကားများအပေါ်သို့ လေးပင် သည့်ပစ္စည်းများ တင်ဆောင်ပြီး သွားလာကြပါသည်။ မော်တော်ကား လမ်းများကိုစွန့်ခွာ၍ တောင်ပေါ်များသို့ တက်ကြရသည့် အခါတွင် လည်း လေးပင်ပစ္စည်းများကို စစ်သည်များ အလှည့်ကျထမ်း၍ နားနားနေနေ တက်ကြပါသည်။ မိမိကိုယ်ကိုယ် ပစ်မည့်ခတ်မည့်သူ မရှိပါ။ ပြဿနာမရှိပါ။

ထိုအနှစ် (၂၀) မျှ ငြိမ်းချမ်းခဲ့သဖြင့် အရာရှိစစ်သည်များမှာ မော်တော်ကားဖြင့် သွားလာသည့်ရောဂါ စွဲကပ်လာသည်။ ဆယ်ဘီးကား၊ ၁၂ ဘီးကားများပေါ်ပေါ်လာသဖြင့်လည်း ဝင်ခံ့မှု



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ရှိလာသောကြောင့် မော်တော်ကားကြီးတစ်စီးတည်းအပေါ်သို့ အကုန်လုံးစုစည်းတက်ရောက်၍ သွားလာကြပါသည်။ ယခင်ကလို ၂ စီး၊ ၃ စီး လူခွဲ၍စီးရန် မလိုတော့ပါ။ တပ်မတော်သုံး ငွေကြေးကန့်သတ်မှုကလည်းရှိလာသဖြင့် တစ်စီးတည်းကို ငွေချေရသည်က အကုန်အကျသက်သာလာပါသည်။ သို့ဖြစ်၍ အရေးပေါ်ကာလဖြစ်သောအခါ အနှစ် ၂၀ ခန့်စွဲနေသော အမူအကျင့်အတိုင်း ယာဉ်တစ်စီးတည်းပေါ်သို့ အကုန်လုံးတက်၍ ရန်သူ၏သတ်ကွင်းအတွင်းသို့ တစ်စုတစ်စည်းတည်း ဝင်မိလျက်သားဖြစ်ကုန်ပါသည်။ တောင်များပေါ်သို့တက်သည့်အခါတွင်လည်း ယခင်က လေးပင်ပစ္စည်းများကို အလုည့်ကျထမ်း၍ နားနားနေနေ တက်ကြပါသည်။ ယခုအခါ မိမိကိုပစ်မည့်သူ မိုင်းထောင် မိုင်းဆွဲမည့်သူများကြားမှ တက်ကြရပါမည်။ စစ်သည်အင်အားတစ်ချို့မှာ ပစ္စည်းထမ်း၍ ပြေးပြေးလွှားလွှား မြန်မြန်ဆန်ဆန် တောင်တက်နေရသဖြင့် မောပန်းနေကြပါသည်။ သို့ဖြစ်၍ ဥပမာပေးရလျှင် စစ်သည် ၁၀ ယောက်တွင် ၄ ယောက်မှာ ပစ္စည်းထမ်းရ၍ မောပန်းနေသောကြောင့် ၁၀ ယောက်သွားသော်လည်း တိုက်ခိုက် ရေးအင်အားမှာ ၆ ယောက်သာ ဖြစ်နေပါတော့သည်။

ဤသို့ဖြင့် ချီတက်နှုန်းများမှာနှေးကွေးပြီး ခရီးလည်း မတွင်ပါ။ သို့ဖြစ်၍ လေကြောင်းပစ်ခတ်မှုအကူများကို ရယူပါသည်။ ဒဏ်ရာရစစ်သည်များကို လေကြောင်းဖြင့်ပြန်လည်၍ သယ်ထုတ်ရပါသည်။ ဒဏ်ရာရ အရာရှိ/ စစ်သည်များကို ရဟတ်ယာဉ် ဆင်းကွင်းဖြစ်သော ရန်သူ၏ပစ်ခတ်မှုဝေးရာနေရာထိ လူဖြင့် သယ်ထုတ်ရပါသည်။ အထမ်းသမား မသုံးရသဖြင့် ရှေ့တန်းတွင် တိုက်ပွဲဝင်နေသည့်စစ်သည်တချို့ကို ပြန်ခေါ်၍ လူနာထမ်းစေရပါသည်။ တိုက်ခိုက်ရေးအင်အား ထပ်မံလျော့ပြန်ပါသည်။ တိုက်ခိုက်ရေး အင်အားနည်းသောအခါ စစ်သည်အငယ်များမှာ ရှေ့သို့တက်ရန် တွန့်နေကြသဖြင့် အရာရှိက ရှေ့မှစံနမူနာပြဦးဆောင်၍ တက်ရပါသည်။

"တို့ဗိုလ်က မားကိုဆွဲလို့ ရှေ့ကတက်ပါတယ်" ဆိုသည့် စစ်ချီသီချင်းအတိုင်း လက်တွေ့ကျင့်သုံးရ ပါသည်။ ထိုအခါ အရာရှိ ကျဆုံး၊ ဒဏ်ရာရများပြားလာပါသည်။

ခေါင်းဆောင်အရာရှိ ကျဆုံးဒဏ်ရာရှိသည့်အခါ စီမံကွပ်ကဲမှုမရှိသဖြင့် စစ်သည်များ ရှေ့ဆက်လုပ်ရမည့်ကိစ္စ ဝေဝါးသွားပါသည်။ ရည်မှန်းချက်အောင်မြင်ရန် ကြန့်ကြာသွားပါသည်။ ယနေ့ဒီမိုကရေစီစနစ်ဖြင့် ချီတက်နေချိန်တွင် လူ့သားအခွင့်အရေး လူသားချင်းစာနာထောက်ထားမှုများကို အလွန်အလေးထားနေရပါသည်။ ဖုန်ကြားရှင်ဘက်မှ ဥပဒေဘောင်ပြင်ပမှနေ၍ အထမ်းသမား ကြိုက်သလိုသုံး၍ ယင်းအဖွဲ့မှ ဒဏ်ရာရသူများကို အနီးဆုံး နိုင်ငံမှ လက်တစ်ကမ်းရှိဆေးရုံများသို့ ပို့ဆောင်နေချိန်တွင် တပ်မတော်က မိမိတိုက်ခိုက်ရေးအင်အားထဲမှ ဖဲ့ထုတ်၍ ဒဏ်ရာရသူများကို ပထမအဆင့်အနေဖြင့် ထမ်းထုတ်ကာ တပ်မတော်ဆေးရုံများသို့ ပို့ဆောင်ရန် စီစဉ်ကြရပါသည်။ ဤသို့ရေးသားသဖြင့် အထမ်းသမားများပြန်၍ သုံးစေလိုသောကြောင့် နှပ်ကြောင်းပေးနေခြင်း မဟုတ်ပါ။ မြေပြင်ရှိ ပကတိအခြေအနေကို ပြည်သူအများ သိသာမြင်ရုံမျှသာ မျက်စိဖွင့်ပေးနေခြင်းဖြစ်ပါသည်။

ကာတွန်းဆရာ အောင်ပီကျယ်၏ ဟောပြောပွဲတစ်ခုကို

www.burmeseclassic.com



စာရေးသူက ရုပ်မြင်သံကြားတွင် နားထောင် လိုက်ရပါသည်။ အောပီကျယ်ပြောသောကာတွန်းတွင် ဖခင်ဖြစ်သူက "ငါ့အင်အားရှိမှ မင်းတို့အင်အားရှိမယ်လို့" ပြောပြီး အကောင်းဆုံး ဟင်းများကို စားကာ မိသားစုများအတွက် အရိုးအရင်းသာချန်ထားပါသည်။ ကာလရှည်ကြာလာသောအခါ ဖနီးဖြစ်သူက လင်ယောကျ်ားအား "ရှင့်ရဲ့ဗလကို ထုတ်ပြစမ်းပါ" ဟုတောင်းဆိုသည့်အခါတွင် ယောကျ်ားဖြစ်သူက 'မတ်တတ်ထ၍ ဗလထုတ်ပြလိုက်ရာ လက်မောင်းကြွက်သားများမှာ ကွမ်းသီးလုံးခန့်သာ ရှိပြီး ဝမ်းဗိုက်ကြီးသာ ပူဖောင်းနေပုံကို ဟောပြောပါသည်။ ဤသည်ကား ပြည်သူများ၏ တပ်မတော်ဘတ်ဂျက် အပေါ် အမြင်ဖြစ်ပါသည်။ တပ်မတော်ကလည်း ဤကိစ္စကို သတိရှိရန် လိုအပ်ပါသည်။ ပြည်သူ၏ သဒ္ဓါရက်ရောမှုကို ရရှိနိုင်ရန်ကြိုးစားရပါမည်။

နှစ် ၇၀ ပြည့် တပ်မတော်နေ့ အခမ်းအနားတွင် တပ်မတော်၏ စစ်လက်နက်ပစ္စည်း အမျိုးအစား တော်တော်များများကို စစ်ရေးပြအခမ်းအနားတွင် ထည့်သွင်းပြသသွားပါသည်။ လက်ရှိ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် လက်ထက်တွင်မှ စတင်လာသည့် အစီအစဉ်ဖြစ်ပါသည်။ ဤစစ်လက်နက်ပစ္စည်းများ၏ ၇၅ ရာခိုင်နှုန်းမှာ မြန်မာပြည်လုပ် တစ်ခုမျှမပါဝင်ပါ။ ပြည်ပမှ ဝယ်ယူခဲ့ရသည့်ပစ္စည်းများချည်းသာ ဖြစ်ပါသည်။ ဤလက်နက်များကို ထုတ်လုပ်သောနိုင်ငံမှ ထုတ်လုပ်ခဲ့သည့်ခုနှစ်များကိုလည်း တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာ ကြကုန်သော နိုင်ငံခြားသားစစ်သံအမတ်များသည်လည်း မြင်ရုံမျှဖြင့် သိရှိကြပါသည်။ မည်သည့်နိုင်ငံလုပ်များဖြစ်သည်ကိုလည်း နိုင်ငံသား





အချင်းချင်း သိရှိကြပါသည်။ ထုတ်လုပ်ခဲ့သည့် ခုနှစ်အလိုက် ခေတ်မီမှု အတိုင်းအတာအလိုက် ဤလက်နက်ကို မည်သို့ တန်ပြန်ကျော်လွှား၍ ရနိုင်သည်ကိုလည်းသိရှိပါသည်။

သို့သော်လည်း မိမိတွင်လည်း အဆိပ်ရှိကြောင်းကို ပြသသည်ကတော့ မှန်ကန်သည့်လုပ်ရပ်ဖြစ်ပါသည်။အာရှတောဘုရင်ကျားရဲသည် ကင်းမြီးကောက်ကလေးကို တောထဲ၌ မျက်နှာချင်းဆိုင်တွေ့လျှင် လမ်းဖယ်ပေးပါသည်။ အရွယ်ပမာဏနှင့် အင်အားသည် အရာရာတိုင်းတွင် အဓိကမဟုတ်ပါ။ အဆိပ်ရှိဖို့က အဓိကဖြစ်ပါသည်။ သို့သော် ဤကင်းမြီးကောက်သည် အိုမင်းမစွမ်းရှိလာသည့်အခါ ခေတ်သစ်ကင်းမြီးကောက်ငယ်က အစားထိုးနေရာယူပေးရပါမည်။ လက်နက်ပစ္စည်းသည်လည်း ခေတ်မမီတော့လျှင် ခေတ်မီလက်နက်ဖြင့် အစားထိုးရပါမည်။ ထိုအခါ ငွေ၊ ဘတ်ဂျက် လိုလာပါမည်။

ဤသို့ဆိုလိုက်သည့်အတွက် စာရှုသူတို့ မျက်လုံးပြူးမသွားကြပါနှင့်။ မြန်မာ့တပ်မတော်သည် လွတ်လပ် ရေးရရှိပြီးစအချိန်ကတည်းက လူသားအရင်းအမြစ်ကိုသာ အမာခံထားရှိသည့် လက်နက်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။ "သူ့နိုင်ငံသား သံမှုန်စားမှ တို့စားတုံးမည်" ဟူသောအဆိုမှာ မြန်မာ့တပ်မတော် ၏ ဆောင်ပုဒ်တစ်ခုဖြစ်ပါသည်။ တပ်မတော်သည် ပြည်ထောင်စုလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်၍ မြန်မာနိုင်ငံ၏ရေမြေတောတောင်အနှံ့တွင် မတိုက်ခိုက်ဖူးသောနယ်မြေ မရှိပါ။

စာရှုသူတို့ သတိထား၍ကြည့်လျှင် မြဝတီရုပ်မြင်သံကြား



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်မှ တပ်မတော်နေ့ ဂုဏ်ပြုပြသသွားသော "ကွမ်လုံရက်– ၄၀" တိုက်ပွဲဇာတ်လမ်းတွင် ဗကပများဝတ်ဆင်ထားသော ယူနီဖောင်းသည် ထို ၁၉၅၁ ခုနှစ် က ထိုအိမ်နီးချင်းနိုင်ငံကြီး၏ တပ်မတော်ယူနီဖောင်းနှင့် ၉၀ ရာခိုင်နှုန်း တူညီနေသည်ကို သတိပြုမိကြပါလိမ့်မည်။ သဘောပေါက်ကြပါ။ တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ရှိသည့်လက်နက်ဖြင့် ဗကပ၊ တရုတ်ဖြူ၊ မူဂျာဟစ်၊ မျက်နှာဖြူ အကြံပေးများပါဝင်သော ကရင်လက်နက်ကိုင်အဖွဲ့များကို အနိုင်တိုက်ခဲ့ကြပါသည်။

သို့သော် ထိုအချိန်က ပြည်သူသည် တပ်မတော်အပေါ် အထူးသဖြင့် စစ်တိုက်နေရသည့်စစ်သားများအပေါ် ယနေ့ပစ္စုပ္ပန် ကာလထက်ပို၍ မုဒိတာပွားခဲ့ကြပါသည်။ ယနေ့ ဒီမိုကရေစီ ခေတ်တွင်မူ တပ်မတော်သားများကို အာဏာရူးများ၊ မုဒိမ်းကောင်များ၊ ဘတ်ဂျတ်အိတ်ထဲထည့်သူများအဖြစ် အစဉ်စွပ်စွဲပြောဆိုနေခဲ့ပါသည်။

ပြည်သူများ၏ စွပ်စွဲချက်များသည် မှန်သည်များလည်း ရှိပါသည်။ သို့သော် လုံးဝဥဿုံမှန်ကန်မနေပါ။ ပြည်သူများက မေတ္တာခေါင်းပါးလာသောအခါ ဘာမျှမဆိုင်သော ရှေ့တန်း တိုက်ခိုက်ရေးတပ်များ၏စိတ်ဓာတ်ကို ထိခိုက်လာစေပါသည်။ စာရေးသူတို့ အရာရှိငယ်ဘဝက "ငါတို့ အပင်ပန်းခံ ၊ အသေခံ ကာကွယ်စောင့်ရှောက်မှ မြို့ပေါ်က လူထုဘေးရန်ကင်းမယ်" ဟူသော ခံယူချက်လုံးဝရှိခဲ့သည်။ ယခုမူ ငါတို့စွန့်လွှတ်စွန့်စား အသေခံတိုက် လည်း ပြည်သူကအသိအမှတ်ပြုတာမှမဟုတ်ဘဲဟု မြင်လာလျှင်မကောင်းပါ။





အိမ်မှသားသမီးကို အချိန်ပြည့်အပြစ်တင်နေပြီးမှ ဝမ်းနည်း စိတ်ဓာတ်ကျလာသော ကလေးကို စာမေးပွဲ ဖြေနိုင်းပြီး စာမေးပွဲ မှာ ဂုဏ်ထူးမပါရကောင်းလားဟု ထပ်ဆင့်အပြစ်တင်သောကဲ့သို့ ပြည်သူကဖြစ်လာလျှင် မသင့်တော်ပါ။ ယခုအခါ အချို့ဂျာနယ်များက ကွမ်းလုံတိုက်ပွဲကဲ့သို့သော တိုက်ပွဲကိုပင် ရက် ၄၀ နှင့်ပြီးပြတ် အောင်တိုက်ခဲ့ပြီး ယခုလောက်ကိုင့်နယ်မြေတိုက်ပွဲမှာ ရက် ၄၀ မကတော့ဟု ရေးသားကြပြန်သည်။ ဝေဖန်ရေးက လွယ်ကူပါသည်။ မျှတသော ဝေဖန်မှုဖြစ်ဖို့တော့ လိုပါသည်။ မိမိဝေဖန်ပြောဆိုသည့် အကြောင်းအရာကိုလည်း အခြေခံလောက်တော့ သိရှိရန် လိုအပ်ပါသည်။

ကွယ်လွန်သွားပြီဖြစ်သော စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူ သည် ၁၉၉၁ ခုနှစ်က ရုရှားနိုင်ငံတွင် ကွန်မြူနစ်ဝါဒကျဆုံးပြီး ရုရှားနိုင်ငံပြိုကွဲစဉ်က "ဤမျှ ပညာရေးစနစ်ကောင်းမွန်ပြီး ထူးချွန် အားကစားသမားများ ပေါ်ထွက်ရာနိုင်ငံသည် ပြိုလဲမှုကြာရှည်မည် မဟုတ်ပါ။ မကြာမီ အချိန်အတောအတွင်းမှာပင် ကမ္ဘာ့အင်အား ကြီး နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု" နိမိတ် ဖတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိပညာရေးစနစ်နှင့် အားကစား အဆင့်ကို ကမ္ဘာအဆင့်မဟုတ်ဘဲ အာရှအဆင့်ဖြင့်ပင် ပြန်လည် သုံးသပ်ရပါမည်။

စာရေးသူဆိုလိုသည်မှာ မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေ ၅၁ ရာခိုင်နှုန်း အမျိုးသားဦးရေ ၄၉ ရာခိုင်နှုန်းရှိပါသည်။ အားကစားအဆင့်ဖြင့်ကြည့်လျှင် ဘောလုံး၌ အမျိုးသမီးအသင်းက အောင်မြင်မှုရာခိုင်နှုန်း တွင် အမျိုးသားအသင်းထက် သာလွန်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးအရေအတွက်တွင်လည်း ကျောင်းသူက ကျောင်းသားဦးရေထက် များပါသည်။ ကာတွန်းမီဒီယာများတွင်လည်း ဖနီးက ခင်ပွန်းကို နိုင်နေသည်များသာ ရေးဆွဲကြပါသည်။ မိဘမေတ္တာဖော်ကြူးရာတွင်လည်း မိခင်မေတ္တာကိုသာ ရှေ့တန်းထားပြီး ဖခင်၏ကဏ္ဍကို မေ့မှိန်ထားပါသည်။ ယောက်ျားလေးများသည် သနပ်ခါးလိမ်း၍ နားပန်းပန်ကာ လက်ကြောမတင်းဘဲ သက်သာမှုဘက်လိုက်ရန် စိတ်ဓာတ်သာရှိသူများ ယခင်ကာလထက် များလာပါသည်။ မေမေ့သား ပူတူးတူးလေးများ ဖြစ်လာပါသည်။ ဒါမှ ယောက်ျားအဖေ့သားများ လျော့နည်း၍ လာပါသည်။ ဦးမန်းကန်ညွန့်၏ လွှတ်တော် တွင်တင်ပြသောအဆိုအတွက် ယောက်ျားလေးအများစုမှာ ဤအတိုင်းရှိနေကြပါသည်။ ကာတွန်းနှင့် ရုပ်ရှင်မီဒီယာ များဖောင်းပေးမှုတွင် သတိရှိသင့်ကြပါသည်။

မည်သို့ပင်ဆိုစေကာမူ လောက်ကိုင်နယ်မြေတွင် ဖုန်ကြားရှင်ထ၍ ဆူပူလိုက်သဖြင့် မြန်မာပြည်သူ လူထုအတွက် သတိဝင်စေရန်အကြောင်းအချက်များစွာရရှိလိုက်ပါသည်။ စာရေးသူသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ အတွင်းက **Hot New** ဂျာနယ်တွင် "စစ်အစိုးရ စစ်တပ်နှင့်မြန်မာနိုင်ငံ" ဆောင်းပါးအမှတ် (၁) နှင့် (၂) ကို ရေးသားခဲ့ဖူးပါသည်။ တပ်မတော်မှ အရာရှိကြီး တော်တော်များများ ဖတ်ရှုမိကြောင်း ပြန်လည်ကြားသိရပါသည်။ ထိုဆောင်းပါးနှစ်စောင်တွင် ရှေ့တန်းတွင် တိုက်ခိုက်နေရသည့် တပ်မတော်သားများ၏ဘဝကို စာနာနားလည် ပေးပါရန် ပြည်သူပြည်သားများကို ပန်ကြားရေးသားခဲ့ဖူးပါသည်။ ယခုလက်ရှိ ဆောင်းပါးဖြင့်လည်း ပြည်သူ ပြည်သားများကို ဒုတိယအကြိမ်ပန်ကြားလိုက်ပါသည်။





ပြည်သူပြည်သားများသည်လည်း ဒီမိုကရေစီကာလ လေးနှစ်ကျော်ကို ဖြတ်သန်းခဲ့ကြပြီးဖြစ်သဖြင့် မျက်စိပွင့် နားပွင့် အတော်ပင်ရှိနေကြပါသည်။ ယခုလက်ရှိဆောင်းပါးသည် ပြည်သူပြည်သားများ၏ တပ်မတော်အပေါ် အမြင်ကိုပိုမိုနားလည်မှု ကျယ်ပြန့်လာစေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

**ဖုန်ကြားရှင် ဘယ်နိုင်ငံမှာ ဘယ်သူ့စွင့်ပြုချက်နှင့် ခိုအောင်းနေသလဲ**

ကိုးကန့်သောင်းကျန်းသူ ဖုန်ကြားရှင်ခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း၊ တရုတ်ပြည် ယူနန်ပြည်နယ်စပ်နှင့် ထိစပ်နေသော ရှမ်းပြည်နယ်အတွင်းရှိ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကို ထိန်းချုပ်နိုင်ရန် ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ တိုက်ခိုက်လာခဲ့သောကြောင့် ယနေ့ထိ လူ ၁၀၀ ကျော်သေဆုံးခဲ့ပြီး နယ်စပ်ဖြတ်ကျော်ကာ လူပေါင်းသောင်းချီ၍ ထွက်ပြေးနေရကြောင်းသိရသည်။

ထိုကဲ့သို့ ဖုန်ကြားရှင်၏တပ်ဖွဲ့ဝင်များ လောက်ကိုင်နှင့် ပတ်ဝန်းကျင်ဒေသများကို တိုက်ခိုက်လာခဲ့ခြင်း အပေါ် ဖုန်ကြားရှင်တပ်ဖွဲ့ဝင် တရုတ်နိုင်ငံဘက်မှ ကြေးစားစစ်သားများ ပါဝင်တိုက်ခိုက်ခဲ့ကြောင်း မြန်မာဘက်မှ ထောက်ပြကြေညာခဲ့ကြောင်း သိရသည်။ သို့သော် ကိုးကန့်လက်နက်ကိုင်အဖွဲ့ခေါင်းဆောင် ဖုန်ကြားရှင်ကမူ သူ့အဖွဲ့တွင် တရုတ်နိုင်ငံသားများသော်လည်းကောင်း တရုတ်ကြေးစားစစ်သားများသော်လည်းကောင်း ပါဝင်တိုက်ခိုက်ပေးခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်ဟု သိရသည်။

ကိုးကန့်လက်နက်ကိုင်အဖွဲ့ **MNDAA** သည် ယခင်က



www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံကထောက်ပံ့မှုပေးခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပြိုကွဲသွားသည့် ဗမာကွန်မြူနစ်ပါတီ၏ အကြွင်းအကျန်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။ ဖုန်ကြားရှင် ဦးစီးသော ကိုးကန့်နယ်မြေကို မြန်မာအစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် မူးယစ်ဆေးဝါးစက်ရုံနှင့် လက်နက်စက်ရုံများ တည်ဆောက်မှုဖြင့် မြန်မာအစိုးရက ဖုန်ကြားရှင်အား ကိုးကန့်ဒေသမှ တိုက်ထုတ်ခဲ့ကြောင်းသိရသည်။ ထိုအချိန်ကတည်းက ကိုးကန့်ဒေသမှ ဖုန်းကြားရှင်ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ယခုနှစ် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံတော်အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးသဘော တူညီမှု ပြုလုပ်မည်ဟု ဆိုလာချိန်မှာ ဖုန်ကြားရှင်သည် မိမိအိမ်သို့ မိမိပြန်လာခြင်းသာ ဖြစ်ကြောင်းပြောဆိုပြီး တိုက်ခိုက်လာကြောင်းသိရသည်။

ကိုးကန့်သောင်းကျန်းသူများဘက်မှ ၄င်းတို့တပ်ဖွဲ့ဝင်အတွင်း တရုတ်နိုင်ငံသားများမရှိကြောင်း၊ ကြေးစား ငှားရန် ငွေကြေးမရှိကြောင်း၊ တရုတ်ပြည်က သူတို့အားကူညီထောက်ပံ့မှုမရှိကြောင်း၊ အကယ်၍ တရုတ်နိုင်ငံသားများက မိမိတို့အားကူညီနေကြောင်း ဗဟိုတရုတ်အစိုးရက သိရှိသွားလျှင် မိမိတို့အား ကြီးမားသောဖိအားပေးမှု ခံနေရမှာဖြစ်ကြောင်း၊ မိမိတို့ကလည်း တရုတ် နိုင်ငံသားများ မိမိတို့တပ်ဖွဲ့အတွင်းမဝင်ရောက်နိုင်ရန် တင်းကြပ်စွာတားမြစ်ထားကြောင်းဖြင့် တရုတ်ကွန်မြူနစ်ပါတီအာဘော်သတင်းစာ **The People Daily** မှထုတ်ဝေသော **The Global Time** စာစောင်နှင့် ဖုန်ကြားရှင်တို့ အင်တာဗျူးရာမှ ဖုန်ကြားရှင်က ပြောကြားသွားသည်။





တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှမူ လွန်ခဲ့သောနှစ်များအတွင်း ဖုန်ကြားရှင်ဘယ်မှာ နေထိုင်သည်ကို သိ၊ မသိကိစ္စနှင့် အကယ်၍ ဖုန်ကြားရှင် တရုတ်ပြည်တွင်းရှိနေခဲ့လျှင် နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ညွှန်ကြားချက်များ ရှိ/ မရှိကိစ္စတို့ကို ၂၅၊ ၂၊ ၁၅ နေ့က ဘေဂျင်းတွင်ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲမှာ မဖြေကြားခဲ့ကြောင်းသိရသည်။ သို့သော်လည်း တရုတ်နိုင်ငံသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးမှာ ဝင်မစွက်ဖက်သောမူကို စွဲကိုင်ထားကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကိုလေးစားပြီး နယ်တစ်လျှောက် တည်ငြိမ်ရေးပျက်စီးရန် မည်သူကိုမျှ လုပ်ခွင့်မပေးနိုင်ကြောင်း ဆက်လက်ပြောကြားကြောင်းသိရသည်။

❖ ❖ ❖

## ကိုးကန့်ဒေသတွင် တိုက်ပွဲများဖြစ်ပွားနေဆဲဖြစ်ပြီး အစိုးရတပ်မတော်ဘက်မှ ၁၆ ဦး ထပ်မံကျဆုံးကာ တစ်ရာကျော် ထိခိုက်ဒဏ်ရာရကြောင်း ထုတ်ပြန်

၁၈–၄–၂၀၁၅

ကိုးကန့်ဒေသအတွင်း ကိုးကန့်တပ်ဖွဲ့ (MNDAA) နှင့် အစိုးရ တပ်မတော်တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး အစိုးရတပ်မတော်ဘက်မှ ၁၆ ဦး ထပ်မံကျဆုံးကာ တစ်ရာကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ဧပြီ ၁၅ ရက်တွင် အစိုးရ၏ ထုတ်ပြန်ချက်များအရ သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးကန့်အဖွဲ့ (MNDAA) နှင့် အစိုးရတပ်မတော်တို့သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ စတင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဧပြီ ၁၆ ရက်အထိ ထိတွေ့တိုက်ပွဲပေါင်း ၂၅၃ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တပ်မတော်နှင့် ကိုးကန့်တပ်ဖွဲ့၏ တိုက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်ပြီး အစိုးရ၊ တပ်မတော်တို့မှ ထုတ်ပြန်ခဲ့သည့် သတင်းများတွင် ဖော်ပြထားသော ကျဆုံးဒဏ်ရာရစစ်သည်စာရင်းများအား ရေတွက်ကြည့်ရာ ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၂၁ ရက်အထိ တပ်မတော်ဘက်မှ အရာရှိ၊ စစ်သည် ၁၁၀ ကျဆုံးခဲ့ပြီး ၂၅၉ ဦး ဒဏ်ရာ ရရှိခဲ့ပြီးဖြစ်ကြောင်း အကြမ်းဖျင်းသိရသည်။

ကိုးကန့်တိမ်းရှောင်တပ်ဖွဲ့ဝင်များအနေဖြင့် ပါစင်ကျော် အရှေ့မြောက်နှင့် အရှေ့ဘက်ဒေသတွင် အဓိက မြေနေရာများ ထိန်းချုပ်နိုင်ခြင်းမရှိတော့ဘဲ ဆုတ်ခွာထွက်ပြေးလျက်ရှိပြီး တပ်မတော် စစ်ကြောင်းများက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအထိ အဆင့်ဆင့် ထိန်းချုပ်တိုက်ခိုက်လျက်ရှိရာ ဧပြီ ၁၆ ရက်တွင် ကိုးကန့် တိမ်းရှောင်တပ်ဖွဲ့များ တပ်စွဲထားသည့် နှစ်နိုင်ငံနယ်နိမိတ်အနီးရှိ တောင်ကုန်းများကို တပ်မတော်က ပြန်လည်သိမ်းပိုက်ခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

အစိုးရ၏ ဧပြီ ၁၆ ရက် သတင်းထုတ်ပြန်ချက်များအရ ကိုးကန့်တိမ်းရှောင်တပ်ဖွဲ့သည် ပါစင်ကျော်ကျေးရွာ အရှေ့မြောက်ဘက်ရှိ ရှင်ခုတ်ထန်ဒေသနှင့် အရှေ့ဘက်ခြမ်းရှိ စန့်တအိုက် ရှန်ကုန်းမြင့်ဒေသတွင် တပ်စွဲထားကြောင်းသိရပြီး နှစ်နိုင်ငံနယ် နိမိတ်မျဉ်းအနီးရှိ ပွိုင့် ၁၅၅၃ တောင်ကုန်း၊ ပွိုင့် ၁၅၄၁ တောင်ကုန်း၊





ပန်ဝိုင်တောင်၊ ဘိုင်ကြင်ရှွေကျေးရွာ၊ ပွိုင့် ၁၇၅၃ တောင်ကုန်းများ ကို အစိုးရတပ်မတော်က သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားနေသော ကိုးကန့်အဖွဲ့သည် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) တွင် အဖွဲ့ဝင်ဖြစ်ပြီး အစိုးရနှင့်တစ်နိုင်ငံလုံး အပစ်ရပ်ဆဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်သည်။

(UNFC) တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်၊ စစ်ရေးနည်းလုံးဝမသုံးရန် မူချမှတ်ထားသော်လည်း အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုဖြင့်သည့် ကိုးကန့်အဖွဲ့ (MNDAA) မှ စစ်ရေးနည်းသုံးနေခြင်းအပေါ် အဖွဲ့အတွင်းပြန်သုံးသပ်ရမည့် ကိစ္စ ဖြစ်သည်ဟု UNFC ၏ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောကြားထားသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအင်ဘန်လကလည်း ကိုးကန့်ဒေသတွင် ဖြစ်ပွားနေဆဲဖြစ်သော အစိုးရတပ်မတော်နှင့် ကိုးကန့်တပ်ဖွဲ့ (MNDAA) တို့အကြား တိုက်ပွဲများသည် တစ်နိုင်ငံလုံး အပစ် ရပ်စဲရေးကို အဟန့်အတားဖြစ်စေနိုင်သည့်အတွက် တပ်မတော် ဘက်မှ လက်ရှိ ထိုးစစ်များကို ရပ်တန့်၍ တွေ့ဆုံညှိနှိုင်းဆွေးနွေး ခြင်းဖြင့် အဖြေရှာရန် ဧပြီ ၁၃ရက်က သမ္မတ ဦးသိန်းစိန်ထံ အိတ်ဖွင့်စာပေးပို့တောင်းဆိုခဲ့ကြောင်း သိရသည်။

ကိုးကန့်သောင်းကျန်သူအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ လောက်ကိုင်ဒေသအား အကြမ်းဖက်သိမ်းပိုက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်၏ စွမ်းရည် သုံးရပ်ပြည့်စုံမှုဖြင့် တိုက်ပွဲဆင်နွှဲတိုက်ခိုက်မှုများကြောင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ လောက်ကိုင်ဒေသ သိမ်းပိုက်ရေးရည်ရွယ်ချက် ပျက်ပြားခဲ့သည်။ လောက်ကိုင်ဒေသ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားမှုကြောင့် တပ်မတော်အား အရာရှိ စစ်သည်အချို့ နိုင်ငံတော်အတွက် မွန်မြတ်စွာ အသက်ပေးလှူခဲ့ရပြီး အချို့မှာ ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

ယခုအခါ ထိခိုက်ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံများသို့ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် အမြန်ဆုံးရောက်ရှိအောင် စီမံပို့ဆောင်ပေးနိုင်ခဲ့၍လည်း ဒဏ်ရာရလူနာများမှာ သက်သာကောင်းမွန်လျက်ရှိပြီး တပ်မတော်ဆေးရုံများကလည်း လိုအပ်သည့် ဆေးဝါးကုသမှု၊ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့ပြင် တိုက်ပွဲအတွင်း မွန်မြတ်စွာ အသက်စွန့်လှူသွားသူများ၏ အရိုးအိုးများကိုလည်း သက်ဆိုင်ရာ တပ်ဌာနချုပ်များသို့ သယ်ဆောင်၍ ကောင်းမွန်စွာသင်္ဂြိုဟ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုက်ပွဲပြင်းထန်နေသော လောက်ကိုင်ဒေသ**

တပ်မတော်မှ သိမ်းယူရန် ကျန်ရှိနေသေးသော တောင်ကုန်း အမှတ် (၂၀၂၂)ကို သိမ်းယူရန် ဧပြီလ ၂၃ ရက်နေ့မှစတင်၍ ခြေမြန်တပ်မ (၃၃) လက်အောက်ခံတပ်ရင်းများဖြင့် တပ်မတော်မှ ကိုးကန့်ဒေသတွင် အရှဏ်မတက်မီမှစတင်၍ အပြင်းအထန်ထိုးစစ်ဆင်နေရာ နှစ်ဖက်ကျဆုံးမှုများပြားကြောင်း သိရသည်။

တိုက်ပွဲများဖြစ်ပွားရာနေရာမှာ လောက်ကိုင်





အရှေ့မြောက်ဘက်မှာဖြစ်ပြီး မြန်မာ–တရုတ်နယ်စပ်အနီးရှိ လျှောက်လူချန်းနှင့် ရှီကော်လင်းရွာတို့တွင် ဧပြီလ ၂၄ ရက်နေ့ ည ၁၀ နာရီခန့်အထိ ဖြစ်ပွားဆဲဖြစ်ကြောင်း၊ တပ်မတော်ဘက်မှ ကျဆုံးမှုများပြားနေ၍ စခန်းကို ဧပြီလ ၂၅ ရက်နေ့အထိ မသိမ်းပိုက်နိုင်သေးကြောင်း သိရသည်။

ယခုတိုက်ပွဲမှာ စခန်းသိမ်းနောက်ဆုံးတိုက်ပွဲများဖြစ်သောကြောင့် တပ်မတော်မှ အင်အားများ ထပ်မံတိုးမြှင့်ကာ ဆက်လက်တိုက်ပွဲများဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

❖ ❖ ❖

**ပြန်လည်ငြိမ်းချမ်းလာသည့် လောက်ကိုင်ဒေသ၌ ရောင်းဝယ်ဖောက်ကားသွားလာသူများဖြင့် စည်ကားလာရှိုး မေ ၅**

လောက်ကိုင်ဒေသတိုက်ပွဲဖြစ်စဉ်များကြောင့် ခေတ္တတိမ်းရှောင်ခဲ့သည့် ဒေသခံပြည်သူများသည် ဧပြီ ၂၁ ရက်က မိမိနေရပ်ဒေသသို့ ပြန်လည်ရောက်ရှိပြီး မေ ၃ ရက် နံနက်ပိုင်းက ရောင်းဝယ်ဖောက်ကား သွားလာမှုများ ပုံမှန်လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

လောက်ကိုင်မြို့ အမှတ်(၂) ရပ်ကွက် အထက်ဈေးနှင့် အောက်ဈေးတို့တွင် ဈေးဆိုင်ခန်းများ ပြန်လည် ဖွင့်လှစ်ရောင်းချပြီး ဈေးဝယ်သူများဖြင့် အသူးစည်းကားလျက်ရှိကြောင်းနှင့် လာရှိုးမြို့မှ



www.burmeseclassic.com

ချင်းရွှေဟော်၊ လောက်ကိုင် မြို့သို့ စွမ်းရည်မော်တော်ယာဉ်ငယ် အသင်း၊ နယ်စပ်မန်းမော်တော်ယာဉ်အသင်းတို့မှ နေ့စဉ်မော်တော် ယာဉ်များဖြင့် ခရီးသည်များကို ပို့ဆောင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

စိုင်းထွန်း(လားရှိုး)

❖ ❖ ❖

## မတ်(၆)ရက်တွင် လောက်ကိုင်ဒေသ၌ တိုက်ပွဲလေးကြိမ်ဖြစ်ပွားဟု အစိုးရထုတ်ပြန်

မိုးညို

ရန်ကုန် – လောက်ကိုင်ဒေသ၌ မတ်လ ၆ ရက်တွင် တပ်မတော်နှင့် ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့တို့ တိုက်ပွဲလေးကြိမ် ပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

မတ်လ ၆ ရက် မွန်းလွဲပိုင်းက ကုန်းကြမ်းနှင့် လော်ကွာ ကျိုင်းကြား၌ တစ်ကြိမ်၊ လောက်ကိုင်ဒေသရှိ နယ်နိမိတ်မှတ်တိုင် အမှတ် (၁၁၈) အနီး၌ တစ်ကြိမ်၊ ချင်းရွှေဟော်မှ လောက်ကိုင်မြို့သို့ သက်သာထောက်ပံ့ ပစ္စည်းများပို့ဆောင်သည့် ယာဉ်တန်းကို တိုက်ခိုက်ရာတွင် တစ်ကြိမ်၊ လောက်ကိုင်–ချင်းရွှေဟော်ကားလမ်း လုံထန်းကျေးရွာအနီးတွင် တစ်ကြိမ် စုစုပေါင်း လေးကြိမ်





ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ပွဲများကြောင့် တပ်မတော်ဘက်မှ အရာရှိ၊ စစ်သည် လေးဦးကျဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိပြီး ကိုးကန့်တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့မှ ကျဆုံး ဒဏ်ရာရစာရင်းကိုမူ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန် သွားခြင်းမရှိပေ။

တိုက်ပွဲလေးကြိမ်တွင် ကိုးကန့်အဖွဲ့အပြင် ပလောင်နှင့် ရခိုင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပူးပေါင်းပါဝင်တိုက်ခိုက် မှုကြောင့် တပ်မတော်က လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူ များဖြင့် ပြန်လည် တိုက်ခိုက်ခဲ့သည်ဟု ပြန်ကြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မတ်လ ၆ ရက် တိုက်ပွဲများတွင် လောက်ကိုင်ဒေသရှိ အရေးပါသည့်တောင်ကုန်းများကို တပ်မတော်က ပြန်လည် သိမ်းပိုက်နိုင်ခဲ့ပြီး နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နေကြောင်းထုတ်ပြန်သည်။

တိုက်ပွဲများဖြစ်ပွားရာတွင် ကိုးကန့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ထံမှ လက်နက်ခဲယမ်းများနှင့် မူးယစ် ဆေးဝါးများသိမ်းဆည်းရမိခဲ့သည်ဟုဆိုသည်။

ဖေဖော်ဝါရီ ၉ ရက်ကစတင်၍ ရက်ပေါင်း ၂၇ ရက် ကြာတိုက်ပွဲဖြစ်ပွားနေသည့် လောက်ကိုင်ဒေသတွင် တပ်မတော် ဘက်မှ အရာရှိစစ်သည် ၈၀ ကျော်ကျဆုံးကာ ကိုးကန့်လက်နက်ကိုင် အဖွဲ့မှ ၁၀၀ ကျော်ကျဆုံးကြောင်း အစိုးရက သတင်းထုတ်ပြန် ထားသည်။ **မတ်လ ၆ ရက် လောက်ကိုင်ဒေသတိုက်ပွဲဖြစ်ပွား သည့် နေရာပြမြေပုံ**



www.burmeseclassic.com

www.burmeseclassic.com



## လောက်ကိုင်ဒေသ ပြန်လည်ငြိမ်းချမ်းလာသဖြင့် လားရှိုးမြို့တွင် ရောက်ရှိနေသော ဒေသခံများပြန်လည်ထွက်ခွာ

**လားရှိုး မေ ၂၁**

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်စဉ်များကြောင့် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်တည်းခိုနေသော တိုက်ပွဲရှောင်ပြည်သူများသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် လောက်ကိုင်မြို့သို့ ပြန်လည်ထွက်ခွာလျက်ရှိကြသည်။

အဆိုပါ နေရပ်ပြန်ကြသည့် အိမ်ထောင်စု ၇၄ စုတွင် မိသားစုဝင် ၂၃၄ ဦးပါရှိပြီး ယနေ့နံနက်ပိုင်းက ယာဉ်ကြီးငါးစီးဖြင့် ပြန်လည်ထွက်ခွာသွားခြင်းဖြစ်ကြောင်း သိရသည်။

❖ ❖ ❖

## ကိုးကန့်ဒေသတွင်း တိုက်ပွဲများပြီးဆုံးခါနီးပြီဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြား

ကိုးကန့်ဒေသတွင်း တိုက်ပွဲများပြီးဆုံးခါနီးပြီဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေ ၁၈ ရက်တွင်ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်း





အောင်လှိုင်က လားရှိုးမြို့အမှတ် (၉) တပ်မတော် ဆေးရုံတွင် တက်ရောက်ကုသနေသော ဒဏ်ရာရအရာရှိစစ်သည်များ၊ ကယ်ဆယ်ရေးအဖွဲ့များနှင့် တွေ့ဆုံစဉ် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "အခုလိုကူညီမှုတွေအတွက် ကျေးဇူးတင်ပါတယ်။အခုတိုက်ပွဲက ပြီးဆုံးခါနီးပါပြီ" ဟု ကယ်ဆယ်ရေးအဖွဲ့များကို တွေ့ဆုံစဉ်ပြောကြားသည်။

တပ်မတော်နှင့် ကိုးကန့်အဖွဲ့ **MNDAA** တို့အကြား ဖေဖော်ဝါရီ ၉ ရက်ကတည်းတိုက်ပွဲများ စတင် ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်အတွင်း တပ်မတော်ဘက်မှ အကျအဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အများအပြားရှိခဲ့သော်လည်း မေ ၁၆ ရက် ညပိုင်း အစိုးရ၏သတင်းထုတ်ပြန်မှုအရ ကိုးကန့်တိမ်းရှောင်အဖွဲ့များ တပ်စွဲထားသည့် နှစ်နိုင်ငံနယ်နိမိတ်အနီးရှိ တောင်ကုန်းများကို တပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ကိုးကန့်အဖွဲ့ **(MNDAA)** နှင့် အစိုးရတပ်မတော်ကို ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီ ၉ ရက်မှ စတင်တိုက်ပွဲ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မေ ၁၆ ရက်အထိ ထိတွေ့တိုက်ပွဲပေါင်း ၂၅၃ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တပ်မတော်နှင့် ကိုးကန့်တပ်ဖွဲ့၏ တိုက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ အစိုးရ၊ တပ်မတော်တို့မှ ထုတ်ပြန်ခဲ့သည့် သတင်းများတွင် ဖော်ပြထားသော ကျဆုံးဒဏ်ရာရစစ်သည်စာရင်းများ ရေတွက်ကြည့်ရာ ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၂၁ ရက်အထိ တပ်မတော်ဘက်မှ အရာရှိစစ်သည် ၁၁၀ ကျဆုံးပြီး ၂၉၉



www.burmeseclassic.com

www.burmeseclassic.com



ဦးဒဏ်ရာရရှိခဲ့ကြောင်း အကြမ်းဖျင်းသိရသည်။

ကိုးကန့်ဒေသအတွင်း ကိုးကန့်အဖွဲ့ (MNDDA) နှင့် အစိုးရတပ်မတော်တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ထပ်မံကျဆုံးကာ ၁၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိကြောင်း ပြေီ ၁၅ ရက်တွင် အစိုးရ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ကိုးကန့်တိမ်းရှောင်အဖွဲ့များထံမှ အလောင် ၇၄ လောင်း၊ လက်နက်မျိုးစုံ ၂၂၆လက်၊ ကျည်နှင့် ဗုံးသီးမျိုးစုံ ၂၇၀၀ သိမ်းဆည်းရမိခဲ့သည်ဟု အစိုးရက ထုတ်ပြန်သည်။

ကိုးကန့်အဖွဲ့ MNDAA အဖွဲ့ဝင်ဖမ်းမိ၊ အလင်းဝင် ၂၂ ဦးနှင့် ကာလတန်ဖိုးကျပ် ၂၇၇၆၁၆ သိန်းကျော်ရှိ မူယစ်ဆေးဝါးမျိုးစုံကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားနေသော ကိုးကန့်အဖွဲ့သည် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) တွင်အဖွဲ့ဝင်ဖြစ်ပြီး အစိုးရနှင့် တစ်နိုင်ငံလုံးအပစ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်သည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအောင်ဘန်လကလည်း ကိုးကန့်ဒေသတွင်ဖြစ်ပွားနေဆဲဖြစ်သော အစိုးရတပ်မတော်နှင့် ကိုးကန့်အဖွဲ့ (MNDAA) တို့အကြားတိုက်ပွဲ များသည် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးကို အဟန့်အတားဖြစ်စေနိုင်သည့်အတွက် တပ်မတော်ဘက်မှ လက်ရှိ ထိုးစစ်များကိုရပ်တန့်၍ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်းဖြင့် အဖြေရှာရန် ပြေီ ၁၃ ရက်က သမ္မတ ဦးသိန်းစိန်ထံ အိတ်ဖွင့်စာ ပေးပို့တောင်းဆိုခဲ့ကြောင်း သိရသည်။





## တပ်မတော်သားများအတွက် အလှူငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဖေဖော်ဝါရီ ၂၂ ရက်က တောင်ဥက္ကလာပမြို့နယ် (၃) ဂိတ်ဟောင်းအနီး (၁၄/၂)ရပ်ကွက်၊ သံသုမာလမ်း အမှတ် (၄) နေ ဦးသန်းဝင်း+ဒေါ်တင်တင်ခိုင် ငွေတောင် တရုတ်အစားအစာမျိုးစုံ မိသားစုက ငွေကျပ်သိန်း ၅၀ နှင့် ဆိုင်ဝန်ထမ်းများက ငွေကျပ် ၁၅၅၅၀၀၀ စုစုပေါင်းအလှူငွေကျပ် ၆၅၅၅၀၀၀ ကို ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အလှူခံဌာနတွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

❖ ❖ ❖

## လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများ နတ်တလင်းမြို့သို့ ရောက်ရှိ

နတ်တလင်း ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့သို့ ပြည်မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီမှ ရုံးအုပ် ဦးစိုးတင့် ဦးဆောင်၍ ဒိုင်နာကားနှစ်စီးဖြင့် လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်လာသော ပြည်သူတို့သည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နတ်တလင်းမြို့သို့ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်တွင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြပြီး နေရာချထားပေး၍ သက်ဆိုင်ရာဆွေမျိုးသားချင်းရှိသော ကျေးရွာများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ခေါ်ယူကာ ပို့ဆောင်ပေးခြင်း၊ ဟိတကာရီအသင်းမှလည်း ကားများဖြင့် ကျေးရွာများအရောက် ပို့ဆောင်ပေးခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း တိုက်ပွဲရှောင်ပြည်သူများ၏ ကျန်းမာရေး ပညာရေး စားဝတ်နေရေး စသည့်လိုအပ်သည်များကို ဆက်လက်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။ လောက်ကိုင်ဒေသတိုက်ပွဲရှောင် ပြည်သူများထဲမှ တာပွန်ကျေးရွာအုပ်စုမှ တစ်ဦး၊ ဖလံကုန်းကျေးရွာအုပ်စုမှ တစ်ဦး၊ ဖီးပင်ကွေ့ကျေးရွာအုပ်စုမှ လေးဦး၊ ကြိုးကြာကံကျေးရွာအုပ်စုမှ ငါးဦးနှင့် ပန်းတင်ကြီးကျေးရွာ အုပ်စုမှ ၃၁ ဦး စုစုပေါင်း ၄၂ ဦးရှိပြီး နေရပ်ဒေသများသို့ ချောမောစွာပြန်လည်ရောက်ရှိရေး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

❖ ❖ ❖

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**
**လောက်ကိုင်တိုက်ပွဲတွင် ကျဆုံးအရာရှိ၊**
**စစ်သည်မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်**
**နေပြည်တော် မတ် ၇**

လားရှိုးမြို့တွင်ရောက်ရှိနေသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြု





ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် မတ် ၆ ရက် နံနက်ပိုင်းတွင် တပ်မတော်ခုတင် (၁၀၀)ဆေးရုံတွင် တက်ရောက်ကုသနေသော လောက်ကိုင်တိုက်ပွဲမှ ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစပ်အောင်မြတ်၊ စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးနှင့် ကော်မတီအဖွဲ့ဝင်များက ဒဏ်ရာရအရာရှိ၊ စစ်သည်များအား တစ်ဦးချင်းထောက်ပံ့ငွေများပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံသို့ သွားရောက်ပြီး ကိုးကန့်သောင်းကျန်းသူများ၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိ၍ ဆေးဝါးကုသမှု ခံယူနေသည့် လူနာများအား တစ်ဦးချင်း ထောက်ပံ့ငွေများပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် နှစ် (၇၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင် ရွက်ခဲ့သည့် ဆုံကွယ်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရုံးခွဲ (လားရှိုး) ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရုံးခွဲဦးစီးမှူး ဦးဇော်ဝင်းက ဆုံကွယ်ကျေးရွာ အဝင်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဆုံကွယ်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာ ကတ္တရာလမ်း ဖွင့်ပွဲမှန်ဦးအား ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကြူ၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ၁၅ မိုင် ၄ ဖာလုံရှိ လားရှိုးမြို့ မြို့ရှောင်လမ်းအား သွားရောက်ကြည့်ရှုသည်။

ထို့နောက် အမှတ်(၅၂၂)ခြေမြန်တပ်ရင်းတွင် ကျဆုံးအရာရှိ စစ်သည် မိသားစုများအား တစ်ဦးချင်း ထောက်ပံ့ငွေများကို ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် နေ့လယ်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေ ပေးအပ်ပွဲ အခမ်း အနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက





အမှာစကားပြောကြားရာတွင် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကိုးကန့်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ရပြီး ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားခဲ့သဖြင့် နိုင်ငံတော်သမ္မတရုံး၏ ဖေဖော်ဝါရီ ၁၇ ရက်စွဲပါ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် အမှတ် (၁/၂၀၁၅)ဖြင့်အရေးပေါ်အခြေအနေ ကြေညာခြင်းကို လည်းကောင်း၊ (၂/၂၀၁၅) ဖြင့်စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန် ကြေညာခဲ့ရပါကြောင်း။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွား အခြေအနေများကို ပြန်လည် ထူထောင်နိုင်ရေးအတွက် တပ်မတော်ကို အထောက်အကူပြုရန် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည် ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီကို ဖွဲ့စည်းပေး ခဲ့ပါကြောင်း။

ပြည်သူများ၏ တူညီသောဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ် အေးချမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တည်ငြိမ်မှုများ အမြန်ဆုံး ပြန်လည်ရရှိရန်အတွက် ဆောင်ရွက်ရာ တွင် ပြည်သူများကလည်းဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ဆန်အိတ် ၃၀၀၀ အား ဝန်ကြီးချုပ် စဝ်အောင်မြတ်က ပေးအပ် လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အေးရှားဝေါလ်ဖောင်ဒေးရှင်းက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀၀ အား အေးရှားဝေါလ် ဖောင်ဒေးရှင်းမှ ဒေါ်ခင်နှင်းဖြူကပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လည်းကောင်း၊ **JEWELLERY LUCK GROUP OF COMPANIES (Family** အထပ်သား)က လှူဒါန်းငွေကျပ် သိန်း ၁၀၀၀ အား ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပေးအပ်ရာ ဝန်ကြီးချုပ်ကလည်းကောင်း၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များ အသင်းက လှူဒါန်းငွေကျပ် သိန်း ၅၀၀ အား ဗိုလ်မှူးမိုးသက်ထူး (ငြိမ်း)က ပေးအပ်ရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ကလည်းကောင်း၊ ကုန်သည်ကြီးများအသင်းကလှူဒါန်းသည့် ဆန်အိတ် ၁၀၀၀၊ ဆီ ၂၀၀ ပိဿာအား ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ပေးအပ်ရာ ဒုတိယ ဝန်ကြီးဦးဘုန်းဆွေကလည်းကောင်း၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ငွေကျပ်သိန်း ၂၀ အား ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးသန့်ရှင်းကလည်းကောင်း၊ ရွှေမင်းဝင်ကုမ္ပဏီ လီမိတက်က ငွေကျပ် သိန်း ၂၀ အား ကုမ္ပဏီဥက္ကဋ္ဌ ဦးရည်သွေး က ပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လည်းကောင်း၊ ကျားခေါင်းဘိလပ်မြေကုမ္ပဏီက ငွေကျပ် သိန်း ၂၀ အား မန်နေဂျာ ဦးမိုးမင်းဦးက ပေးအပ် လှူဒါန်းရာ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းကလည်းကောင်း၊ ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟော်ရှောက်ချန်းက ငွေကျပ် ၁၀ သိန်းနှင့် မြန်မာ့ရတနာရွှေခေတ် ဦးဘိုဘိုက ငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က





လည်းကောင်း အသီးသီး လက်ခံကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာ မျိုးထွန်းက လှူဒါန်းရခြင်းအကြောင်းရင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကျေးဇူးတင် စကားပြောကြားက အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက် ကြပြီး အလှူရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အခမ်းအနားတွင် လှူဒါန်း ရရှိမှု စုစုပေါင်းမှာ ငွေကျပ်သိန်း ၃၁၀၀၊ ဆန်အိတ် ၄၀၀၀ နှင့် ဆီ ၂၀၀ ပိဿာဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူဘုရားကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် သက်တော် (၈၂) နှစ်၊ ဝါတော် (၆၂) ဝါရှိ ဆရာတော် ဘဒ္ဒန္တကောဏ္ဍည (အဘိဓဇမဟာရဋ္ဌဂုရု) အား သွားရောက်ဖူးမြော်ပြီး အလှူငွေများ ဆက်ကပ်လှူဒါန်း ခဲ့သည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အတွက် အလှူငွေများ လှူဒါန်းလိုပါက ရှမ်းပြည်နယ် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးဘုန်းဆွေ (ဒုတိယဝန်ကြီး) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန ဖုန်း ၀၉-၅၀၅၂၃၅၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

www.burmeseclassic.com



## စံတော်ချိန်

**မြန်မာ့တပ်မတော်နှင့် ကိုးကန့်တပ်ဖွဲ့**

ပါဝင်ကျော်ကျေးရွာ အရှေ့မြောက်ဘက်ရှိ ရှင်ခုတ်ထန်ဒေသနှင့် အရှေ့ဘက်ခြမ်းရှိ စန်တာအိုက်ရှန် ကုန်းမြင့်ဒေသတွင် ခံစစ်ယူ၍ တပ်မတော်စစ်ကြောင်းများ၏ ထိုးစစ်ကို ခုခံတိုက်ခိုက်လျက်ရှိသည့် စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းများကို တပ်မတော်က သိမ်းပိုက်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးရှိ ပွိုင့် ၁၅၅၃၊ ပွိုင် ၁၅၄၁ တောင်ကုန်း၊ ပန်ပိုင်တောင်၊ ဘိုင်ကြင်ရွှေ ကျေးရွာ၊ ပွိုင့် ၁၈၅၉ တောင်ကုန်းနှင့် ပွိုင့် ၁၇၅၃ တောင်ကုန်းများကို တပ်မတော်ဘက်က ဧပြီ ၁၆ ရက်၌ ထပ်မံသိမ်းပိုက်ရရှိခဲ့သည်။

**ဖျက်ဆီးနိုင်ခဲ့**

ယင်းတိုက်ပွဲများတွင် ကိုးကန့်တပ်ဖွဲ့ထံမှ ကေ (၁၂) တစ်လက်၊ အာရ်ပီဂျီ တစ်လက်၊ အမ်(၂၂)တစ်လက်၊ အေကေ (၄၇)တစ်လက်၊ ကျည်အိမ်မျိုးစုံခုနစ်ခု၊ ကျည်မျိုးစုံ ၃၀၆၀တောင့်၊ ရှေ့ထွက်မိုင်း ၁၁လုံး၊ တိုက်မိုင်းသုံးလုံး၊ အာရ်ပီဂျီသီး ၁၄လုံး၊ အာရ်ပီဂျီဗုံးသီးပို့ကျည် ၁၇တောင့်၊ လက်ပစ်ဗုံး ၂၃လုံး၊ ၆၀ မီလီမီတာ ဗုံးသီး ၂၁လုံး၊ စနိုက်ပါပြောင်းပိုတစ်ခု၊ ဓာတ်ငွေ့ကာမျက်နှာဖုံး ကိုးခု၊ အီကွေးမန့် တစ်စုံနှင့် ဘေးလွယ်အိတ်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး သစ်လုံးဘာန်ကာ ၈၀ လုံးအား ဖျက်ဆီးနိုင်ခဲ့သည်။

❖ ❖ ❖





## မြန်မာတပ်မတော်နှင့် ကိုးကန့်တပ်ဖွဲ့ တိုက်ပွဲ ၂၀၀ ကျော်ဖြစ်ပွားခဲ့ ကိုးကန့်တပ်ဖွဲ့မှ ၇၀ ကျော်ကျဆုံး၊ အလင်းဝင် ၂၀ ကျော်ရှိဟုဆို

၁၈–၆–၂၀၁၅

မြန်မာ့တပ်မတော်နှင့် ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့တို့ တိုက်ပွဲစတင်ဖြစ်ပွားသည့်အချိန်မှစ၍ တိုက်ပွဲပေါင်း ၂၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ကိုးကန့်တပ်ဖွဲ့မှ ၇၀ ကျော်ကျဆုံးခဲ့ကာ ဖမ်းဆီးရမိ၊ အလင်းဝင်သူ ၂၂ ဦးရှိကြောင်း မြန်မာ့တပ်မတော်၏ ထုတ်ပြန်ချက်အရ သိရသည်။

လောက်ကိုင်ဒေသအတွင်း ယခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ဧပြီ ၁၆ ရက်အထိ တိုက်ပွဲပေါင်း ၂၅၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ကိုးကန့်တပ်ဖွဲ့မှ ၇၄ ဦးကျဆုံးခဲ့ကာ ဖမ်းဆီးရမိ၊ အလင်းဝင်သူ ၂၂ ဦး ရှိကြောင်း ဆိုထားသည်။

ထို့ကဲ့သို့ တိုက်ပွဲဖြစ်ပွားမှုကာလအတွင်း ကိုးကန့်တပ်ဖွဲ့ထံမှ လက်နက်မျိုးစုံ ၂၂၆ လက်၊ ကျည်မျိုးစုံ ၂၄၆၂၇ တောင့်၊ ဗုံးသီးမျိုးစုံ ၂၈၉ လုံးနှင့် ကာလတန်ဖိုးကျပ်သိန်းပေါင်း ၂၇၇၆၁၆ ကျော်ရှိ မူးယစ်ဆေးဝါး မျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ရန်လုံကျိုင်းနယ်စပ် စစ်ဆေးရေးဂိတ်အား ပြန်လည်ဖွင့်လှစ် တိုက်ပွဲရှောင်ပြည်သူများ လောက်ကိုင်မြို့တွင်းသို့ ဆက်လက်ပြောင်းရွှေ့လျက်ရှိ

နေပြည်တော် မတ် ၆

လောက်ကိုင်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ တပ်မတော်၏ နယ်မြေစိုးမိုးရေးများ တိုးမြှင့်ဆောင်ရွက်လာခြင်းကြောင့် လောက်ကိုင်မြို့ ဒေသခံ ပြည်သူများသည် လောက်ကိုင်မြို့သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ထိုသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ယနေ့တွင် နယ်နိမိတ်မှတ်တိုင်အမှတ် (၁၂၅) မှ အိမ်ထောင်စု ၂၇ စု၊ လူဦးရေ ၇၄ ဦးသည် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆို နေရာချထားမှုများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လောက်ကိုင်ဒေသတွင် တိုက်ပွဲများဖြစ်ပွားခဲ့ချိန်က ပိတ်ထားခဲ့သော ရန်လုံကျိုင်းနယ်စပ် စစ်ဆေးရေးဂိတ်အား ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့် စနစ်တကျဖွဲ့၍ ပြန်လည်ဖွင့်လှစ် ခဲ့သည်။ ၄င်းဂိတ်မှ လူဦးရေ ၁၀၆ ဦးသည်လည်း လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ တာဝန် ရှိသူများက ကြိုဆိုနေရာချထားမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသော တိုက်ပွဲရှောင် ပြည်သူများအား လောက်ကိုင်ဒေသ ကွပ်ကဲရေး





မှူး ဗိုလ်မှူးကြီးစောမြင့်ဦး၊ တပ်မတော် အရာရှိကြီးများနှင့် နယ်ဘက် ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

လောက်ကိုင်မြို့သို့ တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့အထိ အိမ်ထောင်စု ၉၄၆ စု၊ လူဦးရေ ၂၇၄၆ ဦး ပြန်လည်ဝင်ရောက်အခြေပြုနေထိုင်ခဲ့ကြောင်း သတင်းရရှိသည်။

❖ ❖ ❖

## မြန်မာနိုင်ငံမှ သူနာပြုတစ်ဦး (၄၅) ကြိမ်မြောက် ဖလော်ရင့်နိုက်တင်ဂေးဆုရရှိ လောက်ကိုင်တိုက်ပွဲတွင် အသက်ပေးလှူသွားသူ ဦးမိုးကျော်သန်း ဟာန်နရီဒူးနန့်ဆု ရွေးချယ်ခြင်းမခံရ

ရန်ကုန် မေ ၁၄

၂၀၁၅–ခုနှစ်၊ မေ ၁၂ ရက် (ကမ္ဘာ့သူနာပြုများနေ့)တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)၌ ထုတ်ပြန်ကြေညာသော (၄၅) ကြိမ်မြောက် ဖလော့ရင့်နိုက်တင်ဂေးဆုကို မြန်မာနိုင်ငံမှ ဦးစနိုင်နိုင်ထွန်း အပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ သူနာပြု ၃၆ ဦးရရှိခဲ့သည်။

ဦးစနိုင်နိုင်ထွန်းသည် ၂၀၀၈ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းကာလအတွင်း မိမိတာဝန်ကျရာ ဟိုင်းကြီးကျွန်းရှိ



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဘေးကင်းရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရှေးဦးသူနာပြု ပေးခြင်းတို့ကို သက်စွန့်ဆံဖျား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သောကြောင့် အဆိုပါဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကာလအတွင်း အများပြည်သူကဲ့သို့ မိမိသည်လည်း မုန်တိုင်းဒဏ်ကို ကိုယ်တွေ့ရင်ဆိုင်ရ၍ ကြောက်ရွံ့ခဲ့ရပါကြောင်း၊ သို့သော် မိမိတတ်ကျွမ်းထားသည့် သူနာပြုအတတ်ပညာများဖြင့် အများပြည်သူကို ကူညီရင်း ကြောက်ရွံ့မှုများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ သူနာပြုတစ်ယောက်အနေဖြင့် ထိတ်လန့်ဖွယ် အမှတ်တရများနှင့်အတူ ဂုဏ်ယူဖွယ်အမှတ်တရများလည်း ဖြစ်ခဲ့ပါကြောင်း ဦးစနိုင်နိုင်ထွန်းက ပြောကြားခဲ့သည်။

ဖလောရင့် နိုက်တင်ဂေးဆုဆိုသည်မှာ သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့်သော် လည်းကောင်း၊ လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ ဒဏ်ရာရနေသူ၊ ဖျားနာနေသူ၊ မသန်စွမ်းဖြစ်နေသူပြည်သူများကို သက်စွန့်ဆံဖျား ကူညီကယ်ဆယ်ပြုစုသူ (သို့မဟုတ်) လူထုကျန်းမာရေး သို့မဟုတ် သူနာပြုအသိပညာဆိုင်ရာကိစ္စများတွင် စံပြုထိုက်လောက်အောင် ဦးစီးဦးဆောင်ကာ တီထွင်ဖန်တီးလုပ်ဆောင်သူ သူနာပြုများအတွက် ရည်ရွယ်ကာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများက ဦးဆောင်ချီးမြှင့်သော ဆုဖြစ်သည်။ ၁၉၁၂ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့သော ယင်းဆုမှာ သူနာပြုများအတွက် ကမ္ဘာ့အမြင့်ဆုံးဆုဖြစ်ပြီး ယနေ့အထိ ၁၄၄၉ ဦးကို ရွေးချယ်ချီးမြှင့်ခဲ့ပြီး





ဖြစ်ကြောင်း သိရသည်။ ယခုတစ်ကြိမ်နှင့်ဆိုလျှင် မြန်မာနိုင်ငံ၌ ဖလောရင့်နိုက်တင်ဂေးဆု ရရှိသူ လေးဦးရှိပြီဖြစ်ကြောင်းလည်း သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးဒုက္ခသည်များအား ဘေးကင်းရာ ပြောင်းရွှေ့ပေးပြီး နေ့မအားညမနား ပြုစုခြင်း၊ ဒဏ်ရာရ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများအား ပြုစုခြင်း၊ ဂျပန်တော်လှန်ရေးတွင် တိုင်း (၄) ဆေးတပ်ဖွဲ့နှင့် ၄င်းရဲဘော်များအား ပြုစုခဲ့ခြင်းတို့ကြောင့် ၁၉၆၃ ခုနှစ်တွင် သူနာပြုဆရာမကြီး မိုလ်မှူး ဒေါ်ခင်အုန်းမြကလည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်စစ်ကြောင်း ဒဏ်ရာရရဲဘော်များ နှင့် အရပ်သူအရပ်သားများအား သက်စွန့်ဆံဖျားပြုစုခြင်းကြောင့် ၁၉၉၃ ခုနှစ်တွင် သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယော်နမ်ကလည်းကောင်း၊ စစ်ကိုင်းဒေကြီး ဖောင်းပြင်မြို့တွင် မီးလောင်နေသော နေအိမ်အတွင်းမှ အသက်ရှစ်နှစ်အရွယ်ကလေးငယ်အား စွန့်စွန့်စားစား ကယ်တင်ခဲ့သည့်အတွက် ၂၀၀၁ ခုနှစ်တွင် သားဖွား ဆရာမ ဒေါ်သိန်းရီကလည်းကောင်း ဖလောရင့်နိုက်တင်ဂေးဆု အသီးသီးရရှိခဲ့ပြီးဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ပေးပို့သော (၄၅) ကြိမ်မြောက် ဖလောရင့်နိုက်တင်ဂေး ဆုရရှိသူများစာရင်း ထုတ်ပြန်အကြောင်းကြားစာကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သာလုရွှေနှင့် အချိန်ပြည့်အမှုဆောင်ပါမောက္ခ ဒေါက်တာမြသူတို့က ဆုရရှိသူ ဦးစနိုင်နိုင်ထွန်းထံသို့ မေ ၁၃ ရက်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လောက်ကိုင်ဒေသ၌ တိုက်ပွဲရှောင်ပြည်သူများကို ကူညီကယ်ဆယ်ရင်း အသက်ဆုံးရှုံးခဲ့သူ ဦးမိုးကျော်သန်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဟင်နရီဒူးနန့်ဆုချီးမြှင့်ပေးရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ယခုနှစ် မတ်လအတွင်း၌ အဆိုတင်သွင်းခဲ့သော်လည်း ဟင်နရီဒူးနန့်ဆု ရွေးချယ်ပေးအပ်ခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူ အမြဲတမ်းကော်မရှင်က ရွေးချယ်ပေးအပ်နိုင်ခြင်းမရှိ၍ ဝမ်းနည်းပါကြောင်း မေ ၈ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အကြောင်းပြန်ခဲ့ကြောင်း သိရသည်။

❖ ❖ ❖

**အင်တာနက်လူမှုကွန်ရက်များတွင်ပျံ့နှံ့နေသော တရုတ်နိုင်ငံဘက်ခြမ်း နမ့်စန်မြို့အတွင်း အမြောက်ကျည်ကျရောက်ပေါက်ကွဲမှုဖြစ်စဉ် မိမိတပ်မတော်စစ်ကြောင်းများ၏ ပစ်ခတ်မှုမဖြစ်နိုင်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရှင်းလင်းပြောကြား**

**နေပြည်တော် မေ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ယန့်ဟိုလန်အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်





က ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်း နိုင်ငံဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားပါကြောင်း၊ လက်ရှိလောက်ကိုင်ဒေသတွင် ဖြစ်ပွားနေသည့် တိုက်ပွဲဖြစ်စဉ်များမှာ ဖုန်ကြားရှင်၏ **MNDAA** သောင်းကျန်းသူများအနေဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် မိမိတပ်ဌာနချုပ်များကို စတင်တိုက်ခိုက်လာခြင်းကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ ၆မေ ၁၄ ရက် ညပိုင်းတွင် တရုတ်နိုင်ငံဘက်ခြမ်း နမ့်စန်မြို့အတွင်း အမြောက်ကျည် နှစ်လုံး၊ မေ ၁၅ ရက် နံနက်ပိုင်းတွင် အမြောက်ကျည် လေးလုံး ကျရောက်ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ မရိုးသားမှုများရှိပါကြောင်း၊ ရန်သူတောင်ကုန်း၏အနေအထား၊ မိမိတပ်များ၏ တိုက်ခိုက်မှုအရပ်မျက်နှာအနေအထား၊ လက်နက်ကြီးပစ်ခတ်မှု လမ်းကြောင်းအခြေအနေနှင့် အကွာအဝေးတို့အရ နမ့်စန်မြို့တွင်းသို့ ကျည်ကျရောက်မှုမှာ မိမိတပ်မတော် စစ်ကြောင်းများ၏ ပစ်ခတ်မှု လုံးဝမဖြစ်နိုင်ပါကြောင်း၊ **MNDDA** သောင်းကျန်းသူများက နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်နိုင်ပါကြောင်း၊ မေ ၁၄ ရက် ညပိုင်းတွင် **MNDAA** သောင်းကျန်းသူများနေရာယူထားသည့် ပွိုင့် ၂၀၇၁ တောင်ကုန်းမှ အဆွေတော်နိုင်ငံဘက်သို့ လက်နက်ကြီးပစ်ခတ်သံနှင့် မီးအလင်းတန်းများကို မိမိတပ်များမှ မျက်မြင်တွေ့ရှိရသဖြင့် လင်ချန်း စစ်ဒေသဆက်ဆံရေးအရာရှိသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း၊ အလားတူ မေ ၁၄ ရက် ညပိုင်း ဘီပီ ၁၁၃ နှင့် ဘီပီ ၁၁၅ ဘက်တို့တွင် တရုတ်နိုင်ငံဘက်ခြမ်း၌ အမြောက်ကျည် ၄၀ ထက်မနည်း ကျရောက်ပေါက်ကွဲခြင်းနှင့်ပတ်သက်၍လည်း မိမိ



www.burmeseclassic.com

www.burmeseclassic.com



တပ်များက ယင်းအချိန်တွင် ပစ်ခတ်တိုက်ခိုက်မှု မရှိ၍ မဖြစ်နိုင်ပါကြောင်း၊ ဖြစ်စဉ်နေရာများအား နှစ်ဖက်ကိုယ်စားလှယ်များနှင့် စစ်ဆေးရန် သဘောတူညီပါကြောင်းဖြင့် ဖြစ်စဉ်ဖြစ်ပွားသည့် နေရာများအား မြေပုံနှင့်တကွ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သံအမတ်ကြီး မစ္စတာ ယန်ဟိုလန်က တရုတ်နိုင်ငံ ဗဟိုအစိုးရအနေဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးကို မထိခိုက်စေလိုပါကြောင်း၊ MNDAA သောင်းကျန်းသူများအနေဖြင့် နှစ်ဦးနှစ်ဖက်ကို ဒုက္ခပေးနေ ပါကြောင်း၊ တရုတ်–မြန်မာ နယ်စပ်ဒေသ အမြန်တည်ငြိမ်အေးချမ်းစေလိုပါကြောင်း၊ အင်တာနက်လူမှုကွန်ရက်များတွင် သတင်းများလျင်မြန်စွာပျံ့နှံ့နေခြင်းမှာလည်း မိမိအစိုးရအပေါ် ဖိအားဖြစ်စေပါကြောင်း၊ နှစ်ဦးနှစ်ဖက် အေးချမ်းစွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့် ယင်းဖိအားများကို လျှော့ချသွားမည်ဖြစ်ပါကြောင်း၊ နောက်ထပ် ကျည်ကျရောက်မှုမဖြစ်ပွားစေရေး ထိန်းသိမ်းပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လူမှုကွန်ရက်များတွင် တရုတ်နိုင်ငံ သတင်းဌာနများ၊ မြန်မာပြည်တွင်းသတင်းဌာနများသို့ အဓိကဝါဒဖြန့်နေသည်မှာ MNDAA သောင်းကျန်းသူအဖွဲ့ပင်ဖြစ်ပါကြောင်း၊ မဟုတ်မမှန်ဝါဒဖြန့်ခြင်းများကို မိမိတို့ ဝိုင်းဝန်း ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ တိုက်ပွဲနေရာမှ ဆုတ်ခွာသွားသည့် MNDDA သောင်းကျန်းသူများ တရုတ်နိုင်ငံအတွင်းမှ ဖြတ်သန်းသွားလာမှုမရှိရေး စစ်ဆေးကြပ်မတ်ပေးစေလိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်





ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟိုလန်နှင့်အတူ စစ်သံမှူး **Senior Colonel Wang Jinbo** တို့ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

❖ ❖ ❖

## ကိုးကန့်တိမ်းရှောင်တပ်ဖွဲ့ကို ကူညီသည်ဆိုကာ ရာထူးချခံရသည့် တရုတ်ဗိုလ်မှူးချုပ်

**The Diplomat** စာစောင်မှာ စောစောပိုင်းတုန်းက တစ်ခုနှင့်တစ်ခု ဆက်စပ်ခြင်းမရှိသော သတင်းဆောင်း ပါးနှစ်ခုကို ကျွန်မ ရေးသားခဲ့ဖူးပါသည်။ မြန်မာမှာရှိသော ကိုးကန့်တရုတ်လူမျိုး တပ်ဖွဲ့များမှ တရုတ်နိုင်ငံထံမှ အကူအညီများ လက်ခံရရှိနေသည်ဟု စွပ်စွဲချက်များ ထွက်ပေါ်နေခြင်းဆိုသည့် ဆောင်းပါးနှင့် **PLA** ခေါ် တရုတ်လွတ်မြောက်ရေးတပ်မတော်က စစ်ဗိုလ်ချုပ် ၁၄ ဦးကို အကျင့်ပျက်ခြစားမှုများဖြင့် တရုတ်အစိုးရက စုံစမ်းစစ်ဆေးနေသည်ဆိုသော မကြာသေးမီက ကြေညာချက်တို့ဖြစ်ပါသည်။

မကြာသေးမီက **South China Morning Post** သတင်းစာ၏ သတင်းတစ်ပုဒ်က ထိုသတင်းနှစ်ခုကြားက ဆက်စပ်မှုကို ပြသလိုက်ပါသည်။ အဆိုပါ တရုတ်စစ်အရာရှိ ၁၄ ဦးအနက်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးချုပ်ဟွန်ဆင် **Huang Xing** ဆိုသူကို အကျင့်ပျက်ခြစားမှုနှင့် စုံစမ်းစစ်ဆေးနေသည်ဟု ဖော်ပြထားသည်။ ထိုသို့စစ်ဆေးရာတွင် မှားယွင်းသောလုပ်ရများကြောင့်သာမဟုတ်ဘဲ တိုင်းပြည်၏လျှို့ဝှက်ချက်ကို ပေါက်ကြားမှုနှင့် မြန်မာနိုင်ငံက ကိုးကန့်တပ်ဖွဲ့များကို ၂၀၀၉ ခုနှစ်တွင် ကူညီပေးသည်ဟူသော စွပ်စွဲချက်များလည်း ပါဝင်သည်။

တရုတ်စစ်တပ်သိပ္ပံဌာနမှ ထိပ်တန်းသုတေသီဟောင်း ဗိုလ်မှူးချုပ်ဟွန်သည် တရုတ်စစ်တပ်၏ အကျင့်ပျက်ခြစားစာရင်းတွင်ပါရန် မဖြစ်နိုင်သူတစ်ဦးဖြစ်သည်။ ကျွန်မ၏ သတင်းဆောင်းပါးထဲတွင် ပြောထားခဲ့ သည့်အတိုင်း ထိုအကျင့်ပျက်ခြစားစာရင်း၌ပါဝင်သော တရုတ်အရာရှိအများစုမှာ လမ်းပန်းဆက်သွယ်ရေးနှင့် နိုင်ငံရေးအုပ်ချုပ်မှုစသော အလွဲသုံးစားမှုနှင့် လာဘ်ငွေလက်ခံ၍ အခွင့်အရေးရှိသည့်နေရာများတွင် အလုပ် လုပ်နေကြသူများဖြစ်သည်။

တိုင်ပေ တရုတ်အစိုးရ၏ မူဝါဒလေ့လာရေးဌာနမှ တရုတ်စစ်တပ်လေ့လာရေး သုတေသီစာရေးဆရာ ဒင်ရှုဖန်က ဗိုလ်မှူးချုပ်ဟွန်၏အမည်ကို အဆိုပါစာရင်း၌ မြင်တွေ့ရသည်ကို အံ့အားသင့်မိသည်ဟု **South China Morning Post** သတင်းစာအား ပြောကြားခဲ့သည်။

"စစ်ရေးသုတေသီတစ်ဦးအနေနဲ့ သူကအကျင့်ပျက်ခြစားမှုနဲ့ ပတ်သက်နေမယ်လို့ ကျွန်တော်ကတော့ မထင်ဘူး။ ဘာလို့လဲဆိုတော့ သူမှာ လာဘ်ယူဖို့အခွင့်အရေးမှ မရှိတာ"

**South China Morning Post** သတင်းစာပါ ပြောကြား





ချက်အရ ဟွန်သည် အကျင့်ပျက်ခြစားမှုကြောင့် အပြစ်ပေးအရေးယူခံရခြင်းမဟုတ်ဘဲ မြန်မာအစိုးရတပ်များကို တိုက်ခိုက်နေသည့် ကိုးကန့်တိမ်းရှောင်တပ်ဖွဲ့များ (ဆောင်းပါးမူရင်းတွင် ကိုးကန့်သူပုန်များဟု ဖော်ပြထားသည်)ကို ထောက်ခံခြင်းဖြင့် နိုင်ငံရေးအမှားလုပ်မိ သည့်အတွက် အရေးယူခံရခြင်းဖြစ်သည်ဟု ဆိုသည်။

ဗိုလ်မှူးချုပ်ဟွန်၏ မိတ်ဆွေများကို ကိုးကားပြီး **South China Morining Post** သတင်းစာက ရေးသားထားသည်မှာ တရုတ်အစိုးရက ဟွန်ကိုခြစားမှုကဲ့သို့ အခြားအချက်များကို အကြောင်းပြဖမ်းထားသည်ဟု သူတို့က သံသယရှိကြောင်း ဆိုသည်။ အမှန်မှာမူ ဟွန်က မြန်မာစစ်တပ်ကို တိုက်ခိုက်နေသည့် ကိုးကန့်သူပုန် များအား အကူအညီပေးမှုမှာ တရုတ်ခေါင်းဆောင်များအား အရှက်ရစေခဲ့ကြောင်း အငြိမ်းစားဗိုလ်ချုပ်ကြီးတစ်ဦး က ပြောသည်။

"သူတို့က အမှန်တော့ ဟွန်ကိုအပြစ်ပေးဖို့ တခြားအကြောင်းရှာလိုက်တာပါ"

သို့သော် ဟွန်က ကိုးကန့်သူပုန်များအားမည်ကဲ့သို့ ကူညီခဲ့သည်ဆိုသည့်အချက်ကိုတော့ မရှင်းလင်းပါ။ **South China Morning Post** သတင်းစာက သတင်းရင်းမြစ်တစ်ခုကို ကိုးကားရေးသားရာတွင် ဟွန်ကို တိုင်းပြည်၏ လျှို့ဝှက်အချက်အလက်များ ကိုးကန့်သူပုန်များအားပေးသည်ဟု စွပ်စွဲထားသည်။ ထိုအချက်ဖြင့် ကိုးကန့်သူပုန်များက မြန်မာအစိုးရတပ်များကို တိုက်ခိုက်ရာတွင် အခွင့်အရေးရရန် ကူညီခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ အထူးသဖြင့်

www.burmeseclassic.com



ထိုအရေးယူမှုသည် ၂၀၀၉ ခုနှစ်တိုက်ပွဲများ၌ ဖြစ်နိုင်ပြီး လတ်တလောတိုက်ပွဲများတွင်တော့ မဖြစ်နိုင်ပေ။ မြန်မာစစ်တပ် အရာရှိအချို့က ကိုးကန့်တပ်ဖွဲ့များသည် တရုတ်တို့ထံမှ သင်တန်းနှင့်အကူအညီများ လတ်တလော လက်ခံရရှိနေသည်ဟု ဆိုသည်။ တရုတ်အစိုးရရော ကိုးကန့်ဘက်ကပါ ယင်းစွပ်စွဲချက်များကို ငြင်းဆန်ထားသည်။

တရုတ်အစိုးရ၏မူဝါဒက အခြားနိုင်ငံ၏ ပြည်တွင်းရေးတွင် မစွက်ဖက်ကောင်း မစွက်ဖက်ဘဲနေလိမ့်မည်။ သို့သော် တရုတ်နိုင်ငံမှ လူများမှ သည်အတိုင်းလိုက်နာမည်ဟုမဆိုလို။ လွတ်လပ်သော အာရှအသံသတင်း တစ်ပုဒ်တွင်လည်း တရုတ်ဒေသအာဏာပိုင်များက မြန်မာနိုင်ငံသို့ ပစ္စည်းတင်ပို့မှုကို တားမြစ်ထားသော်လည်း တရုတ်ကျေးရွာသားများသည် ကိုးကန့်တပ်သားများအတွက် ဆေးဝါးနှင့် အခြားအထောက်အပံ့များကို ခိုးသယ်ပေးသည်ဟု ဆိုသည်။ **South China Morning Post** သတင်းစာကလည်း ဗိုလ်မှူးချုပ်ဟွန်က ၂၀၀၉ ခုနှစ်တွင် တရားဝင်အမိန့်အာဏာမပါဘဲ ကိုးကန့်သူပုန်များအား ကူညီခဲ့သည်ဟု ပြောထားသည်။

ဗိုလ်မှူးချုပ်ဟွန်ကို ရာထူးမှချကာ အရေးယူခြင်းက တရုတ်စစ်တပ်၏ သတိပေးအချက်ပြခြင်းတစ်ခု ဖြစ်သည်။ တရုတ်အစိုးရအနေဖြင့် ဗိုလ်မှူးချုပ်ဟွန်ကို ၂၀၀၉ ခုနှစ်တွင် ကိုးကန့်သူပုန်များအား အကူအညီ ပေးမှုနှင့်ပတ်သက်၍ တရားဝင်အချက်အလက်ပြရန် ခက်ခဲပါလိမ့်မည်။

ဗိုလ်မှူးချုပ်ဟွန်ကို ယခုကဲ့သို့ အကျင့်ပျက်ခြစားမှု အကြောင်းပြကာ အရေးယူခြင်းက လတ်တလော တိုက်ပွဲများတွင်





ပါဝင်ကူညီရန် စဉ်းစားနေသည့်သူများအား သတိပေးလိုက်သလို ဖြစ်နေပါလိမ့်မည်။

(**The Diplomat** စာစောင်ပါ ဆောင်းပါးရှင် **Shannon Tiezzi** ၏ **Qusted Chinese General Aided Myanmar Rebels** သတင်းဆောင်းပါးကို ထားထားမြင့် မူရင်းအတိုင်း ဘာသာပြန်ဆိုသည်။)

❖ ❖ ❖

**လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအား တွေ့ဆုံဂုဏ်ပြုအားပေး**

**နေပြည်တော် မတ် ၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများသည် ဖေဖော်ဝါရီ ၉ ရက်မှစ၍ လောက်ကိုင်ဒေသ တိုက်ပွဲများတွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကုသနေသည့် ပြင်ဦးလွင်တပ်နယ်နှင့် လားရှိုးတပ်နယ်ရှိ တပ်မတော်ဆေးရုံများသို့ ယနေ့နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ ဂုဏ်ပြုငွေများ၊



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်များပစ္စည်းများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း လိုက်ပါလျက် ပြင်ဦးလွင်တပ်နယ်တပ်မတော်ဆေးရုံသို့ရောက်ရှိကြပြီး လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဂုဏ်ပြုငွေများ၊ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးဝါးကုသမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက် အပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဆေးရုံညဉ့်ခန်းတွင် ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား စောင့်ရှောက်ကူညီအားပေးနေသည့် မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်းနှင့် အရှေ့မြောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့လိုက်ပါလျက် လားရှိုးတပ်နယ် တပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး လောက်ကိုင်ဒေသ တိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရရှိသူများ၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အခြားတိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာ ရရှိသူများအား ရင်းနှီးစွာ တစ်ဦးချင်းတွေ့ဆုံ မေးမြန်း





အားပေးစကားပြောကြားပြီး တစ်ဦးချင်းအတွက် ဂုဏ်ပြုငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် လောက်ကိုင်ဒေသတိုက်ပွဲများတွင် တိုင်းပြည်အတွက် အသက်စွန့်တာဝန်ထမ်းဆောင်ခဲ့သည့် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားသွားရောက်တွေ့ဆုံ၍ အားပေးနှစ်သိမ့်စကားများ ပြောကြားပြီး ဂုဏ်ပြုထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များ သည် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက် ဘုန်းကြီးကျောင်းသို့ ရောက်ရှိ ခေတ္တတည်းခိုနေကြသည့် လောက်ကိုင်ဒေသပတ်ဝန်းကျင်မှ တိုက်ပွဲရှောင် ဒေသခံပြည်သူများအား မန်ဆူဆရာတော်နှင့်အတူ တွေ့ဆုံကာ အားပေးစကားပြောကြားပြီး တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများက ပေးအပ်လှူဒါန်းသည့် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းဓမ္မာရုံတွင် မန်ဆူဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပုညနန္ဒအား ဖူးမြော် ကြည်ညို၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လောက်ကိုင်ဒေသတိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား တွေ့ဆုံအားပေး

ပြင်ဦးလွင် မတ် ၃၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့ လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်၊ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်တပ်နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) ဧည့်ခန်းမတွင် ဆေးရုံတပ်မှူးနှင့် ဆရာဝန်၊ သူနာပြုများအား တွေ့ဆုံသည်။





တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တပ်မတော် အနေဖြင့် နိုင်ငံတော်၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာ ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်၍ ဆောင်ရွက် လျက်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဆောင်ရွက်နေသည့် တပ်မတော်ဖြစ်၍ နိုင်ငံသားများနည်းတူ လွှတ်တော်ကလည်း လေးစားဂုဏ်ယူလျက် ရှိပါကြောင်း ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် အသက်ကို မငဲ့ ကွက်ဘဲ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိကြသော တပ်မတော်သားများကို ပြည်သူများက ချစ်ခင်လေးစားပြီး ဂုဏ်ယူ လျက်ရှိပါကြောင်း၊ အများအကျိုးအတွက် တိုင်းပြည်အတွက် တပ်မတော်၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါကြောင်း။

ယနေ့လာရောက်ရခြင်းမှာ ပြည်သူများ၏ကိုယ်စား လွှတ်တော်က ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း၊ မိမိတို့ အဖွဲ့တွင် တိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များပါဝင်ပါကြောင်း၊ မည်သည့်ပါတီပင်ဖြစ်စေ တပ်မတော်အပေါ် လေးစားချစ်ခင်ယုံကြည်လျက်ရှိပါကြောင်း၊ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိရာ တိုင်းရင်းသားပေါင်းစုံ ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်မှသာ နယ်မြေ အေးချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ခိုင်မာစွာ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဒုတိယ ဥက္ကဋ္ဌ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဥက္ကဋ္ဌ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုတို့က လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား တပ်မတော်သားများ၏ ရဲဝံ့စွန့်စားဆောင်ရွက်မှုတို့ကို ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လတ်တလော ကာလအတွင်း လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်အတွက် သက်စွန့်ဆံဖျား တိုက်ပွဲဝင်ကြရာမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သားအရာရှိ၊ စစ်သည်များအား တစ်ဦးချင်းစီ တွေ့ဆုံအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

❖ ❖ ❖

## တရုတ်နိုင်ငံဘက်ခြမ်းတွင် ပိတ်မိနေသည့် စစ်ဘေးရှောင်နေရပ်ပြန်သူ ၁၉၄ ဦး တရုတ်နိုင်ငံ နမ်ဆန်–မိန်းတိန်လမ်းမှတစ်ဆင့် ချင်းရွှေတော်မြို့သို့ ထပ်မံရောက်ရှိ

၂–၃–၂၀၁၅

လောက်ကိုင်ဒေသတွင်ဖြစ်ပွားခဲ့သည့် ကိုးကန့်တိမ်းရှောင်အဖွဲ့နှင့် တပ်မတော်တို့အကြားတိုက်ပွဲများကြောင့် တရုတ်နိုင်ငံဘက်ခြမ်းတွင် ပိတ်မိနေသည့် စစ်ဘေးရှောင် ၁၉၄ ဦးမှာ ဖေဖော်ဝါရီ ၂၈ ရက်ညပိုင်းက ချင်းရွှေ ဟော်မြို့သို့ ထပ်မံရောက်ရှိလာခဲ့ကြောင်း





သတင်းရရှိသည်။

အဆိုပါစစ်ဘေးရှောင်များမှာ တရုတ်နိုင်ငံ နမ်ဆန်–မိန်းတိန်လမ်းမှတစ်ဆင့် နယ်စပ်ဂိတ်ကိုဖြတ်ပြီး ချင်းရွှေဟော်မြို့သို့ ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းတွင်း ထပ်မံရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ကွမ်းလုံမြို့တွင် ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ ချင်းရွှေဟော်မြို့သို့သွားရောက်ခေါ် ဆောင်ခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲများကြောင့် တရုတ်နိုင်ငံဘက်ခြမ်းတွင် ပိတ်မိနေသည့်စစ်ဘေးရှောင်များမှာ ထောင်ပေါင်း များစွာရှိနေပြီး အချို့မှာ အုပ်စုလိုက် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာနေဆဲဖြစ်သည်။

စစ်ဘေးရှောင်နေရပ်ပြန်သူများမှာ ကြံခုတ်လုပ်သားများ အများစုဖြစ်ပြီး အချို့လုပ်သားများမှာ အလုပ်သမားခေါင်းမှ လုပ်အားခများကိုမရှင်းပေးဘဲ ထွက်ပြေးမှုကြောင့် လုပ်အားခပင် မရရှိကြကြောင်း လုပ်သားများက ဆိုသည်။

မကွေးတိုင်းဒေသကြီးမှ စစ်ဘေးရှောင်နေရပ်ပြန်သူ ဦးကျော်ဝင်းက "ကျွန်တော်တို့က တရုတ်ပြည်ဘက်ခြမ်းမှာ ကြံခုတ်တဲ့လုပ်သားတွေပါ။ သွားတာ နှစ်လပဲရှိပါသေးတယ်။ ပြန်ခါနီးမှ လုပ်အားခကိုရှင်းမယ်လို့ ထားထားတာ စစ်လည်းဖြစ်ရော လောပန်းကလည်း ရှောင်ပြေးသွားတော့ လုံးလုံးကိုမရလိုက်ပါဘူး။ ဒါနဲ့ ကျွန်တော်တို့လည်း လမ်းလျှောက်ပြန်လာတော့ ဟိုဘက်ခြမ်းမှာ ကိုးကန့်အဖွဲ့တွေနဲ့တွေ့တယ်"

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသည့် မလျှစ်မီး



www.burmeseclassic.com

www.burmeseclassic.com



က "တရုတ်နိုင်ငံဘက်ခြမ်းမှာ ပိတ်မိနေတဲ့ စစ်ဘေးရှောင်တွေက သောင်းနဲ့ချီပြီး ရှိနေပါသေးတယ်။ သူတို့ဘက်က ကျွန်မတို့ကို ဆက်ရင် ကွမ်းလုံကနေ ချင်းရွှေဟော်ထိ သွားခေါ်ပေးပါတယ်။ လက်ရှိအထိ ကျွန်မတို့သွားခေါ်တာ ငါးထောင်နီးပါးရှိနေပါပြီ"

ဟု ပြောကြားသည်။

ဖေဖော်ဝါရီ ၂၈ ရက်က ရောက်ရှိလာသည့် စစ်ဘေးရှောင် နေရပ်ပြန်သူများကို ကွမ်းလုံမြို့ကယ်ဆယ်ရေး စခန်းမှတစ်ဆင့် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းသို့ မတ် ၁ ရက် နံနက်ပိုင်းက ကားများဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းလည်း သိရသည်။

❖ ❖ ❖

## လောက်ကိုင်ဒေသတိုက်ပွဲများအပေါ် သူတို့ဒီလိုမြင်တယ်

လောက်ကိုင်ဒေသသည် ကိုးကန့်ဒေသဟု လူသိများပြီး တရုတ်ပြည် ယူနန်ပြည်နယ်နှင့် နယ်ချင်း ထိစပ်လျက်ရှိသောဒေသ ဖြစ်ပါသည်။ ၁၇ ရာစုနှစ်တွင် အခြေချခဲ့သော နန်ကင်းဇာတိဖြစ်သည့် ယန်းမိသားစု အနွယ်ဝင်များသည် ကိုးကန့်ဒေသများအား ဓားပြများ၏ရန်မှကာကွယ်ပေးခြင်း၊ မျိုးနွယ်ပဋိပက္ခများကို စေ့စပ်ပေးခြင်းဖြင့် တဖြည်းဖြည်းဩဇာကြီးမားလာခဲ့သည်။

မြန်မာပြည်အား အင်္ဂလိပ်မှ သိမ်းပိုက်လိုက်ချိန်တွင် တရုတ်နှင့် နယ်နိမိတ်ပိုင်းခြား သဘောတူသတ်မှတ် ခဲ့ပြီး ကိုးကန့်ဒေသအား သိန်းနီစော်ဘွား၏ လက်အောက်ခံအဖြစ်သတ်မှတ်





ကာ မြန်မာပြည်အား လွပ်လပ်ရေး မပေးမီ တစ်ရက်အလိုတွင် ကိုးကန့်ဒေသကို သီးခြားစော်ဘွားအုပ်ချုပ်သောနယ်မြေအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ၁၉၄၉ ခုနှစ် ကိုးကန့်ဒေသ၏စော်ဘွားသည် **Yan Kyein Tsai** (စောယန်းကျိန်စိုင်း) ဖြစ်ပြီး အက်ဒွပ်ယန်းဟု လူသိများထင်ရှားကာအက်ဒွပ်ယန်း၏ ညီနှင့်ညီမမှာ ဂျင်မီယန်းနှင့် အောလစ်ယန်း တို့ဖြစ်ပါသည်။

ဖုန်ကြားရှင်ကို ကိုးကန့်နယ်အတွင်းရှိ (တရုတ်) စီချွမ်မျိုးနွယ်ဝင် **Sichuanesedescent** မိသားစုမှ ၁၉၃၁ ခုနှစ်တွင် မွေးဖွားပါသည်။ အက်ဒွပ်ယန်း၏ ကိုးကန့်ကာကွယ်ရေးတပ်တွင် အသက် ၁၈ နှစ်ကတည်းက စပြီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ အက်ဒွပ်ယန်းနှင့် အဖွဲ့များသည် ၁၉၅၁ ခုနှစ် ကူမင်တန်ကျူးကျော်မှုတွင် ကူမင်တန်များအား ထောက်ခံအားပေးခဲ့ပြီး ၁၉၅၉ ခုနှစ် ရှမ်းစော်ဘွားများ အာဏာစွန့်သောကိစ္စကြောင့် ၁၉၆၃ ခုနှစ်တွင် ဂျင်မီယန်း ဦးဆောင်တောခိုခဲ့ကာ ထိုတောခိုတပ်တွင် ဖုန်ကြားရှင်နှင့် လော်စစ်ဟန်တို့မှာ ဗိုလ်ကြီး အဆင့်ဖြင့် ပါဝင်ခဲ့ကြသည်။ ၁၉၆၇ ခုနှစ် ဂျင်မီယန်းတို့အဖွဲ့ ပြန်လည်အလင်းဝင်ချိန်တွင် လော်စစ်ဟန်ပါ လိုက်ပါသွားသော်လည်း ဖုန်ကြားရှင်နှင့် ညီဖြစ်သူ ဖုန်ကြားဖူးတို့အုပ်စုမှာ ကိုးကန့်ပြည်သူ့တော်လှန်ရေးတပ် **Kokang People Revolutionary Army** အဖြစ် တောတွင်းတွင် ကျန်နေရစ်ခဲ့ပါသည်။ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗကပနှင့် တရုတ်တပ်နီတော်သည် အရှေ့မြောက်ဒေသမှ မုန်းကိုးစခန်းကို စတင်တိုက်ခိုက်ခဲ့ပါသည်။ ကိုးကန့်ဒေသအားထိန်းချုပ်ခဲ့ပြီး ဖုန်ကြားရှင်အပါအဝင် ကိုးကန့်ကာကွယ်ရေးတပ်များကို ဗကပသို့



www.burmeseclassic.com

www.burmeseclassic.com



ခွဲသွင်းခဲ့ကာ ဖုန်ကြားရှင်မှာ ကိုးကန့်ခရိုင်ကာကွယ်ရေးခေါင်းဆောင် ဖြစ်လာခဲ့ပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ၂ နှစ်အတွင်း ရှမ်းမြောက်၏ ဧရိယာအတော်များများကို ထိန်းချုပ်ခဲ့ပြီး ၁၉၇၁ ခုနှစ် နိုဝင်ဘာ ၁၉ တွင် ရက် ၄၀ ကွမ်းလုံတိုက်ပွဲကို စတင်တိုက်ခိုက်ခဲ့သည်။ ထိုစစ်ပွဲတွင် ဖုန်ကြားရှင်မှာ တပ်မဟာမှူးအဖြစ် ပါဝင်ခဲ့သည်။ မိုင်းယန်းတိုက်ပွဲပြီးဆုံးသွားချိန် ၁၉၈၉ ခုနှစ်တွင် ဖုန်ကြားရှင်နှင့်အဖွဲ့သည် ဗကပမှ ခွဲထွက်ကာအစိုးရနှင့် ငြိမ်းချမ်းရေးယူခဲ့ပါသည်။ အစိုးရမှ ထိုဒေသကို ကိုးကန့်အထူးဒေသ ၁ အဖြစ် သတ်မှတ်ပေးခံရပြီး **Myanmar National Democratic Alliance Army (MNDAA)** မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်စစ်တပ်ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် လက်နက်စက်ရုံကိစ္စများကြောင့် အစိုးရနှင့် ပဋိပက္ခဖြစ်ပွားကာ ရဲတပ်ဖွဲ့ဝင် ၁၁ ဦးကို ပစ်သတ်လိုက်သည့်အတွက် တပ်မတော်၏ လိုက်လံတိုက်ခိုက်ချေမှုန်း ခြင်းကိုခံခဲ့ရသည်။ ဖုန်ကြားရှင်အနေဖြင့် ထိုတိုက်ပွဲအပြီးတွင် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ငါးနှစ်ခန့်အကြာတွင် ကိုးကန့်ဒေသအား ပြန်လည်ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် လောက်ကိုင်ဒေသတိုက်ပွဲမှာ ၃ လနီးပါးကြာမြင့်နေပြီး ၄င်းတိုက်ပွဲနှင့်ပတ်သက်၍ နယ်ပယ်စုံမှ ပုဂ္ဂိုလ်အသီးသီး၏အမြင်ကို စုစည်းဖော်ပြ လိုက်ရပါသည်။

**ဒေါက်တာ မင်းဇော်ဦး** (MPC **ငြိမ်းချမ်းရေးအကျိုးတော်ဆောင်**)

ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းတွေမှာ ကူညီဆောင်ရွက်ပေးတဲ့သူတွေလေ။ ဒီနှစ်ဖက်စလုံး ကနေပြီးတော့ ဒါကို





စကားပြောမယ်ဆိုရင်လည်း ပြောလို့ရအောင်ဆောင်ရွက်ပေးတယ်။ ပြောလို့မရသေးဘူးဆိုရင်လည်း ပြောလို့မရတဲ့အတိုင်း ကျွန်တော်တို့လည်း ဘာမှလုပ်လို့မရဘူးလေ။ လက်ရှိအနေအထားမှာတော့ ကျွန်တော်မြင်တာက အစိုးရကလည်း ဒါကိုခွင့်မပြုဘူး။ ခွင့်မပြုဘူးဆိုတဲ့ အဓိပ္ပာယ်က ၂ နှစ်လောက်အတွင်းမှာ လူတွေ၊ လက်နက်တွေ အများကြီးနဲ့ဘာကြောင့်မို့လို့ အဲ့လိုအင်အားကြီးထွားလာတယ်။ ဒါတွေကလည်း စဉ်းစားစရာတွေဖြစ်လာတယ်။ အဲဒီအပေါ် လက်နက်နဲ့ ဖိအားပေးတဲ့အပေါ်မှာ အညံ့ခံလိုက်ရင် နောက်ပိုင်းမှာ အစဉ်အဆက်ဖြစ်သွားမယ်ဆိုတာမျိုးဟာလည်း စဉ်းစားစရာဖြစ်လာတယ်။ အဲတော့ အဲဒီအနေအထားမှာ ဒီလိုမျိုးလက်နက်နဲ့ အကျပ်ကိုင်တာမျိုး၊ ဘေးအင်အားကြီးနိုင်ငံကနေ ဝင်ရောက်ပါဝင်ပြီး လုပ်တဲ့ဟာမျိုးတွေ လက်ခံလို့မရဘူးဆိုတဲ့ အမြင်ရှိတဲ့သူလည်းရှိမှာပေါ့။ အဲဒီသဘောထားတွေလည်း ရှိကောင်းရှိမှာပေါ့။ စစ်ပွဲကတော့ ကျူးကျော်စစ်ဆိုရင် တိုက်သင့်တာပါ။ ကျူးကျော်စစ်အကုန်လုံးက တိုက်သင့်တာပါ။ ကျူးကျော်စစ်တွေက သူများနိုင်ငံက ကိုယ့်ဆီလာတယ်ဆိုရင် တိုက်သင့်တာပါ။ အခုဟာက ကျွန်တော်ဆိုလိုတဲ့ဟာ ကျူးကျော်စစ် ဟုတ်တယ် မဟုတ်တယ်ပြောနေတာ မဟုတ်ဘူး။ ကျွန်တော်ပြောချင်တာက မြင်တဲ့အမြင်တွေကို ပြောပြတာလေ။ ကျွန်တော်တို့ကတော့ ဘယ်လိုသဘောထားတယ်ဆိုတာ ကျွန်တော်တို့အလုပ်မဟုတ်ဘူး။ ဒါကျွန်တော်တို့နဲ့ မဆိုင်ဘူး။ ကျွန်တော်တို့က **Policy Maker** မဟုတ်ဘူး။ **Policy Maker** ဆိုတာ သဘောထားပေးလို့ရတယ်။ ကျွန်တော်တို့က သဘောထားပေးလို့မရဘူး။ ကျွန်တော်တို့က **Policy Maker** တွေကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဘယ်လိုမျိုး ဖြစ်ချင်လဲဆိုတဲ့ပေါ်မှာ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရတာမျိုး အဓိကတော့ဖြစ်နိုင်တဲ့ အခြေအနေမှာ အကောင်းဆုံးဖြစ်အောင် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရတာကို ဒါကကျွန်တော်တို့အလုပ်ဘဲ။

**ဦးလှမောင် (စီးပွားရေးပညာရှင်)**

ပြည်တွင်းစစ်ဆိုတာက မြန်မာနိုင်ငံမှာ တော်တော်စုံတယ်ပေါ့လေ။ သောင်းကျန်းသူလို့ပဲခေါ်ခေါ် သူပုန်လို့ပဲခေါ်ခေါ် အဲဒီအဖွဲ့တွေက သိပ်များတာကိုး။ တကယ့်တော့ ဘာမှမထူးဘူး။ လက်နက်ကိုင်ပြီး ကိုယ့်တိုင်းပြည်ကို ကိုယ်ဗိုလ်ကျလို့ရသွားတာပေါ့။ ဗိုလ်ကျတာတွေ ဝါသနာပါသွားတာ။ အဲဒီမှာ ပြည်တွင်းစစ်ကြီးက ညှိလို့မရဘဲ ငြိမ်းချမ်းရေးမှာအခက်ခဲဖြစ်သွားတာပေါ့။ လက်ရှိကိုးကန့်မှာဖြစ်နေတာပြောရရင် ကိုးကန့်လူမျိုး ဆိုတာ အလောင်းမင်းတရားလက်ထက်ကတည်းက ဗမာပြည်ကိုရောက်လာတဲ့ ကိုးကန့်ပေါ့။ အစောကြီး ဗမာပြည်ကို ရောက်လာတယ်။ ပထမဆုံးရောက်တဲ့ တရုတ်လူမျိုးနော်။ ဒါပေမဲ့ နိုင်ငံသားဥပဒေအရဆိုရင် ၁၈၂၄ ခုနှစ်မှာ မြန်မာပြည်ကို အခြေချတဲ့တိုင်းရင်းသားကို တိုင်းရင်းသားလို့ သတ်မှတ်တယ်။ အဲတော့ ကိုးကန့်က မြန်မာတိုင်းရင်းသားစစ်စစ် ဖြစ်သွားတယ်။ ဥပဒေအရပေါ့။ တရုတ်လူမျိုးပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မြန်မာ တိုင်းရင်းသားပဲ။ အဲဒီတိုင်းရင်းသားစစ်စစ်ကြီးကို ဟို ... လက်နက်ကိုင်ငြိမ်းချမ်းရေး ဦးခင်ညွန့်လက်ထက်မှာ ပထမဆုံးငြိမ်းချမ်းရေးယူတဲ့အဖွဲ့။ အတော့်ကို အဆင်ပြေခဲ့တယ်။ အဲဒါ အခုကျမှထပြီးတော့ ပြဿနာဖြစ်တယ်။ နယ်ခြားစောင့်တပ်





အဖြစ် မလုပ်လို့ဆိုပြီးတော့ နောင်ကျည်အောင်ပြလိုက်တာပေါ့။ အင်းအဲဒါကိုအင်အားစုပြီး ပြန်ပြီးတော့တိုက်တာပေါ့။ သူကအင်အားစုပြီး သူနေရာကို သူပြန်ရအောင်ပြန်တိုက်တဲ့ကိစ္စ။ ဗဟိုအစိုးရအနေနဲ့ကတော့ လက်မခံနိုင်ဘူးဆိုပြီး ပြန်ပြီးချေမှုန်းတာပေါ့။ အဲဒီမှာ ပြည်တွင်းစစ်က နှစ်ပေါင်းများစွာကြာပြီးတော့ တိုက်နေတဲ့ဟာကြီးကို အပြီးအပိုင်ချေမှုန်းနိုင်မှာလည်း မဟုတ်ဘဲနဲ့ ပြင်းပြင်းထန်ထန်ကြီးတွေ လုပ်ဖို့ မကောင်းဘူးနော်။ အမြင်တိုတဲ့သဘောတွေ မလုပ်ကြပါနဲ့။ ရိုးရိုးသားသား တည်တည်ကြည်ကြည်ဖြောင့်ဖြောင့်မတ်မတ်နဲ့ တိုင်းပြည်ကောင်းစားရေးအတွက်ကို စဉ်းစားမယ်ဆိုရင် သိပ်ပြီးပြင်းပြင်းထန်ထန်တွေ၊ လူတွေစိတ်ဝင်စားလာအောင် လုပ်ကိုင်မပြပါနဲ့လို့နော်။ အဲဒီလိုသုံးသပ်မိတယ်။ ဖုန်ကြားရှင်မှ မဟုတ်ဘူး။ ဘယ်တိုင်းရင်းသားနဲ့နေနေ ယူသင့်တယ်။ အကောင်းဆုံးငြိမ်းချမ်းရေးပဲ။ ငြိမ်းချမ်ရေးရအောင် မြန်မြန်လုပ်ပါ။ ဘယ်အစိုးရပဲ တက်တက် ဘယ်ခေါင်းဆောင်တက်လာလာ ဒီ **Mind Self** ဆိုတဲ့ စိတ်ထားလေး နှလုံးသားလေးကောင်းစွာနဲ့ ဦးနှောက်ကြီးစွာနဲ့ **Capacity** အပြည့်နဲ့ တိုင်းပြည်ကောင်းစားရေးအတွက်လုပ်မယ် ဟဲ့ ... ဆိုရင် ဒီလက်နက်ကိုင်တိုက်နေတာတွေရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဟာ ရှေ့လက်တစ်ကမ်းလေးမှာရှိတယ်။ အဖြူနဲ့ အမည်းပဲ။ ဟို ဘာခေါ်မလဲ။ ကွန်ပျူတာမှာ **Bold** လုပ်လိုက်ရင် ချက်ချင်းမည်းသွားမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုလ်ကြီးရဲမိုး (တပ်မတော်အရာရှိ အငြိမ်းစား)

လောက်ကိုင်စစ်က တိုက်သင့်တယ်။ အပြတ်တိုက်ပစ်ရမယ်။ ဘာလို့တိုက်သင့်သလဲဆိုတော့ အချက် ၂ ချက်ရှိတယ်။

၁။ အရင်သမိုင်းက ဘယ်လိုရှိရှိ အခုလက်ရှိဖြစ်ရပ်ရဲ့အစက တပ်မတော်စခန်းတွေကို အလစ်ဝင်တိုက်တယ်။ စစ်သည်တွေ အများကြီးကျကုန်တယ်။ တပ်မတော်က ပြန်တိုက်လို့ အရေးနိမ့်စပြုလာတော့မှ ငြိမ်းချမ်းရေး ထအော်တယ်။ ဒါကို လက်ခံလိုက်ရင် ဒီတိုက်ပွဲတွေမှာ ကျဆုံးသွားရတဲ့ တပ်မတော်သားတွေရဲ့အသက်တွေက အလဟသဖြစ်သွားမယ်။ သူတို့ကို သစ္စာဖောက်ရာရောက်တယ်။

၂။ ဒီလိုပဲ လက်နက်ကိုင်ဝင်တိုက်၊ လိုချင်တာ တောင်းကိုယ်ကလည်း အလျှော့ပေးဆွေးနွေးဆိုလို့ကတော့ လက်နက်ကိုင်အဖွဲ့ပေါင်းများစွာရှိတဲ့ ဒီတိုင်းပြည်မှာ ဒါမျိုးအမြဲတမ်းလုပ်နေကြမှာပဲ။ ဒါဘယ်လိုမှ သဘာဝမကျဘူး။ ကိုးကန့်ဒေသဟာ ဖုန်ကြားရှင်ရဲ့ ဒေသဖြစ်ကောင်းဖြစ်မယ်။ သို့သော် ဒီဒေသကို ပြန်လာတာ ရိုးရိုးမလာ၊ စစ်စခန်းတွေကို အလစ်ဝင်တိုက်ပြီး ပြန်လာတာဖြစ်တယ်။ ဒါကိုမှ စစ်ပြန်မတိုက်သင့်ဘူးဆိုရင် ဘယ်စစ်မှ တိုက်မနေနဲ့တော့။ အားလုံး အရှုံးပေးလိုက်တော့။ ဒီလိုပဲပြောတော့မယ်။

❖ ❖ ❖



# မာလီပါသို့ အိမ်အပြန်ခရီးမှာ

မြင့်စိုး(နတလ)



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄၊ ဧပြီ ၂၅ ရက်နေ့က တမူးမြို့တွင် ဖမ်းမိသည့် MNDAA တပ်ပြေး (၈)ဦး

www.burmeseclassic.com



ဖုန်ကြားရှင် ၏ရန်လုံကျိုင်း လက်နက်စက်ရုံ

၁-ဓာပေ

## မာလီပါသို့ အိမ်အပြန်ခရီးမှာ

ရေးသူ – မြင့်နိုး(နတလ)

လူရယ်လို့ဖြစ်လာရင် မိမိရဲ့ မွေးရပ်မြေ၊ ဇာတိမြေကို မမေ့တာ၊ ကျေးဇူးသိတက်တာ၊ ကျေးဇူးဆပ်တာ၊ တတ်နိုင်တဲ့ဘက်က ကူညီစောင့်ရှောက်သိတက်တာတွေဟာ မြန်မာတိုင်းရင်းသားသွေးချင်းတွေရဲ့ မွေးရာပါ ယဉ်ကျေးမှုလို့ ပြောရင်လည်း မမှားပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့၊ ကိုယ့်ရွာကို သတိရပြန်လာသူတွေ၊ ပြန်ပြီး အခြေချနေထိုင်သူတွေကိုလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၊ လိုအပ်တာတွေ ဝိုင်းဝန်းကူညီကြ၊ အခက်အခဲတွေကို ဖြေရှင်းပေးတတ်ခြင်းဟာလည်း မြန်မာတိုင်းရင်းသားတွေရဲ့ ချစ်စရာ ဓလေ့တွေပါ။ တစ်ခုရှိတာကတော့ လာခြင်းကောင်းဖို့ပါပဲ။

ဦးဖုန်းကြားရှင် ဦးစီးဦးဆောင်ပြုနေသော **MNDAA** အဖွဲ့အနနဲ့ သူတို့ဇာတိမြေ ကိုးကန့်ဒေသမှာ ပြန်လည်အခြေချနေထိုင်ဖို့ ဝင်ရောက်တိုက်ခိုက်တာပါလို့ တချို့က သညာပြုနေတာကို ကြားနေသိနေရပါတယ်။ မှားတယ်လို့ မဆိုနိုင်ပါဘူး။ သို့ပေမဲ့လည်း မာလီပါရပ်ဝန်းကို ပြန်လည်ဝင်ရောက်လာတဲ့ သူတို့ရဲ့ အိမ်ပြန်ခရီးကို



www.burmeseclassic.com

www.burmeseclassic.com



ကမောက်ကမ ကိစ္စတွေ ဖြစ်ပေါ်စေခဲ့တယ်ဆိုတာ သိနိုင်ပါတယ်။

၁၉၈၉ ခုနှစ် မတ် ၃၀ ရက်နေ့မှ တရားဥပဒေဘောင် အတွင်း ဝင်ရောကခဲ့တဲ့ ကိုးကန့်အဖွဲ့ရဲ့ အိမ်ပြန်ခရီးကို တစ်နိုင်ငံလုံးက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါတယ်။ တိုင်းရင်းသားလက်နက်အဖွဲ့တွေထဲမှာ ပထမဦးဆုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် တက်လှမ်းလာတဲ့ လမ်းပြကြယ်ဖြစ်နေလို့ပါပဲ။ အဲ့ဒီနောက် မေလ ၉ ရက်နေ့မှာ “ဝ” တိုင်းရင်းသားအဖွဲ့ ဝင်ရောက်လာတယ်။ ဒီအဖွဲ့နှစ်ဖွဲ့ ဝင်ရောက်လာပြီးတဲ့နောက် ၁၉၈၉ ခုနှစ် မေလ ၂၂ရက်နေ့ ကက(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမမှာ အထူးအစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီး နတလ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းဖို့ဖြစ်လာခဲ့ပါသည်။ တရားဥပဒေဘောင် အတွင်းသို့ နောက်ထပ်ဝင်ရောက်လာလာမယ့် တိုင်းရင်းသားအဖွဲ့အစည်းတွေအတွက် မျှော်မှန်းပြီး နယ်စပ် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်အောင်ပါ။ မျှော်မှန်းထားတဲ့အတိုင်းပါပဲ။ ၁၉၈၉ ခုနှစ်ထဲမှာ မိုင်းလာအထူးအဖွဲ့(၄)၊ **SSA** အဖွဲ့နဲ့ ကချင်အထူးဒေသ(၁)လို့ သတ်မှတ်ပေးလိုက်တဲ့ **NDA** အဖွဲ့တွေ ဝင်လာကြတယ်။ ၁၉၉၁ ခုနှစ်မှာ **KIO**၊ ကလကတ၊ ကယန်းပြည်သစ်ပါတီ၊ ရလလဖအဖွဲ့တွေ၊ ၁၉၉၅ ခုနှစ်မှာ **KNPP** နဲ့ မွန်ပြည်သစ်ပါတီ၊ ၁၉၉၆ ခုနှစ်မှာ **MIA** အဖွဲ့၊ ၁၉၉၇ခုနှစ်မှာ ဗကပ(ရခိုင်ပြည်နယ်) အဖွဲ့တွေ ဝင်ရောက်လာခဲ့ကြပါတယ်။ အဖွဲ့ခွဲတွေ၊ အဖွဲ့ငယ်တွေကိုတော့ ကျွန်တော်မရေးပြတော့ပါဘူး။ ကိုးကန့်အဖွဲ့ဟာ ပထမဆုံးဝင်ရောက်လာတဲ့ အဖွဲ့ဖြစ်တာနဲ့အညီ နိုင်ငံတော်အစိုးရရဲ့ ကျညီစောင့်ရှောက်မှုကိုလည်း ပထမဆုံးရခဲ့တဲ့ အဖွဲ့ပါ။ လိုအပ်တာ





တွေ အားလုံး ဝင်ရောက်ဆောင်ရွက်ပေးခဲ့ ကြပါတယ်။

ဟော . . . . သည်လိုနဲ့ ၁၉၉၂ ခုနှစ်မှာ ပထမအကြိမ် ဖုန်–ရန် အရေးခင်းဖြစ်လာခဲ့ပါရော။ ကိုးကန့် အထူးဒေသ (၁) နယ်မြေရဲ့ စီမံအုပ်ချုပ်ခွင့် အာဏာအရပ်ရပ်ကို ဦးဖုန်ကြားရှင် ထံကနေ ဦးရန်မိုးလျှံ အဖွဲ့ လွှဲပြောင်းရယူလိုက်ကြပါတယ်။ ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြားဖူးဆိုတဲ့ ဖုန်ညီအကိုတွေနဲ့၊ ဦးရန်မိုးလျှံ၊ ဦးရန် မိုးအန်း ဆိုတဲ့ ရန်ညီအစ်ကိုတွေ ဖြစ်ခဲ့ကြတဲ့ ပြဿနာမို့ ဖုန်–ရန် အရေးခင်းရယ်လို့ လူသိများခဲ့ခြင်း ဖြစ်ပါတယ်။ အဲ့ဒီလို ဖြစ်နေတဲ့အချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်သူ့ဘက်ကမှ ဝင်မပါခဲ့ပါဘူး။ ကိုးကန့်တိုင်းရင်းသား အချင်းချင်းဖြစ်ခဲ့တဲ့ ကိစ္စမှာ အချင်းချင်းပဲ ဖြေရှင်းကြပါစေ။ ပြီးရင် နတလုပ်ငန်းတွေကို ပုံမှန်အတိုင်း ဆက်လုပ် ပေးဆိုတဲ့ အချက်တွေပါဝင်တဲ့ မူဝါဒ (၅) ချက်ကို လိုက်နာဖို့ ညွှန်ကြားခဲ့ပါသည်။ အဲ့ဒီပတ်ဝန်းကျင်မှာရှိတဲ့ တပ်အားလုံးကလည်း လိုက်နာခဲ့ကြပါတယ်။ သည်တုန်းက အာဏာလက်မဲ့ဖြစ်သွားတဲ့ ဦးဖုန်ကြားရှင်နှင့် သူ့မိသားစုဝင်တွေ၊ သူ့တပ်ဖွဲ့ဝင်တွေကိုလဲ ဖြစ်ချင်ရာဖြစ်၊ နေချင်ရာနေ၊ သွားချင်ရာသွားကြတော့ဆိုပြီး ပစ်ထားတာမျိုးမလုပ်ခဲ့ပါဘူး။ နောင်ချိုမြို့အနီးမှာ ရွှေပြည်ညွန့်ဆိုတဲ့ ရွာတစ်ရွာတည်ပြီး ရှိရှိသမျှ မိသားစုဝင်တွေ၊ ပိုင်ဆိုင်သမျှစည်းစိမ်တွေကို ဘေးမသီရန်မခအောင် လိုက်ပါစောင့်ရှောက် ရွှေ့ပြောင်းပေးခဲ့ကြတာပါ။

၁၉၉၅ ခုနှစ် နိုဝင်ဘာလမှာတော့ ဒုတိယအကြိမ် ဖုန်–ရန် အရေးခင်းထပ်ဖြစ်ခဲ့တယ်။ ဖုန်–ရန်–မုံ အရေးကိစ္စလို့ ပြောရင်လည်းရတယ်။ မုံးကိုးဘက်မှာ ရှိနေတဲ့ ဦးမုံဆာလအဖွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဦးရန်မိုးလှုံဦးစီးတဲ့အဖွဲ့က သွားတိုက်နေတုန်း ဦးဖုန်ကြားရှင်နဲ့ "ဝ" တပ်တွေက နမ့်တစ်ကတစ်ဆင့် နမ့်တိန်ချောင်းကို ဖြတ်ကူးပြီးချင်းရွှေဟော်ကို သိမ်းတယ်။ ပြီးတော့ လောက်ကိုင်နှင့် ကုန်းကြမ်းဒေသကို ဆက်တက်တယ်။ ကွမ်းလုံးအခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမောင်မောင်သိမ်းက ချင်းရွှေဟော်မှာစောင့်နေပြီး လောက်ကိုင်ကို မတက်ဖို့တားခဲ့ပေမယ့် ဆက်ပြီးတက်ခဲ့ကြတယ်။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝေလင်းနှင့် အဖွဲ့က ပါစင်ကျော်ကျေးရွာလောက်ကနေ ဆီးပြီးတားခဲ့သည်။ မရခဲ့ပါဘူး။ ကားလမ်းအတိုင်းမတက်ပေမဲ့ တောင်ကြောတွေကတစ်ဆင့် လောက်ကိုင်နဲ့ကုန်ကြမ်းကို ရောက်လာခဲ့ကြတာပါ။ အဲ့ဒီအချိန်တုန်းက လောက်ကိုင်စစ်ကြောင်းရုံးမှာ ဒုတိယဗိုလ် ရန်အောင်စိုးတစ်ယောက်ပဲ ကျန်ခဲ့တာမို့ ဦးရန်မိုးလှုံ/ ဦးရန်မိုးအန်းအဖွဲ့က နိုင်ငံတော်ကို တင်ပြတဲ့အချက် (၅) ချက်ကို ကျွန်တော်ကိုယ်တိုင် နံနက် ၂ နာရီလောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကို ဆက်သွယ်ရေးစက်နှင့် တင်ပြပေးခဲ့တာ အမှတ်ရမိခဲ့ပါတယ်။ အဲ့ဒီဖြစ်စဉ်မှာလည်း နိုင်ငံတော်အစိုးရဟာ ဘယ်သူ့ဘက်ကမှ ဝင်မပါခဲ့ပါဘူး။ ပထမအကြိမ် မူ(၅)ချက်အတိုင်း လိုက်နာကြဖို့ ညွှန်ကြားချက်တွေ ရရှိခဲ့ပါတယ်။

ဦးဖုန်ကြားရှင်ရဲ့ ဒုတိယအကြိမ် လောက်ကိုင်ဒေသအပြန်ခရီးဟာ သူ့အတွက်တော့ ကောင်းသော လာခြင်းဖြစ်မယ်လို့ယူဆနိုင်ပါသည်။ အကြောင်းကတော့ ဖုန်–ရန် အရေးခင်းထပ်ဖြစ်တဲ့အတွက် လောက်ကိုင်မြို့ရဲ့ အခြေအနေဟာ မတည်မငြိမ်ဖြစ်ပြီး ကွမ်းလုံ၊ လာရှိုးဒေသများဆီသို့ ပြန်လည်ထွက်ခွာကြတဲ့





သူတွေရှိသလို ဦးဖုန်ကြားရှင်အဖွဲ့ကို ထောက်ခံကြိုဆိုတဲ့ ကိုးကန့်တိုင်းရင်းသားတွေလည်း ရှိနေတာကို မြင်တွေ့ရပါတယ်။ အထူးသဖြင့် ဆီအာကျေးရွာဘက်ကို ကျွန်တော်ရောက်သွားတဲ့အခါမှာ ကိုးကန့်လက်နက်ကိုင်အချို့နဲ့ ရွာသူရွာသားတွေ ဘယ်ကိုမှ မပြေးလွှားဘဲ နေမြဲအတိုင်းရှိနေပါတယ်။ ဒီလိုနဲ့ ၁၉၉၅ ခုနှစ် နောက်ပိုင်းမှာ လောက်ကိုင်ဒေသနဲ့ ဦးဖုန်ကြားရှင်တို့ ပြန်လည်ပေါင်းစည်းမိခဲ့တယ်လို့ ပြောရမှာပါ။ အဲ့ဒီတုန်းက ဦးရန်မိုးအန်း အဖွဲ့မှာ စကားပြန်လုပ်နေတဲ့ လူတစ်ယောက်က ဦဖုန်ကြားရှင်ရဲ့ ကိုးကန့်အဖွဲ့၊ "ဝ"အဖွဲ့ကတွေဟာ တပ်နဲ့ ထိပ်တိုက်တွေ့ပြီး ပစ်ခက်မှုတွေဖြစ်အောင် ဖန်တီးတာလေးတွေရှိခဲ့ပေမယ့် ဒုတိယဗိုလ်မှူး ဝေလင်းရဲ့ တပ်ဖွဲ့တွေက ညွှန်ကြားချက်ဖြစ်အောင် လိုက်နာရှောင်ရှားခဲ့တာတွေကို တွေ့ရပါတယ်။ (ယခုလောက်ကိုင်ဒေသ တိုက်ပွဲဖြစ်စဉ်တွေမှာ ခြံစည်းရိုးကပ်နေတဲ့ တရုတ်နိုင်ငံ၊ နမ့်စန်မြို့ထဲကိုလက်နက်ကြီး ကျည်ဆန်ကျအောင် လုပ်ပြီး အခြေအနေရှုပ်ထွေးသွားအောင် ဖန်တီးသလိုဖြစ်ပါတယ်။)

၂၀ဝ၉ ခုနှစ်မှာတော့ ဦးဖုန်ကြားရှင်နဲ့ သူ့ရဲတပ်ဖွဲ့ကတွေဟာ မူးယစ်ဆေးဝါလုပ်ငန်းတွေ၊ လက်နက် စက်ရုံတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေကို သတ်ဖြတ်ခဲ့တဲ့ကိစ္စတွေမှာ ပါဝင်ကျူးလွန်ပြီးလောက်ကိုင်ဒေသက နေ ထွက်ခွာသွားခြင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် သူတို့အဖွဲ့ရဲ့ လောက်ကိုင်ဒေသ အပြန်ခရီးဟာ ၁၉၈၉ ခုနှစ်၊ ၁၉၉၅ ခုနှစ် အပြန်ခရီးတွေလို လာခြင်းကောင်းသော အပြန်ခရီးစဉ်များ မဟုတ်တော့ပါဘူး။ ယခုအချိန်မှာ လောက်ကိုင်ဒေသဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီစ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် တည်ရှိနေပါပြီ။ တစ်နည်းအားဖြင့် ပြောရရင် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ရှိနေတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုကို ထိပါးခြင်းဟာ နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးခြင်းလို့ မှတ်ယူရပါမယ်။ မိမိတို့ရဲ့ မွေးရပ်မြေကို ပြန်လည်ဝင်ရောက် လိုတယ်ဆိုရင် ဝင်ရောက်ခွင့်ရရှိနိုင်မယ့် နည်းလမ်းကိုပဲ အသုံးပြုရပါမယ်။ အိမ်အဝင်တံခါးမ ကို ဖနောင့်နဲ့ပေါက်၊ ကန်ကျောက်ပြီး ဝင်လာပုံမျိုးကိုတော့ မည်သည့်အိမ်ရှင်ကမှ လက်ခံနိုင်မည်မဟုတ်ပါ။ တပ်မတော်အနေနဲ့ကလည်း လောက်ကိုင်ဒေသမှာ ရှုပ်ရှုပ်ချုံချုံ၊ စွန့်စွန့်စားစားတိုက်ပွဲတွေဝင်၊ အသက်တွေ ပေးလှူနေရခြင်းဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ ဦးဖုန်ကြားရှင် အပါအဝင် **MNDAA** တပ်ဖွဲ့ဝင်တွေအနေနဲ့ မိမိတို့ရဲ့ ဇာတိမြေဖြစ်တဲ့ ကိုးကန့်ဒေသကို ပြန်လာခွင့်ရှိနေပါတယ်။ တရားဥပဒေနဲ့အညီ ကောင်းသောလာခြင်း ဖြစ်ဖို့တော့ လိုပါလိမ့်မယ်။

လောက်ကိုင်ဒေသနဲ့ ပတ်သက်ပြီး ဆောင်းပါးရေးတဲ့အခါတိုင်း မာလီပါလွင်ပြင်ရယ်လို့ ကျွန်တော် အမြဲတမ်းတင်စားခေါ်ဝေါ်မိပါတယ်။ ကိုးကန့်ဒေသဟာ တစ်ချိန်က မာလီရှူး အပင်တွေ ပေါက်ရောက်ပြီး စိမ်းလန်းစိုပြည်သာယာလှပတဲ့ လွင်ပြင်ဒေသကြီး တစ်ခုဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ဖက်ဆစ်ဂျပန်တွေရဲ့ ကျူးကျော်မှုကို ခံခဲ့ရသလို၊ ဗကပတွေရဲ့ ဝင်ရောက်ဖိနှိပ် ခြယ်လှယ်မှုကိုလည်း အလူးအလဲခံခဲ့ရတဲ့ ဒေသပါ။ နတလ ဝန်ထမ်းဘဝမှာ ပထမဦးဆုံးငြိမ်းချမ်းရေးကြယ်တစ်ပွင့် လင်းလက်တောက်ပဖြစ်ခဲ့မိသလို ပထမဦးဆုံး ငြိမ်းချမ်းရေးကြယ်တစ်ပွင့် လင်းလက်





တောက်ပခဲ့ရာ ဒေသဖြစ်တဲ့အတွက် အမြဲတမ်းလေးစားခဲ့ရပါတယ်။ ဆက်လက်ပြီးတော့လည်း တည်ငြိမ်အေးချမ်းမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ တည်ရှိနေတဲ့ မာလီပါလွင်ပြင်အဖြစ်နဲ့ တွေ့မြင်ချင်ပါတယ်။

မာလီပါ . . . . ထာဝရ တည်ငြိမ်အေးချမ်းပါစေ။

မြင့်စိုး(နတလ)

❖ ❖ ❖

၈ - ၁၁ - ၁၆

**တရုတ်အစိုးရ၏ဆန္ဒကြောင့်**
**တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း MNDAA ကြေညာ**

တရုတ်နိုင်ငံအစိုးရမှ ပြင်းပြသောဆန္ဒကြောင့် တပ်မတော်နှင့် တိုက်ခိုက်နေမှုများကို တစ်ဖက်သတ် အပစ်အခတ် ရပ်စဲကြောင်း ဖုန်ကြားရှင်၏ ကိုးကန့်တပ် **MNDAA** က ယခုဇွန်လ ၁၀ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာလိုက်သည်။

ရန်ကုန်
ဆုမင်းလတ်

အဆိုပါကြေညာချက်အား တရုတ်နိုင်ငံအစိုးရမှ တိုက်ရိုက်ညွှန်ကြားဆောင်ရွက်ခြင်းမဟုတ်ဘဲ ကိုးကန့် တပ် **MNDAA** ၏ အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ထုတ်ပြန်ကြေညာခြင်း ဖြစ်ကြောင်း **MNDAA** မှ သိရသည်။

"တရုတ်နိုင်ငံအစိုးရက တိုက်ရိုက်ကွပ်ကဲတာမဟုတ်သလို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့အနေကလည်း တရုတ် အစိုးရနဲ့ မပတ်သတ်ပါဘူး။ ကျွန်တော်တို့ သတင်းဌာနတွေ၊ သတင်းစာတွေမှာ တရုတ်အစိုးရရဲ့ ဒီအပေါ်မှာထားတဲ့ အနေအထားကို ကြည့်ပြီးတော့ ကျွန်တော်တို့ဆုံးဖြတ်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တပ်မတော်ကို ကိုယ့်ဖက်ကနေစပြီးတော့ မတိုက်ခိုက်ပါဘူး။ ကျွန်တော်တို့ကို တိုက်ခိုက်လာရင်တော့ ကျွန်တော်တို့ပြန်လည် တိုက်ခိုက်သွားမှာပါ''ဟု **MNDAA** ပြောရေးဆိုခွင့်ရှိသူ ဦးထွန်းမြတ်လင်းက ပြောသည်။

အဆိုပါကြေညာချက်တွင် တရုတ်နိုင်ငံအစိုးရမှ တရုတ်–မြန်မာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပြင်းပြသည့် တောင်းဆိုမှု၊ မြန်မာနိုင်ငံပြည်သူများ ဒီမိုကရေစီဖြစ်စဉ်နှင့် ရွေးကောက်ပွဲကျင်းပနိုင်ရန် ပြင်းပြသည့်ဆန္ဒများကို တုံ့ပြန်ရန် အတွက် မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် **MNDAA** စစ်ရေးကော်မတီမှ တစ်ဖက်သတ်စစ်ရေးရပ်စဲရန် ဆုံးဖြတ်ပြီး မိမိကိုယ်ကို ကာကွယ်သည့်အခွင့်အရေးကို ဆက်လက် ဆုပ်ကိုင်သွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

''လက်ရှိအချိန်မှာ တရုတ်စစ်တပ်တွေက တရုတ်–မြန်မာနယ်စပ်မှာ စစ်ရေးလေ့ကျင့်မှုတွေလုပ်နေတယ်။ ကျွန်တော်တို့ ကြေညာချက်ထုတ်ပြန်တာဟာ ဒီလိုစစ်ရေးလေ့ကျင့်မှုတွေကြောင့်လည်း မဟုတ်ဘူး။ ဒီရက်ပိုင်း အတွင်းမှာ ပြီးဆုံးသွားတဲ့ လော်ခီးလာအစည်းအဝေးကြောင့်လည်း မဟုတ်ပါဘူး။ ကျွန်တော်တို့တစ်ဖွဲ့တည်းအနေနဲ့ သတင်းထုတ်ပြန်ခြင်းဖြစ်ပါတယ်'' ဟု





၄င်းကဆက်ပြောသည်။

ကိုးကန့်ဒေသတွင် ကိုးကန့်တပ်ဖွဲ့ **MNDAA** နှင့် တပ်မတော်တို့သည် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် စတင်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး တိုက်ပွဲများဆက်လက်ဖြစ်ပွားနေမှုတို့ကြောင့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအား စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန် တပ်မတော်ကို အာဏာလွှဲပြောင်းပေးခဲ့သည်။

ထို့ပြင် ကိုးကန့်ဒေသတွင်း တည်ငြိမ်မှုမရှိသောကြောင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုးကန့်ဒေသအား စစ်အုပ်ချုပ်ရေး ရက်ပေါင်း ၉၀ ထပ်မံတောင်းခံခဲ့သဖြင့် ယခုလ ၁၅ ရက်နေ့တွင် လွှတ်တော်မှ ရက်ပေါင်း ၉၀ ထပ်မံတိုးမြှင့် အတည်ပြုခဲ့သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ **UPWC** ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးရယူပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့နှင့် ပထမအဆင့် ငြိမ်းချမ်းရေး လုပ်ဆောင်ပြီးမှသာ **MNDAA** တအောင်းလွတ်မြောက်ရေး တပ်မတော် **TNLA** နှင့် ရက္ခိုင့်တပ်မတော် **AA** တို့ကို ဒုတိယ အဆင့်အနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း မီဒီယာများကိုပြောကြားထားသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၂ )

# နိဂုံးချုပ်ဖော်ပြချက်များ

ဖုန်ကြားရှင်နှင့် တိုက်ပွဲများအား ဤမှာပင် အဆုံးသတ်ပါပြီ။

ယခု ဤစာအုပ်၌ –

- ကိုးကန့်သမိုင်း
- ဖုန်ကြားရှင်သမိုင်း
- ဖုန်ကြားရှင်၏ ကိုးကန့်ကာကွယ်ရေးဘဝ
- ဖုန်ကြားရှင်၏ ဗကပတပ်မှူးကြီးဘဝ
- ဖုန်ကြားရှင်၏ ကိုးကန့်ခေါင်းဆောင်ကြီးဘဝ
- ဖုန်ကြားရှင်၏ သူပုန်ပြေးကြီးဘဝ

သူ၏ ထိုဘဝမျိုးစုံ သမိုင်းကြောင်းများပါဝင်သည်။

တိုက်ပွဲအပိုင်းအတွင်းမှု ၂ ပိုင်းခွဲခြားထားပါသည်။

၁၉၆၈ မှ ၁၉၈၈ ခုနှစ် ထိ ဖုန်ကြားရှင် ဗကပ (၄၀၄) တပ်မှူးကြီးဘဝနှင့် မြန်မာ့တပ်မတော် တိုက်ခဲ့သော တိုက်ပွဲများ။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ မှ ယခု ဇန်နဝါရီလကုန်ခါနီးထိ လေးငါးလကြာ ဒုတိယအကြိမ် ဖုန်းကြားရှင်၏ **MNDAA** သောင်းကျန်းသူများနှင့် မြန်မာ့တပ်မတော်တို့ တိုက်ခဲ့သော တိုက်ပွဲများ။

ဖြစ်ပါ၏။

ဤတွင်လည်း ၁၉၆၈ မှ ၂၀၁၅ ခုနှစ် သို့ရောက်သောအခါ စစ်ပွဲငယ်အသွင်သဏ္ဌာန်များမှ ကွဲပြား ခြားနားသွားပါပြီ။

ဟိုလွန်ခဲ့တဲ့ အနှစ်လေးငါးဆယ်စစ်ပွဲများမှ တောကြိုအုံကြား၌ အဖြစ်များခဲ့၏။ ယခုအခါတွင်မူ ဘယ်နေရာကြည့်ကြည့် စစ်ပွဲများက လူနေရပ်ကွက်များ မြို့ရွာများတွင် လာဖြစ်နေ၏။

**Middle East** အာဖဂန်နှင့် အီရတ်

**East Europe** ယူဂရိန်းနှင့် ပင်လယ်နက်ဒေသ

**Africa** ဆိုမာလီယား၊ ဆူဒန်

ယခုလည်း ကိုးကန့်များက တိုက်ပွဲက လောက်ကိုင်မှာ လာဖြစ်နေ၏။ ကမ္ဘာ့အနိုင်နိုင်ငံတိုက်ပွဲတွေက ပုံစံတူ **Urban Warfare** မြို့တွင်းတိုက်ပွဲတွေ ဖြစ်လာ၏။

ထို့ကြောင့် ကျွန်တော်၏ ဖော်ထုတ်ချက်များထဲ၌ အနာဂတ်ကာလတွင် မြန်မာ့တပ်မတော်သည် မြို့တွင်း စစ်ဆင်ရေး **Urban Warfare** ကို ကောင်းစွာ လေ့ကျင့်သင်ကြားထားသင့်ကြောင်း ဖော်ပြထားပါသည်။

ဖုန်ကြားရှင်က ကိုးကန့် လောက်ကိုင်ဒေသက ထွက်ပြေးသွားတာ ကြာပြီ။ ၂၀၀၉ ခုနှစ်ကဆိုတော့ လေးငါးခြောက်နှစ်ရှိပြီ။ လူကလည်း အိုကြီးအိုမနဲ့။ ဘိန်းစား။ အရေးထဲ ဖွန်ကလည်း





ကြောင်ချင်သေးသည်။ အဲဒီ အခုမှလာပြီး ဘာဖြစ်လို့ ကိုးကန့် ပြန်လာချင်ရတာလဲ။

အကြောင်းရှိပါသည်။ နောက်က မြှောက်ပေးနေသူများ ရှိသည်။ မြန်မာနိုင်ငံ အရှေ့မြောက်ခြမ်းနယ်စပ်က သူခိုးတွေ။ သူခိုးတွေက သစ်ခိုးခုတ်သည်။ ထုတ်သည်။ သစ်သာမက ရွှေ ငွေ၊ ကျောက်သံပတ္တမြား၊ ကျောက်စိမ်း၊ အကုန်ခိုးထုတ်ကြသည်။ မဟုတ်တရုတ်တွေ မဟုတ်တာ အကုန်လုပ်ကြသည်။ ယူနန်ပြည်နယ်က မဟုတ်တာ အကုန်လုပ်သည်။ ကျွန်တော်သည် ယူနန်ပြည်နယ်ကို အကြိမ်ကြိမ် ရောက်ဖူးခဲ့သည်။ ကူမင်း၌ ရက်အတော် ကြာခဲ့ဖူးသည်။ ကူမင်းတွင် မဟုတ်တာ အားလုံးလုပ်လို့ရသည်။ လူကုန်ကူးမှုများ မူးယစ်ဆေးဝါး အရောင်းအဝယ်များ **Gambling** လောင်းကစားများ၊ အနှိပ်ခန်းများ၊ အပျော်မယ်အခန်းများ အမျိုးစုံ အကုန်ရှိသည်။ ငွေရရင် တရားတာရော၊ မတရားတာရော အကုန်လုပ်သည်။ မှောင်ခိုလက်နက် အရောင်းအဝယ်လည်း လုပ်သည်။

ထိုသို့ တရားမဝင်စီးပွားရေး သောင်းကျန်းနေသူများသည် မြန်မာနယ်စပ်က တိုင်းရင်းသား လက်နက်ကိုင်များနှင့် ပုလင်းတူဘူးဆို့များဖြစ်ကြ၏။

နှစ်စက နယ်စပ်တွင် တရားမဝင် သစ်ခိုးခုတ်သူ တရုတ်-မြန်မာလူ ၁၀၀ ကျော်နှင့် ကားအစီးပေါင်း ၄၀၀ ကျော် ၅၀၀ ခန့်က မြန်မာအစိုးရ ဖမ်းလိုက်သည်။ သိန်းပေါင်း သိန်းနှင့်ချီ၍ ထိုသူတွေ နစ်နာသွားသည်။ ဤတွင် မကျေမနပ်ဖြစ်ပြီး သက်ကြားအို ဖုန်ကြားရှင်ကို မြှောက်ပေးပြီး ပွဲထုတ်ကာ အကြောင်းရှာ၍ လောက်ကိုင်ဒေသကို တိုက်ခိုင်းတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲ။ ၁၉၆၇ ခုနှစ် တရုတ်–ဗမာ အရေးအခင်းဖြစ်တော့ တရုတ်ကွန်မြူနစ်ပါတီက နယ်စပ်တွင် ဖုန်ကြားရှင်နှင့် နော်ဆိုင်းတို့ကို တပ်တွေ ဖွဲ့စည်းပြီး မြန်မာနိုင်ငံ အရှေ့မြောက်ဒေသများနှင့် ကွန်မြူနစ် အမည်ခံ၍ တိုက်စေသည်။ မကျေနပ်တာက ၁၉၆၄ ခုနှစ် ပြည်သူ့ပိုင်သိမ်းကတည်းက တရုတ်ကုန်စုံဆိုင်ကြီးများ၊ တရုတ်စာသင်ကျောင်းများ ပါသွားတာက စခဲ့၏။ ၁၉၆၇ ခုနှစ် အရေးအခင်းဖြစ်တော့ ပေါက်ကွဲသွားပြီး တရုတ်ကြီးက ဗမာကွန်မြူနစ်တွေကို အကုန်ကူလေတော့သည်။ လူ၊ လက်နက်၊ ငွေ ပစ္စည်းအမျိုးစုံ သာမက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ချုပ်အဆင့် အရာရှိကြီးများ အပါအဝင် စစ်အကြံ ပေးအဖွဲ့ပါ ဖွဲ့စည်းပေးခဲ့လေသည်။

ယခု ဖုန်ကြားရှင်နှင့် လောက်ကိုင်ဒေသတိုက်ပွဲများတွင်လည်း ယူနန်ပြည်နယ်မှ တရုတ် ဗိုလ်ချုပ် တစ်ဦးပါသည်။ သူက လိုတာတွေ အကုန်လုပ်ပေးသည်။ ပေါ်ပေါ်ထင်ထင် အကူအညီပေးသဖြင့် တရုတ် ဗဟို အစိုးရက အရေးယူခဲ့လေသည်။ အဲဒီတရုတ်ဗိုလ်ချုပ်က ဖုန်ကြားရှင်နှင့် စီးပွားဖက်ဖြစ်မည် ထင်၏။ တရုတ် ဗိုလ်ချုပ်တွေ လာဘ်ပေး လာဘ်ယူနှင့် စီးပွားရေး သောင်းကျန်း၍ လက်ရှိသမ္မတကြီးက ဖြုတ်ထုတ်ရှင်း လုပ်နေသည့် တရုတ်ပြည်သူ့တပ်မတော်ကို သန့်ရှင်းရေးလုပ်နေသည်။

အဖြေကတော့ အဲဒါပါပဲ။

သူတို့စီးပွားထိခိုက်လို့ တရုတ်တွေက မကျေမနပ်ဖြစ်ပြီး ဖုန်ကြားရှင်ကို မြှောက်ပေးလိုက်တာပါ။ ဖုန်ကြားရှင် မရှိလည်း နောက်တစ်ယောက်ကို မြှောက်ပေးဦးမှာပါ။





အခုတစ်ခါ ဇွန် ၁၀ ရက်နေ့က **MNDAA** က တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပါသတဲ့။

ရပ်စဲမှာပေါ့များ။

နယ်စပ်မှာ သူတို့ အခိုင်အမာစခန်းတွေကို မြန်မာ့တပ်မတော်က အပြတ်တိုက်ခဲ့ပြီးပါပြီ။ ဘာမှမှ ဟုတ်တိပတ်တိ မကျန်တော့တာ။

နောက်တစ်ခုက လောက်ကိုင်မှာ တိုက်ပွဲတွေဖြစ်တော့ လောက်ကိုင်နယ်စပ် စီးပွားရေး ပျက်သွား တော့သည်။

ကျွန်တော်သည် ၂၀၁၀ ခုနှစ်က ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီးရေးတော့ လောက်ကိုင်မှာ ရက်သတ္တ တစ်ပတ်ခန့်နေခဲ့သည်။

နေ့စဉ် လောက်ကိုင်မှ သစ်တင်ကားကြီးများ။ ကြံကားများ။ ဆန်ကားများ။ အစီးရာနှင့်ချီပြီး ထွက်နေ သည်။ ဒါက မျက်မြင်။ မျက်စိဖြင့် မမြင်နိုင်သည့် ကျောက်စိမ်းနှင့် ရွှေငွေကျောက်သံပတ္တမြားက မပြောနိုင်ပါ။ ဘယ်လောက်များ များနေမည်မသိ။ ဒါသာမက ညစဉ်ညတိုင်း လောက်ကိုင်က **Casino** များတွင် တရုတ် အထီး၊ အမတွေ ရာနှင့် ထောင်နှင့်ချီလာကစားကြ၏။ တိုက်ပွဲဖြစ်တော့ ဒါတွေအားလုံး ပျက်ကုန်သည်။ စီးပွားပျက်သွားကြသည်။ တရုတ်တွေဘက်က ပိုပြီး အထိနာသည်။ သူတို့က နေ့စဉ် သိန်းပေါင်းသောင်းချီ အရောင်းအဝယ်ဖြစ်နေရာက အကျိုးအမြတ်များဆိတ်သုဉ်းသွားရသည်။ ဒီဒဏ်ကို သူတို့မခံနိုင်။ ထို့ကြောင့် ဒီဒေသမှာ အရောင်းအဝယ်ဖွံ့ဖြိုးပြီး အရင်ကလို ပြန်ဖြစ်အောင် ကုန်သည်တွေက ယူနန်အစိုးရကိုသာမက ဗဟို အစိုးရကိုပါ တောင်းဆိုကြသည်။ သံဃာအား ဘုရားမဆန်သာဆိုသလို တရုတ်အစိုးရက



www.burmeseclassic.com

www.burmeseclassic.com



ဖုန်ကြားရှင်ကို ဖိအားပေးလာ၏။

ဤတွင် ဖုန်ကြားရှင်နှင့် **MNDAA** က အပစ်ရပ်ပါပြီ။ ဘာညာလုပ်လာသည်။

စဉ်းစားရမှာဖြစ်ပါသည်။

တရုတ်ဗဟိုအစိုးရကလည်း မြန်မာနှင့် အငြင်းပွားလို့မဖြစ်၊ မြန်မာနိုင်ငံမှာ သူတို့စီးပွားရေးတွေ ရှိသည်။

- မြစ်ဆုံစီမံကိန်း
- လက်ပန်းတောင်းတောင်စီမံကိန်း
- ကျောက်ဖြူသဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း

ဒါ အကြီးကြီးတွေ၊ အသေးတွေကတော့ အများကြီးနှင့် အမျိုးစုံ တယ်လီဖုန်း၊ ကား၊ ဆိုင်ကယ်၊ လျှပ်စစ်ပစ္စည်း စသည် စသည် အစုံအကုန်ပါ၏။ ယူနန်က အတုတွေကိုလည်း ဗမာကို ညာရောင်းသည်။ ဗမာက မသိတော့ ဈေးပေါပေါနှင့် ဝယ်ကြသည်။ ဗမာနဲ့ပေါင်းကာ တရုတ်တွေ အလွန်စီးပွားဖြစ်ပါသည်။ ဒီ အကျိုးအမြတ်တွေ ဆိတ်သုဉ်းသွားမှာ တရုတ်တွေ သိပ်စိုးရိမ်သည်။

ဒါကြောင့် ဖုန်ကြားရှင်ကို ...

"ဟေ့ကောင် ... တော် ... ရပ်တော့" ဟု ပြောလိုက်ခြင်းဖြစ်မည် ထင်ပါသည်။

တရုတ်ကြီးက ယခုအခါ ကမ္ဘာ့အင်အားကြီးနိုင်ငံမှာ ပါနေပြီ။

အမေရိကန်ကို ရင်ပေါင်တန်းနိုင်ပြီး နောင်ဆယ်စုနှစ် တစ်ခုနှစ်ခုဆိုရင် အမေရိကန်ကိုများ ကျော် သွားမလား မဆိုနိုင်ပါ။

တရုတ်တွေက စွာသည်။ **Aggressive** ဖြစ်သည်။

တောင်တရုတ်ပင်လယ်နှင့် ပစိဖိတ်သမုဒ္ဒရာ ကျွန်းတုတွေ





လုပ်ပြီး ရေတပ်တွေချထားသည်။ လေယာဉ်၊ သင်္ဘောတွေ တည်ဆောက်ပြီး ပို့သည်။ ရေပိုင်နက်ကျွန်းပိုင်နက်နှင့်ပတ်သက်ပြီး ဗီယက်နမ်နှင့် စကားများသည်။ ဂျပန်နှင့် စကားများသည်။ ဖိလစ်ပိုင်နှင့် စကားများသည်။ **Super Power** ဖြစ်ကြောင်း ပြသရန် ရေတပ်လေ့ကျင့်ခန်းတွေ လုပ်ပြသည်။ ခြိမ်းခြောက်ပြသည်။ မြန်မာနိုင်ငံကိုလည်း ခြိမ်းခြောက်ရန် လောက်ကိုင်နားမှာလာပြီး ကြည်းလေပူးပေါင်းစစ်ဆင်ရေး **War Exercise** တွေ လာလုပ်နေသည်။

ဟိုဟာ ဒီဟာ မတရားစွပ်စွဲသည်။

စာရှုသူများခင်ဗျား။

ကျွန်တော်တို့ ဘာလုပ်ကြမှာပါလဲ။

တရုတ်ကို **Potential Enemy** ဟု သဘောထားပြီး ကျွန်တော်တို့ ပြင်ဆင်သင့်သည်ထင်ပါ၏။

ကျွန်တော်တို့နိုင်ငံကြီးက မလုံခြုံပါ။ အရှေ့၊ အနောက် တံခါးတွေ ခြစည်းရိုးတွေ ပွင့်နေသည်။

အနောက်ဘက်က ဘင်္ဂလားဒေ့ရှ်၊ လာပြီး ကျူးကျော်ချင်သည်။ ရိုဟင်ဂျာတွေ ခိုးဝင်နေသည်။

အရှေ့ဘက်က ထိုင်းနှင့်တရုတ်။ လူမျိုးစုတိုင်းရင်းသားလက်နက်ကိုင်တွေ မွေးပြီး အကုန်ခိုးနေကြ သည်။ နယ်စပ်က သစ်တောတွေ ကုန်ပြီ။ ကျွန်တော်တို့ မပိတ်နိုင်ခဲ့ပါ။ ပိတ်ဖို့ကြိုးစားတော့ သူတို့နဲ့ စကား များရသည်။

နယ်စပ်ဒေသမလုံခြုံ၍ မြန်မာနိုင်ငံထဲ ပတ်ဝန်းကျင်နိုင်ငံများက ခိုးဝင်နေကြသည်။ ဆွီဒင်သတင်းစာဆရာ **Bertil Lintner** သည် ၁၉၈၅ ခုနှစ်က မြန်မာနိုင်ငံအတွင်း အိန္ဒိယမှ ခိုးဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ခွဲကြာနေသွားခဲ့သည်။

စာရှုသူများခင်ဗျား -

ယခု ဖုန်ကြားရှင်နှင့် လောက်ကိုင်ဒေသ တိုက်ပွဲများကြောင့် ကျွန်တော့်အနေဖြင့် အောက်ပါ သင်ခန်းစာများ ရယူပြီး မြန်မာနိုင်ငံကြီးကို ပြုပြင်သင့်ကြောင်း တင်ပြလိုပါသည်။

(က) တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရန်

(ခ) အား သုံးပါးကို တည်ဆောက်ရန်

- **Military Might**
- **Political Might**
- **Economic Might** တို့ဖြစ်၏။

(ဂ) ပြည်ပရန်ကို ခုခံကာကွယ်နိုင်ရန်အတွက် အသင့်ပြင်ရန်။

တရုတ်တို့သည် မြန်မာနိုင်ငံကို ယခုမှသာ မဟုတ်ပါ။

ပုဂံခေတ်

ကုန်းဘောင်ခေတ်များကလည်း ကျူးကျော်ခဲ့ဖူးပါသည်။

သို့ရာတွင် ဗမာတွေ မညံ့ပါ။ တရုတ်ကျွန် မဖြစ်ခဲ့ပါ။ ရရာလက်နက်ဖြင့် တရုတ်ရန်ကို ခုခံတွန်းလှန် ခဲ့၏။ နောက်ဆုံးတွင် တရုတ်တွေ လက်လျှော့သွားခဲ့ရပါသည်။

၁၉၅၉ ခုနှစ်တွင်လည်း တရုတ်ဖြူတွေ ကျူးကျော်ခဲ့သည်ကို ဆယ်နှစ်ခန့် တိုက်ခဲ့သည်။

၁၉၆၈ မှ ၁၉၈၈ ခုနှစ်ထိ ဗကပ + တရုတ်တွေကို အနှစ် ၂၀ ခန့် တွန်းလှန်ခဲ့၏။

ယခုလည်း လာပြန်ပြီ။ ဖုန်ကြားရှင်နဲ့ လောက်ကိုင်ဒေသ

မြရတနာစာပေ



စစ်ပွဲတဲ့။ ဒါလည်း မြန်မာ့တပ်မတော်က လူ ရာနှင့်ချီ အသေခံပြီး တိုက်ခဲ့ပြီးပါပြီ။

မြန်မာ့သွေး နီကြောင်း ပြကြပါစို့။

တပ်မတော်ကို **Up grade** လုပ်ကြပါစို့။

ကလေး၊ လူကြီး၊ မိန်းမတွေပါ အပါအဝင် **War Mobilization** လုပ်ကြပါစို့။ ဖြစ်နိုင်ရင် အနုမြူဗုံး တောင် လုပ်ကြပါစို့ဟု တောင်းဆိုလိုပါသည်။

မည်သို့ပင်ဖြစ်စေ အား သုံးပါးရှိရင် ကျွန်တော်တို့ကို ဘယ်သူမှ မစော်ကားရဲပါ။ မစော်ကားဝံ့ပါ။

ထို အား သုံးပါးကို တည်ဆောက်ရင်း စွမ်းရည်ရှိသော ကမ္ဘာက လေးစားခန့်ညားရသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တိုင်းရင်းသားအားလုံး၊ လုပ်သားပြည်သူအားလုံး၊ မြန်မာနိုင်ငံသူ, နိုင်ငံသားအားလုံး ဆောင် ရွက်ကြပါစို့။

သူတစ်မျိုး ငါတစ်ဖုံ မငြင်းခုံကြဘဲ စည်းလုံးညီညွတ်ကြပါစို့။

ကိုယ့်အချင်းချင်း နွားကွဲ ကျားကိုက် မဖြစ်အောင် နေထိုင်ကြပါစို့။

ဒါတွေကို သင်ခန်းစာယူပြီး အနာဂတ်တွင် ကိုယ့်နိုင်ငံကို မည်သူမှ မကျူးကျော်ရဲအောင် မကျူးကျော် နိုင်အောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု မေတ္တာရပ်ခံဖိတ်ခေါ်ရင်း ဤစာအုပ် အား နိဂုံးချုပ်အပ်ပါသည် ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

၂၅. ၆. ၂၀၁၅

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှီငြမ်းကိုးကားစာအုပ်များ

၁။ မုန်းစီးနားလယ်နှင့် ဂျူးဂျူးဂျက်တိုက်ပွဲကြီး၊ သောင်းဝေဦး။

၂။ ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး၊ သောင်းဝေဦး။

၃။ ကျွန်တော်ပါဝင်သောနောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး၊ သောင်းဝေဦး။

၄။ စစ်ဆင်ရေးပြီး စစ်ဆင်ရေး၊ ဗိုလ်မှူးချုပ်သန်းတင်။

၅။ မြန်မာ့တပ်မတော်သမိုင်းများ၊ပထမတွဲ မှ အဋ္ဌမတွဲအထိ၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး။

၆။ အပတ်စဉ်ထုတ်ဂျာနယ်များနှင့် နေ့စဉ်ထုတ်သတင်းစာများ မှ ကောက်နုတ်ချက်များ။

၇။ လူတွေ့မေးမြန်းခြင်းများ

(က) ဗိုလ်ချုပ်ကက်စိန်

(ခ) ဗိုလ်မှူးကြီးအောင်လွင်

တို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။



# နောက်ဆက်တွဲဖော်ပြချက်များ

www.burmeseclassic.com

www.burmeseclassic.com



## ကိုးကန့်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ဆက်လက်ဆောင်ရွက်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့
သတင်းထုတ်ပြန်ချက် (၆/၂၀၁၅)
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်
၁၃၇၆ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

### ကိုးကန့်ဒေသ တည်ငြိမ်ရေးနှင့်လုံခြုံရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း

၁။ ကိုးကန့်ဒေသတွင် ကိုးကန့်တိမ်းရှောင်အဖွဲ့နှင့် အခြား လက်နက်ကိုင်အဖွဲ့များ၏ လက်နက်ကိုင်တိုက်ခိုက်မှုများသည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် ဒေသ၏လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ထိခိုက်စေခဲ့ပါသည်။

၂။ သို့ပါ၍ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်နှင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးကို ထိန်းသိမ်းရန်တို့အတွက် လက်နက်ကိုင်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

B


တိုက်ခိုက်မှုများ ပြုလုပ်လာသည့် ကိုးကန့်တိုင်းရင်းသားအဖွဲ့နှင့် အခြားလက်နက်ကိုင်အဖွဲ့များကို နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရှိရေးနှင့် ကိုးကန့်ဒေသတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးမှုရှိရေးတို့အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့


မြရတနာစာပေ




လောက်ကိုင်နှင့် ကိုးကန့်ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com





တရုတ်-မြန်မာနယ်နိမိတ်နှင့် ကိုးကန့်ဒေသပြမြေပုံ





လွယ်ကုန်းဆာတိုက်ပွဲပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com





တိုးတန့် နယ်မြေ၌ တွေ့ရသည့် တရုတ် - မြန်မာ နယ်နိမိတ်ကျောက်တိုင်များ
နံပါတ်ဖြင့် ဖော်ပြထားသည်





မြို့ရှေ့-ပန်ကောက် [illegible] တိုက်ပွဲပြမြေပုံ

www.burmeseclassic.com


www.burmeseclassic.com




ဟိုက်ကမ်းပါးတန်ပြန်တိုက်စစ်




www.burmeseclassic.com




www.burmeseclassic.com

## အရေးပေါ်အခြေအနေကြေညာ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅)
၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

### အရေးပေါ် အခြေအနေကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာသဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ အရ တားမြစ်မိန့်ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ သို့သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများမှာ ပိုမိုများပြား

www.burmeseclassic.com



ကျယ်ပြန့်လာပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်ရုံဖြင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရပါသည်။ ဤကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုသည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်နေကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂၊ ပုဒ်မခွဲ (က) အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ယနေ့မှစ၍ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်





## စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၂/၂၀၁၅)
၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

### စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်း

၁။ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် (၁/၂၀၁၅) ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ)အရ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်လိုက်သည်။

၂။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်း

www.burmeseclassic.com



သာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၃။ တပ်မတော်ကာကွယ်ရေးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်တက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**





**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် (၁/၂၀၁၅)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၁/၂၀၁၅)**
**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်**
**၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ်(၁)ကို ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄) ရက်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့စွဲဖြင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူး၊ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦးအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် တာဝန်များကို လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့်

www.burmeseclassic.com



တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များကိုလည်းကောင်း ကျင့်သုံးဆောင်ရွက်ရန် ထုတ်ပြန်ပြီးဖြစ်သည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စရပ်များကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်–

(က)**အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊

(၂) လူမှုရေးကိစ္စရပ်များ၊

(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊

(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

မြရတနာစာပေ



(ခ)**တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** တည်ဆဲဥဒေသများတွင် မည်သို့ပင်ပါရှိစေကာမူ နောက်ဆက်တွဲဇယား (က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက အောက်ပါ ပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည် –

(ကက) သေဒဏ်၊

(ခခ) နှစ်အကန့်အသတ်မရှိသော အလုပ်နှင့် ထောင်ဒဏ်၊

(ဂဂ) သုံးနှစ်အောက်မလျော့သော အလုပ်နှင့် ထောင်ဒဏ် သို့တည်းမဟုတ် သုံးနှစ် အောက် မလျော့သော အလုပ်နှင့်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဒဏ်အပြင် ငွေဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)၏ အတည်ပြုချက်ရရှိမှသာ အတည် ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည် –

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။

(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။





(၆) **ပြစ်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီးစောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)ထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)သည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှု ဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည် –

(ကက) ပြစ်မှုထင်ရှား စီရင်ခြင်းကိုပယ်ဖျက်ခြင်း။

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။

(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ ပြောင်းလဲခြင်း။

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။



www.burmeseclassic.com

www.burmeseclassic.com



(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး ဒေသကွပ်ကဲရေးမှူး ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်)က မိမိသဘော အလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင် ပါရှိသောလုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၀၈၃၀ ဗိုလ်မှူးကြီး စောမြင့်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ အစီရင်ခံရမည်။

လက်မှတ်

အဆင့် – ဗိုလ်ချုပ်မှူးကြီး

ရာထူး – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ဌာန – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး





## နောက်ဆက်တွဲဇယား(က)

### စစ်ခုံရုံးဖြင့်စစ်ဆေးမည့်ပြစ်မှုများ

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ၁၂၂)

၂။ အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှု (ပြစ်မှုဆိုင်ရာ ဥပဒေ ၁၂၄–က)

၃။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊

၄။ လက်နက်အက်ဥပဒေအရ ပြစ်မှုများ၊

၅။ လူသတ်မှု၊

၆။ လူသေမှု၊

၇။ မုဒိမ်းမှု၊

၈။ လုယက်မှု၊

၉။ ဓားပြမှု၊

၁၀။ အဂတိလိုက်စားမှု၊

၁၁။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊

၁၂။ ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရ ပြစ်မှုများ၊

၁၃။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊

၁၄။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအရ ပြစ်မှုများ၊

၁၅။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊

၁၆။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ ပြစ်မှုများ။



www.burmeseclassic.com

www.burmeseclassic.com

N

## စစ်အုပ်ချုပ်ရေး အမိန့်အမှတ် (၂/၂၀၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၂/၂၀၁၅)
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂)ရက်
၂၀၁၅ ခုနှစ်၊ မတ်လ (၆) ရက်

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေး အမိန့်အမှတ် (၁/၂၀၁၅)၏ အပိုဒ်(၄)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ် (၃) ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်။

"ပြစ်ဒဏ်ချမှတ်ခြင်း။ နောက်ဆက်တွဲဇယား (က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူအား စစ်ခုံရုံးက ပြစ်မှုထင်ရှား စီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ် တစ်မျိုးမျိုးကို ချမှတ်ရမည် –

(ကက) သေဒဏ်
(ခခ) နှစ်အကန့်အသတ်မရှိထောင်ဒဏ်
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်"။

လက်မှတ်
အဆင့် – ဗိုလ်ချုပ်မှူးကြီး
ရာထူး – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဌာန – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

မြရတနာစာပေ

## ထောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သေကံမရောက် သက်မပျောက်
၈။ ဂျာတ္တိယခေါ် မိန်းမတို့သည်
၉။ ယောက်ျားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ငါ့သားများ စစ်ထဲဝင်ရင်လေ
၁၃။ ကြည်း ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ
၁၄။ မူးမြစ်မှသည် ရောဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)
၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)
၁၈။ ဂျာတ္တိယခေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း
၁၉။ အစ်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)
၂၁။ ကျွန်တော် ဂေါက်သီးသမား
၂၂။ ဒို့ဘိုးဘွားအမွေအနှစ်ဝို့ ချစ်မြတ်နိုးစေ
၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)


မြရတနာစာပေ

www.burmeseclassic.com